# ဝိနယဝတ္ထုပကာသနီကျမ်း

(ဦးဥဏ္ဏဓဝနန္ဒ)

တိက္ခဉာဏ်-ပါရမီနှင့်-ပရိယတ္တိကုသလ

ဝိဘဇ္ဇဝါဒီ-သမာဓိဖြင့်-ပဋိပတ္တိဂရုကတာ၊

၅၈၃၁

သုဓမ္မဂဝေသီ-လဇ္ဇီကလျာ

( ဦးဥတ္တမာနန္ဒ )

ထေရ်ဆရာသည်၊

နာဂါနုသာသန၊ အရင်းစ၍

ခင်းပြတန်းသွယ်၊ စခန်းချယ်လျက်

အနုကြယ်စွာတည်ထွင်၍၊ စီရင်ရေးသားအပ်သော

( သဒ္ဒါနုဝိလာသနီ ) နာမည်ပညတ်-ခေါ်မှည့်အပ်လှသည့်

# ဝိနယတ္ထပကာသနီကျမ်း။

( မူပိုင်မြဲ။ )

၁၂၉၅-ခု၊ တပို့တွဲလအတွင်း၊ ပုံနှိပ်ပြီးစီးသည်၊

မြန်မာပိဋကတ်စာပုံနှိပ်တိုက်၊

နံပါတ်-၂၂၉၊ ၃၀-လမ်း၊

Price Rs. 2. ရန်ကုန်မြို့။ (တအုပ် ၂ ကျပ်၊)

# နိဒါန်း။

ဒွိပဒုတ္တမ၊ တိနုရုသဘာ ကႆပဥက္ကဋ္ဌ၊ အနုတ္တရမြတ်စွာ- ထွတ်သကျာသည်၊ကမ္ဘာ့အရှည်-ပါရမီကြောင့်။ဖြာစီရောင်လွှမ်း-ညောင်ကြွရှိန်း၍၊ အောင်ခဘော်းဗေယျ-ထွေထွေပုံပြီးလျှင်၊ ဥသုံခမ္မ-အပိုင်ရသောကြောင့်၊ ဂေါတမထွတ်ထား-မြတ်ဘုရားဟု၊ထင်ရှားသယမ္ဘူ-ဖြစ်ပွင့်ဘော်မူသတည်း။

ဘုရားဖြစ်ခါ-မိဂဒါဝယ်၊စကြာဓမ္မ မြိုက်ဝေဌလျက်၊ပဥ္စဝဂ္ဂီ-ရှင်ငါးထိကို။ဇော်ဘိကျွတ်-ချဟန်းပြု၍၊ဥပသမ္ပဒါ-ရှေးဦးစွာလျှင် အရာတင်ပေး-ပြည်ဗာရာရှင်သူဌေး၏၊ရင်သွေးယသ-ချစ်ကြည်ကြသော၊ပီယများမိတ်-တရားစိတ်နှင့်-ငါးကျိပ်လေးယောက်၊ ရွေးကောက်မှတ်ပြ-ဘဒ္ဒဝဂ္ဂီ၊ တောတောင် လည်ကြသော၊နောင်ညီတိုသ-သုံးကျိပ်မျှနှင့်၊ ဥရုဝေဠ-ဘသည်ညီနောင်၊ တထောင်တာပသ-သာဝကအရ၊ဥပတိဿ-ကောလိတ-က၊စသည်ထင်စွာ ဖြစ်ပေါ်၍လာသဖြင့်၊သံဃာတော်များ-တာပည့်သားတို့ စီကားတိုးတက်-တံခိုးထွက်၍၊မျိုးဆက်သွယ်ဖြာ၊ဂေါတမ သာသနာသည်၊ ထိန်ဝါပ,ဝင်း-နေသူရိန်-ဌေလ,မင်းတို့ကဲ့သို့၊ထွန်းလင်းတောက်ပလေသတည်း။

ယင်းသို့သော်နောက်မှ၊ အလောက်လောက်ဖြင့်၊ တောက်ပွင့်မျှပွား-နှီးပြားတောဇော၊ခက်လက်ဖြာစေတို့-အနုဇာနာမိဘိက္ခဝေ တုမှေဝဒါမိ တာသုတာသုဒိသာသုတေသုတေသု ဇနပဒေသု ပဗ္ဗာဇေထ ဥပသမ္ပါဒေထ။ ၊ဟု-ခွင့်ပြုတော်မူသည်မှစ၍၊ ဒေသများစွာ-အမြို့မြို့အရွာရွာတို့၌၊ သဒ္ဓါရှည်မိ-ဖြာစီစိုလျက်၊ ကြည်ညိုသူ ဘဝင်လျှမ်းသောကြောင့်၊ ရှင်ရဟန်းပြုကြ၍၊ သုဂတသာသနာ၊ အတိုင်းထက်အလွန်-ထူးချွန်အောင် သွယ်စီဖြာလို့ရှိ၊ဆယ်ဒိသာအရောင်လင်းလျက် အောင်တြွန်းသိုက်ကြို၍၊အမြိုက်ဘုံရောက်ကြသည်၊

မြိုက်ဘုံအခေါ-သိုက်ကြိုရတို့၊ပုညကောင်းမှု-အကြောင်းပြု၍၊ တောင်းဆုမြွက်ဖော်-အကွက် ပေါ်အောင်၊ မက်မျှော်၍ လာကြရ သည်မှာလည်း၊ကာလတိဘာ-ရှည်စွာအကြောင်း၊သမယဟောင်းက-ဘဝပေါင်းများစွာ လွန်အမင်းကြာခဲ့ပြီ၊ ၊ကမ္ဘေကမ္ဘာ မရေသာအောင်။ ကုဋေကုဋာ-အသင်္ချေကြာသော်လည်း၊တခါတခါတွေ့ကြုံဆုံစည်းဖို့၊ အပုံကြီးကွာဟမ်း၍၊ ခမ္မာစခမ်းမဆိုက်နိုင်သဖြင့်၊ တိုက်ဆိုင်ခွင့်ကြုံရခဲသော၊ ဒုလ္လဘဖွဲ့ မှတ်သမုတ်ကြသည့်၊မြတ်ဗုဒ္ဓ-မိန့်ဩဝါ-သာသနာတရားကြီးကို၊ ပွားစီးစည်ပင်အောင်-ပြုဆောင်ဘို့အကြောင်းမှာလည်း၊ရင်းသာသနာတော်ကြီးကို-ကြည်ညိုရင်းရှိကြသော၊ ကုလပုတ္တ-သဒ္ဓါအများ၊ ဗုဒ္ဓဘာသာဝင်-လူရှင် အပေါင်း-သူတော်ကောင်းအမျိုးသားတို့သည်၊ ဘုရားဆုမ္မ-ဩဝါဒဖြင့်၊ ဝိနယဓမ္မခန်-စခန်းဘန်

အောင်၊လမ်းမှန်မပယုတ်–တရားတော်ကိုအားထုတ်ဘို့–ရဟန်းပဥ္စင်းပြုလုပ်က၊ သကျပုတ္တ–ဘုရားသားစစ်၊ အများဖြစ်၍၊ အားသစ်တိုးပွား–ရဟန်းသံဃာ သာသနာမှာ၊မကြာမကြာ–ပေါ်များ၍လာခြင်းသည်လျှင်၊ မူလရင်း၊ စ်–အမှန် ပင်ဖြစ်ပေကြောင်း။

သို့ဖြစ်ပါ၍–သာသနာတော်အရှိန်ကြီး၊ ထိန်ညီးဆဲအတွင်း၊ လွဲမယွင်းရ အောင်–ခဲယဉ်းလှသောဒုလ္လဘ၊ ရဟန်းပဥ္စင်း အဖြစ်–သားတော်စစ် ဘဝကို၊ ရလိုကြသူ–များမိုလ်လူတို့၊ ကြည်ဖြူနှစ်သက်–သဒ္ဓါစော ထက်မြက်အောင်၊ အားထက်ဘွယ်တရားစကားတို့ကို၊မနားမနား ဘာသာကြားသိရှိရက–ဗလဝ၊ စေတနာ၊ကြွေဝေဖြာပြီးလျှင်၊ရေမှာတင်လွှမ်း–ပဒုမ္မာရွှေကြာပန်းကဲ့သို့၊ ရွှင်လန်း ၍လာစေခြင်း။ပါဠိပဒ–သောဂထာ–မြတ်ဘုရား ဓမ္မောအလာ၌လည်း၊ အတ္ထ ယောဇနာ–မတိုမရှည်အနက်ကို၊ထပ်ပြမျောစရာ-အပိုတွေမစွက်ဘဲ၊အဆိုလေ မခက်အောင်–ပြုထုတ်ကာဖြင့်၊သုချွှာ–စကားချောရဘို့၊ အများသဘောကျ– ရွှယ်ရည်တွေးပြီးလျှင်၊ နားသောတ နှစ်သွယ်ကြည် ဇေစေ၍၊ ချယ်စီးရေးထည့် ဖြမည့်အကြောင်းကြောင့်၊ကြည့်သမျှ ဘဝိပေါင်း–ဆွေကလျာတို့၊အသေအချာ မလွှ ဘ်ခက်ဘဲ၊နှစ်သ ဘ်စွဲမြဲတော်မူရခြင်း–ခက်ခဲမှု-ပါငြား၊ရှိနေသဖြ့အရာများ မှာလဲ၊ ဝိသေသအမှာအထားနှင့်တကွ နာကြားတော် မူလိုကြသော၊ သုတိန္တိ တ–သုတကာမီ- သဟာယီအများအပြားတို့၊ အားထားဘို့ဖြစ်စေခြင်းတို့ကို- လိုရင်းမူလ၊ပဋ္ဌာနမြိုကာ–အစုံဖြာပြီးလျှင်၊ ရုံရွာဇာတိ–ပဝတ်သိဘို့၊ပေါ်ဘူ မိန့်- သထင်းထိန်သည့်၊ အင်းစိန်ဒိစတြိတ်–နယ်နိမိတ်တွင်၊ ကြွပ်ဟိတ်ကုန် လုံ–ဘာဏ်ခနာ ရုံသော၊{ သမ္ဘရာခံ } နိဂမ၊ { မဏ္ဍလာရုံ } ဝိဟာရ၌၊ဗျာ ကရဏ ကောသလ်၊ မာဂဓ အဟော ဓမ္မခန့်တို့ကို၊ အဋ္ဌကထာပြ–နယော မှန်အောင်၊ သဘောဉာဏ်အဆိပ်ပြီးလျှင် ဋီကာနည်း ယောဇနာ ဖွေသဘ်၊ သောတာရေ–အများစောကြလျက်၊ တရားဟော အပြ–ဓမ္မ ဒေသနာ၌လည်း၊ ဗလဝ စေထနာ–ရွှမ်းပိတိဖြင့်၊ ဂွမ်းဆီထိ–ပမာ သဏ္ဍာန်သို့၊ သဒ္ဓါပသန်– အကြည် ဓမ္မတိုးလိုမို့၊ သီလတံခိုး–သမာဓိဂုဏ် တို့မှာလည်း။ စာမရီ့ပုံ- တောင်,ကျောက်, ထီးတို့လို၊ အောင်မြောက်ပြီး- မဟာ ပထမိက၊ ဝါရိသ, { ၆ }ကြိမ်–ကြီးခဲ့၍၊ တောက်ထိန်ညီး- ဘာဂသမ္ဘာကြွလျက်၊ ဂဏဝါစက မည်သည့်ာနှင့်၊ ပထမစာချထေရ်အရှင်ဆရာမို့၊ အထိထိ ရှင်သမဏာ–တရ ပရိသာဒုပ်ပြီးလျှင်၊ စတုဇ္ဇာရိယာပုထ်–စခမ်းလျော် ပါသော။ ရဟန်းတော် {ဦးဥတ္တမာနန္ဒ}၏ ကမ္မဇ–သတ္တိမန်·ဓါတ်အဆိဉာဏ် အာဝဇ္ဇန်း။ ဗျတ္တိဗလံ- ဖြာသစ်လွှမ်းလျက်၊ ရဟန်းသောင်းဆုမ္မ၊ လမ်းအကောင်းထုံးနယတို့ဖြင့်၊ သုံး

ကြတ်ရှိခင်းသွယ်ထားပြီးလျှင်။ ကျဉ်းကျယ်-၂စား၊ ပါဝါပြုစရာဖြစ်သော {နာဂါနုသာသနအခဏ်း}၊ ၊ရင်းနှင့်သဘာဝ စပ်လျက်၊ အကြောင်းဖွင့်-အာဂမပါဠိစွက်လို့ရို့၊ ဥာပကမှတ်ချက်-အဖြာဖြာ ရှုစရာဖြစ်သော {နာဂါနုသာသနနိဿယအခဏ်း}၊ ၊ရဟန်းသစ်အား မြင်မမှားအောင်။ သင်ကြားဆုမ္ဘ၊ဘာဂဝါဓမ္မောပါဝစနနှင့်တကွ၊ မကွာသဘော မြန်မာနယတို့ဖြင့်၊ ဝစနာ ဟောကာဖြစ်သော {နာဂေါဝါဒအခဏ်း}၊ ၊ရင်း၌ာနဆက်လက်၊အကြောင်းသာဓက စွက်ဘက်၍၊ အချက်ချက် သဘောအလာ ဖြစ်သော {ဩဝါဒနိဿယအခဏ်း}၊ ။သိမ်နိမိတ်ကြားပုံ၊ စကားစုံအောင်။ ဘရားဂုဏ်နဝဝိဓတို့ကို။ မျှအစိအင ဖွက်ခါလှစ်လို့ရို့၊ လက်ျာရစ်-ပတ်ကာမလစ်ဖြစ်ပြီးလျှင်၊ ဗဒ္ဓါဗဒ္ဓ-သိမ်ပေါင်း အဖြာဖြာတို့ကို၊ စိန်ကောင်းရတနာ အမျှားသဘောကျသလို၊ ဘုရားဟောဓမ္မပါဠိ တော်နှင့် အဋ္ဌကထာရှိအလျော်-ညီမျှ မသွေဖြစ်သော {သိမဘေဒအခဏ်း}၊ ၊ရဟန်းခံတသုတ်၊ သိမ်သမုတ်နှင့်၊သိမ်ခုတ်တိုက်ကြီး၊ပေါင်းအသီးသီးတို့ကို၊ ကောင်းကြီး-သာရ၊ ထေ ာမနာစရာပြုအင်သော{ဩဘာစာရအခဏ်း}၊ ၊ခါသမယအလိုက်၊သာဓကမပိုက်ဘဲ၊ • ကာလကြိုက်-ခေတ် အရှိဟန်အောင်၊ မျှိမံ-အလယ်မျဉ်းဖြင့်၊ မကျယ်မကျဉ်းရည်ဆ, ချိန်ရေးပေသော {စိဝရ ကထိန်မေးဖြေခဏ်း}တို့ကို။ ဧရေချမ်း-ဝ,ဋ္ဌာမျှအစ်သလို၊ ပေးဝေကမ်းဓမ္မဒါနအမှတ်ဖြင့်၊ သမလာဘဏ္ဍကြီမှီးချင့်ပြီးလျှင်၊ ဝရအာတပတ္တ-ဥာဏ်ထီးဖွင့်၍၊ ခြိုးမြှင့်တော်မူပါဟု၊ အမျှော်တျူစွာ-ကဝိန်အပေါင်း သမဏ်တို့က၊ အကြိမ်ကြိမ် ထောင်းပန်၍။ အကြောင်းခံသည့်အပ်ကြသောကြောင်း {ဝိနယဏ္ဍပကာသနီ}ဟု၊ သိမှတ်စရာစာအမည်နှင့်၊ကမ္မဝါတည်ယုန်တံဆိပ်ကဲ့သို့၊ ပုံနှိပ်ဘို့-ရှုရည်သံလျက်။ ပြုစီမံပြီးစီးပါသဖြင့်၊အသီးသီးကလျာ ပူဇော်ခြင်းနှင့်တကွ၊ သူတော်ထသင်းကဝိရတို့ အကြည့်အရှု-ကြည်ညိုမလစ်အောင်။ ပြည်ဗဟိုရ်ရင်ဘောင်-နယ်တဝှမ်း၌၊စပယ်ပန်း-ဂန္ဓဂေါ်သင်းသလို၊ ပျံ့ကျော် သတင်း၊လျှံဖြာ အတိဒြိပ်ဝစနာ ဂုဏ်ဟိတ်ဆိုက်ပေသော(မြန်မာပိဋကတ်စာပုံနှိပ်တိုက်)က၊သိုက်မြိုက်စေမှု၊ မသွေရှုပြီးလျှင်၊ဇေယျာတု-အောင်ဘိသိက်ဖြင့်၊ဆောင်နှိပ်ပြုလုပ်ပါသတည်း၊

ရင်းနိဒါန်းစီတန်း-သီကုံးသူဆရာမောင်စိုးမြင့်၊

(ကျမ်းမရေးခင်၊ ရှေးတင်ခေါင်ဖျား၊ ဝန်ခံချက်ထားအပ်သောပဋိညဉ်စကား )

အဗ္ဗန္တရိယ-နဝင်္ဂဟု ၅စ်ဝ,အံ့ဘွယ်၊ တံခိုးကြွယ်လျက်၊ကိုးသွယ်အင်္ဂါ၊ အစဉ်ဖြာ၍၊ ထင်စွာပျံ့ပွါး၊ ဂေါတမထွန်းတင်၊ မြတ်ချစ်ရှင်၏၊ ကြည့်လင်

သော-သာသနာတရားသည်။ဘာသာအများပေါင်းရုံးလျှင်၊ အကောင်းဆုံးအ
စဂဏန်းဟု၊ ပထမတန်း-အောင်ပေါက်မြောက်သင့်၍၊ခေါင်အရောက်မြောက်ပင့်
ထောမနာကြသောကြောင့်၊ ကောလာဟလ-အပေါင်း ကမ္ဘာကျော်ပါသော၊
ဂုဏ်း သာသနာတော်အရှိန်ကြီး-ထိန်ငြိ ရဲရဲ၊ တောက်ပဆဲ အတွင်း၊ အရောက်
ရလွဲမယွင်းအောင်၊ ခဲယင်းသော ဒုလ္လဘ-ရဟန်းပဥ္စင်းအဖြစ်၊ သားတော်စစ်
ဘဝ-ခိုလှုံရတို့။ပုညဟောင်းကံ၊ရှေးကုသိုလ်အကြောင်းသန်ကြ၍၊ကောင်းရန်
အမတ-တက်လှမ်းလိုသဖြင့်၊ မဂ်နန်းဖိုလ်-သုခ စံရအောင်၊ ဥာသမ္ဗဒကမ်၊
ဆောင်ရွက်ဟန်အသုံးဗုံကို၊ များဥသုံ မှတ်မိကြဘို့၊ မြတ်ဝိနယ ဓမ္မခန် ပါဠိ
တော်ဝစနံကို။မြန်မာပြန်အနက်၊အဓိပ္ပါယ်ဖွက်ဘက်၍၊အချက်ချက်ရေးသား
မပျက်ကွက်၊မထွေးမမှားရအောင်။ထင်ရှားစွာပြပေအံ့သတည်း။

---

ဤကျမ်းကိုကြည့်ရှုသူတို့။သတိမှုဘို့အချက်၊ဆက်လက်

မှာထားသော-အာယာစနစကား။

ယခု-ရေးသားပြဆိုလတံ့ဖြစ်ပါသော၊ နာဂါနုသာသနကဏ္ဍစသည် ညွှန်
ရန်၊ခနစ်တန်တို့မှာ၊ကဏ္ဍာလက်ာရ၊ အသင့်ကျအောင်၊ဖွင့်ပြစီသွယ်၊ နားတန်း
သာအထိထိချယ်လျက်၊ မာနသိဝယ် သိမှတ်ရဘို့၊ (ဝိနယဋ္ဌပကာသနီ)ဟု
သောနာမည်ပညတ်၊နှင့်းအပ်ခေါ်ဝေါသည်နှင့်အညီ၊ လင်္ကာပြသလို၊ တည်နေမှု
ကြသော၊ထေရမဏ္ဍိမ။နဝက ဗဟု၊ရဟန်းတော်များတရတို့၊ အားပြုခိုမှီးသော၊
ဝိနည်းပါဠိတော်ကြီးနှင့်အဋ္ဌကထာဋီကာ အသီးသီးတို့ပါ၊ အနည်းနည်းဖွင့်ဆို
ချက်၊အနက်နှင့်အဓိပ္ပါယ်တို့ကို၊ မှတ်လွယ်အောင် ထည့်ကာပြလျက်။ အဘိ
ယာစက ပုဂ္ဂိုလ်သုံးပါးနှင့်တကွ၊ အားလုံးသောသင်္ဃ၊ သမာဒါနအပေါင်း၊
သဟာယအရှင်ကောင်းတို့၏၊ ကျိုးကြောင်းညွှန်ပြ၊ အားထားလိုသော ဆန္ဒ၊
အကြံမှုကြသောအတိုင်း၊ချင့်နှိုင်းထောက်ရှု၍၊ရေးပြုစီမံခုပါမည်၊ဇာနီပုဂ္ဂိုလ်
ကမ္ဘဝါဆရာလုပ်လို၍ထုတ်ဆိုကြသည့်မှတ်၊ သတ်ချပ်၍၊စိစစ်အောင် ရှုစိတ်ရှိ
ကြသော၊သုတိန္တိတ-သုတခေနဇ ရှင်မြတ်တို့မှာ၊ ရှည်စွာကြိုက်၊အတိုက်နှစ်
ချိုက်ဘ၊အလိုက်သင့်ဘွယ်၊အနက်ကျယ်နှင့်၊ အဓိပ္ပါယ် ဝိတ္ထာရတို့ကို၊ ပေ
ယျာသသွင်းမြှုပ်လျက် ကျဉ်းကျဉ်းကျုပ်ကျုပ်၊လိုရာကိုသားဖောက်ထုတ်၍၊
ကောက်နုတ် လေ့ကျက်တော်မူကြရန် အကြောင်း-တောင်းပန်ခြင်း ပြုရပါ
သတည်း၊

# (မာတိကာ။)


| နံပါတ်၊ | အကြောင်းအရာမာတိကာ၊ | မျက်နှာနံပါတ်၊ |
| --- | --- | --- |
| ၁ | ရတနတ္တယ ပဏာမနှင့်တကွ၊ ဂန္ထကာရအသျှင်-ဂိုဏ်းဦး ထင်အပ်သော-ကျေးဇူးရှင်ဆရာတော်ဘုရားများ၏ထင်ရှားသည့်-ဂုဏ်အမည်ကို၊ ရုံညီအောင်ပြဆိုခြင်း၊ ...... ...... ...... | ၁ |
| ၂ | ရဟန်းလောင်း ဆုမွှခဏ်း၊ ထမ်းအကောင်း-ထုံးပြတန်းပြီးလျှင် ဘုန်းသမဏရဟန်းပညာရှိ၊ အရှင်ဆရာကဝိ၊ များနှင့်မြိုက်စေဘို့ စကား ခေကြိုက်-ကာလအသုံးနှင့်၊ ကဗျာ ဝစနထုံး-မယွင်းမဖယ်ဘဲ၊ ခင်းသွယ်၍ပြခြင်း။ ...... ...... ...... | ၁၃ |
| ၃ | ပဗ္ဗာဇေတဗ္ဗာ-နှင့်၊ ဥပသမ္ပါဒေတဗ္ဗော၊ မှတ်အဝင်သောပါဠိ၊ ဘယ်ဌာနမှာ-လာ၏ဟု၊ စာအရှိ-လွဲမမှား ရအောင်၊ ခွဲခြား၍ပြခြင်း၊ ...... ...... ...... ...... | ၅၀ |
| ၄ | ဆရာငါးပါးနှင့်-တပည့်ငါးဦး၊ ခြားထူးပုံအကြောင်းကို၊ စုံပေါင်း၍ပြခြင်း၊ ...... ...... ...... ...... | ၅၁ |
| ၅ | ဥပဇ္ဈာယ် မယူသော ရဟန်းလောင်း၊ ရဟန်း ခံကောင်း-မခံကောင်းကို၊ မှန်အကြောင်းသာဓကတို့ဖြင့်-ဖွင့်ဆို၍ပြခြင်း။ ...... | ၅၁ |
| ၆ | သပိတ်၉လုံးတွင်၊ ရှေးတင်၍ထုတ်ပြသော-ဥက္ကဋ္ဌ သပိတ်၏ပုံစံ၌၊ ညောင်ကန်နှင့်-ဝိသုဒ္ဓါရုံ၊ ဒွိဂုဏ်လာပုံ-ထုံးမညီချက်၊ ၃မြည်တခွက်နှင့်-၃ပြည်၊ အဆိုမညီ၊ ထိုနှစ်လီမှာ၊ ပိုသည်-လိုသည်-ကွာနည်းသိရအောင်၊ အဋ္ဌကထာကြီးရှိသမျှ-နှုံးမှတ် စွဲစေဘို့၊ ဆုံးဖြတ်ပွဲခင်းကျင်းလျက်၊ ရှင်းလင်းချက်ပြဆိုခြင်း၊ ...... | ၅၅ |
| ၇ | သပိတ်သက်နီး-မပြည့်ရုံသော ရဟန်း လောင်းကို-ရဟန်းခံရာ ရဟန်းဖြစ်- မဖြစ်ကို၊ စိစစ်၍ပြခြင်း၊ ...... ...... | ၅၉ |
| ၈ | ရဟန်းလောင်းကို-ထမ်းကြောင်းညွှန်ပြ၊ နားလည်အောင်ဆုမွှဘို့ သံဃာ ဖွဲ့ဘောင်-အလယ် ခေါင်မှ-ထုတ်ဆောင်၍ လာခဲ့ရာ၊ တောင်တာမှတ်သား၊ မည်မျှလောက်-ကွာအခြား၌၊ ထားထိုက်သည်အဖြစ်ကို-စိစစ်၍ပြခြင်း၊ ...... ...... ...... | ၆၀ |
| ၉ | ဟတ္ထပါသ်နှင့် ဥပစာ-၂ခုအကွာ-ထူးခြား ပုံကို-ဥဒါဟရဏ်-ထုံးအရဝိရစ်တို့ဖြင့်ဆုံးဖြတ်၍ပြခြင်း၊ ...... ...... | ၆၂ |
| ၁၀ | ရဟန်းလောင်းကို ဆုမွှစဉ်-မတ်တတ် ရပ်လျက်ပင် နေရမည်၊ ထိုင်၍နေရမည်၊ လယ်တီဆရာတော် ဘုရားနှင့် အခြားသော | |

| နံပါတ် | အစကြောင်းအရာမာတိကာ | မျက်နှာနံပါတ် |
|---|---|---|
| | ဆရာတော်တို့ဝါဒများတွင်၊သာရစကား-တချက်ဆိုသာ၊ဂရုဆိုစရာ-ထုံးအရပ်ရပ်တို့ဖြင့်၊ဆုံးဖြတ်၍ပြခြင်း၊ ........ | ၆၃ |
| ၁၁ | ဘဏ္ဍေ၊ အာဂုသော၊ ဘော၊ ဘဏေ၊ စသည်ဖြင့်၊အဝဝအမည်-သဒ္ဒါသရုပ်ထုတ်အပ်သော၊အာလုပ်ပုဒ်-ဥပဒေအလာမှ၊သူ့နေရာတွင်၊သူသုံးတို့၊နမူထုံးဖွေရှာ၍-သေချာစွာပြခြင်း၊ ....... | ၆၅ |
| ၁၂ | ဗဟုဝုစ်ကို–ဧကဝုစ်၊ ပြုလုပ်သည့် နေရာကို၊ အသေ အချာ ပြဆိုခြင်း၊ ........ ........ ...... ........ ........ | ၆၈ |
| ၁၃ | နတ္ထိဘဏ္ဍေ၊အာမဘဏ္ဍေ၊ အစရှိသော-အဖြေဝိသဇ္ဇနာကို၊ဘယ်အခါကျမှ-ဆိုရမည်ဟု-အတည်ပြုသုံးထတ်တို့-ထုံး အမှတ်ပြဆိုခြင်း၊ ...... ........ ........ ...... ........ | ၇၀ |
| ၁၄ | ဝတ်နိသာနတ်ကွန်း- မြောက်ကျွန်းနှင့် ဇမ္ဗူဒီ၊ တူတညီ- ဂုဏ်သုံးပါးကို၊နှုံးထား၍ပြခြင်း၊ ........ ........ ........ | ၇၅ |
| ၁၅ | နဂါးတို့ဆင်းရုပ၊ရင်းမူလ-သွင်အရောင်ကို၊မထင်အောင်-စွန့်ပြောင်းဘို့၊ မဖြစ်စကောင်းသည့်တရားသဘော၊၅-ပါးသော အချက်ကို၊ရေတွက်၍ပြခြင်း၊ ........ ........ • ........ | ၇၅ |
| ၁၆ | ရဟန်းပြုကောင်း၊မပြုကောင်းဟု၊ပေါင်းနှစ်ခု-ပဏ္ဍုက်ကို၊ကျမ်းထုတ်၍ပြခြင်း၊ ....... ....... ....... ....... | ၇၈ |
| ၁၇ | မင်းခ,ယောကျ်ား၊ ရဲမက်သားဟု-များတရကို၊ ဤယခု-ဝစနာအခေါ်ဖြင့်၊နားပျော်အောင်-လက်ာစီထျက်-ကုံးသီ၍ပြခြင်း ....... | ၈၃ |
| ၁၈ | ပက်ဏ္ဍကနိပါတ်–ကေဒါရဇာတ်၌၊ပေး=ဆပ်–မြှုပ်နှံ၊ ကြွေးသုံးတန်ဟု-ထုံးအမှန်-စကားကောင်းကို၊ဘုရားလောင်း ကျေးသားက၊ဟောကြားပြဆိုပုံ၊ ........ ........ ...... | ၈၆ |
| ၁၉ | လူမနုသ-ဇာတ္တိယတို့မှာ၊ ၇-လ,မှစ၍ ၁၂-လ,သို့ကျအောင်၊ပဋိသန္ဓေယူဆောင်၍၊ဖွားမြင်လေ့ရှိကြောင်းကို၊ ကောင်းမွန်စွာပြဆိုခြင်း၊ ...... ....... ....... ....... ........ | ၉၂ |
| ၂၀ | ရဟန်းတို့ပရိက္ခရာ-၈-ပါး၊၉-ပါး၊၁၀-ပါး၊၁၁-ပါး၊၁၂-ပါးတို့ကို၊ခွဲခြား၍ ပြဆိုခြင်း၊ ...... ....... ..... ........ | ၉၃ |
| ၂၁ | ဥပသမ္ပဒါ-၈-ပါးနှင့်၊ ဘိက္ခုအပြား ၁၂-ပါးတို့ကို၊ ဇယားနှင့်ပြခြင်း၊ ........ ........ ....... ........ ........ | ၉၇ |
| ၂၂ | ၄၁-လုံးသောအက္ခရာတို့၏၊မတြာ-ဌာန်-ကရိုဏ်း-ပယတ်နှင့်၊ဗျဉ္ဇနဗုဒ္ဓိဆယ်ချပ်ကို၊စပ်ဟပ်၍ပြခြင်း၊ ....... ...... | ၉၉ |

၂၃ ရဟန်းသစ်အား၊နိဿယ-၄ပါးကို၊ပိဋကတ္တူအဓိပ္ပါယ်စကားတို့ဖြင့်-ဟောကြားပြဆိုခြင်း၊ ........ ........ ........ ၁၁၀

၂၄ ကလိယုဂ်-မြန်မာ-သာသနာ-ဘင်္ဂလား-အင်္ဂလိပ်အားဖြင့်၊ထား ဆင့်ပွါးတို့၊-ဇယားထိုးလျက် (၅) မျိုးသော သက္ကရာဇ်တို့ကို၊ ထွက်စစ်၍ပြခြင်း၊ ........ ........ ........ ........ ၁၁၂

၂၅ အ,ကရဏီယ၊ စိပြ ၄သွယ်၊ရှောင်ကြဉ်ပယ်ဘို့၊ အဓိပ္ပါယ်အကျယ်စကားဖြင့်-ဟောကြား၍ပြခြင်း၊ ........ ...... ၁၃၂

၂၆ ညောင်ကန်ဆရာတော်-ဦးဇဝနည်း၊ အ,သမဏော တပုဒ်ထည်းကို၊ သရုပ်အသီးသီး-ဖွဲ့ရာကြံလို့ ရှိ၊ ပဒေသာ ဥာဏ်-ဆက်သွယ်စွက်ပြီးလျှင်၊ အနက်(၁၀)ချက်-ထုတ်ပေးပုံ၊ ...... ၁၃၅

၂၇ တနင်္ဂနွေ-အင်္ဂလိပ်၊ဂရိတ်-တနင်းလာ၊အင်္ဂါ-ပါရှင်၊ စသည်စဉ်လျက်၊၇-ချက်သော-နေ့မွန်အထူးဟု၊ ၇-ဦးသေ-လူမျိုးများက၊ ရက်အားဥပုသ်-ခေါ်သမုတ်၍၊ အလုပ်လုပ်လေ့မပြုကြောင်းကို။ ရပေါင်း၍ပြခြင်း၊ ........ ........ ........ ........ ၁၄၀

၂၈ ပုဏ္ဏား (၅)ဦး၊ အစားကြူးတို့ကို၊ ခြားထူးစွာ သိရအောင်၊ သံပေါက်နှင့်တကွ-ပြခြင်း၊ ........ ........ ........ ၁၄၄

၂၉ ခေါမ,သက်န်းဝယ်၊ ပြောပြလျှင်-ဆန်းကြယ်ဘို့၊ ငြမ်းသဖွယ်အာဂမတို့ဖြင့်၊သာခက,အထောက်မလွဲဘဲ၊အောက်မဲ-နာနတ်-နှမ်းကြပ်၊ချည်-၃-ရပ်အမည်အလာကို၊စီရီကာပြဆိုခြင်း၊ ........ ၁၅၀

၃၀ ရက္ခ,ဂန္ဓ,ဝလ္လိ,အစရှိသော-သဒ္ဒါအသီးသီးတို့သည်၊ ပင်ကြီး-ပင်ငယ်-အနွယ်၊အစရှိသည်ဖြင့်၊မိမိတို့ဆိုင်ရာဌာနန္တ၌သာ၊ဟောနိုင်ရာအကြောင်း၊ကောင်းမွန်စွာပြဆိုခြင်း၊ ........ ........ ၁၅၅

၃၁ ရက္ခမူ ကျောင်း-ရစကောင်းသော၊ သစ်ပင်ကြီးပေါင်း-အမည်ဝစနာ-နှစ်ရာ ကျော်တို့ကို၊ ကြည်သာနာပျော်အောင်-လင်္ကာစကားဖြင့်၊ရေးသား၍ပြခြင်း။ ........ ........ ........ ၁၅၅

၃၂ မန်လည်ဆရာတော် ဘုရား-ရေးသားသော၊ ပုတိမုတ္တဘေသဇ္ဇကဗျာကို၊ထည့်သွင်းကာပြဆိုခြင်း၊ ........ ........ ၁၅၉

၃၃ အဒိန္နဒါနိပါရာဇိကန္ဒ၊ပါဒ,အရကို၊ ယခုကာလ-သုံးစွဲလေ့ရှိကြသော၊အိန္ဒိယ ငွေတမတ်ဟု၊ကျမ်းဂန်တတ်ပုဂ္ဂိုလ်ကျော်၊ဘုရားကြီးဆရာတော်၏-အာဘော်ကို-ပြဆိုခြင်း ........ ........ ၁၆၂

| နံပါတ်၊ | အကြောင်းအရာမာတိကာ၊ | မျက်နှာနံပါတ်။ |
| --- | --- | --- |
| ၃၄ | ခိုးခြင်းအပြား၊ ၂၅-တို့ကို၊ သွဲ့ဖယား-မသွေ့မှန်အောင်-ဝေဖန်၍ ပြခြင်း ...... ...... ...... ...... ...... | ၁၆၄ |
| ၃၅ | ဘားကို-မြွေခဲလျှင်၊ မြွေကိုလဲ-မနာမကြင်စေဘဲ၊ ငင်ဆွဲ-ကာယ် ဆယ်က၊ ဘယ်အပါယ်ကျသိုက်သည်၊ သို့မဟုတ်က၊ ဘယ် ကုသိုလ်ရထိုက်သည်ဟု၊ အတည်ပြုထုံးမှတ်လျက်၊ ဆုံးဖြတ် ချက်ပြခြင်း၊ ...... ...... ...... ...... | ၁၆၇ |
| ၃၆ | ပါပိဋ္ဌ၊ အပတိဋ္ဌ၊ အတြိဋ္ဌ၊ အဝိဋ္ဌ၊ ၄-ဌာန-တရား အထူးကို၊ ခြားထူးအောင်ပြခြင်း၊ ...... ...... ...... | ၁၇၀ |
| ၃၇ | မဂဓအဘိဓါန်နှင့်-အင်္ဂလိပ် အဘိဓါန်တို့တွင်၊ မြက်သစ်ပင်- ခေါ်ပုံကို၊ ပြည့်စုံအောင်ပြခြင်း၊ ...... ...... ...... | ၁၇၁ |
| ၃၈ | ကျော်ကြီး-ကာငယ်၊ ပြုခေါင်ဘွယ်-သိမ်အရပ်ရပ်တို့ကို၊ ခတ် တိုတုံ-ကျဉ်းကျဉ်းကျုပ်ကျုပ်နှင့်ရှင်းလင်းသရုပ်-ပိုင်စွာသိရ အောင်၊ စိစိမိမိပြခြင်း။ ...... ...... ...... ...... | ၁၇၂ |
| ၃၉ | ဂရန်-အင်္ဂလိ-ဇူနို-ပဏ္ဍာ-မြန်မာ-ရွာသီး၊ အဋ္ဌကထာကြီးမှာ- ဝိသုံဂါမ၊ တို့ကို-ပြည့်စုံစွာပြခြင်း။ ...... ...... ...... | ၁၇၆ |
| ၄၀ | သိမ်နှုတ်ပုံ-နည်း-၂ပါး၊ သာဓက-အမှီးစကားနှင့်တကွ။ အသီး အခြင်းပြခြင်း၊ ...... ...... ...... ...... | ၁၈၄ |
| ၄၁ | သိမ်နိမိတ်-ကြားဘွယ်ရာကို၊ နားဝယ်မှာ- ကြည့်တော့စီးရ၍ ပြခြင်း ...... ...... ...... ...... ...... | ၁၈၇ |
| ၄၂ | စွယ်ပုံ-ဟိုင်း-ဟန်-တယ်-တန်၊ ခေါ်ရိုး၊ ဆင်-၅မျိုးကို၊ ဖယား ထိုး၍ပြခြင်း။ ...... ...... ...... ...... | ၁၉၇ |
| ၄၃ | ဘန္တေ၊ အရှင်ဘုရား၊ ဥဒကံ၊ ရေပါဘုရား-၌၊ ပါဘုရားဟူသော- စကားနှစ်ဝ,ကို၊ အဖျားကထည့်သင့်၊ မထည့်သင့်၊ ကြည့်ချင့်၍ ဆုံးဖြတ်ခြင်း။ ...... ...... ...... ...... | ၂၀၁ |
| ၄၄ | ဧတံဥဒကံနိမိတ္တံကို၊ ဧသောဥဒကံနိမိတ္တံဟု၊ ပြင်ဆင်ရန်-သင့်မသင့်၊ ထောက်ချင့်၍ဆုံးဖြတ်ခြင်း၊ ...... ...... ...... | ၂၀၃ |
| ၄၅ | ကျောက်နိမိတ်-နှံ့းပွဲအဆို၌၊ ၃၂-ပိုလ်ဘင်လဲ၊ တသွင်မလွဲ- ပမာဏကျောက်၊ သိမ်နိမိတ်ကြားလောက်ရာ၊ များမြောက်စွာ- ကျွမ်းပေါင်းရပြီးလျှင်၊ လမ်းကောင်း တခု ဆိုထုံး မှတ်လျက်၊ ပိုလ်အဆုံးအဖြတ်ကို-ပြခြင်း၊ ...... ...... ...... | ၂၀၆ |

၄၆ သိမ်သမုတ်ဟန်-အလုပ်မှန်တို့၊ အချုပ်ဝဗ္ဗ-တိုဘိုကျဉ်းကျဉ်း
နှင့်လိုရင်းကလေးလောက်သာ၊ရွေးကောက်၍ပြခြင်း၊ ...... ၂၀၆
၄၇ သိမ်သမုတ်ရာ-အောင်မြင်ခါတွင်၊ ဩဘာစာ ဘာသ်သုံးတို့၊
သိကုံး၍ပြခြင်း၊ ...... ...... ...... ...... ၂၀၉
၄၈ ပါဠိဘာသာ-ပ'ဌဂါထာတို့ဖြင့်၊ဩဘာစာဘာသ်သုံးတို့၊ စီကုံး
၍ပြခြင်း၊ ...... ...... ...... ...... ...... ၂၂၃
၄၉ သိမ်အရာတို ကံကြီးရေစာ ချ- မြတ်ဒါနမင်္ဂသာဘွင်၊ အောင်
ဩဘာစီရေး၍၊ ဘာဝနွာပြဆိုခြင်း၊ ...... ...... ...... ၂၂၈
၅၀ ကထိန်အားမ်းအဖြ ကောသွားအဆို-ပြ ဖြန့်၊ များအပြား-
အပို-ပွဲတဲမဘို-ရှည်-ပုံဝွာသိုအောင်းခုးထည့်၍ပြခြင်း၊ ၂၃၁
၅၁ နဂ-ပုဒ်-ပြယုဂ် အလို-အနည်းနည်း ဖ ပ ခင်ကြီ ပျ အလို
သမ သ်၊ဒိသုဋ္ဌ'ရုံဒ-လို-ဝ နို ဂ်၊လယ်တီဒ-လို-ကိတ်၊ ဖြာစိတ်
ကြဟန်-ပဒ,ဉာဏ် ၊ဝေဖန်၍ပြခြင်း၊ ...... ...... ၄၆
၅၂ ပဒ္မဗ္ဘာဩာမှာ၊ပွင့်ချာ်တရာ-ပြည့်-မပြည့်၊ ဒ ပြု ခနီ- မျိုး နို ဘို၊
သိသာအောင်-ဘုံးမှတ်၍ဆုံးဖြတ်ပြဆိုခြင်း၊ ...... ...... ၂၅၂
၅၃ သတင်းကျွတ်သ-မခွဲ့ဘ်ရအောင်၊ဆွတ်ပြဲဖူးပွဘ်၊၁၃-မျိုးထုတ်
လတ်၍၊သရုပ်အချဝ်ရင်ဝေဖန်ပုံကို ပြည့်စုံအောင်ပြခြင်း၊ ...... ၂၅၅

# အမှားအမှန်ပြင်ချက်။

| နံပါတ် | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၅ | ၈ | မဟာ့သုံးပုံသား | မဟာ့သုံးပုံသူ-သုံးဘုံသား |
| ၆ | ၁၅ | ဆူညံကြ | ဆူကြညံကြ |
| ၆ | ၂၆ | အရာဌာ | အရာဌာန |
| ၆ | ၂၀ | ကုသလော | ကုသုလော |
| ၁၂ | ၅ | ရာကျောင်း | ရွာကျောင်း |
| ၁၇ | ၈ | ငွေကြီးစွဝ | ငွေကစွေဝ |
| ၁၉ | ၂၀ | ဟတ္ထပါသ် | ဟတ္ထပါသ် |
| ၂၃ | ၁၄ | အပေါင်း | အပေါင်းအား |
| ၂၄ | ၈ | မရွေးချယ်တဲ့ | မရွေးချယ်ဘဲ |
| ၃၉ | ၂၆ | ရှင်ဘဂ | ရှင်ဘဝ |
| ၄၁ | ၃၁ | ခရယုဂ် | ခယရုဂ် |
| ၄၄ | ၁၃ | ဥဒ ယီသား | ဥဒ ယီ ့စ်သား |
| ၂၇ | ၅ | အဘိတ်ခန့် | အဘိခန့် |
| ၆၂ | | ဟတ္ထပါသ် | ဟတ္ထပါသ် |
| ၆၆ | ၁၂ | အားပန် | အာလပန် |
| ၇၂ | ၂၂ | လွှတ်မှု | လွှတ်စေမှု |
| ၇၅ | ၃ | ဌရဒိ | ဌာဒိ |
| ၇၅ | ၄ | ဝါရဗုဒ္ဓိ | ဝဇိရဗုဒ္ဓိ |
| ၇၇ | ၁၄ | ဟသ်ာ-မင်းကြီး | ဟသ်ာမင်းသည်းမင်းကြီး |
| ၇၈ | ၁၀ | ကစား | စကား |
| ၇၈ | ၁၆ | ယူးလသသည့်အဓိပ္ပါယ် | ယူးလ။သည့်အဓိပ္ပါယ် |
| ၁၀၃ | ၇ | ဗျာကရိုဏ်း | ဗျာကရုဏ်း |
| ၁၀၈ | ၁၇ | ကုးသလေ | ကုလေကုးသ |
| ၁၃၈ | ၈ | သဒ္ဒိ | သဒ္ဒိဒ္ဒ |
| ၁၃၉ | ၁၅ | လောကီကုဏ္ဍရာ | လောကီလောကုဏ္ဍရာ |
| ၁၄၀ | ၁၃ | လျှော်ကျပြိန်း | လျှော်ကာကျပြိန်း |
| ၁၄၃ | ၁၂ | ယံကိုဋ္ဌိ | ယံကိုဋ္ဌိ |
| ၁၄၃ | ၂၀ | သံဃစရ | သံဃာစရ |

## အမှား-အမှန် ပြင်ချက်၊

| နံပါတ် | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၄၅ | ၁၂ | သင်္ခါက | သင်္ခက |
| ၁၄၅ | ၂၃ | ဗွနာဒယတိ | ဝိနောဒယတိ |
| ၁၄၈ | ၂၇ | ပစ္စာဝတ | ပစ္စာဂတ |
| ၁၅၀ | ၄ | ဝိဖျင် | ဝိတ်ဖျင် |
| ၁၅၃ | ၇ | ဆခြင် | ဆင်ခြင် |
| ၁၅၆ | ၁၂ | မှန်ကု | မှန်ကူ |
| ၁၅၇ | ၂၁ | ကတ် | ဝင်ကတ် |
| ၁၇၇ | ၂၁ | ဒွိယ | ဒွိဘ |
| ၁၇၉ | ၂၁ | ပြုတ်ပြုတ်ပို | ပြုတ်လိုပြုတ် |
| ၁၇၉ | ၂၀ | သမုဘ် | သမုတ် |
| ၁၈၀ | ၁၄ | အထတ် | အထက် |
| ၁၈၁ | ၁၉ | ဟူသည် | ယူသည် |
| ၁၈၁ | ၇ | တကား | တို့ကား |
| ၁၈၁ | ၈ | နှဲသင် | နှဲသွင် |
| ၁၈၂ | ၁၄ | ဝိသုံဂါ | ဝိသုံဂါမ |
| ၁၈၂ | ၁၆ | ရှုကြ | မှုကြ |
| ၁၈၃ | ၈ | ရှိညှံ့ | ရှိသော် |
| ၂၂၀ | ၂ | သည်း | သတည်း |

## အထူးတောင်းပန်ချက်။

ဤစာအုပ်တွင်၊ ပုံနှိပ်ခြင်းသေသုံးများကျွတ်ထွက်ခြင်း၊ ကျကျန်ခြင်းနှင့် အက္ခရာ လုံးချင်းမှားများကို အထူးမပြင်တော့ပါ၊ တွေ့ရှိပါက-ပြင်ဆင်ဘတ်ရှုဘတ်မှုကြပါမည့်အကြောင်း တောင်းပန်ပါသည်၊

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ဝိနယတ္ထပကာသနီကျမ်း။

## ဂန္ထာရမ္ဘဂါထာများ။

(၁) ဥတ္တမော ယော တိလောကာနံ၊ ဥတ္တမော လောကဓမ္မေသု၊
ဥတ္တမော သံဝိဇ္ဇလေ သဟိ၊ အာနန္ဒ တံနမာမဟံ။ ၊

ယ,ဂိုဏ်း ၄ ချက် ရှည်ထွက်၍၊ နှစ်သက်အင်္ဂါ၊ ပုဒ်ပဒတို့၌၊ ဗုဒ္ဓ, ဓမ္မ, သံဃ,ရတနာ၊ မြတ်သုံးဖြာတို့ကို၊ ဝန္ဒနာကာရ-ရှိခိုးပုံပကာသနနှင့်တကွ၊ ဝန္ဒက ပုဂ္ဂိုလ်၏- ထုတ်ဆို ဘွဲ့မည်၊ သိကျိုးရန် ရှယ်ရည်၍၊ သွယ်စီ ရွတ်ပြသော {ဝတ္တဂါထာ၊}

(၂) ပညာသီလသမာဓိဟိ၊ ဂုဏာတိ သေဿိတာ ကရိ၊
ဒသပါရမိပူရေန္တံ၊ ဒသာသေရမဟံနမေ၊ ၊

ဝိသမ—သမ—ဝိသမ-သမ၊ ၄ ပါဒတို့၌၊ ယ—ဇ—ယ—ဇ၊ ဂိုဏ်း ၄ သွယ် ဖြာဖွည့်ဖြလျက်၊ အာစရိယဝန္ဒနာ၊ ကိုးသိပါသော၊ {ပဒ္ဓ၊၂ဝတ္တဂါထာ။}

(၃) ဝဏ္ဏုတ္တမယာစရိယာနံ၊ နမဿိတွာန သာဒရံ၊
လိခိဿာမဘာသေတ္တောသနံ၊ ဝိနယတ္ထပကာသနိံ၊ ၊

ပထမနှင့် တတိယ၊ ၂ ပါဒ,အစဉ်အတိုင်း၊ ဝိသမ ညှင့်နှိုင်း၍၊ သ, ဂိုဏ်း တဂိုဏ်း မသွေးမှတ်ဘို့ရေးစပ်စီပြပါသော၊ ပထမ-သ,ကာရ-တတိယ-တ, ကာရ {ဝိပုလာဂါထာ၊}

{ အနုက္ကမ၊ }

(၁) ယော၊ အကြင်ငါးမာရ်အောင်မြင်၊ သဗ္ဗညုဘုရားရှင်သည်၊ တိလောကာနံ၊ ပြဟ္မာနတ်လူ၊ သုံးရပ်သူတို့ထက်၊ ဥတ္တမော၊ အလွန်အကြူး၊ ထူးထက် ထူးအောင်။ မြင့်မြူးဥက္ကဋ္ဌ၊ သာကီဇာတ်ဖြင့်၊ ကြီးမြတ်တော်မူပေ၏၊ ယော၊

အကြင်စတုမဂ္ဂ၊ ဖလလေးတန်၊ နိဗ္ဗာန်ပရိယတ်၊ ဆယ်ပါးသောတရားတော်မြတ်
သည်၊ လောကဓမ္မသု၊ လောကီဓမ္မ၊ ဟူသမျှတို့၌၊ ဝါ။ လောကီဓမ္မ၊ ဟူသမျှတို့
ထက်၊ ဥတ္တမော၊ အလွန်အလွန်၊ ဂုဏ်တန်ခွန်ဖြင့်၊ ထူးချွန်ဆင့်ထပ်၊ သာတင့်
အပ်အောင်၊ မြင့်မြတ်တော်မူပေ၏၊ ယော၊ အကြင်မဂ်ဖိုလ်ကိန်းအောင်း၊ အရိယာ
သံဃာတော်အပေါင်းသည်၊ သံကိလေသတော၊ ညစ်ကျယုတ်မာ၊ ဆိုးသွမ်း
သောကိလေသာတို့မှ၊ ဥတ္တမော၊ သူပုံရန်ဘေး-ကင်းလွတ်ဝေးဘို့၊ ငြိမ်းအေးလေ
အောင်၊ အရှုတ်ဘောင်မှ၊ ထွတ်ခေါင်တော်မူပေ၏၊ အာနန္ဒ၊ တလောကလုံး၊
ပြောပြ၍မဆုံးနိုင်အောင်၊ အုံးအုံးကြွက်ကြွက်၊ လွန်ပုံမက်၍၊ နှစ်သက်မြတ်နိုး
ရာဖြစ်ပေသော၊ တံ၊ ထိုတိဥတ္တမ္မ၊ မကုဋဟု၊ အတုလထွတ်ဖျား၊ ရတနာမြတ်
သုံးပါးကို၊ အဟံ၊ မြတ်ရာ နှစ်သက်၊ ပါဠိ အထွက်ဖြင့်၊ ဖွတ်ချက် ထုတ်ရာ
(ဥတ္တမာနန္ဒ)ဘိဓာန ဟူ၊ နာမသမုတ်၊ ခန္ဓာပဥ္စက အကျွန်ုပ်သည်၊ နမာမိ၊ ရိုသေ
မြတ်နိုး၊ ဆယ်ပုံမိုး၍၊ ရှိခိုးဦးခိုက်ပါ၏ဘုရား။

(၂) ပညာသိသသမာဓိဟိ၊ ဇဝန တိပဥ္စ၊ ဂန္ထိရနှင့်၊ ဟာသဘူရိ၊ အစ
ရှိသောပညာ၊ ပေတုပါရီ၊ သုဒ္ဓိလေးဆူ၊ ဖွေးဖွေးဖြူလျက်၊ မွေကြူသီလ၊ သငွိ
ဝကို၊ ညီမျှ ညှင့်သိမ်း၊ ယိမ်းမယိုင်၊ ကျောက်စေတိုင်သို့၊ ကြံ့ခိုင်ဌာတိ မကွာ
ရှိသည့်၊ သမာဓိမွေ့ဟုဆိုအပ်ကုန်သော၊ ဂုဏဟိ၊ အပေါင်းလုံသင်း၊ ဂုဏ်
သတင်းတို့ဖြင့်။ ထေ ယိတာကရံ တအံ့တသြ ပျံ့ကျော်စော၍ ယောမနာဘွယ်။
မြွက်သွယ်ခွန်းလှစ်၊ ချီးမွမ်းခြင်းတို့၏ တည်ရာလည်း ဖြစ်ပေသော၊ ဒသ ပါ
ရမီပူရေ့နဲ့၊ ပါရမီဆယ်ပါး၊ မျိုးတရားကို ကျိုးစားသဖြင့်၊ တိုးပွါးရင့်အောင်၊
ပြုကျင့်ဆည်းပူးတော် မူထသော၊ ဒသာစေရံ၊ ကျေးဇူးဝိသိဋ္ဌ၊ ဘုန်းဂုဏ်ဟိတ်
နှင့် တကျိပ်သော ဆရာတော်ဘုရားများကို၊ ဝါ၊ မုံရွာရင်၊ ထက်နိုင်ငံမှာ၊ ကြိုး
ကြာကန်ရွာ၊ ဥတ္တရာရုံ ဆရာပေယ်ဘုရားကြီး၊ ၎င်းရွာတောရကျောင်းဆရာ
တော်ဘုရားကြီး မန္တလေးမြို့ ဒက္ခိဏာရာမတိုက် မဟာနာယက ဆရာတော်
ဘုရားကြီး၊ ၎င်းတိုက် ဆရာတော် ဘုရားကြီး ဦးရန်ကုန်၊ ၎င်းတိုက် - ဒုတ်
ကျောင်းဆရာတော် ဦးဇာဂရကြီး၊ ၎င်းမြို့ရွှေရေးဆောင်တိုက် - ဆရာတော်
ဘုရားကြီး၊ ရန်ကုန်မြို့ - ကြည့်မြင်တိုင် စလင်းဆရာတော်ဘုရားကြီး၊ ပျဉ်းမနား
မြို့ မာရ်အောင် ဆရာတော်ဘုရားကြီး၊ စစ်ကိုင်းမြို့ အထက် ဝတ်ချက်ရွာ-
မင်းကျောင်း ဆရာတော်ဘုရားကြီး၊ ကြိုးကြာကန်တောရ၊ စာချဆရာတော်
ဦးသုန္ဒရ။ ဆုံပြုတွင်ရေ၊ အားလုံးသောမဟာထေရ်ကြီးတွေကို၊ အဟံ၊ ဥတ္တမာ
နန္ဒ၊ ဘွဲ့နာမဖြင့်၊ သာဓုမှည့်ခေါ် တပည့်တော်သည်၊ နမေ - နမာမိ၊ သဒ္ဓါရိုကြိုး
ဆယ်ပုံမိုး၍ ရှိခိုးဦးညွှတ်ပါ၏ဘုရား၊

(၃) ဝဏ္ဏုတ္တယာစရိယာနံ၊ရတနာသုံးပါး၊အစရှိသောလျက်၊ဆယ်ပါးသော မဟာထေရ်အရှင်မြတ်တို့အား၊ ဝါ၊ အရှင်မြတ်တို့ကို၊သာဒရံ-သ,အာဒရံ- သဟာသက္ကစ္စံ၊ ရိုသေ လေးမြတ်ခြင်းနှင့် တကွ၊ တနည်း-သာဒရံ- သုအာဒရံ- သုဋ္ဌုသက္ကစ္စံ- ကောင်းမွန်ရိုသေစွာ၊ နမဿိတွာန၊ ပဏ္ဏာမ်ရှိခိုးလျက်၊ ရုံပြားတို့ကို သိသာမှာထိမိုးလျက်၊ ညွတ်တွားကာ ရှိခိုးပြီး၍၊ ဘော၊ အိုအချင်းတို့၊ ဝါ၊ ဤသည့်ကျမ်းကို ရည်မှန်းချက်ရှိ ဓောပိတိဖြင့်၊ ရှုကြည့်လိုပေ၊ အိုအဆွေတို့၊ မံ၊ အကျွန်ုပ်ကို၊ အဇ္ဈေသနံ၊ ရေးသားတို့ရန် တောင်းပန် တိုက်တွန်းခြင်းကို၊ တနည်း၊ဘောမဇ္ဈေသနံ၊ဘောမ=အဇ္ဈေသနံ၊ ပုဂ္ဂိုလ်သုံးပါးအင်္ဂါသားတို့၏၊ လျှောက်ထား တောင်းပန်ခြင်းကို၊ဝါ၊ နန်းတော်ကျောင်းဘုန်းကြီး ရှင်စာရိန္ဒ၊ ထန်းလေးပင်ကျောင်းရှင်ဇာဂန၊ဆုံကုန်းကျောင်း ရှင်ဇဝန၊ဟူကုန်သော အင်္ဂါ နေ့သား၊ ရဟန်းတော်- ပေါင်းသုံးပါးတို့၏လျှောက်ထား တောင်းပန်ခြင်းကို၊ အာဂမ္မ၊အကြောင်းပြု၍၊ ဝိနယတ္ထုပကာသနိံ၊ နာဂါနုသာသနကျွာ၊ အရေး စလျက်၊ ဝိနယအချက် အသိရခက်အောင်၊ အနက်အဓိပ္ပါယ် ပေါ်လွင်စွာ ချယ်လှယ်၍၊ အသွယ်သွယ် ထည့်မှတ်ပြသောကြောင့်၊ ဝိနယတ္ထုပကာသနီ၊ နာမည်ကွန့်ဆန်း၊ စာအဆိအညွန့်ကျမ်းကို၊ လိခိဿံ-လိခိဿာမိ၊ ရေးသား ပေအံ့၊ဝါ၊အဇ္ဈေသက၊သုံးပါးသောအဆွေသမဏတို့၊မသွေမွေ- ရှုကြည်လင် ရအောင်၊ကောင်းမွန်စွာပြုတည်ထွင်လျက် စီရင်ရေးသားပေအံ့သတည်း။

---

ဤဂန္ထာရမ္ဘဂါထာများဝယ်၊မှာစရာစကားအသွယ်သွယ်- အဋ္ဌင့်ဆိုက်၍၊ဖွင့်ထိုက်သိထိုက်သောအချက်များကို မြွက်ကြားဖွင့်ပြလိုက်အံ့၊

(၁) ရတနတ္တယပဏာမ၊ရှေးဦးစွာပြုအပ်သော ဝတ္တဂါထာ၌၊ဥတ္တမသဒ္ဒါ သုံးချက် အနက်လုပ်ဟန်မှာ၊ ၊ဥတ္တမန္တိ ဥဋ္ဌူ တမတ္တာ-ဥဂ္ဂတ တမတ္တာ သဋ္ဌတ္တာဝဥတ္တမံ၊ ၊ဟု— ထုတ်ပြန်မှတ်တမ်း၊ ဥာသ်ကျမ်းဆရာ၊ မိန့်မှာ ဖွင့်ပြသည်နှင့်ညီစွာ၊ရတနာသုံးပါး၌ ရထိုက်သောအဓိပ္ပါယ်ကို၊ ကြံရွယ်တွေး မှတ်၍ ပေးအပ်သော အနက်များဖြစ်ပေသည်၊ ၊ပထမ-ဒုတိယ- တတိယ၊ ၎င်းသုံးပါဒတို့၏ အဆုံး၌ပြအင်သော ဥတ္တမသဒ္ဒါ ၃ ပုဒ်အရနှင့်၊အဆုံးစတုတ္ထ ဖြစ်သောအာနန္ဒပုဒ်ဘရပ်ကို၊ချင်ငင်ပုဒ်ချာအောင်၊ ၊ဥတ္တမောအာနန္ဒော— ဥတ္တမာနန္ဒော၊ ၊ဟု—မဟာပရိသောသဏ္ဍာန်နည်းကဲ့သို့၊ကပ္ပါရည်းသွာသည်

တဖြာနှင့်၊ ။သမေတာယသ္မာကဲ့သို့၊ ဥတ္တမာနန္ဒောမှာ၊ဥတ္တမော- အာနန္ဒော၊ ဟု-စပ်ဖြတ်သောသန္ဓိနည်းကို၊သိသည်းစွာသိအပ်၏၊ ။သို့ဖြစ်၍၊ ။

(၁) မြတ်ခုနှစ်သက်၊ပါဌ်အထွက်၊မှတ်ချက်ဥာဏ်ဝယ်စော၊ ။

(၂) ဦးအက္ခရာ၊အထက်မှာ၊ ဆက်ပါ ဥတ္တမာနန္ဒော၊ ။

(၃) ပဒသန္ဓိ၊ ပြဟန်ထိ၊ ကြံ့မိလွယ်စေသောစ်။ ။

ဟု ရစနာသံ့ပါဌ် ဖြာဥာဏ်ဆောက်၍၊ ဖွဲ့ကောက်စပ်ဆိုသင့်လေသည်၊ ။ ဂုဏ်ပထမဂါထာဝယ်။ သညာမှည့်ချက်၊ ဆန်းနည်းကိုထည့်ဖွက်သော်၊ ။ နန္ဒကူးရသုပါဒေသု၊ သူ့ဒိမှာယဋ္ဌ ဝါဝတ္တံ၊ ။ဟူသော ရတ္တာဒယ ဆန်းကျမ်း၊ မှတ်ဘမ်းရှိပုံကို ပြည့်ရုံအောင်ဆိုပါလျှင်၊ အဖြာဖြာသောပါဒ၌၊ အစတလုံးနောင်၊သ,ဂိုဏ်းနှင့်န,ဂိုဏ်၊ဤ- ၂ ဆိုင်းကြဉ်ရှောင်၍၊ ယှဉ်နှောင်ဘို့ခြောက်ဂဏ လိုရာကိုကောက်ချယ်ချက်၊ထောက်ဆချက်ရွေးအုံး၊ ၄လုံးနောင်ယ,ဂိုဏ်း၊ ပဒတိုင်း မချွတ်မခွသာလျှင်၊ ဝတ္တဂါထာ ရှုလေဟု ဥပဒေထုတ်သောကြောင့်၊ ဥတ္တမေဘယာတိသောကာနံ၊ အစချီသောဂါထာမ၊ မည်သညာဗန္ဓကို၊ဝတ္တဂါထာ-ဟု၊အမှတ်ပြုလေ၊ ။

ဂုဏ်း၌ ဝတ္တဂါထာစီခင်း၍၊ ရေးဦးစွာထည့်သွင်းလျက်၊ ရေးသားခြင်းအကြောင်းမှာ၊ ဂါထာဗန္ဓ- သိဘုံးဖွဲ့သုံးရာဌာနတို့၌၊ မ,ဂိုဏ်း၊ န,ဂိုဏ်း၊ ဘ,ဂိုဏ်း၊ယ,ဂိုဏ်းကြိုက်အောင်၊ပါဒချားစွာတို့၌ဖြစ်စေ၊ပါဒ၏ အစတို့၌ဖြင်စေ၊တည်နေသော်ဂုဏ်း၊ဘက္ကွယှဉ်သော်ဂုဏ်း၊အလိုရှိအပ်သော ကောင်းကျိုးသုခ-ဇာဠ္ဌဖလနှင့် ပြည့်ရုံနိုင်သည်၏ အဖြစ်ကို စင်စစ်သိစရာပြလို၍၊ ကဝိသာရ,ဆိုသောဆန်းဋီကာ၌၊ ။ဘူမိသက္ကစန္ဒဘ္ဘဂဏောသု-ဗဟုကေသု-အာဒိမှိ၌တောသုသဟာယောဂသုစယထောဗ္ဗဘောဝိပရိတမ္ဘုသာ၊ ။ဟုဒိနှံ့အပ်ပြီ၊{အနက်ကား}၊ ။ဘူမိသက္ကစန္ဒဘ္ဘဂဏောသု၊ဘူမိပိုရ်းစောင့်သော မ,ဂိုဏ်း၊သကြားစောင့်သော န,ဂိုဏ်း၊ လ,နတ်စောင့်သော ဘ,ဂိုဏ်း၊တိမ်နတ်စောင့်သော ယ,ဂိုဏ်းဘို့သည်၊ဗဟုကေသုစ၊ များစွာဆိုင်းဆိုင်း၊ ပါဒတိုင်းတို့၌ဂုဏ်း၊ အာဒိမှိစ၊ ပါဒဟူသမျှတို့၏ အစ,အစ,၌ဂုဏ်း၊မြဲတေသု၊ တည်းကုန်သော်ဂုဏ်း၊ သဟယောဂသုစ၊အမျှအစဉ်၊တကွယှဉ်ကုန်သော်ဂုဏ်း၊ယထောဗ္ဗတော၊အကြင်အကြင်လိုအင်မပြီး မကောင်းသော အနိဋ္ဌ အကျိုးမှ၊ဝိပရိဘဏ္ဍသာ၊ပြန်သောအားဖြင့်၊ထင်ရှားပွင့်ပြီး၊ ကောင်းမြတ်သော ဇာဋ္ဌဖလ အကျိုးရှိ၏၊ ။ဤသို့သော ဇာဋ္ဌဖလ၊ သုခကောင်းကျိုး၊ တောဇေ်ပြီးအောင်၊ မျှော်ကိုးညွှန်ချည်၍၊ ခုနစ်လီသောဌာနတို့၌ ယ,ဂိုဏ်း ခုနစ်ချက်၊မ,ဂိုဏ်းသက်သက်ကတထိ၊ ဖွဲ့စီးဗရန်း၍သိကုံးခြင်းပြုပေသည်၊ ။ဤသို့လျှင်၊ဆန်းဂိုဏ်း၏ကျေးဇူး၊ ခေါင်မှူး

ထွတ်ဖျား၊ ရတနာမြတ် သုံးပါး၏ ကြီးမားသော ဂုဏ်တော်၊ အာနုဘော် ဝိသေသ၊ မဟာဗလအရကိုအာရုံပြုပြီးခါ၊ သဒ္ဓါ, သတိ, ဝီရိယ, အဓိမောက္ခ, ပညာ, ပြဋ္ဌာန်းသော စေတသိက်ပြဒါန်းကြောင့်၊ {ဝိနယတ္ထပကာသနီ} နာမည် ပညတ် ဤကျမ်းမြတ်ကို ရှဘ်ဘာသာ ကြည့်ရှုဘာမျှင်၊ လိုအင်ဆန္ဒ ရှိသမျှပြည့်ဝစေရန်— မသွေမှန်အောင်၊ ပဋ္ဌပြုန်သံသရာ နှစ်ဖြာကောင်းကျိုး ဒိရေတိုးသို့၊ ပွင့်ဖြိုးစွာပေးနိုင်၏ဟု မှတ်ပြုတော်မူကြရန် အကြောင်း။

၎င်းပထမဂါထာကို အနက်မြန်မာပြန်ဆိုရာ၊ တိလောကာနံ၊ ပုဒ်အတွက်၊ ဖြဟ္မာနတ်လူ သုံးရပ်သူဟူသောအနက်၌၊ မှတ်ထိုက်သော {သူ-သဒ္ဒါ} မြန်မာစကားသည်၊ ယောကျ်ား-မိန်းမ, မဟူ၊ သုံးဘုံသား၊ လူနတ်ဖြဟ္မာအများ အားလုံးနှင့် ဆက်ဆံ၍ တဦးတယောက်မကျန် ရနိုင်သော သာမညမျိုးမှန်၏၊ ၊သူ့ငှချိန်ရန်မှာ၊ ရွာသူရွာသား မြို့သူ-မြို့သားဟု ခေါ်ပြုသောအရာ၌၊ {သူ} သဒ္ဒါသည်၊ဣတ္ထိလိင်သက်သက်မှာသာဖြစ်သည်၊ ၊ဤသူမိုက်၏၊ ဤသူလိမ္မာ၏၊ ဤမိန်းမမိုက်၏၊ ဤမိန်းမလိမ္မာ၏ စသည်၌ မှတ်ထိုက်သောအရာ {သူ} သဒ္ဒါမှာ ပုလ္လိင်နေရာတွင်သုံးစွဲသည်၊ ၊

ဤအရာသယ်၊ အချက်သွယ်လျက်၊ ဇာက်ကွယ်တိမ်မြုပ်အောင် မေးခွန်းပုစ္ဆာပြုလုပ်၍၊ မြို့အုပ်စာမေးပွဲတွင်၊ ထုတ်ဆင် မေးမြန်းသော ဥာဏ်ပြဿနာစကား အထူးမှာ အောက်ပါအတိုင်း ကြားဘူး၏၊ {ပုစ္ဆာ} လူကြီးတယောက်နှင့်လူငယ်တယောက်၊ ဝမ်းသာဝမ်းမြောက်နှင့်၊ တခြားစီလမ်းလျှောက်သွားနေကြရာ၊မကြာခင်တွေ့ဆုံ၍ ကြီးသောသူက— ပြောဆိုပုံစကားမှာ၊ ဟော့-ငါ့သား မင်းယခု ဘယ်သွားမလို့လဲဟု လက်ဆွဲ နှုတ်ဆက်၍ ယုတ်တရက်အရေးတကြီးနှင့်၊မေးပြီး—ငြိုးခြင်း၊မင်း-ငါ့သားဟုတ်သော်လည်း၊ ကျုပ်ကမင့်အဘမဟုတ်ဘူးဟု ထူးထူး ဆန်းဆန်း ပြောဆိုရာ၊ ထိုနှစ်ဖြာ စကားကိုမည်သူက ပြောကြားထိုက်ပါသနည်း။ထိုသူနှစ်ယောက်တို့၊ မည်သို့ ဆွေမျိုးတော်စပ်ကြပါသနည်း။ ၊၎င်းပုစ္ဆာကို၊ဖြေဆိုကြသူအပေါင်း မြို့အုပ်လောင်းတို့တွင်၊အချို့က၎င်းသူငယ်ကို မွေးစားသောအဘေက—ပြောဆိုသောစကားဟု၊ဖြေကြသည်၊ အချို့ကလည်း ဦးကြီးက၊ အချို့ကလည်း၊ ဦးလေးက၊ ဘ, ထွေးက၊ဘကြီးက၊ဟု အသီးအသီးဥာဏ်စွဲ၍၊ တူဝရီးကြီး ဘ, ငြိမ်း၊ ဟန်မရ-များဆိုထိုတို့ အမှားကိုသာ—ဖြေဆို ရေးသားကြသည်၊ အများအားလုံးပင်၊ မဟုတ်မမှန်ကြပေ၊ ၊အဘဖြစ်သဖြင့် ဟုတ်မှန်သော နည်းစနစ်မှာ စင်စစ်မှတ်ဘွယ် ထိုသူငယ်ကလေး၏ မွေးသမိခင်၊ ကျေးဇူးရှင်အမေရင်းက ဆိုသွင်းသော စကားဖြစ်ပေ၍၊ အမေနှင့်သား ပြောစကားဟု၊ သဘောသွားထင်ရှားသော်၊

အမိ တော်သည်ဟု ချင့်မျှော်ကာ အဖြေပေးမှ ပုဏ္ဏာရှင် ကြေ၍၊ အားမနှင့် လျော်ကန်သောကြောင့် ဟုတ်မှန်ရာကျပေမည်။ ။ဖြေဆိုပုံပြီး၏။ ။

သို့ဖြစ်သောကြောင့်။ {သူ} နှင့်၊ {လူ} ဟူသောမြန်မာစကား ၂ ချက်ကို၊ စဉ်အဆက် ရှေးအဟိုကပင် အဓိပ္ပါယ်ဟူသော ပုလ္လိင်နေရာ၌၊ မှတ်မိုက်၍ စွဲသုံးလေ့ရှိလေ၏။ ။သို့သော်သည်း မင်္ဂလာတရားတော်မှာ အ,သေဝနာစ ဗာလာနံပုဒ်၊မေတ္တာပို့အလုပ်၌လည်း။သဗ္ဗေမနုဿာ၊ပုဒ်တို့ကို၊ဟုတ်–အဟို– ရှေးထက် ရှေးကပင်၊ အဓိပ္ပါယ်,အမ– မိန်းမ ယောကျ်ား မရွေး တပြေးတည်း ပေါင်းယှဉ်၍ {သူ} ဟူသော ပညတ်၊ {လူ} ဟူသောပညတ်များ မှက်သားရင်း ပြုသည်ကို တောက်ရှုတို့လိုတတ်သည်။ ။

မြန်မာပြည်သွား တိုင်းရင်းသားတို့သည်၊ {လူ}ဟူသောစကားကို၊ ထိုထို သို့သော အရပ်များမှာ မြန်မာကိုသာ လူဟုမှတ်၍၊ အရပ်ရပ်အခန်းခန်း၊ ရှမ်း, ကချင်, ကရင်, ယိုးဒယား, ကုလား, ထရုပ်, စသည်ကို လူမဟုတ် သလိုလို ပြောဆိုလေ့ရှိကြ၏။ ။သိသာရန်၊ ။ရှေးအခါ မြန်မာပြည်မှာရွာတရွာအနီး ရေတွင်းထည်းသို့၊ ရှမ်းကြီးတယောက် အောက်အထိကျသွားရာ။ရေတွင်းမှာ လူကျသည်ဟု။ ဆူညံကြစကား၊ ကြားကြားသမျှကြီးကြီးငယ်ငယ်တို့ ကယ် ဆယ်တိုက်ပ်ချဉ်း၍၊ရေတွင်းနခမ်းမှ မျှော်လှမ်းငုံ့ကြည့်၊ရှမ်းကြီးမှန်းသိတော့ အမှတ်မရှိ=သူတယောက်က၊ ပေါက်ပေါက်ရှာရှာ မခံသာအောင် လူမဟုတ် ပါဘူး၊ရှမ်းကြီးပါဟု သေသေချာချာပြောတော့၊ တသောသော–ရယ်ဟား။ထို သူတို့စကားကို ရှမ်းကြီးကကြားသောချင်။ ဟေး–အဆွေဗမာ၊ငါလဲလူပါဘဲ ကွ–လူမဟုတ်လျှင်ဌက်လား။ ငါကိဖြင့်ဒ်တောင် ၂ ဘက်နှင့်၊ ရေတွင်းထဲက ပျံတက်သွားမှာပ,ဟုပေါ်ရာထား ရှေးစကားအများပင်ဆိုကြ၍၊ ဝေါဟာရအမှတ် အသား၌ အရာအား လျော်စွာ ချင့်ချိန်ကာသုံးတတ်မှုကို ထုံးမှတ်ရ သင့်ပေ သည်။

မှတ်ချက်ဖွင့်ထုတ်ဟူသော စကား၌ဖွင့်ကို ဖ,ဦးထုပ်နှင့် အထူးသရုပ်တွေး ကြံလျက်- ရေးနှံ့လိုက်သော သဘောအရမှာ၊ ပယောဂ ဗျာပါရနှင့် ဖွင့်သော အရာ၌ဒ်မှာ၊ ဩဋ္ဌဇဒုတိယ=အက္ခရာ ဖ,ဦးထုပ်နှင့် ရေးပေသည်။ ပယောဂ ဗျာပါရကင်းသောနေရာမှာ၊ပထမအက္ခရာ=ပ,စောက်နှင့်ရေးသင့်ပေမည်၊ ။ ဤအရာ၌ သာဓက,ပြုလိုက်သော–ဥဒါဟရုဏ်မှာ၊ ။ကုသလော ဘိဇ္ဇာတေ သယံ ကို–ပုံစံပြု၍ရှုလေ၊ ။ကျီသည်–အလိုလိုပြို၏၊ပယောဂဗျာပါရ ကင်း ပုံ. ကျီကိုဖျို ဒ်အင်၏၊ ပယောဂဗျာပါရရှိပုံ၊ ။ငင်းနည်း- ပျက်အောင်ဖျက်၊ ကျက်အောင်ချက်၊ပျောက်အောင်ဖျောက်၊ကြောက်အောင်ခြောက်၊ပွင့်အောင်

ဖွင့်-လှင့်အောင်လှင့်၊ မြင့်အောင်မြင့်၊ စသည်တို့၊ ပယောဂ ဗျာပါရကင်း–မကင်းကို ထင်လင်စွာကြည့်ရှု၍ စေ့ငုအောင်သိသေး၊ ၊ဘ, ကုံးအက္ခရာနှင့် ဘွဲ့ဟု- ရေးသားကြရာ၌ အကြောင်းရှာ၍မရ။၊ကြံဆ၍ ပြောကြလိုက ဘုရားကို ဘ,ကုံး အက္ခရာနှင့် ရေးသားလေ့ ရှိကြခြင်း။ ကမ္ဘာကိုလည်း ၎င်းနည်း- ဘ,ကုံးနှင့် ရေးထုံးရှိရခြင်း များမှာ၊ ဗုဒ္ဓေါ ဘာဝါနှင့်၊ ကပ္ပ, သဒ္ဒါတို့ပြင့် ထောက်ဆဘို့မမြင်၊ ၎င်းတို့နှင့်လည်း၊ အများကြီး နီးစပ်သည် မဟုတ်၍၊ ငေတုဏ္ဏက္ခရာ ဘ,ကုံးမှာ ကြီးမြတ်သည် ဟူသော အယူနှလုံးနှင့် ရေးထုံးပြုကြသလိုဖွင့် ဆိုသော အရာမှာလည်း၊ ၎င်းနည်းဘ, ကုံးနှင့် သုံးသင့်သည်အထင်ရှိ၍၊ သတိမေ့လျော့သောသူများနှင့်၊ နားမလည်သူတို့အမှတ်အသားများပင်ဖြစ်ပေကြောင်း၊

ဆယ်ရုံမိုး၍ဒွိရုံ,သဒ္ဒါသည်၊ ကောဝလ,-သမ္ဗ,ဓသော သဒ္ဒါတို့၏ မြန်မာနက်ဖြစ်သောအလုံးရုံဟူသောဝေါဟာရ၊ သမုဒ္ဒ,-သမုဏ္ဏ,ဓသော သဒ္ဒါတို့၏ အနက်ဖြစ်သော၊ ပြည့်ရုံဟူသောဝေါဟာရတို့မှာ ပါရှိသည့် ရုံသဒ္ဒါ ဖြစ်ပေသည်၊ယုဂ,ယုဂလ,သဒ္ဒါတို့၏အနက်ဖြစ်သော-အစုံနှင့်လည်း၊ သင့်လျော်၏၊ ဆယ်နှစ်လီအံ့ရုံမို့ဆယ်ရုံဟူ၍ကားမယူအပ်။ အကယ်၍ယူခဲ့သော်၊ ဆယ်နှစ်လီနှစ်ဆယ်ဟု။ မလိုအပ်သောအဓိပ္ပါယ်ထွက်၍။ တက်တက်စင်မှားလိမ့်မည်၊{ဘုန်းတော်ခြောက်ပုံ၊ဂုဏ်တော်အနန္တာ၊ ဉာဏ်တော်အနန္တာ၊ စံမျှသည့်၊အရဟံပဝရဓေဗုဒ္ဓါ သည်}ဟူသော လင်္ကာတွင် ပါသော-ရုံသဒ္ဒါကဲ့သို့မှတ်လေ၊

ပထမဂါထာဝယ်ပြမှာဘွယ်ပြီး၏၊

---

(၂) ပညာသိလသမာဓိဟိ အစရှိသောဒုတိယဂါထာ၌လည်း၊ ဆန်းနည်းကိုဖော်ရှုသော်၊ ၊သမေသုသိန္ဓုတောဓေန၊ ပဗျာဝတ္တံပကိတ္တိတံ၊ ၊ မိန့်ဟန့်ဖွင့်ထုတ် ဆန်းသုတ်အလာ လက္ခဏာနှင့်၊ ၊ပသျ႑ာဝတ္တဖွဲ့နည်းရအောင် ဆန်းမှအထွက် မိန့်ဆိုမြွက်ဗိမ့်၊အဋ္ဌက္ခရ၊ လေးပါဒ၌၊ အစတည်ထောင် တလုံးနောင်ဝယ် ကြဉ်ရှောင်သ,န, ခြောက်ဂိုဏ်းရ၏ ပထမပါဒ တတိယ၌ ဝိသမအလျောက် လေးလုံးနောက်ဝယ်၊ ယှဉ်ရောက်သည်မှာ ယ, ဂိုဏ်းသာတည့်။ သေသာသမ။ နှစ်ပါဒ၌ ဇ, လျှင်မှန်စွာ ဂိုဏ်းလားရာသည်၊ ၊ပဗျာဝတ္တဖွဲ့နည်းတည်း။ ။ဟု-ဆိုပြု သွယ်တန်းသော ဆန်းလင်္ကာအတိုင်း ထောက်ဆန္နင်းပြီးလျှင်၊ ယ,ဂိုဏ်း-ဇ,ဂိုဏ်း အလှည့်ချ၍၊

ဝိသဒ္ဒ=သမ=မှတ်စရာ။ ချွတ် ရသောကြောင့်၊ ပတ္ထာဝတ္ထုဂါထာဟု ဒုတိယဂါထာအမည်ပြုကို အတည်ကျသိလေ၊

ဒသပါရမိပူရဏ္ဏနန္ဒ၊ ပါရမီဟု ဤဒိဃသရှေ့နှင့်ရဏ္ဏ°ယမှာ သင့်သော်လည်း၊ ဆန်းနည်းအလိုက် ယ,ဂိုဏ်းဆိုက်အောင် ထားထိုက်သောလက္ခဏာကြောင့်၊ မ,အက္ခရာထက်မှာ၊ ဆံခတ်မပါသော တမကြွာဇာရသနှင့်၊ ရေးပြခြင်း မှန်ပေသည်။ ၊

ဒသာစေရမဟန်နမေ၊ ဂါထာယံ အာစရိယသော စေရ၊ ၊ဟူသော သဒ္ဒနီတိသုတ် ဖွင့်ထုတ်ခါ- မသွေပြသောကြောင့်၊ အာစရသဒ္ဒါနှင့် ရေးပေသည်၊ ၊ငင်းအာစရပုဒ်အရ၊ ဂုဏ်အပစယနဂုဏ်တို့နှင့်၊ ပြည့်ပုံတော်မူကြပါသော၊ မဟာထေရ် အကျော်- ဆရာတော် ဘုရားကြီးများ၊ ပေါင်း {၁၀} ပါးတို့ကား၊ ၊

(၁) ထင်ရှားပါကဋ မြန်မာပြည် တိုင်းဌာနတွင်၊ နဂရစာရင်း ယူကောက်သွင်းအပ်သော အောက်ချင်းတွင်း ဒိဗ္ဗတိတ် တောင်လင်းခြင်းရှိ နိမိတ်ဖြင့်၊ဂုဏ်ဝိသိဌ်ရုံဖြာကြွယ်လှသော မုံရွာနယ်ဝင်အပါ ကောန္ဒပေါက္ခရဏီ မာဂဓသည်နှင့် မြန်မာမည်မှတ်စရာ ကြီးကြာနန်ရပ်ရွာဖယ် ဇာရိယာပထ တည်မျှဒိုး ပရိယတ်ပဋိပတ် ၂ သွယ် ရုံသောကြောင့်၊နယ်တုန်အောင် ကျော်ဟီးသော ဥတ္တရာရုံဆရာတော်ဘုရားကြီးဦးပညာဝန္တ၊

(၂) ငင်းရွာဂါမ ပါရပွတွင် အရည်ဝါသိ ဌာနသစ်တောရပ်မှီလျက် လက္ခိပေသလ၊ခဲ့မှုန်ဖြင့်၊နေမှုခိုလှု ခမ္မဝိနယပြည့်ပုံ၍ များဥာဏ်ဘပည့်ပေါင်းကို သေချာစွာအဟောအပြကောင်းသော တောရကျောင်းဆရာတော်ဘုရားကြီး၊ဦးကဝိန္ဒ။

(၃) မန္တလေးရွှေမြို့၊ မြေဗဟိုရ်,တွင်၊ ဝေမိ,လကျာ တောင်မျက်နှာဝယ် ဒက္ခိဏာရာမသမိတ် ဘုရားကြီးတိုက်၌၊ ထိုးမကိုဋ်ပမာ ဆောင်းမိုးကာ၍ သုံးဖြာပိဋကတ် ပရိယတ်ဝွကမ်းခတ်ထုတ်ချောက်ကူးပေါက်မြောက်သဖြင့်၊ထက်အောက်သွယ်ဖြာ နယ်ဟကာမှ ဘယ်ခါမပြတ် သာကီဇာတ်တို့ မှီကပ်မွေ့လျော် ကိန်းစံပျော်ကြသော တထောင်ကျော်သံဃာပေါင်းများစွာဟို၏ အားထားရာအကြီး ဦးစီးအချုပ် မဟာနာယက ပြုလုပ်သော၊ ဥက္ကမ္ဘဆရာတော်ဘုရားကြီးဦးအာဒေရ၊

(၄) ငင်းတိုက်ဝယ် ဆူလိုက်တောဇာ ဝေဝေဖြာလျက် ပညာဝနေဖြန် သမ္မာဂိန်ဖြင့် ပွန်းထိန်ကဲမောက် ရဲရဲတောက်၍ အနောက်ဥဒေပ ဇာနီယကိုထို သိဟ်နဲ့ ချောက်တိုင် ဂုဏ်နဲ့ ကြိုင်လျက် ပျံ့လိုင်သိရိ မဟိဒ္ဓိဖြင့်

တိပိဋကဓရ ကဝိန္ဒဟု ပါကဋတရော် လွန်ထင်ပေါ်သော ဘုရားကြီး ဆရာတော်ဦးရန်ကုန်။

(၅) ဥဿု များပြား စာသင်သားတို့ အားထားမှီခို ကြည်ညိုလေးမြတ် ရိုဘုတ်ဝပ်တို့ ပိဋကတ် ဂန္ထန် အမြင်သုံးလျက် လျင်မြန်ရှုဖျ ကွန့်မြူးလှ၍ ထူးစွာသည်မှာ ဉာဏ်ရောင်ဝါကြောင့်ဝေနာဆေးကာ ပမေနှာလျက် အပြော အပြ-သဘောကျအောင် ပေါ်စွာနည်းပေါင်းအဟုတ်ကောင်းသော ငှင်းတိုက် ခုတ်ကျောင်းဆရာတော်ဦးဇာဂရကြီး၊

(၆) ပါဠိဝိနယ၊အာဂမနှင့် သာဋ္ဌကထာ၊ဋီကာကျမ်းကျယ် ပြန်းသဖွယ် တို့၌ ဆန်းကြယ်ဉာဏ် ပါရမီကြောင့် တပည့်တပန်း ရဟန်းသာမဏေသော တာရာတို့ ပေါ်စွာမှီခံ၊ ကြည်ဝင်နနှင့်ညီမျှနှံ့ထွဲ သင့်လျော်ကန်၍၊ နာမံရှိန်ပြေး ဂုဏ်ဟိတ် မွေးသော ငှင်းမြို့ ရွှေရေး ဆောင်ဟိုက် ဆရာတော်ဘုရားကြီး ဦးအာဒိစ္စ၊

(၇) အောက်နယ်ခရိုင် ကြည့်မြင်တိုင်တွင် လေးဆိုင်ယာပထ စလင်း တိုက်အာရာမဝယ် ပါကဋ-မြတ်ကျောက်ထီးကဲ့သို့ ဝန်းပတ်ပိုက်-ဖြန့်ကာ ဆောင်းပြီးချွင် ကောင်းကြွေးရုံရိပ်ပုညဖိုဒ်ကြောင့်၊ဂုဏ်ဟိတ်နှုံးဘဲလွန်ထင် ပေါ်၍ တေဇော်ပျံ့ကျယ် သတင်းတော် နှံ့ကြွယ်လျက် နိကာယ် ငါးရပ် ဒေသနာ-တရား မြွက်၌ ခဲကက်သဘာဝကြေညက်လှ၍ {အဂ္ဂမဟာပဏ္ဍိတ} ပထမ တံဆိပ် ခံနှိုင်စားရင်း ကင်လှူ နှင်းအင်သော စလင်း ဆရာတော် ဘုရားကြီးဦးသီဟ။

(၈) မျဉ်းမနားမြို့၊ မှိုင်းညို့ညို့တွင် နတ်တို့ဘုမ်နံ တာဝတိန်သို့ မာရဖိန့်ဘုရား နောက်ပါးအနီး ကျောင်းတိုက်ကြီးဝယ် ပျော်မှီယာပထ စံမှုတ၍၊ တိပိဋက၊ဝိဒူ၊နယညွှန်ကြားလ၊ဝိသိဋ္ဌဟု၊မွေးလောကီရုံပြည့်ညီလျက်၊နှစ်ဆင့်သြဇါ သဘောပါအောင် ဟောခုလေးနက်များနှစ်သက်၍၊အောက်ထက်ရဖွံ့၊ ခြိုးကြူး ညံ့လျက်။ ထူးဟန်သာစွာပါကဋဖြင့်၊ မွေကာထိက အကျော် လွန်ထင်ပေါ်၍၊ တေဇော်သတင်း-ရှိန်ဝေလင်းသော၊ရမည်းသင်းဒိုင်ကြိုတ် ၁၉ မြို့ ဂိုဏ်းချုပ် မာရ်အောင်ဆရာတော်ဘုရားကြီးဦးသီဟ။

(၉) စစ်ကိုင်းအထက်ဆန်၍တက်သော်၊ ဝတ်ချက်မင်းကျောင်း ပျော် ကိန်းအောင်း၍၊ အပေါင်းများပြားစာသင်သားတို့ အားထားဘွယ်ရာ နည်းရုံ ဖြာလျက်။ ဘာသာဘက်ထိနာဂရီနှင့်ဗျာဒိဗျို့ဟာဒ် ဆန်းကလာပ်၌၊ နှံ့စပ်ပြီး၍ ပါဠိလောကိဋ္ဌကထာနှင့်ဋီကာဆင့်၍၊ ပြဖွင့်အထိထိရုံပြည့်ညီ၍၊ လောကီလော ကုတ်သဘောသုတ်တို့၊ မဆုတ်မတွန့်ဉာဏ်ရဲဝန့်လျက်၊ကဲလွန့်တေဇော်တံခိုး၊

တော်ဖြင့်မိုးပေါ်စန္ဒာလ,ပမာသို့ကြေညာသတင်းဝေဖြာလင်းသောဖွော်သင်းမင်းကျောင်းဆရာတော်ဘုရားကြီးဦးသောမ၊

(၁၀) ကြို့ကြာကန် တောရကျောင်းသစ်တိုက် အာရာမဝယ် ပျို့မြစ်နွယ်ကျောင်းသားရွယ်ကပင် အုံ့ညွတ်ဘွယ်အကြောင်း၊ဉာဏ်အလွန်ကောင်းသည့်ဟု အပေါင်းပြောပြုမြို့ ပွမ်းကြ၍၊ သဒ္ဒါဂိတ္တ ကျော်စောခြင်း—မကွာရှိသဖြင့်၊ပါဠိအဋ္ဌကထာ ဋီကာ၊အရပ်ရပ်ဘာမလပ်အောင်နှံ့ပြီး မြင်မြော် လွန်ထင်ပေါ်သော၊နှောင်တော်ရင်းဘာတိက၊စာချဆရာတော်ဦးသုန္ဒရ၊

ပေါင်း (၁၀) ပါး။

ဤအရာ၌—ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ရှင်နာဂသိန် မထေရ်တို့သည်၊မိမိတို့၏အာစရိယဘွဲ့ညည်ကို အတည်တကျ ရှုမျှော်မှောက် ဆွေကြ၍၊ ထုတ်ပြပြောဆိုခြင်းမရှိဟု မှတ်သိဘွယ် အဋ္ဌကထာ တိုက်ရိုက်ပင် လာခြေသည်၊ ၊ယခုခေတ်အဆိုပါဆရာတော်ဘုရားကြီးတို့၏ဘွဲ့ညည်တော်များကိုကား၊ထင်ရှားအောင်မဖွင့်ပြကာသိနိုင်ကြမည်မဟုတ်၍၊ ထေရုပ္ပတ္တိသဘောသိဆိုက်သောအရာ၌ာနမို့ အ,ဂါရဝလွတ်ကင်း ပသာဒ နှလုံးသွင်းနှင့်သာ ပြောပြရခြင်းမှန်ပေ၍။ရိုးသစွာသောဂါရဝေါတွင်၊ ကြည်ညိုခြင်း သဒ္ဒါစော ဖြင့်ပြောသင့်ဆိုဆိုက်ဇစ္ဆင့်ဆိုက်၍ ဖွင့်လိုက်ရပါသည်။ ၊သံသရာလောကဒေါသမဖြစ်မဟာသည်းမခံ၍၊ မြူအညစ်—တမှုန်တမွှားမှအကုန်သား ရှင်းကျွတ်လျက် ကင်းပွတ်သည် မှုံးပေကြောင်း။ ၊ထို့ကြောင့်၊ လောကဓမ္မ ပြည့်စုံတော်မူလှသောရှင်သီလဝံသပုဂ္ဂိုလ်ပဂေးက{ ဆိုရေးရှိက ဆိုက်ထိုက်လှ၏၊ဆိုဝမျှားချားထားပချေတိ ငါ့ဝနှရှိခဲ့}ဟု မှတ်သိဘွယ် မလွတ်အောင်ရေးစပ်တော်မူခဲ့ပေသည်း၊ (၁၀)ပါးတွက်ရေ အားလုံးသော မဟာထေရ်ကြီးတွေကို ဟုဆိုရာ၌။ မဟာထေရ်ဆိုသည်မှာ သိက္ခာ ဝါနှစ်ဆယ် ပြေးသတင်းကြီး ပုဂ္ဂိုလ်များကိုဆိုသည်၊ ဆယ်ဝါမှ၍ ဆဲ့ကိုးဝါ ကျအောင်အနုထေရ်ဆိုသည်။ ။

ဒုတိယဂါထာ၌မှာစရာတသိုက်ပြီး၏၊

---

(၃) တတိယဂါထာစကား၌ အမှာအထားဖွင့် သရုပ်ရှာသော်၊
ဝဏ္ဏုဏ္ဏယာ ဧရိယာနံ၌၊ ဝဏ္ဏုသဒ္ဒါသည်၊ ၊ဝဏ္ဏုတံ
ကာရဏောဒဗ္ဗ ဘူဘောဒေရတနဏ္ဍယော၊ ၊
ဟူသောအဘိဓာန်နှင့်အညီ၊ဤအရာ၌၊ ဌာနအားလျော်စွာ ရတနာသုံးပါး

ဟူသောအနက်ကိုဟောသည်၊ ၊ဘောမ္မအွှသနံကို၊ ဘော-မံ-အဇ္ဈောသနံ ဟုခွဲ၍သုံးပုဒ်တွဲကြံပြီးလျှင် ကွစိလောပ်သုတ်ဖြင့်-တာသာဟံ ပုဒ်ကဲ့သို့၊ သန္ဓိ ချုပ်စီရင်၊ ၊တနည်းမှာ၊ ဘောမ-အဇ္ဈောသနံဟု တသုတ်ဖြတ်၍။ ၂ပုဒ်စပ် ယူလေ၊ ၊

၎င်းတတိယဂါထာ၌ သိထိုက်သော၊ဆန်းအမည်မှာ၊လေးဖြာပါဒ၊ လေး လုံးနောင်-ဆုံးဂဏ၌၊သ,ဇ,တ,ဇ,၊ဤသို့ရှိသောကြောင့်၊ပထမသ,ကာရ- တတိယ တ,ကာရ။ဗန္ဓသည်၊ ဝိပုလာဟု၊ သေချာစွာအမှတ်ပြုလေ။ ။၎င်း ဂါထာတွင်၊ပထမနှင့်-တတိယ၊ ဝိသမပါဒအလျောက်၊ ၄ လုံးနောက်ဂိုဏ် နှစ်ချပ်ကို၊သ,နှင့်တ,-ခြားမှတ်၍-ထားအပ်သည့်အလိုမှာ၊ထိုသ,နှင့်တ-နှစ်ခု ပေါင်း။ ၎င်းသတသဒ္ဒါသည်၊ ။သတံသပ္ပုရိသာနံ ဓမ္မော-သဒ္ဓမ္မော။ ၊ သန္တောသပ္ပုရိသာလောကေ၊ ဒေဝဓမ္မာတိဝုစ္စရေ၊ ။တို့၌သတ,သဒ္ဒါကဲ့သို့ ပဏ္ဍာမာရပဟာ-ဆရာတော် ဆယ်ပါးအမှူးထား၍၊ ဂန္ဓာရ ပုဂ္ဂလနှင့် တကွ အဇ္ဈောသကပုဂ္ဂိုလ်များကိုတရားစောင့်သုံးနှုံလုံ ကြည်၊ ဓမ္မာမှိသော၊ လဇ္ဇီသီလဝန္တ၊ သပ္ပုရိသ-သန္တအစ သူတော်ကောင်းဖြစ်သည်ဟု၊ ပြဆို ၏၊ ၊တနည်းမှာသတ,သဒ္ဒါသည်၊သ တ တာ ဇာ၊ သဟာသရံသိ၊ဟူသော ဒေဝိသဇာတ်၌-သတသဒ္ဒါကဲ့သို့-အနေက သ၌ ပုဒ်-ဖြစ်ရုံက် အမကြောင့်၊ ယခုထင်ရှားရှိတော်မူကြသော၊ ငွကျွဆရာတော်ကြီးများနှင့်တကွ၊ ဂန္ဓာရ-အဇ္ဈောသကပုဂ္ဂိုလ်များပါ။အပ္ပါဗာဓဒီဃာယုကာနေကာင်းကြ၍ ရေမကျော် မြောက် သက်ရှည်ရောက်အောင်၊ ထွန်းတောက်တောဖော်-အာနုဘော်ဟုန်၊ ကြီးမြင့်သောတန်ခိုးဂုဏ်တို့နှင့် ပြည့်စုံတို့အကြောင်း၊ ရှက်ရှည်ဆောင်းလျက် ၎င်းသတ,ဖြင့် ပြဖွဲ့သည်ဟု-ဆိုလိုပါသည်၊ ၊ရတနသုတ် ဒေသနာတွင်၊ ယေပုဂ္ဂလာအဋ္ဌသတံပသဋ္ဌာ၌၊ သတသဒ္ဒ သည်လည်း၊ သန္တဝါစက-သဉ္ဇာ ဝါစက၊ နှစ်ဌာနသင့်ကြောင်း၊ ၎င်းအဖွင့်ဋီကာကျမ်းတို့မှာ၊ ထင်ရှားစွာလာ သည်၊

ယခုဤကျမ်း-စီကာမ်းရေးသားရန်၊အကြောင်းကြောင်းတောင်းပန်၍၊အကြောင်း ခံ-ခွန်းလှစ်ဖွေကြသော၊ အဇ္ဈောသကပုဂ္ဂိုလ်သုံးပါး၊ ရဟန်းတော်အရှင်မြတ် တို့ကား၊ ၊

(၁) ထင်ရှားပါကဋ အလုံမြို့မဟာနဂရဝယ်-ဌာနအမွန်၊ နာမခွန်သည့် သလွန်သာရင်အနီး၊သုံးပျော်မှီပါသောနန်းတော်ကျောင်းဘုန်းကြီး-ဦး စာရိန္ဒ၊

(၂) တောင်ဘက်ရေဝင်၊ဇွဲကခွင်ဝယ်၊မြို့-နေမှု-မြေရောင်ညှိလျက် စိမ်းစို၌ဌာန၊သာယာစွတွင်၊ တာလဇေတု-မာဂဓ, ရှင်ပြုံးလျှင်-နာမပြု စာတမ်း

ရေးတင်သည့်၊ ထန်းလေးပင်ဂါမ၊ ရွာဦးကျောင်းဝိဟာရေ၌-ပျော်ခနမှုတ်တော် သော၊ ရဟန်းတော်-ဦးဇဝန၊

(၃) ပလ္လင်ကုန်းတိုက်၊ ဝန်းထဝိုဟ်တွင်၊ ထွန်းသိုက်မင်္ဂလာ၊ အစဉ်ဖြာ၍၊ သညာနာမ၊ ပြုသုတ်ပြုရလျှင်၊ ဥဒုက္ကလထလ၊ ဓမ္မာနသာဒွေ၊ ဆုံကုံးရွာဂါမေဝယ်၊ မျိုးဆွေတူတော် ၎င်းရာကျောင်းတွင်ကိန်းပျော်သော၊ ရဟန်းတော်-ဦးဇဝန ဟူကုန်သော၊ သုတ်၌ ဦးတ—သုတကာဓိ ထင်ရှားပသလ-ပရိယတ္တိကောင်ဒ၊ ဘာသက္ကရဆေကဂုဏ်တို့နှင့် ပြည့်စုံကြောင်းဟိတ်၊ ကောင်းဝိသေဘို့ဖြင့်။ ဒိစကြံတ်ဆုံရာ၊ မြို့မုံရွာနယ်အတွင်း၊ ပါဝင်ခြင်းရှိပါသော၊ အဘိယာစကသုံးပါး၊ ရဟန်းတော်အရှင်မြတ်များမှန်ပေကြောင်း၊ ၎င်းပုဂ္ဂိုလ်သုံးပါးလုံးပင်၊ အင်္ဂါသားများဖြစ်ကြ၍၊ ဘောခွဲသက်ဟု—ရေးစီရင်ပြုခဲ့ပေသတည်း၊

ဝိနယတ္ထပကာသနီ။ ကျမ်းနာမည်ကို ဖွဲ့ချိခြင်းအကြောင်းမှာ၊ ရဟန်းသောင်းသုမ္ဘ၊ နာဂါနုသာသနကော်း၊ အပတန်းပြီးလျှင်၊ ခွဲခြမ်း စိတ်ဖြာ၍၊ အဓိပ္ပါယတ္ထ၊ ပေါ်လွင်စွာထည့်ပြသျက်၊ ဝိနယဒေသနာ၊ အညီအသာထွေထွေ ဖြာပြီးလျှင်၊ သေသေချာချာပြသော ကျမ်းဟူ၊ မှတ်ဘန်းပြုလေ။ ဝိနယ၊ ဝိနည်း။ အတ္ထ၊ အနက်အဓိပ္ပါယ်၊ ပကာသနီ ပေါ်လွင်ထင်ရှားအောင် ပြသည်ဟု—ဆိုလိုသည်၊ ၎င်း၌၊ အတ္ထသဒ္ဒါသည်၊ ။အတ္ထောပယောဇနေသဒ္ဒါ၊ ဘိဓေယျေဝုဍ္ဍိယံဓနေ၊ ဝတ္ထုမှိကာရဏေနာသေ၊ ဟိတေ..မပ္ပတော၊ ။ဟူ၍ အဘိဓာန်၌ပြအပ်သော၊ အတ္ထသဒ္ဒါ၏အနက်၊ ပေါင်း ၉ ချက်အရတွင်၊ ပယောဇန၊ သဒ္ဒါဘိဓေယျ၊ အစရှိသော၊ ရသင့်သမျှယထာလာဘအနက်တို့ကို၊ ပြဆိုသည်ဟု ယူလေ၊

တတိယဂါထာအတွက်၊ မှာစရာအချက်ပြီး၏၊
ဂန္ထာရမ္ဘဂါထာများ-အမှာအထားပြီးပြီ၊

## နာဂါနုသာသနကထာ။

သာသနာတော်ကိုကြည်ညိုဘွယ်ရာ၊ ကြည့်ရှုသူများစွာတို့၊ နားတန်းဆောဆင်စေရန်၊ ဝေဖန်ခွဲခြမ်း၊ ပညာဉာဏ်အာဂန္တုန်းဖြင့်၊ အစွမ်းသတ္တိ ပြမ်းမှတ်ယိကြဘို့၊ ကဝိဓဇတို့ဖွဲ့ထုံး၊ ဒွိနယ အဘို့ချုံချုံးလျက်။ အသွဲ့အကုံး ခေမ်းပြောင်းပြီးလျှင်၊ ရဟန်းလောင်းသုမ္ဘ၊ လမ်းအကောင်းဆုံး ကျလောက်အောင်၊ သုံးပြသောအခက်း၊

သကျပုတ္တ၊ ဘုရားသားစစ်။ ရဟန်းတော်ဖြစ်တို့ရာ၊ မင်္ဂလာ သိမ်အပြင်
ဝယ်၊မဏ္ဍိမတိုက်နယ်၌ာ–သံဃာတော်(၁၀)ပါး။ပစ္စန္တ အရပ်များမှာ၊(၅)ပါး
သော၊သံဃာ၊သင်္ချာခွဲသုံး၊ အနည်းဆုံးအပိုင်းအချား၊ ဟောဒ္ဓိမပရိဒ္ဓ ဖှတ်
သားလျက်၊အသက်နှစ်ဆယ်၊ပြည့်ဖြိုးကြွယ်ပြီး–သပိတ်သင်္ကန်းလည်း ပြည့်ရုံ
၍၊သာသနာတော်ဘုံမှာ၊ရိုလှုံတို့ ကပ်ချဉ်းသောပဉ္စင်းလောင်းအား၊သံဃာတော်
အရှင်မြတ်များက၊သင်ကြားမြွက်လှစ်၊သချာစွာဘတ်ရွတ်၍၊ပဉ္စင်း အဖြစ်ငြိုး
မြောက်အောင်၊ငြိုးမြောက်တော်မူကြမည့်အခါ၊ ရှေးဦးစွာ ပြုဆောင်ဘွယ်၊
ခေါင်တယ်အရင်း၊ဥပဇ္ဈာယ်ပေးခြင်း–ယူခြင်းဟူသော၊{ပထမနှင့် ဒုတိယပုဏ္ဏ
ကိစ္စ–၂–မှာနှ၊}

ပထမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော၊ ၊နှ,ဘိက္ခဝေ အနုပဇ္ဈာယကောဥပသမ္ပါ
ဒေတဗ္ဗော၊ ၊ဘိက္ခဝေ၊ချစ်သားရဟန်းတို့၊ အနုပဇ္ဈာယကော၊ ဥပဇ္ဈာယ်
ဆရာမရှိသောသူကို၊ဝါ၊ဥပဇ္ဈာယ်မယူသောရဟန်းလောင်းကို၊ န,ဥပသမ္ပါ
ဒေတဗ္ဗော၊ရဟန်းမခံအပ်၊ဗ္ဗတိ၊ဤသို့ ဝစနတော၊ မြတ်စွာဘုရား၊ ပယ်မြစ်
တား၍–စကားငိုးကွပ၊ ဟောပြတော် မူသောကြောင့်၊ အနုပဇ္ဈာယကံ၊
ဥပဇ္ဈာယ်ဆရာ ပယ်စွာမယူ၊ကင်းလွတ်သူကို၊ဥပသမ္ပါဒေတုံ၊ ရဟန်းပြုခြင်း
ငှာ၊ဝါ၊ရဟန်းဖြစ်ရန်၊ပဉ္စင်းခံခြင်းငှာ၊ နဝဋ္ဋတိ၊မအပ်၊ ဣသ္မာ၊ထိုကြောင့်၊
ဥပသမ္ပဒါပေက္ခာ၊ရဟန်းဖြစ်ခွင့်–အသင့်ထိုက်မြောက်။ ကံဆောင်းထောက်
၍၊ဆိုက်ရောက်လိုကြောင်း၊ ပဉ္စင်းလောင်းကို၊ ပထမံ၊ပဉ္စင်းမခံမီ ရှေးဦးစွာ။
ဥပဇ္ဈံ ဥပဇ္ဈာယ်ကို။ ဂါဟာပေတဗ္ဗော၊ ယူစေအပ်၏၊ ဝါ၊ဥပဇ္ဈာယောမေ
ဘန္တေ ဟောဟိ၊ဤပါဠိဖြင့်၊မိမိရေ–ရွတ်ဆိုဖြ၍၊နှုတ်ကမြွက်ချေ။ တောင်းယူ
စေ၊ဗ္ဗတိ၊ဤသို့၊ဝစနတော၊မြတ်စွာဘုရား၊ ခွင့်သနား၍၊ စကားအနုညာတ၊
ဟောပြတော်မူသောကြောင့်၊အာဂုသော၊ငါ့ရှင်ပဉ္စင်းလောင်း၊ တွံ၊သင်သည်၊
ပထမံ၊ပဉ္စင်းမခံမီ ရှေးဦးစွာ၊ ဝါ၊သပိတ်သင်္ကန်းကိုပြောဆိုအပ်ပြား၊ မိန့်ခွန်း
တော်ဘာသ်ကြား၍ မှာထားခြင်းစသည်တို့မှရှေးဦးစွာ၊ ဝါ၊ မှာထားခြင်းစ
သည်တို့၏ရှေးဦးစွာ၊ ဥပဇ္ဈံ ၊ကျောက်ထိုးသဖွယ်၊ဥပဇ္ဈာယ်ကို၊ ဂဏှ၊ယူဦး
လော့၊

ဤတွင်၊ဥပဇ္ဈာယောမေဘန္တေ ဟောဟိ ဟု–ရဟန်းလောင်းကို၊ ၃ ခေါက်
တောင်းဆိုစေပြီးလျှင်၊ဥပဇ္ဈာယ်ထေရ်အရှင်က၊ ၊သာဟု၊လဟု၊ ဩပါယိ
ကံ၊ပတိရူပံ၊ပါသာဒိကေနသမ္ပါဒေဟိ၊ ၊ပါဠိတော်လာ–သင်္ချာသရုပ်၊ဤ၅ပုဒ်

အနက်၊ကြိုက်နှစ်သက်ရာ ဒေသနာတပုဒ်ပုဒ်ဖြင့်၊ ဥပဇ္ဈာယ် ပေးသောအခါ၊
ရဟန်းလောင်းက၊ ၊အာမဘန္တေ၊ ။ဟု ဆိုပြ၍ ဥပဇ္ဈာယ်ယူလေ၊
ပထမနှင့်ဒုတိယပုစ္ဆာကိစ္စ–၂ ဌာနပြီး၏။

---

ရဟန်းလောင်းအား သပိတ်သင်္ကန်းများ၊ မှာထားပြောကြားခြင်း
ဟူသော
{ သုံးခုမြောက် ပုစ္ဆာကိစ္စ၊ }

ဥပဇ္ဈာ၊ဂါဟာပေတွာပတ္တစီဝရံအာစိက္ခိတဗ္ဗံ၊ ။ဥပဇ္ဈာ၊ ကျောက်ထိးသဖွယ်ဥပဇ္ဈာယ်ကို၊ဝါ၊ကြီးငယ်မှုဖြစ်ကပ်ရှုစစ်၍၊ အညစ်အကြေး ကင်းလွတ်ဝေးအောင်၊ နည်းပေးနှုံးပြ ထုံးနယဖြင့် ဆုမ္မမြဲပယ် ဥပဇ္ဈာယ်ကို၊ ဂါဟာပေတွာ၊ထံပါးကင်မှီး ယူစေပြီး၍၊ပတ္တစီဝရံ၊သပိတ်သင်္ကန်းကို၊ဝါ၊ ရဟန်းခံရာ ၍အခါဝယ် ပရိက္ခရာလေးသိး အရေးကြီး၍၊မေးနည်းဖြေအောင် ဘောင်ဝယ် ပါဝင်စခမ်း–အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော သပိတ်နှင့်။ တိစီဝရိတ်သင်္ကန်းကို၊အာစိက္ခိတဗ္ဗံ၊ပိုင်းခြားသတ်မှတ် ပြောကြားအပ်၏၊ဣတိ၊သို့၊ ဝစနဘာ၊ဘဂဝါဘုရား အာဏာသားနှင့်ဟောကြားတော်မူသောကြောင့်၊ တော၊သင်ပဉ္စင်းလောင်းအား၊အဟံ၊ငါသည်၊ပတ္တစီဝရံ၊သပိတ်သင်္ကန်းကို၊ အာစိက္ခိသာ၊ငွေ့ဌမသွေ ပြောကြားပေအံ့၊ဟံဝစနံ၊ပြောဆိုမှာထား ထိုစကားကို၊တွံ၊ သင်ပဉ္စင်းလောင်းသည်၊ သုဏာဟိ၊ငွေ့မရှား ရုံစေ့ကြားအောင်-မှတ်သားထွေထွေ နာသူးပလော့၊ ၊အယန္တေပတ္တော၊ ၊အယံ၊ မှိုင်းပြာနိရောင် ညိုမှောင်မည်းချိတ် ၍သပိတ်သည်၊ တော၊သင်ပဉ္စင်းလောင်း၏။ ပတ္တော၊ခမ္ဘယာသန္ဓ၊တရေးအားလျော်စွာရအပ်သော ကပ္ပိယသပိတ်တည်း။ ၊

{ ရဟန်းလောင်းက လျှောက်ထားရန်၊ ၊အာမဘန္တေ၊ ၊ဘန္တေ၊ အရှင်မြတ်၊အာမ၊ဟုတ်ကောင်းပါပြီဘုရား၊ }

အဲ-ရဟန်းပြုဘို့ရန်အကြောင်းနှင့် သူ့ဘပါးတို့ထံ သပိတ်ကို တောင်းပြီး၊ ရဟန်း မခံကောင်းဘူးတဲ့ မှတ်ထား၊ သဗ္ဗညု မြတ်စွာဘုရားက ၍သို့သော စကားဖြင့် မြစ်ဘားတော်မူသောကြောင့်၊သင့်အား ယခုမျက်မှောက် ဆိုက်ရောက်ရသားသော ၍သပိတ်မှာ၊ ဒါယကာ...........ဒါယိကာမ........... တို့က၊ ဟာဒသဝမ်းမြောက် သဒ္ဓါစာမရိမောက်၍ အလိုအလျောက် လှူဒါန်းကြသောကြောင့်၊တောင်းရမ်း၍ရခဲ့သော ယာစိတက သပိတ်မဟုတ်ဘူးတဲ့၊အထူးသ

ဖြင့် သန့်ရှင်း ပရိယာယ်ဝိညာဏ် ကင်းသည်ဟု ထင်လင်းစွာ ဆိုနိုင်သဖြင့်၊ ကိုယ်ပိုင်သန္တက စင်ကြယ်စွာ ရအပ်သော–သုဝိသုဒ္ဓ ကပ္ပိယ သပိဘ်လို၊ စိတ်စေတနာသဒ္ဓါတရားနှင့် ကောင်းမွန်စွာမှတ်ထား-ကြားလား။ ၊

{ရဟန်းလောင်းက ကောင်းပါပြီဘုရားဟု လျှောက်ထားလေ၊}

အယံသံဃာဋိ၊ ၊အယံ၊ ဤပြီးထက်ဝယ် ခေါက်လျက်တင်သွမ်း၊ သုံးဆင်မြန်းသောနှစ်ထပ်သက်န်းသည် ဝါ၊ မွှေးရှသော ဒိဂုဏာဟု၊ နှစ်လွှာထပ်အုပ် စပ်၍ချုပ်အပ်သော ဤဒုကုန် သက်န်းကြီးသည်၊ တေ၊ သင်ပဉ္စင်းလောင်း၏၊ သံဃာဋိ၊ ယသာဓမ္မ၊ အကြောင်းအားလျော်စွာ ရအပ်သော ကပ္ပိယဒုကုန် သက်န်းတည်း၊

{ရဟန်းလောင်းက၊ ၊အာမဘန္တေ၊ ၊ဘန္တေ၊ အရှင်မြတ်၊ အာမ၊ သြော်ကောင်းပါပြီဘုရားဟု လျှောက်ထားလေ}

အဲ-သူဘပါးတို့ထံမှ တောင်းခံ၍ငှားရမ်း၍ရခဲ့သော ယာစိတက သက်န်းဖြင့် ရဟန်းမခံသင့်ဘူးတဲ့၊ ၊ဤသို့သောစကားဖြင့် မြတ်စွာဘုရားက မြစ်တားတော် မူသောကြောင့်၊ သင့်အား ယခုမျက်မှောက် ဆိုက်ရောက်ရလာသော ဤဒုကုန်သက်န်းကြီးမှာ၊ ဒါယကာ ...... ......ဒါယိကာမ ...... ......တို့က၊ ရဟန်းတကာ-ရဟန်းအမ-ပြုလိုကြ၍ ဒါယကတ္တအကျိုး မျှော်ကိုးရည်မှန်းလျက်၊ အသိသိ ကပ်လှူဒါန်း သောကြောင့် တောင်းရမ်း၍ ရခဲ့သော ယာစိတက သက်န်းမဟုတ်ဘူးတဲ့ ၊အထူးသဖြင့်သန့်ရှင်း ပရိယာယ်ဝိညာဏ်ကင်းသည်ဟု ထင်လင်းစွာဆိုနိုင်သဖြင့်၊ ကိုယ်ပိုင်သန္တက စင်ကြယ်စွာ ရအပ်သော သုဝိသုဒ္ဓကပ္ပိယဒုကုန်သက်န်းတဲ့၊ ရွှင်လန်းဝမ်းသာ ကြည်နူးသော စိတ်စေတနာနှင့်ကောင်းမွန်စွာမှတ်ထား-ကြားလား၊

{ရဟန်းလောင်းက ကောင်းပါပြီဘုရားဟု လျှောက်ထားရန်၊}

အယံဥတ္တရာသင်္ဂ၊ ၊အယံ၊ ဤသက်ဝဲပယ်ဘက်ပခုံးထက်ဝယ်။ တင်လျက်သိုင်းခြုံ အပေါ် ရုံတွင်မည်၊ ကေသီသက်န်းသည်၊ ဝါ၊ တလွှာတလှပ် ချုပ်လှည့်စပ်၍။ မှည့်အဝံနာမည် ဧနစ် မကွာညီသော။ ဤကေဗ္ဗဝီသက်န်းသည်၊ တေ၊ သင်၏ ဥတ္တရာသင်္ဂ၊ ယထာလာဘ၊ လျော်စွာရအပ်သော ကပ္ပိယကေဗဝီသက်န်းတည်း၊ ၊

{ရဟန်းလောင်းက၊ ၊အာမဘန္တေ၊ ၊ဘန္တေ၊ အရှင်မြတ်၊ အာမ၊ သြော်-ကောင်းပါပြီဘုရားဟု လျှောက်ထား၊}

အဲ-သူတကာတို့ထံမှ၊ ခဏခဏသဘောနှင့် အခိုက်အတန့်ကလေးပါလို့ပြောပြီး ငှားခဲ့သောသက်န်းဖြင့် ရဟန်းမခံသင့်ရကား၊ သင့်အား ယခု မျက်

မှောက် ဆိုက်ရောက်ရလာသော၊ ဤကောစိသင်္ကန်းမှာ၊ ရဟန်းတကာ...... ......ရဟန်းအမ............ တို့က၊ တက်ကြွသောသဒ္ဓါ စေတနာ ရွှင်ရွှင်လန်းလန်းနှင့် အလိုအလျောက်လှူဒါန်းကြသောကြောင့်၊ ငှားရမ်း၍ရခဲ့သော တာဝကာလိက သင်္ကန်းမဟုတ်ဘူး တဲ့၊ ကိုယ်ပိုင်သန္တက စင်ကြယ်စွာရအပ်သော-သုဝိသုဒ္ဓ ကပ္ပိယကောစိသင်္ကန်းလို့-ရွှင်လန်းဝမ်းမြောက်စွာမှတ်ထားဦး၊

{ ရဟန်းလောင်းက-ကောင်းပါပြီဘုရားဟု လျှောက်ထားဘို့၊ }

အယံအန္တရဝါသကော၊ ။အယံ၊ ခါးမှာမပြတ် လှည့်ကာပတ်၍ဝတ်အပ် ဆင်မြန်း ဤသင်္ကန်းသည်၊ ဝါ၊ အတွင်းပြု၍ဝတ်မှု ညှတ်၊ ရင်းသင်္ကန်တ်ကြောင့်၊ ဗျုပ္ပတ်နာမ သဘာဝဖြင့်၊ အန္တရဝါသက မည်ရခေါ်မှန်း ဤသင်းပိုင် သင်္ကန်းသည်၊ တော၊ ၍၊ အန္တရဝါသကော ယထာသာရုပ္ပ လျှောက်ပတ်စွာရအပ်သော ကပ္ပိယသင်းပိုင်သင်္ကန်းတည်း၊ ။

{ အာမဘန္တေ၊ ။ဘန္တေ၊ အရှင်မြတ်၊ အာမ၊ ဩဝ်-ကောင်းလှပါပြီ ဘုရားဟု ရဟန်းလောင်းက ပြန်ကြားလျှောက်ထားလေ။ }

ဇဲ-သည့်သင်းပိုင်သင်္ကန်းဟာလဲ၊ ရဟန်းတကာ............ရဟန်းအမ...... ...... တို့က ကြည်စွာသဒ္ဓါ ဝေဝေဖြာအောင် စေတနာအလွန် ကောင်းသဖြင့်၊ ရဟန်းလောင်းပုဂ္ဂိုလ်ကို-အလိုလိုကပ်လှူကြသောကြောင့်၊ တပါးသူမှ ငှားယူ၍ရခဲ့သော တာဝကာလိကသင်္ကန်းမဟုတ်ဘူးတဲ့၊ ကိုယ်ပိုင်သန္တက စင်ကြယ်စွာ ရအပ်သော၊ သုဝိသုဒ္ဓ ကပ္ပိယသင်းပိုင်သင်္ကန်းတဲ့-မှတ်ခဲ့၊

{ ကောင်းလှပါပြီဘုရား ရဟန်းလောင်းက-လျှောက်ထား၊ }

[မှာထားချက်]၊ ။ဤအရာ၌-ယာစိတကနှင့် တာဝကာလိက စကားတို့ကို၊ အမှာအထားရေးသားဖြစ်ဆိုလိုက်သည်မှာ သက်သက်အမိုမဟုတ်ပေ၊ ပါဠိတော်နှင့် အဋ္ဌကထာတို့မှာ-လာရင်းအတိုင်းပင်ဖြစ်၍၊ ဝိစိကာထည့်ပါသည်၊ ရှည်ကြာသည်ဟု အထင်ရှိလျှင်၊ ရင်းအဓိပ္ပါယ်စကားဖြင်များကိုထည့်ဆိုခြင်းမပြုရန်၊

တတိယပုဗ္ဗကိစ္စပြီး၏၊

{ အမည်မှည့်ပုံ၊ }

ယခုအခါ-ရဟန်းလောင်းနှင့် ၎င်း၏ဥပဇ္ဈာယ် ဆရာတော် ဘုရားကြီးတို့အား။ခြားသီးပညတ်ဘွဲ့မည်တပ်၍၊မှည့်အပ်တို့အလုပ် ချိန်မယုတ်သဖြင့်၊လိင်ဝှစ်ထားဘွယ် မှားမသွယ်အောင်၊ အလွယ်တကူ မှတ်ယူတော် မူကြရန်၊ လျှော်ကန်သောနာမသုရွစ္ဆာရေဏာပညတ် ဘတ်နေကြအစဉ်အလာဖြင့်၊ သံဃာတော်ရဟန်းသမျှ သိမ်တွင်းမှာယခုရှိကြတဲ့၊သမုဒ်ဘုတ ထေရ်ဆရာတို့၊ကောင်းမွန်စွာသိတော်မူကြဘို့ နာမပညတ်၊၎င်းနှစ်ရပ်ကို နှင်းအပ်မှည့်ပြပေအံ့။

ဥပသမ္ပဒါပေက္ခသဿ ပကတိနာမံပရိဝဇ္ဇေတွာ အပုဗ္ဗနာ နာဂါဒိနာမနအနုသာသေတုကာမေန ပဋိကိစ္စေဝ တွံနာဂေါတိအာဒိနာ ဝိညာပေတွာ၊ ။ စသည့်ဖြင့်လာသောဋီကာပါဠိနှင့်အညီ၊ အမည်သညာခေါ် ဘွယ်ရာကို လွယ်စွာစံပြ မှည့်ထိုက်လှ၍၊အနုသာသနဥတ် မဘာသ္မမရွတ်ခင် ယခုကကြိုတင်လျက် သင်ပဉ္စင်းလောင်းအား။ကောင်းမွန်စွာမှတ်သားဘို့ ထင်ရှားသောမည်နာမ ပါဠိတော်မာဂဓဖြင့် နာဂ,ဟူ၍ မှည့်အပ်ပါသည်၊ ထေရ်ဆရာအရှင်မြတ်တို့ ဥစ်ကမ္မဝါ ရွတ်ဘတ်သောအခါတွင်၊ နာဂေါ-နာဂံ-နာဂဿ-စသည်ဖြင့်၊ နာဂသဒ္ဒါနှင့်ပါလာမည်၊ ဤအခါကာလ၌ ပါပါသမျှ နာဂသဒ္ဒါအပေါင်းမှာ ရဟန်းလောင်းငါ့ရှင်သင်၏အမည်များပင်ဖြစ်ပေသည်၊ သို့ဖြစ်သောကြောင့် သင့်အမည်နာမကို နာဂဟု-အမှတ်ပြုလေ။ ။ယခုပြောပြမှည့်အပ်တဲ့ဘွဲ့မည်စကားကိုမှတ်မိပြီမဟုတ်လား-မောင်နာဂ၊ ။

{ရဟန်းလောင်းက မှတ်မိပါပြီဘုရားဟု လျှောက်ထားလေ } ကောင်းပြီဒါဖြင့်-ယခုအစည်းအဝေးမှာ၊ သံဃာတော်တပါးပါးက၊ မောင်နာဂလို့မျှော်အရေးမိုက်ပြီး၊ မေးလိုက်ခေါ်လိုက်မူ၊ဘယ်သူက ထူးရမှာလဲ။ ။

{တပည့်တော်က ထူးရမှာပါဘုရားဟု၊ ရဟန်းလောင်းက လျှောက်ထားရန်}ကဲ-ဒါဖြင့်၊ သိသာထင်ရှားအောင် တို့များက ခေါ်ကြည့်စမ်းမယ်၊ကွဲ့-မောင်နာဂ၊ ။

{နာခံလျက်ရှိပါသည်ဘုရားဟု၊ရဟန်းလောင်းက လျှောက်ထားဘို့}ဟုတ်ပြီ-နေရာကျပြီ၊အဲ-ယခုသည်သိမ်တွင်းမှာ၊သိဘင်းသုံးဂျက်ရှိသမျှ၊ဦးနာဂ,ဆိုတဲ့ ဘွဲ့တော်များ ဘယ်နှစ်ပါးဘဲပါပါ၊ ယခုကာလမှာ၊ နာဂဆိုတဲ့ ဘွဲ့မည်အမှတ်အသားဟာ၊ထိုကိုယ်တော်များနှင့် လားလားမှ မသက်ဆိုင်၊သင်နှင့်သာသက်ဆိုင်တယ်လို့၊ပိုင်ပိုင်ကြီးမှတ်ထား ကြားလားမောင်နာဂ။ ။

{မှန်လှပါဘုရားဟု ရဟန်းလောင်းက လျှောက်ထား။}

သံဃာတော်အပေါင်း အရှင်ကောင်းတို့ကလည်း၊ ပဌင်းလောင်း၏အမည် နာမကို နာဂဟု အမှတ်ပြုတော်မူကြပါဘုရား၊ ။

စတုပါရိသုဒ္ဓိလေးအင်၊ ပြုဖွေးစင်၍၊ ဂုဏ်အင်ကြီးကျယ်၊ တံခိုးတော်ကြွယ် ပါသော ဥပဇ္ဈာယ်အရှင် ထေရ်သခင်အကျော် ...... ဆရာတော် အရှင်မြတ်ကြီး ဘုရား၊ ။အရှင် ဆရာတော်ဘုရားကြီး၏ ဘွဲ့မည်တော်သညာကို ကမ္မဝါ ဥတ် ရွတ်ဘတ်မည့်ကိစ္စ၌ တိဿဟူ၍ မှည့်ပါရစေ၊ ရိုသေ ညွတ်တွား၍ လျှောက်ထားပါသည်၊ ဤတိဿ,ဟူသော နာမသဒ္ဒါကို အရှင်ဥပဇ္ဈာယ် ဆရာ တော်ကြီး၏ ဘွဲ့မည်တော်ဟု ခေါ်ဝေါ်လွယ်ကူအောင် မှတ်ယူ စွဲပိုက်တော် မူပါဘုရား၊ ။ပဌင်းလောင်းရှင်နာဂကလည်း၊ ၎င်းတိဿသဒ္ဒါကို ငါ့ရှင်၏ ဥပဇ္ဈာယ်ဆရာ၊ မဟာထေရ်အရှင်မြတ်ကြီး၏၊ ယခုမှည့်သောဘွဲ့မည်တော်ဟု ခေါ်ဝေါ်လွယ်မှု၊ ရိုသေစွာအာရုံပြု၍၊ စွဲရှုမှတ်သားလေ၊ ။ဟတ္ထပါသ်တွင်း၊ နီးကပ်ချဉ်းလျက်၊ သိတင်းသုံးပျော်၊ ဤသိမ်ပေါ်တွင်၊ သံဃာတော်များ၊ ထေရ် ဆရာအရှင်ဘုရားတို့ကလည်း၊ ထင်ရှားစွာလှ၊ ပါကဋဖြင့်၊ မာဂဓသဒ္ဒါ၊ တိဿ ဟူသော ဘွဲ့မည်တော်သညာကို၊ အရှင်ဆရာတော် ဥပဇ္ဈာယ် မထေရ်မြတ် ကြီး၏၊ ဘွဲ့မည်တော်ဟု၊ မှည့်ခေါ်ပြည့်တ်၊ ဆောင်းနှင်းအပ်လျက်၊ သွင်းမှတ် ကြည်ဖြူ၊ နာယူပန်ဆင်တော်မူကြပါဘုရား၊ ။

{မှာထားရန်}၎င်းအမည်မှည့်ပုံစကား၊ ရှည်လျားသည်ထင်လျှင်၊ အာင္ဂနွန်း သမ္ဗဇဉ်နှင့်၊ ကြိုက်သလိုဉာဏ်ဆင်လျက်၊ တိုတိုပင်ကြည့်၍မှည့်လေ၊ ။ဤ အရေဌာနနွဲ၊ ပေါရာဏပဏ္ဍိတာ၊ အချို့သောရှေးဆရာတို့သည်၊ ဦးစွာသတော၊ ဉာဏ်ဖြင့်စေ၍၊ ပထမံဥပဇ္ဈံ ဂါဟာပေတဗ္ဗော၊ စသော ပထမဝါကျရင်ကို၊ မဘတ်ခင် နမောတဿကိုဘဲ မရွတ်မဆိုခင် စောစောကြီးက ကြိုတင်၍ အ မည်သညာများကို မှည့်ဆိုလေ့ရှိကြ၏၊ ။အချို့ဆရာ၊ ပညာဝါတို့ကလည်း၊ ဂန္ထအရမှိသြကာသေတိဌာပဟိ ကို၊ ဘတ်ဆိုပြီးသည့် နောင် သံဃာဘောင်မှ ရဟန်းလောင်းကို ထုတ်လိုက်ပြီးမှ အမည်မှည့်ကြ၏၊ ။စဉ်းစားဆင်ခြင်ရန် မှာ၊ ။၎င်းနာဂသဒ္ဒါနှင့် တိဿသဒ္ဒါတို့သည်၊ အနုသာသနဉတ်၊ ရွတ်ဘတ် သောအခါမှ ရှေးဦးစွာစ၍ ပါလာသည်မှန်၏၊ ပထမံဥပဇ္ဈံ ဂါဟာပေတဗ္ဗော၊ စသော ဝါကျစကားထဲမှာ မပါကြသေးပေ၊ ။သို့ပင် မပါကြ သေးသော် လည်း ရဟန်းလောင်းကို သံဃာဘောင်က ထုတ်ဆောင်ပြီးနောက်၊ ဖြင်ပသို့ ရောက်ပြီးမှ အမည်နာမကို သံဃာဘောင်မှနေ၍ မှည့်ပြလျှင်၊ အမှုရှင်ရဟန်း လောင်းနှင့် ၎င်း၏ ဥပဇ္ဈာယ်ဆရာတို့ ဌာနချင်း ဝေးကွာမည့် အကြောင်း ကြောင့်၊ ရဟန်းလောင်းကို မထုတ်ခင် အနည်းငယ်ခန့် ကြိုတင်၍ သပိတ်

သက်န်းကို ပြောဆိုအပ်ထားအပြီးတွင်၊ တခါတည်း အမည်မှည့်ခြင်းသည်၊ စည်းမျဉ်းသေသတ်၊ လျောက်ပတ်၍ နောက်ထပ်အလုပ်၊ နည်းလမ်းမှန် ဟုတ်သည်ဟုး အကျွန်ုပ်တို့သဘောအရနှင့်၊ ပြောပြရပါသည်၊ ၊သို့ပါသော်ထည်း ဝိနည်းကံ ပျက်ထိုက်သော အရာမဟုတ်၍ ကြိုက်ရာကို လုပ်နိုင်ကြောင်း၊ ကောင်းကောင်းကြီး သိရှိတော်မူကြရန်၊ ၊

အမည်မှည့်ပုံပြီး၏၊

---

ရဟန်းလောင်းကို သံဃာဘောင်မှ ထုတ်ဆောင်ခြင်းပညာသာ

{လေးခုမြောက်ပုဒ္ဒကိစ္စ၊}

ဂန္တအမှုမှီသြကာသေတိဥ္စာဟိ၊ ၊အာဂုသော၊ ငါ့ရှင်ပဉ္စင်းလောင်း၊ ဝါ ညီကနိုဉ်၊ မောင်နာဂ၊ ဇာမသ္တိ ကာလေ၊ သဝိတ်သက်န်းအကြောင်းနှင့်၊ ရဟန်းလောင်းအမည်၊ ဥပဇ္ဈာယ်အမည်တို့ကို ပြောဆိုအပ်ထား ဘတ်ကြားမှည့်ပြပြီးသော ဤအခါ၌၊ တံ၊ သင့်ကို၊ အနုသာသိတုံ၊ သွန်သင်ပြသဆုံးမခြင်းငှါ၊ သြကာသော၊ အခွင့်အခါ ဆိုက်ရောက်လာပြီ၊ ဇာမသ္တိ စသံဃာမဇ္ဈေ၊ ဥပသမ္ပဒကံ ဆောင်ရန်စည်းဝေး၊ ခုအရေးတွင်၊ ညစ်ကျေးစင်ကြယ်၊ လွန့်တင့်တယ်သော၊ ဤသံဃာတော်များအလယ်၌လည်း၊ အနုသာသိတုံ၊ ကျိုးကြောင်းညွှန်ပြ ဆုံးမခြင်းငှါ၊ န,ဝဋ္ဋတိ၊ မအပ်၊ ဝါ၊ အခွင့်မတော် မသင့်လျော်၊ တသ္မာ၊ ထိုကြောင့်၊ ဇာတော၊ ဤသံဃာဘောင်မှ၊ ဝါ၊ ပတ္တမြားတုမယှဉ်း၊ ခရုသင်းပွတ်သစ်၊ ပုလဲနှစ်အရောင်၊ ညစ်ကြေးကင်းစင်ရာ၊ ဤသံဃာဘောင်မှ၊ ဂစ္ဆ၊ လက်ခုစ်ချိမိုး၊ ရှိခိုးလျှာ်သော၊ မပျက်စွာဖြင့်၊ မျက်နှာရှေ့ထား၊ နောက်ဆုတ်သွား၍၊ ထွက်သွားတဲ့ ချေလော့၊ ၊အမှုမှိ၊ ဤအမည်ရှိသော၊ သြကာသေ၊ အခွင့်အလျော်၊ ချင့်မျှော် လျောက်ပတ်၊ ဇကမန္တာ အရပ်၌၊ ဝါ၊ သံဃာဘောင်မှ ခွါရှောင်ဟတ္ထပါသ်၊ လွတ်ထောက်ရာအရပ်၌၊ တိဋ္ဌာဟိ၊ သံဃာတော်ကို၊ ကြည်ညိုညွတ်နူး ဖွမ်းကာဖူး၍ ချမ်းသာစွာ-တည်နေတဲ့ချဉ်း၊ အဟံ၊ ငါသည်၊ ထေ၊ သင်၏၊ သန္တိကံ၊ အထံသို့၊ အ,စိရံ၊ ရှေ့နှင့်နောက်သာ ခုလိုက်လာဘို့၊ မကြာမြင့်မှီ၊ သံဃံ၊ သတင်းသုံးဘော် ဆိမ်တွင်းရှိသံဃာတော်ကို၊ အပလောကေတွာ၊ ခွင့်ကျေနပ်ရန်၊ လျောက်တင်ပန်၍၊ အာဂန္တွာ သယံ၊ အနုသာသန၊ ကျိုးကြောင်းပြလို့ ဆုံးမဘို့ရာ၊ ထ,လိုက်လာပေအံ့သတည်း၊ ၊

{ဤတွင်၊ ပဉ္စင်းလောင်းကို သံဃာဘောင်မှ ထုတ်ဆောင်၍ထားရန်}

စတုတ္ထပုဒ္ဒကိစ္စပြီး၏၊

---

အနုသာဒသနဥတ်-ရှတ်ဘတ်ခြင်းဟူသော
{၅-ကြိမ်မြောက်-ပုဇ္ဆကိစ္စ၊}

သုဏာတုမေ-ဘန္တေ သံဃော-နာဂေါ တိဿဿ ဥပသမ္ပဒါပေက္ခော ယဒိသံဃဿ ပတ္တကလ္လံ အဟံ နာဂံ အနုသာသေယျံ၊ ၊{အနုသာသနဥတ်၊}

ဘန္တေ၊ အရှင်ဘုရားတို့၊ သံဃော၊သံဃာတော်သည်၊ ဝါ၊ ဥပသမ္ပဒကံ၊ဆောင်ရန်လုံလောက်၊စည်းဝေးမြောက်ဘို့၊မျက်မှောက်သိမ်ပေါ်သံဃာတော်သည်၊ မေ-မမ၊အနုသာသကာ၊ နာမသမုတ်၊အကျွန်ုပ်၏၊ ဝစနံ၊ ဈောက်ဆိုဘာသ်ကြား၊ဥတ်စကားကို၊သုဏာတု၊မနော၊စွဲယူ၊နာတော်မူလော့၊နာဂေါ၊ နာဂမည်ကြောင်း၊ ပဉ္စင်းလောင်းသည်၊ အာယသ္မတော-ဒီဃဇိဝိ၊ ရှည်သောအသက်ရှိတော်မူသော၊ တိဿဿ၊တိဿမည်သီး၊ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီးအား၊ ဥပသမ္ပဒါပေက္ခော၊ပဉ္စင်းဘဝဒုလ္လဘကို၊ ကြုံရလို၍ ကြည်ညို့ရွှန်းအိပ်ငံ့လျက်ရှိ၏၊သံဃဿ၊တရတဝေး၊ချအရေးတွင်၊ ကြည်ရှုလုံး၊ စွဲသုံးမွေလျော်၊ သိမ်တွင်းရှိသံဃာတော်အား၊ ပတ္တကလ္လံ၊လျောက်ပတ်စွာဘိ၊အခါရှိသောကံသည်၊ ဝါ၊အာပတ်အညစ်၊ မကပ်ရစ်၍၊ အပြစ်မစပ်၊ ပကာတတ်ဖြင့်၊လျောက်ပတ်စွာဘိ၊အခါရှိသောကံသည်၊ ယဒိသိယာ၊ အကယ်၍ဖြစ်ငြားအံ့၊ဇေ၀ံသတိ၊ ဤသို့ဖြစ်သည်ရှိသော်၊ အဟံ၊ အကျွန်ုပ်သည်၊ နာ ၊ဂ္ဂ မည်သာစွ၊ပဉ္စင်းလောင်းရှင်နာဂကို၊ အနုသာသေယျံ၊ နောင်အခါဝယ်၊ သံဃာလယ်၌၊ ဈောက်ဘွယ်စကား၊ရှိသည်များကို၊နားလည်ဘို့ရာ၊ဆုံးမပေါအံ့၊ ဝါ၊အနုသာသေယျံ-အနုသာသဇေယျံ၊ဆုံးမဘို့ရာ၊လိုက်သွားပါအံ့၊ ၊တံကာရဏံ၊ထိုသို့ဈောက်တောင်း၊ ဆုံးမဘို့အကြောင်းကို၊ တုမှေ၊ သံဃာတော်များ၊ ထေရ်ဘုရားတို့သည်၊ မံ၊ အကျွန်ုပ်ကို၊ အနုဇာနာထ၊ ယထာရုစိ၊ ဆုံးမဘိဟု၊ မိန့်ရှိမြွက်ကာ၊သွားဘို့ရာကို၊ကြည်သာနူးညွတ်၊ထေရ်မှူးဝတ်ဖြင့်၊ခွင့်လွှတ်တော်မူကြပါကုန်ဘုရား၊

ပဌမ ပုစ္ဆက်စ္စပြီး၏၊

---

အနုသာသကရဟန်းသည်၊ သံဃာ့ဘောင်မှထွက်ခွါ၍ ရဟန်းလောင်းရှိရာသို့ ကြွသွားပြီးလျှင် အနုသာသိတဗ္ဗစကားဖြင့် သင်ကြားဆုံးမရမည့် အခါတည်း၊

ရဟန်းလောင်းဆုံးမ {၆ ခုမြောက် ပုစ္ဆကိစ္စ၊}

သုဏာသိနာဂ၊ ၊နာဂ၊ နာဂမည်သောပဉ္စင်းလောင်း၊ ဝါ၊ မကောင်းမှုကိုမပြုလို၍ ကုသိုလ်အပေါင်း၊ ဖြစ်လွယ်ကြောင်းဟု၊ ကောင်းမှုပွားရာ တရားရှာ

သော၊ သညာမည့်ရ၊ပဋ္ဌင်းလောင်းမောင်နာဂ၊ မမ၊ သိဘွယ်ရေရ၊ပေါင်းစည်း ပြုံ၍၊ယခုကာလနဲ့သာသဖြင့်၊ဆုံးမမည်လာမထေရ်ငါ၏၊[ဆုံးမသောရဟန်းက၊ (၁၀)ဝါ မရသေးလျှင်၊ဆုံးမမည်လာ၊ငါဆရာ၏-ဟု ဖြင်၍ဆိုလေ၊]ဝင်နံ၊ ဗုဒ္ဓ မတိက၊ ဘုရားအလို၊ယုတ်မပိုဘို၊ ထုတ်ဆင့်မြွက်ဟန်၊ စကားသံကို၊သုတသိ၊ ကြည်လင်စွာသော၊ သဒ္ဒါဓာဖြင့်၊မနေသာထားပိုက်၊ထောင်နားစိုက်လော။ ဝါ၊ ခြသေ့်ကေသရီ၊ သားမင်းဆိသည်၊သိဂိရွေ့စွက်၊ တည်မပျက်သို့၊ ကြည်သက် ဘို့ရာ၊နားထောင်ပါလော၊ အယံ၊ဘုရားသားစစ်၊ ရဟန်းဖြစ်ဘို့၊ရောက်ခေတ် ကြုံလာ၊ဤအခါသည်၊ တော၊သင်ပဋ္ဌင်းလောင်း၏၊ သစ္စကာလော၊ ပရိယာယ် ဉာဏ်၊ပစ်ပယ်ချုန့်၍၊အမှန်ကိုသာ၊ လျှော်ဆိုရအံ့သောအခါတည်း။ ဘူတ,ကာ လော၊ဖြစ်သမျှသဘော၊လှစ်ဟာပြောဘို့၊မနေသာပွေ့ရှုပ်၊ဟန်မလုင်ဘဲ၊ အဟုတ်ကို သာ၊လျှောက်ဆိုရအံ့သောအခါတည်း။ ယံ၊အကြင်ကုဋ္ဌဂလ္လာ၊သည်တရ၊ရှိန့် ရင်းစွာသော အန္တရာယိကဓမ္မသည်၊ ဝါ၊ သင့်မှာမယွင်း၊ ခချက်ချင်းတွင်၊ လက်ငင်းစင်စစ်၊ ရဟန်းပဋ္ဌင်းအဖြစ်ကို၊ ခွေတ်ရချ-ဘေန္တာရမည်-မရမည်၊ နှစ်လိသောအကြောင်း၊သင့်ကိုယ်ခု၊ ပဟန်းပြုပြီးပေးရာကြမည့်၊ တရအစည်း အဝေးပါသမျှ၊ ကာရကသံဃာအပေါင်းတို့မှာလည်း၊ မြတ်စွာဘုရား၊ ဟော ကြားပညတ်၊ ဆုံးမတော်မူအပ်သော၊ သံဃာရာဇ ဝတ်ဥပဒ်၊ အာပတ်မှုဖြစ် ကင်းလွတ်ခြင်းအကြောင်း၊မကင်းလွတ်ခြင်းအကြောင်း၊ ကောင်း-မကောင်း သောသဘောသည်။ဇာတံ၊သင်၏ကိုယ်၌၊ရောက်ဆိုက်မသွေ၊ဖြင်လျက်နေ၏။ တံ၊ထိုဖြစ်ဖြစ်သမျှ အန္တရာယိကဓမ္မကို၊ ဝါ၊ ရှိရှိသမျှ၊ပဗ္ဗဇ္ဇာဒေါသကို၊ သံဃာ မရှော့၊ယခုမျက်မြင်၊ သိမ်အပြင်ဝယ်၊ကြည်လင်တင့်တယ်၊ သံဃာတော်များ အလယ်၌၊ဝါ၊ သင့်ကိုငြီးမြှာက်၊ကံအောင်မြောက်ဘို့ ကြွရောက်တင့်တယ်၊ ကိန်းစံပယ်လျက်ရှိကြသော၊ဤသံဃာတော်တို့၏ အလယ်၌၊ ဘိက္ခုဟိ၊အန္တ ရာယိကဓမ္မ စိစစ်ကြသောပုစ္ဆကရဟန်းတို့သည်၊ တယိ၊သင့်ကို၊ ပုစ္ဆန္တေ၊ သေသေချာချာ၊ ထွေထွေဖြာလျက်၊ ဖွေရှာရှုးငင်း၊စိတ်ကူးသန်း၍၊မေးမြန်းကြ ကုန်သည်ရှိသော်၊ တယာ၊ သင်သည်၊ သန္တံ၊ မိမိကိုယ်မှာ-ဆိုရာအဖြစ်၊ ကြေးအညစ်တို့၊ မြေးရစ်စွန်းငြိ၊ ထင်ရှားရှိသည်ကို၊ အတ္ထီတိ၊ ရှိပါ၏ဘုရား ဟူ၍၊ဝါ၊အတ္ထိဘန္တေ၊ အာမဘန္တေ၊ ဤပါဋ္ဌိနှစ်ထွေဖြင့်၊ ရှိပေသည်ဘုရား၊ ဟုတ်ပေသည်ဘုရား ဟူ၍၊ ဝတ္တဗ္ဗံ၊ ဖြေဆို ပြန်ကြား၊ မှန်မမှားအောင်၊ လျှောက်ထား အပ်၏။ ဝါ၊ လျှောက်ထား မေည်၊ လျှောက် ထားလေ၊ အ,သန္တံ၊ အဖြစ်ဆိုစရာ၊ ကိုယ် ခန္ဓာမှာ၊ စင်စွာကင်းဘိ၊ ထင်ရှား မရှိ သည်ကို၊ နတ္ထိတိ၊ မရှိပါဘုရား ဟူ၍၊ ဝါ၊ နတ္ထိဘန္တေ၊ နောဟေတံဘန္တေ၊

ဤပါဠိ နှစ်ထွေဖြင့်၊ မရှိပေ ဘုရား၊ မဟုတ်ပေ ဘုရား ဟူ၍၊ ဝတ္တုဖွံ့၊ ထုတ်ခါမသွေ၊ ဟုတ်ရာဖြေဘို့၊ ရိုးသလေးမြွတ်၊ လျှောက်ထားအပ်၏၊ လျှောက်ထားရမည်၊ လျှောက်ထားလေ၊ ဝိတ္ထာ၊ နှလုံးတုန်ဟိတ်၊ ကြောက်လန့်ထိတ်သဖြင့်၊ ကိုယ်စိတ်ခက်မာ၊ ကြမ်းထမ်းစွာနေသည်၊ မာခေါ်အသိ၊ မဖြစ်လင့်၊ ဝါ၊ မာခေါ်ဝိတ္ထာသိ၊ အဖြစ်ထင်ရှား၊ အမြင်သားမို့၊ ကြောက်အားကြီး၍၊ ရွန့်တီးရွန့်တွန့်မရှိသင့်၊ မံကု၊ မသက်မသာ၊ ရက်စရာဟု၊ မျက်နှာငုံ့၍၊ ရှုံ့မဲ့မဲ့နေသည်၊ မာခေါ်အသိမဖြစ်လင့်၊ ဝါ၊ မာခေါ်မံကုအဟောသိ၊ မရှိသည့်အဖြစ်ကို၊ စိစစ်စောကြော၊ မေးချသလောဟုမနော၊ ထဲမှာစွဲ၍နာသဖြင့်၊ မျက်နှာအောက်တည်၊ မကြည်မသာမရှိသင့်။ ဧဝံ၊ ဤဆိုလတန့်၊ ထိုထိုနှံ့အောင်၊ အခန့်ဟာကြား၊ မေးခွန်းစကားဖြင့်။ တံ၊ သင်ပဍ္ဍင်းလောင်းကို၊ ပုစ္ဆိသဿန္တိ၊ အညစ်အကြေး၊ အပြစ်ဝေးဘို့၊ စစ်ဆေး မေးမြန်းကြကုန်လိမ့်၊ ။ကိံ ပုစ္ဆိဿန္တိ၊ ဘယ်လိုစစ်တမ်းဖြင့်၊ မေးမြန်းကြကုန်လိမ့်နည်းဟူမူကား၊ ။အာဗာဓာသနာဂ၊ ငါ့ရှင်နာဂ၊ ဝါ၊ သာသနာလမ်းကြောင်း စခမ်းကောင်းဘို့၊ လှမ်းပြောင်းချင်လှ- ရဟန်းလောင်း မောင်နာဂ၊ ကုဋ္ဌံ၊ နူနာခေါ်တွင်၊ သမင်ယက်မျိုး၊ ရောဂါဆိုးငင်း၊ ဂဏ္ဍော၊ မြင်းလုံးဝါဟာ၊ ထွတ်အိုင်းနာဟု၊ ရိုင်းစွာခေါ်ရိုး ရောဂါဆိုးငင်း၊ ကိလာသော၊ ယားယံတတ်ခြင်း၊ စပ်ဖြင်းဖြင်းနှင့်၊ ပွေးညှင်းနာမျိုး၊ ရောဂါဆိုးငင်း၊ သောသော၊ ပန်းနာရူသိုး၊ ဇလုင်ကြီးဘို့၊ ကုတ်ဟီးချောင်းဆိုး၊ ရောဂါမျိုးငင်း၊ အပမာရော၊ ဝက်ရူး-ကြက်ရူး၊ တွန့်တွန့်လူးသည့်၊ မိန့်မူးတတ်မျိုး၊ ရောဂါဆိုးငင်း၊ ဇာတိ၊ ဤသို့ပဍ္ဍငါးပါးကုန်သော၊ ဧဝရူပါ၊ ဤသို့သဘောရှိကုန်သော၊ အာဗာဓာ၊ ပရိသတ်ဝယ်၊ မတင့်တယ်အောင်၊ ရက်ဘွယ်ရွံစရာ၊ လွန်ပွားတိုး၊ သွေးသားဆိုးသော အနာကြီးငါးမျိုးတို့သည်၊ သန္တိ၊ ရှိကုန်သလော၊ ဇာတိ၊ ဤသို့၊ တံ၊ နာဂမည်တွင် မှည့်ခေါ်ဆင်သည့်၊ သင်ပဍ္ဍင်းလောင်းကို၊ သံဃာမဏ္ဍ၊ သံဃာများကြွယ်၊ ထေရ်ဘုရားတို့အလယ်၌၊ ပုစ္ဆိဿန္တိ၊ စစ်ဆေး မေးမြန်းကြကုန်လတန့်၊ ဧဝံ၊ ဤသို့၊ ပုဋ္ဌေန္တေ၊ မေးမြန်းကြကုန်သည်ရှိသော်၊ နတ္ထိဘန္တေတိ၊ နတ္ထိ ဘန္တေ ဟူ၍၊ ဝါ၊ ကုဋ္ဌ-ဂဏ္ဍ၊ စသည်ငါးမျိုး၊ အနာဆိုးရောဂါ၊ မိမိကိုယ်မှာ မရှိလျှင်၊ မရှိပါဘုရား ဟူ၍၊ ဝတ္တုဖွံ့၊ ဖြေဆိုပြန်ကြား၊ သိထင်ရှားအောင်၊ လျှောက်ထားအပ်၏၊ ဝါ၊ လျှောက်ထားရမည်၊ လျှောက်ထားလေ၊ ။

အဲ-မြတ်စွာဘုရားထားတော်မူအပ်၊ သာသနာတော်မြတ်အတွင်း၊ ရဟန်းပြုလိုသူ-မိုလ်လူခပင်းတို့မှာအနာကြီးငါးမျိုးလွတ်ကင်း၍၊ သန့်ရှင်း စင်ကြယ်စေ ရမယ်တဲ့မှတ်ထား။ ။အနာကြီးငါးမျိုးဆိုဒါက၊ (၁) ကုဋ္ဌရောဂါ- အနူနာ၊ ။ (၂) မြင်းလုံးရောဂါ- ထွတ်အိုင်းနာ၊ ။(၃) ပွေးညှင်းရောဂါ- တင်းတိတ်

နာ။ ။(၄)ချောင်းဆိုးရောဂါ-ကုတ်ဟီးနာ၊ ။(၅) သည်းခြေရောဂါ-ဝက်ရူးနာ၊ ။အလွန်တရာဆိုးသော- အနာကြီးငါးမျိုးတဲ့။ အဲဒီအနာဆိုး-ရောဂါငါးမျိုးဟာ၊ ရှေးအခါ-ရာဇဂြိုဟ် မဟာနဂရတွင်၊ အထင်အရှား- အလွန်ပင်ဖြစ်ပွါးခဲ့ဘူးတယ်တဲ့။ ။သည့်အခါကာလက၊ရာဇဂြိုဟ်ပြည်မဟာနဂရတွင်ပါကဋသင်ပေါ်သော နာမည်ကျော်ဆေးသမား၊ ဓာတ်ဗိန္ဒာဆရာများလဲ၊ ငါတကားမာန်ဂုဏ်နှင့်ဟန်ရုံအောင်ပြောပြပြီးအသီးသီးကုသကြပါသော်လည်း၊ချမ်းသာခွင့်မရသောတော့-ဆရာ့ဆရာဆိုတဲ့၊ဆရာဇီဝကကို အသဗျာခြေကြွပေးပေးပြီး၊ အဝေးအနီးကဘဲပင့်ခေါ်ကြရတယ်တဲ့ ကြားလား။ ။အတော်ကြာတော့ ဇီဝက ဆေးဆရာလဲ အရွာရွာ အမြို့မြို့ကကြွလာတို့ ဆက်သွယ်ကြသဖြင့်၊ လက်မလယ်မှုအောင်ဆိုတဲ့စကားလို-လိုက်ရဒါအလွန်များလို့မို့၊ ရထနာသုံးပါးအတွက် ဆောင်ရွက်ဘွယ်လစ်ဟင်း၊ စရင်းအပုပ အခင်းကိုရှုလိုက်သော်မင်းမှုကိစ္စကလဲများအရင်ရင်ကြောင့်၊ဘယ်သူ့အတွက်မှကြားမညှပ်သာသဖြင့်- မအားမလပ်စွာရှိပုံကို ပြည့်ရုံအောင်သိကြတို့ ပင့်ခေါ်လာသမျှသူအပေါင်း၊ဘယ်ကိုမှ မလိုက်နိုင်ကြောင်းကို ရှင်းပေါင်းကာ ပြောပြပြီး။ငြင်းပယ်လို့ချည်း ချရတော့ဒါဘဲတဲ့။ ။အဲ-ဒီထဲမှာ ရောဂါကြီး စွဲကပ်တဲ့-လူချတက်- လူဂုဏ်ဘန်၊ ပိုက်ဆံဝါလား ဂုဏ်ရှိသော သူဌေး သူကြွယ်များကတော့၊ ငွေအား ကြေးအားနှင့် ဖြပြီး ကြွပါဦးဆရာကြီး ကျွန်တော့်မှာ ချမ်းသာကြွယ်ဝပြည့်ရုံသာပါတယ်၊ဘောဂသမ္ပဒါ၊အဖြာဖြာရှိသမျှများနေပစ္စည်းရကိုဆရာ့ညွှာပြုပါတော့၊ ဘာတခုမကျန် ဆရာ့ကို အပ်နှံ၍ ကျွန်ခံပြီးနေပါမယ်၊ ဝေဒနာပျောက်အောင်သာကုသတော်မူပါလို့-ကရုဏာစကားဖြင့်သနားဘို့အကြောင်း အများတို့တောင်းပန်လျက်၊ အတန်တန်ခင်းသွယ်၍ ငြင်းပယ်ခွင့်မရအောင်၊အတင်းတွယ်ပင့်ကြပြန်ပါရော၊ ။ငွေပေါတဲ့ သူဌေးသူကြွယ်ရောဂါသည် အသွယ်သွယ်တို့က အားနာဘွယ်ပြောပြ၊ဘယ်လိုပင် တောင်းပန်ကြသော်လဲ၊ငြင်းမြဲတိုင်း ငြင်းပယ်ချ၊ပင့်ခေါ်လို့မရတော့ ဇီဝကဆေးဆရာဟာအသက်ဦးဆံပိုင်ပါသောဗိမ္ဗိသာရမင်းတရားနှင့် နန်းတွင်းသူ နန်းတော်သားတို့ကို ကုသ,ရန်ဝတ်ဘုရား-ရှုပ်ပွအောင် အလုပ်တွေ များတဲ့ပြင်၊ ဘုရားအမှူးရှိသောသံဃာတော်အရှင်မြတ်တို့အားလည်း ပစ္စည်းလေးပါးဖြင့် ဘိတ်ကြား၍၊ ဆေးဝါးကုသ ကုသိုလ်ဖြစ်ပြုရလို့မို့၊ကိစ္စသောင်းပြောင်း၊ဤကဲ့သို့အကြောင်းကြောင်းကိုကောင်းကောင်းကြီးသိကြဘယ်တဲ့။ ။ထိုရောဂါကြီးရှိသမျှတို့ သေချာစွာသိကြတော့မှ မြတ်ဗုဒ္ဓသာသနာ ရိပ်ဆာယာ ခိုမှီးလျှင်၊ဆရာကြီးဇီဝကအား၊ ဆေးတိုးဝါး-မပေးဘဲ၊ ဇီဝိတဒါနဖြင့်၊ ကုသ,လိုပေး

လိမ့်မယ်၊ သို့ကလိုကြံရွယ်ပြီး၊ **အသီးအသီးသူ့ထက်ငါ၊** သာသနာတွင်းဝင်
လာ၍ဝေဒနာပျောက်လိုမှုကြောင့်၊ ရှင်ရဟန်းပြုကြသတဲ့၊ ၊သာသနာတော်
မှာ-မွိုင်ဘို့လာသော်လဲ၊ ကြည့်ညိုလို့ဟာတော့ မဟုတ်ဘူး၊ ဇီဝကရဲ့ဆေးကု
ခံရအောင်၊ ရကြံကြတဲ့အလုပ်၊ တယ်ရှုပ်တဲ့လူတွေဘဲ၊ သဒ္ဓါပဗ္ဗဇ္ဇိတာ မဟုတ်
ဘူး၊ဘယာပဗ္ဗဇ္ဇိတာတွေပေါ့လေ-ဟုတ်ကဲ့လား၊ ၊ဤကဲ့သို့အသီးသီးရောဂါ
ကြီးရှိတဲ့သူတွေဟာ၊သာသနာတော်မှာဝင်ထမ်း၊ရှင်ရဟန်းပြုတဲ့အခါ၊ စေတ
နာ သဒ္ဓါကြည်သူသော ဆရာဇီဝကသမားကျော်ကလဲ-သာသနာတော်ကို
လွန်စွာဘဲကြည်ညိုလို့ဘယ်ပုဂ္ဂိုလ် ဘဲ နှယ် ဘယ်သို့မှ မရွေးချယ်တဲ့၊ ကယ်
ဆယ်ကြည့်ရှုကောင်းမွန်စွာပြုပြု၍ ကုသိုလ်မှုအတည်ကြံလျက်၊ ရည်သန်ပြီး
အတိုင်း၊အလိုင်းတကြိုးအားထုတ်ပြီးကုသ,တော့ရောဂါမှသ,မြောက်၍ချမ်း
သာခြင်း ရောက်ကြတယ်တဲ့မှတ်ထား။ ၊အဲ-ဝေဒနာလွတ်ကင်း၍ချမ်းသာ
ခြင်းရရှိတော့-မိမိဘို့ဆန္ဒ၊ကြံသမျှပြည့်ဝံခြင်းကြောင့်ဒုန်ရင်းကိုပြန်ချင်၍အမြန်
ပင် ရတ်ဘရက်လူ ထွက်ထွက်သွားကြသောရဟန်းသာမဏေများအကြောင်း
အားချင့်မရှုပ်၊ ၎င်းများမသင့်လျော်ဟု-မတော်သည့်အခင်းကို သုံးလူ့မင်း-
မြတ်ဘုရားအား၊ဇီဝက,လျှောက်ထားတော့မှမြတ်ဘုရားအတုလပရမေကာ၊ ၊
န,ဘိက္ခဝေပဉ္စဟိအာဗာဓေဟိဖုဋ္ဌောပဗ္ဗာဇေတဗ္ဗော။ ၊ဘိက္ခဝေ၊ချစ်သား
ရဟန်းတို့၊ပဉ္စဟိ၊ငါးပါးကုန်သော၊ အာဗာဓေဟိ၊အနာကြီးမျိုး ရောဂါဆိုးတို့
ဖြင့်၊ဖုဋ္ဌော၊တွေ့ထိကပ်ငြိသောသူကို န,ပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်း မပြုအင်လို့
ပညတ်တော်မူတယ်၊ ၊အဲဒါကြောင့်-ရဟန်းလောင်းမောင်နာဂ၊သင်ရဟန်း
ပြုလိုလျှင်၊ယခု-ဆိုပြခဲ့တဲ့အတိုင်း၊ သင်၏ကိုယ်ကာယမှာ **အနာကြီးငါးမျိုး**
လွတ်ကင်း၍သန့်ရှင်းစင်ကြယ်ပါရဲ့လားလို့၊ သံဃာတော်များမျက်မှောက်ဝင်
ရောက်တဲ့အခါကာလ မေးမြန်းတော်မူကြလိမ့်မယ်၊အဲဒီအခါမှာ {ကိုယ့်ရော
ဂါ-ကိုယ်သာသိ} ဆိုသောစကားအတိုင်း၊ မိမိကိုယ်မှာ ထိုရောဂါဝေဒနာ
များ အထင်အရှားရှိလျှင်ရှိကြောင်း၊ မရှိလျှင်မရှိကြောင်းကို သံဃာတော် အ
ပေါင်းတို့ ကောင်းမွန်စွာသိတော်မူကြဘို့၊သေချာအောင် လျှောက်ထားရမယ်၊
မှတ်သား၊ ကြားလား မောင်နာဂ၊ ၊

{မှာထားရန်} မတ်တတ်ချပ်၍ ဆုမ္ဘလေ့ရှိသော အရပ်ဒေသ များတွင်၊
**အဓိပ္ပါယ်**စကားပြင်တို့ကို သွန်သင် ပြသနိုင်ဘွယ်ရှိ၊ ပါဠိနှင့်အနက်ကိုသာ
မှတ်သည်မတိုင်-ရွတ်ဆိုဆုမ္ဘလေ၊ သေသေချာချာထိုင်နေဘျက်၊စိန်ပြေနပြေ ထုံးပြ
၍ဆုမ္ဘလေ့ရှိသော **အရပ်**များမှာမူကား၊ သဒ္ဓါစေတနာ ဖြစ်ပွါးဘို့၊ **အဓိပ္ပါယ်**
စကားများပါ အကျယ် **အား**ဖြင့် ဆုမ္ဘဘွင့်ရနိုင်မည်၊ ယခု-ရေးသား ခဲ့သော

အဓိပ္ပါယ်အကျယ်စကားများမှာ၊ပါဠိတော်-လာရင်းအတိုင်းပင်ဖြစ်ပေသည်။ မနုသေဿာသိ၊အစရှိသော နောက်နောက်ပုဒ်တို့၏အဓိပ္ပါယ်-အကျယ် စကားများကိုလည်း၊ငှင်းနည်းအတိုင်းမှတ်လေ၊ ။ဤဆုမ္ဘခန်းမှာ ရဟန်းလောင်းက၊ နတ္ထိဘာနေ့၊အာမဘာနေ့ စသော အဖြေစကားများကို ဖျောက်ထားခွင့် မဟုတ်သေး၊ မေးသောအခါမှသာ၊ဖြေရမည်ဟု-သတိပြု ါ၊ ။မှန်ပါဘုရား-ဟုတ်ပါဘုရား စသည့်ဖြင့်၊ အ ၂ မျှနှင့် ပျော်ကနဲ့အောင်ပြန်ဖုန်၍ ဖျောက်ထားခဲ့မှုကား ထိုစကားကိုမှားသည်ဟုဆိုရပေသင့် ပ-စဉ်းစားလေ၊

{အမှာအထား-စကား.များကို အဆုံးအဖျားမှ နေ့သားတို့ အတွက်၊ ညွှန်ကြားချက်} တခန်း တခန်း အကြားဝယ်၊ မှာထားတွဲ့ စကား များကဲ့ မနား မနား ထည့်ဖွဲ့လျှင် ကြည့်ရသူ ငြီးငြေ ဘို- တွေးထင် စဉ်းစားမိသောအတွက်ကြောင့်၊သက်သက်တခြား၊နာဂါနု သာသနအခန်းကြီး ပြီးစီးအောင် မြောက်သောအခါ၊ အဆုံးကျမှ တလုံးတဝတည်းသိရအောင် ရေးသားထည့်ပြလိုက်ပါအံ့သတည်း။

မနုသေဿာသိ၊ ၊နာဂ၊နာဂဟူသည် ဘွဲ့အမည်ဖြင့်၊မှည့်ချည်သွင်းကြောင်း၊ ပဉ္စင်းလောင်း၊ တွ ၊သင်သည်၊ မနုသေဿာ၊ ဂဠုန်နဂါး-သိကြားဒေဝါ၊ သူရာယက္ခ စသည်မဖြစ်၊ လူစင်စစ်သည်၊အသိ၊ဖြစ်၏လော။ ဆုတ်ပိ ဤသို့လည်း၊ သံဃာမထေ၊သံဃာများကြွယ် ထေရ်ဘုရားတို့အလယ်၌။ ပုစ္ဆိုသနွိ၊ မေးမြန်းကုန်လတ္တံ၊ဇေ၀ံ၊ဤသို့၊ ပုစ္ဆနွေ၊မေးမြန်းကြကုန်သည်ရှိသော်၊ အာမဘာနွေတိ၊ အာမဘန္တေဟူ၍၊ ဝါ၊ လူကဘွား၍ လူသားကေန် စင်စစ် မှန်လျှင်၊ မှန်ပါ၏ဘုရားဟူ၍၊ ဝဇ္ဇနံ့၊ ဖြေဆိုပြန်ကြားဖျောက်ထားအပ်၏၊ဝါ၊ ဖျောက်ထားရမည်။ဖျောက်ထားလေ၊ ၊

အံ့-မနုဿဇာတိ၊လူဇာတ်ရှိသည့်၊ဘမိ ၂ ပါး ထိုကဘွား၍၊လူသားကေန် စင်စစ်မှန်မှ၊ ရဟန်းခံကောင်းတယ်တဲ့၊ ၊အသွင်အမူ သဏ္ဍာန်၊ တူအောင် လူအယောင်ဆောင်တတ် မျိုးမြွေဇာတ်ဟု၊ရေနတ်နဂါး၊ဂဠုန်ပသောတိရစ္ဆာန်များနှင့်သိကြားဒေဝါ၊ နတ်တကာတို့သည်၊မြတ်စွာဘုရားသာသနာတော်ကြီးအတွင်း၊ ရဟန်း ပဉ္စင်းအဖြစ်-သားတော်စစ် ဘဝကို မရထိုက် ရှာကြဘူးတဲ့၊ ၊အထူးညွှန်ပြဘို့၊ သာဓက သိဘွယ်ရာမှာ ရှေးအခါ လွန်လေပြီးက-နဂါးကြီး တကောင်သည်၊ သာသနာတော် ဘောင်မှာ ထမ်းဆောင်လိုခြင်း ကြည်ညိုခြင်းဖြင့်၊ရဟန်းပဉ္စင်းပြုလုပ်၍တရားကိုအားထုတ်လျှင်၊မနုသတ္တ၊လူ ဘဝကိုမချကေန်၊ ရဘို့ရစိတ်အကြံနှင့်၊တိရစ္ဆာန်ဘုမ်၊နဂါးမျိုးဇာတိကိုမသိ အောင်ဖုန်းကွယ်၍ တင့်တယ် ယဉ်ကျေးသော လူစင်စစ် လုလင်ပျို ကလေး

ကဲ့သို့၊ ကိုယ်သေးသဏ္ဌာန်-တူလှအောင်အသွင်ဖန်ပြီး၊ ရဟန်းခံလိုပါကြောင်း
နှင့် သံဃာတော် အရှင်ကောင်းတို့အား- လာရောက်၍ အခွင့်တောင်းတယ်
တဲ့၊ ။အဲ-ဒီတော့သံဃာတော်အပေါင်းတရတို့က၊ ရှေးဦးစွာ ရှင်သာမဏေ
ပြုပြီး၊ တခါထည်းမြန်မနှေးအောင်-ရဟန်းခံပေးကြရာ၊ ညအခါသမယ၊ ကျိန်း
စက်ချိန်ကျတော့၊ သမဂ္ဂမိတ်ဆွေ အတူနေ ရဟန်းတပါးနှင့် အစွန်းအဖျားက-
ကျောင်းတဆောင်တွင်၊ နဂါးမောင်-ထိုရဟန်းတို့သည်၊ တခန်းတည်း ကျိန်း
အိပ်၊ လူသံများတိတ်ဆိတ်သော်၊ ဘဝင်စိတ်ဖြစ်ပွါး၊ အိပ်ပျော်၍သွားတော့၊
နဂါးတို့ဇာတိ၊ သွင်ရုပ်ရေ-ပေါ် ဘိ၍၊ ကြီးကျယ်သည့်ကိုယ်အခွေ၊ ကျောင်း
တခန်းလုံးပြည့်နေသတဲ့-ကြားလား၊ ။အဲ-နဂါးများဟာ စွမ်းပကား သတ္တိ
ဖြင့်၊ မိမိတို့ ရုပ်သွင်ကို မထင်အောင် ကွယ်ဖျောက်ဘို့၊ ဘယ်လောက်ပင်-
တန်ခိုးရှိသော်လဲ၊ {ပဋိသန္ဓေ၊ အရေစွန့်လဲ၊ မှိဝဲဇာတ်တူ၊ မိန်းရှုအိပ်မွေ့၊ ရတေ့
ကာလ၊ ငါးမှာနန္ဒ၊ နာဂရုပ်ဆင်း၊ ပေါ်ရခြင်းတည်း} လို-ဆိုပြသော မဟာဝါ
အဋ္ဌကထာနှင့်ညီစွာ၊ မဃဒေဝလင်္ကာသစ်ကျမ်းဆရာ၏၊ မိန့်မှာသော စကား
အတိုင်း၊ ။(၁) ပဋိသန္ဓေနေတဲ့အခါ၊ (၂) အရေဟောင်းကိုစွန့်ပစ်၊ အရေ
သစ်ပြောင်းလဲတဲ့အခါ၊ (၃) ဇာတ်တူ ချင်းချင်း ပေါင်းသင်း မှိဝဲတဲ့ အခါ၊
(၄) ဘဝင်စိတ်ဖြစ်ပေါ်၍အိပ်ပျော်နေတဲ့အခါ၊ (၅) ရုတ်ကမ္ဘဇရုပ်၊ ကင်းချုပ်
ကွယ်လွန်တဲ့ အခါ၊ ။အဲသည်အခါ ငါးပါးမှာ- နဂါးများ အသွင်ပြောင်းလို့
မဖြစ်ကောင်းတဲ့ ဌာနမို့၊ နာဂတို့ရုပအဆင်း-မူလရင်းအတိုင်း ပေါ်မြဲတဲ့၊ ။
အဲ-သို့ကလို အိပ်ပျော်သောအခိုက်-ဘဝင်ဆိုက်နေတဲ့ အခါ၊ ကျိန်းစက်ရာမှ
ဦးစွာထသူ၊ အဖျားနေ-ငင်းရဟန်းက၊ ကျောင်းတခန်းလုံးပြည့်နေအောင်၊ နဂါး၏
ကိုယ်အခွေရုပ်ရေရူပကာယကြီးကိုတခါတည်းထင်ထင်၊ ဘွားကနဲမြင်တော့၊
အင်မတန်ကြောက်ရွံ့သည့်အလုပ်မို့၊ နေဲ့တွန့်ဆုတ်-ဖယ်ခွါလျက်၊ ကျယ်
စွာသော အသံနှင့် လွှတ်ကန်အော်တော့ဒါပေါ့၊ ။တတိုက်လုံးညံသွား ဟစ်
အော်သံကြားကြလျှင်၊ သံဃာများရှုရှိန်း၍ အကုန်လုံးလာကြမှ၊ ဦးနာဂ လန့်
နိုး၍နာဂိန္ဒြဂုဏ်တန်ခိုးနှင့် တဟုန်တိုး ဖန်ဆင်းတော့၊ ချက်ချင်းအမြန် ဦးပဥ္ဇင်း
ကလေးသဏ္ဌာန်ဖြင့်၊ ရှေးအတိုင်း ဖြစ်ပြန်သတဲ့၊ အင်မတန် တန်ခိုးကြီးတဲ့
နဂါးနော်- ကြားလား၊ ။အဲ-ဆန်းကြယ်သော ငင်းနဂါး၏ အံ့ဩဘွယ် အ
ကြောင်းစကားကို၊ သံဃာတော်ပေါင်းအများက ရွှေနားတော်ကြား၊ တင်လျှောက်
ထားကြတော့- မြတ်ဘုရား- သုံးလူ့ရှင်က၊ နဂါးလုလင်၊ လူဖြစ်ချင်သော်၊ ရှစ်
ဖာင်သီလ၊ အဋ္ဌင်္ဂကို၊ တလ ၄ သီတင်း၊ မှန်မပျက်င်းအောင်၊ ကျင့်သုံးဆောင်
က၊ လူ့ဘောင်လောကာ၊ နောက်ဘဝမှာ၊ ရောက်ရတို့အခွင်း၊ ဤကဲ့သို့ မဖန်ဆင်း

နှင့်ဟု၊ထန်ပြင်းသောအမိန့်တော်ဖြင့်၊ သာသနာတော်မှ၊ပယ်ပြီးလျှင်၊ အထင်အရှား၊ ပညတ်ချက်ထားလို့ရို့၊ ဖြွက်ကြားညွှန် ပြတော်မူလို၍၊ ။တိရစ္ဆာနဂတောဘိက္ခဝေ အနုပသမ္ပန္နော၊ န,ဥပသမ္ပါဒေတဗ္ဗော။ ဥပသမ္ပန္နော နာသေတဗ္ဗော၊ ။ဘိက္ခဝေ-ချစ်သားရဟန်းတို့၊ အနုပသမ္ပန္နော၊ ပဉ္စင်း အဖြစ်သို့မရောက်သေးသော။ ဝါ၊ ပဉ္စင်းမခံ ကောင်းသော၊ တိရစ္ဆာနဂတော၊ နဂါးဂဠုန် အစရှိသော တိရစ္ဆာန်ကို၊ န,ဥပသမ္ပါဒေ တဗ္ဗော၊ ပဉ္စင်းမခံအပ်၊ ဥပသမ္ပန္နော၊ ပဉ္စင်းခံပြီးသော တိရစ္ဆာန်ကို၊ နာသေတဗ္ဗော၊ ဖျက်ဆီးအပ်၏၊ ဝါ၊ သာသနာတော်မှ နှင်ထုတ်အပ်၏လို့၊ပညတ်တော်မူတယ်၊ ။ ဒဲ-ဒါကြောင့်၊ ရဟန်းလောင်း မောင်နာဂ၊ သင် ရဟန်း ခံလို လျှင်၊ မနုဿဇာတိ၊ လူဇာတ် ရှိရဲ့လား၊ ဂဠုန် နဂါး စသော အားဖြင့်၊ လူသား အယောင် သွင်ဟန် ဆောင်သော တိရစ္ဆာန်ကောင် များလား၊ ရဟန်း ပြုဘို့ရန်၊ မလျော်ကန်သောကြောင့်၊ တိရစ္ဆာန်များနှင့် တကိုယ်းတည်း အမှတ် ထားအပ်သည့် နတ်သိကြားများလားလို့ ထင်ရှားသိသာအောင်။ သံဃာတော်များ အစည်းအဝေးကျတော့၊ သင့်ကို စစ်မေးကြလိမ့်မယ်၊ ဒဲသည်အခါမှာ သံဃာတော်များအား-လူသားစစ် မှန်လျှင်မှန်ကြောင်း။ မမှန်လျှင်မမှန်ကြောင်းကို ကောင်းမွန်စွာဖြေကြား၍လျှောက်ထားရ လိမ့်မယ်။ မှတ်ခဲ့နော်ကြားလား-မောင်နာဂ၊ ။

ဒဲ-ဒီဝတ္ထုကိုးထောက်ရှုံထားပြီး၊ ဂဠုန် နဂါး- နတ်သိကြား များဟာ၊ မြတ်ဘုရားသာသနာတွင်၊ ခိုဝင်မှုထမ်း ရှင်ရဟန်းဘဝကိုမရထိုက် ရာကြဘူးလို့မှတ်၊ ။ဒီစကားကို သေချာစွာမှတ်သားပြီး၊ ဂဠုန်များ-ရဟန်းမခံကောင်းဘူးဆိုလို့ရို့၊ ဟို-သာဃာဝတီ နယ်ထပိုက်မှာ တိုက်ခိုက်ထကြွနေကြတဲ့၊ ဆဝဝ၊ဂဠုန်တွေကိုဆိုတယ်လို့မှတ်ရဘူး၊ဒဲဒီဂဠုန်တပုကတော့၊သကုဏဇာတိမဟုတ်၊ မနုဿဇာတိ၊ သဏ္ဌာရှိတဲ့-မိပတိဂဠုန်တွေမို့၊ ။ရှင်သာမဏေလဲပြုရရဲ့၊ရဟန်းလဲခံကောင်းရဲ့၊ ဘုရားလောင်း ဂဠုန်တွေတဲ့၊ ဖွေဖွေရှာရှာ သဘောကိုဘုန်းကြီးတို့က ပြောဒါမဟုတ်ဘူးနော်။ ဦးကျော်မြင့်ဆိုတဲ့ ဝတ်လုံတော်ရကပြောဒါ၊ ။သိသာထင်ရှားအောင်၊ညွှန်ကြားလိုက်ရအုံး၊ဒီဂဠုန်တွေဘတုံးက ဖွေတိဂုံဘုရား ကုန်းတော်ခြေရင်း- တောင်ဘက်ဆင်း အနီး စတုဒိသာဇရပ်ကြီးတွင် ကစ်မှိုးဆုံပု၍ အစည်းအဝေးပွဲတခု ပြုလုပ်ကျင်းပတယ်၊ ။ဒဲဒီအခါတွင်ရန်ကုန်မြို့ ပေါ်မှာ နာမယ်ကျော်တဲ့ ဝတ်လုံတော်ရမင်းဦးကျော်မြင့်က- ပေါ်ပွင့်ပြောဆိုသွားဒါ၊ သေသေချာချာနားစိုက်ပြီး-ဘုန်းကြီးတို့ ကြားလိုက်ရဘူးဒါနှင့် အထူးဘဲ မှတ်မိခဲ့ပေတယ်၊ ။ဦးကျော်မြင့်

ဘုဗ္ဗိသသာသဘိ၊ ၊နာဂ၊ တွ၊ ဘုဗ္ဗိသော၊ သူကျွန်မဖြစ်၊ တော်လှန်စစ်သည်၊ဝါ၊ သူတပါးထံ၊ စေခံမှုလုပ်၊ ကျွန်မဟုတ်သည်၊ အသိ၊ လော၊ဇာတိပိ၊ လည်း၊ သံဃမဏ္ဍလ၊ ဗေါ်၊ ပုဿသသင်္က၊ ကုန်လတ္တံ၊ ဗေါ်၊ သို့၊ ပုဿင်္ကန္တ၊ သော်၊ အမာဘသန္တတိ၊ ဟူ၍၊ ဝါ၊ သူကျွန်မဖြစ်၊ တော်လှန်စစ်မှန်လျှင်– ၄နံပါ၏ဘုရားဟူ၍၊ ဝဏ္ဏဒွ၊ အပ၏ မည်၊ လေ၊ ၊

အဲ–သူတပါးတို့ကျေးကျွန်မှန်လျှင်၊ ရဟန်းမခံရဘူးတဲ့၊ ကျေးကျွန်မဖြစ် တော်လှန်စစ်မှ၊ ပဗ္ဗဇ္ဇာဒေါသလျောကျလွတ်ကင်း၍၊ သန့်ရှင်းစင်ကြယ် တယ်တဲ့၊ ၊ဤအရာဝယ် သိမှတ်ဘွယ် ပြည့်နှင့်လျှင်၊ ကျေးကျွန်ဆိုဒါက၊ ၊ {အန္တောဇာတ၊ ဓနက္ကီတ၊ ကရမရာနီတ၊ ဒါသဗျမှန် ကျွန်လေးတံ}လို့–ဆိုသော စကား အတိုင်း၊ ၊(၁) အန္တောဇာတ–အိမ် ပေါက်ကျွန်၊ ၊ (၂)ဓနက္ကီတ၊ငွေဝယ်ကျွန်၊ ၊(၃)ကရမရာနီတ၊ သုံ့ ရကျွန်၊ ၊(၄)သာမံ ဒါသဗျ၊ကိုယ်တိုင်ကျွန်၊ ၊ပေါင်း (၄)မျိုးရှိပါတယ်တဲ့၊ ၊သိသာဘွယ် သာဓက၊ထုတ်ဖေါ်၍ပြတို့မှာ၊ ရှေးအခါကာလက၊ မိဗ္ဗိသာရဘုရင် စိုးစံစဉ် လက်ထက်၊ ရာဇဂြိုဟ်ပိုင်နက်တွင်၊ စည်းစိမ်ရှင်တဦးထံ၊ ကျွန်ခံ၍အသက်မွေး ရသော၊ အညတရ ကျွန်ကျေးတယောက်သည်၊ သနင်ကိုလန့်ကြောက်၍၊ ရုပ် ဖျောက်ထွက်လာပြီး၊ သံဃာတော်ထံဘုရားတို့ထံ လျောက်ထားခွင့်ပန်၍ ရဟန်းခံနေတယ်တဲ့၊ ၊ထိုအခါ၊များမကြာခင်၊သူ့ပိုင်ရှင်တို့၊ကြားလျှင်ကြား ခြင်း၊သဘောမတူသည့်အခင်းကြောင့်၊ချက်ခြင်းပင်လိုက်လာ၍၊ မြန်စွာသုတ် သက်ယုတ်တခက်ပင်၊ လူထွက်ပြီးခါပြန်ခဲ့ပါဟု၊တစာစာဟစ်အော်၍၊ပိုင်ရှင် များကခေါ်သတဲ့ကြားလား၊ ၊အဲ–ထိုစကားအဝဝကို ကြားသမျှ သံဃာ တော်တို့က မလျော်သည့် အကြောင်းများ စဉ်စားလို့ရှုကြရာ၊ သူ့သဒ္ဒါ ထက်သန်သဖြင့်၊စေတနာတက်လျှံ၍ ရဟန်းခံနေသူကို မကြည်ဖြူမနှစ်သက် သော်လည်း၊နှောင့်ယှက်ခြင်းမပြုရဟု ဖြင်းလှသောအာဏာနှင့်၊ ဗိမ္ဗိသာ–မင်း တရား၏၊ဆင့်ထားသောအမိန့်တော်ဖြင့်၊ထိုးမှုပွင့်ဖေါ်၍တားမြစ်တော်မူကြ တယ်တဲ့၊ ၊ဤကဲ့သို့ဘုရင့်စကားဖြင့် သံဃာတော်အရှင်များက မြစ်တား တော်မူကြလျှင်၊ပိုင်သူအရှင်ကျွန်သခင်တို့ ပြစ်တင်ကဲ့ရဲ့ ကြောင်းတော့အောင် စောင်းရွဲ့ပြောဆို ဟိုဟို သည်သည် ထိုဤစကား ရွေ့နားတော် ကြားသော ကြောင့်၊ဘုရားမှန်နိ၊မာရဇိနိသေဌ်နင်းသုံးလူ့မင်းက၊ ၊နဘိက္ခဝေ ဒါသော ပဗ္ဗာဇေတဗ္ဗော၊ ၊ဘိက္ခဝေ၊တို့၊ဒါသော၊ကို၊န,ပဗ္ဗာဇေတဗ္ဗော၊ မပြုအင်လို ပညတ်တော်မူတယ်၊ ၊အဲဒါကြောင့်၊ရဟန်းလောင်းမောင်နာဂ သင်ရဟန်း ပြုလိုလှလျှင်၊ဘုဇိသအဖြစ်၊ တော်လှန်စစ်မှန်ရဲ့လား၊သူတပါးတို့ ကျေးကျွန်

ဇားလို့၊ထင်ရှားသိသာအောင်သံဃာတော်များ အစည်းအဝေးကျတော့ စစ်
မေးကြလိမ့်မည်၊ ။အဲသည့်အခါ၊ မိမိက၊ သူတပါးကျေးကျွန်မှန်လျှင် မှန်
ကြောင်း မမှန်လျှင်၊မမှန်ကြောင်းကို၊သံဃာတော်အပေါင်းအားကောင်းမွန်စွာ
ဖြေကြား၍လျှောက်ထားရမယ်၊ ။ကြားလားမှတ်ထား။ ၊

အနဏောသိ၊ ။နာဂ၊တွံ၊အနဏော။သူ့မြီသူ့ကြွေး၊အမှုတို့ညစ်ကြေးမတင်
ပြစ်ဝေးစင်သည်၊အသိ၊လော ဏာဘိပိ၊ သျှလည်း၊ သံဃမဇ္ဈေ ပုစ္ဆိ သန္တိ၊
ကုန်လတ္တံ့၊ဇေ၀ံ၊သို့ပုစ္ဆန္တေ၊သော်၊အာမဘန္တေတိ၊ဟူ၍ ဝါ သူ့မြီသူ့ကြွေးမ
ခြေးမတင် ညစ်ကြေစင်လျှင်၊ စင်ပါ၏ဘုရားဟူ၍၊ ဝဇ္ဇ ဗွံ၊၏၊မည်၊လေ၊ ၊

အဲ–ငါးယမ်း၍ယူဘူးသော၊သူတထူ မြီးကြွေး၊ အကျည်ထွေးဘို့၊ညှိအစေး
အမြင်သန်းလျှင်၊ရှင်ရဟန်းမပြုရဘူးတဲ့၊ ကျိုးညွှတ်ညစ်ကြေး ပြန်ဆပ်ပေးဘို့
သူကြွေးသူမြီ၊ ပိပိသားမရှိမှ၊ပဗ္ဗဇ္ဇဒါသ–ပြောပြဘွယ်လွတ်ကင်း၍၊သန့်ရှင်း
စင်ကြယ်တယ်တဲ့၊ ။သိသာဘွယ် သာဓကမှာလဲ၊ ဋ္ဌာန–နဂိုရ်-ရာဇဂြိုဟ်
တွင်ပင်၊ ဈေးယခင်ကကြွေးတင်များပြား ပစ္စည်းဥစ္စာ-ပါရှားသော-ဆင်းရဲ
သားတယောက်သည်၊ လန့်ကြောက်ထွက်ပြေး၊မဆပ်နိုင်ရှာသည့် အရေးမို့၊
ဘွဲ့ရာ-မှန်းကြီး၊ သာသနာတော်မှာ-ရဟန်းခံလျှင်-လိုက်လန်ရှာဖွေ ကြွေးရှင်
တို့-တွေ့မြင်လေသော်၊ဟစ်ကျော်-တီးကျော်၊ထောက်မမျှော်ဘဲ။ ငေါက်အော်
၍တောင်းတော့၊သံဃာတော်အပေါင်းက၊ ကျိုးကြောင်းစုံပြ ကြေနပ်အောင်
တောင်းပန်ကြသော်လဲ၊အမွှေမောင်းမဲ့အရက်ခွဲလျှက်၊ဆိုဆဲကြိမ်းဝါး၊ကြွေး
ရှင်တို့စကားကို ဘုရားမှနှိ၊ မာရဇိဘုန်းမော်- ကြားသိတော် မူလေက။ ၊

န,ဘိက္ခဝေ-ဣဏာယိကောပဗ္ဗာဇေတဗ္ဗော၊ ။ဘိက္ခဝေ၊တို့၊ဣဏာယိကော၊
ကြွေးမြီတင်သောသူကို၊ န,ပဗ္ဗာဇေတဗ္ဗော၊ရှင်ရဟန်းမပြုအပ်လို့၊ပညတ်တော်
မူတယ်၊ ။အဲ-ဒါကြောင့် ရဟန်းလောင်းမောင်နာဂ၊သင်-ရဟန်း ပြုလိုလျှင်
ယခုဆိုပြခဲ့ပြီးသော စကားအတိုင်း၊ ကြွေးမြီများ စင်ခဲ့ပါရဲ့လားလို့- သံဃာ
တော်များ အစည်းအဝေးကျတော့ စစ်မေးကြလိမ့်မယ်၊ ။အဲဒီအခါ သင့်မှာ
ကြွေးမြီတင်လျှင် တင်ကြောင်း၊ စင်လျှင်စင်ကြောင်းကို အရှင်ကောင်းသံဃာ
တော်တို့အား၊ မှန်စွာအလျော်- သွေမမှားရအောင်- ကောင်းမွန်စွာ ဖြေကြား
လျှောက်ထားရမယ်၊ မှတ်ထား-ကြားလားမောင်နာဂ၊ ၊

န,သိရာဇဘဋော၊ ။နာဂ၊တွံ၊ရာဇဘဋော၊မင်းခစားယောက်ျား ပုထိပ်
သားစ,သောသူသည်၊ဝါ၊ပုလိပ်ပြာတာ၊အစဖြာလျက်၊ လ,စာမက်၍၊ မပျက်
နိစ္စ၊နိမ့်မြှသျှက်၊ရာဇထံပါး၊တုဝ်ပေပ်တွား၍၊ ခစားသောသူသည်၊ နအသိ၊မဖြစ်
ဘဲရှိ၏လော၊ ဏာတိပိ၊ သံဃမဇ္ဈေ ပုစ္ဆိသန္တိ၊ဇေ၀ံ၊ ပုစ္ဆန္တေ၊ အာမဘန္တေ ကဲ

ဟူ၍၊ ဝါ၊ မင်းခစားယောကျ်ား- ပုလိပ်သားစသည် မဟုတ်လျှင်- မဟုတ်ပါ ဘုရားဟူ၍၊ ဝတ္တုဖြင့်၊ဖြေ၊မည်။သေ၊ ။

အဲ-မင်းခစားယောကျ်ား၊ ရဲမက်သားမဟုတ်မှ ရှင်ဟောန်းပြုလုပ်ရတယ်၊ ပုလိပ်ပြာတာ အစရှိသော-မင်းခစား ယောကျ်ား-ရဲမက်သားတို့မှာ။ ဘုရား သာသနာတော်ထမ်း ရှင်ရဟန်းမပြုရဘူးတဲ့၊ ။အထူးသိလို၊ဝတ္ထု၊ကြောင်း ထုတ်ဆိုသော်၊ ရာဇဂြိုဟ်ပြည်ကြီးရှင်-ဘုရင်ဗိမ္ဗိသာ ရာဇာထွတ်ဖျား မင်း တရား၏။ထံပါးနိမ့် ထို၍မင်းမှု-ဆောင်ပြုကိစ္စ ထမ်းရွက်၍နေကြသော၊ရာဇ သေဝက-မည်ရထင်ရှား၊ ရောဓခေါ်-ရဲစစ်သားတို့သည်၊ တရား-မတရား၊ မှန်မှားမရွေး ရှုပ်ထွေးပွေလီ၊မညီမမျှ ပြုလုပ်ရ၍ ဒုက္ခဆွယ်ပွား သွယ်သွယ် များသဖြင့်၊ အပါယ်သွားစခမ်း မကောင်းလမ်းဟု မျှော်မှန်းတင်ကြည့် ဆင် ချင်မိ၍၊ ဘုရင်မသိနိုက် ခိုက်ကရိုက်ဖြင့် စစ်တိုက်ရာမှ-မကြာ ထွက်ပြေး၊ အကုသိုလ် ကင်းဝေး၍ ငြိမ်းဧတ္တိရာ သာသနာတွင် ကြည်ညို အင်းကြောင့်၊ နိဝင်မှုထမ်း ရှင်ရဟန်း ပြုလိုပါကြောင်းနှင့်၊ လျှောက်တောင်း ပန်ထွားလျှင်၊ သံဃာတော်—ထေရ်ဘုရားတစုက၊သနားသမှု ရဲသားစုကို ရှင်ရဟန်းပြုပေး ကြတယ်တဲ့၊ ။အကယ်မယွင်း ထိုသတင်းကို ချက်ချင်းလျင်ထွား ဘုရင် ကြားလေသော်၊ ချက်ပွားဒေါသ ထောင်းထောင်းထ၍ ရန်ခဝန်းပတ် များမှုး မတ်တို့က၊ မင်းမြတ် မနော စိတ်သဘောနှင့် လိုက်လျော ညီအောင် မနှံသီ ဆောင်ပြီးလျှင်၊ ရှည်ခေါင် ပုဗ္ဗ ရှေးပဝေက ပြောလာ ကြသော ပေါရာဏ အစဉ်စကားဖြင့်၊ဘုရင်နားကျော်ကြူးအောင်သံတော်ဦးတင်ကြသည်မှာ၊ ။ အာဏာလွှဲဖိ မြဲမတည်သည့် စစ်သည်တော်သား မင်းခစားတို့ကို၊ အများ နည်းနှင့် မှီးမချင့်ဘဲ ခြီးမြှင့်လိုရေး ရဟန်း ခံပေကြသော၊ အစည်းအဝေးပါ- ပေါင်းပုဂ္ဂိုလ် များစွာတွင်၊ ခေါင်တင်ဦးစီး ဥပဇ္ဈာယ် ဆရာကြီးကို တခါ တည်း ဦးခေါင်းဖြတ်၊ ဂဏ္ဍိန်အရပ်ရပ် ကျမ်းဂန်ဘတ်သဖြင့် ကမ္မဝါစာသ် ဆရာများအသီးသီးတို့ကို လျှာထားနှင့်လှီး၊ ကင်ပြီးတို့အမှုဆောင် ဂိုဏ်းပြည့် အောင် ကြံစည်၍ နံဘေးနံဘီ ပြင်ပ,ဆိကာ ကူညီမှုံးမ ဝန်းဝိုင်း ကြသော၊ ကာရက သံဃာများ၏ နံပါးရှိ အရိုးကို သေချာစွာ-ချက်အညီ မိုးပြီးလျှင်၊ တဝက်စီကျိုးအောင်ရိုက်၊ ဤကဲ့သို့စီရင်ထိုက်ပါကြောင်းနှင့်၊ သူကောင်ပါ- မတ် အပေါင်း တို့က လုယက်ခါ- ထပ်လောင်း၍- ကောင်း ကောင်း ကြီး လျှောက်တင်ကြတယ်တဲ့-ကြားလား၊ ။သည်အမတ်များဟာ-မြတ်ဘုရား သာသနာကို၊ညွှာတာငဲ့ကွက်ခြင်းအလျှင်းမရှိ၊ဘုရင့်တွက်တာ တမျက်နှာကို သာ ငဲ့ညှာကာ-ဟာဘက်သတ်ကြည့်ပြီး၊ ခတ်ထိထိ-တင်တဲ့ အမတ်တွေသဲ။

တတ်ပေ-နပ်ႏပ-လိမ္မာပေဆိုတဲ့ စကားကိုတော့၊သူတို့လိုလူမိုက်များကဖြင့်၊ ခြိုးပွမ်းစကား ပြောကြားမှာပေါ့-ဟုတ်ကဲ့လား၊ ။ဒွဲ-အကျိုးအကြောင်း၊ ထုံးဟောင်းတန္တိ ရှာကြံစိ၍ ဉာဏ်မှိုသမျှ နားလည်ကြသော၊ ဝေါဟာရိက အမတ်ကြီး-အသိးသိးတို့က၊ အနည်းနည်းတင်လျှောက် ကြသော်လဲ၊ထောက် ဆမျှော်ႏတွး၊ဓမ္မိကရာဇာအရိယာမို့၊နစ်နာႏအောင်-အဖြစ်မပေးဘဲ၊ဋ္ဌေလူလူ တရားယူပြီးလျှင် ပွားဆူမပွက် ဖြစ်ပြီးသော-မာနအမှုက်ကိုသာ၊ ပယ်ဖျက် လွင့်ပျောက် လမ်းသင့်ရောက်အောင်၊ နောက်နောင်ကာလ ဤကဲ့သို့မပြုရဘို့၊ အတုလမြတ်စွာ စောသဗ္ဗာကို၊ ဗိမ္ဗိသာမင်းတရား၊ဖြစ်ပုံကို လျှောက်ထား တော့မှ၊ဘုရားမြတ်စွာ—ထွတ်သကျာက၊ ။နှ,ဘိက္ခဝေရာဇာဘဋ္ဌော ပဗ္ဗာ ဇေတဗ္ဗော၊ ။ဘိက္ခဝေ၊တို့၊ရာဇာဘဋ္ဌော၊ရိက္ခာယူ(ပ)ား မင်းခယောကျ်ားကို၊ နှ,ပဗ္ဗာဇေထဗ္ဗော၊ရှင်ရဟန်းမပြုအပ်—လို့၊ ပညတ်တော်မူတယ်၊ ။ဒဲ-ဒါ ကြောင့်ရဟန်းလောင်းမောင်နာဂ၊သင်ရဟန်းပြုလိုလှလျှင်၊မင်းခစား ယောက်ျား မဟုတ်ဘဲရှိရဲ့လားလို့၊သံဃာတော်များ အစည်းအဝေးကျတော့-စစ်မေးကြ လိမ့်မယ်၊ ။ဒဲသည်အခါမှာ-သင်ဟာ-မင်းခစား,ယောက်ျား၊ ဟုတ်လျှင်- ဟုတ်ကြောင်း၊မဟုတ်လျှင် မဟုတ်ကြောင်းကို သံဃာတော်အပေါင်းအား၊ ကောင်းမွန်စွာ- သွေမမှား ရအောင် ဖြေကြား လျှောက်ထားရ လိမ့်မယ်- မှတ်ထား၊

အနုညာတောဘိ မာတာပိတူဟိ၊ ။နာဂ၊ တွံ၊သင်သည်၊ ဝါ၊သင့်ကို၊ မာတာပိတူဟိ၊အဋ္ဌေအပ္ပ အရေးယူလျက် မွေးမြူကျွေးဖွား ဂုဏ်အထူးဖြင့် ပျို ပြုးကြွယ်ဝ နှစ်ဦးသောမိနှင့်ဘတို့သည်၊အနုညာတော၊ကြည်သာနှုးညွတ်အ ခွင့်လွှတ်လိုက်သည်၊အသိ၊လော၊ဉာတိပိ၊သံဃာမဋ္ဌော၊ပုဿ သန္တိ၊ဖဲ့ ပုဿ သန္တိ၊ အာမဘန္တေတိ-ဟူ၍၊ဝါ၊အမိ-အဘ နှစ်ဦးက ကြည်နူးနှင်ချိုက် ခွင့်ပြုလိုက် လျှင်၊မိခင်-ဘခင်တို့ထံက အမှန်မုချ၊ကြေနပ်စွာအခွင့်ရခဲ့ပါပြီဘုရား ဟူ၍၊ ဝတ္တဗ္ဗံ၊၏၊ ...... မည် ...... လေ၊

ဒဲ-မိခင်-ဘခင် ကျေးဇူးရှင်တို့က ကြည်လင်နူးညွတ် သက်နှးဝတ်ဘို့၊ခွင့် လွှတ်လိုက်ပြီး၊ထိုသို့သော-အနုညာတသားမှ၊ဘုရားမြတ်စွာ-စောသဗ္ဗာက၊ သာသနာႏတော်မှာ-ဝင်ဆမ်းဘို့ ရှင်ရဟန်းပြုရမယ်လို့ သိသာကွယ်ထင်ရှား အောင်ဟောကြားတော်မူတယ်၊ကြီးကျယ်ကျေးဇူး၊အမိ-အဘနှစ်ဦးတို့၊အနူး အညွတ်ခွင့်မလွှတ်က ရှင်ရဟန်းမပြုရဘူးတဲ့၊ ။အထူးအားဖြင့် စကားဖွင့် သော်၊ဘုရားရှင့်ခမည်းတော် သုဒ္ဓေါဒနမင်းကျော်၏မြေးတော်ရင်းချာ၊ ရာဟု လာသည်-ဗိတာဘခင် ဘုရားရှင်အား ရင်နှစ်သားကို သနားသဖြင့်၊ နောင်-

ကြီးပြင့်အောင် ခြီးမြှင့်လိုရေး အမွှေတော်ပေးတို့ရန် တောင်းခံလျှောက်ထား တော်မူ။ဘုရားမြတ်စွာ ဘ,ဗိတာဂ သံသရာဘဝ နစ်မွန်းရမည့်၊ ဓနလောကီ နံ့ဗိမ်းညှိကိုမမြိမတွယ်၊စွန့်ပစ်ပယ်လျက် စင်ကြယ်သန့်ရှင်းအဖြစ်ကင်း၍၊ဝဋ်တွင်းမှကျွတ် ထွက်မြောက်လွတ်အောင်။မြတ်ထွတ်ချမ်းသာ ကဲလွန်စွာသော လောကုတ္တရာဓမ္မ။ ဝိဝဋ္ဋဟု၊အမတဖြိုက်မွေ ခံထိုက်စေတို့ ရှင်သာမဏေပြု တော်မူတယ်တဲ့။ ။ထိုစကားရပ်ပျံ့ပွားလပ်သော်၊ဘုရားမြတ်ခမည်းတော် ဘုရင်မင်းသုဒ္ဓေါဒန၊မြေးတော်ရာဟု ချစ်သက်ရကို ရှင်ပြုသည်မှာ စိတ်နှလုံး မချမ်းသာ၍၊ ဘဂဝါမြတ်ဖျားထံတော်ပါးသို့ ညွတ်တွားဝပ်စင်း ရှိသေစွာ ကပ်ချဉ်း၍၊ ထင်လင်းအောင် လျှောက်ထားသည်မှာ၊ ။ဖြဟ္မာလူနတ် တော့ အပ်၍ တဆူမြတ်ပုဂ္ဂလ၊အနုတ္တရမာဇိ သမ္မာတော်ပြည့်ပါသော သားကိုနှယ် ဘွားသားတော်မြတ်ဘုရား၊တိုးဘွားမိဘတို့၌အသီးအသီးရှိကြသော၊အမိက မေတ္တာနှင့် ချစ်တဏှာကြည်ဇ သံယောဇဉ်ဆိုအစေးသည်၊ သားမြေးတို့ အပေါ်မှာလွန်စွာပင်ကြီးလှပါသည်၊ချစ်မေတ္တာလွန်ကဲ၍ သားမြေးတို့ စိတ်စွဲနှင့် ဆင်းရဲရပုံအနေမှာ၊အပေါ် ရေ-အတွင်းရေတွင် မကဘဲ၊ အသား,အကြော အရိုးတို့ကိုဖေါက်ခွဲပြီး ရိုးတွင်းချင်ဆီထဲများမှာ စွဲသွားအောင် တည်ပါသည်၊ ယို့ဖြစ်ပါ၍ နောင်ခါသမယ နောက်ကာလမှာ၊အမိအဘ၊ခွင့်မရငြား သူ၏သား ကို ဘုရားမြတ်စွာ ရှင်ရဟန်းမပြုပါလင့်ဟု၊မင်းမင့် သုဒ္ဓေါ ခမည်းတော်က ရှ မျှော်ကြံဆ လျှောက်ပန်သ,သောကြောင့်၊ ။နှ,တိက္ခဝေအနုညာတော မာ တာပိတူဟိပုတ္တော ပဗ္ဗာဇေတဗ္ဗော၊ ။ဘိက္ခဝေ၊ တို့၊ မာတာပိတူဟိ၊ ကျေးဇူးကြီးလှ မိနှင့်ဘတို့သည်၊အနုညာတော၊အနူးအညွတ် ခွင့်မယွက်အပ် သော၊ ပုတ္တော၊သားကို၊ နပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်းမပြုအပ်-လို့ ပညတ် တော်မူတယ်။ ။အဲဒါကြောင့်-ရဟန်းလောင်း မောင်နာဂ သင်ရဟန်းပြုလို လှလျှင်၊အမိအဘ နှစ်ပါးက ခွင့်ပြုလိုက်ကြ ပါရဲ့လားလို့ သံဃာတော်များ အစည်းအဝေး ကျတော့-စစ်မေးကြလိမ့်မယ်။ ။အဲ့သည်အခါ သာသနာ တော်ထမ်းရဟန်းပြုဘို့ရန်၊မိဘတို့ထံ၌လျှောက်နသင့်စွာခွင့်ရလျှင်ရကြောင်း၊ မရလျှင်မရကြောင်းကိုသံဃာတော်အပေါင်းအား၊ကောင်းမွန်စွာ ဖြေကြား၍ လျှောက်ထားရမယ်၊

ပရိပုဏ္ဏဝိသတိဝဿောသိ၊ ။နာဂ။ တွံ၊ပရိပုဏ္ဏဝိသတိဝဿော၊ ပဋိ သန္ဓေ၊တည်နေသည်မှအရင်းစ၍ ခင်းပြန့်ကြည့်နှစ်ဆယ်ပြည့်သည်၊အသိ၊ လော၊ဣတိပိ၊သံဃမဏ္ဍော၊ပုဏ္ဏိ သနွိ၊ဇေဝံ၊ပုဏ္ဏ နွေ၊အာမဘန္တေတိ ဟူ၍၊ဝါ၊ အသက်နှစ်ဆယ်ပြည့်လျှင် ပြည့်ပါပြီဘုရားဟူ၍၊ ဝတ္တဗ္ဗံ၊၏...... မည်...... လေ၊

အဲ-ပဋိသန္ဓေတည်နေသည်မှ၊ရေကြည်ကလျှင်ဇီဝကြွယ်ပြည့်၊နှစ်ဆယ်ရှိမှ ရဟန်းခံရမယ်၊အသက်နှစ်ဆယ်မပြည့်က၊ ရဟန်းခံလို့ မရဘူးတဲ့။ ၊ကြည်နူးစွာမှတ်သားဘို့ မြတ်ဘုရားရွှေလက်ထက်၊ ရာဇဂြိုဟ်-ပြည်ကနက်ဝယ်၊ အသက်အရွယ်နုနယ်သေးကွေး မြူးတူးရှိန်မပြယ်သေးသောသူငယ်ကလေး တကျိပ်ခုနစ်ယောက်တို့သည်၊မဖေါက်မဖီ စိတ်အကြံတူညီလျက်၊ {သတ္တရသဝဂ္ဂ}ဟူသော ဘွဲ့မည်ဆိုင်းဘုတ်နှင့်၊အသင်းတခုပြုလုပ်တည်ထားကြတယ်တဲ့၊ ၊ထိုကလေး အသင်းဝယ် ဥပါလိသူငယ်ဟာ ချယ်ယာမင် ဥက္ကဋ္ဌနာယကဦးစီး၊ပြိစီဒင်အမှူးကြီးဘဲတဲ့-ကြားလား၊ ၊တနေ့သော အခါ-တူညီစွာသောသဒ္ဓါဇောဖြင့်၊ဓမ္မပသန္န၊ကောင်းမြတ်သော သမာဆန္ဒဖြင့်၊ စေဗုဒ္ဓသာသနာတွင်ခိုဝင်မှုးထမ်းရဟန်းပဋ္ဌင်းပြုလုပ်ပြီး ကျင့်ဝတ်ပဋိပတ် အားထုတ်ဘို့ လောကုတ္တရာဘက်က အားတက်သရောကြံမိကြသောအလျောက်၊ သံဃာတော်များထံမှောက်သို့ဝင်ရောက်ခွင့်တောင်း၍၊ ရဟန်းလောင်းသူငယ်ဆဲ့ခုနစ်ယောက်လူမယ်တို့သည်၊ အပူနယ်ဝန်ဘဝမှ၊လွတ်ရဘို့ ရည်မှန်း၍ ရဟန်းအဖြစ်ကို ယူကြတယ်တဲ့မှတ်ထား၊ ၊ရဟန်းပြုစ၊ရအမျှပင် ယခုညအတွက်ကျိန်းအိပ်စက်၍နံနက်မိုးလင်းအာရုံကျင်းသော်၊ အလွန်အမင်းဆာမှုခေးရာကြောင့်၊ ယာဂုပေးပါ-ဆွမ်းပေးပါဟု ကလေးဓမ္မတာ မရှော၍ ပူဆာလှိုက်ဖိုရှိုက်ငိုယိုလျက်၊ပြောဆိုတမ်းတ၊တောင်းရမ်းခြင်းပြုကြ၍။သုဂတမြတ်ဖျားရွှေနားတော်ကြားသောကြောင့်၊ ထင်ရှားမြွက်ဟ၊မိန့်ခွန်းတော်သ,သည်မှာ၊ ၊နဘိက္ခဝေဇာနံဥနဝီသတိဝဿောပုဂ္ဂလော ဥပသမ္ပာဒေတဗ္ဗော၊ ၊ဘိက္ခဝေ၊တို့၊ဇာနံဇာနန္တော၊သိလျက်၊ ဥနဝီသတိဝဿော၊အနှစ်-နှစ်ဆယ်အောက်ယုတ်လျော့သော၊ ဝါ၊အသက်နှစ်ဆယ်မပြည့်သေးသော၊ ပုဂ္ဂလော၊ ငယ်ရွယ်သူပုဂ္ဂိုလ်ကလေးကို၊ န,ဥပသမ္ပာဒေတဗ္ဗော၊ ရဟန်းမပြုအပ်-လို့ ပညတ်တော်မူတယ်၊ ၊အဲ့-ဒါကြောင့် ရဟန်းလောင်းမောင်နာဂ။သင်ရဟန်းပြုလိုဖို့လျှင်၊ဝဿဝီသတိ၊အသက်နှစ်ဆယ်ပြည့်ပြီလားလို့ သံဃာတော်များအစည်းအဝေးကျတော့ စစ်မေးကြလိမ့်မယ်၊ ၊အဲသည်အခါ၊ သင့်မှာ-အသက်နှစ်ဆယ် ပြည့်လျှင် ပြည့်ကြောင်း၊ မပြည့်လျှင် မပြည့်ကြောင်းကို သံဃာတော် ............ လေ၊

ပရိပုဏ္ဏံနှ္တေပတ္တစီဝရံ၊ ၊နာဂ၊ တေ၊သင်အား၊ဝါ၊သင်၏၊ ပတ္တစီဝရံ၊ ဓိဋ္ဌာန်တွဲနှောင်၊ဖွဲ့မြဲအောင်ဟု တင်ဆောင်ရည်မှန်း သပိတ်တလုံးနှင့် သုံးသည်သောသင်္ကန်းသည်၊ပရိပုဏ္ဏံ၊ပြည့်စုံပြီလော၊ ဣတိပိ၊သံဃမဇ္ဈေ၊ ပုစ္ဆိ သာနို့,

ဇော်၊ပုန္တ္နွေ၊အာမဘာနွေတိဟူ၍၊ဝါ၊သမ္ပိတ်သက်နိုး ရဟန်းပရိက္ခရာဖြည့်ရုံ ပါပြီဘုရားဟူ၍၊ငွှာဗ္ဗုံ၊၏ ..... မည် ........ လေ၊

အဲ-ရဟန်းခံသည့်အခါ၊ရဟန်းလောင်းပုဂ္ဂိုလ်မှာ ထိုထိုမကွာ၊ ဆောင်သုံး ဘို့တလုံးသော သပိတ်နှင့်တိစိဝရိက်အမည်၊ သုံးထည်သောသက်နိုး ရဟန်း ပရိက္ခရာ၊ဤလေးဖြာရုံလင်စွာနေ့ငှမှ ရဟန်းပြုရတယ်၊သပိတ်နှင့်သင်္ကန်းဆင် မြန်းဘွယ်မပြည့်ရုံက ရဟန်းမခံရဘူးတဲ့၊ ၊အထူးအားဖြင့် မှတ်သားသင့် သည်မှာ၊ဘုရားရှင်လက်ထက်တော်အခါက၊သပိတ်သင်္ကန်းမပါသော ရဟန်း လျာပဥ္စင်းလောင်းကို သံဃာတော်အပေါင်းက ရဟန်းပြုပေးမိကြသည့် အ တွက်၊နောက်နှနက်အခါ-သပိတ်သင်္ကန်း မပါဘဲ ရွာထဲချင်ထဲ မြို့ပြ ထဲတွင် ဆွမ်းခံဝင်သော်၊မြင်မတော်၍မလျော်သမှု၊ရစ်ရွာနေသူ လူတရတို့က၊ကြည့်ရှု လို့မရ၊ကဲ့ရဲ့ကြသည်ကို၊ခမ္မသာမိ၊မာရဇိဘုန်းမော်ကြားသိတော်မူလေက၊ ၊ န,ဘိက္ခဝေ အ,ပတ္တစိဝရကော ဥပသမ္ပာဒေ တဗ္ဗော၊ ၊ဘိက္ခဝေ၊ တို့၊ အပတ္တစိဝရကော၊သပိတ်သင်္ကန်းမရှိသောရဟန်းလောင်းကို၊ န,ဥပသမ္ပာဒေ တဗ္ဗော၊ ရဟန်းမပြုအပ်=လို့ ပညတ်တော် မူတယ်၊ ၊အဲ-ဒါကြောင့် ရဟန်းလောင်းမောင်နာဂ၊သင်ရဟန်းပြုလိုလှလျှင်။ယခုဆိုပြခဲ့သော၊သပိတ်နှင့် တိစိ ရိက်သင်္ကန် များပြည့်ရုံပြီလား၊တို့-သံဃာတော်များ အစည်းအဝေးကျ တော့ စစ်မေးကြလိမ့်မယ်၊ ၊အဲ-သည်အခါ၊ သင့်မှာ-ဓမ္မိယာလဒ္ဓ တရား အားလျော်စွာရခဲ့သော သကာသန္တက-ကပ္ပိယသပိတ်နှင့်တိစိဝရိက် သင်္ကန်း များ၊အထင်အရှားလောက်လုံ၍ပြည့်ရုံပြီးအကြောင်းကို၊သံဃာတော် ...... ထေ၊

ကိန္နာ့မာသိ၊ ၊နာဂ၊တွ၊ကိန္န မော၊အဘယ်အမည်ရှိသည်၊အသိ၊ဖြစ် သနည်း၊ဇာတိပိ၊သံဃာမေ ဓျ ပုန္တ္တ သနိ၊ဇော် ပုန္တ္နွေ၊အဟံဘန္တေ နာဂေါနာ မာတိ၊အဟံအနန္တနာဂေါနာမပဟူ၍၊ဝါ၊တပည့်တော်သည် နာဂမည်ပါသည် ဘုရားဟူ၍ ဝဏ္ဏုံ၊အဝ်၏။ ..... မည် ..... လေ၊

အဲ-ဥတ်ကမ္မဝါကတ်ရွတ်မည့်အခါ၌၊အင်္ဂါငါးပုံ၊မွေ့တ်ရုံဘို၊ဝဏ္ဏုံနပရောမ သတိ၊ကမ္မဂ်သာရှိ၍၊ရဟန်းလောင်း၏အမည်နာမက်ဖွင့်ပြထုတ်ဆိုရွာဘတ် ဘို့သိုသောကြောင့်၊ထေရ်ပုဂ္ဂိုလ် အရှင်ဘုရားတို့က သံဃာတော်များအစည်း အဝေးကျတော့၊ငါ့ရှင်၏အမည်နာမကို သိအောင်မေးကြလိမ့်မယ်၊ ဤအခါ ကာလ၌၊တပည့်တော်၏ဘွဲ့သညာမည်နာမသည် နာဂအမည်ရှိပါသည်ဘုရား ဟု ရိုသေစွာလျှောက်ထားလေ၊

ကောနာမောတေဥပဇ္ဈာယော၊ ၊နာဂ၊တေ၊သင်၏၊ ဥပဇ္ဈာယော၊အဖြစ် ကြီးငယ်၊ကင်းပျောက်ပြယ်အောင်ဖျောက်ပယ်တတ်စွာ-ဥပဇ္ဈာယ်-မြတ်ဆရာ

သည်၊ ကောနာဂမော၊ အဘယ်အမည်တော်ရှိသနည်း၊ ဇာတိပိ၊ သံဃာမဇ္ဈေ၊ ပုဏ္ဏိသဿ၊ ဖေ၊ ပုစ္ဆ ဝန္တာ၊ ဥပဇ္ဈာယောမေဘဂ္ဂေ အာယသ္မာတိသဿေရော နာမာတိ၊ ဥပဇ္ဈာယော မေဘန္တေ အာယသ္မာ တိသ္သတ္ထေရော နာမ ဟူ၍၊ ဝါ၊ တပည့်တော်၏ဥပဇ္ဈာယ်ဆရာသည်၊ တိဿဟူသော ဘွဲ့မည်တော်သည်သာဖြင့် ထင်စွာ မယွင်း၊ မှည့်ခေါ်ခြင်းရှိပါသည်ဘုရားဟူ၍၊ ဝစ္စဟုံ၊ အစပ်၏ ......မည်......လေ၊

အဲ—ဥတ်ကမ္ဘဝါဘတ်ရှာမည့်အခါ၌ အင်္ဂါငါးတန် ယေပုတ်ရန်ဘို၊ ပုဂ္ဂလံ နပရာမသတိ၊ ကမ္ဘငင်္ဂလာရှိ၍၊ ငါ့ရှင်၏ ဥပဇ္ဈာယ်ဆရာ မည်သည့်ဘွဲ့တော် ခေါ်ဝေါ်ပုံနာမကိုဖွင့်ပြထုတ်ဆို၊ ရွတ်ဘတ်ဘို့လိုသောကြောင့်၊ ထေရ်ပုဂ္ဂိုလ် အရှင်ဘုရားတို့က၊ သံဃာများအစည်းအဝေးကျတော့၊ ဥပဇ္ဈာယ်ရိယ၏ဘွဲ့မည် တော်နာမကို မေးကြလိမ့်မည်၊ ဤအခါကာလ၌ ဘုရားတပည့်တော် နာဂ၏ ဥပဇ္ဈာစရိယဆရာတော်သည်၊ တိဿဟူသောဘွဲ့မည်တော်ဖြင့်မှည့်ခေါ်ခြင်း ရှိပါသည်ဘုရားဟူ၍ ရိုသေစွာလျှောက်ထားလေ၊

မာဂဓတောင်ကာ - နာဂဟူသော သမည်သာဖြင့်၊ သင်္ဃာတော်တို့ အစည်း အဝေးက၊ သဘောတူ မှည့်ပေးကြသော ဥပသမ္ပဒါပေက္ခ၊ ရဟန်းလောင်း မောင်နာဂ၊ ၊ဧကမန္တံ၊ ဤဌာန၌ဆုမ္ဗည္ဆုန်ကြား၊ အရပ်ရပ်စကားတို့ကို မှတ် သားပြီးခါငွေ့စေ့နာ၊ ၊နောက်ကိုမကြာ ဤခြင်းရာကို ကောင်းစွာဆွေးနွေး သံဃာတော်တို့အစည်းအဝေးကစစ်မေးကြလိမ့်မည်၊ ဤအခါကာလ၌ဘာကို မျှမငဲ့မထောက်မူ၍၊ အရှက်အကြောက် အကုန်မလာစေဘဲ ပုဏ္ဏမာ-လ,ပြည့် စန်း၊ ပဒုမ္မာ-ကြာသည့် ပန်းကဲ့သို့ ရွှင်လန်းသော မျက်နှာနှင့်၊ ဝိဂါ သေဋ္ဌနင်း ကေသရာဇာခြင်းသေ့မင်းကဲ့သို့ ရဲတင်းသောစိတ်မနောဖြင့် ဆိုပြော လျှောက် ပါလေ၊

နာဂ၊ နာဂဟူသည်ဘွဲ့အမည်ဖြင့် မှည့်ချည် တွင်ညောင်း ပဥ္စင်း လောင်း၊ မယာ၊ ငါသည်၊ တယာ၊ သင်နှင့်၊ တနည်း၊ တယာ၊ သင်သည်၊ မယာ၊ ငါနှင့်၊ သဟ၊ အတူတကွ၊ သံဃမဇ္ဈေ၊ တေ့ပါရိ၊ သုဒ္ဓိစင်ကြယ်သံဃာလယ်သို့၊ ပဝိသိတုံ၊ မကွာ ရှေ့နောက်ရံညီမြောက်အောင်လှမ်းရောက်သက်ဝင်ခြင်းငှာ၊ ဒါနိဏှာဒါနိ၊ ယခု အခါ၌၊ မေ၊ ငါ့အား၊ နပ္ပဋိရူပံ၊ အခွင့်မတော် မသင့်လျော်-ဝါ၊ သံဃာထံမှောက် တူတည်ပြိုင်ရောက်က မလျောက်ပတ်ခြေ၊ ယခုခေတ္တ တည်နေဆဲ ဌာနမှာ ကာလခိုက်တန့်ကြာမကြန့်ဘဲဆိုင်း ခင်းပင် သံဃာကိုဦးတင်လျက် ဖူးမြင် ၍နေစေဦး၊ ၊ခေါင်မှူး ပုဂ္ဂလ ဥက္ကဋ္ဌဟု အနုတ္တရ မြတ်စွာ စေသဏ္ဍာ၏ အာဏာပေးအပ် ဝိနည်းတော်ကံလေးရပ်တွင်၊ ဥတ္တိကမ္မ၊ အမိန့်တော်ပြန်ရွေး

မှ မြတ်သိသေနဋ္ဌာဒုဝယ် ဂါရဝရှိကြီး ရုံဟတ္ထာထိမိုး၍ ရှိခိုးကာညွတ်တွား လျက် သံဃာများထံမှောက်သို့ လှမ်းရောက်သက်ဝင်ခဲ့ရမည်။

အနုသာသက ရဟန်းသည်၊ ဆုမ္မခတ်းပြီးမြောက်၍
သံဃာတော်များထံမှောက်သို့ ပြန်ရောက်လာရမည့်အခါတည်း။
ဆဋ္ဌ ပုစ္ဆကိစ္စပြီး၏။

---

သင်ကြားပြသ-ဆုမ္မပြောဆိုပြီးသောရဟန်းလောင်းကို အကြောင်းအခါး
လျော်စွာ မေးဘိုရာအခွင့်တော်သဖြင့်-သံဃာတော်များ
ထံမှောက်သို့ ပြန်သွင်းဝင်ရောက်ဘို့အချိန်
ရုန်စ်ကြိမ်မြောက်ပုစ္ဆကိစ္စ။

သုဏာတု-မေ-ဘန္တေသံဃော နာဂေါအာယသ္မတော တိဿဿ ဥပ သမ္ပဒါပေက္ခော အနုသိဋ္ဌော သောမယာ ယဒိသံဃဿ ပတ္တကလ္လံ နာဂေါ အာဂစ္ဆေယျ၊ ။

{ ဩသရဏာဉတ်၊ }

ဘန္တေ၊ တို့၊သံဃော၊သည်၊မေ မမ၊၏၊ပစနံ၊ကို၊သုဏာတု၊လော၊နာဂေါ၊ သည်၊အာယသ္မတော၊သော၊တိဿဿ၊အား၊ဥပသမ္ပဒါပေက္ခော၊၏၊သော၊ ထိုနာဂမည်ကြောင်း ပဉ္စင်းလောင်းကို၊ မယာ၊ အနုသာသက၊ နာမသမုတ် အကျွန်ုပ်သည်၊ အနုသိဋ္ဌော၊ သွန်သွင်ပြလတ်ဆုမ္မအပ်ပြီ၊ သံဃဿ၊အား၊ ပတ္တကလ္လံ၊သည်၊ ယဒိသိယာ၊ ငြားအံ့၊ ဧဝံသတိ၊သော်၊ နာဂေါ၊သည်၊ အာ ဂစ္ဆေယျ၊သံဃာဘောင်သို့ မချိမှန်စွာလာရောက်ရာ၏ အာဂန္တာဟိတ်၊ အဋ္ဌ ထိကမ္မ၊ရှုပန့်သ၍ သံဃာထံမှောက် ပြန်ရောက်စေသော၊ လာခဲ့လောဟူ၍၊ ဝတ္တဗ္ဗော၊အာသုဝ်မြဲ ကိဖွင့်၊ဆယူးတင့်အောင်ကြူးရင့်ခါမှတ်-ပြောဆုအပ်၏၊ ဇာတိ၊၍သို့၊ဝစနတော၊ မြတ်စွာဘုရား ဟောကြားမြွက်ပေါ် အမိန့်တော်မြတ် ရှိသောကြောင့် နာဂ၊လောင်း၊တံ၊သင့်ကို၊သမုခိဘူတော၊မျက်မှောက်ရမိ ယခု ရှိတော်မူကြသော၊ သံဃော၊သည်၊ သံဃမဏ္ဍ ရောင်ခြည်တက်ကြွ ထွန်း တောက်ပသော စန္ဒသဖွယ် သံဃာလယ်သို့၊ အာဂန္တုံ၊ မကြာထုတ်ခြောက် ချဆိုက်မြောက်အောင် လာရောက်စိမ့်သောငှာ၊ အာမန္တယိတ္တွာ၊ဝစီဖွစ်ဆော် ခွန်းမြွက်ပေါ်၍ မိန့်ခေါ်တော် မူကြပြီ၊ တသ္မာ၊ထို့ကြောင့်၊ ဝံ၊ နာဂမည် ကြောင်း၊သင်ပဉ္စင်းလောင်းသည်၊အာဂစ္ဆ၊ သတိမတိမ်း မယိမ်းမသွေ ဆုန္ဒြေ

ကို ငြိမ်စေမယွှင်းနှလုံးသွင်းလျက်။ ဖြည်းညှင်းသက်သာ လက်ယှက်ခါဖြင့်၊ အဂ္ဂါသနေ၊သံဃာတောင်-အလယ်ဖွေသို့ ရိုသေလေးမြတ်စွာလာခဲ့သော၊

{ ဤအခါမှာ၊ရဟန်းလောင်းသံဃာတောင်သို့သက်ဝင်လာရမည်၊ }

သတ္တမ ပုစ္ဆာကိစ္စပြီး၏၊

---

ရဟန်းအဖြစ်ကိုရဘို့ရန်၊ သံဃာတော်များထံ တောင်းပန်ဘွယ်

ခွင့်အချိန်ရောက်သောရှစ်ကြိမ်မြောက်ပုစ္ဆာကိစ္စ၊

သံဃံ ဘန္တေ ဥပသမ္ပဒံယာစာမိ ဥလ္လုမ္ပတု မံဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ။

ဒုတိယမ္ပိ ဘန္တေသံဃံ ဥပသမ္ပဒံ ယာစာမိ ဥလ္လုမ္ပတုမံ ဘန္တေ သံဃောအနုကမ္ပံ ဥပ ဒါယ၊ ။

တတိယမ္ပိဘန္တေသံဃံ ဥပသမ္ပဒံ ယာစာမိ ဥလ္လုမ္ပတုမံ ဘန္တေ သံဃောအနုကမ္ပံ ဥပါဒါယ၊ ။

{အနက်ကား၊} ဘန္တေ၊အရှင်ဘုရားတို့၊ အဟံ၊အကျွန်ုပ်ဟု သမုတ်မှည့်ခေါ်တပည့်တော် ရှင်နာဂသည်၊ သံဃံ၊ မျက်မှောက်ထိမ်းပေါ် သံဃာတော်ကို၊ဥပသမ္ပဒံ၊ဘုရားသားစစ် ရဟန်းအဖြစ်ကို၊ယာစာမိ၊ ကြည်လျှံသဒ္ဓါ တောင်းပန်ပါ၏၊ ဘန္တေ၊အရှင်ဘုရားတို့၊ သံဃော၊သံဃာတော်သည်၊ မံ၊ အကျွန်ုပ်ကို၊အနုကမ္ပံ၊ ကရုဏာဖြင့် ရှုညှာထားသွင်း အစဉ် သနားခြင်းကို၊ ဥပါဒါယ၊အပေါင်းသမှု အကြောင်းပြု၍၊ဥလ္လုမ္ပတု-ဥဒ္ဓရတု၊ ကိလေသာနှင့် တည္ဘာမြေးချစ် ဂျေးအညစ်မှ ဝေးလွတ်စင်ကင်း ငွေလ,မင်းနှင့် ခရုသင်းပွတ် သစ် ပုလဲနှစ်အယောင် ကုသိုလ် ဘောင်သို့ ထုတ်ဆောင် ကယ်တင်တော်မူပါဘုရား၊

{နောက်ပုဒ်များ၊အနက်မှာ၊ထူးထွေသော အချက်ကိုသာ ပေါ်မြွက် ထုတ်ရွေး၍ သင့်လျော်ရုံရေးလိုက်အံ့။}

ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း၊ဘန္တေ၊အရှင်ဘုရားတို့၊အဟံ၊ အကျွန်ုပ်ဟု သမုတ်မှည့်ခေါ်၊ ............ အကြောင်းပြု၍၊ဥလ္လုမ္ပတု-ဥဒ္ဓရတု၊ သိထသိက္ခာ သေးငယ်စွာသော သာမဏေရ၊ ရှင်ဘဂမှ နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်ဟု ကြီးကျယ်များစွာ ဂုဏ်ဟိတ်ဖြာသည့် သိက္ခာသီလ ဖြည့်ကျင့်ရသော၊ဥပသမ္ပဒ၊ သာသနာအစစ် ရဟန်းဖြစ်အောင်-ပဥ္စင်းဘောင်သို့ ထုတ်ဆောင် ကယ်တင်

တော်မူပါဘုရား၊ ၊တတိယသိက္ခာ-သုံးကြိမ်မြောက်လည်း၊ ဘန္တေ၊............... ဥလ္လုမ္ပတု-ဥဒ္ဓရတု၊ သံသရာဖြင့်ကျယ် ဝဋ်ပင်လယ်မှ သောင်စွယ် ဆိပ်ငြ ပိမုတ္တိနိဗ္ဗာန်သို့ ဆောင်ယူကယ်တင်တော်မူပါဘုရား၊ ၊

{ဇင်းသံဃာဘန္တေ စသော တောင်းပန်မှု အကြောင်းကို ရဟန်းလောင်း ကိုယ်တိုင်နှုတ်လွတ်ရွတ်ဆိုနိုင်က သင်ပြပေးဘွယ်မရှိ၊ မရွတ်ဆိုနိုင် ဖြစ်ဘိ သော် သံဃာတော်တပါးပါးက သင်ပြပေးဘို့ရန်အကြောင်း၊}

အဋ္ဌမ ပုစ္ဆာကိစ္စပြီး၏၊

---

{အန္တရာယိကဓမ္မကို သံဃာများအလယ်၌ မေးမြန်းဘွယ် အချိန်တန်၍ ဥက္ကဋ္ဌိဒုတိယကံဖြင့် ဆောင်ရွက်ရန်အလုပ် ရှတ်ဘာသ်၍သမုတ်ခြင်းဟူသော ၉ ကြိမ်မြောက် ပုစ္ဆာကိစ္စ၊}

သုဏာတု မေဘန္တေ သံဃော နာဂေါ အာယသ္မတော တိဿဿ ဥပ သမ္ပဒါပေက္ခော ယဒိသံဃဿ ပတ္တကလ္လံ အဟံနာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ၊ ၊{ပုစ္ဆကဉတ်၊}

ဘန္တေ၊တို့၊သံဃာ၊သည်၊မေ-မမ၊၏၊ဝစနံ၊ကို၊သုဏာတု၊လော၊နာဂေါ၊ သည်၊ အာယသ္မတော၊သော၊ တိဿဿ၊အား၊ ဥပသမ္ပဒါပေက္ခော၊ ၏၊ သံဃဿ၊အား၊ ပတ္တကလ္လံ၊သည်၊ ယဒိအတ္ထိ၊အံ့၊ ဧဝံသတိ၊သော်၊ အဟံ၊ သည်၊နာဂံ၊ကို၊ အန္တရာယိကေ၊အန္တရာယ်ကိုပြုတတ်ကုန်သော၊ ဓမ္မေ၊ကုဋ္ဌ ဂဏ္ဍ၊စသည်များပြား၊ပုစ္ဆိတဗ္ဗသဘောတရားတို့ကို၊ပုစ္ဆေယျံ၊ ဘုရား၊အလို ယုတ်မပိုအောင် ထုတ်ဆိုမေးသွ မေးမြန်းပေအံ့၊

နဝမ ပုစ္ဆာကိစ္စပြီး၏၊

---

{အန္တရာယိကဓမ္မ ပုစ္ဆိတဗ္ဗအသွယ်သွယ်ကို သံဃာတော်များအလယ်မှာ စင်ကြယ်ဘို့ရာအခရေး စစ်ဆေး မေးမြန်းရန်အချိန် ၁၀-ကြိမ်မြောက် ပုစ္ဆာကိစ္စ။}

သုဏာသိနာဂ၊ ၊နာဂ၊အယ္ယာဝါဂရက် သံသာစက်မှ ထွက်လိုမှ ရဟန်း ပြုဘို့ ဘိက္ခုဝါဟာ မည်သညာနှင့် နှစ်ဖြာမူရ ကျိုးလုံ၍ ဓမ္မပူဇော် တ ရားပျော်မည့် သူတော်မှန်တ ရဟန်းလောင်းမောင်နာဂ၊ မမ၊ပုစ္ဆကသမုတိ ရရှိ မှန်စွာငါဆရာ၏၊ ဝစနံ၊ မေးခွန်းထုတ်ရာ ပုစ္ဆာဖြက်ကြား ပြဿနာစကားကို၊ သုဏာသိ၊ မသွမ်းဖါက် ထွေထွေကောက်၍ ဖြေလျှောက်ရန်ပင် နားပန်ဆင်

လော၊ အယံ၊ သံဃာ့ဘောင်တွင် သိက္ခာတင်ဘို့ ခုဝင်ရောက်လာ ၍အခါ သည်၊ တော၊ သင်နာဂ၏၊ သစ္စကာလော၊ သဘောဇကန် မသွေဖွန်ဘဲ အမှန်ကို သာလျှောက်ဆိုရမည့်အခါတည်း၊ ဘူတကာလော၊ ဝတ္ထုဘူတ-ဟုတ်သမျှကို မချထင်စွာ၊လျှောက်ထားရမည့်အခါတည်း၊ ယံ၊ အကြင်ကုမ္ဘ ဂဏ၊ အစရှိ သောအန္တရာယိကဓမ္မသည်၊ ဇာတံ၊သင့်၏ကိုယ်ဝယ်ဖြစ်စင်ကြသ်ဘို့ မေး ဘွယ်မသွေ ဖြစ်လျက်နေ၏၊ တံ၊ထိုအန္တရာယိကဓမ္မ၊ ဟူသမျှကို၊ ပုစ္ဆာမိ၊ ယခုစစ်ဆေး၊ သိလိုရေးနှင့်ငါမေး၏၊ သန္တံ၊ သိသာထင်ရှား-ငင်စစ်အားဖြင့်၊ ဖြစ်ပွါး ထို၍-ရှိနေသည်ကို၊ အတ္ထိဘိ၊ အထင် အရှား ရှိပါသည် ဘုရား ဟူ၍၊ ဝတ္တဗ္ဗံ၊ ရိုးသလေးမြတ် လျှောက်ထား အပ်၏၊ အသန္တံ၊ တပံ တခု အပြစ်ပြုဘို့ ဖြစ်မှုထို၍ မရှိသည်ကို၊ နတ္ထိဘိ၊ဘာတခုမျှ ဖြစ်မှုငြိစရာ မရှိ ပါဘုရားဟူ၍၊ ဝတ္တဗ္ဗံ၊လေးမြတ်ရိုသေ လျှောက်ထားလေ၊ နာဂ၊ လောင်း၊ တော၊ ၏၊ သရိရေ၊ ကာရဇကာယ၊ ကလာပဟု နာမဆိုရာ ကိုယ်ခန္ဓာ၌၊ ဧဝရူပါ၊ ၍သို့ အဖုံဖုံ၊မေးမြန်းဘွယ် သဘောရှိကုန်သော၊ အာဗာဓာ၊ ကျင်နာခံခက် လွန်စိတ် ပျက်ဘို့ နှိပ်စက်ပွားတိုး အနာကြီးငါးမျိုးတို့သည်၊သန္တိ၊ထင်ရှားမှန်စွာ ရှိကုန် ပါအံ့၊တတ္ထ၊တသုအာဗာဓေသု၊ထိုထိုပွားတိုး သွေးသားဆိုးသော အနာကြီး ငါးမျိုးတို့တွင်၊ကုဋ္ဌံ၊ကိုယ်လက်ရောင်ရမ်း၊ဖေါ်အမ်းအမ်းနှင့် သဖမ်းဟူသည် လူမသတီဘို့ နှိနှိနှက် ရုပ်ရေပျက်သော သမင်ရက်မျိုး ရောဂါဆိုးသည်၊ အတ္ထိ၊ ရှိသလော၊

{ရဟန်းလောင်းက၊ ၊နတ္ထိဘန္တေ၊ ၊ဘန္တေ၊အရှင်မြတ်၊ မေ၊အကျွန်ုပ်၏၊ သရိရေ၊ခန္ဓာကိုယ်၌၊ ကုဋ္ဌံ နှနာသည်၊ နတ္ထိ၊မရှိပါဘုရား၊ ၊ဟု-လျှောက် ထားဖြေဆိုလေ၊}

ဂဏ္ဍော၊အဆိသွေးပု ပေါင်းဆုံမှုဖြင့် မြင်းဖုဝေါဟာ ထွတ်ဒိုင်းနာဟု ရိုင်း စွာခေါ်ရိုး ရောဂါဆိုးသည်၊အတ္ထိ၊ရှိသလော၊

{ရဟန်းလောင်းက၊ ၊နတ္ထိဘန္တေ၊ ၊ဘန္တေ၊ အရှင်မြတ်၊ နတ္ထိ၊ မရှိပါ ဘုရားဟု-လျှောက်ထားလေ၊}

ကိလာသော၊ နွားပြောက် နွားကျား ကဲ့အလားသို့ အသားအရေ ပျက် ကွက်လေအောင် ကြက်သရေရိုယွင်း ဖျက်ဖြိုခွင်းသော ပွေးညှင်းခေါ်ရိုး ရောဂါဆိုးသည်၊အတ္ထိ၊ရှိသလော၊

{ရဟန်းလောင်းက၊ ၊နတ္ထိဘန္တေ၊မရှိပါဘုရားဟုလျှောက်ထားလေ၊}

သောသော၊ အသွေးအသား ဖြေးဖြေးပါအောင် ခြေ့ရှားဆုတ်ယုတ် တ ဟုတ်ဟုတ်နှင့်ခရယုဂ်ရောဂါ ချောင်းဆိုးနာသည်၊အတ္ထိ၊လော၊

{ရဟန်းလောင်းက၊ ၊နတ္ထိဘန္တေ၊မရှိပါဘုရားဟု–လျှောက်ထားလေ၊}

အပ္ပမာရော၊ သည်းခြေမည်ီ ပွေပထိလျှာ် ဝေရိဘီလူး အမှောင့်ပူးသော ဝက်ရူးခေါ်ရိုး ရောဂါဆိုးသည်၊ အတ္ထိ၊လော၊

{ရဟန်းလောင်းက၊ ၊နတ္ထိဘန္တေ၊မရှိပါဘုရားဟု–လျှောက်ထားလေ၊}

နာဂ၊လောင်း၊ တွံ၊သည်၊ မနုဿော၊မျိုးရိုးဇာတိ–လူဇာတ်ရှိသည့် ဘမိနှစ်ပါး၊ ထိုကဖွါးသဖြင့် လူသားကေန် စင်စစ်မှန်သည်၊ အသိ၊ဖြစ်၏လော၊

{ရဟန်းလောင်းက၊ ၊အာမဘန္တေ၊ ၊ဘန္တေ၊အရှင်မြတ်၊အာမ၊ဩဘ် လူသားကေန် စင်စစ်မှန်ပါ၏ဘုရားဟု–လျှောက်ထားလေ၊}

နာဂ၊သောင်း၊တွံ၊သည်၊ ပုရိသော၊နပုန်းပဏ္ဍုက်ကံအရှုပ်ကြောင့်နာမ်ရုပ်သဘော တူမနှောဘဲ၊ပုနက္ခာထင်ရှား လူယောကျ်ားသည်၊အသိ၊ဖြစ်၏လော၊

{အာမဘန္တေ၊ ၊ဘန္တေ၊ အရှင်မြတ်၊ အာမ၊ ဩဘ် ယောကျ်ားကေန် စင်စစ်မှန်ပါ၏ဘုရား၊}

နာဂ၊ တွံ၊ ဘုဇိဿော၊အန္တေဝါသိကာ၊စ,စွာပြသည့်ဒါသ–လေးတန်မဆက် ဆံဘဲ တော်သှန်မင်းစစ် ကျွန်မဖြစ်၍ စင်စစ်ကေန် သူကောင်းမှန်သည်၊အသိ၊ ဖြစ်၏လော၊ ၊{အာမဘန္တေ၊ စင်စစ်ကေန် သူကောင်းမှန်ပါ၏ဘုရား၊}

နာဂ၊ တွံ၊ အနဏော၊ သူမြီသူကြွေး ပြန်ဆပ်ပေးဘို့ ညစ်ကြေးမတင် ဖြစ်ပေးစင်သည်၊အသိ၊လော၊

{အာမဘန္တေ၊ သူကြွေးသူမြီမတင် သန့်ရှင်းစင်ပါ၏ဘုရား၊}

နာဂ၊ တွံ၊ ရာဇဘဋော၊ မင်းမှုးမတ်ထံ စေခိုင်းခံသော တမန်ယောကျ်ား ပုလိပ်သားစသောသူသည်၊ ဝါ၊ပရံလာတိဂဏ္ဍာတိတ်ပုလိပ်၊ ကိတ်ဝိဂြိုဟ်ဖွင့် ဟန်၊ ၊ပရံတာယတိရက္ခတိတိပြာတာ၊ဤသဒ္ဒါတနည်း၊ထေရ်မဟာကစ္စည်း၏ လိုတော်နည်းရင်းအမှန် ဆိုပေါ်မြိုးသွင်းကြိုလျှင် မင်းဒါဏ် ရာဇဝတ် မှုဝန် စွပ်၍ မလွတ်ဘိမူ ငြိသသူကို ဘမ်းယူပြီးခါ သူ့ဆိုင်ရာဟု ဌာနရုံးဂါတ် ပို့ ဆောင်အပ်ဘို့ နံပါတ်တံဆိပ် ရင်မှာနှိပ်သည့် ပုလိပ်ပြာတာ အစ,ဖြာသော လ,စာယူစား သူ့,ခစားသည်၊နှ,အသိ၊မဟုတ်ဘဲရှိ၏လော၊

{အာမဘန္တေ၊မင်းခစားယောကျ်ားမဟုတ်ပါဘုရား၊}

နာဂ၊တွံ၊သင့်ကို၊ မာတာပိတူဟိ၊ ရင်သွေးမျက်ရူ–ချစ်သက်ဝဟုယုယု ယယပြုပုကြ၍သုခကြွယ်ပြီး ချမ်းသာတိုးအောင်မြတ်နိုးစောင့်ရှောက်မေတ္တာ မောက်သျှက်၊ ကြီးမြောက်ဂုဏ်အင်ကျေးဇူးရှင် ဖြစ်ကြပေကုန်သောသင်၏ မိခင်ဘခင်တို့သည်၊အနုညာတော၊ကိလေ့ဖွဲနှောင် လူတို့ဘောင်မှ ခွါရှောင် လွတ်ကင်း၊ သာသနာတွင်းဝယ်၊သားရင်းယခုပဥ္စင်းပြု၍၊တရားမွေ့ သေတော့

ဟု ချမ်းမြေ့နူးညွတ်၊ ချင်းတို့ဝတ်ဖြင့်ခွင့်လွှတ်လိုက်သည်၊အသိ၊လော။ ။
{အာမဘာန္တေ၊မိဘနှစ်ဦးက၊အနူးအညွတ်ခွင့်လွှတ်လိုက်ပါ၏ဘုရား၊}

နာဂ၊တွံ၊သည်၊ပရိပုဏ္ဏဝိသတိဝဿော၊အသက်နှစ်ဆယ်ပြည့်ဖြိုးကြွယ်သည်၊ဝါ၊ သနွေတည်စ၊ ရေကြည်ကလျှင်၊ ဇီဝရှယ်ကြည့်၊ နှစ်ဆယ်ပြည့်သည်၊ အသိ၊လော။ ။{အာမဘာန္တေ၊အသက်နှစ်ဆယ်ပြည့်ပါပြီဘုရား၊}

နာဂ တေ၊သင်အား၊ဝါ၊သင်၏၊ပတ္တစီဝရံ၊ဝိကင်ဖိဋ္ဌာန် တံဆိပ်နှံလျက်၊ နိပ္ပံမြဲနှောင်-ပြုတင်ဆောင်တို့ ညှိမှောင်မည်းချိပ် တလုံးသောသပိတ်နှင့်တိစီဝရိက်ခေါ်မှန်း၊ဒုကုဋ်စသည်-သုံးထည်သောသင်္ကန်းသည်၊ပရိပုဏ္ဏံ၊ပေါင်းရဉ်းသုံ-ပြည့်ရုံပြီလော၊ ။ {အာမဘာန္တေ၊သပိတ်သင်္ကန်းပြည့်ရုံပါပြီဘုရား၊}

နာဂ၊တွံ၊သည်၊ကိန္နာမော၊အဘယ်ဗျုပ္ပတ် ဝစနတ်နှင့် ပညတ်ဂုဏ်ရည် ဘယ်ပုံချည်သဖြင့်၊ အဘယ်သို့သောအမည်ရှိသည်၊ အသိ၊ဖြစ်သနည်း။ ။
{အဟံဘန္တေနာဂေါနာမ၊ ။ဘန္တေ၊ အရှင်မြတ်၊ အဟံ၊ တပည့်တော်သည်၊နာဂေါနာမ၊နာဂမည်ပါသည်ဘုရား၊}

နာဂ၊တေ၊သင့်အား၊ဝါ၊သင်၏၊ဥပဇ္ဈာယော၊အဖြစ်ကြီးငယ်အသွယ်သွယ်ကိုပျောက်ဖယ်ပေတတ်၊ ဥပဇ္ဈာယ်ဆရာမြတ်သည်၊ ကောနာမော၊ ဘယ်ဆရာတော် ဘယ်ထေရ်ကျော်ဟု-ခေါ်ဝေါ် ပညတ် ဘွဲ့မည်တပ်၍၊ မှည့်အပ်ပါသနည်း၊

{ဥပဇ္ဈာယော မေဘန္တေ အာယသ္မာ၊ တိဿတ္ထေရောနာမ၊ ။ဘန္တေ၊ အရှင်မြတ်၊မေ၊ အကျွန်ုပ်ခေါ် တပည့်တော်၏၊ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။အာယသ္မာ၊ရှည်သောသက်တော်ရှိသော၊ တိဿတ္ထေရောနာမ၊ တိဿဟူသည့်ဘွဲ့တော်မည်ရှိပါသည်ဘုရား၊}

ကိန္နာမောသိ၊ အဟောရှိသော ပါဠိပုစ္ဆာ-ပြဿနာဖြင့်၊ သညာဖွဲ့ချည်၊ သင့်အမည်ကိုအတည်ဘကျ၊ ဆိုလိုလှ၍၊ ချိမြကြည်ဇေ၊ ငါတို့က မေးသည်ရှိသော်၊ အဟံဘန္တေနာဂေါနာမ၊ဟု-ဂါရဝအညွတ်၊ ပဋိဉာဉ်ဖြင့်၊ တင်ချိရိုကြိုး၊ ထက်ရုံမိုး၍၊ရှိခိုးပြီးလျှင်၊လျှောက်ပန်ဆင်သောကြောင့်၊ ၊ပါပဥ္စကိဋ္ဌသံဝေရာ၊ စံသိဒ္ဓရိတံဒုက္ကဋ္ဌံ၊ အပုညာကုသလံကဏှံ၊ ကလုသံဒုရိတာဂုစ၊ ။မာဂဓအဘိဓာန်၊မိန့်ဟန်ဂါထာ၊ လာသည်အရ၊ ။အ,ဂန္တုဗ္ဗံန ဂစ္ဆတိ ဧတနာတိအာဂု၊ ။လှစ်ပြုဝိဂြိုဟ်၊မိန့်ဆိုညီစွာ၊ ဖွင့်ဋီကာကြောင့်၊ ယုတ်မာညစ်ကျုအကုသိုလ်အဖြစ်ရသည်။အာဂုမည်၏၊ ။အာဂုံန ကရောတီတိ နာဂေါ၊ ။ဟူသော မဟာနိဒ္ဒေသ၊ နာမတွင်ခေါ်၊ ပါဠိတော်မြတ်၊ ဟောပြအပ်သည်နှင့်အညီ၊အလီထိမှု၊အဖြစ်ရဟု-အာဂုအပေါင်း၊ပါယ်လမ်းကြောင်းကို၊ ကောင်း

ကောင်းမြင်ရှု၊ဆင်ခြင်မှုဖြင့်၊ မပြုမကျင့်တတ်သော သကတ်နွားသူ။ ။ဤသို့သောသဘာဝကြောင့်၊ သင်၏အမည်နာမည်ကို၊ နာဂဟူ၍မှတ်။ ။တပိကပ်တသဘော၊ အထဝါနယောမှာ၊ ။နာဂေါတု ရဂ ဟတ္ထိသု၊ နာဂရုက္ခေတ ထုတ္တမေ၊ ။ဟူသောအဘိဓာန်ဂါထာ၊မိန့်မှာသည်တဖုံ။ ။အာဂုံ ဥဒါယိ နကရောဟိ ကာယေန ဝါစာယ မနသာတိ နာဂေါ၊ ။ပြဟောထွင်ဖွင့်ကြူးရင့်ထုတ်ဆို၊အင်္ဂုတ္တိုရ်ဂကား၊ဘုရားမြတ်အမိန့်တော်နှင့် သင့်လျော်အညီ၊ ။ဥဒါယိချစ်သား၊ ဆင်နဂါး စသော တိရစ္ဆာန်များကို နာဂ,ဟု ဆိုသည်မှာ၊ အမည်သညာနှင့် အမူအကျင့်၊ မတူသင့်ခွင့်မလျော်၊ အကြောင်းကိုမမျှော်ဘဲ၊ ခေါ်ဝေါ်သောအမည်ဟု၊ ရဋ္ဌိစကား၊ သင်မှတ်သားသော၊ ဘုရားပစ္စေကဗုဒ္ဓါ၊ ရဟန္တာအစ၊ ကလျာဏအရှင်၊ သူတော်စင် သူ့တော်ကောင်း၊ သပ္ပုရိသ်အပေါင်းတို့သည်ကား၊ မကောင်းမှု အကုသိုလ်ကိုမပြုလိုရှောင်ရှား၍ကိုယ်နှုတ်စိတ်သုံးပါးဖြင့်၊ မပြုကျင့် မကြံစီသောကြောင့်။ နာမည်နှင့်အကျင့်၊ သင့်တင့်စွာညီညွတ်၍၊ အနွတ္ထသညာမှန်ပေသည်။ ဥဒါယိသား၊ ဆိုခဲ့ပြီးအကြောင်းများကြောင့်၊ ငါဘုရား၏ တပည့်သား သာဝကကို နာဂဟူသော ဘွဲ့မည်တပ်၍၊ ပညတ်ခေါ်ဝေါ်စေဟု၊ သဗ္ဗညုစောဖျား အမိန့်တော်ထားသောကြောင့်၊ ဘုရားပစ္စေကဗုဒ္ဓါ၊ ရဟန္တာဟု၊ အရိယာသခင်၊ ဝိသုဒ္ဓိမြတ်အရှင်တို့၊ နှုပ်မစင်ဘင်ပုပ်ကဲ့သို့၊ စက်ဆုပ်ရွံရှာ၊ ထွေဘွယ်ရာကို၊ ပယ်ခွါစွန့်ပစ်၊ ငါးကာမဂုံ၊ မျှားအာရုံ၊ ဃရာဝါသမှ မြဲ့အညစ်တို့မှ၊ ပြုသစ်ငွဋ္ဌာနံ၊ စင်ကြယ်ရာ ရှာကြံလျက်၊ သာသနံခေတ်ကောင်း၌၊ အပြစ်ပေါင်း ကိလေသာတို့ကို၊ ပိစေရာစွင်းသတ်၊ ဖိုဠ်ကြောကာ ရှင်းဖြတ်၍ အလင်းခေတ်အာဂမ၊ ချဉ်းကပ်မိ သဘာဝကြောင့်၊ သင်၏အမည်ကို၊ နာဂဟူ၍မှတ်၊ ။

ကောနာမေတေ ဥပဇ္ဈာယော၊ လာသောဒေသနာ၊ ပုစ္ဆာစကား၊ ထုတ်ခါကြားအပ်သော ဘုရားမြတ် အမိန့်တော်နှင့် သင့်လျော်အညီ- နှစ်ထိကြောင်းကျိုး၊ ကောင်းအဆိုး၊ လမ်းရိုးမဲ့ ပြင်၊ ဆုမွှာသင်ပေသောငါ့ရှင်၏ ဥပဇ္ဈာယ်ဆရာကိုဘယ်သညာဘွဲ့တော်ဖြင့်၊ မှည့်ခေါ် ခြင်းပြုသနည်းဟုသိလိုမှုအရေးနှင့်ငါတို့ကစစ်မေးရာ။ ။ဥပဇ္ဈာ ယောမေဘန္တေ အာယသ္မာတိဿတ္ထေရောနာမ၊ဟု ပါဠိထုတ်၍၊ မာဂဓပုဒ်အမည်ဖြင့်၊ နှုတ်ဝစီ မြွက်ကြား၍ ရိုးသစွာ သင်ချောက်ထားသောကြောင့်၊ သင်၏ဥပဇ္ဈာယ် ဆရာတော်ဘုရားကြီးမှာ၊ ။ မနသာဥပေဌသိဿနံ ဝဇ္ဇာဝဇ္ဇံ ဈာယတီတိ ဥပဇ္ဈာယော၊ ။မိန့်သောဝစနတ်၊ ကဏ္ဍသာမ်ဖြင့် ပြုအင်ဝိဂ္ဂဟ=ကိတ်ပဒ္ဒသ၊အနိဋ္ဌအတ္တရာယ် အသွယ်သွယ်-ကြီးငယ်ရှေ့ရံ၊ အပြစ်ရကို ကင်ရှုစေတတ်၊ထုတ်ကြည်းစေတတ်၊ ဆိ

စေတတ်သော အစ္ဆွာအရ သဘာဝနှင့် ဝါစက,ညီဘိ၊တထိသိပြီးချွင်၊ ။ နိဗ္ဗိဟိ အနုဂ္ဂဟေဟိ အနုဂ္ဂဟေတွာ၊အထ္တနော နိသိတကေ သိသေ မဓွော္တာ ဒကေနတော သေတီတိ တိသော၊ ။ကိတ်သဘော ဗိဂြိုဟ်၊ မိန့်ဆိုဖွစ်ပြ၊ ဗျုပ္ပတ္တိအရမှာ၊ ဓမ္မပစ္စသာ၊ ပေါင်းနှစ်ဖြာဖြင့်၊ကောင်းစွာခြိုးမြင့်၊နောင်အရှည် ကြီးမြင့်တို့၊ မှီးသဖြင့် အသိမစောင်းရအောင် များပြားသည့် တပည့်အပေါင်း အား၊သတိကောင်းဖေ့ာကပ်လျက် အနေ့ာတတ်ရေစင်ဖျန်းသကဲ့သို့။ ဌွင်လန်း နှစ်သိမ့်စေတတ်သော ဂုဏ်သကတ်အရှိ၊ ရုံမလပ်ပြည့်သောကြောင့်၊ သင်၏ ဉပဇ္ဈာယ်ဆရာ-မဟာထေရ်အရှင်မြတ်ကြီးမှာ၊ ဘုန်မီးတောက်ထိန်၊ ဝရေဇိန် သို့၊အရှိန်တေဇော်၊ကြီးမားသော အာနုဘော်ဖြင့်၊ ထင်ပေါ်ကိတ္တိ၊ ကျော်စော ခြင်းမကွာရှိသဖြင့်၊ပါဠိ-အဋ္ဌကထာ-ကျမ်းဋီကာအရုံရုံ၊ ဂဏ္ဌိပါအဖုံဖုံ၌၊ကုန် လုံနှံ့စပ်၊ များဉသုံမွှေတတ်သည့်ပြင်၊ ဗြိုဟာဒ် ရာဇမတ္တန်၊ ဆန်းကလာပ် ဗျာကရဏ်နှင့်၊အဘိဓာန်နိဿယာ၊သဒ္ဒါဋီကာ၊ဗဲ့ဗုဒ္ဓအောင် ကျမ်းထိမ္မာ သဖြင့် အရေရာသင့်တော်၊အချုပ်အချုံး၊ ဖွဲ့အလုံးတို့မှာလည်း။ ။လွှဲသုံးပုံအ ချက်လျော်သောကြောင့်၊ အသက်တော်ဒီဃာယု၊ ရဲ့နှစ်ဆယ်ရှည်ကြာမှုဖြင့်၊ တည်ပါဟု-များဇနေတို့က၊ပွါးမသွေ-ဆုတောင်းကြသဖြင့်၊ ရပေါင်းအဝဝ မဓွော္တာဒကကြောင့် {......နဂရေဌာန} {......ဌာဂါမတွင်} (...... ကျောင်း ဝိဟာရဝယ်)နှရိယာပထ-ညီစွာစံလျက်၊ထေရ်မဟာအရဟံ- ကသပကြီး ကဲ့သို့၊မြတ်ခမ္ပထီး၊ အရိပ်ဝေဌလျက်၊ သိဿစ-တပည့်အများတို့ကို၊ ဝိပြား အောင်-ထုံးနယဖြင့်၊ဆုမ္ဗတော်မူလေ့ရှိပါသော (...... ဆရာတော်အရှင်ဘုရား ကြီး၏ ခြံးသိးထုတ်ပြ' ဘွဲ့မည်တော် နာမကို၊ ဆိုခဲ့ပြီးဟိတ်အရဖြင့် တိသ ဟူ၍မှတ်၊ ။

ယခုအခါ-အစဉ္စာ၌ ကမ္မဝါဉတ် လက်ဦးဘာတ်ခဲ့သော-အရှင်မြတ်မထေရ် ဘုန်းဘုရား၊ ပထမဉ်သုံးပါးတို့နှင့်တကွ၊ ဆုံးဖျားတိုင်ရောက် လိုသရွေ့ ပြီး မြောက်အောင် ခြိုးမြောက်ရွတ်ဘတ်တော် မူကြမည့်၊ ပါဏ်ဝုပဂ္ဂိုလ်ကျော် ဆရာတော် အရှင်မြတ်တို့မှာမူကား၊ ။ဗျတ္တေနဘိက္ခုနာပဋိဗလေန သံဃော ဉာပေတဗ္ဗော၊ ။ဗုဒ္ဓါဝါဒ၊ထုတ်ဟောကာပြအပ်သော ပါဠိစနစ္စေ့ဗျာ-ဒေသနာ မြတ်၊ပေပါဠိုနှင့်လျောက်ပတ်သင့်ညီစွာ၊အဋ္ဌကထာနှင့်တကွ ပါဠိတော်မြတ်- ဝိနယပိဋကတ်ကို ရွတ်ဘတ်ဘို့ရာ နှုတ်အာဂုံ လာနိုင်ခြင်း၊ ။ယင်းသို့ မဟုတ်၊အကျဉ်းချုပ်သော်၊ဥတ္တိုငတုတ္ထ၊ဥပသမ္ပဒကမ္မဝါစာအားလုံးကို အစ အဆုံး-စွဲသုံးမှတ်ရန် ဆရာ ကောင်း-ဆရာ မြတ်တို့ထံမှ၊ မှန်ကန် ကျနရွတ် ဘတ်ဟန်နိုသျှက်ကြောင်းမှန်စွာရရှိက သုဂဟိတ,တွင်ခေါ်၊ ။မချော်မများ

ကျော်မယွှားဘဲ-ချောမောစွာ ညက်ညက်သွားအောင်-ဖြွက်ကြား အာလုဝ်
ဖွင့်ဆိုကာထုတ်နိုင်က ဝါရဂ္ဂတ,မည်ပေ၊ ။ဤနှစ်ထွေ ပြည့်လတ်က၊ ဗျဉ္ဇန၏
ဂုဏ်အင်္ဂါ ရုံလင်စွာအကြောင်းတမျိုး။ ။ချောင်းဆိုးရောဂါ ကုတ်သွှီးနာ
နှင့် သေမှာဒိက-ကင်းလွတ်ရ၍၊ ။ဩဋ္ဌဒန္တာ-ရုံညီစွာဖြင့်၊ဖိဝ္ဂါစေ့စပ်၊ ။
ဝိဥ္စကတ်အများ သိမှတ်အားဖြင့် သင်ကြားဆောင်ရွက်၊ ။ဤ{၃}ချက်နှင့်
နှုန်းမပျက်-ရုံပြည့်က ဂုဏ် ငဝိုဗလ-ဒုတိယ အင်္ဂါဟု အဋ္ဌကထာ ဖွင့်ဟန်
ကြောင့်၊ ။ကမ္မဝါစာတိတိကမ္မဝါစာ၊ ။သိဿာနံပတိတံအာစရိယတိတိ အာစ
ရိယော၊ ။ကမ္မဝါစာယ- အနုသာသကော- အာစရိယော- ကမ္မဝါစာစရိ
ယော၊ ။ဟူသောဝစနတ် ပြုလုပ်အပ်သည့်နှင့်လျော်စွာ၊ ။သုဏာတုမေ
ဘန္တေသံဃော အဇ္ဇပေဝမေတံခံရယာမိ၊အဆုံးရှိသော-ဉတ္တိစတုတ္ထ ဥပသမ္ပဒ
ကမ္မဝါစာ၊ဒေသနာကို သေချာညှိနှိုင်း မဆုံတ်ဆိုင်းဘဲ ကရိုဏ်းပယ်တတ် ပိုင်း
ဖြတ်ဌာနစဉ် ဗျဉ္ဇနဂုဏ် မယုတ်ဘိအောင် မုနိအာဏာ ထက်မြတ်စွာတို့၊အက္ခ
ရာ တလုံးတလုံးကို ရွတ်ဘတ်မည့် အသုံးအနှုန်း၌ စိတ်နှလုံးသတိ ဆောင်ပြီး
လျှင် မြင့်မိုရ်တောင်-ပဗ္ဗတကို ချိကြွမည့်အဟန် ဝိရိယ-အားသန်လျက်-ဗလ,
မာန်-အလွတ်ခဲလို့ မို့၊ ရွတ်နွဲ့တို့-အစီအစဉ်ဖြင့် ပီပြင်အောင်-ဘတ်လှည့်၍၊
ဗျဉ္ဇနှင့်-ပဋိဗလ ဒွိနှစ်ဝ ကဝိဂုဏ်တို့နှင့်-ပြည့်ရုံညီညာ၊ သုတဓရ အမည်
သာသော ကမ္မဝါဆရာ-မြတ်ဘုရားတရဟု အမှတ်အသားပြုလေ၊ ။

ပဥ္စဝဂ္ဂနဒ္ဓပေတွာ မဇ္ဈိမေသု ဇနပဒေသု၊ ဥပသမ္ပဒ၊ အဗ္ဘာနကမ္မဥ္စ၊
သဗ္ဗံ သံဃကမ္မံကာတုံ-ဝဋ္ဋတိ၊ ။ဖွင့်ရှိ အဋ္ဌကထာ လာသည်နှင့်အညီ ခန့်
ရည်သင်္ချာ ယုဇနာမှု ကိုးရာပတ်ပိုက် မချွတ်ကိုက်အတွက်၊ကံဆောင်ရွက်တို့
ပဥ္စဝဂ်သံဃာတော်ဖြစ်သည်၊ ဉတ္တိစတုတ္ထဥပသမ္ပဒကမ်နှင့်၊ အဗ္ဘာနကမ်၊
ဤနှစ်ထန်ကို ရွတ်ဆောင်ရန်မရှိ၊ပစ္စန္တိမှတ်သား-သေးသိမ်သော ဇနပုဒ် များ
မှာ အယုတ်အားဖြင့်၊ ငါးပါးသင်္ချာ ပဥ္စဝဂ် သံဃာတို့ နှစ်တောင်ထွာမှတ်-
ဟတ္ထပါသ်တွင်းရှိ၊ ကင်ချဉ်းမိက ပရိသသမ္ပတ္တိရုံညီဘိ၍ ဉတ္တိစတုတ္ထ ဥပ
သမ္ပဒမှ-အောင်မြောက်ဘို့-အခွင့်ပြုသောကြောင့်၊ယခုအခါ သင့်ကိုသာလျှင်
အကြောင်းဆင်၍ ကောင်းအင်ရှုမှန်း ရဟန်းဖြစ်ခွင့်၊ ပြီးစီးသင့်အောင် ဖြီးဖြွင့်
ရွယ်ရည်၊ကာယစိတ္တ-ဒွိနှစ်ဝ-ပုံမှုသောသာမဂ္ဂီနှင့် ကူညီမှိုင်းမ-ဝိုင်းဝန်းတော်
မူကြသော သမဂ္ဂသံဃာ=ပေါင်းပုဂ္ဂိုလ်များစွာတွင်၊ဥပဇ္ဈာယ်ဆရာနှင့် ကမ္မ
ဝါဆရာတို့ကို နုတ်ယူကာချန်ချွင်း၊ဤခဏ္ဍသိမ်အတွင်း၌ ကျန်အကြွင်းတွက်
မှတ်{ }ပါးသော-သံဃာတော် အရှင်မြတ်တို့မှာ၊ ။တဝ ဥပသမ္ပဒကမ္မံ
ကရောတီတိကာရကော၊ သမဂ္ဂံ ကမ္မံသမုပဂစ္ဆတီတိသံဃော၊ ကာရကော

စသော သံဃော့ာစာတိကာရကာသံဃော၊ ၊မိန္နှာယာပြုအပ် ကဏ္ဍသောခ်ိ နှင့် သမာသ်ကမ္မဝါရယ်-ဝိဂြိုဟ်ချယ်ပြီးလျှင် သွယ်သွယ်ကိစ္စ ပြီးစီးရအောင် ရှက်ဆောင်ပြုရ ညီညွတ်မှုဖြင့် သုဋ္ဌုပဂမ္မ၊ သဘာဝကြောင့် ကာရကခေါ် ကြောင်း ကမ္မကရ သံဃာတော်အပေါင်းဟူ၍မှတ်၊ ၊

သကျပုတ္တ ဘုရားသားချစ်–ရဟန်းဖြစ်တို့၊ဝင်စစ်မျက်မှောက် သင်ဆိုက် ရောက်မည့် ထွန်းတောက်အရှိန်-မဏ္ဍလ,ဤဘူမိနကို ခဏ္ဍသိမ်ဟူ၍မှတ်၊

{အနည်းငယ်မှာထားချက်} {ခဏ္ဍသိမ်}ဟု- မှတ်သား၍–ဆိုရာ၌၊ အကယ်၍ ရဟန်းခံရာ သိမ်သည်၊ မဟာသိမ်-ဥဒကုက္ခေပသိမ်-ဂါမသိမ်– စသည်ဖြစ်ခဲ့လျှင်၊၎င်းသိမ်တို့၏အမည်ကို-ထုတ်ဖေါ် ၍ဆိုလေ၊

ဒသမပုစ္ဆကိစ္စပြီး၏၊

---

{ဂရုဓမ္မပြုဘွယ်ရန်အတွက်-အထူးမှာထားချက်}၎င်းဒသမ ပုစ္ဆကိစ္စအပြီး တွင် ဧကာဒသမ ပဓာနကိစ္စကြီးကို၊ဆောင်ရွက်တို့အကြောင်း-သံဃာတော် အပေါင်းတို့၊ရဟန်းလောင်းအားသိက္ခာတင်တို့၊သိမ်အပြင်၌–ရှိရှိသမျှ သံဃာ တော်များကို တပါးနှင့်တပါး ဟတ္ထပါသ်မခြားအောင် နံပါးချင်း ထိမထိ- နီးကပ် စေရာ၏၊ ၊အဘယ်ကြောင့်ဆိုသော်၊ ထိုသံဃာတော်တို့အတွင်း၌ ရဟန်းပဋ္ဌင်း မဖြစ်ခဲ့သောပုဂ္ဂိုလ်၊ ရဟန်းအဖြစ်မှ ချော်ကျသော ပုဂ္ဂိုလ်များ တပါးပါးပါခဲ့မူ ထိုသူအတွက်နှင့် ပတ်သက်စဝ်လျဉ်း၍ ကွာခြားခြင်း ဖြစ် ရာသောကြောင့်၊သေချာစွာဂရုဓမ္မပြုကြရကုန်သတည်း၊

# ပဓာနကိစ္စကြီး၊

သုဏာတု မေဘန္တေသံဃော ......... ပေယျာလ ......... သောဥတ္တံ၊ ၊
{ရှေးဦးစွာဘတ်အပ်သော-ဥပသမ္ပဒ-ဉတ်၊ ၊}

သုဏာတု မေဘန္တေ သံဃော ......... ပေယျာလ ......... သောဘာသေယျ ၊ ၊{ပဌမ ကမ္မဝါစာ၊ ၊}

ဒုတိယမ္ပိ ဧတမတ္ထံဝဒါမိ၊သုဏာတု မေဘန္တေ သံဃော ......... ပေယျာလ ......... သောဘာသေယျ၊{ ဒုတိယကမ္မဝါစာ၊ ၊ }

တတိယမ္ပိ ဧတမတ္ထံဝဒါမိ၊သုဏာတု မေဘန္တေ သံဃော ......... ပေယျာ လ ......... သောဘာသေယျ၊ ၊{ တတိယ ကမ္မဝါစာ၊ ၊ }

ဥပသမ္ပန္နော သံဃေန ......... ပေယျာလ ......... ဧဝမေတံဓာရယာမိ၊{ကမ္ မိဋ္ဌာနနိဂုံးချုပ်-အဆုံးချုပ်စကားတော်}၊ ၊ဤသို့လျှင်-ရှေးဦးစွာဉတ်-ကမ္မဝါ

စာ ၃ ရပ်နှင့်၊အဆုံးသတ်နိဂုံးချုပ်၊ဖုံးအုပ်မှတ်သားလျက် ငါးချက်သော အစီအရင်ကို-ရှင်တော်ဘုရား-ဟောကြားမြွက်ပေါ် ခွင့်ပြုတော်မူသတည်း၊ ၊

၎င်းပဓာနကိစ္စကြီး ၅-ရပ်—ရွတ်ဘတ် ပြီးဆုံးသည့် အခါ-ဘဝါး တိုင်းတာလေ—နေရိပ်မပေါ် ဘဲရှိလျှင်-နာရီကိုကြည့်ရှု၍-စေ့ငုအောင် မှတ်ဘို့ အကြောင်း၊ ၊ရဟန်းလောင်းရှင်နာဂမှာ-ဘိက္ခုဘာဝ-သမဏဟု-ဘုရားသားချစ်—ရဟန်းတော်အဖြစ်သို့-စင်စစ်ထုတ်ခြောက်ဒုလ္လဘိ-အောင်ကိန်းမြောက်၍ ဆိုက်ရောက်-ရရှိပြီဟု ဝစီလှစ်ပေါ်-ခွန်းသာရ မြွက်ခေါ်ဘို့ သင့်လျော်သော ကာလ-ထူးမြတ်သော-မဟာသမယပေတည်း၊ ၊

{ဤတွင် အထူးသိသာရန်ရှိသည်မှာ၊ ဉတ္တိစတုတ္ထ ဥပသမ္ပဒ ကမ္မဝါစာ အားလုံး ရွတ်ဘတ်၍ပြီးဆုံးလျှင် ပဉ္စင်းအဖြစ်သို့ဆိုက်ရောက်၏၊ ၊တတိယသောဘာသေယျပုဒ်၌၊ယျအက္ခရာကို ရွတ်ဘတ်၍ ပြီးပြတ် ကုန်ဆုံးသည်နှင့် တပြိုင်နက် တချက်ထည်း ရဟန်း ပဉ္စင်းဖြစ်မှု ပြီးစီး၏ ဆိုလိုသည်၊ ၊၎င်းနောက်က-ဥပသမ္ပန္နော သံဃေန မှစ၍၊ဧဝမေတံဓာရယာမိ၊အဆုံးရှိသောပါဠိမှာ၊ ဥတ်ကမ္မဝါပြီးဆုံး၍ နိဂုံးအချုပ် ဖုံးအုပ်ခြင်းမှန်လှသော—အတိကရဏခေါ် ကြွေးကျော်သောစကားတော်ပေတည်း၊ ၊၎င်းဥပသမ္ပန္နောသံဃေန၊ အစရှိသည့် နိဂုံးမှာ ရဟန်းအဖြစ်သို့ဆိုက်ရောက် ကံအောင်မြောက် ပြီးစီးမှ ရွတ်ဘတ်ရသောကြောင့်၊ဗျဉ္ဇနဗုဒ္ဓိနှင့်၊ ဌာန်—ကရိုဏ်း—ပယာတနတို့ကို၊ဝိရိယ မစိုက်ဘဲ-လွဲလွဲချော်ချော်၊ခတ်ပေါ့ပေါ့ ရွတ်မည်ဟု မနသိစိတ်ထားနှင့် မဘတ်ကြားအပ်၊ရိုသေလေးမြတ်စွာ ဥတ်ကမ္မဝါကို ဘတ်ကြားသကဲ့သို့ ဂရုထား၍ ကြိုးစားအားထုတ်ဘတ်ကြရန်၊ ၊၎င်းနိဂုံးစကားကို အချို့ဆရာတော်ကြီးများ သုံးကြိမ်ထပ်၍—ရွတ်ဘတ်လေ့ရှိကြ၏၊ ၊အချို့ ဆရာတော်ကြီးများလည်း တကြိမ်တည်းပင် ဘတ်လေ့ ရှိကြသည်ထင်၏၊ ၊အာစရိယ ဝါဒရသလိုဘတ်ရှာ် ကံချွတ်မှုမဟုတ်၊ ၊ယခုဖြဲဆိုခဲ့ပြီး ပဓာနကိစ္စကြီး {၅} ရပ်ကို သံဃာတော် အရှင်မြတ်တို့ အကြိမ်ကြိမ် အထပ်ထပ် ရွတ်ဘတ်၍ ဆောင်ရွက်လေ့ ရှိတော်မူကြသည်မှာ၊ ဥတ်ကမ္မဝါမပီသ,လျှင် ဥပသမ္ပဒအဖြစ် သားတော်စစ်ဘဝကို ရနိုင်မည်မဟုတ်၍ အကျိုးကျေးဇူးမယုတ်အောင် အားထုတ်ရွတ်ဘတ်တော်မူကြရသည်ဟု မှတ်လေ၊ }

{ ဧကာဒသမ ပဓာနကိစ္စကြီး ပြီးပြီ၊ }

ရဟန်းလောင်း ဆုမ္ဘခဏ်း၊ မေးခဏ်း၊ဖြေခဏ်းဟူ၍ပေါင်းစည်း ပြုအပ်သော
နာဂါနုသာသနအခဏ်းကြီး ဤတွင်ပြီးပြီး၊

# နာဂါနုသာသန နိဿယကျော။

ဆိုခဲ့ပြီးသော-နာဂါနုသာသန ကျမ်း၌၊ ကြံ့ဆ-စိတ်ဘွယ်—အဓိပ္ပါယ်တို့ကို ဟိတ်အသွယ်သွယ်အမှာဝစန-အာဂမန္တ အရပ်ရပ်တို့ဖြင့်-သာဓကထုံးမှတ်လျက်-ဆုံးဖြတ်ချက်ပြဆိုခဲ့ပြီ။ ။

ဆိုင်ရာဆိုင်ရာ အမှာအထား အဖြာဖြာစကားတို့မှာ နာဂါနုသာသန အခက်း၊ စီတန်းရေးသား၍ သိးအခြားပြီးမြောက် ပေါက်ရောက်အောင်မြင်သော အခါ အဆုံးကျမှ တလုံးတဝတည်းသိရအောင် ရေးသားထည့်ပြ လိုက်အံ့။ ဟူသောပဋိညာဉ် ဤတွင်ထည့်ခိုက်၍သိထိုက်သောအချက်များကို ဖွက်ကြား ဖွင့်ဆိုလိုက်ပေအံ့။ ။

ရှေးဦးစွာပြအပ်သော ပထမပုစ္ဆာကိစ္စ၌၊ ၊ပထမံ ဥပဇ္ဈာဂါဟာပေတဗ္ဗော၊ တွင်၊ပထမံ၌၊ ၊ပုဗ္ဗော ပုထု ပထာမော ဝါ၊ ၊ဟူသော ကစ္စည်းသုတ်၏ ဥဒါဟရုဏ်ပုဒ်ဖြစ်ပေ၍၊ ၊ပထမေ-ဇာတော ပထမော၊ ၊ဟူသောဝိဂြိုဟ်အတိုင်း ချင့်နှိုင်းကြံဆလျက် ဒနိဗ္ဗ—သ,ဆင်ထူးနှင့် ရှိမှပင်သင့်ပေမည်။ ။ မန်လည် ဆရာတော်၊ဝိသုဒ္ဓါရုံ ဆရာတော်၊ လယ်တီဆရာတော် ဘုရားများလည်း ထ,ဆင်ထူးနှင့်ချည်း သုတ်သင်၍ ထုတ်ဆင်တော်မူကြ၏။ ၊အချို့သော အာစရိယ တို့ကလည်း သဗ္ဗကဋ္ဌပရမဏ္ဍေနပုဒ်၊ အဏ္ဍောကထိယတိ ဌောဋယာတိ အဏ္ဍကထာ၊သာယေဝအဋ္ဌကထာ ပုဒ်တို့ကိုထောက်ဆွဲ၍၊ ဋ္ဌ, ဝမ်းဘဲနှင့်သင့်သည်ဟု ရှယ်ရည်ကြပေလိမ့်မည်။ ၊ယခုကာလမှာ ယေဘုယျအားဖြင့် ၎င်းပထမပုဒ်၌ ဋ္ဌ,ဝမ်းဘဲ ပတိရူပဒေသာဝါသောစပုဒ်၌၊ ၎,သံလျှင်းချိတ် ၎ပေါင်းသိတ် ရောယှက်၍ နေတတ်ကြောင်း ကောင်းကောင်းကြီးသတိထား၍ စဉ်းစားတော်မူကြရန်။

၎င်းပထမံ ဥပဇ္ဈာဂါဟာပေတဗ္ဗော ဝါကျ၌၊ပါဠိသသအာလုပ်ကို အချို့သော ဆရာတော်များသည် { သာမဏေရ-ရဟန်းလောင်းသာမဏေ } ဟု အနက်သမ္ဗန်မှုပြုခဲ့ပေသည်။ ။အကြောင်းကို ဆိုပါလျှင် ဥပသမ္ပဒါပေက္ခ ပုဂ္ဂိုလ်မှာ သာမဏေစစ် အမှန် ဖြစ်မှသာ ရဟန်း ခံရမည် မဟုတ်၊ ဆံ-မုတ်ဆိတ်-တို့နှင့်တကွပင် လူအသွင်ထင်ရှားသော ဒါယကာယောကျ်ားများလည်း၊အင်္ဂါငါးပါးပြည့်ရုံက ရဟန်းခံကောင်း၏ ရဟန်းအဖြစ်သို့ရောက်နိုင်၏ဟု ဝဇိရဗုဒ္ဓိမည်သော ဋီကာ၊မိန့်မှာ ဖွင့်ပြသောကြောင့်၊ ၎င်းစကားကို ထောက်ထားမျှော်ဆ အလျော်သို့ကျလေအောင် သာမာရဏ စကားဖြင့် ရေးသားလိုက်ပေသည်၊ ၊အကယ်၍ ဆံ-မုတ်ဆိတ်တို့ကို မနုတ်ရိတ်မဘဲ ရဟန်းခံပါလျှင် ကံမြောက်၍—ရဟန်းပဋ္ဌင်းအဖြစ်သို့ ရောက်သောအခါဝယ်၊ ၎င်း ဆံ-မုတ်ဆိတ်တို့ကို ရိတ်ပယ်၍ လူအသွင်ကွယ်စေမှ သမဏသာရုပ္ပဖြစ်

မည်ဟု ၎င်းဋီကာစကား-အာဘော်သွား သက်ရောက်ကြောင်း၊ ။ထိုဋီကာ ဆရာ၏စကားမှာ စင်စစ်အားဖြင့် ရဟန်းဖြစ်သင့်သည်ကိုသာ ရည်ရွယ်၍ ဆိုခြင်းဟု-နှလုံးသွင်း ပြုရာသည်၊သို့ပါသော်လည်းယခုအခါကာလလိုသာမဏေ ရဘူမိဋ္ဌိတည်လျက်--ရဟန်းခံခြင်းသာ သဒ္ဒါစေတနာပျံ့ပွား သာသနာတော်ကို ကြည်ညိုသူများပြီးလျှင် ဘုရားရှင်,သားတော်စစ်-ရဟန်း၏အဖြစ်သို့ မြေးဟော်ချစ်သာမဏေဘဝက ကူးတက်ရသော့ထုံးသာ အကောင်းဆုံး ဖြစ်ပေကြောင်း၊

၍ပထမပုဇ္ဆကိစ္စ၌၊ဂရုဓမ္မ-မပြုမိကြသောပမာဒါစရိယတို့သည်၊ နှ,ဘိက္ခုဝေ အနုပဇ္ဈာယကော ပဗ္ဗာဇေတဗ္ဗော၊စသည်ဖြင့်၊မနိုင်းချင့်မတွေးယူဘဲ၊အမှတ်တမဲ့ သာဓကမှုလေ့ ရှိကြ၏၊ အဆူဆူသော ပါဠိတော်တို့မှာ၊ ပဗ္ဗာဇေတဗ္ဗောနှင့်မတွေ့ပမိ၊ ဥပသမ္ပာဒေတဗ္ဗော၊ ဟူ၍သာ ရှိကြသောကြောင့်၊ သတိဓမ္မနှင့်မလွဲခမှားအောင်၊ခွဲခြား၍ မှတ်သားကြစေလိုပါကြောင်း။

၎င်းအရာဋ္ဌာနဝယ်၊ပဗ္ဗာဇေတဗ္ဗော-နှင့်၊ ဥပသမ္ပာဒေတဗ္ဗော၊ဟောတော်မူသောအချက်ရ၊ စေ့ငုံလင်အောင် ထုတ်ဆောင်၍ပြလိုက်အံ့။ ။န-ဘိက္ခုဝေပဏ္ဍကဟိ အာဗာဓေဟိဖုဋ္ဌော ပဗ္ဗာဇေတဗ္ဗော။ ။မဟာဝါပါဠိတော် စာအုပ်မျက်နှာနံပါတ်(၇၆)၊ ။နဘိက္ခဝေ ရာဇဘဋော ပဗ္ဗာဇေတဗ္ဗော၊ ။(၇၇)၊ ။နဘိက္ခဝေ ဓဇဗန္ဓော ပဗ္ဗာဇေ တဗ္ဗော၊ ။(၇၇)။ ။နဘိက္ခဝေ ဒါသော ပဗ္ဗာဇေတဗ္ဗော။ ။(၇၉)။ ။နဘိက္ခဝေ ဇာနံဦနဝီသတိဝဿော ပုဂ္ဂလော ဥပသမ္ပာဒေတဗ္ဗော၊ ။(၉၁)။ ။နဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော ပဗ္ဗာဇေတဗ္ဗော။ ။(၉၆)၊ ။ပဏ္ဍကော ဘိက္ခဝေ အနုပသမ္ပန္နော နဥပသမ္ပာဒေတဗ္ဗော- ဥပသမ္ပန္နော နာသေတဗ္ဗော၊ ။(၉၉)၊ ။တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္ပန္နော နဥပသမ္ပာဒေတဗ္ဗော- ဥပသန္နော နာသေတဗ္ဗော၊ ။(၁၀၀)၊ ။နဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ။(၁၀၃)၊ ။နဘိက္ခဝေ အ,ပတ္တစီဝရကော ဥပသမ္ပာဒေတဗ္ဗော၊ ။(၁၀၄)၊ ။နဘိက္ခဝေ ယာစိတကေန ပတ္တစီဝရေန ဥပသမ္ပာဒေတဗ္ဗော၊ ။(၁၀၄)၊ ။

အထက်ပါသာဓကအရပ်ရပ်တို့၏၊ ဂဏန်းနံပါတ်အသီးသီးတို့မှာ၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်မှ ထုတ်ရိုက်သောမဟာဝါ ပါဠိတော်စာအုပ်-မဟာခန္ဓကမှ ထုတ်နုတ်သော စာအုပ်မျက်နှာ မှတ်တမ်း၊ နံပါတ်ဂဏန်းများ ဖြစ်ပေကြောင်း၊

ဥပဇ္ဈာယ် ဆရာ၏ တပည့်သည်၊ သဒ္ဓိဝိဟာရိကမည်၏၊ ။၍မှတပါးသောတပည့်များသည် အန္တေဝါသိကမည်ကြ၏၊ ။၍အရာ၌ ဆရာငါးပါး

နှင့် တပည့်ငါးဦးကို အထူးမှတ်သားသင့်၍ ခြားနားအောင် ထည့်လိုက်အံ့၊ ။
(၁) ဥပဇ္ဈာယ်ပြုလုပ်သော ဆရာသည် ဥပဇ္ဈာစရိယမည်၏၊ ။(၂)နိသျှည်း
ပေးသောဆရာသည်နိဿယာစရိယမည်၏၊ ။(၃)သရဏဂုံ ရွတ်ဘာသ်
မှုအရေး၊ ရှင်ပြု၍ ပေးသော ဆရာသည်၊ ပဗ္ဗဇ္ဇာစရိယ မည်၏၊ ။(၄) ဥပ
သမ္ပဒါကမ္မဝါစာ ရွတ်ဘာသ်သော ဆရာသည်၊ ဥပသမ္ပဒါစရိယမည်၏၊ ။
(၅) ကျမ်းဂန်စသည်၊ သင်ပြပို့ချသော ဆရာသည် ဓမ္မာစရိယမည်၏၊ တနည်းမှာ
ဥဒ္ဒေသာစရိယလည်း မည်၏။ ။ဆရာငါးပါးပြီး၏၊ ။(၁) ဥပဇ္ဈာယ်ဆရာ
၏တပည့်သည်၊သဒ္ဓိဝိဟာရိကမည်၏၊ ။(၂)နိသျှည်းဆရာ၏ တပည့်သည်၊
နိဿယန္တေဝါသိကမည်၏၊ ။(၃) ပဗ္ဗဇ္ဇာစရိယ၏တပည့်သည်၊ ပဗ္ဗဇ္ဇန္တေ
ဝါသိကမည်၏၊ ။(၄)ဥပသမ္ပဒါစရိယ၏တပည့်သည်၊ဥပသမ္ပဒန္တေ ဝါသိ
ကမည်၏၊ ။(၅) ဓမ္မာစရိယ၏ တပည့်သည်၊ဓမ္မန္တေ ဝါသိက မည်၏၊ ။
တပည့်ငါးဦးပြီး၏၊ ။ထိုတွင် သဒ္ဓိဝိဟာရိက တပည့်က၊ ဥပဇ္ဈာယ်ဆရာ၌
ပြုထိုက်သော ဝတ်နိဗန္ဓတရားများ၊ဥပဇ္ဈာယ်ဆရာကလည်း၊ ထိုနည်းတူလျော်
သဒ္ဓိဝိဟာရိကတပည့်အပေါ်၌ပြုထိုက်သော ဝတ်နိဗန္ဓတရားများ ဟောကြား
တော်မူပုံဆို ပြည့်စုံအောင် သိလိုပါလျှင်၊ မဟာဝါ၊ မဟာခန္ဓက ပါဠိတော်၊
စာအုပ် မျက်နှာ နံပါတ်(၄၉)ကစ၍ (၅၅) ထိအောင် ကြည့်၍ သိလေ၊ ။
အန္တေဝါသိကတို့က- အာစရိယတို့၌ ပြုထိုက်သောဝတ်နိဗန္ဓများလည်း-၎င်း
(၅၅)မှ ဆက်လက်၍အချက်ချက်ပါရှိ၏၊ကြည့်လေ-သိလေ၊ ။

ဥပဇ္ဈာယ် ပြုလုပ်မည့်ဆရာသည်၊ ဆယ်ဝါရရှိ၍ ပဏ္ဍိတ-ဗျတ္တ-ဗဟုဿု
တ-ပညဝန္တ-ဂုဏ်တို့နှင့် ပြည့်စုံရမည်ဟု- ဟောကြားတော်မူ၏၊ ။

သဒ္ဓိဝိဟာရိကတပည့်က၊ နှုတ်မြွက်၍ ဥပဇ္ဈာယ် တောင်းယူသောအခါ၊
ဥပဇ္ဈာယ် ဆရာက- ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်နှုတ်နှစ်ပါးဖြင့်
ဖြစ်စေ၊ဥပဇ္ဈာယ်ပေးရမည်ဟု၊ မဟာဝါ-မဟာခန္ဓက ပါဠိတော်၊ ၎င်းအဖွင့်
အဋ္ဌကထာနှင့် ဋီကာ တေရသကဏ္ဍတို့မှာ သေချာစွာလာ၏၊ ။ဥပဇ္ဈာယ်
မယူသော ရဟန်းလောင်းကို ရဟန်းခံပေးကြသော်၊ ကံမပျက်ကြောင်း၊ကေစိ
ဆရာတို့က ကံပျက်ကြောင်းဆိုသော်လည်း၊ ၎င်းကေစိဝါဒကို၊ ။ကမ္မံပန-
နကုပ္ပတိ၊ ကေစိကုပ္ပတီတိဝဒန္တိ၊ တံန,ဂဟေတဗ္ဗံ၊ ။ဟု-မဟာခန္ဓက အဋ္ဌ
ကထာ၌ လာရှိသည်၊ ။၎င်း၊ တံန,ဂဟေတဗ္ဗံ၊ ဟူသော အဋ္ဌကထာကို တေ
ရသကဏ္ဍဋီကာ၊မျက်နှာနံပါတ် (၁၂၀ ၌ဖွင့်ပုံမှာ၊ ။န,ဂဟေတဗ္ဗန္တိ အနုပဇ္ဈာ
ယကော ဥပသမ္ပာဒေတဗ္ဗော ယော ဥပသမ္ပာဒေယျ အာပတ္တိ ဒုက္ကဋဿာတိ
ဧတ္တကမေဝ ဝတွာ သောစပုဂ္ဂလော အနုပသမ္ပန္နောတိ အဝုတ္တတ္တာ ကမ္မံပိကုပ္ပ

လက္ခဏသစ အသန္တဝေတာ တံနှ, ဂဟော တဗ္ဗန္တိ ဝုတ္တံ။ ။ဟု–ဖွင့်ပြတော်မူသည်။ ။အဓိပ္ပါယ်မှာ၊ ဥပစ္ဆာယ် မယူသော ရဟန်းလောင်းကို သံဃာအပေါင်းက–ရဟန်းပြုပေးကြလျှင်၊ ဒုက္ကဋ်အာပတ်သင့်စေ၊ဟူ၍သော ပါဠိတော်၌ လာသည်၊ ရဟန်းလောင်းမှာ– ရဟန်းမဖြစ်ဟု စီရင်တော် မမူသောကြောင့်၎င်း၊ ကံပျက်ခြင်း လက္ခဏာ၏ မရှိသောကြောင့်၎င်း၊ ထိုကေစိ ဆရာတို့၏ စကားကို–မမှတ်သား မနာယူအပ်ဟူလို၊ ။

{သဒ္ဒါနည်းသိသာရန်} ပထမံ ဥပဇ္ဈံဂါဟာပေတဗ္ဗော၊ ၌၊ ပထမံဟူသော ကြိယာဝိသိသ်သည်၊အပါဒါနိနှင့်-သမ္ဗန်ကိုငဲ့သောကြောင့်၊ ။ပထမံ၊သဝိတ် သက်န်းကိုပြောဆိုအပ်ထား မှာကြားခြင်းစသည်တို့မှ ရှေးဦးစွာ၊ဝါ၊မှာကြားခြင်းစသည်တို့၏ရှေးဦးစွာ၊ ။ဟု–သိသာအောင်အနက်သမ္ဗန်ခဲ့ပသည်၊ ။ ထိုကြောင့်၊နိယံလက်ာ၌။ ။ပထမံတာဝ၊ရှိကြကေန်၊အပါဒါနိနှင့်၊သမ္ဗန်မသေ့ ဤနှစ်ထွေ၊လာလေတခုခု၊ ။ဟု–ရေးပြု မှာထားတော်မူ၏။ ။

ပထမနှင့် ဒုတိယ၊ပုစ္ဆကိစ္စ၊ နှစ်ဌာနအတွက်–
မှာထားချက်ပြီး၏၊

---

(တတိယပုစ္ဆကိစ္စအတွက်မှာထားချက်၊)

ဥပဇ္ဈံဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ၌၊ အဓိဋ္ဌာန်လောက်သော သဝိတ်သည်၊ အကြီးမျိုးတရပ်၊အလတ်မျိုးတသွယ်၊ အငယ်မျိုးတစား၊ ဤသုံးပါးကို၊ ဘုရားဟော ဒေသနာမှ၊ ဖွေရှာရွယ်ချူ၊ မှတ်လိုသော ငယ်သူတို့၊ လွယ်ကူစွာသိရအောင်၊ ပါဠိတော်ဖွေကို၊ ဖော်ပြထုတ်ရွေး၍၊ ထည့်ရေးသွင်းပြလိုက်အံ့၊ ။

ဥက္ကဋ္ဌောပတ္တော မဇ္ဈိမောပတ္တော ဩမကောပတ္တော၊ ဥက္ကဋ္ဌောနာမပတ္တော အဍ္ဍဠှကောဒနံ ဂဏှာတိစတုဘာဂံခါဒနံ တဒူပိယံဗျဉ္ဇနံ၊မဇ္ဈိမောနာမ ပတ္တော နာဠိကောဒနံ ဂဏှာတိ စတုဘာဂံခါဒနံ တဒူပိယံဗျဉ္ဇနံ၊ဩမကောနာမပတ္တော ပတ္ထောဒနံဂဏှာတိ-စတုဘာဂံ ခါဒနံတဒူပိယံဗျဉ္ဇနံ တတော ဥက္ကဋ္ဌော အ, ပတ္တောဩမကောအပတ္တော၊ ။ပါရာဇိကဏ် ပါဠိတော်၊ ။စာရုပ်နံပါတ် (၂၀၀)။ ။

ထူးရာကိုသာ–နုတ်ရွေး၍၊အနက်ပေးလိုက်မည်၊ ။ဥက္ကဋ္ဌောပတ္တော၊ဥက္ကဋ္ဌ သဝိတ်၊ဝါ၊သဝိတ်ကြီး၊မဇ္ဈိမောပတ္တော၊မဇ္ဈိမသဝိတ်၊ ဝါ၊သဝိတ်လတ်၊ ဩမကောပတ္တော၊ဩမကသဝိတ်၊ဝါ၊သဝိတ်ငယ်၊နှုတ်၊ဤသို့၊ဘယော၊ ရေတွက် မှတ်ကြိုး၊ပေါင်းသုံးလုံးတို့တည်း၊ဥက္ကဋ္ဌောနာမပတ္တော၊ဥက္ကဋ္ဌသဝိတ်ကြီး မည်

သည်ကား။ အဇုဋ္ဌကောဒန်၊ အာဠကဝက်ဆန်ဖြင့်ချက်အပ်သောထမင်းကို၊ ဝါ။ ဆန်ထပြည်ချက်ပိတ်ထက်ဝက်ဖြစ်သော ထမင်းကို၊ စတုဘာဂံ၊ ထမင်း၏ လေးချမြေ့ခံအတွဲ့ဖြစ်သော။ ခါဒန်၊ လက်ဖြင့်ကော်၍ယူသော်ရလောက်၊ အမေ့ ကျဲမနှောက်သည့် မဲနောက်ဟင်းဟူသောခဲဘွယ်ကို၊ တဒုပိယံ၊ ထိုထမင်းနှင့် မျှသွင်းတူအဝ- လျော်ပတ်သော၊ ဗျဥ္ဇနံ၊ ငါး-အမဲ-ဟင်းသီး-ဟင်းရွက် အ ညှောက်စသည် ချက်အပ်သော ကျက်နပ်ပြီးဟင်းလျာကို၊ ဂဏှာတိ၊ ယူ၏ ဝင်၏၊ ဆန့်၏၊ ၊နာဠိကောဒန်၊ မဂဓ ကွမ်းစား။ ဆန်ပြုန တခွက်သားကို ချက်ပွါး၍ တည်ရှိ- ဆွမ်းတပြည်တိတိကို၊ ၊ပတ္ထောဒန်၊ တစလယ်တွက် ကွမ်းစားဝက်ဖြင့်၊ ပွါးတက်ကျက် ငြား၊ တခွက်သားတိတိ။ ပမာဏ ရှိသော ဆွမ်းကို၊ ၊ကျွင်းကြွန်သောပုဒ်များမှာအနက်သွားလွယ်ပြီ၊ ၊

၎င်းတွင်၊ အဇုဋ္ဌကောဒန်၊ ပုဒ်အတွက်-ပထမအနက်မှာ ဗားကရာဆရာ တော်ဘုရားကြီးပေးတော်မူသောအနက်၊ ၊ဒုတိယ,ဝါအနက်မှာ ဒက္ခိဏာ ရာမ,တွင်ခေါ်-ဘုရားကြီးဆရာတော်ပေးတော်မူအပ်သောအနက်၊ ၊ကြွင်း သော ပုဒ်အနက်ရမှာ- အဋ္ဌကထာဖွင့်ဟန်နှင့် သင့်တန်အောင် အထူးထုတ်ခါ ကြံပြသော ဦးဥတ္တမာနန္ဒအနက်ဟု-မှတ်ပြုတော်မူကြရန်၊ ၊

အဋ္ဌကထာဖွင့်ဟန်မှာ၊ ၊အဇုဋ္ဌ ကောဒန် ဂဏှာတိတိ မဂဓ နာဠိယာ ဒွိန္နံ တဏ္ဍုလ နာဠီနံ ဩဒနံ ဂဏှာတိ၊ ၊စတုဘာဂံ ဒါဒနန္တိ ဩဒနဿ စတုတ္ထ ဘာဂပ္ပမာဏံ ခါဒနံ တံ ဟာရိယဿ မုဂ္ဂသူပဿ ဝသေန ဝေ ဒိတဗ္ဗံ၊ တဒုပိယံ ဗျဉ္ဇနန္တိ ထဿ ဩဒနဿ အနုရူပံ မစ္ဆ,-မံသ,သာက,ဖလ, ကဠီရာဒိဗျဥ္ဇနံ၊ နာဠိကောဒနန္တိ၊ မဂဓနာဠိယာ ကောယ တဏ္ဍုလ နာဠိယာ ဩဒနံ၊ ပတ္ထောဒနန္တိ မဂဓနာဠိယာ ဥပဍ္ဎနာဠိကောဒနံ၊ ၊ပါရာဇိကဏ် အဋ္ဌ ကထာပါဠ်၊ ၊မျက်နှာနံပါတ် {၂၃၇}။

၎င်းသုံးမျိုးသောသပိတ်တွင် ဖော်ပြတင်၍ထုတ်ပြသော ဥက္ကဋ္ဌ သပိတ်အမှန် ဥ၊ဟန်ကိုက်အောင်မှတ်စေဘို့ နှစ်ချိုနှစ်ဟောင်းသလေးစပါး ကောင်းကောင်း ကိုပွပ်ထောင်း၍ ပြုဖွေးပါလှသည့်-နွမာဂဓနာဠိကျမ်းစကားနှင့်-နှစ်ကွမ်းစား ဆန်တပြည်-မှန်အတည်ထမင်းချက်က၊ ဆူပွက်ညှာင်ပွရိုး-ကျက်သောအခါ နှစ် ဆ,တိုးအောင်၊ ကြွထမ်းပိုးတက်ခြင်းကြောင့်။ ထမင်းနှစ်ပြည်သားမယုတ်အရ ကိုဥက္ကဋ္ဌသပိတ်မှာ ထောင်းထည့်။ ခဲဘွယ်နှင့်ဟင်းလျာအရှိမှာလည်း၊ ထမင်း၏ လေးပုံ့တပုံဆိုသောကြောင့်၊ တခွက်သားစိအညီ ၂ ရစ်ပေါင်း၎င်းတပြည်ကို ဆွမ်းနှစ်ပြည်ပေါ်မှာ ထင်ထောင်းသော် မမော်မကြွ၊ အနားရေးနှင့် ညီမျှလျှင်၊ ဥက္ကဋ္ဌသပိတ်၊ မောက်၍ပိုလျှင်၊ ဥက္ကဋ္ဌောမကာသပိတ်၊ ဟောက်၍လိုလျှင်၊

ဥက္ကဋ္ဌုက္ကဋ္ဌ သဝိတ်ဟု- မှတ်လေ၊ ။ဥက္ကဋ္ဌ၏ နှုံးထက်ဝက် သုံးခွက်သား အတိမှုလျှင်၊မဇ္ဈိမသဝိတ်၊ပို၍မောက်လျှင်၊ မဇ္ဈိမောမကသဝိတ်၊ လို၍ဟောက်လျှင်-မဇ္ဈိမုက္ကဋ္ဌသဝိတ်ဟု-မှတ်လေ၊ ။မဇ္ဈိမ၏ထက်ဝက်-မပျက်နှုန်းဆွယ်-ဆုံးအငယ်မှာ-သုံးစလယ်တိတိဝင်လျှင်ဩမကာသပိတ်၊ ရုံ တက်၍ မော်လျှင် ဩမကောမကသပိတ်၊ရှုံ့ ခွာ၍ဟော်လျှင်ဩမကုက္ကဋ္ဌသပိတ်ဟု-မှတ်လေ၊ ။ ထိုကြောင့် ၎င်းပါရာဇိကဏ် အဋ္ဌကထာ၊မျက်မျက်နံပါတ်{၂၃၇} ၌၊ ။အနုပဟတပုရာဏ သာလိတဏ္ဍုလာနံ သုကောဋ္ဌိဘ သုပရိသုဒ္ဓါနံ ဒွေမာဂဓနာဠိ ယောဂဟောတွာ၊ ။စသည်ဖြင့်ပြပြီးလျှင်{၂၃၈}၌လည်း၊ ။သစေပတ္တသမုခ ဝဋ္ဋိယာဟေဋ္ဌိမရာဇိသမံတိဋ္ဌတိသုတ္တေနဝါ-ဟိရေနဝါ-ဆိန္ဒန္တ သသုတ္တာသ ဝါ-ဟိရရသ ဝါ-ဟေဋ္ဌိမန္တံဖုသတိအယံဥက္ကဋ္ဌော နာမ ပတ္တော၊ သစေကံ ရာဇိံ အတိက္ကမ္မ ထူပိ- ကတံ-တိဋ္ဌတိ အယံဥက္ကဋ္ဌော မကောနာမ ပတ္တော၊ သစေတံ ရာဇိံ နသမ္ပာ ပုဏ္ဏာတိအန္တောဂတ မေဝဟောတိ အယံဥက္ကဋ္ဌုက္ကဋ္ဌော နာမ ပတ္တော၊ ။၎င်းမှစ၍၊ ။အယံ ဩမကုက္ကဋ္ဌော နာမ ပတ္တောတိ ဧဝမေတေနဝပတ္တာ၊ ။သို့ကျအောင် ကျယ်ဝန်းစွာ-အသေအချာ-ပြတော်မူသည်။

သို့ဖြစ်၍။ သပိတ်သည် အကြီးမျိုးသုံးရပ်၊ အလတ်မျိုးသုံးသွယ်၊ အငယ်မျိုးသုံးစားဆိုထင်ရှားအောင်ကိုးလုံးသောသပိတ်များကိုဇယားနှင့်ပြဦးအံ့၊ ။

| | | |
|---|---|---|
| ၁ | ဥက္ကဋ္ဌုက္ကဋ္ဌ | အကြီးမျိုး ၃ ရပ်၊ |
| ၂ | ဥက္ကဋ္ဌ | |
| ၃ | ဥက္ကဋ္ဌောမက | |
| ၄ | မဇ္ဈိမုက္ကဋ္ဌ | အလတ်မျိုး ၃ သွယ်၊ |
| ၅ | မဇ္ဈိမ | |
| ၆ | မဇ္ဈိမောမက | |
| ၇ | ဩမကုက္ကဋ္ဌ | အငယ်မျိုး ၃ စား၊ |
| ၈ | ဩမက | |
| ၉ | ဩမကောမက | |

ယခု-ပြအပ်သောသပိတ်(၉)လုံးအနက်၊ဥက္ကဋ္ဌသပိတ်ထက်ကြီးလျှင်၊ကြီးသည်ထက်ကြီးလှ၍ ဥက္ကဋ္ဌုက္ကဋ္ဌ သပိတ်ခေါ်သည်၊ ဩမက သပိတ်အောက်ငယ်ပြန်လျှင်လည်း၊ ငယ်သည်အောက်ငယ်လှ၍၊ ဩမကောမက သပိတ်ခေါ်သည်၊အဓိဋ္ဌာန်တင်ဘို့-ဝိကပ္ပနာပြုဘို့ မလျော်သဖြင့်၊ ခွက်ကြီး-ခွက်ကလေး

ဟု ခေါ်ရသည်၊ သဗိတ်ဟု-မခေါ်ရ။ ။ထိုဖြစ်၍၊ ချဒ္ဒသိက္ခာကျမ်း၌။ ။ဥက္ကဋ္ဌတော စ ဥက္ကဋ္ဌော၊ အပဋ္ဌောဩြမကောမကော။ ။ဟု-မိန့်ဆိုလျက်ရှိ၏၊ ။အနက် ကား၊ ။ဥက္ကဋ္ဌတောစ ဥက္ကဋ္ဌော၊ဥက္ကဋ္ဌသပိတ်ထက်ကြီးသော သပိတ်သည် ၎င်း၊ ဩြမကော မကော၊ ဩြမက သပိတ်အောက် ငယ်သော သပိတ်သည် ၎င်း၊အ,ပတ္တော၊သပိတ်မမည်၊ဝါ၊အကြီးဆုံးထက်အကြီး၊အငယ်ဆုံးအောက် အငယ်၊ ထိုနှစ်သွယ်တို့မှာ-မပွယ်မအစ်၊ပယ်တံဆိပ်နှက်ခတ်သဖြင့်၊ခွက်အ မှတ် သင့်တော့သည်သာတည်း၊ ။ဟု-အနက်ပေး၏။ ။ရှေးက-ရေးပြ သော သာဓက ပါဠိများ အတွက်၊ အနက်ကျယ် မပေးရအောင် အဓိပ္ပါယ် ရေးခဲ့ပြီ၊ ။

ပြဆိုခဲ့ပြီးသောနည်းထုံးဖြင့် အကြီးဆုံးနှင့်အငယ်ဆုံး ဤသပိတ်နှစ်လုံးကို အဓိဋ္ဌာန်ဝိကပ္ပနာနှင့်သုံးဘို့မလို၊ခွက်အမှတ်သုံးရမည်ဆိုသောကြောင့် ထိုနှစ် လုံးကိုနုတ်ပယ်၍ အလယ်အလတ် လျောက်ပတ်သည့် ခုနစ်ရပ်သောသပိတ် အမှန်တို့ကိုသာ အဓိဋ္ဌာန်ဝိကပ္ပနာ ကြိုက်ရာကိုတင်ပြု၍ သုံးဆောင်မှုစကား မှာထားတော်မူလိုသော အဋ္ဌကထာဆရာသည်၊ ။တသ္မာဇတောဘာဇန ပရိဘောဂေနပရိဘုဉ္စိ တဗ္ဗာ၊နေ·အဓိဋ္ဌာနုပဂါ-နေ·ဝိကပ္ပနုပဂါ၊ဣတရေပနသတ္တ အဓိဋ္ဌဟိတ္ဗာဝါ၊ဝိကပ္ပေတ္ဗာဝါ ပရိဘုဉ္စိတဗ္ဗာ၊ ။ပါရာဇိကဏ်အဋ္ဌကထာ ၌ မိန့်မှာဖွင့်ပြတော်မူသည်၊ ။၎င်းလည်းအနက်လွယ်ပြီ။

ပြဆိုခဲ့ပြီးသော အကြီး-အလတ်-အငယ်-သုံးသွယ်သောသပိတ်တို့၌၊မှတ် ထိုက်သောအရာတွင် မဟာဝိသုဒ္ဓါရာမ ဆရာတော် ဘုရား ရေးသားတော် မူအပ်သော နိဿယဝယ်၊ပတ္တော၊အယုတ်-အငယ် သုံးစလယ်ဝင်၊ကြီးလျှင် သုံးပြည် ဆီကြည်အရောင် ညိုမှောင်မည်းနက် ဤစားခွက်ဟူသော သပိတ် သည်ဟု အနက်ပြုတော်မူသည်၊ ။ဥက္ကဋ္ဌမှာ-သုံးပြည်ဝင်၊ မဇ္ဈိမမှာ-သုံး ခွက်ဝင်၊ဩြမကမှာ-သုံးစလယ်ဝင် ဟုဆိုလိုသည်၊ ။အဋ္ဌကထာ ဖွင့်ဟန် နှင့် ဖြောင့်မှန်မခွ ညီညွတ်လှသောကြောင့် ဆရာတို့မနောဟဒယ၌ သဘောကျ ရင်းရှိပသည်၊

ညောင်ကန် ဆရာတော်ဘုရားကြီး ဦးဇင်မှာ ခုဒ္ဒသိက္ခာ နိဿယတွင် {ဆွမ်းနှစ်ပြည်-ဝဲဟင်း-အမဲ-ငါး-တခွက်သားစီ သုံးပြည်တခွက် ဝင်သည် ကား-ဥက္ကဋ္ဌသပိတ်}ဟု မှာထားတော်မူ၏၊ ။ဥက္ကဋ္ဌ သပိတ်မှာ သုံးပြည့် တခွက်ဝင်၊မဇ္ဈိမ,မှာ သုံးခွက်တစလယ်ဝင်၊ဩြမက,မှာသုံးစလယ့်တလမယ် ဝင်ဟု ဆိုလိုသည်၊ ။၎င်းတွင်တနုပိယံဗျဉ္ဇနံဟူ၍အရ ဟင်းလျာမှာ တမျိုး တည်းမယူ ငါးနှင့်အမဲကို နှစ်ပါးခွဲ၍ယူသောကြောင့် တခွက်သားပိုရှိ၍ ကြီး

သွားသည်၊ ။၍အရာဌာနဠ ဝိသုဒ္ဓါရာမနှင့် ညောင်ကန် မိန့်ဆိုဟန်ထုံးမညီ၊ သုံးပြည်နှင့်-သုံးပြည်တခွက်-မှန်ရာကိုနှစ်သက်ဘို့ အဋ္ဌကထာဖွင့်ချက်နှင့် ချိန်စက်၍ကြည့်ပါသော် ဘယ်ဆရာတော်၏-ဝါဒ-မှန်ရာကိုကျသည်ဟု ကောင်း သိနိုင်ပါ၏၊

ကျမ်းဂန်ဒေသနာ အရာမှာ လွန်စွာတတ်မြောက် ဟံခွန်းဆောက်သို့ အံ့လောက်အောင် ဂုဏ်သတင်းတို့ဖြင့်။ ထုံသင်း၍ အောင်သံကျော်ပါသော၊ ညောင်ကန် ဆရာတော်ဘုရားကြီး-ဦးဗုဓ်နှင့်၊ ဝိသုဒ္ဓါရာမဆရာတော်ဘုရား အယူဝါဒကွဲပြား၍ ဘယ်ဆရာတော်က လွဲမှား၊ ဘယ်ဆရာတော်ဘုရားက မှန်သည်ဟု နဂါးနှင့်တီလောက်ကွာကြသော နောက်ဆရာအမှုသုတော၊ ဒုပ္ပညာ သူငါအပေါင်းတို့မှာ အကြောင်းခြင်းရာ လုံလောက် ပါအောင် ပုံထောဲစရာ ထုံးမမှတ်မပိုင်လျှင် ခံကောက်ခါ—မဆုံးဖြတ်နိုင်ကြပေ၊ ။ရေ့ရေတွက်ကြိုး ကပ္ပိယသပိတ်-၇-လုံးတွင် အကြီးဆုံးဥက္ကဋ္ဌယက် ပိတက်၍ လွန်ကြီးက ဥက္ကဋ္ဌုက္ကဋ္ဌ၊ အငယ်ဆုံး ဩမကအောက် ဆိုက်ရောက်၍ သေးငယ်ပြန်လျှင်လည်း ဩမကောမက အကပ္ပိယပတ္တ ဖြစ်မည်နည်းကြောင့်၊ ဆိုခဲ့ပြီး အဋ္ဌကထာဖြကိုသာ ယထာဓမ္မ မှတ်စရာမခွရအောင် နေရာကျ မှင်ခြင်လျှင် မှန်ရာကိုမြင်မည်အကြောင်းသာ-ကောင်းမွန်စွာစီရေး၍သဘိပေးစကားဖြင့် မှာထားခြင်းပြုရပါသတည်း၊

ထိုဝါဒ-၂-ရပ်တွင် ညောင်ကန်ဆရာတော်ဘုရားကြီး၏ အယူဝါဒကို လယ်တီ ဆရာတော်ဘုရားက သဘောကျ၍ ဝိနယသံခိပ်ကျမ်း၌၊ ။သုံးပြည်တခွက် နှစ်ကြိမ်ဝက် ချင့်တွက်အမှန်ထား၊ ။ဥက္ကဋ္ဌမဇ္ဈ ဩမက-နာမ အစဉ်အား၊ ။ဟု-ရေးသားဖွင့်ပြတော်မူ၏၊ ။ဤကျမ်းဆရာ ငါတို့၏ သဘောအရမှာ ရှေးနားကပြခဲ့ပြီ—ငါးနှင့် အမဲကို—ပေါင်းတွဲ၍- ယူလို ပါသည်၊ ။

ထုတ်ပြခဲ့ပြီးသောပါဠိအဋ္ဌကထာ၌ ပဏ္ဍသဒ္ဒါ၏အနက်သွား{ကွမ်းစား} ဟုသည်မှာလည်း၊ အသီးအသီးယူ၍ ကောသလတိုင်း ကွမ်းစား၊ မာဂဓ ကွမ်းစား၊ ဒမိသကွမ်းစား၊ သီဟိုဠ်ကွမ်းစား စသည်ဖြင့် ကျမ်းဆရာများ မှာထားပုံမညီ—လောကီလူများ အမှတ် အားဖြင့်လည်း ပြည်ကွမ်းစား၊ ခွက်ကွမ်းစား၊စလယ်ကွမ်းစားဟု အမျိုးမျိုးပြုကြ၏၊ ။သို့ပါသော်လည်း ၎င်းဝိနည်းအဋ္ဌကထာကြီး၌ပင်၊ ။သီဟဠဒီပေ ပကတိနာဠိမဟန္တာ ဒမိဠနာဠိ ခုဒ္ဒကာ မဂဓနာဠိပမာဏယုတ္တာ တာယ မဂဓနာဠိယာ ဒိယဍ္ဎနာဠိ ကောသိဟဠနာဠိ-ဟောတီတိမဟာအဋ္ဌကထာယံဝုတ္တံ၊ဟု၊ ။ထုတ်ပြန်တော်မူပြီး

သားကြောင့် မကြီး မထွား မယုတ် မငယ် အလယ် အလတ် လျောက်ပတ် အောင်ဖွင့်အပ်ဖြိက်ကြားသော၊ခွက်ကွမ်းစားမဂဓနောင်ဋ္ဌသာ၊ယထာဓမ္မ၊မှန်ကန် ရာကျသည်ဟု မှတ်ရူတော်မူကြရန် အကြောင်းသာ ကောင်းမွန်စွာ ညွှန်ပြရ ပါသတည်း။ ၊ထိုမှတပါး=သုတ္တနိပါတ် အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ၊ ဝိမတိဝိနောဒနီဋီကာ၊မဂဓအဘိတ်ခါန်၊ကမ္ဗုဒ္ဓမအဘိတ်ခါန်တို့မှာကား တသံ ဘည်းရေးထုတ်၍လေးဆုတ်လျှော်တကုဋ္ဌ-ယေးကုဋ္ဌလျှင် တကွမ်းစား၊လေး ကွမ်းစားလျှင် တအာဠ္ဌက၊{ဝ၊-တပြည်၊}လေးပြည်လျှင် တစိတ်၊ လေးစိတ် လျှင် တတင်းဟု၊ ခင်းပြုဟန်အဆိုမကွဲကြားသာ ထိုအဋ္ဌကထာ၊ ဋီကာတို့ပြ ကြားသာစကားမှာ ဝလယ်ကွမ်းစားဟု အမှတ်ပြု၍သိလေ၊

{ အထူးမှတ်သားရန်} ကွမ်းစားဟောပတ္တသမ္ဘါမှာ၊ တ,ဝမ်းပူနှင့် ထ, ဆင်ထူးဆင့်၍ အသဒိသနွှးဘောဲနှင့်ရှိမှသင့်သည်၊ ၊သပိတ်, ခွက်, သစ် ခွက်,ဌက်တောင်, ဂသည်ကို ဟောသော နေရာများမှာ ပတ္တဘု တ,ဝမ်းပူ နှစ်လုံးဆင့်၍၊ သဒိသနွှးဘောဲနှင့်မှ သင့်တော် ဟုတ်မှန်သည်ဟု အတည်ပြု ၍ကြည့်ရှုသင်ချင်လေ၊

သပိဘ်ပြီး၏၊

---

သက်န်း၌ မှတ်သားရန်မှာ။ ၊သံဃာဋိပဋ္ဌမာန္တေန၊ ဗိုလ်သော မုဋ္ဌိပဋ္ဌ ကောဋ္ဌည္တာနန္တေနသုတော စိဝရနာပိဝဋ္ဌကိ၊ ၊မုဋ္ဌိတ္တိကဋ္ဌတိရိယံ၊တထာ ကော်သိကာဃပိ။ အနဂ္ဂုရဝါသကာဝ ဝိဒိုဗသောမုဋ္ဌိဋ္ဌကာ၊ ၊အနုတ သော နိုဘားဏ္ဍာဝါ၊တိရိယနန္တေ ဝဋ္ဌတိ၊ ဟု=ခုဒ္ဒသိက္ခာ၌ မိန့်မှာတော်မူ ချက်ရှိ၍ တိစီဝရိက် သင်္ကန်းသုံးထည်လုံး အယုတ်ဆုံး အပိုင်း အခြားမှာ၊ အသျှားအားဖြင့် အဆုတ်နှင့်တကွ ငါးမိုက်ငါးထောင်ဝိ တညီတည်းဖြစ်ကြ၍ ၄-တောင်နှင့်-တောင်ဆုတ်စိန်ကြ သည်၊ ၊ဒုကုဋ္ဌ်နှင့်-ဧ၊ ဋ္ဌိ ဤ- ,-ထည် တို့၏အနံမှာ အဆုတ်နှင့်တကွ မိုက်ဘို့ သုံးတောင်စိမ့်၍ ဝေမြက်မှာနှစ်တောင်နှင့် တောင်ဆုတ်စိန့်ကြ၏၊ အလွ,သုံးအပိုင်းအခြားမှာ ဖြတ်ပွာဟု၊၊ သင်္ကန်း တော်သကော် မရောက်-ထိုအခါက်ယုတ်လျှော့လျှင်အင်္ဂ၏၊ ၊သင်းပိုင်၏ အနံမှာ နှစ်တောင့်ယွာမြက်သေ-နှစ်တောင်တိဘိဖြာ၊ဝ-ရှိအပ်သပ၏၊

ဤတိစိဝရိက် သင်္ကန်းအရေး၌၊သင်္ကန်းသုံးထည်သုံး၏အသျှားမှာ၊မုဋ္ဌိပဋ္ဌက ပ၍ချည်း တညီတည်း လာရှိရ ဝယ်-ဘယ်သူ၏-မုဋ္ဌိပဋ္ဌက-ဟု ပသက် ထွေးနှော၍ တွေးတောကွယ် အချက်ရှိသောကြောင့်၊ အနည်းငယ်ချုံးကောက၍

ကြေအညာပျံ့နှံ့ကျော်ပါသော-ညောင်ကန်ဆရာတော်ဘုရားကြီး-ဦးဇုဓ်က၊ အထူးလုပ်၍စီစဉ်ဖြေအပ်သည့် သင်္ဂဟဂါထာ-ရစနာထုတ်အဋ္ဌိမှာ၊ ၊မုန္တိပဥ္စကမိစ္ဆတြေ၊ကာသမုဋ္ဌိတိ ဉာယတိ၊ တံသာမိကာသမုဋ္ဌိတိ၊ ဒဏ္ဍကထိနယုတ္တိ တော၊ ၊ဟု မှာထားတော်မူ၏၊ ၊အနက်ကား၊ ၊မုဋ္ဌိပဥ္စကမိစ္ဆတြေ၊မုဋ္ဌိ ပဥ္စကဟူသော၍ပါဠိ၌၊ ကာသမုဋ္ဌိတိ၊မဇ္ဈိမပုရိသ၊ပကတိပုရိသတို့၀ယ် အဘယ်သူ၏မုဋ္ဌိဟူ၍-ဉာယတိ၊ သိအပ်ပါသနည်း၊ ဇာတိ၊၍ကား စောတနာ တည်း၊အယံ၊၍စောတနာသည်၊ကင်္ခာစီ၊ တရုတခုသော-အဋ္ဌကထာ-ဋီကာ-ဂဏ္ဌိ-ဝိနိစ္ဆယတို့၌၊ နဒိဿတိ၊မဘင်၊ ထထာပိ၊ထိုသို့ပင်မထင်သော်လည်း၊ တံသာမိကာသမုဋ္ဌိတိ၊ထိုသင်္ကန်းရှင်၏၊ မုဋ္ဌိ-ဟူ၍၊ ဒဏ္ဍကထိနယုတ္တိတော၊ ကားကြီးအလယ်-ကားငယ်အပေါင် ဖွဲ့ခြင်းကို ခွင့်ပြုတော်မူသော၊ ခန္ဒက ဝဏ္ဏပါဠိတော်အသင့်အားဖြင့်၊ဉာယတိ၊၏၊ဇာတိ၊၍သည်လျှင်အဖြေပရိဟာရ စကားတည်း၊ ၊သုဂတစီဝရနာပိဝန္တိ၊ အရ-မြတ်စွာဘုရား ဝတ်ရုံတင် လွှမ်းသော သင်္ကန်းတော်ပမာဏမှာ၊ ၊ဒီဃသော နဝဝိဒတ္ထိယော-သုဂတ ဝိဒတ္ထိယာတိရိယံဆဝိဒတ္ထိယော၊ဇာဒံသုဂတဟသ-သုဂတစီဝရပမာဏံ၊ ၊ဟု-လာဟန်ရွှေဗျာ ဒေသနာကို သေချာအောင်ရှယ်ရည်ဆောင်ပြီးလျှင်၊ {ပညောင် ညွန့်ဖူး၊မိုးတိမ်ဦးသို့၊ရောင်မြူးမညစ်၊ လွှင်သစ်သစ်ဖြင့်၊ စင်စစ်မမှား၊ရှင်ချစ် ဖျား၏၊အထျားကိုးထွာ၊နံ့ခြောက်ထွာတည့်၊မဇ္ဈိမာပုရိ၊သုံးပြန်ချိန့်၊ပကတိလူ ခွဲယူဆက်ရာ၊ ကြီးမြတ်စွာသား၊ မဟာသုဂတ၊ စီဝရကို၊ ထွာထွာတင့်တယ်၊ ရုံ သပ္ပါယ်၍ }ဟု ကြီးကျယ်သော ဘုန်းဂုဏ်နှင့် တိုင်းတန်အောင် မြန်ပြည် ကျော်ပါသော မန်လည်ဆရာတော်ဘုရားကြီး၏၊ မဃာဒေဝလင်္ကာသစ်ကျမ်း လာစကားဖြင့် သေချာစွာမှတ်သားလေ၊ ၊မြတ်စွာဘုရား တတောင်လျှင် မဇ္ဈိမပုရိသ-သုံးတောင်၊ ၎င်းမဇ္ဈိမ ပုရိသ တတောင်လျှင် ပကတိပုရိသ-တထောင့်ထွာရှိကြောင်းကောင်းမွန်စွာသိလေ၊

သံဃာဒိ-အရ-ဝိသေသ မှတ်သားရန်မှာ၊ သာမဏေတို့အား တိစီဝရိက် အဓိဋ္ဌာန် မှုဘင် မရကောင်းသောကြောင့် နှစ်ထပ်ချုပ်သော ဒုကုန် သင်္ကန်း ကြီးမအပ်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာဓုတင် နိဒ္ဒေသ-နံပါတ် ( ၆၅ )၌ လာရှိ သည်၊

သံဃာဋိကြသြအုရဏာကား၊ပုဗ္ဗဝါပါဠိတော်ဝဏ္ဏကန္ဓကဘဏ္ဍဂ္ဂဝဂ်ကိုပညတ် တော်မူရာ (၃၃)နံပါတ် မျက်နှာ၌၊ ၊ရဲ့သံဃာဋိ ဩြအုရိတွာအန္တရဃရေ နိသီဒိဘဗ္ဗံ၊ ၊ဟု-ရှာတွင်း၌-ဒုကုန်သင်္ကန်းကြီးကုံ၊ ဩြအုရဏာပြုပြီးမထိုင် အပ်ကြောင်းဟောကြားတော်မူရာ—၎င်းအဋ္ဌကထာ( ၄၇၁ )မျက်နှာ၌-

၊ ၊နှ,သံဃာဒို့ ဩဗ္ဗရိတ္တာတိ၊နှ,သံဃာဒို့အဝဗ္ဗရိတ္တာနိသိဒ္ဓိတဗ္ဗံ၊ ၊ဟု လာသည်။ ၊၎င်း၏ဋီကာ-ဝိမတိဝိနောဒနီ-မှာလည်း၊ ၊အဝဗ္ဗရိတ္တာတိပါဠိထ သံဃာဒို့၊အဗ္ဗရိတ္တာ အနုက္ခိပိတ္တာတိ အဓိပ္ပါယော၊ ၊ဟု-ဖွင့်ပြသောအလို ထိုရွာတွင်း၌ထိုင်သောအခါ ကိုယ်မှာရုံသော-ဒုကုဋ်သင်္ကန်းကြီးကို ဖြန့်ခင်း၍မထိုင်အင်ဟု အဓိပ္ပါယ်ဆင်ပြုသည်၊

ပဋ္ဌာစီဝရံအာစိက္ခိတဗ္ဗံ ၌၊သပိတ်သင်္ကန်း အမည်များကို ( ပြောကြားအပ်၏) ဟူသောစကားကို၊ အချို့ဆရာ-ပညာဝါတို့ ကောင်းမွန်စွာမနှစ်သက်၍ ဖြင်ဆင်ချက်စကားဖြင့် (ကြား) ဟူသောနေရာမှာ (ထား) ဟူ၍-သုံးလေ့ရှိကြ၏၊ ၊ထိုသာရန် အကြောင်းမှာ ၎င်းနှင့်တူစွာ ဒေသနာကြားခြင်း၊ ပရိဝတ်ကြားခြင်း၊မာနတ်ကြားခြင်း၊ သိမ်နိမိတ်ကြားခြင်း၊ တရားစကား ဟောကြားခြင်း အစရှိသော-လောကဝေါဟာရများကို ထောက်ထား၍ (ပြောကြားအပ်၏)ဟု ဆိုသော်လည်းအခွင့်တော်၍-သင့်လျော်နိုင်ပါ၏ဟူပေ၊

သပိတ်သင်္ကန်း မပြည့်စုံသော ရဟန်းလောင်းကို ရဟန်းပြုလျှင် ကံပျက်မပျက်၊ရဟန်းဖြစ်-မဖြစ်စိစစ်လျှင်၊ ၊ကမ္မံပန နကုပ္ပတိ အစီဝရကာဒိဥ္စ သုဝိဒိသောဝိနယော၊ ၊ဟု အဋ္ဌကထာ၌ တိုက်ရိုက်ပင် လာသောကြောင့်၊ သေချာစွာသိအပ်ရန်-ကံမပျက်ခြင်းစင်စစ်မို့-ရဟန်းဖြစ်၏ဟု မှတ်လေ၊

သဒ္ဒနုသာရီအားဖြင့် ကေဝ္ဗိသဒ္ဒါကိုထောက်လျှင်၊ ကေစီ-ကော်ဆိုကသဒ္ဒါကိုထောက်လျှင် ကေသိ၊နှစ်မည်ပင်မှတ်ထိုက်ကြောင်း၊ ၊သံဃာဒိုပုဒ်ကြောင့် ဒုကုဋ်မှာ-ဋ္ဌသံလျှင်းချိတ်သတ်ကြောင်းကောင်းမွန်စွာသိလေ၊

ဗျုပ္ပတ်အားဖြင့်၊ သံပုနပ္ပုနံ ဃဋီယတီတိသံဃာဋိ-ဟု ပြုလုပ်လျှင်ဒုကုဋ်နှင့်သင့်တော်၏၊ ၊သဗ္ဗံဟိစီဝရံသံဃာဋိတတ္တာသံဃာဋိတိဝုစ္စတိ၊ ၊ဟူသော မဟာဝဂ္ဂအဋ္ဌကထာ၊မျက်နှာနံပါတ်( ၂၁၂ )၌ မိန့်အပ်သည်နှင့်ညီစွာ ၊ ၊သံသုစ္ဆုဃဋီယတီတိ-သံဃာဋိ၊ ၊ဟု ပြုလုပ်သည့်အခါ-ကောင်းစွာဆက်စပ် ချုပ်လုပ်အပ်သော သင်္ကန်းအရပ်ရပ်နှင့် သင့်လျော်၏၊ ၊သံဃာဋိ စာရံ-အတိက္ကာမေယျ၊ ၊ဟူသောပါဠိတော်၌ ဒုကုဋ်-ကိုယ်ဝတ်-သင်းပိုင်-ရေသနုဝ်-တဘက် အားဖြင့် သင်္ကန်းငါးထည်ရ၏၊ သံဃာဋိ ဂ္ဂဟဏံဝါ သာဒိယေယျ ၌ကား၊သင်္ကန်းသာမည ရ၏၊

အရေးအသားအားဖြင့်(သင်္ကန်း) (သင်္ကန်း) ရေးသားပုံ- ၂-ခက်းမှာ၎င်း သံဃာဋိ၌၊ဃ,ကြီးအက္ခရာကိုထောက်လှမ်း၍ သင်္ကန်းဟု အချို့ဆရာတို့ရေးသားကြသော်လည်း၊လောကဝေါဟာရအားဖြင့် အများပင် သင်္ကန်းဟု က,

ကြီးနှင့်ရေးသားကြခြင်းကြောင့်၊ ယောဘုယျ စကားသို့လိုက်လျှင် ကကြီးနှင့် ဟန်ကိုက်သည်။

{ တတိယပုဗ္ဗကိစ္စ၌မှတ်ထားချက်ပြီး၏။ }

{ စတုတ္ထပုဗ္ဗကိစ္စအတွက်မှတ်ထားချက်။ }

ဂန္ဓ၊ အရမိဒြါသေတိဋ္ဌာပတိ၊ ။မဟာဝဂ္ဂကပါဠိတွင်၊ အရမိဒြါကာသေ၍၊ တွက်ရေသချာ မည်မျှကာတို့ တောင်တာထား သာမညပကားဖြင့် ဘုရားဟောတော်မူခဲ့သောကြောင့် ဟောင်းလောင်းနာဂကိသံဃာတော်မှ ထုတ်ဆောင်ရာ၌၊ ကျမ်းစာဗိဒုကတ် အရပ်ဝက်ကို နှံ့စပ်အောင်မြင်မြော်၍ထင်ပေါ် ကျော်စောတော်မူကြပါသော ပါဂမ္ဘုသရာတော် ဘုရားကြီး-များအသီးသီး တို့ပင်၊ အနည်းနည်းကြံဆ၍ ဝိနည်းဟုတော်မူကြဟန်မှာ၊ ။အချို့သောဆရာတော်ဘုရားများက-သံဃာတော်မှ နှစ်တောင်ထွာ ဟုဆိုပါသည်၊ အချို့ဆရာတော်ဘုရားများကလည်း ထွာနှစ်တောင်အရပ်၊ ။နှစ်မျိုးပင်ထုံးမှတ်၍ဆုံး ဖြတ်တော်မူကြသည်၊ ။အဂ္ဂမဟာပဏ္ဍိတ ပထမနှင့် ဒိဗ္ဗက္ကမ္မယပါရဂူ (D.litt)ဒီလစ်ဟူသော ဘွဲ့တံဆိပ်တော်များကိုခံယူ၍၊ ဇမ္ဗူဒီပက သိဟုနှင့် ဥရောပ,တိုက်လုံးရိုက်ချနေတော့ ဘုန်းဂုဏ်ရောင်ဖြာပသော၊ မဟာဂန္ဓာရုံ အကျော်-လယ်တီဆရာတော်ဘုရားကြီးကား၊ အများနည်းထက်-ကျော်လွန် တက်၍ ထွာနှစ်တောင်မက ပိုလွန်အောင် ထုတ်ဆောင်ရမည်ဟု၊ သာသန ဝိသောဓနီ တတိယတွဲစာချုပ်-မျက်နှာ နံပါတ် ၄၉)၌၊ ။{ အရမိဒြါကာသေတိဋ္ဌာပတိ-ဟူ=သာမညအားဖြင့် ဟောတော်မူပါသော်လည်း၊ သံဃာ ဥပစာ လွတ်လေအောင် သံဃာမှထွာနှစ်တောင်ထက် အလွန်ပေးကွာသော အရပ်၌ နေလင့်ခြင်းသည် သင့်မြတ်ရာသတည်း} ဟု မှာထားတော်မူ၏။

{ ချင့်ချိန်ရန် }

သံဃာတော်မှ ထုတ်ဆောင်ခြင်းအကြောင်းသည်၊ ပဥ္စင်းလောင်း-နောင် လျှောက်တို့ မကြောက်မရွံ့ ရဲရဲဝံ့ဝံ့နေ့အစစ် အမှန်ပင် ဖြစ်ပေရကား၊ သံဃာ တော်အဝမ်းနှင့် နီးလွန်းလျှင်ကြောက်ရွံ့ပေသည်၊ ဝေးကွာမှသာ ရဲရင့်ရာ၏ ။ ။စာတန်ဘက္ကယ် နည်းတသွယ်မှာ အကယ်၍ရဟန်းခံရာသိမ်က-ကျဉ်း သောကြောင့်၊ သိမ်တွင်းရှိ သံဃာတော်များ သိမ်နှင့် အမျှပြည့်နေလျှင် သံဃာ ပရိသတ်ဝန်းမှထွက်ဆောင်သောသော ကူဝေးကွာကာနေ ၊သိမ်းတွင်းမှာ-မရ သော-၍,မကျပေဘူးလား၊ အများပြုလုပ်ကြသောနည်းမှာ သိမ်တွင်းမှာချည်း

ဖြစ်ပါသည်ဟုပြောအံ့၊ ၊ထိုစကား၌ အများပြုလုပ်ကြသည်မှာ၊ ရဟန်းခံတို့ ရာ-သိမ်ကကျယ်၍ ထုတ်ဆောင်ဘွယ်ဌာန၊ သိမ်တွင်းမှာသီးသန့်ရနိုင်သော ကြောင့်သာ ပြုလုပ်ကြသည်မှန်ပေမည်၊ သိမ်ငယ်လျှင် သိမ်ပြင်သို့ထုတ်သော် လည်း၊ အကျိုးကျေးဇူးမယုတ်ပါ၊ ငင်စစ်မှာ ဥာတ်ကမ္မဝါ-ဘာသာရွတ်ဆိုရာ သာ သိမ်နှင့်စပ်၍-သိမ်တွင်းမှာအပ်ပါသည်၊ဤဆုမ္မခဏ်းထဲမှာလည်း၊သုတော တ္ထမ ဘန္တေသံဃာ-အစရှိသော-ဥတ်ကမ္မဝါများ မပါခြင်းကြောင့်၊ သိမ် တွင်း,သိမ်ပ,ပြုထိုက်လှာပေ၏ ၎င်းအတွက် ကံပျက်ဘို့မဟုတ် ပုဗ္ဗကိစ္စအမှု မျိုးသာဖြစ်ပေသည်၊ ၊လယ်တီဆရာတော်ဘုရားကြီးမိန့်ချက်တွင် တက် တက်စင်ဝေးကွာရမည်သား သို့ကလိုမေးပြောအံ့၊ တ,သဒ္ဒါနှင့်ထားလျှင် အ ဝေး၊ဣမ,သဒ္ဒါနှင့်ရေးလျှင်-အနီး၊ သဒ္ဒါတတ်ဆရာကြီးတို့ ထုံးမှီဘို့အဆို ရှိ သောကြောင့်၊အမရဂ္ဂသြကာသော၊မှာ၊ ဣမ,သဒ္ဒါ-တ,သဒ္ဒါများနှင့်မနေ နှစ်ထွေ လုံးပင်မဟုတ်၊ စပ်ကြား၍တွင် အသုံးပြုသာသည့် အမုသဒ္ဒါနှင့် ထုတ်ထား သောကြောင့် အချုပ်အားဖြင့်၊မနီးမဝေး သဲ နှစ်တောင် သာသာကလေးဟု- ကြည့်ရွေ့မှတ်သားရန် အဓိပ္ပါယ်ဖြန့်မည်ဟု လယ်တီမတည့် ပုဂ္ဂိုလ်များက ဖြန့်ကြားမြွက်ဆိုကြပေလိမ့်မည်၊ ၊ဤကျမ်းဆရာလည်းလယ်တီဆရာတော် ဘုရားကြီး၏ အယူဝါဒကို အများကြီးသဘောကျ၍ ထောက်ဆ,ဘို့သာခ က ကား၊ ၊တဋ္ဌဘဏ္ဍမအမုက ဏ္ဍ းရှုံးကပရမ္မုခသမိပအစွန့်သမိပနိရပုဿ နဿဝစနာ၊ ၊ရူပသိဒ္ဓိကျမ်း မှတ်တမ်းထုတ်ချက်၊ထိုပါဠိ၏အနက်မှာ၊ ၊ တဋ္ဌတဏ္ဍမအမုက ဏ္ဍရွေ့တော၊တသဒ္ဒါ-ဋ္ဌတသဒ္ဒါ၊ဣမသဒ္ဒါ၊ အမုသဒ္ဒါ၊ ကိ သဒ္ဒါတို့သည်၊ တထာက္ကမံ၊အစဉ်အတိုင်း၊ပရမ္မုခ-လ-ဝစနာ မျက်ကွယ်, အနီး,အလွန် အနီး, အဝေး, အဝေးပုဿ ဟူသောအနက်ကို ဟောကုန်၏၊ ၊ ဤကဲ့သို့ ရူပသိဒ္ဓိ၌ မိန့်ရှိသည့်တကြောင်း၊ ၊ကမ္မဝါဆရာနှင့်ရဟန်းလောင်း တပေါင်းတည်းမထွက်ရ၊ ၎င်းနည်း မဝင်ရ၊ သံဃာဘောင်မှ-ရဟန်းလောင်း က-ဦးစွာထွက်၊ နောက်ဆက်မှဝင်၊ ကမ္မဝါဆရာက-နောက်ဆက်မှ ထွက်၊ လက်ဦးဝင်၊ဤအစီအရင်ကိုလည်း ရှင်တော်ဘုရား မြွက်ဘော်ကြား၍ ဟော ထားတော်မူဖြန့်ခြင်းကြောင့်၎င်း၊ဤအကြောင်းနှစ်ပါးကို ထောက်ထားမှီတင်း ၍၊တလန်ခန့်သော် အတွင်း-နှစ်တောင့်ထွာ သုံးတောင်လောက် အခင်း-သုံး လေးလှမ်းရုံနင်းနှင့်ကိစ္စကုန်ပြီ ဆိုက်ရောက်ပြီ မှတ်ထားလျှင်၊ဘုရားရှင်အလို တော်ကျမကျ-ဟန်နှင့်-ဟန်မရကို ကြံဆ,ကာမျှော်တွေး၍၊ အဝေးကိုဂရု- အနီးကိုလဟု-မှတ်တမ်းရှိ-သို့နှစ်ရတွင်၊ လဟုကိုပစ်ဖျက် ဂရုကိုနှစ်သက်၍ ဆောင်ရွက်တော်မူကြရန် ပျော်ကန်သင့်မြတ်လှပေကြောင်း၊

## { ဟတ္ထပါသ်နှင့်–ဥပစာအထူး။ }

ဟတ္ထပါသ်ဟူသည်၊ နှစ်တောင့်ထွာပမာဏ ရှိကြောင်းကို၊ ပါဠိတ်အဋ္ဌကထာ၊ဒွန္တပေါဏာသိက္ခာပုဒ်-စာအုပ်မျက်နှာနံပါတ် (၇၂)၌၊ ၊အဆုတေယျ ဟာဏ္ဍာ-ဟတ္ထပါသောတိ=ဝဒိတဗ္ဗော၊ ၊စသည်ဖြင့်လာသည်၊ ၊ ကင်္ခါဝိတရဏီ၊ပတ္တကလ္လအဖွင့်နံပါတ် (၁၂) ၌ကား၊ ၊ဟတ္ထပါသောနာမ ဒိယဍ္ဎဟတ္ထပမာဏော၊ ၊ဟု လာသောကြောင့်၊ ဟတ္ထပါသ်မည်သည်ကား တထောင့်ထွာပမာဏဟု ဆို၏၊ ၊ထိုဋီကာသစ် စကားသည် ပါဠိတ်အဋ္ဌကထာနှင့်မတူ သို့ဖြစ်၍ ၎င်းစကားကိုမှားသည်ဟု အချို့ဆရာတို့ဆိုကြ၏၊ အချို့ ဆရာတို့ ကလည်း အဋ္ဌကထာ နည်းမှာ ကိုယ်၏ နောက်အစွန်းမှ နှစ်တောင့်ထွာ၊ကင်္ခါဋီကာသစ်နည်းမှာ၊ကိုယ်၏ရှေ့စွန်းမှတတောင့်ထွာ၊ ဤမျှသာကွာ၍ မှားသွယ်ရာမရှိ၊အတူအမျှ ညီညွတ်လှ၏ဟု ဆိုကြ၏၊ ၊ဝင်စစ်မှာ–နေ့ဝအဆုဋ္ဌဒိယာမှံ ဟု ရူပသိဒ္ဓိနိသျှ၌ ဆရာတော်ဦးဖုဝ် ဆုံးဖြတ်ချက်ထုတ်သောကြောင့်၊ အဆုကေယျပုဒ်အရ အဋ္ဌကထာ ဝါဒလည်း–နှစ်တောင့်ထွာ၊ ကင်္ခါဋီကာသစ် ဆရာပြသောဒိယဍ္ဎအရလည်း နှစ်တောင့်ထွာပင်ဖြစ်သည်ဟု–အမှတ်ပြုလေ၊ ၊သို့ဖြစ်၍-ဖြဆိုပြီးသော အဆုတေယျနှင့်၊ ဒိယဍ္ဎတို့ကိုသာ ဟတ္ထပါသ်ဆိုသည်ဟု ကျမ်းဂန်တို့၌လာသည်၊ ၊သဲ့နှစ်တောင်ကို-ဟတ္ထပါသ် ဆိုသောအရာ ကျမ်းဂန်များမှာမရှိ၊ ၊အဝိဋ္ဌာန်တင်ရာ၌–နှစ်တောင့်ထွာ-ဟတ္ထပါသ်တွင်း၌ တည်ရှိသော အဝတ်သင်္ကန်းကို အနီး၊ထိုမှအပ၌တည်ရှိသောသင်္ကန်းကို အဝေးဟုဆိုသည်၊၎င်း၌-အနီးကိုဟတ္ထပါသ်ဟူ၏၊ ၊နှစ်တောင့်ထွာမှတ်၊ဟတ္ထပါသ်–ပညတ်ဝိနည်းလာ၊ ၊ဟတ္ထပါသ်တွင်း၊ ဝင်တုံလျှဉ်း၊ ကပ်ချဉ်းမြောက်ထိုက်စွာ၊ ၊စားသဲဘာဇဉ်၊ ဟာသ်တွင်းဝင်၊ဆောင်ငြဉ်ကိုယ်နှုတ်မြစ်၊ ၊ကပ္ပိယမှန်၊အကာင်ခံ၊ချိဖြန်ဟတ္ထပါသ် ၊ ၊သို့စသည်ဖြင့်လာသော အကပ်ခံသည့်နေရာ အတိရိတ် ဝိနည်း ကပ်နေရာတို့၌ နှစ်တောင့်ထွာအရပ်ကို ဟတ္ထပါသ်ဟု-ဆိုသည်၊ ၊အာရုဏ်တက်ဆဲအခါ၌ တဆဲ့နှစ်တောင် အတွင်း ပကတတ်ရဟန်းနှင့် ကင်း၍-အာရုဏ်တက်စေခဲ့သော် ဝိပ္ပဝါသ,ဖြစ်၏ဟု–ပရိဝတ်းစာင့်သောနေရာမှာ လာ၏၊ ၊ ဥတ္တရိသပဉ္စဝါစာဟိ၌၊ ယောက်ျားကင်းသော–ဆဲ့နှစ်တောင်အရပ်တွင်း၌-လူမိန်းမအား၊ပါဠိဒွေခမွကို မဟောပြအပ်ဟု ပါဠိတ်မှာလာ၏၊ ၎င်းနှစ်ချက်လုံးကိုပင်–ဟတ္ထပါသ်ဟူ၍ မဆို၊ ၊မတွယ်မတာ လွင်ပြင် မှာလည်း ဥပစာတွင်း အဖေါ်ကင်း နေလျှဉ်းပါဠိတ္တိ၊ ၊ဟူ၍–ဆဲ့နှစ်တောင်ကို ဥပစာဟု

ဆိုသည် ဟတ္ထပါသ်မဆိုဟု-မှတ်လေ၊ ။ဆဲ့နှစ်တောင်တိ ရဟန်းရှိဗြား-မပန်ကြားဘဲ နေလွဲရွာဝင် ပြုခဲ့လျှင် ရွာဝင်ပါစိတ်တည်း၊ ။၎င်းလည်း ဥပစာဟူ၍သာမှတ်၊ ဟတ္ထပါသ်မဟုတ်၊ ။သာဓက-ဆောင်ထုတ်သော်၊ ။ ဟတ္ထပါသာဝါ နှ,ဝိဇဟိတဗ္ဗန္တိ အထဝါတံဃရံ သမ္ပတ္တာတော ဟတ္ထပါသာ နှ,ဝိဇဟိတဗ္ဗံ၊ အဆုံးတယျ ရတနပ္ပမာဏပ္ပဒေသာ ဥဒ္ဓံနှ,ဝိဇဟိတဗ္ဗန္တိ ဝုတ္တံ ဟောတိ၊ ။စသည်ဖြင့် ပါရာဇိကဏ်အဋ္ဌကထာ၊ နိဿဂ္ဂိယဒုတိယကထိန သိက္ခာပုဒ်အဖွင့်(၅၃၇) နှင့် (၅၃၉)တို့၌ ပြဆို၏၊ ။၎င်းဟတ္ထပါသ,ပုဒ်ကို ။ ။ဟတ္ထာ ပသာရိယန္တိဧတ္ထာတိ ဟတ္ထပါသော၊ ။ဟု-ဝစနတ္ထ ပြု၍၊ ဟတ္ထသဒ္ဒူပ-ပဒ-ပ,-ပုဗ္ဗ-သရဓာတ်၊ ကွ ိပစ္စည်း၊ ဓာတွန်ချေ ပ,၌ အာဒီဃပြု ကွ ိပစ္စည်းကိုချေ၍ပြီးစေ၊ ။ကိုယ်မှ-ပတ်လည်ဝန်းကျင်၊ လက်တဆန့်တန်း လက်တဖျမ်းရှိသော အရပ်ကို-ဟတ္ထပါသ် ဟု-မှတ်လေ၊ ။ဆဲ့နှစ်တောင်ရှိသောအရပ်ကို ဥပစာဟု ဆိုရာ၌၊ သာဓကပါဠိကား။ ။အန္တော ဒွါဒသဟတ္ထေပိ။ ။ပါရာဇိကဏ် အဋ္ဌကထာ (၅၂၂)၊ ။ဒွါဒသ ဟတ္ထေ ။ ။ပါစိတ်အဋ္ဌကထာ-သဒ္ဓိယသိက္ခာပုဒ်အဖွင့်(၁၄၁)။ ။ဒွါဒသဟတ္ထံ ပန ဥပစာရံမုဉ္စိတွာ နိသီဒိတုံ ဝဋ္ဋတိ၊ ။ဗုဂ္ဂဝါအဋ္ဌကထာ၊ ပါရိဝါသိက ခန္ဓကအဖွင့် (၃၇၉)။

{ ဟတ္ထပါသ်နှင့် ဥပစာထုံးပုံပြီး၏၊ }

---

{တိဋ္ဌာဟိ၊မှာ၊သိသာတို့အတွက်၊မှာထားချက်၊}

သံဃာဘောင်မှ၊ဘဲခွါ၍ထွက်လာသော-ရဟန်းလောင်းသည်၊ဤမည်သော ဌာန၊ ကောမန္တံ့အရပ်၌၊ မတ်တပ်ထ၍ နေရမည်၊ အတည်ကျ မှတ်သိတို့၊ တိဋ္ဌာဟိ၊မှာ၊ ဌာဓာတ်၊ ဂဏ်သကတ်အနက်၊ ဌာဂတိနိဝတ္တနိယံ၊ဟု၊ထွက်ခြင်းကြောင့်၊မတ်တပ်ထလျက်သွားဆဲတွင်၊ ဘွားကနဲရပ်နေသောအဖြစ်ကို၊ နစ်သည်ဟုဆိုသဖြင့်၊ အမှုပိုအောင်ဉာဏ်ချယ်၍၊ ထိုင်နေဘွယ်မရှိ၊ တိဋ္ဌတိ၊ တိဋ္ဌတု၊တိဋ္ဌေယျ၊တိဋ္ဌယျုံ၊အကုန်လုံးသည်နည်းမှတ်၊ မတ်တပ်ရစ်ဘက်က၊ အချက်ကျ သက်သေဟု၊ ယူတတ်ပြပြီးစေ၊ ။၎င်းမြင်နည်းတဧထွမှာ၊ ။ ဌာဂတိနိဝတ္တနိယံ၊ ဂတိနိဝတ္တိဂမန ဿုပဒ္ဓေဒေါ၊ ။ဖွင့်ပြသောကျမ်းဂန်၊ လမ်းမှန်အောင်ဆိုခြင်း၌၊ လိုရင်းဆိုက်စကားမှာ၊ သွားရာမှနစ်ခြင်းကြောင့်၊ ကျန်ကျင်းသောဓာရိယာပုထ်သုံးမည်၊ အထိတ်သက်ဆိုင်၍၊ လျောင်း,ထိုင်,

ရပ်,ပေါင်းသုံးပါး၊ရနိုင်သည့်မှန်ပါပြေားလည်း၊ အရာအားလျော်စွာ ထိုင်ဘို့ရာ အလုပ်မို့၊ဒူးတုပ်၍ရှိခိုးလျက်၊ နေထိုင်ရိုးအမှုသာ၊ လျောက်ပတ်ရာသော အချက်၊ထိုင်ဘက်ကယုတ္တိ၊ဟုတ်စလိအနေ၊ ၊ထို့နှစ်ထွေစကားခွေးကို၊ အားပေးဘို့ကြံကြည့်၊ ဥပမာစံညွှီးသာ်၊ ဇာ့ဿရိမြတ်ရာဇာတို့၏ ရွှေတော်မှာ စာရွတ်ဘတ်လျှင်၊ မြတ်ဘုရင်မတ်တတ်ရပ်မူ၊ စာဘာသ်သူထိုင်စေ၊ ဘုရင်မြတ်ထိုင်စံနေမှ၊မတ်တတ်ထ,ဘာသ်ရသည်၊ဤနည်းကိုနမူမှီသော်၊ တ္ထုတည်ဇာရိယာပထဖြင့်၊ကမ္ဘဝါဆရာက–ဆုမ္မလျှင်၊ သံဃာ,တာ်များ မျက်မှောက်၊ အ,ဂါရဝရောက်သောကြောင့်၊လျောက်ပတ်ဘွယ်မရှိ၊ ဤယုတ္တိစွဲမှတ်သော်၊ မတ်တတ်ရပ်သင့်လျော်၏၊ ၊ချင့်မျှော်တဖြာ၊အကြောင်းရှာသော်၊ ချမ်းသာသလိုထိုင်စေ၊ထင်ပလ္လင်ခွေနှင့်၊ ဆောင့်ကြောင့်နေတသုတ်၊ပုဆစ်တုပ်ကာ–ဆုမ္မပါသော်လည်း၊ သံဃာကိုလျှောက်ဆိုဒါမဟုတ် ရဟန်းလောင်းကိုဘာ–ဆုမ္မသာအလုပ်မို့၊သာရုပ္ပဖြစ်၏ဟု၊ စိစစ်မှုဉာဏ်သက်သော်၊ ထိုင်ဘို့ပင်တော်ပေမည်၊ ၊အဆုံမည်၊ထို့နှစ်ထိကို၊ဆဘည်ဘျင ကဝုစ်၊ ဆုံးဖြတ်ချက်ထုတ်ရလျှင်၊ဥက္ကဋ္ဌချယ်ယာမင်၊သဘာပတိမြောက်တင်သော အစည်းအဝေးအရှင်နာယက–မထေရ်ကြီးဩဝါဒ၊ ပြောပြရာနာခံလျက်၊ ဆုံးဖြတ်ချက်မစွ,မယိုင်ရအောင်၊အကိုးအကားမပြဲ့,မပြိုင်ဘဲ၊အထ,အထိုင်ငြိးစေ၊ ၊

{တိဋ္ဌာဟိအတွက်၊မှာထားချက်ပြီး၏၊}

---

{ကဗျာလက်ာသံပါသောစကားများအတွက်–မှာထားချက်၊}

ဤကျမ်းကို–ဗိတန်းရေးသားသောဆရာသည်၊ ကဗျာလင်္ကာ၌၊ ဝါသနာပါခဲ့ရင်းအတိုင်း၊သတင်းစာများတွင်၊ ဆောင်းပါးအမျိုးမျိုးပေးပို့ရာ–ကဗျာလင်္ကာစကားဖြင့်ရေးသားလေ့ရှိခြင်း၊ ၊မေတ္တာစာ၊ သိမ်အောင်စာ၊ မော်ကွန်းစာ၊ဩဘာစာတို့ကိုလည်း၊ မကြာမကြာ၊ လင်္ကာစကားဖြင့်၊ ရေးသားလေ့ရှိခြင်း၊ ၊ယင်းမေတ္တာစာ၊ ကျောင်းဘင်ပွဲ မင်္ဂလာ၊ အောင် ဩဘာစသည်ကိုပင်၊တခါတခါမှာ၊ ဂါထာပါဠိများနှင့်၊ သီကုံးထုံးဖွဲ့ရာ၊ အနက်မြန်မာပြန်ဆိုသည့်အခါမှာ၊လင်္ကာစကားနှင့် ရေးသားလေ့ရှိခြင်း၊ ၊အစိုးရမင်းတို့ကျင်းပ,သော၊ပထမပြန်စာမေးပွဲ၊အာသင်းစာမေးပွဲ၊ တိုင်းပြည်မြို့ရွာကကျင်းပသောစာမေးပွဲများတွင်၊ ဝင်ရောက်ဖြေဆိုသောအခါ၊ ပုစ္ဆာစကား၊ခက်ခဲပြားသော်လည်း၊အချို့အချို့သောဖြေချက်များမှာ၊ကဗျာလင်္ကာစကား

ဖြင့် ရေးသားဖြေဆိုလေ့ရှိခြင်း၊ ၊ဒင်းစာမေးပွဲ များတွင်၊ မဖြေခင် အစ၊ ပထမ၌၊ အာသိသဂါထာခံပြီးလျှင်၊ ကဗျာသံအနက်ပေးလျက်၊ စီးရေးထည့်သွင်းလေ့ရှိခြင်း၊ ၊ဤသို့လျှင်၊မြူးရွှင်စီဖြာ၊ ဝသီပါပြီး၊ ဝါသနာထုံစွဲ၍၊ အပုံဘဲလေ့လာခဲ့ပါသောကြောင့်၊ ယခုအခါ အမှားအထား၊ ရေးသားသောအရာများမှာပင်၊ကဗျာစကား အတော်အတန်ပါပါသွားလေသည်၊ ၊ကဗျာလင်္ကာစကား၊သို့ကလိုအပါများသော်လည်း၊ အနှစ်အသားပြည့်–မပြည့်ကိုသာ၊ ပညာဉာဏ်မျက်စိဖြင့် ရှုကြည့်တော်မူကြပါမည့်အကြောင်း၊ ၊

ဤကဲ့သို့ရှုကြည့်တော်မူကြပါက၊ အနှစ်သာရ-ရုံပြည့်ဝ,အောင်၊ ဩဇဂုဏ်ဆိုက်ရောက်မှု၊ ထိုက်သလောက်ဂုဏ်ထူးဖြင့်၊ ငြိကြူးသင့်သောအရာဝယ်၊ထေမနာမပြု၊မနေ့ာမှာခုခဲ့လျှင်၊ထိုသူ့အပရာဒ-အ,သတ်သဘာဝ,ကို၊ ဖြဘ္ဘာအစ-နတ်လူခပင်း တို့သည်၊ မှတ်ယူခြင်းပြုလိမ့်မည် မဟုတ်ကြပါကြောင်း၊ ၊

ကဗျာလင်္ကာစကားအတွက်၊မှာထားချက်ပြီး၏၊
စတုတ္ထပုစ္ဆာကိစ္စ၌၊မှာထားရန်ပြီး၏၊

ပဋ္ဌမပုစ္ဆာကိစ္စ၌၊ဗဟုသုတမှတ်ဘွယ်-အဓိပ္ပါယ်စကားများပါ
မှာထားပြဆိုချက်၊

သုဏာတုမေဘန္တေသံဃော၊၌၊ (ဘန္တေ)သဒ္ဒါသည်၊ ၊ဘန္တေဘိ သ,ဂါရဝသပ္ပဋိဿဝစနံ၊ ၊ဟူ၍၊ကင်္ခါဝိတရဏီအဋ္ဌကထာ၊နိဒါန်းအဖွင့်တွင်လာသောကြောင့်၊ ကောင်းစွာမသွေ၊ ရိုသေလေးမြတ်၊ တုပ်ဝပ်ခြင်းနှင့် ထကွ၊ ဖြစ်သောစကားဟု မှတ်သားရမည်၊ ၊ဘိက္ခုနီပ ဋိမောက် များ၌ကား၊ ၊သုဏာတုမေအယျေသံဃော၊ ၊ဟု(အယျေ)သဒ္ဒ နှင့် ဟောတော် မူခြင်းမှာ၊ ဇာတ္တိသိင်အရာ၌၊ဖြစ်ထိုက်သည်နှင့်အညီ၊ ဘိက္ခုနီတို့သည်၊ ရိုသေလေးပြု၊ ရှေ့ရှုခွက်ဖါ၊ ခေါ်ငါသောစကားဟု မှတ်သားလေ၊ ၊ထို့ကြောင့်ဘိက္ခုနီကင်္ခါ၊အဋ္ဌကထာနိဒါန်၊အဖွင့်တွင်၊ ၊ကေဝလံ ပန ဘန္တေ အယျေတိအာဒိဝသေန တသ္မိံ ဂရုဝစနေ အဘိသာပ,မတ္တမေဝ လိင်္ဂဘေဒမတ္တမ္ပိ ဝိသေသော၊ဟု၊ မိန့်ပြီ၊ ၊(ဇေ၀ဘန္တေ)(အာမဘန္တေ၊)ဟူသည်၌၊ ထိုသာဓုနှင့်၊ဝန်ခံသောအရာတွင်လာသည်၊ ၊ထို့ကြောင့်၊ ဧဝံ ဘန္တေ သမ္ပဋိစ္ဆနဝစနံပါတော၊ ဘန္တေတိဂါရဝါဓိဝစနမေတံ၊ ၊ဟု၊ပါရာဇိကဏ်အဋ္ဌကထာ၊ ဝေရဉ္ဇကဏ္ဍ (၁၅၂)၌၊ဝန်ခံခြင်း၊ထူးခြင်း၊နှစ်နည်းပင်ဖွင့်ပြသည်၊ ၊

(အာဂုသော)သဒ္ဒါသည်လည်း၊ ၎င်းနည်းတူ၊ ဝေးရှည်ဝေါ်ဝေါ်သောနေရာဝယ်၊ငယ်သောသူ၌၊ခေါ်ထိုက်သော စကားဖြစ်သည်၊ ၊ရုဠ္ဌိနိရုတ္တိ၌ကား၊ အာယုသောပုဒ်ရင်းမှာ၊ ယ,ကို–ဝ,ပြု၍၊အာဝုသော ဖြစ်လာသည်ဟု ပြဆိုသည်၊ ၊

ဘဂဝါဘိက္ခူအာမန္တေသိ ဘိက္ခဝေါတိ ဘဒ္ဒန္တေတိတေဘိက္ခူ၊ ဘဂဝတော ပစ္စဿောသုံ၊စသည်များ၌၊ (ဘဒ္ဒန္တေ)သဒ္ဒါကား၊ ထူးခြားသောနေရာတွင်သုံးသည်၊ ၊ဓမ္မဿဝနကာလော အယံ ဘဒ္ဒန္တာ၊၌၊ (ဘဒ္ဒန္တာ) သဒ္ဒါလည်း ၎င်းနည်းပင်မှတ်လေ၊ ၊

အဘိက္ကန္တံဘောဂေါတမ၊စသည်၌၊ လာသော(ဘော)သဒ္ဒါကား၊ ပုဏ္ဏားတို့၏ဇာတ်အလေ့ဖြင့်၊ရှေ့ရှုမြွက်ပေါ်၊ခေါ် ဝေါ်သောအရာဌာန အားလုံးတွင်၊ သုံးသည်၊ ၊ထို့ကြောင့်၊ ပါရာဇိကဏ် အဋ္ဌကထာ ဝေရဉ္စကဏ္ဍ အဖွင့်မှာပင်၊ ၊ဘောတိဗြာဟ္မဏ ဇာတိကာနံ–ဇာတိသမုဒါဂတံ အာလပနမတ္တံ၊ဝုတ္တံပိဟေတံ၊ ဘောဝါဒိနာမသော ဟောတိ သစေဟောတိ သ,ကိဉ္စနောတိ၊ ၊ဟု-မိန့်ပြီ၊ ၊ဤနေရာ၌-ပုဏ္ဏားတို့သည်တရားနာရ၍၊ဝမ်းသာလှသောအခါ-အဘိက္ကန္တံဘော ဂေါတမ- အဘိက္ကန္တံဘော ဂေါတမ၊ဟု-မြတ်စွာ ဘုရား၏အနွယ် အမည်တော်ကို ပြ၍ ဆိုလေ့ဆိုထ ရှိကြသည်၊ အခြား သူတို့က-အဘိက္ကန္တံဘန္တေ- အဘိက္ကန္တံ ဘန္တေ ဟုဆိုပြုလေ့ရှိကြ၏၊ ထို ၂ နည်းတွင်၊ နောက်နည်းသည်အလွန်ဂါရဝဖြစ်၏ဟု မှတ်လေ၊ ၊

(ဘဏေ) ဟု၊ခေါ်ပြုသောစကားမှာ အစိုးရသောမင်း–မှူးမတ်တို့က၊ မိမိတို့အောက်-အရေယုတ်နိမ့်သူကို ရှေးရှုမြွက်ပေါ်-ခေါ်ဝေါ်သောနေရာတွင်လာသည်၊ ၊ထို့ကြောင့်၊ပါဇိကဏ်အဋ္ဌကထာ၊ဒုတိယပါရာဇိကအဖွင့်(၂၃၈)၌၊ ၊ဘဏေတိဣဿရာနံ နီစဋ္ဌာနိကပုရိသာလပနံဟု-မိန့်ဆိုလျက်ရှိလေ၏၊ ၊

(ဇေ) ဟူသော စကားအလိုမှာ၊ ထိုထိုဝေသာလီ အစရှိသော တိုင်းပြည်ဌာနတွင်၊ ကျွန်မတို့ကို ရှေးရှုခေါ်သော–စကားမျိုး ဖြစ်ပေ၍၊ ၊ဇေတိအာလပနေနိပါတော၊ ဝံဟိတသ္မိံ ဒေသေ-ဒါသိနံ အာလပန္တိ၊ဟူ၍၊ပါရာဇိကဏ် အဋ္ဌကထာ သုဒိန္နကဏ္ဍအဖွင့် (၁၀၀) ၌လာသောကြောင့်။သာမညအားဖြင့်၊ ရှေးရှုမြွက်ကြားခြင်း၌ သုံးသည်၊ ယေဘုယျအားဖြင့်- ယုတ်နိမ့်သူကို အလိုမကျသောအရာ၌၊ ရှေးရှုမြွက်ခေါ်သည်ဟူ၍လည်း၊ဆရာတို့ပြောဆိုလေ့ ရှိကြကုန်၏၊

(ဟေ) (ပဘာ:ရ) (အဇေ) ၎င်းပုဒ်တို့၌လည်း၊ ထိုနည်းတူ အဂါရဝ နေရာမှာသုံးသည်ဟု–ဆရာတို့ယူကြ၏၊ ၊၎င်းအဂါရဝ စကားကို ထောက်ထား

၍၊ ညောင်ကန် ဆရာတော် ဘုရားကြီး ဦးဗုဓိက-ပရိတ္တံ ဟံဘာဏာမဟေကို သဘောမကျ- တံဘာဏာမ-ဘောဟူ၍-ရှိရမည်ဟု မိန့်တော်မူသည်များ တ ဆင့်စကား ပြောသံကြားဘူး၍ ခြားနားစွာမှတ်လေ၊

(သမ္မ) ဟု၊ မြွက်ခေါ်သော အရာသည်၊ ၊သမ္မာတိ ဝယသာ ဘိလာပေါ ဧသ၊ ၊သီလက္ခန်အဋ္ဌကထာသာမညဖလသုတ် (အဖွင့်)။ ၊ကာမံတုလျော ဝယသော တိဝုစ္စတိ ရုဠှီရေသော ယောကောစိပန သဟာယော ဝယသော တသ္မာဝယသာ ဘိလာပေါတိ သဟာယာဘိလာပေါ၊ ၊ဟူ၍ ၎င်း၏ဋီကာ ပေါင်း (၂၀၄) ၌ ပြဆိုသည့်အလိုဝယ်၊ အရွယ်တူသည်ဖြစ်စေ၊ မတူသည် ဖြစ်စေ၊အပေါင်းအသင်းချင်းကို ရှေးရှုမြွက်ခေါ်သောအရာတွင် အသုံးဝင်သည်၊

(မာရိသ) ဟူသောသဒ္ဒါနှင့်ပြသည့်အလိုမှာ၊နတ်တို့သည် ချစ်ဘွယ်သော စကားဖြင့် အသီးအခြား မြွက်ကြားသော အရာ၌သာ၌ သုံးကြသည်၊ ၊ထို ကြောင့်၊သုတ်မဟာဝါ အဋ္ဌကထာ သက္ကပဉ္ဟသုတ် အဖွင့် (၂၅၉)၌၊ ၊မာရိ သာတိ ပိယဝစနမေတံ ဒေဝါနံပါဠိယေဝ် ဝေါဟာရော နိဒုက္ခာတိ ဂိရုတ္တံ ဟောတိ၊ ၊ဟူ၍မိန့်၏၊ ၊

(အမ္မ) သဒ္ဒါသည်- အမိကိုဖြစ်စေ၊ အမိနှင့်အလားတူ၊ အခြားသူမိန်းမ ကြီးငယ်တို့ကိုဖြစ်စေ၊ရှိသေသမှု-အရေးရှု၍ခေါ်ပြုသောစကားဖြစ်သည်၊ ၊

(တာတ) သဒ္ဒါသည်လည်း၊အဘကိုဖြစ်စေ၊အဘနှင့်အလားတူ၊အခြားလူ ကြီးကြီးငယ်ငယ်ကို ဖြစ်စေ၊ ရိုသေသမှု-ဂရုဂါရဝ စကားဖြင့်၊ မြွက်ကြား ပြောဆိုခြင်းဖြစ်သည်၊ ၊ဆိုကြောင့်၊ ပါရာဇိကဏ်အဋ္ဌကထာ (၁၅၇)၌၊ ၊ အမ္မာတိမာတရံ အာလပတိ တာတာတိပိတရံ အာလပတိ၊ ၊ဟု-မိန့်ပြီ၊ ၊ ယင်းသို့၊ လူဒါယကာတို့-တာတ,ဟု ပြောဆိုလေ့ရှိကြသည်၊ ရဟန်းတို့က အဘကို တာတ,ဟုခေါ်ဆိုသော အရာ၌ကား၊ဂေဟဿိတပေမဖြင့်-ခေါ်ဝေါ် ကြောင်းကို တာတာတိ ဂေဟဿိတပေမ ဝသေန အာဟ၊ ၊ဟု၊ ပါရာဇိ ကဏ်အဋ္ဌကထာ (၁၆၄) ၌ ပြဆိုသည်၊ ၊အဘကိုပင်ဖြစ်စေကာမူ-သမ ဏာ:တဇ၏အစွမ်းဖြင့်ကား၊(ဂဟပတိ)ဟူ၍ ခေါ်ဆိုကြောင်းကို၊၎င်း (၁၆၄) ၌ပင်၊ ၊ဂဟပတီတိ ဣဒံပန ဝစနံ သမဏာတေဇေနာဟ၊ ၊ဟု၊ဖွင့်ပြမိန့်ဆို လျက်ရှိလေ၏၊

(ဘဂိနိ) သဒ္ဒါကား၊အရိယာတို့၏ ဝေါ်ရိုးဖြင့်၊ အမျိုးတို့၏ကျွန်မက်ဖြစ် စေ၊ မယားဖြစ်ဘူးသော မိန်းမကိုဖြစ်စေ၊ ထိုမှတပါး၊ အမရင်း၊နှမရင်းများကို ဖြစ်စေ၊ ၎င်းတို့နှင့်အလားတူ မိန်းမဟူသရွေ့ကို ဖြစ်စေ၊ ခေါ်ဝေါ်လေ့ ရှိကြ သည်၊ ၊

(သာဓိ) ဟူ၍ခေါ်ရခြင်းကား-အစေအပါး၊ကြေးကျွန်များက၊မိမိတို့အရှင်သခင်ကိုဖြစ်စေ၊မယားက၊လင်ယောကျ်ားကိုဖြစ်စေ ခေါ်သောစကားတည်း၊

(ဘဒ္ဒေ) ဟူ၍ခေါ်ဝေါ်ခြင်းကား- လင်ယောကျ်ားက၊ မယားကို ပြောဆိုသောစကားတည်း၊ ၊

( ဗြာဟ္မဏ-ဗဟုဝစ်အကြောင်း၊ )

ဝင်းသုဏာတု မေဘန္တေ၌၊ ဘန္တေ သဒ္ဒါသည်၊ သဒ္ဒါကြီးကစ္စည်းကျမ်းဘောဂေတျ၊သုတ်၌၊တုသဒ္ဒါဖြင့်ပြီး၍ ဧကဝုစ်နည်းထင်ရှား၏၊ အနျူးသာအရာဌာန၌သဘောသို့လိုက်၍ ဗဟုဝစ်ဖြစ်ထိုက်၏၊ ၊ထိုကြောင့်၊ မန်လည် ဆရာတော် ဘုရားကြီး၏ သတပဒိက ပုဏ္ဏာ ကျမ်း၌၊ ၊(သုဏာတုမေ-ဘန္တေ၌ကောင်း၊ မှန်မသွေပြတ်ကျမ်းဂန်ရှာဖွေလို ထိုဘန္တေဘယ်သည် ပုဒ်ကယ်နှင့်ဘယ်ဝုစ်ကိုမဟာမိတ်ကယ်ခွန် ဗျာဒိတ်ညောင်း)၊ ၊ဟု-ပုဏ္ဏာပြုတော်မူ၏၊ ၊သံယော၌ ၄ ပါး ၅ ပါးထက် အမျိုးကို သံဃာဟု ဆိုသောကြောင့်၊ များသောနေရာမှာသာ-ဗဟုဝစ်စကားနှင့် ထားသင့်သလို ရှိငြားသော်လည်း၊ ဧကဝုစ်စကားနှင့် ဟောကြားတော်မူခြင်း၏ အကြောင်းကား၊ ၊ဇဋ္ဌတုပါပေက္ခံ ဧကဝစနံ-ဒဗ္ဗာပေက္ခံဗဟုဝစနံ ၊ဟူသောပါဠိ၊ ၊ဇာတ်ကိုအနေ၊ ဟောရိုးထွေ၊ချလေဧကဝုစ်၊ ၊ဒြဗ်မှာကား-ဟောနည်းပြား၊ ထားလေဗဟုဝုစ်၊ ၊ဟုပင့်ထုတ်သော နိယာမ်သင်္ဂြိုဟ်တို့ အတိုင်းသာ မှတ်ရာ၊ ၊သို့ဖြစ်၍ ရှင်မဟာကစ္စည်း ဆရာသည်-ဇာတျာပေက္ခအတွက်၊ (ဂါဝေသ) ဒဗ္ဗာ ပေက္ခအတွက် (ယောသုစ)ဟု-သဘောကိုရှုသ၍၊ဧကဝုစ်-ဗဟုဝုစ်နှစ်ပါးဖြင့်၊တည်ထားတော်မူခဲ့ပေသတည်း၊ ၊ရဟန်းချင်းချင်း- ဒေသနာကြားသော နေရာ၌သတင်းကြီး ပုဂ္ဂိုလ်တပါးတည်းဖြစ်သော်လည်း၊ သတင်းငယ်ပုဂ္ဂိုလ်က-ဂရုဂါရဝအဖြစ်ဖြင့်၊ (ပဿထ-ဘန္တေတာ အာပတ္တိံယာ) ဟု-ဗဟုဝုစ်ဆိုသောအရာလည်းရှိသေး၏၊ ၊ငင်းပြင်၊နိဗ္ဗာန်တရားသည်၊ တပါးတည်းဖြစ်လျက်၊ ဗဟုဝုစ် စကားဖြင့်-ဟောကြားတော် မူသည်မှာ၊ ၊ယေ့ေ အပစ္စယာ အဂ်ါတာတိ ဗဟုဝစန နိဒ္ဒေသော-အ,ဝိနိဗ္ဘုတ္တ ပရိ-ဗ္ဗုဒ ဝသေန မာတိကာ ဌပနတောတိ ဝေဒိတဗ္ဗော၊ ၊ဟူ၍၊ မူလဋီကာ၌ ပြဆိုထုံးမှတ်၍၊ မဆုံးဖြတ်အပ်သောအနက်၊အပိုင်းအခြားရှိသည်၏အစွမ်းအားဖြင့်၊ မာတိကာထားခြင်းမျှဖြစ်သောကြောင့်-ဟောတော်မူသည်ဟု-ဆိုလိုသည်၊ ၊တိက ပဋ္ဌာန်အဋ္ဌကထာ၊ပဉ္စာဝါရအဖွင့် (၃၆၈)၌ကား၊ ၊တံ အနာဂတ္တိ တာနိ အာရဗ္ဘတ်ကတ္တာတိ အတ္ထော ဗဟုဝစန သဿဟော သ ဧကဝစနာ ဒေသော ဇာတိဝစနမေဝေ

တံ၊ ဟု၊ ဗဟုဝုစ်ကို ဧကဝုစ်ပြုကြောင်း၊ ဓာတ်၏ အစွမ်းအားဖြင့်၊ ဧကဝုစ်ဖြစ်ကြောင်းများကို၊ မိန့်ဆိုတော်မူသည်၊ ။(ဤအရာ၌ဓာန၌၊ဧကဝုစ်-ဗဟုဝုစ် စကားရ၊ စေ့ငှ ရံလင်အောင်၊ သိရှိးတော် မူလိုကြပါက၊ သဒ္ဒဏ္ဏဝဘေဒစိန္တာ၊ စာကိုယ်နှင့်၊ ၎င်း၏အဖွင့်ဖြစ်သော- ဘေဒစိန္တာဒီပနီ၊ဘေဒစိန္တာ မဟာဋီကာ သစ်ကျမ်းတို့မှာ၊ ခွဲခြမ်း၍ယူတော်မူကြပါကုန်)၊ ။

(ပဋ္ဌမပုဗ္ဗကိစ္စ၌၊မှာထားချက်ပြီး၏၊)

(ဆဋ္ဌပုဗ္ဗကိစ္စအတွက်-မှာထားချက်၊)

ယခုအခါကာလ၌ ဆဋ္ဌဟူသောခြောက်ခုမြောက်သင်္ချာကို၊ ထိုထိုအရပ်ဌာန၌၊(ဆဋ္ဌမ)ဟု၊မ,အက္ခရာပိုရိ၍ ရေးသားလေ့ ခေါ်ဝေါ်လေ့ရှိကြ၏၊ ။ ကျကျ,နနဝိုင်းသသ, သိဘို့ရာသညာ မှတ်တမ်း-ကစ္စည်းကျမ်း၌၊ ခွဲခြမ်း၍ပြသည်မှာ နှစ်ခုမြောက်သင်္ချာနှင့်သုံးခုမြောက်သင်္ချာ၊ ဤသဒ္ဒါနှစ်ဝ,မှာ၊ တိယပစ္စည်းသက်၍၊ ဒုတိယနှင့်၊တတိယအတွက်၊ မှတ်သားချက် တွေးရှု၊ လေးခုမြောက်အကူးတွင်၊ထ,ဆင်ထုံးပစ္စည်းသက်၍ ဆက်လက်ထုတ်ပြ၊ စတုတ္ထမလွဲ၊ခြောက်ခုမြောက်တကွဲမှာ၊ ထဝမ်းဘဲပစ္စည်းနှင့် နည်းတဆင့်မှတ်ပြမှုကြောင့်၊ ဆဋ္ဌ,ဟုသီးအခြား၊ ။၎င်းကိုပယ်ရှား၍၊ငါးခုမြောက်ခုနစ်ခုမြောက်၊ ရှစ်ခုမြောက်က၊ အစပြုလျက်၊ မပစ္စည်းသက်၍ယထာက္ကမ၊မပျက်ရအောင်၊ ပဉ္စမ,သတ္တမ,အဋ္ဌမ, စသည်ဖြင့်ပြီးသင့်ကြောင်းကို၊ ကောင်းမွန်သေချာ၊ ထွေထွေပြလျက်၊ ဝေယျာကရဏ ရူပသိဒ္ဓိမှာ၊သုံးဘို့ရာရှင်ကစ္စည်းက၊ ဖွင့်ဖော်ပြီးထားပေသည်၊ ။ဂါထာဗန္ဓ-ဖွဲ့စီးသော အရာဌာနတို့၌ကား၊ဆန်းဂိုဏ်းအလိုက်၊လျော်ရာကြံ့ကိုက်ဘို့၊ရောက်ဆိုက်စဥ၊မလွဲသာလှ၍သာဋ္ဌမ,ပစ္စည်းနှင့်၊ ခြားသီးမှတ်ပြ၍၊ဆဋ္ဌမ-ရှိဘို့ရာ၊သမ္ဗန်ိတိဆရာက၊သိစေဌါသုတ်တည်လျက်၊ ညွှန်ပြချက်တရ၊ ဤအမှုကြောင့်၊ဗဟုသာဓာရဏ-ရူပသိဒ္ဓိယတို့မှာ၊ဆဋ္ဌ,ဟူ၍သာ-သိုသဖြင့်၊ မ,တလုံး ပိုသည်ဟု-မြွက်ဆိုလိုက်ရ ပေသတည်း၊ ။ရူပသဒ္ဒိ၌ကား၊ ဇေ၀ံဆဋ္ဌမော၊ ဟု-ဂါထာ-ရူပသိဒ္ဓိယ-သာမည အားဖြင့်လာ၏၊ ။ ၎င်းအဖွင့်ဋီကာ၌လည်း၊ယောဂဝိဘာဖြင့်၊မပစ္စည်းသက်ရမည်ဟုလာကြောင်း၊ သို့ဖြစ်ပါ၍၊ ။ကျမ်းဂန်လာသည်အဖြစ်ကိုသာ-စီစစ်၍ပြရပါသည်၊လောကဝေါဟာရအသုံးမှာ၊မြန်မာနိုင်ငံတဝှမ်းလုံးလိုလိုပင်၊ထိုထိုမြို့ရွာတွင်၊ စာသင်ကျောင်းအနေဝိရင်တို့၌၊ဆဋ္ဌမ,တန်းဟူ၍သာ၊ မအက္ခရာ အဆုံးသတ်လျက်၊ ထုံးမှတ်ပြီးသော်၊ခေါ်ဝေါ်ရေးသား၍၊အများသုံးဖြစ်လျက်နေပေကြောင်း၊

(မာခေါဝိတ္ထာသိ-၌)ဝိတ္ထာသိကို၊ဝိတ္ထာအသိဟု-ပုဒ်ဖြတ်ပြီးခါ၊ မာ,တပုဒ်၊ ခေါ,တပုဒ်၊ဝိတ္ထာ,တပုဒ်၊အသိ,တပုဒ်ဟု၊ ၄ပုဒ်ပြု၍ ယူပါ၊ ၊အချို့ဆရာတို့ သဘော၌၊ ပုရိသောကဲ့သို့။ဝိတ္ထာဟုး ဩကာရန္တနှင့်၊ ပဒစ္ဆေဒ-ပုဒ်ဖြတ် ကြ၏၊ ၊မုဒ္ဓါပိတဿဝိပတေယျ၊ ဟူသောဝေရဉ္ဇကဏ္ဍ ပါဠိတော်လာ၊ မုဒ္ဓါပုဒ်ကဲ့သို့၊ဝိတ္ထာပုဒ်ဖြစ်သင့်သည်ကို၊စွဲမှီးထောက်ရှု၊ သတိပြုရန်၊ ၊ရုပ်ပြီး ဟန်မှာ၊ဝိတ္ထာ၌၊ဝိဧရှည်ရှိသောဝိနွှာဓာတ်၊ကွိပစ္စည်း၊ ဓာတွန်နှင့်-ကွိကိုခြေ၍ ပြီးစေ၊ ၊ထို့ကြောင့်။မဟာဝါအဋ္ဌကထာ၊ မျက်နှာနံပါတ် (၂၃၆)၌၊ ဝိတ္ထာ ယန္တိတိဝိတ္ထာယိတတ္တာဟောန္တိ၊ ဟု၊ ဖွင့်ပြုတော်မူ၏၊ ၊သီလက္ခန်ပါဠိတော် လာ၊တေဝိဇ္ဇသုတ် (၁၆၈) မှာလည်း၊ ၊မင်္ဂုပုဋ္ဌဿ ဒန္ဓာယိတတ္တံဝါ၊ ဝိတ္ထာယိတတ္တံဝါ၊ ဟူသောပုဒ်ကိုဖွင့်ထုတ်၍ပြရာ၊၎င်း၏အဋ္ဌကထာ (၂၈၄) ၌လည်း၊ ဝိတ္ထာယိ တတ္တန္တိ၊ ယထာသုခုမံ အတ္ထဇာတံ သဟသာပုဋ္ဌဿ သရီရံ ထဒ္ဓဘာဝံဂစ္ဆတိ ဧဝံထဒ္ဓဘာဝဂဟဏံ၊ ဟု-သံဝဏ္ဏနာ ပြုတော် မူ၏၊ ၊၎င်းဝိတ္ထာသဒ္ဒါ၌နောင်အာချာတ်ကြိယာ၏အရာ၌၊ကတ္တား၏ဥပမာဖြစ် သောအာစာရအနက်၌အာယပစ္စည်းသက်ရ၏၊ တဒ္ဓိတ်အရာ၌၊ အာယိတတ္တ ပစ္စည်းသက်ရ၏၊ယင်းသို့။အာချာတ်အရာ၊ တဒ္ဓိတ်အရာတို့၌၊ လာသည်ကို ထောက်ရှု၍ ဤအနုသာသနကဏ္ဍဝါအရာ၌၊ကြိယာတပုဒ်တည်းဟု၊ ဆိုလိုရင်း ဖြစ်ခဲ့ပါမူ၊ မာခေါဝိတ္ထာယသိ၊ဟု-ယ,အက္ခရာနှင့်-ရှိရသင့်၏၊ ယင်းသို့ကား၊ ထိုထိုစာမူတို့၌၊ယအက္ခရာနှင့်တိုက်ရိုက်တွေ့ရှိဘူးသည်မထင်ရှေ။ ။

(ဝေဠုံပုဏ္ဏသကိ-၌)ပုဏ္ဏသကိ၏ကတ္တားကိုး မှတ်သားဘို့ရှာလျှင်၊ ဘယ်ဆရာဘယ်ပုဂ္ဂိုလ်ဟု၊ တုတ်ဆိုမှုမသေချာ သေးသည့်အတွက်၊ ထေ ရာဟု-ရေးထည့်စွက်၍-အသိဉာဏ်သက်လေ၊အနုဝဏ္ဏကတိကျ၊ဟူ၍ ထည့် လျှင်လည်းပြီးပါ၏၊ ၊ဤအရာ၌၊ အချို့ ဆရာတို့သည်၊ ပုဏ္ဏသကိံ ကို၊ ပုဏ္ဏသံ ဉာတိ-ဟု၊ ပဒစ္ဆေဒ ပြုလုပ်၍၊ ပုဏ္ဏသံကား၊ အမှ ယောဂပုဒ်၊ ဧကဝုစ်သံပိဘတ်၊ ဉာတိကား၊ အာကာရ-ဟု၊အယူရှိကြ၏၊ ၊ယုတ္တိဉာဏ် သ၊အကြံလှသော်လည်း၊ဟန်ကျမည်မထင်၊ အဘဲ့ကြောင့်ဆိုလျှင်၊ ထိုအရှင် အနုသာသက-ဆုမ္မသောကဏ္ဍဝါဆရာသည်၊ သူမှာ၊၎င်းပုဏ္ဏသကိံကို၊ရွတ် ဆိုပြောပြ၊ဆုမ္မနေသောအခိုက်တွင်၊မေးမြန်းထိုက်တို့ရာ၊ပုစ္ဆကာသမုတိ၊ မရ ရှိသေး၊စည်းဝေးသောသံဃာဘောင်သို့၊ နောင်အတို့ ဖြန့်ရောက် လာမှသာ၊ လျောက်ပတ်ရာတပါးပါးကို၊သံဃာတော်အများက၊ပုစ္ဆကာသမုတိ၊ ရွေးကြည့် ၍ပေးလိမ့်မည်၊ထိုအခါမှသာ၊မည်သည့်ဆရာ၊ မေးတို့ရာဟု-သေချာနိုင်မည့် သဘောကြောင့်၊ ထေရာဟူသော-အနုဝဏ္ဏကတိကျ၊ဟူသော-သဒ္ဒသာခရ

ဏာသာမည၀ကားဖြင့်၊နာမယောဂကတွားသာ၊အရာအားလျော်စွာ၊သင့်တော်နိုင်ရာသာအကြောင်းဟု၊ကောင်းမွန်စွာသတိပြုလေ၊ ၊

နတ္ထိဘန္တေနှင့်အာမဘန္တေတို့အကြောင်း၊ကောင်းမွန်စွာစနစ်ကျအောင်၊
တစ်တစ်ခွခွ၀ကားဖြင့်=ရေးသားဖွင့်ပြလိုက်ဦးအံ့၊

ယခုအဆင့်ကိစ္စမှာ၊အနုသိဋ္ဌ၊သွန်သင်ပြ၍ဆုမ္ဗသောအခါသာ ရှိသေးသည်၊ မေးမြန်းသောအခါမဟုတ်၊ထို့ကြောင့်၊ ရဟန်းလောင်းက၊နတ္ထိဘန္တေ၊ အာမဘန္တေလိုက်၍-မဖြေလိုက်၊ မလျှောက်ထား လိုက်သေး၊ သံဃာတော်တို့အစည်းအဝေး၀ယ်၊စစ်ဆေးမေးမြန်းခြင်းဟူသော ဒုသမကိစ္စသို့ ရောက်မှသာ၊ ဟုတ်မှန်ရာကို၊ ဖြေဆိုလျှောက်ထားရမည်၊ ထိုအကြောင်းကိုပြတော်မူလို၍၊ ၊ထေနခေါပနသမယေနဘိက္ခူ၊ အနနုသိဋ္ဌေ ဥပသမ္ပဒါ ပေက္ခေ အန္တရာယိကေ ဓမ္မေပုစ္ဆန္တိ၊ ဥပသမ္ပဒါပေက္ခာ ဝိတ္ထာယန္တိမင်္ကူ၊ ဟောန္တိ နသက္ကောန္တိဝိဿဇ္ဇေတုံ၊ ဘဂဝတောဧတမတ္ထံ အာရောစေသုံ၊ အနုဇာနာမိဘိက္ခဝေပဌမံအနုသာသိတွာပစ္ဆာအန္တရာယိကေဓမ္မေပုစ္ဆိတုန္တိ၊ ၊ဟု၊ သိမ္မှအ၀၀-မသွန်သင်မဆုမ္ဗဘဲ၊ ပြိုန်းကနဲမေးမြန်းက၊ ရဟန်းလောင်းသည်၊ ကောင်းကောင်းကြီးမလျှောက်ပံ့၍၊ ကြောက်ရွံ့ရှက်တွန့်သော အနေအထိုင်နှင့်မဖြေနိုင်ဘဲရှိတတ်သည်၊ သို့ဖြစ်သည့်အရေးကြောင့်၊ အရှက်အကြောက်မထွေးအောင်၊ရှေးဦးစွာသွန်သင်၍၊ ကြိုတင်ဆုမ္ဗပြီးမှ၊ မေးမြန်းခြင်းပြုရမည်ဟု၊ခွင့်းဝစီမြွက်ပေါ်၍၊ဟောကြားတော်မူရပေသတည်း၊

ထိုနဝံမှတဖန်၊သံဃာပရိသတ်အလယ်တွင်၊ ရှက်ကြောက်ဘွယ်ရှိကြပြန်၍ တဿဝသံဃမဇ္ဈေအနုသာသန္တိဥပသမ္ပဒါပေက္ခာတထေဝဝိတ္ထာယန္တိမင်္ကူ ဟောန္တိ နသက္ကောန္တိ ဝိဿဇ္ဇေတုံ၊ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ၊ အနုဇာနာမိဘိက္ခဝေ ဧကမန္တံ အနုသာသိတွာ သံဃမဇ္ဈေ အန္တရာယိကေဓမ္မေ ပုစ္ဆိတုံ၊ ၊ဟု-ခွင့်ပြုတော်မူသည်မှစ၍၊ဧကမန္တံ-သင့်လျော်ရာဌာနသို့၊ထုတ်ဆောင်၍ နားလည်အောင်ပြောပြလျက်၊ ဆုမ္ဗသွန်သင်ပြီးသောအခါမှ၊သံဃာဘောင်သို့သွင်း၍၊ မေးမြန်းခြင်းပြုရမည်ဟု၊ သိနစေမှုမလွဲမှားရအောင်း၊ ဆုမ္ဗခြင်း—မေးမြန်းခြင်းခွဲခြား၍ဟောကြားတော်မူခဲ့ပေသတည်း၊ ၊

ဤအခါ၌၊သောကယုဘ္ဘ၊ ထုတ်သိဘွယ်ရာ၊ ဥပမာမှု-ဆရာဥပဇ္ဈာယ်တို့က၊တပည့်ကြီးငယ်အပေါင်းကို၊အဆိုးအကောင်း၊ ကျိုးကြောင်းညွှန်ပြ၊ ဆုမ္ဗနေစဉ်အခါ၊တပည့်တို့မှာ ရိုသေစွာနှုတ်ဆိတ်ပြီး၊ နားစိုက်၍သာ၊ ထောင်နေနေရမည်၊ပြန်လည်၍မလျှောက်ရ၊ နောက်မှတဖန်၊ သိသာရန်အရေးနှင့်၊ ဆရာဥပဇ္ဈာယ်တို့ စစ်ဆေးမေးမြန်းသောအခါမှသာ၊ ချေမ်းသာယာ၊ ရိုသေစွာပြန်

ကြား၍၊ ဖြေဆိုလျှောက်ထားရမြဲ အစဉ်ကဲ့သို့ရင်း၊ ပွဲမဝင်ခင်- အပြင်ပက သင်ပြရဦးမည်ဟု ဆိုပြီးသောစကားကဲ့သို့ရင်း၊ ကျိုးကြောင်း ထောက်ဆ၍၊ သံဃာ ပရိသတ်ထဲ၊ ပွဲမဝင်ခင်၊ အလျှင်အစ၊အပြင်အပက၊ သင်ပြအုမ္မခိုက်၊ အလိုက်အလျှောက်သင့်၊ နားစွင့်၍ထောင်ပြီးလျှင်၊ နောင်ခါသမယ၊ ဒသမကိစ္စ အခင်း၊ မေးမြန်းခြင်း ပုစ္ဆာထုတ်မှ၊ ဟုတ်မဟုတ်၊ မှန်မမှန်ကို၊ ပြန်လှန်ဖြေကြား၍၊ ထင်ရှားအောင် လျှောက်ထားရသည်ဟု၊ အတည်ပြုစကားကိုသာ၊ မှတ်သားထိုက်လှပါပေကြောင်း၊ ။

ဆဋ္ဌကိစ္စနှင့် ဒသမကိစ္စ၊ ၎င်းနှစ်ဌာနအထူး၊

ရဟန်းလောင်းကို သံဃာဘောင်မှ၊ ပြင်ပသို့ထုတ်၍ ဆုမ္မ သွန်သင်ခြင်း၊ ဆုမ္မသည့်အခါ၊ ရဟန်းလောင်းက၊ နတ္ထိဘန္တေ၊ အာမဘန္တေ၊ စကားတို့ကို မဖြေဆိုမလျှောက်ထားရခြင်း၊ ဆုမ္မစာ အတွင်း၌၊ မာခေါ်ဝိတ္ထာ သိ၊မာခေါ်မံကု အဟောသိ၊ဝေနှံ့ပုန္တိ သန္တိ၊ ၎င်းစကားများပါရှိခြင်းသည်၊ ဆဋ္ဌကိစ္စ၊ရဟန်း လောင်းကို၊ သံဃာဘောင်သို့ဘဖန်ပြန်သွင်း၍၊ သံဃာအလယ်၌ မေးမြန်းခြင်း၊ မေးမြန်းသောအခါ၊ ရဟန်းလောင်းက၊ နတ္ထိဘန္တေ၊ အာမဘန္တေ၊ စကားကို ဖြေဆိုပြန်ကြားလျှောက်ထားရခြင်း၊ မေးမြန်းသောစာအတွင်း၌၊ မာခေါ်ဝိတ္ထာ သိ၊ မာခေါ်မံကုအဟောသိ၊ ဝေနှံ့ ပုန္တိ သန္တိ၊ ၎င်းစကားများ မပါရခြင်း သည်၊ဒသမကိစ္စ၊ ဤသည်လျှင်၊ အထူးတည်း၊ ။

ဒသမကိစ္စ၌၊အန္တရာယိကဓမ္မကို မေးမြန်းခြင်းဟူသော ပုစ္ဆာကိစ္စကို၊ ပြုရ ခြင်းအကြောင်းမှာ၊ရဟန်းလောင်း၌၊ ၎င်းအန္တရာယိကဓမ္မ၊ဘုဋ္ဌဂဏ္ဍာ၊စသည် ငြိတွယ်၊မစင်ကြယ်ဘဲနှင့်၊ အသွယ်သွယ်မေးခွန်းဖြင့်၊ လယ်လယ်ဝယ်ဝယ် မမေးမြန်းဘဲ၊ ရဟန်းခံပေးမိကြပါလျှင်၊ ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါဆရာ၊ကာရ ကသံဃာများ၌၊အပြစ်ဒေါသ၊ စွန်းငြိထိုက်၍၊ ၎င်းအပြစ်၊ကင်းလွတ်မှု၊ အ ကြောင်းရှု၍၊ ပြုရသော အလုပ်ပုစ္ဆာကိစ္စ အမှုမျိုးဖြစ်ပေသည်၊ ။

၎င်းဒသမကိစ္စတွင်၊ နတ္ထိ ဘန္တေ၊ အာမဘန္တေ၊ အစရှိသော အဖြေစကား များသည်၊ဘုရားဟောပါဠိ လာရှိရင်းမဟုတ်သော်လည်း၊ ဗုဒ္ဓမတာနု သဒ္ဓါ ဝါစာ၊သင်လျော်ပါသောကြောင့်၊သာသနာတော်တဝှမ်းလုံး၊ သုံးဆောင်လျက် ရှိကြ၍၊ဝိညူပသဒ္ဓ၊ အတိသုန္ဒရ၊ ဒဠှိကမ္မအရေး၊ အမေးပုစ္ဆာ ထုတ်ပြလာ ရှိသော၊ ဗုဒ္ဓဘာသိတစကားတော်နှင့် လည်း-လျော်သင့်တင့်၊ ညီညွတ်သော အခွင့်မို့၊ အထူးသဖြင့်ဟန်ကိုက်၍၊ ဖြေဆိုထိုက်သောစကားဟု၊ မှတ်သား အပ်လှပါပေကြောင်း၊ ။

ယခုအခါ၊ဆဋ္ဌကိစ္စနှင့် ဒသမ ဂါထာ၊ရင်း-၂ ဌာနအတွက်
မှာထားချက်တို့ကို၊တွဲဘက်၍ပြလိုက်အံ့။

သဉ္ဇိတေ ဥဘရူပါ အာဗာဓာ၊၌၊ အာဗာဓာဟူသောပုဒ်အရ၊ အနာရောဂါတို့၏အမည်နာမကို၊မဂဓအဘိဓာန်မှာ၊ ၊အာတင်္ကော အာမယော ဗျာဓိ၊ ဂဒေါရောဂါရုဇာပိစ၊ ဂေလညာကလ္လမာဗာဓော၊ ၊ဟူ၍၊ အာတင်္ကောမှ-စ,လျက်၊အာဗာဓောသို့ကျအောင်၊ ၉ ပုဒ်ဟုပြသည်တွင်၊ အတက်အနာနှင့်၊ အာဗာဓ အနာတို့၏ ထူးဟန်ကို၊ သီလက္ခန် အဋ္ဌကထာ- သုဘသုတ် အဖွင့် (၂၀၀)၌၊ ၊အာဗာဓောတိ-ဝိသဘာဂဝေဒနာ၊ ဝုစ္စတိ ယာဧကဒေသံ ဥပ္ပဇ္ဇိတွာ စတ္တာရော ဣရိယာပထေ အဘယာပတ္တေန အာဗန္ဓိတွာ ဝိယ ဂဏှာတိ၊ အာတင်္ကောတိ ကိစ္စဇီဝိတဟရော ရောဂေါ ဝုစ္စတိ၊ ၊ဟုလာရှိသောကြောင့်၊ ကိုယ်ခန္ဓာ၏တစိတ်တဒေသအရပ်၊ ဝေဒနာစွဲကပ်သော်၊ ဟစ်အော်ညီးမှိုင်လျက်၊ လျောင်း, ထိုင်, ရပ်, သွား, ၊ ဣရိယာပုထ်လေးပါး၌၊သံပြားဖြင့်ဖွဲ့ပတ်သကဲ့သို့၊ကျဉ်းကျပ်စွာတည်နေရသောရောဂါကို-အာဗာဓအနာဟုဆိုသည်၊ ကျင်နာလိုက်လဲ၊ အလွန်ပင်ကိုက်ခဲ၍၊ ဆိုက်သဲသော ဘေးအရ၊ ဆေးကုမှ အသက်ရှင်ဘို့၊ ကင်းစင်လွတ်မြောက်၊ ချမ်းသာခြင်း ဆိုက်ရောက်အောင်၊ လွင့်ပျော်မည်ရောဂါရကို၊အာတက်အနာဟုဆိုသည်၊ ၊ဤသည်လျှင်၊အာဗာဓအနာနှင့်၊အာတက်အနာ၊ရောဂါနှစ်ပါး၊ထူးခြားပုံအကြောင်းတည်း။ ၊

{ကုဋ္ဌံ} တပ္ပုကုဋ္ဌဉ္စ ရတ္တကုဋ္ဌံ ပါဠာဟာတု ကာဠကုဋ္ဌံဝါ၊ ၊ဟူသော မဟာဝါအဋ္ဌကထာ၊ ၊အင်္ဂင် ကုဋ္ဌတိ ဆိန္ဒတိတိ ကုဋ္ဌော၊ ၊ဟူသော သဒ္ဒါကြီး၊ ရှင်မဟာကစ္စည်း၏ဝိဂြိုဟ်- မိန့်ဆိုတော်မူကြသည်ကို၊ ရှယ်ရည် ရှုကြံလျက်၊ ၊ကုဋ္ဌ၊ ကိုယ်လက်ယောင်ယမ်း၊ ပေါ်အမ်းအမ်းနှင့်၊ သဖမ်း ဟူသည်၊ လူမသတ်တို့နှိနှိနက်၊ ရုပ်ပျက်သော သမင်ယက်မျိုး-ရောဂါ ဆိုးသည်၊ဟု၊ ဆရာတို့အနက်သမ္ဘန်ခဲ့ပြီ၊ ၊ရင်းကုဋ္ဌရောဂါ၊ စွဲလာကပ်ငြိ တတ်ခြင်း၏ အကြောင်းမှာ၊ ၊အ,သပ္ပါယ ဘောဇနံ ဘုဉ္ဇိတွာ အာတပေ ဂစ္ဆန္တဿ ကာဠကုဋ္ဌရောဂါဒိ ဥပ္ပဇ္ဇန္တိ၊ ၊ဟု- အဋ္ဌသာလိနီ အဋ္ဌကထာ၌ မိန့်မှာဖွင့်ပြသောကြောင့်၊ မလျောက်ပတ်သော ဘောဇဉ်အာဟာရကို သုံးဆောင်စားသောက်၍၊ နေပူပြင်းစွာ၌၊ ခရီးသွားသော သူအား၊ မည်းမည်း ဝက်ခြံ-နူနာအစရှိသည်တို့ ဖြစ်ပေါ်၍လာတတ်ကုန်၏ဟု-မှတ်လေ။ ၊

{ဂဏ္ဍော} ဂဏ္ဍောတိ ဒေဒဂဏ္ဍောဝါ ပေါဠာဟာတု အဉ္ဉောဝါ၊ ၊ဟူသော ရင်းမဟာဝါအဋ္ဌကထာ၊ ၊ဂဍယတိ သန္ဒယတိ သမုဂ္ဂံ ကရောတိ ဂဏ္ဍော၊ ၊ဟူသောသဒ္ဒါကြီး၊ ထေရ်မဟာကစ္စည်း၏၊ ဝိဂြိုဟ်၊ မိန့်ဆို

တော်မူကြဟန်ကို၊ ရည်သံမှန်းစော၍၊ ၊ဂဏ္ဍာ၊အဆိုးသွးရ၊ ပေါင်းဆုံမှ ဖြင့်၊ မြင်းဖုဝေါဟာ၊ ထွတ်ဒိုင်းနာဟု၊ ရိုင်းစွာခေါ်ရိုး၊ ရောဂါဆိုးသည်၊ဟု။ အနက်ရေး၍-ပေးခဲ့ပြီ၊

{ကိလာသော} ကိလာသောတိ န,တိဇ္ဇနကံ-န,ပဏ္ဍရဏကံပဒုမ ပုဏ္ဍရိ တပတ္တဝဏ္ဏာ ကုဋ္ဌံတေနဂုန္န ဝိယာသ,ဗလံ သရီရံဟောတိ။ ၊ဟူသော ဋင်းအဋ္ဌကထာ။ ၊ပဒုမပုဏ္ဍရိကပတ္တဝဏ္ဏာန္တိရတ္တပဒုမသေတပဒုမပတ္တဝဏ္ဏံ၊ ၊ ဟူသော၊ တေရသကဏ် ဋီကာတ္ထိကဲ့ ထောက်မြှော်ကာ ဉာဏ်စော၍၊ ၊ ကိလာသော၊ နွားပြောက် နွားကျားကဲ့အလားသို့၊ အသားသရေ၊ ပျက်ကွက် လေအောင်၊ ကြက်သရေ ယိုယွင်း၊ဖျက်ဖြိုခွင်းသော၊ပွေးညှင်းခေါ်ရိုး၊ရောဂါ ဆိုးသည်၊ဟု။ အနက်ပေးခဲ့ပြီ၊ ၊

{သောသော} သောသောတိ သောသဗျာဓိ၊ ၊ဟူသော ဋင်းအဋ္ဌ ကထာ၊ ၊သောသဗျာဓိတိ ခယရောဂေါ၊ ၊ဟူသော တေရသကဏ်ဋီကာ၊ ၊ သောသောတုစ-ခယောသိယာ၊ ၊ဟူသောမဂဓေအဘိဓာန်၊ မိန့်ဆိုဟန်တို့ ကို ရည်သံစိတ်စောလျက်၊ ၊သောသော၊ အသွေးအသား- ဖြေးဖြေးပါး အောင်၊ ရွေ့ရှားဆုတ်ယုတ်- တဟုတ်ဟုတ်နှင့်၊ ခယရုဂ်ရောဂါ၊ ချောင်းဆိုး နာသည်၊ ၊ဟု၊ အနက်ပေးခဲ့ပြီ၊ ၊ဤအရာ ဋ္ဌာနဌ၊ ခယရုဂ် ရောဂါကို သောသ၊ သာနာရုဂ်ရောဂါကိုသောထ၊ သဘောကျအောင်ခွဲ၍မှတ်လေ၊ ခတ် ထွေးထွေး နေတတ်သည်၊ ၊အမည်တပါး ဖက်တွဲ၍ ဘဲကွဲအောင် တဖြာ ထုတ်သော်၊ သာနာရုဂ်ရောဂါမှာ၊ သောထနှင့်သယထု၊ ၊မျိုးအံသော ရော ဂါမှာ၊ဆန္ဒိကနှင့်ဝမထု၊ ၊ကိုယ်ပူဆာသောရောဂါမှာ၊ ပရိတာပနှင့်ဒဝထု၊ ၊ ဆုံရ၍စွဲမြဲအောင်-သဲသဲကွဲကွဲမှတ်လေ၊ ၊

(အပမာရော) အပမာရောတိ ပိတ္တုမ္မာရောဝါ ယက္ခုမ္မာရောဝါ၊ တတ္ထ ပုဗ္ဗဝေရိကေနအမနုဿေန ဂဟိတာ ဒုတ္တိ ကိဠ္ဆော ဟောတိ၊ ၊ဟူသော ဋင်းဋ္ဌကထာ၊ ၊အပမာရော အပ သ္မာရော၊ ၊ဟူသော အဘိဓာန်၊ ဤနှစ် ကျမ်း-မိန့်ဆိုဟန်တို့ကို၊သင့်တန်အောင် ဉာဏ်စော၍၊ ၊အပမာရော၊သည်း ခြေမညီ၊ပွေပယ်လျက်၊ ဝေရီဘီလူး၊ အမှောင့်ပူးသောဝက်ရူးခေါ်ရိုး ၊ရောဂါ ဆိုးသည်၊ ၊ဟု-အနက်ရေးခဲ့ပြီ၊ ၊

( အနာကြီး ၅ မျိုးပြီး၏၊ )

ဤ၌၊ အဲ့ယူ့းမှတ်သားးရန်မှာသည်မှာပြခဲ့ပြီးသောအနားကြီး ငါးမျိုးသာ၊ အဋ္ဌကရယ်က ဓမ္မပဟုတ်သေး၊ ဟတ္ထစ္ဆိန္န၊ ပါဒစ္ဆိန္န စသည်တို့လည်း၊ အဋ္ဌ

ရာယိကဓမ္မပင်ဖြစ်သည်၊ ထိုသို့ဖြစ်လျက်၊ ဘယ်အတွက်ကြောင့်၊ ဆုမ္မရာ-မေးမြန်းရာတို့၌ မပါဘဲရှိရပါသနည်း ဟူမူကား။ ။ကုဋ္ဌဂဏ္ဌောတိ ဗွြကုဋ္ဌရဒိဂဟာဏောန ပာတ္တသ္သိနွာဒဇယာဝိ ဂဟိတာယေဝဟော ဣတိပေါရာဏာ၊ ။ဟူ၊ ဝါရဗ္ဗိဋ္ဌိကာလာသောကြောင့်၊ အန္တရာယိကဓမ္မ၊ ကုဋ္ဌ-စသည်ကိုယူသဖြင့်၊ ဟတ္တသ္သိနွ စသည်ကိုလည်း ယူအပ်ရကား၊ ဟောကြားတော်မူပြီးသား၊ပါဝင်ပြီးသားဟု-မှတ်ရမည်၊ဆိုလိုပါသည်၊ ။

{မနုသော} ကုသလာကုသလေဓမ္မေ မနတိဇာနာတိတိ မနုသော၊ ။မိနှိပ်ဟာထုတ်ဆို၊ကစ္စည်းကျမ်းဝိဂြိုဟ်ဖြင့်၊ကုသိုလ်တရားအကုသိုလ်တရားများကိုခြားနားအောင် သိတတ်သောမူလနှင့်၊ ။သတိသူရဘာဝ ဗြဟ္မစရိယရောဂျတာဒိဂုဏောဟိ ဥက္ကဋ္ဌမနတာယမနောဉဿန္န ဧတေသန္တိ မနုဿာ၊ ။ဋီကာကျော်ဝိဂ္ဂဟောမှာ၊ မြတ်သောသတိ,, ရဲရင့်ဘိတာခန့်,၊ ရဟန်းဖြစ်ခွင့်၊ မြတ်အကျင့်၊ ရသင့်သည် ကဖုံ၊ ။စရှိသော ဤသည့် ဂုဏ်တို့နှင့် ပြည့်စုံလျောက်ပတ်၍၊ ကြီးမြတ်သည့်သဘော၊ ပျံ့ပြောသောစိတ်- ဂုဏ်ဝိသိဋ္ဌတို့ကြောင့်၊ဇမ္ဗူဒိပ်ပေါက်ဘွား၊ တောင်ကျွန်းရှိ လူအများကိုသာ၊ မုချအားဖြင့်၊ မနုဿ, ဟူ-ကောက်ယူသင့်ကြောင်းကို၊ငင်းဋီကာကျော်ခွင်း၊ ။ဇမ္ဗုဒ္ဒိပဝါသိနာစေတ္တနိပ္ပရိယာယတော မနုဿာ၊ ။ဟူ၊ထုတ်မှာဖွင့်ဆိုသော ထိုဋီကာကျော်, အလိုသည်၊ အင်္ဂုတ္တိုရ်၏ ပါဠိတော်နှင့်သင့်လျော်ညီမျှ၍၊ ။မဃာဒေဝလက်ာသစ်၌၊ ။အနှစ်တထောင်၊ရှည်ခေါင်မြစွာ,၊ လားနက်ရွာနှင့်,၊ အိမ်ရာမမြန်း,၊ ဤဘုံးခန်းကား၊ တောင်ကျွန်းလကျာ၊ ဝတိန်သာထက်၊ ဥတ္တရာဂူ၊ မြောက်ကျွန်းသူသူတို့၊ မတူကဲတက်၊ သာလွန်ချက်တည်း၊ ။အသက်,-အဆင်း,၊ချမ်းသာခြင်းမူ၊ ယင်းမြောက်ကျွန်းသား၊ ဇမ္ဗူဘွားထက်၊ သိကြွားစံမှတ်၊ဝတိန်နှတ်က၊ လွန်မြတ်ကဲဆင့်၊ဂုဏ်ထူးမြင့်၏၊ ။ရဲရင့်,သတိ,၊ မြတ်စရိကား၊ ဗောဓိပေါက်နေ၊ဇမ္ဗူမြေက၊ ပဒေသာကျွန်း၊ ဝတိန်ကွန်းတက်၊ ဦးစွန်းတမျှ၊ကဲလွန်စွာဟု၊ ကျမ်းဖြေယုတ်၊ ညီစွာဟုတ်လျက်၊ ။ဟု-ဖွင့်ထုတ်စပ်ခြ၊သုံးဌာနနှ၊သုံးဝ,စိဂုဏ်၊ ခြားနားပုံကို၊ ပြည့်စုံအောင်၊ ဥဏ်ရည်မျှော်လျက်၊ မန်လည်ဆရာတော်ဘုရားကြီးက၊ ရေးပြခတော် မူခဲ့ပေသတည်း၊ ။

တိရစ္ဆာနဂတောဘိက္ခဝေ၊အခ၊ မနုဿ၊အယောင်၊ လူ့အသွင်သဏ္ဌာန်ဆောင်သော နဂါးကြီးတကောင်သည်၊ သာသနာတော် ဘောင်မှာ ရဟန်းပြုလာကြောင်းကို သံဃာတော်အပေါင်းက၊ အတူလ ကွတ်များ၊ မြတ်ဘုရားအား၊ထင်လင်းစွာလျှောက်ထားကြလျှင်၊ ဘုရားရှင်က နဂါးလုလင်ကို၊မိန့်ဆိုဖြက်ပေါ်၊ရဟန်းအဖြစ်နှင့်မလျော်ဟု၊ သာသနာတော်မှ-ချပယ်၍၊ လ,ကွယ်-

လ,ပြည့်၊ရှစ်ရက်နေ့တို့မှါ၊ချမ်းမြေ့စွါဥပုသ်သုံးလျှင်၊ရွှံမုန်းသောနဂါးအဖြစ်၊ ယုတ်ညစ်ရေ ဘဝမှ။ ကင်းပ, လွတ်လတ်၍၊ ထွတ်မြတ်သော– လူဘဝကို၊ လျင်မြန်စွာ ရလိမ့်မည်ဟု၊ ၊ဂန္တတွံနာဂ တဿေ၀ စာတုဒ္ဒသေပန္နရသေ အဋ္ဌမိယာစပက္ခဿဥပေါသထံ ဥပဝသ၊ ဧ၀ံတွံနာဂယောနိယာစပရိမုစ္စိဿ တိ၊ခိပ္ပဥ္စမနုဿတ္တံ ပဋိလဘိဿသီတိ၊ ၊ဟု=သိမှတ်ဘွယ်ထင်ရှားအောင် ဟောကြားတော် မူခဲ့ပေသတည်း။ ၊မဟာဝါပါဠိ– နံပါတ် (၁၀၀) တွင် ရှိလေ၏၊ ။ဤပါဠိတော်ကိုကြည့်မျှော်ထောက်ဆ၍၊အချို့ရောပညာဝါတို့က၊ လူတို့မှာ၊ ဥပုသ်နေ့ကျရောက်မှ= ဥပုသ်စောင့်ကောင်းသည်။ အခြားနေ့များ မှာ=ဥပုသ်မစောင့်ကောင်းဟု– ပြောဆိုမှုပြုကြ၏၊ ယထာဘူတ– အမှန်ကျ အောင်ကြံဆ၍ဆင်ချင်လေ၊ခက်ခဲ၍နေတတ်သည်၊ ။

၎င်း၀တ္ထု၌၊ သိမှုမှတ်သားဘို့– နဂါးတို့ရုပ်ရေ– ပုံအနေ လွှဲပြောင်းဘို့၊ မဖြစ်ကောင်းသောကာလ၊ နှစ်ဌာနရှိသည်မှာ။ ၊ဒွေမေဘိက္ခဝေ ပစ္စယာ– နာဂဿ သ,ဘာဝပါတုကမ္မာယ–ယဒါစ သ,ဇာတိယာ မေထုနံဓမ္မံပဋိသေဝတိ၊ ယဒါစဝိဿ ဋ္ဌော နိဒ္ဒံ ဩက္ကမတိ၊ ဣမေခေါ ဘိက္ခဝေ ဒွေပစ္စယာ နာ ဂဿ သဘာဝပါတု ကမ္မာယ၊ ၊ဟူ၍ ဟောတော်မူသည်၊.. ၊မဟာဝါ ပါဠိတော်– နံပါတ် (၁၀၆)၊ ၊၎င်းအဖွင့် အဋ္ဌကထာ နံပါတ် (၂၅၃) ၌ ကား။ ၊နာဂဿပနပဉ္စသု ကာလေသု သဘာဝပါတုကမ္မံ ဟောတိ၊ ပဋိသန္ဓိ ကာလေ–တစဇဟနကာလေ-သဇာတိယာမေထုနကာလေ–ဝိဿဋ္ဌနိဒ္ဒေါက္က မနကာလေ– စုတိကာလေတိ။ ၊ဟု–လာ၏၊ ၊၎င်းမဟာဝါ ခန္ဓကအဋ္ဌ ကထာနှင့်၊ သင့်တင့်မသွေ၊ ညီညွတ် လေအောင်၊ ၊{၊ ဋီသန္ဓေ၊ အရေစွန့် လဲ...... လ...... ပေါ်ခြင်းတည်း}၊ ၊ဟု၊ မဃဒေ၀ လင်္ကာသစ်၌၊ ထုတ်ဖော် မိန့်မြွက်တော်မူသည့်အခင်းကို၊ရေးသွင်း၍ ပြခဲ့ပြီးပင်ဖြစ်သတည်း။ ။

{ဤအခါဌာန၌။နတ်သိကြားတို့ကိုး၊တိရစ္ဆာန်ဟု=ခေါ်ပြုပုံ။ }

ရဟန်းဖြစ်ခွင့်၊မရသင့်ကောင်း၊ တိရစ္ဆာန်အပေါင်းတွင်၊ပသက်လျှဉ်းပါးဘို့။ နဂါးဂဠုန်စသည်ကိုယူပြီးလျှင်၊တသွင်ထုတ်ပြ၊မယုတ်စေအောင်၊ အ,မနုဿ ဇာတိ– လူဇာတ်မရှိက၊ နတ်တို့၏သဌာန်၊ သိကြားမင်းကြီးပင်– မှန်သော် လည်း၊ တိရစ္ဆာန်ဂိုဏ်းအတွင်း၊ နှိုင်းသွင်း၍ယူရမည်အကြောင်းကို၊ ၎င်း အဋ္ဌကထာ၌ပင်၊ ၊တိရစ္ဆာနဂတော ဘိက္ခဝေ တိဇ္ဇောနာဂေါ ဟောတု သုပဏ္ဏ မာနဝကာဒီနံ ဝါ အညတရော အန္တမသော သက္ကံ ဒေဝ ရာဇာနံ ဥပါ ဒါယ–ယောကောစိ အ,မနုဿဇာတိယော သဗ္ဗောဝ ဣဓတိ အဓိပ္ပေတော တိရစ္ဆာ နဂတောတိ ဝေဒိတဗ္ဗော၊ ၊ဟု–ဖွင့်ပြမောင်မူ၏၊ ၊၎င်းအဋ္ဌ ကထာကို၊

ကြည့်ရှုပြီးလျှင်၊ စွယ်ရုံကျော်ထင် အမည်ရှိသော-ပုဏ္ဏာကျမ်း၌လည်း။ ၊
{စင်စစ်အမှန်၊ တိရိစ္ဆာန်၊ နိဗ္ဗာန်ဘဲ့ ကြောင့် ရသနည်း}၊ ၊ဟု၊ကျေးကန်
ဆရာကြီးက-ရေးပြတော်မူပေသည်၊

{မနုဿသဒ္ဒ၏ဝိသေသအကြောင်း၊}

လူတို့၏အသံသည်၊တိရိစ္ဆာန်တို့၏နားမှာ၊များစွာ ကြောက်ရွံ့ထိတ်လန့်
ခြင်းကို၊ဖြစ်စေတတ်ကြောင်းကိုပြဆိုရာ၊ ဓမ္မပဒအဋ္ဌကထာ-အပ္ပမာဒဝဂ်-
မျက်နှာနံပါတ်(၁၄၇)၌၊ ၊မနုဿသဒ္ဒေါနာမ တိရစ္ဆာနဂတာနံ ဥဗ္ဗေဂဇ
နနိယော၊ ၊ဟု-သိစေမှုဖွင့်ပြ၍၊မိန့်ဟတော်မူ၏၊ ၊

တိရစ္ဆာန်တို့သည်- လူတို့၏ဘာသာစကားကို- ပြောဆိုနိုင်ဘူးကြောင်း
မှာ- အသီတိနိပါတ်- မဟာဟံသဇာတ်၌- ရှင်အနန္ဒာအလောင်း- စစ်သူကြီး
သုမုခ ဟင်းသာသည်-ဘုရားလောင်း ဓတရဋ္ဌဟင်္သာမင်း- မုဆိုး၏ ညွှတ်
ကွင်းကြော့ကွင်း၌ မိလျှင်-မုဆိုးထံသွား၍ လူတို့၏ဘာသာစကားဖြင့်၊သနား
ဘွယ်ရာ-သာယာချေငံ-ပြောဆိုပန်အကြောင်း-ဘုရားလောင်းဓတရဋ္ဌ-ဟင်း
သာ-မင်းကြီးနှင့်တကွ-ခေမာမိဘုရားကြီးတို့အား-လူတို့ဘာသာစကားဖြင့်-
တရားဟောကြောင်းများ-အထင်အရှားလာသည်။ ၊လုဒ္ဒဿ သန္တိကံဂန္တွာ
မရုဂံ မနုဿဝါစံ နိစ္ဆရေနွာ့ပုစ္ဆိ၊ ၊မဟာဟံသဇာတ် အဋ္ဌကထာ၊ ၊
လုဒ္ဒဿ၊မုဆိုး၏၊သန္တိကံ၊အထံသို့၊ဂန္တွာ၊သွား၍၊မရုဂံ၊သာယာသော၊မနုဿ
ဝါစံ၊လူတို့၏စကားကို၊ နိစ္ဆရေနွာ၊ဖွက်ဆိုလျက်၊ ပုစ္ဆိ၊မေး၏၊ ၊ဒုက
နိပါတ် ဝလာဟကဇာတ်၌လည်း၊ သိဟိုဠ်ကျွန်း၊ သိရိဝတ္ထုမည်သော ဘီလူး
မြို့မှ၊ကျွန်းတဘက်-လူတို့နေရာသို့၊ သွားလိုသူ-ရှိမှု၊ လာကြလောဟု။ လူတို့
ဘာသာစကားကို၊ငါတို့ဘုရားလောင်း ဝဠာဟကမြင်း-ပြောဆိုသည်ဟု လာ
သည်၊ ၊တိကြွတ္တုံကရုဏာ ပရိဘာဝိတံ မနုဿဝါစံ ဘာသတိ၊ ၊ဝလာ
ဟကဇာတ်အဋ္ဌကထာ၊ ၊တိက္ခတ္တုံ၊သုံးကြိမ်၊ ကရုဏာပရိဘာဝိတံ၊ ကရု
ဏာဖြင့်ထုံအပ်သော၊မနုဿဝါစံ၊လူတို့စကားကို၊ဘာသတိ၊ပြောဆို၏၊ ၊

လူတို့က၊ တိရစ္ဆာန်တို့စကား- နားလည်နိုင်သောနေရာမှာ၊ ဆက္ကနိပါတ်
ခရပုတ္တဇာတ်၌၊ဗာရာဏသီပြည်ကြီးရှင်၊ သေနကဘုရင်သည်၊ နဂါးမင်းပေး
သော သဗ္ဗရုတညု မန္တန်ကို ရ၍၊ ပရွက်ဆိတ်၏စကား၊ ယင်ဖိုလ် ယင်မ၏
စကားကို၊နားလည်ကြောင်းလာသည်၊ ၊ပဏ္ဏာသနိပါတ်၊မဟာဗောဓိဇာတ်
၌လည်း၊ဘုရားလောင်းဗောဓိပုရိဗိုဇ်ကို၊အမတ်ကြီးငါးဦးတို့ကဂုံးတိုက်သော
စကားကို၊မင်းကြီးယုံ၍၊ ၎င်းအမတ်ကြီး ငါးဦးတို့ကို သတ်ကြလဟု-အမိန့်
ပေးလျှင်၊ကောလေယျခွေး ကြား၍၊အမတ်များက-သင့်အားသတ်ကြလိမ့်မည်၊

နန်းတော်သို့မဝင်ပါလင့်ဟူသော အဓိပ္ပါယ်မျိုးနှင့် ထမ်းကနေ၍ ဟောင်သော အခါ၊ဘုရားလောင်းသည်၊သဗ္ဗရတညုမနက္ခန်ကိုတတ်၍။ ခွေး၏စကားကို နား လည်သဖြင့်၊နန်းတော်သို့-မဝင်ဘဲနေကြောင်းများ၊ ထင်ရှားစွာလာသည်၊ ၊

{ပုရိသော} မာတာပိတူနံ ဟာဒယံ ပူရေတီတိ ပုရိသော၊ အတ္တနော မနောရထံပူရေတီတိဝါ ပုရိသော။ ။မိန့်ဟောပိဂြိုဟ် ကႋစွည်းဆရာ ဖွင့်ဆို တိုင်း၊ပုရိသအမည်ကိုသိလေ၊ ။ကမ္ဘာ တည်ဦးစ ကာလ၌ ပုရိသလိင်နှင့် ဣတ္ထိလိင်၊ ၎င်းနှစ်ပါး ယောကျ်ား-မိန်းမ၊ခြားနားဘို့နိုင်းချိန်လျှင်၊ ပုရိသလိင် က-ရှေးဦးစ၍ဖြစ်ကြောင်းကို ပရိဝါအဋ္ဌကထာ၌ ဆိုသည်၊ ။မဟာဟံသ ဇာတ်အဋ္ဌကထာ၌ကား၊ဣတ္ထိလိင်က-ရှေးဦးစ၍ဖြစ်ကြောင်းကို ပြဆိုသည်၊ ထိုနှစ်ရပ်စကား-ကွာခြားလျက်ရှိသည်ကို သေချာအောင်ဆိုလိုက်အံ့၊ ။ကပ် ဦးအစကာ၌ ပုရိသလိင်-ဣတ္ထိလိင်ဟူ၍ပင် အရုံအထင်မရှိ၊ပကတိ ဖြဟ္မာ အဟန် ယောကျ်ားသဏ္ဌာန်သာရှိသည်ဖြစ်၍၊သဏ္ဌာနလိင်ကို အစွဲပြုသဖြင့်၊ ကမ္ဘာဦးက ပုရိသလိင်ရှေးဦးစွာ-စ၍ဖြစ်ကြောင်းကို၊ ၎င်းပရိဝါအဋ္ဌကထာ၌ ဆိုသည်၊နိမိတ္တလိင်ကို ဆိုသည်မဟုတ်ဟုမှတ်၊မဟာဟံသဇာတ်အဋ္ဌကထာ မှာမူကား၊ နိမိတ္တလိင်ကိုအစွဲပြုသဖြင့် ကမ္ဘာဦးက-ဣတ္ထိလိင်ဦးစွာ-စ၍ဖြစ် ကြောင်းကိုပြဆိုသည်ဟု-ယူလေသည်၊ အဓိပ္ပါယ်မျိုးကို ရှယ်ကြည့်၍၊သဒ္ဒ နီတိ၌၊ ။တေသုစလိင်ေ်သု ပထမံ ဣတ္ထိလိင်ႆ တတောပုရိသလိင်ႆ ဥပ္ပန္နန္တိ ဝေဒိတဗ္ဗံ၊ ။ဟု မိန့်ပြီ၊ ။အနက်ကား၊ ။တေသုစလိင်ေ်သု၊ထိုလိင်နှစ်ပါး တို့တွင်လည်း၊ ပထမံ၊ရှေးဦးစွာ ဣတ္ထိလိင်ႆ၊ဣတ္ထိလိင်သည်၊ တတော၊ထို နောင်မှ၊ပုရိသလိင်ႆ-ပုရိသလိင်သည်၊ဥပ္ပန္နံ၊ဖြစ်၏၊ဣတိ၊ဤသို့၊ ဝေဒိတဗ္ဗံ၊သိ အပ်၏၊

ပဏ္ဍကောဘိက္ခဝေ စသည်ဖြင့် ဟောတော်မူရာ၊ သင်္ချာသရုပ်၊ ထင်စွာ ထုတ်အပ်သောပဏ္ဍုက်ငါးမျိုးကို ရှေးအဟိုက-ရေးဆိုပြခဲ့ပြီးဖြစ်သည်နှင့်- အဋ္ဌကထာဖွင့်ရှိဟန်မှာ၊ ။ပဏ္ဍကောဘိက္ခဝေ- တိဧတ္ထ- အာသိတ္တပဏ္ဍ ကော-ဥဿုယျ-ပဏ္ဍကော-ဩပက္ကမိက-ပဏ္ဍကော-ပက္ခပဏ္ဍကော-နပုံသ သကပဏ္ဍကောတိ-ပဉ္စပဏ္ဍကာ၊ တတ္ထယဿပရေသံ- အင်္ဂဇာတံ မုခေန- ဂဟေတွာ-အသုစိနာ အာသိတ္တဿ-ပရိဠာဟော-ဝူပသမတိ အယံအာသိတ္တ ပဏ္ဍကော၊ ယဿပရေသံ-အဇ္ဈာစာရံ ပဿတော-ဥဿုယျာယ ဥပ္ပန္နာယ ပရိဠာဟော-ဝူပသမတိအယံ-ဥဿုယျပဏ္ဍကော၊ယဿဥပက္ကမေန ဗီဇာနိ- အပနီတာနိ- အယံဩပက္ကမိက ပဏ္ဍကော၊ ဧကစ္စောပန- အကုသလဝိပါကာ နုဘာဝေန-ကာဠပက္ခေ-ပဏ္ဍကော-ဟောတိဇုဏှပက္ခေ ပနဿ-ပရိဠာဟော

ဂူပ- သမတိ- အယံပကွဲ- ပဏ္ဏာကော၊ ယောပန-ပဋိသန္ဓိယံယေဝ-အဘာဝကော-ဥပ္ပန္နော-အယံနပုံသက-ပဏ္ဏကောတိ၊ ၊မဟာခန္ဓက-အဋ္ဌကထာ။ ။

ထိုပဏ္ဍုတ်ငါးမျိုးတွင်-ရှင်ရဟန်းဘဝ-ခထိုက်သူနှစ်မျိုး။မခထိုက်သူ-သုံးမျိုးကို၊ထိုအဋ္ဌကထာနိုက်ပင်၊ ၊တေသုအာသိတ္တ-ပဏ္ဍကဿစ-ဥဿုယျ ပဏ္ဍကဿစပဗ္ဗဇ္ဇာနဝါရိတာ၊ ဣတရေသံတိဏ္ဏံ ဝါရိတာ။ ၊ဟု သေချာအောင်ပြတော်မူ၏၊ ၎င်းအဋ္ဌကထာကို ရှုကြည့်ပြီးခါ၊မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကလည်း၊ ၊{ပဏ္ဍကော၊အာသိတ္တက၊ ဥဿုယျနှင့်-ဩပက္ကမိက-ပက္ခနပုံး-ပေါင်းရုံးပဥ္စ-ပဏ္ဍက တွင်-ဩပက္ကမိက-ပက္ခနပုံး-သုံးမျိုးသောပဏ္ဍုက်ကို}ဟု ထုတ်ဆိုရေးသားတော်မူ၏။ ၊

ဤလောက၌-နပုံးပဏ္ဍုက်ဖြစ်ရသောသူနှင့်-အသိုးထုတ်ခံရသောသတ္တဝါတို့မှာ၊ကာမေသုမိစ္ဆာစာရမှုကို ပြုခဲ့ဘူးသောကြောင့်ဟု—ဓမ္မပဒအဋ္ဌကထာ၌လာ၏၊ နပုံးပဏ္ဍုက်အဖြစ် မိန်းမအဖြစ်မှ-လွတ်ရခြင်းလည်း၊ ကာမေသုမိစ္ဆာစာရကို-ရှောင်ကြဉ်ခြင်း၏အကျိုးဟု ခုဒ္ဒကပါဌအဋ္ဌကထာ၌လာ၏။

{ ဘူဇိဿော } အ,ဒါသော တု ဘူဇိဿောထ၊ ၊ဟု မာဂဓ အဘိဓာန်၌ တော်လှန်စင်စစ် ကျွန်အဖြစ်မှ ကင်းလွတ်သောသူ၊ အ,ဒါသနှင့် ဘူဇိဿ-ဟူ၏၊ ၊

နဘိက္ခုဒါ၊ ဒါသော အရ၊ဒါသခေါ်ရိုး ကျွန်လေးမျိုးသရုပ်၊အဋ္ဌကထာ၌ထုတ်သည်မှာ၊ ၊န,ဘိက္ခဝေ ဒါသောတိဖ္ဗေ စတ္တာရောဒါသာ၊ အန္တော ဇာတော၊ဓနက္ကီတော၊ကရမရာနီတော၊သာမံဒါသဗျ ဥပဂတောတိ၊ ၊ဟု-အမည်သရုပ် အကျဉ်းချုပ်ပြပြီးလျှင်၊ ၊တတ္ထအန္တောဇာတော နာမဇာတိဒါသော၊ ဂေဟာဒါသိယာပုတ္တော၊ ဓနက္ကီတောနာမ-မာတာပိတူနံ သန္တိကာ ပုတ္တောဝါ၊သာမိကာနံ၊သန္တိကာဒါသောဝါဒါနံ၊ဒတွာ၊ဒါသစာရိတ္တံ၊အာရောပေတွာ၊ ကီတော၊ ။စသည်ဖြင့် ဝိတ္ထာရဖွင့်နည်း၊ အဋ္ဌကထာကို ယူမှီး၍၊ အသီးအသီး ရေးသားသော အဓိပ္ပါယ်စကားများမှာ ရှေ့နားက ဆုမ္ပခန်းတွင် စီတန်း၍ပါခဲ့ပြီ၊ ၊

အထူးမှတ်သားရန်၊ ၊သူကျွန် အစစ်ဖြစ်သော-မိဘနှစ်ဦးမှ မွေးဘွားသောသားဖြစ်စေ၊ အမိကျွန်မ-အဘသူကောင်း နှစ်မျိုးပေါင်းမှမွေးဘွားသောသားဖြစ်စေ-ရှင်ရဟန်းမပြုရ၊ အဘမှာကျွန်-မိမွန်သူကောင်း နှစ်မျိုးပေါင်းမှ မွေးဘွားသောသားဖြစ်ခဲ့ငြားလျှင်-ရှင်ရဟန်းပြုရကြောင်းကို၊ ၎င်းအဋ္ဌကထာ၌၊ ၊ယဿမာတာပိတာရော ဒါသာ-မာတာဧဝဝါဒါသီ—ပိတာအ,ဒါသော

တံပဗ္ဗာဇေတုံ၊နှ,ဝဋ္ဋတိ၊ယသ္မာပနမာတာ အဒိန္နဝိဝိတာ ဒါသောတံပဗ္ဗာဇေ
တုံဝဋ္ဋတိ၊ ၊ဟူ—လာ၏၊ ၊

{ ဘုဇိဿသဒ္ဒါ၏အနက်—အထူးမှာထားချက်၊ }

ယခုကာလ-အချို့သောအရပ်ဌာနန၌၊ ခေတ္တခဏ အခိုက်အတန့်ဟူသော
မြန်မာဝေါဟာရ၏ တသက်လျှာဟူသော ပေါရာဏသုံးကို လုံးလုံးသား-နား
မသည်ကြသည့်အတွက်၊တသက်ပတ်လုံး အသက်ထက်ဆုံးဟု အသုံးပြုကြ
သလို၊အစိုးရမင်းတို့ကို ပန်ကန်၍ပြန်လှန် တိုက်ခိုက်သော သူပုန်များကိုလည်း
တော်လှန်သူများဟု ခေါ်ပြုကြ၏၊ပေါရာဏရှေးအသုံးမှာ မိမိတို့ကို-မိုင်ဆိုင်
သော အရှင်သခင်တို့ထံမှ အစေခံကင်းလွတ်၍၊ ကျွန်အဖြစ်မှထွက်မြောက်၊
သူကောင်းအဖြစ်သို့ ရောက်သောသူကိုသာ တော်လှန်သည်ဟု—ခေါ်ပြုသည့်
၊ ၊သို့ဖြစ်၍-ရှေးသူဟောင်းတို့သည်၊ {ကျွန်နှင့်သူကောင်း၊အတူပေါင်း၊ သူ
ကောင်းကျွန်စေခံ၊ ၊သူကျွန်မဖြစ်-တော်လှန်စစ်-ခေါ်လှစ်ဘုဇိဿံ }၊ ၊
ဟု-ပြောဆိုဟန်စကားထုံး ယခုထက်ထိ သုံးကြ၏၊ ထို့ကြောင့်၊ ၊ကျွန်အ
ဖြစ်မှ-လွတ်သည်၊တော်လှန်သည် ဟူသောစကားမှာ၊ဘုဇိဿသဒ္ဒါ၏၊မြန်မာ
အနက်များဟု—မှတ်သားလေ၊ ၊ထိုမှတပါးလည်း၊ ၊အပေါဝတမေသိ
လာနိ,အ,ခဏ္ဍာနိ၊အ,ဆိဒ္ဒါနိ၊အ,သဗလာနိ၊အ,ကမ္မာသာနိ၊ဘုဇိဿာနိ၊ဝိညူပ
သဋ္ဌာနိ၊အ,ပရာမဋ္ဌာနိ၊ သမာဓိသံဝတ္တနိကာနိတိ၊ အ,ခဏ္ဍတာဒိဂုဏဝသေန
အတ္တနောသီလာနိအနုဿရိဘဗ္ဗာနိ၊ ၊ဟူသော ပါဠိမှာ-တဏှာ၏ကျွန် အ
ဖြစ်မှ ကင်းလွတ်တော်လှန်၍၊ဖြောင့်မှန်စင်ကြယ်သောသီလကို၊ ဘုဇိဿ-ဆို
သည်ဟု အမှတ်ပြုလေ၊ ၊

ငင်းဘုဇိဿသဒ္ဒါ၊ ထိုထိုမာဂဓ ကျမ်းများမှာ-အသုံးအစွဲ နည်းပါး၏၊
မြတ်စွာဘုရား၏-ဇာသရိယဘုန်းရှစ်ပါးကိုပြဆိုရာ၊အဏိမာ၊လဃိမာ၊စသော
ပုဒ်တို့ကဲ့သို့ငင်း၊အဓေါဘိဏီသဉ္ဇာ၏အတွင်း၌၊အစိတ်အစိတ်သော သဉ္ဇာအ
ဖြစ်ဖြင့်ပါဝင်သော၊ဝါဟိနီ၊ပုတနာ၊စမူ၊အဏီကိနီ၊ စသောပုဒ်တို့ကဲ့သို့ ငင်း၊
ပါဠိအဋ္ဌကထာ၊ဋီကာအရပ်ရပ်တို့မှာ၊အသုံးအစွဲ နည်းပါးလေသည်၊ ၊ငင်း
ဘုဇိဿပုဒ် သုတ်သင်-ရှင်းလင်းဟန် အကျယ်ကို သိလိုသူအပေါင်းတို့မှာ၊
သင်ကရိုက်ကျမ်းမှာ ကြည့်၍ သိကြပါလေကုန်၊ ၊

{အနဏော} ဥဒ္ဒါရေတုဣဏံဝဥ္စ၊ ၊မာဂဓအဘိဓာန်ဝယ်၊ ကြွေးမြီ
၏ပရိယာယ်—၂ပုဒ်၊ဥဒ္ဒါရသဒ္ဒါ ကြွေးမြီးဟာကြောင်းမှာ၊ ပါရာဇိကဏ်အဋ္ဌ
ကထာ၊သုဒိန္နကဏ္ဍဝယ်၊ ၊ဥဒ္ဒါရသာဓာဓိနာ၊ ၊ဟု—လာသည်၊

ဣဏသဒ္ဒါ-ကြွေးမြီဟောကြောင်းမှာ၊များစွာထင်ရှား၏၊ ဣဏာယိကသဒ္ဒါမှာ၊ ကြွေးမြီတင်သောသူဖြစ်သည်၊ဣဏံဓာရေတီတိ ဣဏာယိကော-ဟု၊တဒ္ဓိတ်ဋီကာပြုပ်ပြုလေ၊ ၊ထို့ကြောင့်—အဘိဓာန၌၊ ၊န,ဘိက္ခဝေ ဣဏာယိကော တိဧတ္ထ ဣဏာယိကောနာမ ယဿပိတိပိတာမဟေဟိဝါ ဣဏံဂဟိတံဟော တိ သယံဝါ ဣဏံ ဂဟိတံ ဟောတိ ယံဝါအဋ္ဌပေတွာ မာတာပိတူဟိ ကိဉ္စိ ဂဟိတံ ဟောတိ သောတံ ဣဏံ ပရေသံ ဓာရေတီတိ ဣဏာယိကော၊ ၊ ဟု—ဖွင့်ပြတော်မူ၏၊

{ရာဇဘဋော} မင်းခစားယောက်ျားဆိုသည်ကား၊အားလုံးသော အမှုကိစ္စဟူသမျှတို့၌၊အတူတကွဖြစ်သဖြင့်၊ မင်းနှင့်ဆင်းရဲချမ်းသာ၊တူစွာမပျက်၊ ခံစံဘက်ဖြစ်ရ၍၊အမွှမ်းမည်သောအမတ်၊ဘုရင့်ကိုယ်စား၊ အသီးထား၍၊ ကြီး မားပြဋ္ဌာန်း-ထိန်းနန်းအရေး-ဆွေးနွေး တိုင်ပင်၊ ပြုစီရင်၍-မင်းတိုင်ပင် အရာ၊ မဟာမတ္တ၊ ဘွဲ့မည်ရသော အမတ်၊ မင်း၏ထံပါး၊ တစ်ပတ်တွား၍၊ ခ,စား မပြတ်၊ဆည်းကပ်နိစ္စ၊တည်နေရသော၊သေဝကအမတ်၊ စသည်ဖြင့်၊ဘွဲ့မည်နာမ၊ရာထူးရသည်ဖြစ်စေ၊ မရမရောက်သည်ဖြစ်စေ၊ထွေထွေခြံရံ၊မင်း၏ထံမှ— အမှန်နိစ္စ၊လခရိက္ခာ၊ယူသုံးပါလျှင် ရာဇဘဋ—ဘွဲ့အမည်နာမတွင် ပါဝင်၏ဟု၊ မှတ်လေ၊ ၊ထို့ကြောင့်-အဘိဓာန၌၊ န,ဘိက္ခဝေ-ရာဇဘဋော၊ ပဗ္ဗာဇေ တဗ္ဗောတိဧတ္ထ-အမစ္စောဝါဟောတု မဟာမတ္တောဝါ၊သေဝကောဝါ-ကိဉ္စိဌာ နန္တရံပတ္တောဝါအပတ္တောဝါ၊ ယောကောစိရညောဘတ္တ ဝေတနဘတ္တော သဗ္ဗော၊ရာဇဘဋောတိ-သင်္ချံ ဂစ္ဆတိ၊ ၊ဟု--လာသည်၊ ၊ယခုကာလ၌၊ မြို့ပြအတွင်း-မြဲမြံတင်း၍-မင်း၏ကိစ္စ-ထမ်းရွက်၍ နေကြသော-ဂါတ်ရုံးက- ပုလိပ်သားကိုသာ-မင်းခစား ယောက်ျားဟု-အများပင် မှတ်ထင်ကြသဖြင့်၊ {ရာဇဘဋော၊ကုလားစေခံ၊တမန်ယောက်ျား၊ပုလိပ်သားသည်}ဟု၊ အနက်ပြု သည်များလည်း၊ ကိုယ်တိုင်ကြားဘူး၏၊ စကားထူးရုံသာ ရှိသည်၊ အများ မနှံ့ပေ၊

ရာဇဘဋပဗ္ဗဇ္ဇ၌၊တားမြစ်မှုအခြင်း၊ပါဠိတော်လာရင်းမှာ၊ ဗိမ္ဗိသာရမင်း၏ စစ်သည်တစ်များ၊ယောဓ,အမည်ရသောမင်းခစားတို့၊စစ်တိုက်သွားဖို့အမိန့် အကျတွင်၊အကုသလ၊ပါပဖြစ်ကျူး၊အပြစ်ရကို၊ ကြည့်ရှုထွေးထင်၊ ရေးရေး မြင်၍၊ဆင်ခြင်မိကြသည့်အခါ၊သာသနာတွင်း၊ညစ်ကြေးကင်းအောင်၊ ရဟန်း ပဉ္စင်းပြုလုပ်၊တရားကိုအားထုတ်နေဖို့ရန်၊ သံဃာ့တော်တို့ထံ၊ တောင်းပန် လျှောက်ထားကြသော၊ရဲမက်စစ်သား မင်းခစားများဟု၊ အထင်အရှားပါ၏

ကြောင်း၊ရင်းပြင်တဖန်၊မဂဓအဘိဓာန်မှာလည်း။ ယောဓနှင့်၊ ဘဝုမင်းခစား
ယောကျ်ား၊ရဲမက်စစ်သားဟု၊အမည်နှစ်ပါးလာ၏။ ။

ဤအရာ၌၊{မင်းခစားယောကျ်ား၊}အကြောင်းကို၊ မဃဒေဝလင်္ကာသစ်၌
လာသော၊ပျို့ကဗျာစကား၊အသီးသီးတို့ကို၊ ပေါင်းစည်း၍ ပြလိုက်အံ့၊ ။

မင်းခပဟူသည်၊မင်းရိပ်ခြည်ကို၊ တံရှည်နိုင်းညှိ၊ ဆင်ခြင်သိလျက်၊ စိုးစိ
မင်းမှာ၊မသာနှလုံး၊မရွှင်ပြုံးဘဲ၊ ညှိုးခြုံးထဲနာ၊ရှိသောခါလည်း။ ရေဇာ အ
ကြိုက်၊ရွှင်နှစ်ခြိုက်အောင်၊လိုလိုက်သင့်လျော်၊ စိတ်ကိုပျော်လျက်၊ နာပျော်
အရေး၊ကြံစီစွေး၍၊ ။

မင်းခဆိုလျှင်၊ကိုယ့်လိုဘယ်မျှ၊ မငဲ့ရဘူး၊ ဌာနမရွေး၊ ရှိသေပေးလျက်၊
ခွေး၏စရိုက်၊ မင်းလိုလိုက်က၊ မင်းကြိုက်တတ်စွာ၊ သဘောသာရှင့်၊ ။

ဌာနာဌာန၊လျော်သင့်မှုအောင်၊မင်းခတို့ထုံး၊ တချောင်းသုံးလျက်၊ လက်
ရုံးနှစ်ထုံး၊မင်းသုံးပညာ၊အရာရာ၌၊လိမ္မာလေ့ကျက်၊ မင်းနှစ်သက်၍။ ။

ပမာအသွေး၊ပင်လယ်ကူးနှင့်၊ စစ်ဦးစစ်ခေါင်း၊ ကိုယ်ဝန်ဆောင်မိန်းမ၊ ထိုမှ
တချက်၊ ထန်းတက် ယောကျ်ား၊ မင်းခစားတို့၊ ပုံမှား အပ်ရေး၊ မကောင်းသော
တည့်၊ပညာအမျိုး၊ မကိုးစားသင့်၊ အခွင့်ဆင်ခြင်၊ လျောက်အတင်၌၊ မဝင်
မင်းနား၊ ရှိခဲ့ပြားသော်၊ မတ်မဟော်လျက်၊ ရှေ့တော်မင်းပွဲ၊ ဗိုလ်ပုံထဲက၊
ငင်ဆွဲအပြတ်၊နှင်ထုတ်ခံရ၊ မင်းဟူကလျှင်၊ မာနဇာတိ၊ ကြီးစွာ ဘိ၏၊ မြွေ
မီးပမာ၊ ကြောင်းမရှာဘူး။ ။

မင်းခဗိုဗိ၊ ကျင့်ရေးညီလော၊ စစ်ချိကာလ၊ ပေးထအရာ၊ စစ်ပြန်လာက၊မ
ဆောင်ရဘူး။ ရူပဆင်းပြင်၊ မင်းရုပ်သွင်သို့၊ ဆင်ယင်တန်ဆာ၊ နေရာထိုင်ပြု၊
မင်းကိုတု၍၊ ဝတ်မှုစားဟန်၊ မင်းသဏ္ဌာန်ဖြင့်၊ မတန်မရာ၊ ဘယ်ခါသော်မှ၊
မယောင်ရဘူး။ ။

မင်းခ,ယောကျ်ား၊ ပန်းပြားဟူရှည့်၊လိမ္မာပြည့်လေ့၊မင်း၏နှလုံး၊ဆင်ခြင်
ကြိုး၍၊ဆံထုံးပန်းတန်း ပို၍လွန်အောင်၊ တင်ရန်လျောက်ခွင့်၊ မင်းလိုချင့်ပြီး၊
သခင့်မေးဟန်၊ကျွန်၏တင်ခြင်း၊ မင်း၏မေးခွန်း။ လိုလိုက်တင်ရာ၊ပညာရှိမေး၊
အရေးသင့်တိုင်း၊ချင့်နှိုင်းဘင်ခြင်း၊ချွတ်မယွင်းလင့်၊ ။

မင်းတို့မျက်စောင်းငဲ့တိုင်းတောင်း၏၊ခြောင်းခြောင်းမွန်လှည့်၊နဂါးကြည့်
သို့၊မြည့်မြည့်ကြေမှု၊ပျက်တတ်စွတည့်၊မင်းခ,တို့သား၊ မပြတ်တွေး၍။ ။

မင်းခယောကျ်ား၊လ,စာစားတို့၊ကမ်းနားသစ်ပင်၊ပမာသွင်နှင့်၊လူတွင်မွေး
ပြား၊ဝက်အလားဖြင့်၊မမှားသောတို့၊မနှစ်လိုရာ၊ကြောက်အပ်စွာရှင့်၊ ကိုယ့်ထာ
သူဝန်၊မလွန်ထိုထို၊ ကြူးမပိုနှင့်၊ ကျိုးလိုပြစ်ရ၊ ဖြစ်တတ်စွ၏၊ ။

အခါမထောင်၊ ချိန်မခစင့်နှင့်၊ ပြောင့်ကိုသင်ဖြူး၊ဆူးကိုမွေ့ရာ၊ မြွေမှာ တံတား၊ ကျွားကိုသစ်ငုတ်၊ ရန်းဘုတ် တန္တေ၊ ပေါဓိတ်ဆွေသို့၊ မင်းစေဟူက၊ မဆုတ်ရဘူး၊မင်းခမ္ဗတာ၊ သစ္စာကြူး၊ သူကျေးဇူးလို့၊ အထူးခံငြား၊သူ့ဆန်စားက၊ သူ့အားကျိုးဆောင်၊ မရှောင်သာပေ၊ ရဲရချေ၏၊ ။

ယခုအခါကာလ၌၊ရာဇာဘဉ်၊ခေါ်ဝေါ်ကြသော။မင်းခ,ယောက်ျား၊အမည်များကို၊ ထင်ရှားသေချာ၊ ဥက္ကလာဝယ်၊ မဟာမဏ္ဍ၊အခစ္စနှင့်၊ သေဝက,ပုဒ်၊ ဖွင့်ပြထုတ်သောကြောင့်၊ ခုပ်ချုပ်စိမံ၊ တိုင်းနိုင်ငံတွင်၊ ဘုရင်ခံရှေ့များ၊ အစထားလျက်။ ပုလိပ်သားသို့ကျအောင်၊ ဌာနအလျောက်၊ နာမထောက်ပြီးလျှင်၊ ယူ့ကောက်၍ရေလိုက်သော၊ ဇကပိုဒ်လင်္ကာ။ ။

ရာဇာဘဉ်၊ မာဂဓဖြင့်၊ နာမထင်ရှား၊ မင်းခစားဟု၊ မှတ်သားသညာ၊ ခေါ်ဟန်မှာမူ၊ မြန်မာနိုင်ငံ၊ တိုင်းရင့်ဝယ်၊ သျှမ့်အားလုံး၊ သိမ်းပိုက်ကြိုး၍၊ ရိုက်ချုန်းတဇာ၊ဝေဝေဖြာအောင်၊ ဂေါ်ဝါနာတဲ့၊ မဟာသွဲ့လျက်၊ တကဲ့ဌာန်၊ ဘွဲ့နာမံဖြင့်၊ဘုရင်ခံမည်သီး၊ လပ်မင်းကြီးလျှင်၊ ပျော်မွှီးဆူန္ဒြီ၊ တိုင်းပဿိဝယ်၊ စိုးစံပယ်လျက်၊ သွယ်ဆက်နွယ်စင်၊ လယ်ပတာင်နှင့်၊ နယ်ခွင်ကျော်လျှံ၊ ဂေါ်ဝါနံဟု၊ ဘုရင်ခံထွေး၊ မင်းကလေးကို၊ နှင်းပေးအာဏာ၊ ပိုင်စေရာကြောင့်၊ ဒေသာရှစ်ဆိုင်း၊ ဌာနပိုင်းလျက်၊ တိုင်းဒိဗိဇ်၊ ခွဲစိတ်ဖန်၍။ တိတ်ကံထင်ပေါ်၊ ဝန်ရှင်တော်ဟု၊ တွင်ခေါ်ခရိုင်း၊ သိုးသန့်ပိုင်သည်၊ ပျံ့လှိုင်ပညိဒ်၊ ရုံပြည့်ဟိတ်ဖြင့်၊ဒိပ္ပြတ်တိုက်ပေါင်း၊ မင်း၄ဆောင်းသို့၊ ရိုက်ညောင်းတေဇာ၊ဓမ္မနဖြင့်၊ ဝေကြွဂုဏ်ဆိုင်၊ အရေးပိုင်နှင့်၊ ကြို့ခိုင်ဖြိုးမောက်၊ တန်းခိုး တောက်သား၊ ဝန်ထောက်နယ်ပိုင်၊အာဏာလှိုင်သည်၊ မြို့ပိုင်မြို့အုပ်၊ တောင်းရှစ်ချုပ်လျက်၊ သမုတ်ဘွဲ့မည်၊ ချင်းအရည်နှင့်၊ မြင့်ရှည် ကြာညောင်း၊ မှုထမ်းကောင်းက၊ အကြောင်းပုံရိပ်၊ပေါင်းဂုဏ်ဟိတ်နှင့်၊တံဆိပ်ရမင်း၊ အာဏာပြင်းတို့၊ ထင်လင်းနာမံ၊အေတီအမ်တည့်၊ကြည်လျှံ့ခွန်းဝေ၊တည့်မွန်းနေသို့၊ ကြက်သရေဆောင်၊ထွန်းထိန်းပြောင်လျက်၊ မှိန်ရောင်တင့်တယ်၊ တန်ခိုးကြွယ်သား၊ရွှေစလွယ်ရ၊ကြို့နွယ်ဖွာနှင့်၊သွယ်ပြောင်ရန်၊ကေအက်စ်အမ်ဟု၊မြွက်သံခေါ်ရိပ်၊ ရောင်ဖိတ်ဖိတ်တည့်၊တံဆိပ်ငွေခါး၊ ရခဲ့ငြားသော်၊ များအပေါ်တွင်၊လွှား ကျော်မြိမ့်ညံ့ တီဒီအမ်ဟု၊မည်ဟန်သာစွ၊ပါဂ ဌဖြင့်၊နာမတထိ၊ ချခါဆိတွင်၊ ဒိုင်အာကီခေါ်၊နည်းသစ်ပေါ်၍၊ပြည်တော်ဌာန၊အစိုးရနှင့်၊ဒိုးဒွဓုဝ်ခန်း၊ မသုညံ့အောင်၊ပူပန်ရှုပ်ထွေး၊ လွတ်ပြုတ်ဇာတ်-ပြည်ဓေးဘဏ်ရေး၊ ငညာရေးနှင့်၊ သစ်ရေးဆင့်ထပ်၊မြင့်ထူးမြတ်သည်။ ဈေးမင်လေးကိုဘ်း၊ ဝေပုံပိုင်းလျက်၊ ပျံ့လှိုင်းနှစ်သက်၊ကောင်စီတက်တို့၊ ပြည်ဘက်မင်းဘက်၊ ယှဉ်းမဂ္ဂက်

အောင် အောက်ထက်တိုင်းရဉ္စ၊ ရွေးကောက်လတ်၍၊ မှူးမှတ်ခေါ်ဝေါ်၊ တရာကျော်တို့၊ နာပျော်ဘွယ်ရေး၊ မှုဆွေးနွေး၍၊ ဇွေချမ်းချမ်း၊ တရားလမ်းဖြင့်၊ ဖြောင့်တန်းကြည့်ရှု၊ ကဝိဗုတ္တိ၊ ပြည့်မှုကိစ္စ၊ ဆောင်ရွက်ကြလျက်၊ ဂါမထိန်းချုပ်၊ ခွန်သိမ်းလုပ်သည့်၊ ရွာအုပ်သူကြီး၊ အသီးသီးနှင့်၊ ခိုမှီးရုံးဂါတ်၊ အရပ်ရပ်၌၊ ဆည်းကပ်ခစား၊ ပုလိပ်သားသို့၊ ဆုံးဖျားတိုင်ရောက်၊ မည်ကိုင်ကောက်၍၊ ဖိုင်လျောက်ခင်းရေ၊ အခရင်းဖွေသေ၊ မင်းစေမင်းခ၊ ဆိုထိုက်ဖွ၍၊ ရာဇနောက်ဆွယ်၊ ဘဒ္ဒ,သွယ်လျက်၊ ပြဘွယ်ထွေလာ၊ ရုံစေရာသည်၊ ၊ကြေညာခုခေတ်ခေါ်ပုံတည်း၊ ၊

{မာတာပီတု} ဓမ္မနပုဏ္ဏံမာနေတိတိမာတာ၊ ၊ပါတိပုတ္တန္တိပီတာ၊ ၊ကစ္စည်းဆရာမိန့်ဆိုသောသဒ္ဒါကျမ်းဝိဂြိုဟ်၊ ၊မေမာယတီတိ မာတာ၊ ၊ပိယာယတီတိပီတာ၊ ၊သာရတ္ထဒီပနီဋီကာ၊ မိန့်မှာသောဝိဂြိုဟ်တို့ဖြင့်၊ မာတာနှင့်၊ပီတာအရ၊ မိနှင့်-ဘ,အမည်နှစ်ခုကို၊ စေ့ငုအောင်မှတ်လေ၊ ၊

မာတာ၌၊အထူးသိသာရန်၊ အပဒါနပါဠိတော်မှာ၊ ဇဋ္ဌမာတုသသပုဒ်၊ ၊ဝိနည်းပါဠိတော်မှာ၊မာတုဂါမနသဒ္ဓိံ နှင့်၊မာတုဂါမသဿသန္တိကေ၊ပုဒ်တို့ကို၊ ဖွေထုတ်မျှော်ရှု၍၊မာတုနှင့်မာတုဂါမ၊ ၎င်းပုဒ်နှစ်ပါဒတို့ကို၊သဒ္ဒပုလ္လိင်ဟု၊ နိုင်းချိန်ဘို့အနေမှာ၊ ၊ပုန္နပုံသကေသာဂမောသေ၊ ဟူသောသဒ္ဒနီတိသုတ်၊ ၊သာဂမောသုတ်၊ ဝိခြင်ထုတ်၊ မချုပ်းနပုံး၊ ၊ဟူသောနိယံ၊ ၊အကာ ရောနှင့်၊ အတောအားလုံး၊ပုဒ်ရှိကြိုး၊ပုံးနပုံးသာမှတ်လေ၊ ၊ဟူသောမနိုလည်နိယံ၊ ၊တို့မိန့်ဆိုတော်မူကြပြန်၊ အရသတောကြောင့်၊ အတောနေနှင့်သာဂမောသေ၊ ဟူသောကစ္စည်းသုတ်တို့၏၊ ပြယုဂ်များဖြစ်ကြ၍-စင်စစ်မချ၊ သဒ္ဒပုလ္လိင်ဟူသော၊ စကားကို၊ ခွဲမြစ္စာမှတ်သားလေ၊ ၊

{မိဘ,တို့ထံအခွင့်ပန်ပြီးမှ၊ ရဟန်းခံရမည့်အကြောင်းမှာ} အမိနှင့်အဘ၊ နှစ်ပါးစုံရှိလျှင်၊နှစ်ပါးလုံးကိုပင်၊ အခွင့်ခံစကား၊ ပန်ကြားရမည်၊ အမိအဘ နှစ်ဦးအနက်၊ တဦးသေ၍၊ ကျန်တဦးရှိနေလျှင်၊ ရှိသူကိုပင်ပန်ကြားရမည်၊ နှစ်ဦးလုံးအကုန်သေသွားလျှင်၊ မိထွေး၊ ဘထွေးစသည်အား၊ မပန်ကြား၊ မတုံင်တန်းဘဲ၊ ရှင်ရဟန်းပြုခဲ့ချေလျှင်၊ ထေရ်သံဃာမြတ် အရှင်တို့မှာ၊ အာပတ်အပြစ်မကပ်ရစ်သဖြင့်၊ ကင်းလွတ်သည်မှန်သော်လည်း၊ ဒေါသရန် မပွါးစေခြင်းငှါ ပန်ကြားပြောဆိုအပ်ကြောင်းကို၊ ၎င်းမဟာဝါအဋ္ဌကထာ၊ မျက်နှာ နံပါတ် (၂၄၂)က၍၊ သေချာစွာဖွင့်ပြတော်မူသည်၊ ပါဠိပါဌ်သားကို သိလိုလျှင်၊ ထိုအဋ္ဌကထာတွင်ကြည့်၍သိလေ၊ ဓမ္မပဒအဋ္ဌကထာ၊ ယမကဝဂ်၊ စက္ခုပါလဝတ္ထု၌ကား၊ ၊အထနံ သတ္ထာ နတ္ထိတေကောစိ၊ အာပုစ္ဆိတဗ္ဗ ယုတ္တကော

ဉာတီတိအာဟ၊ကနိဋ္ဌဘာတာမေအတ္တိဘန္တေတိ၊ တေနဟိအာပုစ္ဆာပဟိတိ ။ ။ဟု-ပြဆိုသော၊ဤသုတ္တန်နည်းအလိုမှာ၊ညီအငယ်ကိုသားနှင့်လျှင်လည်း၊ဉာတိဖြစ်၍၊ပန်ကြားရမည်ဟု၊ပြဆိုသည်။ ။

အမွေခံဟုသောဒါယဇ္ဇအရာဝယ်၊မဟာဝါ၊ မဟာခန္ဓကဋ္ဌ၊ ။သတ္တာဝိဓံ အရိယဓနံ၊ ။စသည်ဖြင့်လာသောကြောင့်၊သဒ္ဓါစသောသူတော်ကောင်း ဥစ္စာ ခုနစ်ပါးသည်၊တရားတော်အမွေအနှစ်၊အမှန်ပင်ဖြစ်သည်ဟု စင်စစ်ဆိုလေ၊ ။

မိမိတို့-သား,မြေး,ရင်းတို့ကို သာသနာတော်မြတ်အတွင်း၌ ရဟန်းပဉ္စင်း ရှင်သာမဏေပြုစေ၍၊ သာသနအမွေခံယူစေသောအရာမှာ၊ ပါဠိကာဏ် အဋ္ဌကထာ၊မျက်နှာခံပါတ် (၃၃)၊၎င်း၏အဖွင့် သာရတ္ထဒီပနီဋီကာ (၁၂၇)၊ဝိမတိ ဝိနောဒနီဋီကာ (၂၉)တို့၌ သာသနာတော်၏-ဆွေမျိုးဉာတိ ဖြစ်ကြောင်းကို ပြဆိုတော်မူကြသည်၊ ။

ဇုဋ္ဌဒါယဇ္ဇ၊ ဘုရားအမွေတော်ဆိုသည်ကား၊ ။ဇုဋ္ဌဒါယဇ္ဇံဒသာသမိတိ ဝတ္တာသန္တပါတေ ဘိက္ခုသံဃေ ဥပသမ္ပါဒေတွာ၊ ။စသည်ဖြင့်-သီလက္ခန် အဋ္ဌကထာ မျက်နှာခံပါတ်( ၁၉၀ )၌ လာသောကြောင့်၊ ရဟန်းခံသောအခါ ကာလ၌-သံဃာဖြင့် ဥပသမ္ပဒပြုရခြင်းကို၊ သုံးလူ့မင်း မြတ်ဘုရား၏ ဟော ကြားမြွက်ဖေါ်သော အာဏာတော်ဖြင့်သာပြုလုပ်ကြရသောကြောင့်၊ ဇုဋ္ဌဒါ ယဇ္ဇမည်၏ဟု၊ ။သံဃာကမ္မဝသေနသိဒ္ဓါမာနာပိ ဥပသမ္ပဒါ သတ္ထုအာဏာ ဝသေနေဝ,သိဒ္ဓါနတော ဇုဋ္ဌဒါယဇ္ဇံဒါသာသမိတိ ဝုတ္တန္တိ ဝဒန္တိ၊ ။စသည် ဖြင့်-သီလက္ခန် ဋီကာဟောင်း၊ ၎င်းဋီကာသစ်တို့၌ မိန့်ဆိုတော် မူကြကုန် သည်၊

ထို့မှတပါးလည်း၊မိဘများသည်-သားသမီးတို့၏ အရှေ့တည့်တည့် အရပ် နှင့်တူကြောင်းမှစ၍၊ သုပ္ပါဒေယျ သိင်္ဂါလသုတ်လာ အရပ်ခြောက်မျက်နှာ အမည်ကို၊မန်လည်ဆရာတော်ဘုရားကြီးက၊ ။{မိဘ,မည်ငြား၊ ဤနှစ်ပါး ကို၊ရှေ့ထားအစ်စွာ,၊ဘာဝတ္ထုကြောင့်၊ပြုဗ္ဗဒိသာ၊ရှေ့မျက်နှာမှတ်၊ ဆရာမြတ် ကား၊ မပြတ်ကာလ၊ပူဇော်ရကြောင့်၊ ဒက္ခိဏာခေါ်၊ တပေါ်ဝန်းလျား၊ သား, မယားမူ၊နောက်ထားပစ္ဆိ၊မှရှိထုတ်ပေ၊မိတ်ဆွေမြောက်ညာ၊ ဥတ္တရာမည်ထ၊ ကမ္မကရ၊ကျေးကျွန်မှာလျှင်၊ဒိသာအောက်ခန်း၊ရဟန်းပုဏ္ဏား၊ဘုရားပင်စွက၊ ဟူသမျှကား၊မြတ်ဖွဂုဏ်ဝါ၊ထိပ်မှာတင်အပ်၊အထက်ရပ်တည့်၊}၊ ။ဟု- ရေးစပ်မိန့်မြွက်တော်မူသည်။ ။မဃာ-ဒေဝလင်္ကာသစ်။ ။

၎င်းပြင်မိခင်,ဘခင်,တို့၏သား၊သုံးမျိုး ပြားကြောင်းကိုလည်း၊ ၎င်းလင်္ကာ သစ်၌ပင်၊{အဘ,ကောင်းသား၊ခံရများ၏၊သားကောင်းအဘ၊ဖြစ်ခဲ့စွရှင့်၊ သား

လှမောင်သိ၊အတိ,အနု,၊ ခေါ် မှုအဝ,၊ဇာတသုံးဖြာ၊ ကျမ်း၌လာသား၊မာတာ ပိတာ၊မိန္နှင့်ဘ,ထက်၊ သီလသမာ၊ ပညာကျင့်မှု၊ လွန်တူယုတ်ထ၊ သားသုံးဝ, တည့်}၊ ၊ဟု=ရေးပြုတော်မူ၏၊ ၊

ထိုပြင်လည်း၊မိခင်ဘခင်တို့က ပြုကြသော ပထမကြွေးသစ်နှင့်၊သားသို့းတို့က ပြုရသောဒုတိယ-ကြွေးဟောင်း၊၎င်းပြင်-မြေတွင်မြှုပ်နှံသောရွှေအိုးဟု-ခေါ်ရိုးပြုသည့် အကြောင်းကို ၎င်းလက်ာသစ်၌ပင်လျှင်၊ ၊{လောကဓမ္မတာ၊လူတံထွာဖြင့်၊နောင်ခါထို့တူ၊ မွေးစိမ့်ဟူ၍၊မှတ်ယူသောအား၊ သို့းသားကိုး၊ ဝတ်စားဆင်ယဉ်၊ သုတ်သင်လုပ်ကျွေး၊ ပြုစုမွေးကား၊ကြွေးသစ်ချသည်၊ သဘောမည်၏၊ ရှင်ကြည်အထူး၊မွေးခဲ့ဘူးသည့်၊ ကျေးဇူးသခင်၊မွေးမိခင်နှင့်၊ ဘခင်တို့အား၊ခစားမကင်း၊လုပ်ကျွေးခြင်းမှု၊မယွင်းပညပ်၊ကြွေးဟောင်းဆပ်တည်း၊ တရပ်ထိုမှ၊ သမဏဖြဟ္မဏာ၊ ယာစကာအား၊ သဒ္ဓါကြည်ဖြူ၊ပေးလှူသည်မှာ၊သံသရာဝဋ်၊လိုရာမည့်ုး၊သုံးရန်မျိုးဖြင့်၊ရွှေအိုးမြှုပ်သည်၊ မည်လတ်ရှောင်း၏၊ကြွေးဟောင်းဆပ်လစ်၊ကြွေးသစ်ချခြင်း၊ မြေတွင်းနှံရိုး၊ သူမခိုးနိုင်၊ ရွှေအိုးမြှုပ်ထ၊ ဤကိစ္စနှင့်} ဟု၊ရေးပြုတော်မူ၏၊ ၊၎င်းစကားရင်းမှာ-

ပကိဏ္ဏကနိပါတ်-ရှေးဦးစွာဟောတော်မူအပ်သော၊ ကေဒါရဇာတက်၌လာ၏၊ ဤအရာ၌-သဒ္ဓါစေတနာဖြစ်ပွားဘို့၊ဘုရားလောင်းကျေးမင်းသည်၊ရှင်အာနန္ဒာအလောင်း-လယ်ရှင်ပုဏ္ဏားကြီး၊ဆန္ဒထေရ်အလောင်း-လယ်စောင့်ယောကျ်ားတို့နှင့်စကားပြောဆိုဟန်အကြောင်း၊ကောင်းမွန်စွာသိရဘို့၊ ထည့်ပြလိုက်ဦးအံ့ ။ ၊ငါတို့ဘုရားလောင်း-ကျေးမင်းနှင့်တကွ၊များစွာသော ကျေးအပေါင်းတို့သည်၊၎င်းသလေးလယ်၌၊သွယ်ဝိုက်ကျနား၍ ကိုက်စားကြသောအခါ၊လယ်စောင့် ယောကျ်ားက-ဆည်းတားမောင်းနှင်၍ မရသောကြောင့်၊ လယ်ရှင်ပုဏ္ဏားကြီးထံ အမြန်သွား၍ ဘိုင်ကြားပြောဆိုပုံ။

(၁) သမ္ပန္နသာလိကေဒါရံ၊သုဝါဘုဥ္ဇန္တိကောသိယ။
ပဋိဝေဒေမိဖြဟ္မဏ၊နှ,တံဝါရေတုမုဿဟေ၊ ၊

(၂) ဧကောစတဿုသကုဏော၊ယောတေသံ သဗ္ဗသုန္ဒရော၊
ဘုတွာသာလိံ ယထာကာမံ၊တုဏ္ဍေနာဒါယဂစ္ဆတိ၊ ၊

{ အနက်ကား }၊ ၊(၁) ကောသိယ ဖြဟ္မဏ၊ ကောသိယနွယ် ဖြစ်ထွန်းတော်မူသော ပုဏ္ဏား၊ ကောသိယနွယ် ဖြစ်ကြွယ်၍ တင့်တယ်ပွားစီး အို-လယ့်ရှင်ပုဏ္ဏားကြီး၊သာလိကေဒါရံ၊အကျုန်ုပ်ကို အပ်နှင်းသောအရှင်၏သလေးလယ်ခင်းသည်၊သမ္ပန္နံ၊ အသီးအနှံ ရုံဖြည့်လျှံ၍ အမှန်ချခါ ကောင်းလှပါ၏၊ တံ၊ထိုအကောင်းထူးခြား သလေးစပါးကို၊ သုဝါ၊ကျေးသားတို့သည်၊ ဘုဥ္ဇန္တိ၊တပေါင်းတည်းဝိုက်နား၍ ကိုက်စားကြ

ကုန်၏၊အဟုံ၊ အကျွန်ုပ်သည်၊ ပဋိဝေဒေမိ၊ သိစေတို့ရေး-ကြာမနေ့းအောင် လာပြေးမြန်စွာ တိုင်ကြားပါ၏၊အဟုံ၊သည်၊ တံ၊ထိုများစွာ သောင်းသောင်း ကျေးအပေါင်းကို၊ဝါရေတုံ၊မောင်းနှင်လှန်ချောက် မကျရောက်အောင် စောင့် ရှောက်တားမြစ်ခြင်းငှာ၊နဥဿဟေ၊မစွမ်းနိုင်တော့ပါ။

(၂) ။တတ္ထ၊ ထိုပယ်ငါးရာခင်း အရှင်၏လယ်တွင်း၌၊တေသံ၊ ထိုသ လေးစား ကျေးအများတို့တွင်၊သမ္ပသုန္နရော၊ နီသောနှုတ်သီး၊ နီသောမျက်စိ၊ နီးသာခြေ၊နီသော လည်ရေးသုံးဆင့်တို့ဖြင့် ရှုချင့်ဘွယ် တင့်တယ်ကောင်း မြတ်လှစွာသော၊ဧကော၊တကောင်သော၊ ယောသကုဏော၊ အကြင်ဥဒေါင်း ငှက်လောက် မြင့်မောက်ခြားသီး ကျေးထွားကြီးသည်၊ အတ္ထိ၊ ရှိ၏၊ သော သကုဏော၊ သည်၊ ယထာကာမံ၊ အလိုရှိတိုင်း၊ သာလိံ၊ သလေးစပါးကို၊ ဘုတွာ၊ဝ,အောင်စားပြီး၍၊ တုဏ္ဍေန၊နှုတ်သီးဖြင့်၊အာဒါယ၊စပါးနှံကို အား မာန်အလိုက် မိမိတို့စရိုက်ဖြင့် ချီကိုက်ဆောင်ယူ၍၊ဂစ္ဆတိ၊ လယ်ကိုကျော် ပြန်း၊ကောင်းကင်လမ်းဖြင့် ပျံသန်း၍သွားလေတော့သတည်း။

{ လယ်ရှင်ပုဏ္ဏားကြီးက-လယ်စောင့်ယောက်ျားအား မှာထားပြောဆိုပုံ၊ }

(၃) ဥဏ္ဏန္တိ ဝါရေပါသာနိ၊ယထာဗဒ္ဓေယျ သောဒိဇော။ ဇီဝဥ္စနံ ဂဟေတွာန၊အာနယေဟိ မမန္တိကေ၊ ။

(၃) သောပုရိသ၊လယ်လုပ်သမား ဒိုပုဏ္ဏား၊ယထာ၊ အကြင်သို့သော အခြင်းအရာ ပညာဥာဏ်အစွမ်းဖြင့် မိမိအောင်ဖမ်းသည်ရှိသော်၊ သောဒိဇော၊ လယ်တွင်သက်မှီး သလေးကိုဖျက်ဆီးသော ထိုငှက်ကြီးသည်၊ဗဒ္ဓေယျ၊ အ မြန်မကြာဖမ်းမိရာ၏၊တထာ၊ဖြင့်၊ ဝါရေပါသာနိ၊ မြင်းမြီးရကျစ် ကျော့ကွင်း ညွှတ်တို့ကို၊ဥဏ္ဏန္တု၊တည်ခင်းပြုမြဲ ထောင်လေကုန်၊နံ၊ ထိုညွှတ်နှင့်လုံးထွေး မိသောကျေးကို၊ဇီဝဥ္စ၊မရှိက်မနှက် အသက်ရှင်အောင်လည်း။ ဂဟေတွာန၊ ကောင်းစွာပိုက်ဖွဲ့ ပွေ့ယူခဲ့၍၊မမန္တိကေ၊စင်စစ်အနန် ငါ့အထံသို့၊အာနယေ ဟိ၊အသေ့မြန်စွာ ဆောင်ခဲ့ပါလော၊ ။

{ လယ်စောင့်ယောက်ျားသည်၊ လယ်ရှင်ပုဏ္ဏားကြီး၏စကားဖြင့် လယ် တောသို့ပြန်သွားပြီး၊မြင်းမြီးညွှတ်ကွင်းတို့ဖြင့်ထောင်၍ဖမ်းရာ ဘုရားလောင်း ကျေးမင်းကိုပင်-ဖမ်းမိသဖြင့်၊ဘုရားလောင်းသည် မိမိ၏ကံအကြောင်းကိုပြန် လှန်အောက်မေ့၍ ပြည်တမ်းလွမ်းဆွတ်ပုံ }

(၄) ဧတဉ္စ ဝတွာန ပိတွာစ၊ပက္ကမန္တိ ဝိဟင်္ဂမာ၊ ဧကောဗဒ္ဓောသ္မိပါသေန၊ကိံ ပါပံ ပကတံ မယာ၊ ။

(၄) ဧတေဝိဟာဂ်မာ၊ငါနှင့်တူစွာ သွယ်သွယ်ဖြာ၍ ထယ်မှာသက်ဆင်းကျေးတသင်းတို့သည်၊ဘုတ္တွာစ၊စား၍ရင်း၊ပိတ္တွာစ၊သောက်၍ရင်း၊ပက္ကမန္တိ၊အလန့်တကြားနှင့်ပျံသွားကြလေကုန်၏၊ဧကော–အသဟာယော၀၊အဖေါ်မမှီးငါတကိုယ်တည်းသာလျှင်၊ပါသေန၊မုဆိုးလက်နက် ဖွဲ့ရက်ဒဏ်ဖြင်း ညွတ်ကျော့ကွင်းဖြင့်၊ ဗဒ္ဓေါ၊မပြုတ်မပြေ မိ၍နေသည့်၊အသို့ဖြစ်၏၊ မယာ၊လွတ်ဘွယ်ခဲယဉ်း ငါကျေးမင်းသည်၊ကိံ ပါပံ၊တစုံတခု ဘယ်သို့သောမကောင်းမှုကိုးပကာတံ၊အလွန်အကြူး သူထက်ထူးအောင် ပြုဘူးခဲ့မိလေသနည်း၊ ။

လယ်စောင့်သည် ကျေးမင်းကို ကျော့ကွင်းမှဖြေပြီးလျှင်၊လယ်ရှင်ပုဏ္ဏားကြီးအား သွား၍ပေး၏၊ပုဏ္ဏားကြီးလည်း၊ကျေးမင်းကိုမြင်လျှင်-မြင်ခြင်း၊လွန်မင်းစွာ နှစ်သက်၍ ရင်ခွင်ထက်၌ ထားပြီးလျှင် ဘုရားလောင်း ကျေးမင်းနှင့်စကားပြောဆိုပုံ၊

(၅) ဥဒရံနူ နအညေသံ၊သုဝအစ္ဆောဒရံတဝ၊
ဘုတွာသာလိယထာကာမံ၊တုဏ္ဍေနာဒါယဂစ္ဆသိ၊ ။
(၆) ကောဋ္ဌံနူတတ္ထပူရေသိ၊သုဝဝေရံနုတေမယာ၊
ပုဋ္ဌောမေသမ္မအက္ခာဟိ၊ကုဟိံ သာလိံ နိဒါဟာသိ၊ ။

(၅) သုဝ၊ကြီးမြင့်မောက်ထွား အိုကျေးသား၊ အညေသံ၊သင်မှတပါးကျေးအများတို့အား၊ ဥဒရံနူန၊ဝမ်းခေါင်းသေးသွယ် မကြီးကျယ်ဟု အနည်းငယ်ကလေးပင် ငါတွေးထင်၏၊တဝ၊သင်ကျေးကြီး၏၊ ဥဒရံ၊ဝမ်းဗိုက်သည်၊အစ္ဆောဒရံ၊အလွန်အကြူး သူထက်ထူး၍ မပြည့်နိုင်ဘွယ် ကြီးကျယ်သောဝမ်းခေါင်း ရှိလေတော့သလား၊ သာလိံ၊ငါ၏လယ်မှ သွယ်သွယ် မျှားပြားသလေးစပါးကို၊ယထာကာမံ၊အလိုဆန္ဒ ရှိသမျှ၊ဘုတွာ၊စားပြီး၍၊ တုဏ္ဍေန၊နှုတ်သီးဖြင့်၊အာဒါယ၊ချီကိုက်ဆောင်ယူ၍၊ဂစ္ဆသိ၊သွားဘိ၏၊ ။

(၆) သုဝ၊ ကိုယ်လုံးဖွံ့ထွား မောင်ကျေးသား၊ တတ္ထ၊ ထိုသင်တို့နေသော လက်ပံတော၌၊ကောဋ္ဌံ၊စပါးသိုလှောင် ကျီကိုဒေါင်ကို၊ပူရေသိနု၊ဖြည့်စေတော့သလား၊တေ၊သင်ကျေးသားအား၊မယာ၊ငါနှင့်၊ဝေရံနု၊တစုံတရာ-မခံသာအောင် ရန်ဘယာငြိ၊ အငြိုးများရှိလေတော့သလား၊ သမ္မ၊ခုံခုံညားညား၊မောင်ကျေးသား၊ပုဋ္ဌော၊ သိလိုသဖြင့် ဆိုဖွင့်ရာမေး အမောင်ကျေးသည်၊ မေ၊ငါ့အား၊ အက္ခာဟိ၊သိစေဘို့ရာ ဖြေကြားပါလော့၊ သာလိံ၊နေ့တိုင်း ချီသွားသလေးစပါးကို၊ကုဟိံ၊ဘယ်ရပ်ဌာန-ဘယ်ဒေသ၌၊နိဒါဟာသိ၊ အလိုကြီးမားနှောင်ထကိုယ်တည်းစားရအောင် အမောင်သိုမှီး၍ထားရပါသလဲ၊ ။

{ပုဏ္ဏားကြီး၏စကားကို ကြားသောအခါ၊ သာသာယာယာ လူတို့၏ ဘာသာဖြင့် ကျေးမင်းက-ပြောဆိုချေပြပုံ၊}

(၇) နှ,မေဝေရံတယာသဒ္ဓိ၊ကောဋ္ဌံမယှံ နှ,ဝိဇ္ဇတိ၊
ဓညာကံမုဋ္ဌာမိကံဒမ္ဗိ၊သမ္ပွေတွာကောဋ္ဌသိမ္ဗလိ၊
နိမ္မိတွာတတ္ထ နိဒဟာမိ ဧ်ဝံဇာနာဟိ ကောသိယ၊ ။

(၇) ဗြဟ္မဏ၊ လယ်ပိုင်ရှင်ဟု နယ်ခွင်ကျော်ဟိး ပုဏ္ဏားကြီး၊ မေ၊ ကျွန်ုပ်အား၊ တယာ၊သင်ပုဏ္ဏားကြီးနှင့်၊သဒ္ဓိ၊ထကွ၊ နဝေရံ၊ခိုက်ရန်ငြိုးစရာ မရှိပါ။ မယှံ၊ ကျွန်ုပ်အား၊ ကောဋ္ဌံ၊ စပါး ပိုအောင်- များသိုလှောင်ဘို့၊ ကုဒေါင်တိုက်တာမရှိပါ၊ အဟံ၊ကျွန်ုပ်သည်၊ ဓညာံ၊ သုံးခဲ့ဘူးဟောင်း ကြွေးမြီးပါင်းကို၊မုဋ္ဌာမိ၊ လွှတ်ဘွယ်အရေး-ပြန်ဆပ်ပေး၏၊ ဓညာံ၊နောက်ထပ်ထ လှုစ် ကြွေးမြီသစ်ကို၊ ဒမ္ဗိ၊ပြန်၍ရဘွယ် ကြံရည်ရွယ်၍ အကယ်မချေးတဖန် ပေး၏၊တတ္ထ ကောဋ္ဌသိမ္ဗလိ၊ ကျေးသား အပေါင်း-များခိုအောင်းသည့် အခေါင်းရှိသော၊ထို-လက်ပံ့တာ၌၊နိမ္မိ၊ဖြစ်လေနေခါ သံသရာဝယ် မကွာ ဝိုက်ဝိုက် အစဉ်လိုက်အောင် တွင်းသိုက်ခေါ် ရိုး ဥစ္စာအိုးကိုလည်း၊နိဒဟာမိ၊ အဟုတ်မှန်စွာ မြှုပ်နှံပါ၏၊ကောသိယ၊ကောသိယနွယ်ဘွား၊အို-ပုဏ္ဏား၊ဧဝံ၊ ဤသို့အဘီးသီးဆိုခဲ့ပြီးသော နည်းသဘောဖြင့်၊ ဇာနာဟိ၊အကြောင်းသုံးခု- ပေါင်းချုန်းရ၍ ထုံးပြုရှယ်ချ၊-သိတော်မူလော၊ ။

{ဤသို့ဆိုအပ်သော-ကျေးမင်း၏စကားကို၊ ထိသာထင်ရှားအောင် ပုဏ္ဏားကြီးက-မေးပုံ၊ }

(၈) ကိဳဒိသံတေဓညာဒါနံ၊ဓညာမောက္ခာစကိဳဒိသော၊
နိမ္မိနိဓနမက္ခာဟိ၊အထပါသာ ပမောက္ခသိ၊ ။

(၈) သုဝ၊တောမြိုင်မွေးဘွား မောင်ကျေးသား။တေ၊သင်၏၊ဓညာဒါနံ၊ ရှေးဦးတည်ခင်း အသစ်သောကြွေးချေးခြင်းသည်၊ကိဳဒိသံ၊အဘယ်သို့သဘော ရှိပါသနည်း။ ဓညာမောက္ခာစ၊ ကြွေးဟောင်းပြန်သွင်း ပေးဆပ်ခြင်းသည် လည်း။ ကိဳဒိသော၊အဘယ်သို့ သဘောရှိပါသနည်း။ နိမ္မိနိဓနံ၊ ဥစ္စာထုပ်သွင်း မြှုပ်နှံခြင်းသည်၊ ကိဳဒိသံ၊အဘယ်သို့သဘောရှိပါသနည်း၊ မေ၊လယ်ပိုင်ရှင် ဟု မည်တွင်ခေါ်ငြား ငါပုဏ္ဏားအား၊အက္ခာဟိ၊ထင်ရှားသေချာ ဖြေကြားပါ လော၊အထ၊ထိုသို့ခြင်းရာ ဖြေကြားပါသော်၊ ပါသာ၊ပြေုတ်မပြီ တုတ်၍ချည် သဖြင့် ပွတ်မည်ခဲယဉ်း ညွှတ်ကျောကွင်းမှ၊ ပမောက္ခသိ၊ အဟုတ်မသွေ ကျွန်ုပ်ဖြေ၍ လွှတ်ပေအံ့သတည်း၊

{ကျေးမင်းက-ပုဏ္ဏားကြီးအား-ပြောကြားပြဆိုပုံ၊}

(၉) အာ,ဓာတပက္ခာ တရုဏာ၊ ပုတ္တကာ မယှံ ကောသိယ၊
ထေ-မဲ တထာ ဘရိယသန္တိ၊ တသ္မာ တေသံ ဇှာမိဒဒေ၊ ။

(၁၀) မာတာ ပိတာ စမေ ဝုဍ္ဍာ၊ ဇိဏ္ဏကာ ဂတ ယောဗ္ဗနာ၊
တေသံ တုဏ္ဍေန ဟာတုန၊ မုဋ္ဌေ ပုဗ္ဗေကတံ ဇှာမိ၊ ။

(၁၁) အညေပိ တတ္ထ သကုဏာ၊ ခိဏပက္ခာ သုဒုဗ္ဗလာ၊
တေသံ ပုညတ္ထိကော ဒမ္မိ၊ တံ နိဓိ အာဟုပဏ္ဍိတာ၊ ။

(၁၂) ဤဒိသံမေ ဇှာဏာဒါနံ၊ ဇှာဏာမောက္ခာ စ ဤဒိသော၊
နိဓိနိဓနမက္ခာမိ၊ ဧဝံ ဇာနာဟိ ကောသိယ၊ ။

(၉) ကောသိယ၊ အနွယ်ကောသိ လယ်ပေါ်အိ၍ လောကီဓနံ ရုံပြည့်ဝ,သဖြင့် သုခ,ပွားစီး၊ အို-လယ်ပိုင်ရှင် ပုဏ္ဏားကြီး၊ မယှံ၊ အရှင့်လယ်တွင်း သလေးခင်း၌ သက်ဆင်း ကိုက်စား ကျွန်ုပ် ကျေးသားအား၊ အာ,ဓာတ ပက္ခာ၊ အတောင်နှစ်ဘက် မပေါ် မထွက်ကြကုန်သေးသော၊ တရုဏာ၊ အင်္ဂါ ကြီးငယ် သေးသိမ်သွယ်၍ နုနယ်ကြကုန်သော၊ ပုတ္တကာ၊ မျက်ရှုရင်နှော သား ကလေးတို့သည်၊ သန္တိ၊ သိုက်မြုံသစ်ခေါင်း ဆုံရပေါင်း၍ နိုးအောင်းပျော်နေ- ရှိကြပေကုန်၏၊ တေ၊ ထိုကျွန်ုပ်ရင်သွေး-သားငယ်ကျေးတို့သည်၊ မံ၊ ကျေးဖှုး ရှင်ဟု မည်တင်သမုတ် မွေးဘခင်ကျွန်ုပ်ကို။ တထာ၊ ထိုဘခင်နည်းယူ- ပုံအတူ။ ဘရိယသန္တိ၊ ကျွန်ုပ်ထံ လည်ကာပြန်၍ တဖန်မသေ့ မွေးမြူကြပေကုန် လတ္တံ၊ တသ္မာ၊ ထိုကြောင့်၊ တေသံ၊ ထိုရင်သွေးမျက်ချယ် သားကျေးငယ်တို့ အား၊ ဇှာမိ၊ နောင်ဘို့ရှုမျှော် ရည်ရော်ကြိုတွေး အသစ်ကြွေးကို၊ ဒဒေ-ဒဒါမိ၊ ယခုကပင်—ရှေးဦးတင်၍ အလျှော်စ,ဖွာ-ပေးချပါ၏၊ ။

(၁၀) ကောသိယ၊ ကောသိယဟု နာမကျော်ဟိး၊ အို-လယ်ရှင်ပုဏ္ဏား ကြီး၊ မေ၊ ကျွန်ုပ်၏-မာတာပိတာဝ၊ ကျေးဖုးကြီးလျှ နှစ်ပါးသော အမိအဘ တို့သည်လည်း၊ ဝုဍ္ဍာ၊ သေဘက်နီး၍-အသက် ကြီးကြလေကုန်ပြီ၊ ဇိဏ္ဏကာ၊ အားအင်ရိုယွင်း၍-အိုမင်းကြလေကုန်ပြီ၊ ဂတယောဗ္ဗနာ၊ အရွယ်လွန်မြောက် ၍၊ ပဌမအချိန်သို့ ရောက်ကြလေကုန်ပြီ၊ တေသံ၊ ထို အိုမင်းရွတ်တွ-မိနှင့်ဘတို့ အား၊ တုဏ္ဍေန၊ နှုတ်သီးဖြင့်၊ ဟာတုန၊ ကိုက်ချီရစ်သွဲ့-အစာကိုယူဆောင်ခဲ့၍၊ ပုဗ္ဗေ၊ လက်ပွန်မဆွ ရှေးကာလ၌၊ ကတံ၊ အာရေးယူ၍ မွေးမြူကျေးဖုး ပြုခဲ့ဘူး သော၊ ဇှာမိ၊ ရှည်ကြာမြင့်ညောင်း ကြွေးမြီးဟောင်းကို၊ မုဋ္ဌေ၊ လွတ်ဘွယ်အ ရေး ရည်ရွယ်တွေး၍ ပြန်ပေးမသေ့ ဆပ်ရပေ၏၊ ။

(၁၁) ကောသိယ၊ကောသိယဟု ပြည့်ဝစည်းစိမ် ဂုဏ်ရှိန် ကျော်ဟိး၊ အို-လယ်ရှင်ပုဏ္ဏားကြီး၊ တပ္ပ၊ထိုကျွန်ုပ်တို့နေသော လက်ပံတော၌၊ အညေ၊ ဆိုပြီးစကား-သို့သားနှင့် နှစ်ပါးဘ,မိ,-ဆွေညာတိတို့မှထပါးကုန်သော၊ခိဏ ပက္ခ၊အတောင်နှစ်ဘက်-ကြိုးပြတ်ပျက်၍ ပျံတက်သွားလာ မစွမ်းနိုင်ကြပါ ကုန်သော၊သကုဏာ၊ကျေးအို-ကျေးမင်း များတသင်းတို့သည်၊ သန္တိ၊ပေါင်း ၍တူနေ ရှိကြပေကုန်၏၊တေသံ၊ ထိုအတောင်ယွင်းယို ကျေးငှက်အိုတို့အား၊ ပုညတ္ထိကော၊ကောင်းမှုကုသိုလ် ပျိုးပွားလိုသည်ဖြစ်၍၊ဒမ္ဗိ၊ကောင်းစွာမွေ မြူ-အရေးပေ၍ ပေးလှူစွန့်ကြ၏၊ တံ၊ထိုကောင်းမှုပုည မြတ်ဒါနကို၊ပဏ္ဍိတာ၊ ကျိုးကြောင်းမြင်သိ ပညာရှိတို့သည်၊ နိမိ၊ ဖြစ်ထေရာရာ နောင်အခါဝယ်၊ မဂ္ဂသိုက်စိုက် အစဉ်လိုက်အောင် သွင်းပိုက်မြုပ်လျှို ဥစ္စာအိုးဟူ၍၊အာဟု၊ သိစေလိုဖွ ထိုထိုမြွ၍ ဆိုကြလေကုန်ပြီ၊ ၊

(၁၂) ကောသိယ၊ကောသိယဟု မှည့်ခြွယ်မည် ကောင်းဂုဏ်ချည်နှင့် ပုံညီပွားစီး၊ အို-ပုဏ္ဏားကြီး၊မေ၊ကျွန်ုပ်၏၊ ဉာဏဒါနံ၊ကြွေသစ်အရင်း ရှေး ဦးစွာချပေးခြင်းသည်၊ ဤဒိသံ၊ဤသို့သောသဘောရှိပေ၏၊ ဉာဏမောက္ခာစ၊ ပြီဟောင်းကြွေးရ ကင်းလွတ်မှုသည်လည်း၊ ဤဒိသော၊ဤသို့သောသဘောရှိ ပေ၏၊နိဓိနိဓနံ၊ဥစ္စာအိုးကို ထုပ်ပိုးထည့်သွင်း မြှုပ်နှံခြင်းသည်၊ဤဒိသံ၊ဤသို့ သောသဘောရှိပေ၏၊ ဉာတိ၊ဤသို့၊ အဟံ၊ကြွေးသစ်-ကြွေးဟောင်း ပေးဆပ် ကြောင်းနှင့် အပေါင်း မြှုပ်နှံ ဤသုံးတန်ကို ထုံးမှန် ပြုလုပ် ကျွန်ုပ်သည်၊ အက္ခာမိ၊ဖြန့်ကြားသေချာ ပြောဆိုပါ၏၊ဧဝံ၊ဤသို့၊ တွံ၊လယ်ပိုင်ရှင်ဟု ခေါ် တွင်မည်သိ သင်ပုဏ္ဏားကြီးသည်၊ ဇာနာဟိ၊ ကျွန်ုပ်ပြုပြား ကျင့်တရားကို မှတ်သားပေါ် ယူ သိတော်မူလော့၊ ၊

{ ပုဏ္ဏားကြီးသည် ကျေးမင်းကို ကြည်ညို၍ မြွက်ဆိုပြောပြပုံ၊ }

(၁၃) ဘဒ္ဒကော ဝတာယံ ပက္ခီ၊ ဒိဇော ပရမ ဓမ္မိကော၊
ဧကစ္စေသု မနုဿေသု၊ အယံ ဓမ္မော န ဝိဇ္ဇတိ၊ ၊

(၁၄) ဘုဉ္ဇ သာလိံ ယထာကာမံ၊ သဟ သဗ္ဗေဟိ ဉာတိဘိ၊
ပုနာပိ သုဝ ပဿေမု၊ ပိယံ မေ တဝ ဒဿနံ၊ ၊

(၁၅) အယံပက္ခီ၊ ငှက်တွင်ထူးခြား ဤကျေးသားသည်၊ ဘဒ္ဒကော ဝတ၊ခြိုးမွမ်းဘွယ်ရာ ကောင်းလှစွာတကား၊ အယံဒိဇော၊ကြည်ညိုဘွယ်ရာ-သွယ်ဖြာဆင်မြွက် ဤငှက်ကျေးသည်၊ပရမဓမ္မိကော၊မြတ်သောတရား မတိမ်း ပါးအောင်ကျင့်ဆောင်တတ်ပေစွတကား၊အယံဓမ္မော၊မြွက်ဆိုဟောကြား၊ဤ

ကျေးမင်းတရားသည်၊ ကြွေသူ၊အချို့ကုန်သော၊မနုဿသူ၊ လူသာမည
ဟူသမျှတို့၌၊နုဝိဇ္ဇတိ၊အမြဲပုံသေ-မရှိပေ၊ ။

(၁၄) သုဝ၊ကောင်းစွာပေါကြား မောင်ကျေးသား၊သင့်ဗွဟိ၊ အလုံးစုံ
ကုန်သော၊ ဉာတိဘိ၊သင်၏မျိုးဆွေ များတွေ့တွေ့တို့နှင့်၊သဟ၊အတူတကွ၊
ယထာကာမံ၊အလိုရှိတိုင်း ကြာမဆိုင်း၊သာလိ ၊ ကျွန်ုပ်လယ်၌ သွယ်ဝိုက်နှံ
ဖြား သလေးစပါးကို၊ ဘုဉ္ဇ၊ဘေးမဲ့ချမ်းသာ စားသုံးပါလော့၊ သုဝ၊စောင့်သုံး
တရား မောင်ကျေးသား၊ပုနပိ၊တဖန်လည်း၊ ပဿမှ၊တွေ့ဘို့နောင်ခါ-မြင်လို
ပါကုန်၏၊ တဝ၊သင်ကျေးသားအား၊ မေမယာ၊လယ်ရှင်မှန်ဟုတ်၊ အကျွန်ုပ်
သည်၊ဒဿနံ၊ချပုံမယွင်း တွေ့မြင်ခြင်းကို၊ပိယံ၊နှစ်သက်ကြည်စွာ ချစ်လှပါ၏၊
ဝါ၊မှားအံသင့်-တရားကျင့်၍ သားနှင့်တူပင်-စိတ်မှာထင်သောကြောင့်၊ ချစ်
ခင်မြတ်နိုးလှပါပေသတည်း၊

ဂုဏ်းကေဒါရဇာတ်၊ မိန့်အပ်မြွက်ပေါ်—ဟောတော်မူရာ၊ ပါဠိတော်၊ပါဠ်
ဂါထာတို့မှာ (၁၇)ဂါထာဖြစ်ပေသည်၊ကျန် ၃ ဂါထာတို့ပါ ရုံလင်စွာထည့်
ရေးလျှင် ရှည်ကြာမည်ထင်မြင်၍၊ ဤတွင်မိုင်းဖြတ် ကြွေးစကား ပြတ်သော
ကြောင့် ဆိုင်းရပ်လိုက်ရပေသတည်း၊ ၊ကြည်ညိုဘွယ်ရာ ကောင်းလှပါ၍
ပေါ် လွှင်စွာအနက်ပေးပြီးလျှင် ထည့်ရေးသွင်းထားလိုက်ပေကြောင်း၊

{ပရိပုဏ္ဏဝိသတိ ဝဿော} ပရိပုဏ္ဏဝိသတိ ဝဿောတိ ပဋိသန္ဓိ ဂဟ
ဏာတော ပဋ္ဌာယ ပရိပုဏ္ဏဝိသတိ ဝဿော၊ ဂဗ္ဘဝိသောပိဟိ ပရိပုဏ္ဏဝိသတိ
ဝဿောတွေဝသချံ ဂစ္ဆတိ၊ ၊ဟူသောပါဠိစိတ်အဋ္ဌကထာ၊ ၊ဂဗ္ဘမာသေပိ
သဒ္ဒိ-ဝိသတိဝဿာနိ၊အဿာတိ ဂဗ္ဘဝိသော၊ ၊သာရတ္ထ ဒီပနီဋီကာ၊ ၊
ဤသို့လာသောကြောင့်၊ပဋိသန္ဓေ၊ယူနေသည်မှ၊ အစပြု၍အနှစ်နှစ်ဆယ်၊ပြည့်
ကွယ်သောရဟန်းလောင်းမှ-ရဟန်းခံကောင်းသည်၏အဖြစ်ကို၊စိစစ်၍သိလေ၊

ဤအရာ၌၊ဘုရားလောင်း၏မယ်တော်မှာကပါး၊ အခြားသောမိန်းမများမှာ၊
၉-လ—၁၀—လ—ပဋိသန္ဓေယူဆောင်၍၊ဘွားမြင်လေ့ ရှိကြကြောင်း-ဘုရား
လောင်းမယ်တော်မှာကား၊ ၁၀-လတိတိသာလျှင်၊ ပဋိသန္ဓေ ယူဆောင်၍—
ဘုရားလောင်းကိုဘွားမြင်တော်မူကြောင်းကို၊ ၊ဓမ္မတာသော ဘိက္ခဝေ—
ယထာ အညာဣတ္ထိကာ— နဝဝါဒသဝါမာသေ ဂဗ္ဘံ ကုစ္ဆိနာ ပရိဟရိတွာ
ဝိဇာယန္တိ၊ န,ဟေဝံဗောဓိ သတ္တဲ့ဗောဓိ သတ္တမာတာဝိဇာယတိ၊ ဒသေဝမာ
သာနိဗောဓိ သတ္တ ဗောဓိသတ္တမာတာ ကုစ္ဆိနာ ပရိဟရိတွာဝိဇာယတိ အယ
မေတ္ထဓမ္မတာ၊ ၊သုတ်မဟာဝါပါဠိတော်၊ ၊

၎င်းပါဠိသော်မှာ၊ ဝိကပ်အနက်ရှိသောဝါသဒ္ဒါဖြင့်၊ ခုနစ်လ၊ ရှစ်လ၊ ဆဲ့တလ—ဆဲ့နှစ်လ၊ စသည်တို့ကိုလည်း၊ သင်္ဂြိုဟ်ရေတွက်ရမည်ဟု၊ ၎င်း၏ အဋ္ဌကထာ၌၊ ။နဝဝါဒသဝါတိဧဝမာဒိနံ သင်္ဂဟောဝေဒိတဗ္ဗော၊ ။ဟု—ဖွင့်ပြ၏၊ ။

၎င်းပါဠိတော်နှင့် အဋ္ဌကထာလာ- စကားနှစ်ရပ်ကို- ငပ်ဟပ်စုပေါင်း၍ ပဋိသန္ဓေနေကြသော၊လ,တို့သည်၊ ခြောက်ဌာနအပြားရှိသည်ဟု၊ အောက်ပါဂါထာကို ကြည့်ရှု၍—စေ့ငုအောင်သိလေ၊ ။

ဒွါဒသေကာဒသဒသ၊ နဝဋ္ဌသတ္တမာသကေ၊ဇာတောသန္ဓိယာသန္တိ၊ အာဂတောသုတ္တပါဠိယံ၊ ။ထိုခြောက်ဌာန တို့တွင်၊ ရှစ်လမြောက် ဘွားသောသူငယ်မှာအသက်မရှင်၊ကြွင်းငါးယောက်အသက်ရှင်ကုန်၏၊ ထိုငါးယောက်တို့တွင်လည်း၊ခုနစ်လ,မြောက်မွေးဘွားသောသူငယ်မှာ၊ အသားအရေ နုနယ်သေးငွေး၍၊အပူအအေကို၊ သည်းမခံနိုင်ကြောင်းကို၊ ၎င်းသုတ်မဟာဝါ အဋ္ဌကထာ၌ပင်လာသည်၊

ရှစ်လ,နှင့် မွေးဘွားသော သူငယ်သည်၊ အသက်အရှယ်ကို ညွှန်ပြလျှင်၊ ခုနစ်လ,ဖွားသောသူငယ်ထက်၊ ခြေလက်စသော ကိုယ်အင်္ဂါအစိပ်တို့ ကြီးရင့်ကြသော်လည်း၊အချို့သော အရေအရပ်တို့သည်၊ ကြီးပွါးခြင်းသို့ရောက်ဆဲဖြစ်၍၊ ထိခိုက်ခြင်းကို သည်းမခံနိုင်၊ ထို့ကြောင့်-အသက်မရှင်၊ ခုနစ်လ,ဘွားမှာ ထိုသို့သဘောရှိသော မညီမညွတ်သည့်-အရေအရပ်များဖြစ်ပွါးဆဲမဟုတ်ကြရုန်သေး၊ ထို့ကြောင့်-အသက်ရှင်နိုင်ကြောင်းကို ၎င်းသုတ်မဟာဝါဋီကာ၌လာသည်။

{ပရိပုဏ္ဏင်္ဂပစ္စတ္တစိဝရံ} ၎င်းအတွက်-မှာထားချက် စကားရမှာ၊ ။ဥပဇ္ဈာ ဂါဟာပေတ္ဗာပတ္တ,စိဝရံ အာစိက္ခိတဗ္ဗံ၊ဟူသောတတိယပုဗ္ဗကိစ္စ၌၊ မှာထား၍ပြခဲ့ပြီ၊အထူးပိသေသအားဖြင့်၊ရဟန်းခံသောအခါကာလများ၌၊ရှစ်ပါးသောပရိက္ခရာအရတွင်၊ ပတ္တနှင့်စိဝရဟု၊ မည်ပြခပ်နှိုင်၊ တလုံးသောသပိတ်နှင့်၊တိစီဝရိက်သင်္ကန်းသုံးထည်၊ ဤလေးမည်သာ၊ လိုရင်းဖြစ်ပေ၍၊ ။နဘိက္ခဝေ အပတ္တစိဝရကော ဥပသမ္ပာဒေတဗ္ဗော၊ ။ဟု-ဟောပြတော်မူသည်၊

တိစီဝရဥ္စပတ္တောစ၊ ဝါသိသုစိစဗန္ဓနံ၊ ပရိသာဝနေအဋ္ဌေတေ၊ ယုတ္တယောဂဿ ဘိက္ခုနော၊ ။ဟူ၍ သီလက္ခန်အဋ္ဌကထာ သာမညဖလသုတ် အဖွင့် မျက်နှာခံပါတ် (၁၆၃)၊ ။ဇာတ်အဋ္ဌကထာနိဒါန်း (၇၃)၊ ။ပါရာဇိကကဏ် အဋ္ဌကထာပထမပါရာဇိကသိက္ခာပုဒ်ဝိတင်းအဖွင့်၊ (၁၉၁)၊ ။မဂဓအဘိဓာန် စတုဗ္ဗဏ္ဏဝဂ် ဂါထာနံပါတ် (၄၁၉) တို့၌၊ ပြဆိုဖွင့်ထုတ် ကြသည်မှာ

ဒုကုဋ်, ဇောကသိ, သင်းပိုင်, သပိတ်, ဖဲခွပ်, အပ်, ခါးပန်းကြိုး, ရေစစ်, အာ၊ဖြင့်၊ ပရိက္ခရာ ၈ စ်ပါးဟု၊မှတ်သားဘွယ်လာရှိသည်၊

ထိုရှစ်ရပ်တွင်၊ဖဲခွပ်ဟူသည်မှာ၊ဒန်ပူဖြတ်ဘို့ရန် လျော်ကန်လျောက်ပတ်၍၊ ၊ဒန္တကဋ္ဌစ္ဆေဒနဝါသိ၊ ၊ဟု၊သီလက္ခန် အဋ္ဌကထာ၊ ၎င်းမျက်နှာနံပါတ် (၁၆၃) ၌ပင်လာသည်၊ ၊၎င်းသီလက္ခန်ဋီကာသစ်၌ကား၊ ၊ဒန္တကဋ္ဌစ္ဆေဒ နဝါသီတိ ဥပလက္ခဏာ မတ္တံ တဒညကိစ္စဿာပိ တာယသာဓေတဗ္ဗတ္တာ၊ ၊ဟု မျက်နှာနံပါတ်(၅၇၉)၌ ဖွင့်ပြန်သောကြောင့်၊ ဒန်ပူဖြတ်ဘို့ရန်သာမက၊ထိုမှတပါး အခြားသောကိစ္စများကိုလည်း ပြီးစေအပ်သော အကြောင်းကြောင့်၊ ညှောင်စောင်း, အင်ပျဉ်, လက်တင်, ခုန်းထား, အပေါင်, စသော ဌာန အရပ်ရပ်၊ ဖြတ်တောက်ရန်ဟု မှတ်ရူ၏၊ ၊ယခုကာလ၌ကား၊ ဖဲခွပ်ကိုမထည့်ကြ၊ ခုရပုဒ်အရ သင်ရုန်းဒါးကို ထည့်ဆိုကြ၏၊ ၊၎င်းပြင်-ယခုအခါကာလ၌ကြပုံရှိသေးသည်မှာလည်း၊ ရှေးကပြခဲ့ပြီး-သပိတ်တလုံးနှင့်၊ သင်္ကန်းသုံးထည်ကိုအတွင်း ပရိက္ခရာလေးပါး၊ ဖဲခွပ်, အပ်, ခါးပန်း, ရေစစ်, တို့ကို၊အပြင်ပရိက္ခရာလေးပါးဟု၊အမှတ်အသားပြုကြသေး၏။ ၊၎င်းပရိက္ခရာ ၈ စ်ပါးတွင်၊ ဒိပ်ရာခင်းနှင့်-သံကောက်ကို တပါးပါးထည့်ဆိုက ပရိက္ခရာ ကိုးပါး၊ ၊၎င်းဝယ်၊နိသီဒိုင်နှင့်၊သားရေနွယ်ကို တပါးပါးထည့်ဆိုက ပရိက္ခရာဆယ်ပါး၊ ၊၎င်း၌ တောင်ဝှေးနှင့်ဆီပူးကို တပါးပါးထည့်ဆိုက ပရိက္ခရာ ဆဲ့တပါး၊ ၎င်းတွင်လည်း၊ ထီးနှင့်ဘိနပ်ကို-တရပ်ရပ်ထည့်ဆိုက-ပရိက္ခရာ ဆဲ့နှစ်ပါး။ ။ဤမျှလောက်တိုင်အောင်၊စွဲဆောင်သော ရဟန်းကိုလည်းအလိုကြီး၏ဟူ၍၎င်း၊ဝန်စီစလယ် အသွယ်သွယ်များပြားလှ၏ဟူ၍၎င်း၊ မဆိုအပ်ကြောင်းကို ၎င်းသီလက္ခန်အဋ္ဌကထာ မျက်နှာနံပါတ် (၁၆၄)၌ ရေးဖြမိန့်ဆိုတော်မူသည်၊ ။

ထိုအဋ္ဌကထာစကားကို ထောက်ထား ကြံရည်၍၊ မန်လည် ဆရာတော်ဘုရားကြီးက၊ ၊{တကိုယ်တဝမ်း၊ဖုန်းလွှမ်းကာမျှ၊နည်းကိစ္စဖြင့်၊အဋ္ဌ,နဝဒသ,တဖြာ၊ ဧကာဒသ၊ ဒွါဒသ,ဟု၊ ဤမျှ ပရိက္ခရာ၊ကိုယ်တွင် ပါ၍၊သွားရာဆောင်လျက်၊ငှက်၏ပမာ၊ ဝန်ပေါ့စွာနှင့်}၊ ၊ဟူ၍၎င်း၊ ၊{တိစီဝရိတ်၊-သပိတ်ရေစစ်၊တဆစ်ပဲခွင်၊အပ်နှင့်ခါးပန်း၊ရှစ်ခန်းပရိက္ခရာ၊ လျောက်ပတ်စွာတည့်၊ တဖြာထိုမှ၊ နဝ,ဒသ,၊ ဧကာဒ,နှင့်၊ဒွါဒသ၊ဟူ၊မှတ်ယူအသီး၊အစဉ်မှီးလျက်၊ ခင်းနှီးသံကောက်၊ ထိုနောက်တထီ၊ နိသီဒမ္ဗခက်၊ တတန်မှတ်ရေး၊ တောင်ဝှေးဆီကြည်၊တမည်မှတ်အပ်၊ ထီး-ဘိနပ်တည့်၊ ဝိကပ်နက်ပြ၊ကျမ်းအရတိုင်း၊ ရှေးကလမ်းကြောင်း၊ သူတော်ကောင်းတို့၊ ကျင့်ဟောင်း ဇာကန်၊

နည်းရိုးမှန်ရှင့်၊အာသန္တိုးနိုး မဟုတ်ရဘူး၊}။ ၊ဟူ၍ရင်း။ မဟာဒေဝထင်ဘသစ်ကျမ်းမှာ၊စဉ်တန်း၍ပြဆိုတော်မူ၏၊ ။

{ကိန္နာမော} {ကောနာမောတောဥပဇ္ဈာယော} ရင်းနှစ်ပုဒ်တို့၏ အဓိပ္ပါယ်ဖြစ်သော၊နာဂ,သဒ္ဒါ၊ဥပဇ္ဈာယသဒ္ဒါ၊ တိဿသဒ္ဒါတို့၏။ ဝိဂြိုဟ်ဝစနတ်၊ ဂုဏ်သကတ်တို့မှာ၊အထက်အဘို့က၊ ဖြဲသောပုဂ္ဂလသမ္မုတိရဟန်း၏ အမေးခဏ်းနောက်ပျားမှာ-ရေးသားပြီးပါရှိခဲ့လေပြီ၊ ။

ရဟန်းလောင်းအမည်နှင့်၊ဥပဇ္ဈာယ်အမည်၊ ရင်းနှစ်ပါး။ မှတ်သားရန်မှာ၊အောက်ပါနှစ်ဂါထာအားဖြင့်ခြားနားစွာသိလေ၊ ။

ဂေါဋ္ဌနဂရနာမေသု၊စတူသုယေနကေနစိ၊

သာဝေဘုံဟိကမ်လဒ္ဓံ၊ ဝိဇ္ဇနဝိသာဝိတံ၊ ။

အနက်ကား။ ၊ဂရု-ဂရုနာ၊ဥပဇ္ဈာယ်ဟူ။လှစ်ဘွယ်သညာ၊ မြတ်ဆရာအား၊ဂေါဋ္ဌနစ၊ဘာရဒွါဇ၊ကောဏ္ဍညနှင့်၊ကဿပစသည်၊ အနွယ်မည်အားဖြင့်ရင်း၊စတူသုနာမေသု၊ဇာတ်ဂုဏ်ကြိယာဒြပ်၊ လေးပါးသောနာမပညတ်တို့တွင်။ယေနကေနစိ၊တစုံတခု၊ခေါ်ပြုမှတ်သား။ မှည့်လိုရာအမည်အားဖြင့်ရင်း၊ကာ ၊ အစဉ်အတိုင်းသာသျှင်။ သာဝေတုံ၊ သံဃာတော်များ၊သိထင်ရှားအောင်၊ဘတ်ကြား၍ခြင်း၄၊လဒ္ဓံ၊ရအပ်၏၊ ဇနေပိ။ ပဉ္စင်းလောင်း၌လည်း၊ဧဝံ၊ဤနည်းအတူ၊သာဝိတံ၊မမှားဆတ်ဆတ်၊ညွှန်ကြားအင်၏။ ။

တဉ်ကောတာဝတိဿောတိ၊ဂရုနာဂေါတိဝ ဏ္ဏနော၊

ဣထရောသမ္ဗဝဥာပေတွာ၊သာဝေ-ပါယောသုဇေဒိဿ၊ ။

အနက်ကား၊ ၊ထေရော၊ပျွတ်ပြင်ဗလ၊ ဋ္ဌိနှစ်ဝကဝိဂုဏ်တို့နှင့်၊ ပြည့်စုံပြီ၊ အနုသာသက၊အာစရိယမထေရ်သည်၊တဉ်ကော၊ခဏခဏ္ဍ၊ ထိုရဟန်းခံစဉ်အခါကာလ၌၊တာဝ၊အနုသာသကဥတ်ကို၊ ဘတ်ဆိုသည့်မှ ရှေးဦးစွာ၊ ဂရု-ဂရုနာ၊ ဥပဇ္ဈာယ်ဆရာအား၊ တိဿောတိ၊ တိဿဟူ၍။ ဝဏ္ဏနော၊ ရဟန်းလောင်းအား၊ နာဂေါတိ၊နာဂဟူ၍။ သမ္ဗ ၊ သိမ်း၍ဥသု၊ လုံးရုံသွယ်သွယ်၊ ဥပဇ္ဈာယ်-ပဉ္စင်းလောင်း၊ ကာရက သံဃာတော်များ အပေါင်းကို၊ ဥာပေတွာဝေ၊သိစေ၍သာသျှင်၊သာဝေ-သာဝေယျ၊ဥတ်ကမ္မဝါ၊ ဘတ်ကြားရာ၏၊ ပါယောသု၊ တပါးတည်းမက၊ နှစ်ပါး-သုံးပါး ဟူသော ပဉ္စင်းလောင်းများသော၌အနတို့၌၊ဇေဒိဿ၊တူမျှသောပုံ၊ဤဆိုအပ်ပြီးသောသဘောရှိကုန်၏၊ ၊

ယခုအခါမှာ၊ ဥပဇ္ဈာယ်ဆရာ၏ အမည်ကို၊ တိဿ၊ရဟန်းလောင်း၏ အမည်ကို နာဂဟူ၍သာ၊ ထိုထိုအရပ်ဒေသမှာ မှည့်ဘတ်လေ့ရှိကြ၏။ ၊လိင်,ဂုဏ်,ဝိဘတ်,နေရာကျအောင် ထားတတ်က၊ တိဿ,နာဂမှတပါး၊ အာဝရ-

လာဘာ-သာသနဲ၊ မေဓာ-ခေမာ-ပညာ၊ ကိတ္တိ-ကဝိ-ပဏ္ဍိ၊ ခန္တီ-သိရိ-မေဓာပီ စသည်ဖြင့်၊ သင့်တော်သည့် နာမည်ကို အလိုဆန္ဒရှိရာ မှည့်နိုင်၊ ဘတ်နိုင်ကြောင်း။ ၊

ရဟန်းလောင်းတပါးတည်းသာမက၊ နှစ်ပါး-သုံးပါး တွဲဘက်၍ ကပြိုင်နက်ရဟန်းခံသည့်အခါ၊ ဥပဇ္ဈာယ်ဆရာမှာ၊ တပါးတည်းသာ၊ ရဟန်းလောင်းနှစ်ပါး၊ သုံးပါးတို့မှာ အမည်တမျိုးတည်းဖြစ်စေ၊ အသီးသီး သူ့အမည်နှင့်သူ ၂ မျိုး ၃ မျိုးဖြစ်စေ၊ စ,လုံး အက္ခရာဖြင့်၊ ဒွန်ဝါကျတွဲစပ်၍၊ ရွတ်ဘတ်အပ်သည့်အကြောင်းကို ကောင်းမွန်စွာသိလေ၊

ဆဒ္ဒကိစ္စနှင့်၊ ဒသမကိစ္စ ၂ ဌာနအတွက်၊ မှာထားချက်ပြီး၏၊

---

ရင်းဆဒ္ဒကိစ္စနှင့်၊ ဒသမကိစ္စ ၂ ဌာန အကြားရှိ တိဝိဓဌာနမှတ်အပ်ရသော သတ္တမကိစ္စ၊ အဋ္ဌမကိစ္စ၊ နဝမကိစ္စ၊ ပေါင်းသုံးဝအတွက်မှာ၊ ခက်စရာမရှိ၍၊ မှာထားချက်မထည့်၊ အတိပါကဒု- ထင်ရှားလှပြီးမို့၊ သာဓက မရေးသား၊ မြှုပ်နှံ၍ထားလိုက်တော့ပြီ၊

{ဧကာဒသမကိစ္စအတွက်-မှာထားချက်၊}

ဥတ္တိစတုတ္ထဥပသမ္ပဒကမ္မဝါစာ၊ ရွတ်ဘတ်၍မြင့်မြတ်သောပဋ္ဌင်းအဖြစ်သို့ ရောက်သည့်အခါဝယ်၊ ပဋ္ဌင်းမြောက်ထိုက်ရာ ဌာနာရဟဆိုသည်ကား၊ ၊ တဗြဲယွာယံ ဘိက္ခုသမဂ္ဂေန သံဃေန ဥတ္တိ စတုဝ္ထေန ကမ္မေန အကုပ္ပေန ဌာနရဟေန၊ ဥပသမ္ပန္နော။ ၊ဟု-ပါရာဇိကဏ် ပါဠိတော် (၂၇) ၌၊ ဟော တော်မူသည်၊ ၊ရင်းအဖွင့်အဋ္ဌကထာမှာ၊ ၊ဌာနာရဟေနာတိ ကာရဏာ ရဟေန၊ ၊ဟု-ဖွင့်ပြတော်မူ၏၊ ၊ကင်္ခါကဋ္ဌကထာ၌လည်း၊ ၊ကာရဏာ ဟတ္တာပနသတ္ထုသာသနာရဟေတ္တာ ဌာနာရဟံနာမဟောတိ၊ ၊ဟု-ဖွင့်၏၊ ၊

အဓိပ္ပါယ်မှာ၊ ဘုရားရှင်ဆုမ္မ၊ နည်းညွှန်ပြတော်မူသော ကမ္မ ဝါစာသည်၊ သာကီဝင်မင်းသား-ဘုရားသားစော်၊ ရဟန်းဖြစ်ဘို့ရန်၊ ဥပသမ္ပဒကံ ဟူသော အကျိုး၏တည်ရာဖြစ်၍၊ စင်စစ်မုချ၊ ဌာနမည်၏၊ ထိုဌာနမည်သော ကမ္မဝါ စာဖြင့်၊ ရွတ်ဘတ်ခြင်းပျာသိုက်သော အကျိုးဟူသော ဥပသမ္ပဒကံသည် ဌာ နာရဟမည်၏၊ ဟူ-ဆိုလိုသည်၊

အင်္ဂါ ၊ပါးနှင့်ပြည့်စုံမှ၊ ရဟန်းပဋ္ဌင်းဖြစ်သည်ဟူရာ၌
ပဋ္ဌင်ပုဒ်အရ၊ အင်္ဂါ ငါးပါးဆိုသည်ကား၊

(၁) ဝတ္ထုသမ္ပတ္တိ ရဟန်းလောင်း၏ ပြည့်စုံခြင်း၊
(၂) ဥတ္တိသမ္ပတ္တိ ဉတ်၏ပြည့်စုံခြင်း၊

(၃) အနုသာဝနသမ္ပတ္တိ — ကမ္မဝါစာ၏ပြည့်စုံခြင်း၊
(၄) သီမာသမ္ပတ္တိ — သိမ်၏ပြည့်စုံခြင်း၊
(၅) ပရိသာ သမ္ပတ္တိ — သံဃာတော်ပရိသတ်၏ပြည့်စုံခြင်း၊

{ရဟန်းပဉ္စင်းအဖြစ်သို့ရောက်ရာ၊ဥပသမ္ပဒါ(၈) ပါးဆိုသည်ကား၊}

(၁) ဧဟိဘိက္ခု ဥပသမ္ပဒါ၊ ဧဟိ ဘိက္ခု ဟူသော စကားတော်ဖြင့်၊ ရဟန်းအဖြစ်သို့ရောက်သောပဉ္စင်း၊

(၂) သရဏာဂမနူပ သမ္ပဒါ၊ သရဏဂုံသုံးပါးဖြင့်၊ ရဟန်း အဖြစ်သို့ ရောက်သောပဉ္စင်း၊

(၃) ဩဝါဒ ပဋိဂ္ဂဟဏူပ သမ္ပဒါ၊ အဆုံးအမတော်ကို ဝန်ခံသဖြင့်၊ ရဟန်းအဖြစ်သို့ရောက်သောပဉ္စင်း၊

(၄) ပဉှာဗျာကရဏူပသမ္ပဒါ၊ ပြဿနာတော်ကို ဖြေဆိုသဖြင့်……

(၅) အဋ္ဌဂရုဓမ္မ ပဋိဂ္ဂဟဏူပ သမ္ပဒါ၊ ရှစ်ပါးသော ဂရုဓမ်ကိုဝန်ခံသဖြင့်……

(၆) ဒူတေနူပ သမ္ပဒါ၊ တမန်စေသဖြင့်……

(၇) အဋ္ဌဝါစိကူပသမ္ပဒါ၊ ကမ္မဝါစာ ရှစ်ချက်ဖြင့်……

(၈) ဉတ္တိ စတုတ္ထ ကမ္မူပသမ္ပဒါ၊ ဥတ်လျှင် လေးကြိမ် မြောက်သော ကမ္မဝါစာဖြင့်၊ရဟန်းအဖြစ်သို့ ရောက်သောပဉ္စင်း၊

{ ဘိက္ခုအပြား (၁၂) ပါးဆိုသည်ကား၊ }

(၁) ဘိက္ခာစာရတိ ဘိက္ခု၊ ။(၂) ဘိက္ခာစရိယံ အဇ္ဈုပဂတောတိ ဘိက္ခု၊ ။(၃) ဘိန္နပဋဓရောတိ ဘိက္ခု၊ ။(၄) သမညာယ ဘိက္ခု၊ ။(၅) ပဋိညာယ ဘိက္ခု၊ ။(၆) ဧဟိဘိက္ခူတိ ဘိက္ခု၊ ။(၇) တီဟိသရဏဂမနေဟိ ဥပသမ္ပန္နောတိ ဘိက္ခု၊ ။(၈) ဘဒြော ဘိက္ခု၊ ။(၉) သာရော ဘိက္ခု(၁၀) သေက္ခော ဘိက္ခု၊ ။(၁၁) အသေက္ခော ဘိက္ခု၊ ။(၁၂) သမဂ္ဂေန သံဃေန ဉတ္တိ စတုတ္ထေန ကမ္မေန အကုပ္ပေန ဌာနာရဟေန ဥပသမ္ပန္နောတိ ဘိက္ခု၊

ဥတ်ကမ္မဝါ ရွတ်ဘတ်သောအရာ၌၊ သဒ္ဒါဆယ်တန်၊ မချေငံ၍၊ ဌာန်,ကရိုဏ်း, ပယတ်၊ သုတ်သင်ဘွယ် အငြိမ်းအဖြတ်ကို၍၊ သေချာ စွာမနိုင်းတတ်ကြသော အ,ဗျတ္တ ရဟန်းများ-မသိပိုပါး၊ တတ်ယောင်ကားနှင့်၊ ဝင်ကြွားခြင်း၄၊ ကံ ဆောင်သောအခါ၌ ဥတ်ကမ္မဝါတို့ကို၊ မရွတ်မဘတ်ထိုက်၊ လိမ္မာသိကျွမ်း၊ တတ်ကွမ်းနားလည်ပြီး၍ ဗျတ္တ ဒိုဗသဂုဏ်ကို့နှင့်ပြည့်စုံသော ရဟန်းတို့သာ လျှင်၊ဥတ်ကမ္မဝါစာ၊ ရွတ်ဘတ်ရမည့် အကြောင်းကို၊ ။ဗျားတွေ့န ဆိုကျွန်ုပ်နော

ပဋိဗဒ္ဓလေန သံဃာဥပေတဗ္ဗော၊ ၊ဟု၊ ဝိနည်း ပါဠိတော်၌ ဟောတော်မူ
သည်၊ ၊ဗျဉ္ဇနအပြည့်၊ ဝိနည်း၌လိမ္မာသော၊ပဋိဗလေန၊ ဥာဏ်ကရိယာ်းစသည်အစဉ်
ဖြင့်၊ ဝိပြင်အောင်ရွတ်ခြင်းငှာစွမ်းနိုင်သော၊ ဘိက္ခုနာ၊ရဟန်းသည်၊သံဃာ၊
သံဃာတော်ကို၊ ဥပေတဗ္ဗော၊ သိစေအပ်၏၊ ၊ထိုပါဠိတော်ဝယ်၊ထင်ရှာ
ဘွယ်သတ်မှတ်၍-သေချာစွာပြအပ်သော။ ဗျဉ္ဇနနှင့်ပဋိဗလ၊သိစရာအကြောင်း
နှစ်ဖြာကိုရင်း၏ အဖွင့်အဋ္ဌကထာ၌၊ ၊ဗျတ္တေနဘိက္ခုနာပဋိဗလေနာတိ ဧတ္ထ
ဗျတ္တောနာမ၊ယဿသာဋ္ဌကထံ ဝိနယပိဋကံ-ဝါ ဂုဏတံ ပဝတ္တတိ.တသ္မိံ အ
သတိအန္တမသောဣဒံဥတ္တိ စတုတ္ထ ကမ္မဝါစာ မဂ္ဂံပဲ-သု ဂဟိတံ ဟောတိ၊
ဝါဂုဏတံ-ပဝတ္တတိ၊အယံ့ဣမသ္မိံ အတ္ထေဗျတ္တော နာမ၊ယောပန-ကာ သ,သော
သ,သေမှာ ဒိနာဝါ ဂေလညေန ဩဠာဒန္တဇိဝှါ ဒိန်ဝါ အသမ္ပတ္တိယာ ပရိယတ္တိ
ယံဝါ အကတာ ပရိစယတ္တာန သက္ကောတိ၊ ပရိဗျတ္တလေဟာ ပဒဗျဉ္ဇနေဟိ၊
ကမ္မဝါစံ သာဝေတုံ၊ ဗျဉ္ဇနံ ပါပဒံဝါ ဟာပေတိ၊ အညထာဝါ ဝတ္တုမ္ဗံ၊ အညထာ
ဝဒတိ၊ အယံအပဋိဗလော ဣမသ္မိံ အတ္ထေ ပဋိဗလော ဝေဒိတဗ္ဗော၊ ၊
ဟု-မိန့်၏၊ ၊အနက်ကား။ဗျတ္တေနဘိက္ခုနာပဋိဗလေတိဧတ္ထ၌။ဗျတ္တောနာမ၊
ဗျတ္တမည်သည်ကား၊ ယဿ၊အကြင်ရဟန်းအား၊သာဋ္ဌကထံ အဋ္ဌကထာနှင့်
တကွသော၊ဝိနယပိဋကံ၊ ဝိနည်းပိဋကတ်သည်၊ ပါဂုဏံ၊ နှုတ်တက်ဖြစ်စွာ၊
ပဝတ္တတိ ဖြစ်၏၊တသ္မိံ ထိုအင်္ဂါသည်၊ အသတိ၊မရှိခဲ့သော်၊ အန္တမသော၊
အယုတ်ဆုံးအားဖြင့်၊ ဣဒံဥတ္တိ စတုတ္ထကမ္မဝါစာ မဂ္ဂံပိ၊ ဤဉတ္တိစတုတ္ထ
ကမ္မဝါစာမျှသည်လည်း၊သုဂ္ဂဟိတံ ကောင်းစွာသင်ယူအပ်ပြီးသည်၊ ဟောတိ၊
ဖြစ်၏၊ ဝါဂုဏတံ၊ နှုတ်တက်လှုလှ၊ ပဝတ္တတိ၊ ဖြစ်၏၊ အယံ၊ဤရဟန်းသည်၊
ဣမသ္မိံ အတ္ထေ၊ဤအနက်၌၊ ဗျတ္တောနာမ၊ဗျတ္တမည်၏၊ ယောပန၊ အကြင်ရဟန်း
သည်ကား၊ကာသ,သော သ,သေမှာဒိနာ၊ ချောင်းဆိုးနာ, ခယ ရုဂ်နာ, သလိပ်
ကပ်နာအစရှိသော၊ ဂေလညေနဝါ၊ အနာရောဂါကြောင့်ရင်း၊ ဩဋ္ဌဒန္တဇိဝှါ
ဒိန်၊နှုတ်ခမ်း,သွား,လျှာ,စသည်တို့၏၊ အသမ္ပတ္တိယာဝါ၊မပြည့်စုံခြင်းကြောင့်
ရင်း၊ ပရိယတ္တိယံ၊ကျမ်းဂန်သင်ကြားမှု၌၊ အကတပရိစယတ္တာ၊ ပြုဘူးသော
အလေ့အကျက် မရှိသည်၏ အဖြစ်ကြောင့်ရင်း၊ ပရိဗျတ္တလေဟိ၊ ပြည့်ဝန်း
အောင်မြင်ကုန်သော၊ ပဒဗျဉ္ဇနေဟိ၊ ပုဒ်ဗျဉ်းတို့ဖြင့်၊ ကမ္မဝါစံ၊ကမ္မဝါစာကို၊
သာဝေတုံ၊ကြားစေခြင်းငှါ၊ နသက္ကောတိ၊ မတတ်နိုင်၊ဗျဉ္ဇနံဝါ၊အက္ခရာကိုသော်
ရင်း၊ ပဒံဝါ၊ပုဒ်ကိုသော်ရင်း၊ဟာပေတိ၊ယုတ်စေ၏၊ အညထာဝါ၊ တပါးသော
အခြင်းအရာဖြင့်လည်း၊ဝတ္တုမ္ဗံ ရွတ်ဆိုရမည်ကိုအညထာ၊တပါးသောအခြင်း
အရာအားဖြင့်၊ဝဒတိ၊ရွတ်ဆု၏၊အယံ၊ဤရဟန်းသည်၊ အပဋိဗလော၊ မစွမ်း

နိုင်သော ရဟန်းမည်၏၊ တစ္ဆုပရိတော၊ ထိုမှပြန်သောအားဖြင့်။ ဝါ။ ထိုမှပြန်သော ရဟန်းသည်၊ ဓာမသတ္တိ အစ္ဆြေ၊ ၌၊ ပဋိဗသော၊ စွမ်းနိုင်သောရဟန်းမည်၏၊ ဓာတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

{ယခုထုတ်ပြအပ်သောအဋ္ဌကထာပါဠ်၏အဓိပ္ပါယ်စကားပြင်မှာ၊ ကမ္ဘဝါ ဆရာ၏အမည်–ပြောကြားစဉ်ကရေးတင်၍-ပြခဲ့ပြီ။}

ယခုအခါ–ဥပသမ္ပဒကမ္မဝါစာအစရှိသော ဝိနည်းဝိဋကတ်တော်ဆိုင်ရာ ဥတ်ကမ္မဝါ၊ အရပ်တို့၌ ရွတ်ဘတ်ရန်–ပုံစံနိုင်းတို့၊ ဌာန်,ကရိဏ်း, ပယတ်, ဗျဥ္ဇနဗုဒ္ဓိ၊ ဤ ၄ ပါးသောအချက်တို့၌၊ ကွက်ကွက် ကွင်းကွင်း။ ရှင်းရှင်း လင်း သင်းသိသာအောင်၊ စီစဉ်ကာပြပြီးအံ့၊ ။

အ,အစ၊ နိဂ္ဂဟိတ်အဆုံး၊ ပေါင်း၄၁လုံးသောအက္ခရာတို့၏ ဖြစ်ပေါ်လာရာ အရပ်သည်၊ ဌာန်မည်၏၊ ။ ထိုဌာန်တို့သည်၊ ကဏ္ဍဌာန်၊ မုဒ္ဓဌာန်၊ ဒန္တဌာန်၊ ဩဋ္ဌဌာန်ဟူ၍၊ ဥာသ်ဆရာအလိုအားဖြင့် ၅ ပါး။ ။ ထိုတွင်၊ နာသိကဌာန်ကို ထည့်၍၊ ရူပသိဒ္ဓိအလိုအားဖြင့်၊ ခြောက်ပါး၊ ။ ထိုတွင်၊ ဥရဌာန်ကိုထည့်၍၊ သဒ္ဒနီတိအလိုအားဖြင့်ခုနစ်ပါး။ ။ ထိုတွင်၊ ဇိဝှါမူလဌာန်ကိုထည့်ပြန်၍၊ ဓိဓချာန် ဆရာ့အလိုအားဖြင့် ရှစ်ပါးအပြား ရှိကုန်၏။ ။ ဤသို့၊ ဂန္ထကာရပုဂ္ဂလတို့၊ အမျိုးမျိုးထုတ်ပြသောဌာန်အပေါင်းတို့တွင်၊ လည်ချောင်းအရပ်ကို ကဏ္ဍ ဌာန်ဟုဆိုသည်၊ ထိုဌာန်၌ဖြစ်သောအက္ခရာတို့ကား၊ ။

အ-အာ-က၊ } လည်ချောင်းအရပ်၌ဖြစ်သောကဏ္ဍဇအက္ခရာ-၇-လုံး။ ။
ခ-ဂ-ဃ } က,ခ,ဂ,ဃ,င၊ အ,အာ,ဟ,၊ အဌ္ဌကဏ္ဍဇာ၊ ။ ဟုရှေးဆရာတို့
င-ဟ } ရေးမှာတော်မူသော-လင်္ကာသံပေါက်ဖြင့်။ အတိုကောက်သိ၊ ။

ဇိဝှါမူလေနအာသန္နဇိဝှါယဥပရိတလေ၊ ။ ဟူ၍ကာရိကာသဒ္ဒါငယ်၌၊ ဆိုသာဘွယ်ပြသည်နှင့်အညီ၊ လျှာရင်း၏အနီးဖြစ်သော၊ အထက်အာစောက် အပြင်အရပ်ကို၊ တာလုဌာန်ဟုဆိုသည် ထိုဌာန်၌ဖြစ်သောအက္ခရာတို့ကား၊ ။

ဣ-ဤ-စ-ဆ } အာစောက်အရပ်၌ဖြစ်သောတာလုဇအက္ခရာ-၇-လုံး။ ။
ဇ-ဈ-ဉ-ယ } စ,ဆ,ဇ,ဈ ဉ,၊ ဣ,ဤ,ယ၊ အဋ္ဌတာလုဇာ၊ ။ သံပေါက်။ ။

မုဒ္ဓ နာမ ရမုဒ္ဓိ၊ မုဒ္ဓဌာန်ပကာသိတံ ။ ဟူသောရင်းကာရိကာ၊ မိန့်မှာ ဖွင့်ပြခြင်းကြောင့်၊ ခံတွင်း၌၊ အထက်ဦးခေါင်းအတွင်ပါဝင်၍၊ လျှာအဖြင်ကို လိပ်အပ်သော၊ လျှာလိပ်အရပ်ကို၊ မုဒ္ဓဌာန်ဟုဆိုသည်၊ ထိုဌာန်၌ ဖြစ်သော အက္ခရာပကား၊ ။

ဋ-ဌ-ဍ-ဎ } လျှာထိပ်အရင်း၌ဖြစ်သော မုဒ္ဓဇ အက္ခရာ-၇-လုံး။ ။
ဏ-ရ-ဠ } ဋ,ဌ,ဍ,ဎ,ဏ,ရ,နှင့်-ဠ သတ္တ မုဒ္ဓဇာ။ ။

ဓာတ်နိဿကျမ်း၌ကား။ ရင်းမုဒ္ဓဋ္ဌာန်ကို သိရဋ္ဌာန်ဟုဆိုသည်၊ မုဒ္ဓသဒ္ဒါနှင့် သိရသဒ္ဒါတို့သည်၊ဦးခေါင်းဟောခြင်းဖြစ်ကြ၍၊ သင့်လျော်လှ၏။ ။သီသ, ဥတ္တမင်္ဂ,သိရ,မုဒ္ဓ,မတ္ထက,ဟူ၍၊ ဦးခေါင်းဟောသဒ္ဒါငါးပုဒ်၊ အဘိဓာန်၌ဖွင့် ထုတ်လျက်ရှိသည်။

ဥပရိဒန္တဋ္ဌာနသည်၊ပဏ္ဍိတသဏ္ဍာန်မှ၊ ။ရင်းကာရိကာ၌ပင်၊ ပြဆင် သည်နှင့်အညီ၊အထက်သွားအစဉ်၏အတွင်း၊သွားရင်းအရပ်ကို၊ ဒန္တဋ္ဌာန်ဟု ဆိုသည်၊ထိုဋ္ဌာန်၌ဖြစ်သောအက္ခရာကား။ ။

တ-ထ-ဒ-ဓ } သွားအရပ်၌ဖြစ်သော၊ဒန္တဇအက္ခရာ-၇-လုံး။ ။
န-လ-သ } တ,ထ,ဒ,ဓ,န၊လ,နှင့်သ,'သတ္တဒန္တဇာ၊ ။

မုဒ္ဓဇနှင့်ဒန္တဇ၊ဤနှစ်ပါးအထူးကား၊သွားရင်းအရပ်ကို၊လျှာဖျား၏ အနီး အဘို့နှင့်၊ထိ၍ ပြီးခါ၊ လိုင်သံပါ အသံ-အသံထွက်သာရခြင်းသည်၊မုဒ္ဓဇ၊ သွားအရင်းနှင့်လျှာ၏အဖျား၊ဤနှစ်ပါးထိခိုက်တိုက်ဆိုင်၍၊ လိုင်သံပါခြင်း သည် ဒန္တဇ၊ဤသို့ထူးကြ၏။ ။မုဒ္ဓဇခုနစ်လုံးတွင်၊အခြားနားဆုံးဖြစ်သော၊ လျှာကိုလိပ်၍ရွတ်ရသည့် ရ,ကြီး-အက္ခရာနှင့်၊ ခတ်ဆင်ဆင်တူအောင်၊ ကြံ ဆောင်ပြီးခါ-ကြွင်းသောမုဒ္ဓဇအက္ခရာများကိုသတိထား၍ရွတ်၊ဒန္တဇခုနစ်လုံး တွင်လည်း၊အခြားနားဆုံးဖြစ်သော သ,အက္ခရာနှင့်၊ ခတ်ဆင်ဆင်တူအောင် ကျန်သမျှဒန္တဇအက္ခရာများကိုစဉ်းစား၍ရွတ်သေး၊ ။

နှုတ်ခမ်းအရပ်ကို၊ ဩဋ္ဌဋ္ဌာန်ဟုဆိုသည်၊ ထိုဋ္ဌာန်၌ ဖြစ်သော အက္ခရာ များကား။ ။

ဥ-ဦ-ပ-ဖ } နှုတ်ခမ်းအရင်း၌ ဖြစ်သော ဩဋ္ဌဇအက္ခရာ-၇-လုံး။ ။
ဗ-ဘ-မ } ပ,ဖ,ဗ,ဘ,မ၊ဥဥတ္တာ သတ္တဩဋ္ဌဇာ၊ ။

ရင်းဩဋ္ဌဋ္ဌာန်မှာ၊လွယ်စွာထင်ရှား၍၊အရင်းဒေသကို၊ကာရိကာ၌ အထူး အထွေ-မပြပေ၊ ။

{၆} အက္ခရာသည်၊ လည်ချောင်းနှင့် အာစောက်အရပ်၊ ၂ ခုစပ် ဋ္ဌာန၌ဖြစ်၏၊ ။

{ဩ} အက္ခရာသည်၊လည်ချောင်းနှင့်နှုတ်ခမ်းအရပ်၊ ၂ ခုစပ်ဌာနန္ဒ ဖြစ်၏၊ ၊
{ဝ} အက္ခရာသည်၊သွားနှင့်နှုတ်ခမ်းအရပ်၊၂ခုစပ်ဌာနန္ဒဖြစ်၏၊ ၊

သံပေါက်များ၊

လည်အာခေါက်မှာ၊ဧဖြစ်လာ ဩမှာလည်နှုတ်ခမ်း၊ ။
သွားနှုတ်ခမ်းမှာ၊ဝ,ဖြစ်လာ၊မိန့်မှာသဒ္ဒါကျမ်း၊ ၊

ဝိဝရမှ ဘေဿန္တံ့ရဲ၊ပဏ္ဏဝဏ္ဏကံဒိယ၊တံသမ္ဗန္ဓာဝ,ယာလေခါ၊သာဇ္ဇနဲနာသိ ကာမတာ၊ ၊ကာရိကာပါဌ်၊ ၊အနက်ကား၊ဝိဝရမှ ဘေဿန္တံ့ရဲ၊ဟင်းလင်း ပွင့်သော ခံတွင်း၏အတွင်း၌၊ပဏ္ဏဝဏ္ဏကံဒိယ၊ထက်စည်ကိုကြက်သော သား ရေကဲ့သို့သော၊ယံမြ၊အကြောင်အရေသည်၊ အတ္ထိ၊ရှိ၏၊ တံသမ္ဗန္ဓာဝ၊ထိုအရေ နှင့်တစပ်တည်းတသည်သာလျှင်ဖြစ်သော၊ ယာလေခါ၊ အကြောင်အရေး အ ကြောင်းသည်၊အတ္ထိ၊ရှိ၏၊သာ၊ထိုအရေး အကြောင်းကို၊ ဇာဝ၊ဤဌာနကိုပြဆို ရာ၌၊နာသိကာ၊နာသိကဌာနဲ့ဟူ၍၊ မတာ၊ သိအပ်၏၊ ၊ဟူသည်နှင့်အညီ၊ ဟင်းလင်းပွင့်သောခံတွင်း၏အတွင်းဘက်၌၊ ထက်စည်ကို ကြက်သောသား ရေနှင့်တူသောအရေ၊ထိုအရေနှင့်တစပ်တည်းတည်သော အရေးအကြောင်း၊ ရင်းအရပ်ကိုနာသိကဌာနဲ့ဟုဆိုသည်၊ထိုဌာနန္ဒဖြစ်သောအက္ခရာများကား၊ ၊

| | |
|---|---|
| င-ဉ-ဏ | နှာခေါင်း အရပ်၌ ဖြစ်သော နာသိကအက္ခရာ-၆-လုံး၊ ၊ |
| န-မ-ဗိန္ဒု၊ | ဝဂ္ဂန်ငါးလုံး၊အဆုံးဗိန္ဒု၊ ဤခြောက်ခုခေါ်မှုနာသိကာ၊ ၊ |

ဟ,ကာရံပဥ္စမေဟိဝ၊ အန္တဋ္ဌေဟိစ သံယုတံ၊ ဩရသန္တိ ဝဒန္တိဓ၊ ကဏ္ဌဇ တဒသံယုတံ၊ ၊ရူပသိဒ္ဓိ၊ ၊အနက်ကား၊ ဧတ္တ၊ဤလေးဆဲ့တလုံး သောအက္ခရာတို့၌၊ င-ဥ္ဇ-မဟော၊ ဝဂ်၏အဆုံး၊ ဝဂ္ဂန္တ ငါးလုံးတို့နှင့်ရင်း၊ အန္တဋ္ဌေဟိစ၊ငါးဆဲ့ ငါလုံး၏အဆုံး အန္တဋ္ဌလေးလုံးတို့နှင့်ရင်း၊ သံယုတံ၊ ယှဉ်သော၊ဟ,ကာရံ၊ ဟ-အက္ခရာကို၊ ဩရသန္တိ၊ ရင်အရပ်၌ဖြစ်၏ ဟူ၍၊ ဝဒန္တိ၊ဆိုကြကုန်၏၊ အဒသံယုတံ၊ ထိုဝဂ္ဂန္တ-အန္တဋ္ဌတို့နှင့် မယှဉ်မဘက်၊ သူသက်သက်ဖြစ်သော ဟ,အက္ခရာကို၊ကဏ္ဌဇံ၊လည်ချောင်းအရပ်၌ ဖြစ်၏ ဟူ၍၊အက္ခရစိန္တကာ၊ အက္ခရာ၌၊ သချာကြံကတ်၊ ဆရာမြတ် တို့သည်။ {ထည့်} ဝဒန္တိ၊ ကြ၊ ရင့်မြွက်ပေါ်၊မိန့်ဆိုဘဲမှုကြသကုန်၏၊ ၊ဟူသည် နှင့်အညီ၊ဝဂ္ဂန္တငါးလုံး၊ အန္တဋ္ဌလေးလုံး၊ ပေါင်း ၉-လုံးတို့နှင့် ယှဉ်သော ဟ,

အက္ခရာကို၊ ရင်အရပ်ဟူသော ဥရဋ္ဌာန်၌ဖြစ်၏ဟု ဆိုသည်။ ။ထိုဥရဋ္ဌာန်၌
ဖြစ်သောအက္ခရာများကား၊ ။

ဉှ-ဍှ-ဏှ-နှ-မှ
ယှ-ရှ-လှ-ဝှ

ရင်အရပ်၌ဖြစ်သောသြရသအက္ခရာ (၉) လုံး။ ။
ဝဂ္ဂန်ပဉ္စမ၊ အန္တဋ္ဌာသေး၊ ဖြူးရေးပေါင်းကိုး။ဟလျှင်ထိုး။ခေါ်ရိုးသြရသာ၊ ။

၎င်း(၉)လုံးတွင်-င,အက္ခရာနှင့်ရ,အက္ခရာမှာ၊ ဟ,နှင့်တွဲယှဉ်၍ နေသော အရာ၊မြန်မာဘာသာမှာသာရှိ၏၊ ပါဠိဘာသာ၌မသင်၊ ။သို့ဖြစ်၍၊ ။တဥ္ဒိ တဏှာနှာသာသမှ ဝှဿတ ဝှဿတေတာထာ။ အဝှေတာ ရုဠှိဇ္ဇုစ္စေတေ၊ ပယောဂါပေါ ဒ္ဒိသာသာသနေ၊ ။ဟု၊သဒ္ဒါအဖွင့်ကျမ်းတို့၌၊ ပြယုဂ်နှင့်တကွ၊ ခုနစ်ဋ္ဌာနခွဲခြမ်းလျက်၊ မှတ်ဘမ်းရှိ၏၊ ဟ,ထိုးပုံနှစ်ပါး၊ခြားနားဟန်မှာ။ ။ ရှေးအခါ၊ဟထိုးအက္ခရာရေးလျှင်၊အောက်ဆွယ်က၊ ဟ,အက္ခရာအတိုင်းထိုး၍ရေး၏၊ ။ယခုကာလ၌ကား၊ကျဉ်းရာသို့လိုက်၍၊ (၂) ဂဏန်းကလေးမျိုး၊ ရေးထိုးလေ့ရှိကြသည်။ ။

ယခုဖေါ်ပြခဲ့သော၊ဟထိုးပုံနှစ်နည်းကို၊ယူဖွဲ့ချင့်ချိန်ခြင်းမရှိကြ၍၊ နဝယ် နှင့်ဟ၊အထက်အောက်ဆင့်လျက်ရှိရမည့်မဏ္ဍှကာ၊ပုဒ်၌။ဟထိုးအက္ခရာကို။ တဝမ်းပူအက္ခရာဟင်သဖြင့်။မဏ္ဍှကာ၊ဟု ဖြင်ဆင်လျက်။ ထိုထိုနေရာများ တွင်၊ရေးသားလျက်။ဆင်ရားစွာ၌။ပြည့်နေချေပြီ သတိထား၍ စဉ်းစားကြ။ ဗုဒ္ဓနှ သာသနှ၊ဟူသောပုဒ်တို့၌။ ဟထိုးအက္ခရာနှင့်သေချာစွာရှိသည်ကို။ အမှီ ပြု၍ သိလေ ဟု။မေရှငဖွသ်-ကြီး ဂျုဒ်ဂုကာ ဖင် ကျေးဇူးရှင်ဖြစ်တော်မူပါ သော မန္တလေးမြို့ ဒက္ခိဏာရာမ နာယကအချုပ်၊ တိုက်အုပ် ဆရာတော် ဘုရားကြီး။ခြားသီးမြွက်ဖေါ်။မိန့်ခွန်းတော်စကား။ ငယ်စဉ်က-ကြားဘူးခဲ့မိ ပေသတည်း ။

သဗ္ဗဝဏ္ဏာနံဓိဋ္ဌာ၊ ဓိဋ္ဌာမူလသဒ္ဒါယရေ၊ ။ဟူ၍ဓာလိနီ ဂါထာ လာသည်နှင့်အညီ၊အလုံးစုံသော အက္ခရာဟူသမျှတို့သည်ပင်လျှင်-လျှာရင်း ဟူသော၊ဓိဋ္ဌါမူလဋ္ဌာန်၌ဖြစ်ကြကုန်၏။ ။ဤ၌ ဥဒါဟရဏ်ပုဒ်အသီးအခြား လျှာပြဘွယ်မရှိတော့ပြီ၊ ။သံပေါက်နှင့်သိလိုသျှင်၊ ။ဓိဋ္ဌါမူလ၊လျှာရင်း က၊သဗ္ဗအက္ခရာ၊ ။ဟု—ရေးပြု၍သိလေ၊ ။ဥရဋ္ဌာန်နှင့်-ဓိဋ္ဌါမူလဋ္ဌာန် ဤ နှစ်ပါးသည်ဘုရားဟောပဋိဿဘိဒါ၌ မရှိ၊ အဋ္ဌကထာ၌သည်းမလာဟု၊-ဘေဒ စိန္တာဋီကာဆရာက မိန့်ဆို၏၊ ။စင်စစ်မှာ-ဤနှစ်ပါးသာမဟုတ်၊ အားလုံး သောဋ္ဌာန် ဟူသမျှတို့သည်ပင်လျှင် ပဋိဿဘိဒါအဋ္ဌကထာတို့၌ မလာပေ၊ ။ပိဋ

ကတ်သုံးပုံ၏ပြမ်း၊ သဒ္ဒါကျမ်းတို့နှင့်သာ သက်ဆိုင်၍ ၎င်းသဒ္ဒါကျမ်းတို့၌သာ လာပေသည်၊ ။

ဌာန်ပြီး၏၊

---

{ မတြာအကြောင်း၊ }

ထိုးလေးဆဲ့တသုံးသောအက္ခရာတို့ကို-ရွတ်ဆိုသောအခါ၊အရှည်-အတို မှတ်ရာ တိရန္တာန် သတ္တဝါတို့၏ မတြာပမာဏ၊ သဒ္ဒရှင်တွန်သံကိုသိသာ အောင်နာခံလျှက် ရွတ်ဆိုရန်အကြောင်းများ၊သက္ကဋကျမ်းစကားဖြင့် ထင်ရှား အောင်ပြဦးအံ့၊ ။

စာသောဝဒတော်ကမတ္တံဝ၊ဒွိမတ္တံဝါယသောဝဒေ၊
တိမတ္တံတုသင်ခိပြူယံ၊နကုလောစဍ္ဍမတ္တိကံ၊ ။

{ အနက်ကား } စာသော၊ယစ်ငှက်သည် ဧကမတ္တံဝ၊ တမတြာခန့်ကာလသာလျှင်၊ဝဒတိ၊မြည်တွန်၏၊ဝါယသော၊ကျီးငှက်သည်၊ ဒွိမတ္တံ၊ ၂-မတြာခန့်၊ ဝဒေ၊မြည်တွန်၏၊သင်ခိ၊ဦးစွန်းခေါင်းယက်-ဥဒေါင်းငှက်သည်၊ဝါ၊အမောက် ထွက်ရော-ကြက်သတ္တဝါသည်၊တိမတ္တံ၊၃-မတြာခန့် ပြူယံ၊မြည်တွန်၏၊နကုလောစ၊မြွေပါသည်ကား၊ဒဍ္ဍမတ္တိကံ၊မတြာဝက်ခန့်၊ ပြူယံ၊မြည်တွန်၏၊ ။ အဝိပ္ပါယ်မှာ၊ရဿ ၃လုံးကို ရွတ်ဆိုသောအခါ ရစ်သတ္တဝါ၏ မြည်သံကဲ့သို့-တမတြာခန့် ကာလရွတ်၊ ။ဒီဃ ၅လုံးကို ရွတ်ဆိုသောအခါ ကျီး သတ္တဝါ၏ မြည်သံကဲ့သို့-၂မတ္တတြာခန့်ရွတ်၊ ။၃-မတြာ မြည်တွန်လေ့ရှိ သောသတ္တဝါမှာ၊ကျီးငှက်-သို့မဟုတ် ဥဒေါင်းငှက်ဟု အဓိပ္ပါယ်ပြုလေ၊ ဗျည်း သက်သက်ကို-ရွတ်ဆိုသောအခါ၊ မြွေပါတွန်သံကဲ့သို့-မတြာဝက်ခန့် ကာလ ရွတ်၊ ။

ရဿနှင့်တွဲသောဗျည်းမှာ-တမတြာခွဲ-ဒီဃနှင့်တွဲသောဗျည်းမှာ-၂မတြာ ခွဲ-ရွတ်ရမည်၊ ။၃ မတြာ-ရွတ်ဘို့ ရာမှာ-မဂဓ ဘာသာ၌ မရှိ၊ ။တိ မတ္တာ*ပလုတောဉေယျာ၊ဟူသည်နှင့်ညီစွာ၊ ၃မတြာခန့်ကာလရှိသောအသံ ကို ပလုတ်ဟူ၍-ဆို အပ်၏၊၎င်းကိုပင်-လူးထားဟူ၍လည်းခေါ်ကြ၏၊သိချင်း သံဟု ဆိုလိုသည်၊ ။လူးထားခေါ်သော-၎င်းပလုတ်ကို၊အောက်၌ပေါ် ထုတ်

---

*ပလုတော၊ပလုတ်ဟုဆိုရာ၌၊ ပ,စောက်နှင့်လ အယက်အောက်ဆင့်၍ ရေးရမည် မှန်သော် လည်း၊စာလုံးအခန့်သင့်မရှိ၍-ခွဲလျက်ရေးလိုက်သည်၊

သော-အရာမြန်မာတို့ ဝေါဟာရနှင့်-သုံးစွဲလေ့ ရှိကြောင်း-ကောင်းမွန် စွာ သိလေ။ ။

ဒုရချာဒနေစ ဂါနေစ၊ ရေဇနေ ပသုတော-မတော၊ ။ဒုရချာနေစ၊ အစေးနှင့် ရှိသောသူကို-ဟပ်အောင်ပြောဆိုရာ၌ရှင်း၊ ဂါနေစ၊ ရတုရကံ-အဲအနက်ကဗျာ-သီဆိုရာ၌ရှင်း၊ ရေဇနေစ၊ ပူဆွေးလို့ကဲ့ဖို-သောက,ပို၍ ငိုယိုမြည်တမ်းရာ၌ရှင်း၊ ပသုတော၊ ပလုတ်ကို မတော၊ သိအပ်၏။

ပြော်ပြီး၏။

{ ကရိုဏ်းလေးပါးကို ပြဆိုချက်။ }

၄၁ လုံးသောအက္ခရာတို့ကို၊ သေချာအောင် ခွဲ၍ဆိုကြောင်းသည် ကရိုဏ်း မည်၏။ ။ထိုကရိုဏ်းသည်၊ ဇိဝှါမဇ္ဈ-ဇိဝှောပဂ္ဂ ဇိဝှဂ္ဂ၊ သကဋ္ဌာန ဟူ၍ လေးပါးရှိ၏။ ထိုတွင် လျှာအပြင်တခုလုံး၀ယ်၊ အလယ်တည့်တည့်အပိုင်းသည်၊ ဇိဝှါမဇ္ဈကရိုဏ်းမည်၏၊ စ,ဆ,ဇ, အစရှိသော တာလုဇ အက္ခရာ ရှစ်လုံးကို ခွဲဆိုသောအခါ၊ လျှာလယ်အရပ်ဖြင့် အာစောက်ကို ရိုက်ခတ်မှ၊ ကျကျနန တာလုဇပီသ,သည် ဟူလို။ ။

လျှာ၏လေးဘို့တဘို့လောက်ဟု-ထောက်ရှုမှတ်သားအပ်သော၊ လျှာဖျား၏အနီးပိုင်းသည်၊ ဇိဝှောပဂ္ဂကရိုဏ်းမည်၏၊ ဋ,ဌ,-ဍ, အစရှိသောမုဒ္ဓဇ အက္ခရာခုနစ်လုံးကို ခွဲဆိုသောအခါ၊ ထိုလျှာဖျား၏အနီးဖြစ်သော-လျှာ၏ လေးပုံတပုံခန့် အပိုင်းကလေးအရပ်နှင့်၊ သွားရင်းကိုရိုက်ခတ်မှ မုဒ္ဓဇအက္ခရာ လိုင်သံပါ၍ သေသေချာချာပီသ,မည်။

လျှာတခုလုံး၏ အဆုံးရှိအဖျားပိုင်းသည်၊ ဇိဝှဂ္ဂ-ကရိုဏ်းမည်၏၊ တ,ထ, ဒ,အစရှိသော ဒန္တဇအက္ခရာခုနစ်လုံးကို ခွဲဆိုသောအခါ -ထိုလျှာဖျားအရပ်ဖြင့်၊ အထက်သွားဟူသော ဒန္တဋ္ဌာနကို-ရိုက်ခတ်မှ၊ ပြတ်ပြတ်သားသား-ခြားနားဘို့ရာ၊ ဒန္တဇအက္ခရာသေချာစွာပီသ,သည်၊

ယရ-အသီးသတ်၍ပြခဲ့သော၊ တာလု=မုဒ္ဓ=ဒန္တ ဟူသောဌာန်သုံးပါးမှ ကြွင်းကျန်သောဌာန်ဟူသမျှသည်၊ သကဋ္ဌာနကရိုဏ်းမည်၏၊ ဆိုခဲ့ပြီးသုံးဌာန မှကြွင်းသောဌာန်တို့၌ဖြစ်သည့် အက္ခရာ(၁၉)လုံးတို့ကို ခွဲဆိုသောအခါ- အခြားတစုံတခုကို အားရုံပြုဘွယ်မှာ၊ လျှာကိုအလှုပ်ဆင်ဘွယ်မရှိ၊ မိမိတို့ ဖြစ်ရာဌာန်သည်ပင်လျှင်၊ မိမိတို့ခွဲဆိုကြောင်းကရိုဏ်းမည်လေတော့သည်၊

ကရိုဏ်းပြီး၏။

{ ပယတ်လေးပါးကို-ပြဆိုချက်၊ }

ဝဏ္ဏနိစ္စာရဏာမှ သာသာဟော၊ ပယတန မှဒိရိတော၊ ၊ဟူသော ကာရိကာနှင့်ညီစွာ၊ လေးဆဲ့ဘလုံးသော အက္ခရာတို့ကို ရွတ်ဆိုဘို့အလုပ် **အားထုတ်**ခြင်းလုလ္လ ပယာဂသည် ပယတန မည်၏၊ ၊ထိုပယတ်တို့သည်၊ သံဝုဋ,ဝိဝဋ,-ဖုဋ္ဌ,-ဤသံဖုဋ္ဌ,ဟူ၍-၄-ပါးမှကုန်၏၊ ထိုတွင်-ဌာနကရိုဏ်း တို့ကို **မချို့မပိုးအောင်**ဟူသော ပယော၊ စိတ်နှင့်ဆိုပိတ်သောအခြင်းအရာ **အာကာ**ရသည် သံဝုဋ,မည်၏၊ ၎င်းသံဝုဋ,သည် အ,သရ၏ ပယတနမည်၏၊ ၊ဌာနကရိုဏ်းတို့ကို ရွတ်ဆိုမှုအားသစ်၍ ဖွင့်လှစ်သော **အခြင်းအရာ** ဖျာပါရသည်-ဝိဝဋ,မည်၏၊၎င်းဝိဝဋ,သည် **အာ**, အစရှိသော သရခုနစ်လုံး၊**သ**,နှင့်ဟ, ပေါင်း ၉ လုံးတို့၏ပယတနမည်၏၊ ၊ဌာနကရိုဏ်းတို့ကို-ထိထိ ဆိုင်ရာအလိုက် ထိခိုက်သော **အခြင်းအရာ** အာကာရ-ပယာဂ ဖျာပါရသည်၊ ဖုဋ္ဌ,မည်၏၊၎င်းဖုဋ္ဌ,သည်၊ဝဂ်အက္ခရာနှစ်ဆဲ့ငါးလုံးတို့၏ ပယတနမည်၏၊ ၊ဌာနကရိုဏ်းနှစ်သွယ်ကို အနည်းငယ် ထိယောင်မှုသော **အခြင်းအရာ** **အာ**ကာရသည်၊ဤသံဖုဋ္ဌ,မည်၏၊ ၎င်းဤသံဖုဋ္ဌကား၊ယ,ရ,လ,ဝ, ဤလေးလုံးတို့၏ ပယတနမည်၏၊

ပယတ်ပြီး၏။

---

{ ဖျဉ္ဇနဗုဒ္ဓိသယ်ပါးကို-ပြဆိုချက်၊ }

ဖျဉ္ဇနဗုဒ္ဓိဟူသော၊စကားနှင့်၊သာရတ္ထဒီပနီ အစရှိသော၊ဋီကာကြီးများ ဖိနှိုးကြားပုံအလိုမှာ ဗုဒ္ဓိသဒ္ဒါကို စိတ်ဟောဟု-ဆိုကြ၏။ ၊ပွားခြင်း အနက်ကိုယူလျှင်လည်း သင့်ပါ၏၊ အချို့အရာ၌ ဖျဉ္ဇနဝုတ္တိ ဟုရှိ၍၊ သဒ္ဒါတို့၏ဖြစ်ခြင်းကိုဆိုလိုသည်ဟု လယ်တီဆရာတော်ဘုရား-မှာထားတော်မူသည့်ပြင်၊ ဓောင်ချမ်းပင်-ဆရာတော် ဘုရားကလည်း-၎င်းနည်း မိန့်တော်မူသည်များကိုယ်တိုင်ပင်ကြားဘူး၏၊ ၊

သရုပ်အားဖြင့်၊သိထိလ,ဓနိတ,ဒီဃ,ရဿ,ဂရု,လဟု,နိဂ္ဂဟိတ, ဝိမုတ္တ, သမ္ဗန္ဓ,ဝဝတ္ထိဘ,ဟူ၍ဆယ်ပါး၊ ၊မြန်မာလိုပြန်ဆိုသော်-လျော့,တင်း,ရှည်, တို,လေး,ပေါ့,ပိတ်,ဖွင့်,စပ်,ဖြတ်, ဟု-မှတ်သေ၊ ၊အစုံ **အစုံပြု၍** စပ်ဘက်သော် သိထိလနှင့်ဓနိတ-တစုံ၊ ၊ဒီဃနှင့်ရဿ-တစုံ၊ ၊ဂရုနှင့်လဟု-တစုံ ၊ ၊နိဂ္ဂဟိတနှင့်ဝိမုတ္တ-တစုံ၊ ၊သမ္ဗန္ဓနှင့်ဝဝတ္ထိဘ-တစုံ ဟူ—သိ၊ ၊ထို

တွင်-ပဂ္ဂ၊ က,စ,ဋ,တ,ပ, ဟူသော ပထမက္ခရာငါးလုံး၊ ဂ,ဇ,ဍ,ဒ,ဗ, ဟူသောတတိယက္ခရာငါးလုံး၊ပေါင်း ၁၀ လုံးတို့သည်၊ ဌာနကရိုဏ်းတို့ကို၊ ချိုသ၊ပျော့ပြောင်း၊လျော့လျော့ညွှင်းညွှင်း၊ မတင်းမမာ၊ရွတ်အပ်ပါသောကြောင့်၊ သိထိလ အက္ခရာတို့မည်ကုန်၏။ ၊ဝဂ္ဂ-ခ,ဆ,ဌ,ထ,ဖ,ဟူသောဒုတိယက္ခရာငါးလုံး၊ဃ,ဈ,ဎ,ဓ,ဘ,ဟူသော စတုတ္ထက္ခရာငါးလုံး၊ပေါင်း ၁၀လုံးတို့သည်၊ ဌာနကရိုဏ်းတို့ကို၊ အလိုင်းတကြီး=ကြွဲတည်းပြင်းထံ-သန်သန်မာမာ ရွတ်အပ်ပါသောကြောင့်၊ဓနိတ အက္ခရာတို့ မည်ကုန်၏။ ၊ဒီဃသရဖြစ်စေ၊ဒီဃနှင့်ယှဉ်မှီးသောဗျည်းများပင်ဖြစ်စေ ဒီဃ,မည်၏၊ ၊ရဿသရဖြစ်စေ၊ရဿနှင့်ယှဉ်မှီးသောဗျည်းများပင်ဖြစ်စေ ရဿမည်၏။ ။ဒီဃသရဖြစ်စေ၊ သံယုတ်နှောင်းသောရဿသရများပင်ဖြစ်စေ၊နိဂ္ဂဟိတ်နှောင်းသော ရဿသရများပင်ဖြစ်စေ ဂရုမည်၏။ ။သံယုတ်ကင်းသော ရဿများပင်ဖြစ်စေ၊နိဂ္ဂဟိတ်ကင်းသော ရဿများပင်ဖြစ်စေ လဟု,မည်၏၊ ၊နိဂ္ဂဟိတန္တိ ယံကာရဏာနိ နိဂ္ဂဟေတွာ အဝိဝဋေန မုခေန သာနုနာသိကံ ကတွာ ဝတ္တဗ္ဗံ၊ ။ဟု-ပရိဝါ၊ အဋ္ဌကထာ၌မိန့်မှာဖွင့်ပြသည့်အတိုင်း၊ကရိုဏ်းတို့ကို နှိပ်၍ပိတ်အာဝသေးခံတွင်းဖြင့်၊ဖြည်းညှင်းစွာ ရွတ်အပ်သောဗိန္ဒုသည်။ နိဂ္ဂဟိတ်မည်၏။၎င်းနိဂ္ဂဟိတ်သည်၊ ရဿသရသုံးလုံးကို၎င်း၊ ထို့နှင့်ယှဉ်သောဗျည်း ၃၂ လုံးတို့ကို၎င်း မှီရလေသောကြောင့်၊ ဌာနကရိုဏ်းဟူသမျှနှင့်၊သာဓာရဏဖြစ်၍၊အ,ဝိဝဋေတွာအရ—ပြင်ပခံတွင်းပေါက်သို့ လေသျှောက်၍အသံထွက်သွားအောင်၊ အထင်အရှား မလွှတ်မူ၍ ဘတ်ရွတ်ရမည်။ ခံတွင်းပေါက်ကိုပိတ်လိုက်မှ၊နှာခေါင်းပေါက်သို့လေရောက်သွားမည်၊ သို့မှသာ-သာနုနာသိကံကတွာဟု၊ကျမ်းဆရာတို့ပြသည့်အတိုင်း၊ညီညွတ်မည်ဟု သတိပြုလေ၊ နှုတ်ခမ်းပါးစပ်ကိုလုံးလုံးသာပိတ်ခဲ့ပါလျှင်၊အက္ခရာမပီမသ၊ အဗျတ္တသဒ္ဒဟူသောအတိုင်း သစ်ကိုင်းချင်းကြိတ်သည့်သဘော၊ရေစီးသောအသံမျိုးသာဖြစ်ရာ၏ဟု ဆိုငြားအံ့-နှုတ်ခမ်းကိုအပိတ်စေလျှင်သာ—အက္ခရာမပီမသ၊အဗျတ္တသဒ္ဒဖြစ်ရာသည်၊အပိတ်နေရာကျလျှင် ပီသပါ၏။ ၊ဝိမုတ္တန္တိ ယံကရဏာနိအနိဂ္ဂဟေတွာဝိဿဇ္ဇေတွာ ဝိဝဋေန မုခေန သာနုနာသိကံ အကတွာ ဝတ္တဗ္ဗံ၊ ။ဟု—ပရိဝါ၊အဋ္ဌကထာ၌မိန့်မှာဖွင့်ပြသည်နှင့်အညီ၊ နှုတ်ခမ်းကိုမပိတ်ဘဲ—နှုတ်ခမ်းပေါက်ထဲမှ၊လေကိုလွှတ်၍ ရွတ်အပ်သော အက္ခရာဟူသမျှသည်-ဝိမုတ္တမည်၏၊နိဂ္ဂဟိတ်နှင့်မယှဉ်သော အက္ခရာဟူကို-ဝိမုတ္တ ဆိုသည်မှတ်လေ၊ ။သန္ဓိစပ်၍ရွတ်အပ်သမျှသည်-သမ္ဗန္ဓမည်၏၊ ၊သန္ဓိမစပ်၊ပုဒ်ချင်းဖြတ်၍ရွတ်အပ်သမျှသည်-ဝဝတ္ထိမည်၏၊ !

ဤဗျဥ္ဇနဗုဒ္ဓိ ဆယ်ပါးတို့တွင်၊ သိထိလကို၊ ဓနိတပြု၍ ရွတ်ဘတ်မိသော်ငြား၊ ဓနိတကို၊ သိထိလပြု၍ ရွတ်ဘတ်မိသော်ငြား၊ နိဂ္ဂဟိတ်ကို၊ ဝိမုတ္တပြု၍ ရွတ်ဘတ်မိသော်ငြား၊ ဝိမုတ္တကိုနိဂ္ဂဟိတ်ပြု၍ ရွတ်ဘတ်မိသော်ငြား၊ ဤလေးတံသော အချက်သည် ကံပျက်၏၊ ။သိထိလေကတ္တဗ္ဗေ ဓနိတံ- ဓနိတေ ကတ္တဗ္ဗေသိထိလံ၊ ဝိမုတ္တေကတ္တဗ္ဗေ နိဂ္ဂဟိတံ-နိဂ္ဂဟိတေကတ္တဗ္ဗေ ဝိမုတ္တံ ဗျာမာနိစတ္တာရိ ဗျဉ္ဇနာနိအန္တောကမ္မဝါစာယ ကမ္မံဒူသေန္တိ ဇာ၀ဒန္တော့ အညထာ အက္ခရေ၀တ္တဗ္ဗေ အညံဒေတိဒုရုတ္တံ ကရောတိတိဝုစ္စတိ၊ ။ပရိဝါအဋ္ဌကထာ၊ ။သမ္ဗန္ဓကို ဝဝတ္ထိတပြု၍ ရွတ်ဘတ်မိသော်ငြား၊ ဝဝတ္ထိတကိုသမ္ဗန္ဓပြု၍ရွတ်ဘတ်မိသော်ငြား၊ ဒီဃကိုရဿ-ရဿကိုဒီဃ၊ ပြောင်းပြန်ချ၍ ရွတ်ဘတ်မိသော်ငြား၊ ။ဂရုကိုလဟု-လဟုကိုဂရု- ပြောင်းပြန်ပြု၍ ရွတ်ဘတ်မိသော်ငြား၊ ဤအကြောင်း ခြောက်ချက်သည်၊ ကံပျက်မှုမဟုတ်- ဒုရုတ္တမျှသာ၊ ။ထို့ကြောင့်၊ ပရိဝါအဋ္ဌကထာ၌၊ ဒီဃေ ဝတ္တဗ္ဗေ ရဿံ၊ ရဿေ ဝတ္တဗ္ဗေဒီဃံဝဒတိ၊ တထာ ဂရုကေဝါ ဝတ္တဗ္ဗေ လဟုကံ- လဟု ကေဝါ ဝတ္တဗ္ဗေဂရုကံဝဒတိ၊ သမ္ဗန္ဓေဝါပန ဝတ္တဗ္ဗေ ဝဝတ္ထိတံ၊ ဝဝတ္ထိတေဝါ ဝတ္တဗ္ဗေ သမ္ဗန္ဓံဝဒတိ ဇာ၀ဒတ္တာပိ ကမ္မဝါစာ-န ကုပ္ပတိ ဣမာနိဟိ ဗျဉ္ဇနာနိကမ္မံနကောပေန္တိ၊ ။ဟု-မိန့်ပြီ၊ ။ဤဗျဉ္ဇနဗုဒ္ဓိအရာ၌၊ ဝိပြင်စွာ- ဝိသစွာဟု- ရေးပြခဲ့သောအချက်၌၊ ပစောက် အက္ခရာ သက်သက်သာ၊ အငင့် အစေ မဖက်ဘဲ ရေးရာတတ်ရမည်၊ ပြိပြင်စွာ- ပြိသစွာဟုမရေးရ- မဘာတ်ရကြောင်းကို၊ ။ငါ့သားပိပိ၊ ငါ့နှင့်ညီအောင်၊ ဆုံပြီးနှုတ်မြွက်၊ စသည်ဖြင့်၊ မျိုးကဗျာကျမ်းတို့၌၊ ခွဲခြမ်းပုံကိုမှာထားတော်မူကြ၏-သတိပြု၍သိလေ၊ ။ဗျဉ္ဇနဗုဒ္ဓိပြီး၏၊

ဥတ်ကမ္မဝါစာ၊ ရွတ်ဘတ်ပုံသေချာဘို့- အက္ခရာပုဒ်ပဒတ္ထိက် အနည်းငယ်မျှ ရွေးချယ်စိစစ်၍ပြအံ့၊ ။သုဏာတု-မေ-ဘန္တေ-သံဃောတွင်၊ သုဏာတု ဟူသောပုဒ်ဝယ်၊ သွားအရင်၌ ဖြစ်ကြသော ဒန္တဇအက္ခရာ သု၊ နှင့် တု၊ ဤနှစ်ခုအလယ်ကြား၌-မုဒ္ဓဇဏကြီးအက္ခရာဏာကို၊ ထိုဒန္တဇ- သု၊ နှင့် တု၊ ၂ခု ညှပ်လျက်နေသောကြောင့် သုနာတုဟူ၊ ဒန္တဇ-နငယ် အက္ခရာ အဖြစ်သို့ ရောက်သွားတတ်သည်၊ ချွဲထိပ်ဟူသော မုဒ္ဓဇဏကြီး အက္ခရာ-ဝိသဘို့ရာ၊ လျှိုင်သံပါအောင်ရွတ်လေ၊ ။အခြားပုဒ်နှင့် နီးဝင်၍ ပေါင်းပမ်း ရွတ်မိတတ်သောအရာများကား၊ နယနသုဇဂကာယင် ၌၊ နောက်ပုဒ် ကာယင် နှင့် နီးစပ်၍၊ သုဘင်ကာယင်ဟု၊ မှန်မကန် ရွတ်မိတတ်ကြောင်း၊ ၎င်းနည်း ပုံးပွန်း၊ ဟူသောပုဒ်မှန်၌၊ ပစောက်နှစ်လုံးဆင့်ရှိသဖြင့်၊ ၎င်းနှင့်ယောင်ယန်း၍၊ နငယ်ကို

လည်း နှစ်လုံးဆင့်ပြီးလျှင်၊ ပုနပုန္န ၊ဟု- အဆင့်ပြောင်းပြန်- ရွတ်မိတတ်ကြ ကြောင်း၊ ကောင်းကောင်းကြီးသတိပြုရန်၊ ။

အယံနာဂေါ၊ ၌၊ နာ,ကို-နငယ်အက္ခရာနှင့်သွား သံပါအောင်ရွတ်၊ လိုင်သံ ပါအောင်ရွတ်လျှင်-ဏကြီးအက္ခရာ ဖြစ်သွားမည်၊ ။နငယ်သံ၊ ဏကြီးသံ၊ မှန်ကန်အောင်မရွတ်တတ်သေးလျှင်၊ ကမ္မဝါခွင်သို့ ဝင်ခြင်းငှါမထိုက်၊ ထို့ အတူ၊ တဝမ်းပူသံနှင့် ဓူသံလျှင်း ချိတ်သံ၊ ထဆင်ထူးသံနှင့်-ဋ္ဌဝမ်းဘဲသံ၊ ဒထွေးသံနှင့်၊ဒုရင်ကောက်သံ၊ဓအောက် ခြိုက်သံနှင့်၊ ဗထက်ခြုံသံတို့ကိုလည်း- ဟုတ်မှန်ခြားနား၊ပြတ်သားအောင် မရွတ်တတ်သေးလျှင်၊ကမ္မဝါခွင်သို့ဝင်ဘို့ ရာမထိုက်၊ဝင်ခဲ့လျှင် ကံကိုဖျက်ဆီးလို၍ဝင်သည်မည်၏ဟု၊ ဂရုစိုက်ပြုကြစေ လို၍၊ထိပ်ထက်မှာသံမှို့နှက်သကဲ့သို့၊ ရိုက်သည်ထက်နာလေအောင် စကား ဖြင့်။ ရှေးဆရာတော်ကြီးများ- မှာထားတော်မူလေ့ရှိကြ၏၊ ။၎င်းမုဒ္ဓဇနှင့် ဒန္တဇတို့ကို၊ ဟန်ရ-ပန်ရနှင့်၊ ဗျာန်ကျအောင် ရွတ်ဆိုပုံမှာ၊ သိဟိုဠ်ဆရာတို့ မှန်ကန်စွာ ရွတ်ဘတ်နိုင်ကြသည်များ၏။ ။မြန်မာပြည်ဖွါး- တိုင်းရင်းသား တို့မှာ၊များသောအားဖြင့်၊ ခြားနားအောင်မရွတ်နိုင်ကြ၊ အပွကအားဖြင့်၊ရွတ် နိုင်ကြသူတို့ရှိ၏၊ ။သို့ဖြစ်၍၊ရှေးရှေးက၊အချို့ပုဂ္ဂိုလ်ကြီးများသည်၊ကျောင်း သားသူငယ်တို့ကို-ပြဆိုသောအခါ၊ အက္ခရာနံသင့် ရွေးရာ၌၊ ။တထဒဓန စနေဟု၊တခေါက်ထည်းသာမဆိုနှင့်၊တထဒဓန၊ တထဒဓန-စနေလို့၊နှစ်ခေါက် ထပ်ဆိုယဲ့ဟု- ခိုင်းတော်မူလေ့ရှိကြ၏။ ။မုဒ္ဓဇနှင့်ဒန္တဇ၊ ပီသအောင်ဆို ဟဲ့ဟုခိုင်းတော်မူသေ့မရှိကြ၊သတိမပြုကြရန်၊ ။

အာယသ္မတော၊၌၊ သ,နှင့်မ,၊ ၎င်းဗျည်းနှစ်လုံး၏မိုချာ၊ အ,သရအသံ ပါ အောင်၊တံဘဏာမ,ဟော၌၊မ,အက္ခရာကဲ့သို့ရွတ်၊ အချို့သောဆရာတို့သည်၊ သမထ-၌၊ မ,အက္ခရာကိုရွတ်ဘတ်ကြသလို၊ သာမညအားဖြင့်၊ မထင်မရှား ရွတ်ဘာသ်ကြသည်ကို ကြားဘူး၏၊ ဥတ်ကမ္မဝါ-အရာဖြစ်၍၊ စိစစ်သချာမှ နေရာတကျ ဖြစ်နိုင်မည်။ ။၎င်းယသ္မတောနှင့်၊ တိဿဿတို့သည်၊ ဝိသေ ဝိသေသျှဖြစ်ကြ၍၊၎င်းနှစ်ပုဒ်စင်ကြားမှာ၊ ခတ်များများကြာအောင်၊ ရပ်ဆိုင်း ခြင်းမပြုကောင်း၊နှစ်ခုပေါင်းသလိုလိုရွတ်လေ၊ ။

ဥပသမ္ပဒါပေခေါ၊ဥပသမ္ပဒါပေက္ခော၊ဘာသ်ရွတ်သောနှစ်နည်းမှာ၊က,ကြီး မပါနှင့်-အပါ၊ ဒွါဒိပ္ပါယအခွင့်၊ နှစ်ချက်လုံးအသင့်ဟု၊သဒ္ဒနီတိနှင့် ဝိမတိဋီကာ တို့၌၊သေချာစွာ-ဖွင့်ပြလျက်ရှိ၏၊ ။

ပရိသုဒ္ဓေါ၊ ပရိပုဏ္ဏသပတ္တ စီဝရံ၊ အ၎ရှိသည်၌၊ ပယိ သုဒ္ဓေါ၊ ပယိ, ပုဏ္ဏသပတ္တစီဝယံ,၊ စသည်ဖြင့်၊လျှာမလိပ်ဘဲ၊ ယ,ငယ်သံနှင့် အဖွတ်တမဲ့

ရွတ်မိတတ်ကြ၏၊ ရ,ကြီးအက္ခရာနှင့် ယှဉ်သံပါအောင်၊ လျှာကိုလိပ်၍ ဆိပ်ဆိပ်သဲသဲရွတ်၊ ။

အနုရာယိကေဟိ၊ ဟူသောမဂ္ဂပေါဠိကို၊ ပကတိ မြန်မာအသံလို၊ အနန္ဒယာယိကေဟိ၊ ဟု-ရွတ်မိတတ်ကြ၏၊ ဓမ္မဟိ၊ ကိုလည်း- သတိမှောက် သဖြင့်၊ မ,အက္ခရာတလုံး- ပျောက်ဆုံးသောဘိ၍၊ ဓမေဟိဟု၊ ရွတ်မိတတ်ကြ၏၊ နှာရမှာ၊တ,ဝမ်းပူသံ၊ရကောက်အက္ခရာနှင့်လျှာလိပ်သံ၊ဓမ္မမှာ၊မနှစ်လုံးခွဲဘောဉ်သံနှင့်၊အနန္တရာယိကေဟိ၊ ဓမ်မေဟိ-ဟု၊ သိသာ ထင်ရှားဘို့ ခြားနားအောင်ရွတ်၊ ။{အရေးအမှန်၊အဘာသ်အသံ၊ဟု၊} ဆိုပြုသော အရေးမှာ၊ မြန်မာဘာသာ၌သာသုံးရသည်၊ပါဠိဘာသာ၌မသုံးရ၊ ။

ဥပသမ္ပါဒေယျ၊ ဥပသမ္ပါဒေတ်၊တို့၌၊ ဆန်းဒေး=ပွန်းဒေး-စသည်ဖြင့်ခေါ်ကြဟန်လို ဝိသဇ္ဇနီနှစ်လုံးပေါက်အသံနှင့်၊ ဥပသမ္ပါဒေယျ—ဥပသမ္ပာဒေး တိဟု၊လေးလေးကြီးရွတ်မိတတ်ကြ၏၊{ပါဠိယံဝိသဇ္ဇနီယံနတ္ထိ} ကို-မမှတ်မိကြ၍သာ၊လွဲမှားရှာကြသည်၊ဝိသဇ္ဇနီနှင့်မရွတ်ကောင်း၊ ။

ခမတိတွင်၊မ,အက္ခရာတလုံးတည်းနှင့်ခမတိ၊ မ,အက္ခရာ ၂လုံး ဆင့်လျက် ခမ္မတိ-နှစ်ချက်ပင်ရှိသင့်၏ ဟု-ဝိမတိငိုကာ၌၊ မိန့်မှာတော်မူ၏၊ ။ကျေးဖူးရှင်မန်လည်ဆရာတော်ဘုရားကြီးလည်း၊ ၎င်းခမတိပုဒ်ကို၊ ပုစ္ဆာလုင်၍ မေးလတ်ပုံမှာ{ဂမ္ဘဝါပါဠိ၌၊ ခမတိပုဒ်အနေ၊စာတွေ့က လွန်များ၊မ,ခွေးဘောဉ်ရှိမဲ့လျော်မလျော်လို၊ ထွေကုယ်တော်သဒ္ဒါတတ်ကယ်ဆုံးဖြတ်ပါလား} ဟူသော ၎င်းမေးခွန်းကို၊မင်းကွန်းအလယ်တောရဆရာတော်ဘုရားက၊ {မ,ခွေးဘောဉ်၊ ရှိမှပင်လျော်မည်ဟု၊ထွေမြို့တော်သဒ္ဒါတတ်ကယ်တို့၊ဆုံးဖြတ်ကြသား} ဟု အဖြေစကား၊ရေးသားတော်မူ၏၊ ။၎င်းဝိသဇ္ဇနာကိုစံကြည့်လျှင်၊ ခမ္မတိဟု၊ မ,ခွေးဘောဉ်နှင့်လိုရင်းဖြစ်၏၊သို့သော်လည်း၊၎င်း ၂ နည်းအတွက်၊ကံပျက်မှုမဟုတ်၍၊ ၂ပုဒ်လုံးပင်ရွတ်ချင်ရာရွတ်နိုင်၏၊ ။လိုရင်းမှာ၊ ပထမာနှင့်တတိယာ၊ နှစ်ဖြာသောကဏ္ဍား၊ပုဏ္ဏ-အပုဏ္ဏ-လွဲမှားရအောင်၊ခွဲခြား၍မှတ်လေ၊ ။

တုဏှီသဒ္ဒါ ဤဒိဿနှင့်သာနေသင့်ကြောင်း၊ ကောင်းကောင်းကြီးသိရဘို့၊ သာဓကရှာနံမှာ၊ မဟာဓအဘိဓာန်ဂါထာနံပါတ် (၄၁၀)၌၊ မောနမဘာသနံ တုဏှီဘာသပါ၊ဟူ၍၎င်း၊ (၁၁၃၀)၌လည်း၊တုဏှီ၊တု၊မောနေ၊ဟူ၍၎င်း ပြဆိုရာဝ,င်းစကားမပြော၊ ဆိတ်ဆိတ်နေသောအနက်ကိုဟောသော၊နိပါတ်ပုဒ်တုဏှီနှင့်၊တုဏှီဘာဝသဒ္ဒါကိုပြဆို၏၊၎င်းပုဒ်အဖွင့်အဘိဓာန်ငိုကာ၌၊ ။ တုဏှောမောနံဝေတသအဖွိုင်တုဏှီ၊ တသဘာဝေါ တုဏှီ ဘာဝေါ၊ အတုဏှသဝေါတုဏှီဘာဝနံတုဏှီဘာဝေါ၊အဝေါနတာဟာတိတုဏှီ၊

တုဟာ-အဒ္ဒနေ၊ အဒ္ဒနံဟိံသာ၊ ဏီပစ္စယော၊ ဝဏ္ဏဝိပရိယာယော၊ တုဏှီနံ ဘာဝေါ တုဏှီဘာဝေါ၊ ။ဟု-ဖွင့်ပြ၏။ ။ဤအလို၊ တုဏှသဒ္ဒါနောင်၊ ဒဏ္ဍာဒိတော ဣကဤ။ သုတ်ဖြင့်ဤပစ္စည်းသက်၍။ တုဏှီ။ တနည်း၊ တုဟ်ဓာတ်နောင်ဏီပစ္စည်းသက်၊ ဟ,နှင့်ဏှကို ပြန်၍၊ တုဏှီဘာဝသဒ္ဒါနှင့်တွဲယှဉ်သောအရာ၌လည်း ဘူဓာတ်၏အယှဉ်ဖြစ်၍၊ ။အဘူတ,တဗ္ဘာဝေကရာသ, ဘူယောဂေဝိကာရေဤ၊ ။ဟူသောသုတ်နှင့်ညီစွာ၊ အဘူတ,တဗ္ဘာ အနက်၌ ဤပစ္စည်းသက်၍၊ တုဏှီဘာဝဟူ၍၊ ဤဒိဃနှင့်ချည်းပြီး၏။ ။အမရ ကောသ၌လည်း။ တုဏှီ၊ တုဏှီက၊ တုဏှီသီလ၊ ဟု၊ ဒိဃနှင့်သာ ရှိသင့်ကြောင်းကို၊ ရှင်းပြီ။ ဝါအခုပ်ချက်နှုန်းပါတ်(၁၁၄)၌၊ တုသနံ-တုသ-တုမ္ဗိယံ-ဗာဟုလ ဘာနီဟူ၍။ ဤဒိဃရှိသော ပစ္စည်းဖြင့် ပြီးဟန်ကို ပြဆို၏။ ။သို့ဖြစ်၍၊ ကမ္မဝါစာအသိသ်တို့၌၊ တုဏှီဟု-ဤဒိဃနှင့်ရှိမှ-ဤဒိဃနှင့်ရွတ်မှ၊ သဒ္ဒါတ- သုဂုဏ္ဍဖြစ်မည်ကိုသတိပြု။ ။ယင်းသို့ ပကတိဒိဃသည်-အချို့သောအရာဌာန၌သန္တာနုနုက္ခနာ၊ အာဂုံ-သံယုဂ်တို့ကြောင့်-ရဿရောက်နေသောအချက်များလည်းရှိတတ်ကြ၏။ ။နိန္ဒန္တိ တုဏှိမာသီနံ၊ နိန္ဒန္တိ ဗဟုဘာဏိနံ၊ ။ ဟူသောဓမ္မပဒပါဠိတော်လာ-ဂါထာကိုထောက်။ ။

ပြဆိုခဲ့ပြီးသော-အမှာအထား- သာဓကပါဠိများအတွက်-ခဲခက်ရာကို သာရွေး၍အနက်ပေးခဲ့သည်၊ ကြွင်းကျန်သော နေရာများ၌၊ စကားအဓိပ္ပါယ်ကိုသိလွယ်အောင်ရေးပြီးသားဖြစ်၍၊ စင်စစ်အမှန်အနက်သမ္ဗန်ဘွယ်မရှိ။ ပဋ္ဌမခရီး-မှာထားဘွယ်အသီးသီးတို့မှာလည်း ဤနည်းအတိုင်းသိလေ။ ။

ဇာတ ဒဿန-ပဝေနကိစ္စကြီးအတွက်၊ မှာထားချက် ပြီးပြီ၊
နာဂါနုသာသနိက္ခန္ဓယ အခန်းကြီးအားလုံးကုန်ပြီးပြီ၊

---

# နာဂေါဝါဒကထာ။

မှုဟန်းဖြစ်ပြီးနောက်-အပရကိစ္စအတွက်၊ ဆောင်ရွက်ဘွယ်အခွင့်ရောက်သဖြင့်၊ သင့်သားလောက်အာဝေနုန်းနှင့်၊ ရဟန်းဖြစ်ခါစ၊ ပဥ္စင်းသစ် နာဂအား၊ လေးပါးသော နိဿရည်းနှင့်၊ လေးဖြာသော ကြဉ်ရှောင်မှု တို့ကို ထင်အောင်ဟု-သဘောသွားပေတို့၊ ဟောကြားပြောပြလျက်၊ သြဝါဒပေးခဲ့။

တေဟုစ္ဆာနာနိ နာဂဿ၊ ဆာယာဒိပိဏ္ဍိယာနိစ၊
မေတုနံ ပုန္နိသော ဝါဒိ၊ အာဝိကတ္တာ ဝိယာတဂ္ဂမံ၊ ။

အဟံ၊ ဓမ္မာဝါဒ၊ ဟောကာဖြမည့်၊ နာမမည်သာ၊ မင်ထေရ်ငါသည်၊ ဝါ၊ အမှာသဒ္ဒါ၊ သိန္နှာင်းရာဝယ်၊ ကောင်းစွာပြဟန်းပဒ၊ ကြံသော်၊ တွေ့ဟံသိမ်၊ သုတ်အရှိဖြင့်၊ ထုတ်ဘိနာမ၊ မာဂဓတွင်၊ မြန်မာ့ဝေါဟာ (OTTAMANANDA) မည်သောငါသည်၊ နာဂသေ၊ ဘုဘပုဗ္ဗ၊ နည်းနယဖြင့်၊ မှည့်ပြတွင်ရင်း၊ သိထင်လင်းသောပဌင်းသစ်နာဂအား၊ ဆာယာဒိစတုဗ္ဗာနာနို၊ အရိုအဝါ၊ စသောအားဖြင့်။ မှတ်သားဘွယ်အပေါင်း၊ ၄ဗ္ဗါနအကြောင်းတို့ကိုရင်း၊ ပိဋကဿိယာဒိစတုဗ္ဗာနာနိစ၊ ပိဋကပေါတ်ဆွမ်း၊ စ,ချီးတမ်းလျှာ်၊ ဗိုဒြိ နိဿယ၊ လေးဗ္ဗာနတို့ကို၄င်း၊ မေထုနပ္ပဋိသဝဒိ စတုဗ္ဗာနာနာနိစ၊ မေထုပါရေဇိကာ၊ အချင်းစလျောင်၊ ဗ္ဗာနလေးဖြာ၊ မပြုမကျင့်အင်သောအကရဏီယ—အချေတို့ကိုရင်း၊ ယထာကြမံ၊ ဟောတော်မူရာ၊ ဒေသနာတရား၊ အစဉ်အားဖြင့်၊ အာစိဏ္ဏာမိ ယှဉ်မှုကြည်မှု ဆင်ချင်ပြုဘို့၊ စေ့ငုမ်သွေပြောကြားပေအံ့။ ။

တာဝဒေဝဆာယာမေတဗ္ဗာ၊ ဥတုပမာဏာ အာစိက္ခိတဗ္ဗာ၊ ဗိသဘာဂေါ အစိက္ခိတဗ္ဗာ၊ သံဂိတိ အာစိက္ခိတဗ္ဗာ။ ။ယာဝဒေဝ — ယသ္မိံ ကာလေ၊ အကြင်အခါ၌၊ ကမ္မဝါစာယ၊ ဥဇ္ဇုပေတုဿ၊ ဖုန္နအားထားဥပသမ္ပဒ ကမ္မဝါစာဖြင့်၊ ဥပသမ္ပန္နော၊ မြင့်မြတ်သော ရဟန်းပဌင်း အဖြစ်သို့ ရောက်၏၊ တာဝဒေဝ တသ္မိံ ကာလေ၊ ထိုမြင့်မြတ်သော ရဟန်းပဌင်း အဖြစ်သို့၊ စင်စစ်မှန်စွာ၊ ဆိုက်ရောက်၍ လာသောအခါ၌၊ ဆာယာ၊ တဘာဝါ၊ တာဘိ၊ အပရိုသျှက်၊ မှုရည်နိမိတ်၊ လူတို့၏အရိပ်ကို၊ မေတဗ္ဗာ၊ ပိုင်းခြားသတ်မှတ် နှင်းယှဉ်အပ်၏၊ ဝါ၊ အသင့်တိုင်းတာ ချင့်နှိုင်းစာ၍ ပိုင်းကာပြည့်ချွန်း ဘဝါးစတွန်းအပ်၏၊ ဥတုပမာဏံ၊ ဆောင်းနွေမိုးဟု သုံးမျိုးသော ဥတုဝယ်-ရေတုချာသီ၊ ခ ညီသမယ ဆိုက်ရောက်ရာကာလကို၊ အာစိက္ခိတဗ္ဗံ၊ ရေတွက်မှတ်သား ပြောကြားအပ်၏၊ ဗိဝသဘာဂေါ၊ လ,ဆန်း၊ သ,ဆုတ်၊ ပြဲသုတ်နှာခေါ်ထွ,ယှဉ်းမသွေအောင်၊ တနင်္ဂနွေ တနင်းလာ၊ အစဉ်ဖြာလျက် သန်ျာမချို ဆိုက်ရောက်ရာနေ့အတိုက်ကို၊ အာစိက္ခိတဗ္ဗာ၏၊ သံဂိတိ၊ အရိုင်ဥတု နေ့အရဟု၊ စေ့ငုမှတ်ကြောင်း သုံးပါးပေါင်းကို၊ ဝါ၊ ဘုရားသားစစ် ရဟန်းဖြစ်ရာ၊ ခေတ်အခါဝယ်၊ သေချာ မှတ်ကောင်း၊ က်ာရက သံဃာတော်အပေါင်းကို၊ အာစိက္ခိတဗ္ဗာ၏။ ။

အရိပ်ဥတု၊ နေ့ရက်ပကို-တွက်ပြပေါင်းရုံး၊ အကုန်ချုံး၍အားလုံးမှာလား
ပြောကြားပြဆိုဟန်၊ ဝေဖန်ခွဲခြမ်းသော-စာဘမ်း
ရဟန်းဖြစ်သက္ကရာဇ်ချုပ်၊

သံဂီတိအာစိက္ခိတဗ္ဗာ၊ ။မြတ်စွာပုဒ္ဓ-ရွေနတ်ပ၍ ထုတ်ပြပေါ်ပေါ် ပါဠိတော်ဟိဘ် ရှိနိဒိတ်ဖြင့်၊ အရိပ်ဥတု နေ့ရက်ပကို ယွက်ရှု မှတ်သား၊ အ

ပေါင်းအားဖြင့်၊ မြွက်ကြားတို့ရာ၊ဝိနယဒေသနာဝယ်၊ သေအချာရှိသော အ
ချက်ကြောင့်၊တိလောကဂူ၊ဘက်မမျှသည့် သကျွတ်ထင် မြတ်ချစ်ရှင်၏၊ရှစ်
အင်အံ့ဘွယ်၊ပြည့်ဖြိုးကြွယ်၍ ကိုးသွယ်တင်္ဂါ ပြည့်ရုံခဲစွာ တွေ့ကြုံရသည့်၊
ဒုလ္လဘသာသာသနာတွင်၊ဓမ္မာမြိုက်မှ-ခံထိုက်စေဟု သောင်ခေကြဌန်း၊ အောင်
စေမှန်းလျက် ရဟန်းဘဝ ငြိမ်းချမ်းရမည့် သမဏဇာတ်၊ဥာဏ်မြတ်သို့၊ ဆိုက်
ကပ်တို့ရာ နောင်အခါမှာ အဘိဝါဒါနု သာမိမ်ကမ္ဘ၊ဤသို့စသော အရာဌာန
တို့ဝယ်၊ဝါကြီး-ဝါငယ်၊စစ်ရှုးခြယ်လျက်၊ပြုဘွယ်ကျင့်ရန် အခွင့်မှန်အောင်
ဝေဖန် ပိုင်းခြား မြမှတ်သားဘို့ ထင်ရှားဘွယ်ပြ သိသာရန် အဝဝတို့တွင်
၊ ၊{မြန်မာဝေါဟာ-ကောဇာဒ်ဗီလ၊ရေးတည်ချ၍ ပဥ္စနဝါ၊ဆ,သဏ္ဍာဖြင့်၊ထင်
စွာသွင်းပြား ဘဂ်သား သက္ကရာဇ် အမှန်ဖြစ်၏၊ တလှစ်ရေးပြ ရှေးနယတွင်
မွေးအဥ္နနှင့်၊ "ကေကောရေ၍နှောမူ ဗုဒ္ဓါသာသနာ နှစ်သဏ္ဍာအည့်၊ နဝါ
တေးသော ရှေးသဘောဖြင့်၊တွေးနှောသွင်းသိပ်၊အင်္ဂလိပ်မှတ်၊နောတိက်သတ်
ကြံ ပေါင်းတုံဘိက၊ကလိယုဂ်ခေါ်၊သမုတ်လျှော်အောင် ထုတ်ဖေါ် ရှုကြည့်}
၊ ၊ဤခွဲသို့မှတ်တမ်းသိပြီးလျှင်၊မုနိသာသနာ၊နှစ်သဏ္ဍာကို စဉ်လာမခွ ထင်
စွာပြလျှင်။ ၂၄၇၅ အရင်းထားလျက်၊ ၊ဘဂ်သားသက္ကရာဇ်၊ရေတွက်စစ်
က၊ ၁၉၀၀ ပွဲသုစ်သွင်းဟိတ်။ ၊အင်္ဂလိပ်ဝေါဟာ၊နှစ်ကောဇာမူ ၁၉၃၂
ပွဲစစ်သမုတ်။ ၊ကလိယုဂ်ကို ထုတ်ဆို မယောင့်၊ ဂဏန်း ဖြောင့်သော်
၅၀၃၂ တွက်စစ်မှန်လှ၊ ၊မြန်မာ့ဝေါဟာ ကောဇာဒ်ဗီလ၊ရေးစိုပြမူ။၁၂၉၃
မှတ်ထုံးခေါ်ပြု၊ ၊အရပ်ရတွင် ဥတုဟေမန် မြောက်လေပြန်၍ ဝေလျှံ နှင်းခ
သောင်းရာသီ သမယဝယ် ပုဿမာသာ ဖူးငုံဖြာ၍ ပုံစွာပေါက်လဲ၊ ပွင့်ထိန်ရဲ
သော-တပို့တွဲမာသ၏ ကာလပက္ခ ပဋ္ဌမဒိဝသော်၊လပြည့်ကျော် (၅)ရက်၊
အင်္ဂလိပ်ဘွဲဘက်လျှင်၊ {၂၆}ရက်၊ဖေဖေါ် ဝါရီ အညီပုံ စုံ ပူးမင်းနံသောကြာ
နေ့တွင်-ချမ်းမြေ့ကြည်သက်၊ နေဝန်းတက် နံနက်ချိန်ခါ ကြက်သေ ရ အရှိန်
ဖြာလျက်-မင်္ဂလာတိုးပွား၊စဉ်မကွာကောင်းကျိုးများဘို့၊( ၁၂-ဘဝါးတဘိ )
မပျက်ညီအောင် စက်နာရီဝေါဟာ၊ထပ်ဆင့်ဖြာမူ၊(၈)နာရီဝယ်၊ ပိုစွန်းကယ်
သော(၄၀)မိနစ် ၊အတိဖြာ၍၊သပ်သပ်လင်းထိန် ရင်းအချိန်တွင်၊ (အင်းစိန်)
ဒွိစကြိတ်-နယ်နိမိတ်၌ ကြွယ်ဟိတ်လျှံဝံ့ မှန်စွာပုံသော၊ (သံမှုရာကုန်)ရွာ၊
ရပ်ဂါမာတွင်-သဒ္ဓါသီသ၊ စာဂီမျှ၍ ဓမ္မမြကာ မွေ့လျော်ပါသော၊ ဒါယကာ
{ ............ }နှင့်ကြွရှိန် အသရေ၊မျှသွေကြသော ဒါယိကာမ{ ............ }တို့က၊
တရားအမွေခံစံ ဘြရအောင် ဒါယဇ္ဇမနသိချယ်လျက် ရည်ရွယ်၍ဘူဒါန်းသော
ရဟန်းပရိက္ခရာ-သဝိတ်သက်န်း ပုံလင်စွာတို့ဖြင့်၊ ယခင်ရှာဆောင်း မကိုန်၊

(မဏ္ဍလာရုံ) ကျောင်းတိုက်ဝယ်၊ ကောင်းသိုက်ဘုမိန် သာသနဓဇဏ္ဍာသိမ်တွင် ထွန်းထိန်ဖြောင်ချော် သီလတော်အရောင်ဟပ်လျက်၊သြတ္တပ်ဟိရိ ဒေဝမိ ၂ဖြာပြည့်သည့်ဖြင် သမာဓိပညာ ဘုန်းတံခိုးတေဇာနှင့် ဝေဖြာ မြိုင်မြိုင် ကြေညာလှိုင်သည့်၊(ကြည့်မြင်တိုင်)နဂရ၊(စလင်းတိုက်)အာရာမဝယ်၊ ယာပထမွေးလျော်-သတင်းဂုဏ် ပျံ့ကျော်သော (တိုက်အုပ်ဆရာတော်)အရှင်မြတ်ကြီးကို၊ကျောက်ထီးတန့်၊ ဉပဏ္ဍာယ်တင်ပြု၍၊ ၊အနုသာဝနအရာ၊ ဉတ်ကမ္မဝါမှာ၊ သဒ္ဓါမောဂ္ဂလာန် အဘိဓာန်နှင့် ကာတြဲနှိပျာကရိုဏ်း၊ ကျမ်းအားလုံး၌ ထုံးမှန့်အလား စကာ်ကုန် ဝါးသို့ ထွားထွား ညက်ညက် လမ်းမှန်ထွက်ကို၊အချက်ကျသိ လက်ရမိသဖြင့် အာစရိယပရံပရ၊ လဒ္ဓေါပဒေသ၊ နည်းနယအဖုံဖုံတို့နှင့် ပြည့်စုံတော်မူကြပါသော၊ {ရှင်းစလင်းတိုက်-တိုက်ကျောင်းဆရာတော်-ဦးသိရိ}၊{မဏ္ဍ သာရုံဆရာတော်-ဦးဥတ္တမာနန္ဒ}၊ {ရှင်းစလင်းတိုက်-ဆရာတော်ကြီးကျောင်း-ဦးရာဇိန္ဒ} တို့၊ ပထမကမ္မဝါအကြိမ် ၊ ၊အရှိန်ဖြိုးမောက်၊ တံခိုးတောက်၍ ကျိုးရောက်ခဲ့ပြီး ဖွဲ့အစည်းကို သွဲ့မှီးတထိ ထပ်မံချီသို့၊ဉာဏ်မည်ချင့်မျှော် အခွင့်လျော်အောင် ..............ဆရာတော် ..............ဆရာတော်..............ဆရာတော်တို့၊အာဘော်ညီမျှ ဘတ်ရွတ်ကြလျက် ဒုတိယကမ္မဝါအကြိမ်၊ ၊ဂုဏ်သိမ်ပွားစီး နမူနှိုးချင် ဖြူပြီးအဝတ် ထပ်၍ဖွပ်က ဆွတ်ဆွတ်လျှံခြည် မှန်အကြည်သို့၊ဒုဋ္ဌိကမ္မ၊ ပဏာရအောင် အာစရိယ ဝါဒအလျော် ချင့်ချိန်မျှော်ပြီးလျှင် ............ဆရာတော်............ဆရာတော် ............ဆရာတော်တို့၊နာပျော်ဘွယ်ရာ ယထာဓမ္မ ဘတ်ရွတ်ကြလျက်၊တတိယကမ္မဝါအကြိမ်၊ ၊ဤသို့လျှင်(၃)ကြိမ်တိုင်တိုင်၊(၃)ပါးစီယှဉ်မြှိုင်လျက်မရိုင်မယိမ်း-မတိမ်းမဖိ-မှန်စွာပီအောင်၊ ထိလိ ခြားပိုင်း ဌာန်းငါးဆိုင်းနှင့်၊ ကရိုဏ်းလေးရပ် နှိုင်းချွးမှတ်၍ ပယတ်လေးတန် ခွဲပိတ်ဖန်လျက် ဆယ်တန်သဒ္ဒါ မပျက်စွာဖြင့်၊အက္ခရာငါကျ အားလုံးကုန်ပုဒ်ပဒတို့၌၊ဒုရုတ္တအဖြစ် ပဒဒေါသ,ကင်းလွတ်အောင် ရွတ်ဘတ်တော်မူကြ၍၊တူစွမနသိ ကာယစိတ္တ-ရုံလင်မျှ-နှစ်ဝသောသာမဂ္ဂိတို့ဖြင့်၊ကူညီမှိုင်းမ-ခြိုးမြှင့်တော်မူရှာကြသော၊ ကာရကာခါ၊သံဃာတော်(............)ပါးနှင့်တကွ ရဟန်းလောင်းနာဂ၊ရှေ့ဘွဲ့မည်(............)သည်၊အတုလထွတ်ထား၊ဂေါတမ—မြတ်ဘုရား၏ သားတော်ချင်နှစ် ရဟန်းမြတ်အဖြစ်သို့ စင်စစ်သုတ်ချောက်၊ပြည့်ပုံစွာ-အောင်ပေါက်မြောက်၍ ဆိုက်ရောက်ရရှိပါသတည်း၊ ၊

(အနည်းငယ်မှာထားချက်၊) ဤဆာယာမေတဗ္ဗာ-လ-သံဂိတိအာစိက္ခိတဗ္ဗာ၊ ဟူသောပထမအပရကိစ္စကို ပြုဆောင်ရသည်မှာ၊ ဦးစွာအစ-ရဟန်း

ဖြစ်သည့်အခါကာလကို၊သေချာစွာမှတ်သားမိမှ၊ထေရ်ကြီး-ထေရ်ငယ်၊ ရွေး
ခြယ်စစ်ဆေး၍ အရိ အသေ ပေးရ-မပေးရ နှစ်ဌာန အခွင့်၊ အကြီး-အငယ်
ထောက်ချင့်၍ သိသင့်ရာသည်၊ ၊ပဋ္ဌဝသ္သ၊ ဒုတိယဝဿ၊ ဝိသတိဝဿ၊ အ
ပိုင်းအခြားနှင့်စပ်သော-နိဿယမုတ္တကအရာ၊ ပရိသုပဋ္ဌာပကအရာ၊ဘိက္ခုနောဝါဒက,အရာတို့၌ရင်း၊ဥပဇ္ဈာယ်ပုဂ္ဂိုလ်-အာစရိယပုဂ္ဂိုလ် ကြည်ညိုညွတ်နူး၊
အထူးဝိဿသသ ရှိသရသောအရာဌာနတို့၌ရင်း၊သမာနာသနိက၊အသမာနာသ
နိကနှင့်စပ်သော နေရာတူ-နေသင့်၊မနေသင့် ဟူရာ၌ရင်း အကြောင်းအားလျော်
စွာ ပိုင်းခြားနိုင်ရာသည်၊ ၊

ဤတွင်-ပထမ အပရကိစ္စပြီး၏၊

ယခုအခါ-မိုးရာသီ၊ နိဿယပစ္စည်းများနှင့် သေးပါးသော အကာရဏ်
ယ၊မပြုမကျင့် မသင့်မတော် မလျော်မလျောက်ပတ်သည့်၊လေးရင်သောအရာ
ဌာနတို့ကို သဘာဝချင့်နိုင်း၍ အစဉ်အတိုင်း မှတ်စရာဟောခြင်းဌာ၊ ၊
စတ္တာရောနိဿယာ-အာစိက္ခိတဗ္ဗာ၊စတ္တာရိအကရဏီယာနိ အာစိက္ခိတဗ္ဗာ
နိ၊ ၊ဟူ-သာမုက္ကံသိက၊ပဏိတဒေ့ဗျာ ဒေသနာကို စိန္တေယျာ မြတ်ဘုရား
သည်၊မိန့်ကြားလှစ်ဖွင့် ကြူးရင့်သော်မူရပါသတည်း၊ ၊

(အနက်ကား)၊ ၊စတ္တာရော၊လေးပါးကုန်သော၊နိဿယာ၊မှီရာတို့ကို၊ဝါ၊
နာမရူပါငါးခန္ဓာသည် မှီရာကင်းပ ပျက်စီးရမည်ကြောင့်၊သေဝိတဗ္ဗ၊ခေါ်ရေး-
သွမ်းသက်နိုး ကျောင်း,နှင့်ဆေးတို့ကို၊အာစိက္ခိတဗ္ဗာ၊ ပြောကြားအပ်ကုန်၏
၊ ၊စတ္တာရိ၊လေးပါးကုန်သော၊အ,ကရဏီယာနိစ၊မပြုမကျင့်အပ်သောအမှု
တို့ကိုလည်း၊ဝါ၊ရဟန်းဘဝ ဆုံးရှုံးရအောင်၊ပါရာဇိက-ကျရောက်မှု ဖြစ်၍
စင်စစ်ပကတူး ကနဦးက၊အထူးသိခွင့် မှတ်သားသင့်သည့် မပြုမကျင့် အပ်
သောအရာဌာနတို့ကိုလည်း၊အာစိက္ခိတဗ္ဗာနိ၊ပြောကြားအပ်ကုန်၏၊ ၊

စတ္တာရောနိဿယာ အာစိက္ခိတဗ္ဗာ၊ ၊ဒေသနာအလို ၊သာဓကဖော်ပြရာ
ဆိုသော်၊ ရဇကြိုဟ်ပြည် နိဗ္ဗနေပြား ပစ္စည်းဥစ္စာပါးရှားသော၊ ဆင်းရဲသား
ပုဏ္ဏားတယောက်သည်၊ အစားအသောက်ကို များစွာခင်၍ ဘုရားသာသနာ
တွင် ချောက်ဝင်ထမ်းမှု၊ရဟန်းပြုက အတုလမြတ်ဖျား-ရွှေနှုးတော်ကြာ.လို
ရို့၊သေးပါးသောမှီရာကို သေချာစွာပြည့်နှင်းဘို့၊မိန့်ခွန်းတော် ရှိသောကြောင့်၊
ဝိကပ္ပိယာလောပဘောဇန်၊အရင်းခံအာဒိ၊လာရှိမြွက်ပေါ်၊ပါဠိတော် စကားကို
နားလည်ဘွယ်မှတ်သားဘို့၊ သင်ပဋ္ဌင်းသစ်အား ဟောကြားပြဆိုပေအံ့၊ ၊

မှာထားရန်အချက်၊ ၊ဤသြဝါဒ ခဏ်း၌လည်း၊ ရဟန်းဖြစ်ခါစမှိ-ရဟန်း
သစ်၏ အမည်နာမကို၊နာဂဟူသော အာလုပ်ပုဒ်ဖြင့်ပင် ထုတ်ဖွင့်မြွက်ဟ၍၊
ဘုတပုဗ္ဗ ဂတိကနည်းဖြင့်၊ နာဂဟူ၍ ခေါ် ဆိုပါသည်၊ ၊ဥဒါဟရဏ်မှာ၊
ရဟန္တာပုဂ္ဂိုလ်အရှင်မြတ်တို့သည်၊ဆန္ဒာဂတိကင်းပြတ်သော်လည်း၊ ဖြစ်ခဲ့ပြီး
ဘဝ၊ဇာတကအရပ်ရပ်တို့၌ ထပ်တတ်သောဈူပွတ်သဘောကြောင့်၊ ရှုပါဒိ
သု သဒ္ဓိဘိဘိသင်္ဘော၊ ၊ဟူသော ဝစနတ်အလာဖြင့် သဏ္ဍဝါပညတ်ကို ရ
အပ်သောကဲ့သို့မှတ်လေ၊ ၊

နာဂ၊နာဂဟုခေါ်၊အမည်လျော်သည့်၊ ညီးတော်ရင်းစစ်၊ ပဥ္စင်းသစ်၊ သုဏာ
သိ၊နားစေ့စေ့ထောင်၊ဝါ၊မိဏ္ဍိယာသောပ၊ဘောဇနဥ္၊ ပြောပြထိုက်စွာ၊ အရော
ရာကို၊ ရုံရှာ-ကြားအောင်၊သင်နားထောင်၊သဗ္ဗဗုဒ္ဓံဟိ၊ဂင်္ဂါသဲတူ၊ ပွင့်တော်
မူသည့် ဆုရှုချားဖြင့်၊ ခပ်သိမ်းသောဘုရားရှင်တို့သည်၊ ပသဋ္ဌံ၊ ကြိမ်ဖန်
မလတ်၊ချီးမွမ်းအပ်ထသော၊ဒေသပိယံ၊ နတ်တကာနတ်၊ မေတ္တာခတ်ဖြင့်၊
ချစ်အပ်ထသော၊ အပရာယတ္တ ဖိဒိကာံ၊ သူတထူးနှင့်၊ မကူးလူးမနှောဘက်၊
မရောယှက်မရှုပ်ထွေး၊သီးသန့်သောအသက်မွေးခြင်းရှိထသော၊ ပဟိနဟာရ
လောလုပ္ပံ၊အာဟာရ၌၊နှစ်ချိုက်လွန်စွာ၊ စွဲသမ်းသောရသတဏှာကို၊ ပယ်
ခွါတတ်ထသော၊ပဏ္ဍိုမ်ဇနတာနုကမ္ပနယုတ္တံ၊ နောင်လာနောက်သား၊ တပည့်
များကို၊သနားညှာကျင်၊ အားကြီးသောကရုဏာနှင့်ယှဉ်ထသော၊ သမာပဋိ
ပတ္တိပြုဟန်၊ကောင်းစွာမြတ်ထွတ်၊ရဟန်းတော်တို့ကျင့်ဝတ်ကို၊အစဉ်မချွတ်
ပွါးစေ တတ်ထသော၊ ဒါယကာနံ၊ သဒ္ဒါဖွေးဖြူ၊ ပေးလှူတတ်စွာ၊ ပဋ္ဌယဒါ
ယကာတို့အား၊ မဟပ္ဖလဘာဝကာရကံ၊ ကြီးကျယ်ဖွင့်ဖြိုး၊ ထွန်းတက်တိုး
အောင်အကျိုးရှိသောအဖြစ်ကိုပြုတတ်ထသော၊ အပ္ပိစ္ဆတာဒီနံ၊ အပ္ပိစ္ဆတာ၊
အစ,လာသည့်၊ဂုဏ်ဝါတင့်ထူး၊(၁၀)ပါးသောရဟန်းကျေးဇူးတို့အား၊ အနု
လောမံ၊သင့်တင့်ကောင်းမြတ်၊ လျော်လျောက်ပတ်ထသော၊ ပိဏ္ဍိယာလောပ
ဘောဇနံ၊တအိမ်တွက်တာ၊တလုပ်စာဖြင့်၊ရှာသမှု၊အကြောင်းပြု၍၊ပေါင်းရ
မပြတ်၊ ကျေးရာကိတတ်သောပိဏ္ဍပါတ်ဆွမ်းကို၊ဝါ၊ သလုံးမြင်းခေါင်း၊ခြေ-
နှုတ်ချောင်းဖြင့်၊ကြွားပြောင်းလှည့်လည်၊မြန်းကွန့်ချီသော်၊ထိုဤဌာန၊ လောင်းရှာ
ကြသည့်ဟာရနုကြွမ်း-ခပ်ခံ၍ရ အပ်သောပိဏ္ဍပါတ်ဆွမ်းကို၊ နိဿာယ၊
အားထားမည်ဟု၊အမှီပြု၍၊ ကုလပုတ္တာနံ၊ သိဒ္ဓတ်မင်းသား၊အစ,ထားသည့်၊
များစွာသောအမျိုးသားအပေါင်းတို့၏၊ယာပဗ္ဗဇ္ဇာ၊အကြင်ရဟန်းအဖြစ်သည်၊
အတ္ထိ ရှိ၏၊တဏ္ဍ၊ထိုသဗိတ်လက်စွဲ၊ ဆွမ်းခံမြဲ၍၊ အားခဲကျိုးကုတ်၊ ရဟန်း
ပဥ္စင်းအလုပ်၌၊ဝါ၊ထိုဘောဇဉ်ဆွမ်းကွမ်း၊ ပါးရှားလွမ်းသော၊ ရဟန်းပဥ္စင်း၏၊

အဖြစ်၌၊တေတယာ၊ဒုက္ခဖွဲ့နှောင့်၊လူတို့ဘောင်မှ၊ ခွါရှောင်စွန့်ပစ်၊ သင်ပဉ္စင်း သစ်သည်၊ယာဝဇီဝံ၊အသက်ထက်ဆုံး ဝါ။ သိက္ခာသီလ၊ သာဇီဝတို့၊ ညီမျှ မပျက်၊သာသနာတော်ဘက်၌၊ အသက်ရှိသရွေ့ကာလပတ်လုံး၊ ဥဿုဿဟာ၊ ကျိုးစားမယုတ်၊ရဟန်းတရားကို၊ တိုးပွါးအောင်အားထုတ်ခြင်းကို၊ ကရဏီ ယော-ကာတဗ္ဗော၊ပြုအပ်၏၊ဝါ၊ပြုထိုက်သဖြင့်၊ ပြုဘွယ်သင့်၍၊ ပြုခွင့်မသွေ၊ ပြုကျင့်လေ၊အတိရေကလာဘော၊ ဈေးဘုန်းဈေးကံ၊ စီရင်ဖန်၍၊ အင်မထန် လာဘ်များပါ မူကား၊ဝါ၊ ဆွမ်းအဟာရ၊ မြတ်ဒါနဟု၊ ဝုဍ္ဍရောင်ရှိန်၊ တောက်ပြောင် ထိန်သဖြင့်၊ ပိဏ္ဍိယာလောပ၊ဘောဇနထက်၊ ပိုလျှံဘက်၍၊ ပြည့်နှက် ပေါ်များသော လာတ်သပ္ပကာ ရှိပြန်ပါ မူကား၊ သံဃ ဘတ္တံ၊ အပေါင်း လှူအပ်၊ သံဃဘတ်ကိုရင်း၊ ဝါ၊ ကျောင်းတိုက်အတွင်း မှီတင်း နေမြဲလျော်၊ သုံးစံ ပျော်သည့်၊ သံဃာတော်ကုန်၊ အလုံးစုံကို၊ အာရုံဈေးမျှ၊ အရေးယူလျက်၊ ပေးလှူ ဆက်ကပ်၊ သံဃဘတ် ဟူသော ဆွမ်းကိုရင်း၊ ဥဒ္ဒေသ ဘတ္တံ၊ ညွှန်း၍ လှူအပ်၊ ဥဒ္ဒေ သဘတ်ကိုရင်း၊ဝါ၊ တပါး နှစ်ပါး စ,သော အားဖြင့်၊ မှတ်သားသချာ၊ တိုက်သံဃာမှ၊ လိုရာတောင်းယူ၊ ရည် ညွှန်း၍လှူအပ်သည်၊ ဥဒ္ဒေသဘတ်ဟူသော ဆွမ်းကိုရင်း၊နိမန္တနံ၊ ပင့်ဘိတ် လှူအပ်၊ နိမန္တနဘတ်ကိုရင်း၊ ဝါ၊အပေါင်းသချာ၊ များသံဃာမှ၊ သဒ္ဓါကြည် ဖြူ၊ ပင့်ဘိတ်၍လှူအပ်သည့်၊ နိမန္တန-ဘတ်ဟူသောဆွမ်းကိုရင်း၊ သလာက ဘတ္တံ၊စာရေးတန်လှူအပ်၊ သလာကဘတ်ကိုရင်း။ဝါ၊ဝါးချမ်းစိတ်မှာ၊ အက္ခ ရာဂဏန်းဖြင့်၊ ကျရောက်ရာလှူဒါန်းသော စာရေးတန် ဆွမ်းကိုရင်း၊ ဝါ၊ထန်း ပေစက္ကူ၊ သလူဝါးခြမ်းတို့၌၊ အက္ခရာရေးနှံ့ တန်းပြီးလျှင်၊ ထိုက်သင့်ရာ ဈေးကံစမ်းကြသော အောင်ပါလေ စာရေးတန်ဆွမ်းကိုဆွမ်းကိုရင်း၊ ပက္ခိကံ၊ သန်းဆုပ်ပက္ခ၊ ရက်အရတွင်၊ ဆက်သလှူဒါန်းသော ပက္ခိက ဆွမ်းကိုရင်း၊ ဝါ၊လဆန်း-လဆုတ်၊နှစ်ဝထုတ်၍၊သရုတ်တွက်ပြ၊ ရောက်ပက္ခ၌၊ ဆက်သ လှူဒါန်းသောပက္ခိကဆွမ်းကိုရင်း၊ဥပေါသထိကံ၊ဥပေါသထိက၊ နာမပညတ်၊ ဒါနဘတ်ကိုရင်း။ဝါ၊သီလစောင့်ယူ၊ရက်မြတ်ဟူ၍၊ ကြည်ဖြူပျော်မွေ့၊ ဥပုသ် နေ့၌၊ချမ်းမြေ့ရှင်လန်း၊ကာစ်လှူဒါန်းသော၊ဥပေါသထိက ဆွမ်းကိုရင်း၊ပါဋိပဒိ ကံ၊ ပါဋိပဒိကနာမပညတ်၊ဒါနဘတ်ကိုရင်း၊ဝါ၊ဥပုသ်အတွက်၊လွန်တရက် ၌၊နှစ်သက်ရှင်လန်း၊ကင်လှူဒါန်းသော၊ပါဋိပဒိကဆွမ်းကိုရင်း၊ရှုတင်အသမါ ဒါနေန၊ ရှုတင်မဆောက်တည်သော ရဟန်းသည်။ ပရိဘုဉ္ဇိတဗ္ဗံ၊ ဘယ်ဆွမ်း မရွေး၊ ဘုဉ်းပေးသုံးဆောင် အပ်ပါသေး၏။ ရှုတင်သမာဒါနေနပန၊ ပိဏ္ဍပါတ် ရှုတင်၊အစဉ်မြဲမှီ၊ကျင့်ဆောက်တည်သော၊ ယောဂီရဟန်းသည်ကား၊ နှ,ပရိ

ထုဋ္ဌိဘဇ္ဇံ၊မသုံးဆောင်အပ်။ဝါ၊သံဃာဘတ်၊ဥဒ္ဒေသဘတ်၊အစရှိသည်ဖြင့်မှတ်အပ်သော။အတိရေကလာဘ်၊ တဆဲ့လေးပါးသော ရဒ္ဒသဘတ်တို့ကို မဘုဉ်းပေးမသုံးဆောင်အပ်။ ၊{ရဟန်းသစ်က၊အာမဘာသန္တ—ဟု၊ လျှောက်ဆိုလေ}

ဝိတ္ထာတ္ထမှတ်ဘွယ်၊ အဓိပ္ပါယ်ကို၊ မကျဉ်းမကျယ်၊ ဆိုမြွက်ပြမူ၊ အနမတဂ္ဂ-အစမထင်၊မမြင်နိုင်စွာ၊ သံသရာဝဃ်၊ကမ္ဘာပေါင်းများစွာ၊အသင်္ချေကြာသော်လဲ၊ အလွန်တရာမှ တွေ့ကြုံခဲသော၊ မနုဿတ္တ ဒုလ္လဘ အထဲတွင်၊ဆ,ကဲလွန်ကြူး၊ ဆင့်ဆင့်ကူး၍၊အထူးသဖြင့်၊တွေ့ကြုံဆုံစည်ဘို့အပုံကြီးခဲယဉ်းလှသောဗုဒ္ဓုပ္ပါဒဒုလ္လဘအခါ၊ ဘုရားရှင်သာသနာ၌၊ သဒ္ဓါသမ္ပတ္တိ၊ သဒ္ဓမ္မသဿဝန ရုံပြည့်၍၊ပဗ္ဗဇ္ဇိတဒုလ္လဘအခွင့်ကို အသင့်ချိန်မျှော်၊ ဤသိမ်ပေါ်၌၊ သံဃာတော်များ ကျေးဇူးရှင်ဆရာတော်ဘုရားတို့က၊ သနားမြိုးမြင့်၍၊ ကြီးမြင့်သောဘဝ၊ဥပသမ္ပန္န အစစ်၊ရဟန်းမြတ်အဖြစ်သို့၊မချို့ထုတ်ခြောက်၊ အောင်ပေါက်မြောက်၍၊ ဆိုက်ရောက် ရရှိ၊ သတ္တဝါဟု၊ ခေါ်ဆိုပြုကြသောစတုဇ ရုပ်ခန္ဓာတို့သည်၊အကြောင်းအားလျော်စွာ၊ ပစ္စည်းလေးဖြာ၊ မှီရာနိဿယ၊ ပြည့်ညီမှသျှင်၊ ဇီဝမြင့်ရှည်၊ ကြန့်ခိုင်စွာတည်နိုင်လေသည်၊ ၊ကရဇကာယခေါ်ဆို၊ခန္ဓာကို အတ္တဘောကြီး၊ အရှည်ခန့်လျက်၊ တည့်တန့်အောင် ပြုဆောင်မှီးရသောပစ္စည်းလေးပါး၊နိဿယတရားတို့တွင်၊ အိမ်စဉ်မပြတ်၊ လှည့်လည်ရပ်၍၊ရအပ်သောပိဏ္ဍပါတ်ဆွမ်းကို မှီ ငြမ်းပြုကြရသည်မှာ၊ ၊ဂင်္ဂါသဲလုံးမျှမက-ပွင့်တော်မူခဲ့ကြကုန်သော အတုလ ထွတ်ဘင်၊သဗ္ဗညုဘုရားရှင်တို့သည်ရင်း၊အဆူဆူသော သယမ္ဘူထွတ်ထား၊ သဗ္ဗညု မြတ်ဘုရားတို့၏ တပည့်သား သာဝက ရဟန်းတော်ဟူသမျှတို့သည်ရင်း၊ အပေါင်းများစွာ၊ အားလုံးသောဘုရားရဟန္တာတို့သည်၊ ရှေးဦးစွာသမယ၊ ရဟန်းပြုကြသောအခါကာလတို့၌၊ သန္တာရထိန်လင်းသော လေးကျွန်းပိုင် စကြာဝတေး မင်းကြီးပင်ဖြစ်စေကာမူ၊ သာသနာတော်မှာ ဝမ်းစာအတွက် အသက် မွေးမြူရန်၊ ကြံဖန်ကြောင့်ကြလျက်၊ ဓနဥစ္စာ၊ များစွာရ၍၊ ရဟန်းပြုရိုး မရှိကြပေ။ ၊သလုံးမြင်းခေါင်း၊ခြေနှစ်ချောင်းဖြင့်သာ၊ ကြွပြောင်းလှည့်လည်။ ထိုက်သမျှရသောမည်ဟု၊မနသိ-မှန်းရှုစွဲလိုမိ၊၊ရဟန်းပြုကြ မြဲ လွဲသုံးစံ၊ အမှန်ပင်ဖြစ်ပေသည်၊ ။

ထိုပိဏ္ဍပါတ်ဆွမ်းကို၊ ကျိုးပမ်းအားသန်၊ ရင်ခံခြင်းနှီးရာ၌၊ မည်သူမည်ဝါငါ့တကာက၊ တထပ်စာ၊ နှစ်ထပ်စာ၊ လုံလောက်ပါအောင်။ သဒ္ဓါကြည်ဖြူ၊ လောင်းလှူပေလိမ့်မည်ဖြင့်၊ အားကိုးတခု၊ ပြုရသည် မဟုတ်၊ တအိမ်တွက်တာ၊ထလုပ်စာဟု၊သဒ္ဓါနိုင်သမျှ လောင်းလှူကြသည်ကို၊ ဓမ္မိယာလဒ္ဓ၊ ရအပ်သမျှခံယူ၍၊ အသက်မွေးမြူရန်၊ ရည်ရွယ်ခြင်းမှန်ပေသည်၊ ၊ထို့ကြောင့်၊ငါတို့

ဘုရားလက်ထက်တော်အခါ၊ ထင်ရှားထွန်းသာ၊ ဘုန်းဂုဏ်ရောင် ဖြာပေသော
မဟာကပ္ပိနမင်း၊ ဘဒ္ဒိယမင်း အစရှိသော၊ ဓိပတိအရှင်၊ ထီးနန်းရှင်၊ ဘုရင်ထီးဆောင်း၊
မင်းအပေါင်းတို့သည်၎င်း၊ စည်းစိမ်ဥစ္စာ၊များပွားခနော၊ အလွန်ပင် ပေါပြည့်ဝ
ကြသော ဇောတိကသူဌေး၊ဇဋိလသူဌေးအစရှိသော သူဌေးကြီးငယ်-အသွယ်
သွယ်တို့သည်၎င်း၊ယာလယ်ချောင်းခင်း၊ ဆင်မြင်းရထား၊ ကျွဲနွားကစ၊ဘော
ဂကြီးထု၊ပစ္စည်းရနှင့်၊ဥတ္တိသား ကောလိတအစရှိသော၊ ဂဟပတိမည်သီး၊
ပုဏ္ဏားသူကြွယ်ကြီးတို့သည်၎င်း၊ တိုင်းကြီးပြည်ကြီး၊ စည်းစိမ်ကြီးတွေကို-
တခါတည်းစွန့်ပစ်၍၊ ရဟန်းအဖြစ်ကို ယူကြပြီးနောက်၊တစ်လျောက်လုံး၊ တ
သက်လုံး၊ မျက်မှေးကတ္တဝ-ကုန်ဆုံးအောင်၊သလုံးမြင်းခေါင်း-ခြေနှစ်ချောင်း
ကိုသာအားပြု၍၊ဆွမ်းခံမှုပိဏ္ဍပါတ်ဖြင့်၊မပြတ်နိစ္စ၊မျှဘဝတော်မူကြသည်၊

အဘယ့်ကြောင့်ပိဏ္ဍပါတ်ဆွမ်းကို၊ မှီငြမ်းပြု၍၊ ဂရုစမ္မ၊အားထားတော်မူ
ကြရပါသနည်းဟုမူ။ ။အဆူဆူသောဘုရားရှင်တို့သည်၊ အိမ်စဉ်မလတ်၊
လှည့်လည်ရင်၍၊ ပိဏ္ဍပါတ်ဆွမ်း ကြိုးပမ်းအားသန်၊ ရပ်ခံရင်းနှီးတော်မူကြ
သောအလုပ်သည်၊ ဗုဒ္ဓနုဗုဒ္ဓ၊သူတော်ကောင်းပုဂ္ဂိုလ်တို့၏၊ ဥဿဘအမှုကြီး
ဖြစ်ပေကြောင်း ကောင်းကောင်းကြီး မြွက်ဆိုပေါ်၍၊ ချီးမွမ်းတော်မူကြသော၊
ဝိညူပသန္န၊ ထင်ရှားလှသည့် ပါဠိနိဒ္ဒေသကြီးဖြစ်ပေသည်။ ။၍ပိဏ္ဍ
ပါတ်ဆွမ်းသည်။ ။ပစ္စတီချနိုးနဒဘက္ကံ၊ ထောက်ထောက်ကုလေလေ၊ပဏ္ဍိ
ကာယစရိယဿ၊မိ၊အဏ္ဍိဝဂ်ဝသံမမ။ ။ဟောညွှန်ပြသဖြင့်၊သုံးကွဲဒုဂ္ဂိကွဲ။
ကာလခွေး၊ရနိုင်သည့်အရေးကြောင့်၊ဝန်လေးဘွယ်မရှိရ၊လွယ်လွယ်ကူကူ
နှင့်၊ခံယူမျှဘနိုင်သည်။ ။မြို့ဘိုင်းရွာတိုင်း၊အိမ်မရှိဘိုင်းလည်း၊ နေ့တိုင်းချက်
ပြုတ်၊ဆွမ်းတလုပ်မိ၊အားထုတ်၍အရေးမယူဘဲ၊ပေးလှူပွဲပြုနိုင်ရာသည်၊ ၊
ဆွမ်းတလုပ်စာ၊ လောင်းဘူးသည့်တွက်တာကြောင့်၊ ဒါယကာ-ဒါယိကာမ၊
ဆွမ်းလောင်းသူ-ဟူသမျှတို့က၊ပြုဆွမ်းအောင်-သင်္ဂါလျှံလိုမိ၊အလှူခံရဟန်းတို့
အပေါ်မှာ၊မျှော်ကော်အထူး၊ ဆွမ်းလောင်းဘူးသည့်၊ ကျေးဇူးဥပကာရ၊ဟူ
သောကြွေးမြီ ရှိသည်ဟု၊ အမှတ်ပြု၍မထား၊ ရဟန်းတော်အရှင်မြတ်များက
လည်း၊ထိုနည်းတူလျော်၊တကာဘ ကာမတို့အပေါ် ၌၊ထောက်မျှော်ငဲ့ညှာခြင်း
မပြုရ၊တလုပ်စာမျှ၊ဆွမ်းကလေးလို့ရှိ၊ ကုသိုလ်သန္တာအနေသနအမှုနှင့် သား
ငယ်မြေးပုတ္တိကို ယုယထိန်းကျောင်း၍ဖြစ်စေ၊ပင့်ခေါ် တိုင်းလိုက်ပါ၍၊လော
ကွတ်ပြုငြါ၊စကားကိုတဟီးဟီး ဟဟားဟား၊နှုတ်သီးကောင်းလျှာပါးနှင့်၊ ဝါ
ကြွားပြောဆို၍ဖြစ်စေ၊တကာတကာမတို့၏၊အဏ္ဍဘ္ဘစိတ်နှလုံး၊ မုန်းလိမ့်မည်
ကြီးရှယ်၍၊စောင့်ရှောက်ဘွယ်မရှိ၊ ၊အာဂါရိကမနုဿတို့နှင့်၊ သင့်ယှဉ်ကျ

စဝ်ယှဉ်၊တကျော့ပေမသံယောဇဉ်တို့ဖြင့်၊ ရှက်တင်ရှုပ်ထွေး၊ ထိုသို့သောအ ညစ်အကြေးတို့မှလည်း၊ ကင်းဝေးလွတ်ငြိမ်းရသည်၊ ၊စိုးရိမ်သောက-ဗျာ ပါဒနှင့်၊ကြောင့်ကျရှင်းစွာ၊ကုလမင်္ဂလာရ၊ လာဘမင်္ဂလာရတို့မှလည်း ကင်းကွာ သည်၊ ၊ကိုယ်ခန္ဓာကို၊အလွန်တချုပ်သော ရူပကာယအမှုအရေးမဂ်လာ ကြက်သရေကြီးဟု၊မငြီးမှတ်ထင်၊အမြင်ဖောက်မှားသော၊ ဝိပ္ပလ္လာသ တရား ကို၊ပယ်ရှားနှိပ်ကွပ်ရသည်၊ ၊ဆွမ်းလောင်းသူဘကာတကာမတို့၏၊ ဒွာန ဒေသာ၊မြို့ရွာနယ်ပယ်အဝှန်းတွင်၊ ဝန်းကျင်စေ့ငုံကြည့်၊ ဘုမ္မစိုး-ရုက္ခစိုး-အ မျိုးမျိုးသောနတ်တို့ကလည်း၊ပိဏ္ဍပါတ်ဆွမ်း၊ချပ်ခံသော၊ အရှင်ရဟန်းတို့ကို၊ ကြည်ညိုသဒ္ဓါ၊ ချစ်းမတ္တာဖြင့်၊ လွန်စွာနှစ်သက်ခြင်း၊ ၊သူတပါးတို့နှင့်။ မရောမစပ်၊လွတ်သတ်ကင်းဝေး၊ မရှုပ်ထွေးသောကြောင့်၊ အသက်မွေး စင် ကြယ်ခြင်း၊ ၊ရသာရုံအဟာရန္တ၊သောလုပ္ပတဏှာကို၊ ပယ်ခွါနိုင်ခြင်း၊ ။ နောင်လာနောက်သား၊ရဟန်းငယ်တပည့်များကို၊ သနားခြင်းနှင့် ယှဉ်လျက်၊ အစဉ်အဆက်၊မပျက်ကောင်းရာ၊ညွှန်ပြကာဖြင့်၊ ဒိဋ္ဌာနုဂတိလမ်းကို၊ ဖြောင့် တန်းမသွေ၊ အတုလိုက်စေခြင်း၊ ။လယ်ကောင်းမြတ်ထွတ်၊ ရဟန်းတို့ကျင့် ဝတ်ကို၊မချွတ်မယွင်းအောင်၊ ပုံ့ပိုးစေတတ်ခြင်း၊ ၊ပစ္စည်းဥစ္စာ လွန်စွာ ပွဲ၍၊ဆင်းရဲဒုက္ခ၊တွေ့ကြုံရသောသူ ဇရာဒုဗ္ဗလ၊အနွယ်ကျသူတို့အား၊အပါယ် မှမြစ်တား၊ မလားအောင် စောင့်ရှောက်လျက်၊ နောက်နောက်ဘဝ၊ ဖြစ် သမျှတို့၌၊ချမ်းသာသုခ၊ ရရှိစေရန်၊ အခွင့်ခံ၍၊ စီမံ၍ပေးခြင်း၊ ၊သာဝက ဗောဓိဉာဏ်၊ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗုဒ္ဓ ဓိဉာဏ်၊ ရတို့ရန်အရင်းအနှီး တို့ကိုလည်း၊ အသီးအသီး ဖျန်းမှု၍၊ ကမ်းလှမ်းငွေ့ခြင်း၊ ၊အပ္ပိစ္ဆတာ သန္တုဋ္ဌိတာ၊အစထား၍ဟောကြားတော်မူအပ်သည့်၊ (၁၀)ချပ်သောရဟန်း ကျေးဇူးတို့နှင့်၊သင့်တင့်လျောက်ပတ်၊ဖြောင့်မှန်ညီညွတ်ခြင်း၊ ၊ဓူတင်ရိဘရေန ပိဏ္ဍပါတနသန္တုဋ္ဌော ဟောတိ၊ဟူသောပါဠိ၊အရသင့်သမ္မန္တဘည်ရခြင်း၊ ၊ ဖြောင်း,ပဲ,လူး,ဆပ်,၊ ရရသမျှသောမိဿကဘတ်ဖြင့်၊လျောက်ပတ်စွာမျှတ၍၊ ခဲခဲယဉ်းယဉ်းကျင့်ရသော ဒုက္ကရစရိယာတရားကို၊အားထုတ်တော် မူသော သယမ္ဘူထွတ်ထား၊မြတ်ဘုရားတို့၏ ထင်ရှားမြဲမြဲမြတ်လှစွာသော မဟာပဓာန အကျင့်တော်ကိုပူဇော်ရခြင်း၊ ၊ပိဏ္ဍပါတ်ဆွမ်း၊ ကြွမြန်းရပ်ခံခြင်းနှင့် စပ် လျဉ်းပြီးသော်၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား-ဟောကြားတော်မူအပ် သော၊ ဥတ္တိဋ္ဌေနပမဇ္ဇေယျ၊အစရှိသောစကားတော်ကို ပူဇော်ရခြင်း၊ ၊အန ဝဇ္ဇပိဏ္ဍောဘောဇ္ဇံဗွာ၊အစရှိသော သုတ်ပါတ်၊သောဏကာကဖါတ်လာ၊သမဏ ဘဒြကထာ ဒေသနာစကားကို၊ စဉ်းစားဆင်ချင်၊ တွေးထင်မိဘိုင်း၊ သတိ

သမ္ဗောဓိဉာဏ်တရား၊ဖြစ်ပွါးရခြင်း။ ။ဝိတ္ထာရစာရိကာဝတ်၌လာသည့်၊ အရာမကဲ များပြားလှသော၊ သီလသိက္ခာ၊ ဖြည့်ကျင့်ရာတို့ကို၊ မှန်စွာအသင့်၊ သဒ္ဓါပွင့်အောင်။ဖြည့်ကျင့်ဆည်းပူးခြင်း။ ။အာဟာရေပဋိကူလ၊ ရွံဖွယ်ပြအပ်သော။ဓေကုန္တ သညာကိုထင်မြင်စွာနှလုံးသွင်းရခြင်း၊ ။အဋ္ဌသံဝေဂဝတ္ထု။နီ၊စ,သည့်ဟောပြတော်မူအပ်သော ရှစ်ရပ်သောသံဝေဂတို့တွင်၊အာဟာရပရိယေသန မူလက ဒုက္ခဟူသော အဋ္ဌမသံဝေဂကို၊ ဒိဋ္ဌမျက်မှောက်၊ လက်ရောက်တွေ့မြင်ရခြင်း၊ ။လူတို့နေရာ၊မြို့ရွာအတွင်းမှာ၊ ပျက်စီးခြင်းဟူသော အမျိုးမျိုးသော၊ ဝိပ္ပတ္တိတို့ကို၊ မျက်စိမြင် နားကြား၊ အတွေ့အကြုံ များပြားသဖြင့်၊ တေဘုမ္မက သင်္ခါရတရားတို့၏၊ ဝိပရိနာမ၊ ဘိန္ဒနဓမ္မော၊ အနိစ္စသဘောတို့ကို၊ စိတ်မနေအတွင်း၊နှလုံးသွင်းရုံမကဘဲ၊အထပ်တလဲလဲ၊မပြတ်မစဲ၊တွေ့မြင်ရခြင်း၊ ။တွေးထင်တိုင်း၊တွေ့မြင်တိုင်းလည်း၊ဘုရားကိုယ်တော်မြတ်ကြီးကို၊ အထူးကြည်ညို ရိုသေမြတ်နိုး၊ အားကိုးသောစိတ်၊ တရားတော်ကို၊ အထူးကြည်ညို၊ ရိုသေမြတ်နိုး၊အားကိုးသောစိတ်၊ တဖိတ်ဖိတ်တလျှပ်လျှပ်၊မပြတ်မစဲ၊စွဲမြဲတို့ဖြစ်ပေါ်ခြင်း။ ။ဣရိယာပထ၊ညီစွာမျှသျှင်၊ သပ္ပါယဖြစ်ခြင်းအကြောင်းရင်းမို့၊ အနာရောဂါ ကင်းရှင်းခြင်း၊ အစရှိသော စင်္ကမာနိသံသတရား၊စင်္ကြံနဲ့သွားခြင်း၏အကျိုးငါးပါးကို၊မျက်ဝါးထင်ထင်ရခြင်း၊ ။ဤသို့စသည်၊ အထိထိ မှတ်တန်းရှိသော ပိဏ္ဍပါတ်ဆွမ်း၏၊ အကျိုးကျေးဇူးတို့သည်၊ အထူးသဖြင့်များပြားကုန်၏၊ ။ထိုသို့ပြအပ်၊ အကျိုးအာနိသင်အရပ်ရပ်တို့ကြောင့်၊ ပိဏ္ဍပါတ်ဆွမ်းကို၊ နိုင်ငံပြု၍၊ ဂရုခံမှု၊ အားထားတော်မူကြရသည်၊ ။

ပိုလွန်၍ရအပ်သော အတိရေကလာဘ်၏ အကြောင်းမှာ၊ ဂိလာနဖြစ်ပွါး၊ အရေအသား လျော့ပါး၍ ကာယဗလအားနည်းခြင်း လက်ခြေများမှာ အနာရောဂါရှိခြင်း၊မျက်စိနှင့်နား၊အင်္ဂါရိုယွင်း၊အိုမင်းခွဲနဲ့ခြင်း စသည်တို့ကြောင့် ကာယိကဒုက္ခများပြားလှသဖြင့်၊ စေတသိကသုခကိုမရခြင်း၊ ဒုဗ္ဘိက္ခကာလ၊ ငတ်မွတ်သောအခါသမယဖြစ်၍၊ အမှန်ခွဲတ်ဆွမ်းခံဝတ်ဖြင့်၊ ပတ်ရစ်လှည့်လည်ရာ၊ သဒ္ဓါတရားနှင့်၊ ငွေအသပြာခနဲ့၊ လုံလောက်မှုသာ၍၊ သပ္ပုရိသခေါ်မှတ်၊သူတော်ကောင်းလူရတတ်တို့က၊သံဃဘတ်၊ ဥဒ္ဒေသဘတ် အစရှိသော သံဃိကဒါန ဘတ်တို့ကို၊ မပြတ်ကြီးကုတ်၊ အားထုတ် လှူဒါန်းခြင်း စသော အကြောင်းနှင့်စပ်၍၊ အတိရေကဘတ်ကို၊ အနုညာတ်၊ တဆင့်ထပ်လျှောက်၊ နှင်းအပ်ခွင့်ပြုတော်မူပေသည်၊ ။စင်စစ်အားဖြင့်၊ ဘုရားရှင်သာသနာတွင်၊ အလွန်အကြူး၊ စိတ်သဒ္ဓါ ကြည်နူးသဖြင့်၊ ကုသိုလ်ထူးဖြစ်ချင်၍၊ ပိဏ္ဍပါတ်

ရှုဘင်၊ ယူဆင်မြဒ်၊ ကျင့်ဆောက်တည်သော ယောဂီ ရဟန်းသည်ကား။ သံဃာဘတ်၊ ဥဒ္ဒေသဘတ်စသော အတိရေကဘတ်တို့ကို- သာယာနှစ်သက်ခြင်း၊ လွတ်ကင်းစေအင်၏၊ လွတ်ကင်းလေအောင်- ကြဥ်ရှောင်ကြမည်တဲ့၊

ရဟန်းသစ်ကား ကောင်းပါပြီဘုရားဟု-လျှောက်ထား၊

မှာသားချက်၊ ။ဤယခု-ဆိုပြခဲ့ပြီးသောအမိန့်ပါယ်စကားများမှာ၊ သံဃာဘေဒကသိက္ခာပုဒ်၏၊ နိဒါန်းတွင်၊ ရှင်ဒေဝဒတ်ဝတ္ထုအဖွင့်၊ အဋ္ဌကထာကြီး ရဘင်နိဒ္ဒေသအဖွင့်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး၊ သုတ္တနိပါတ်ဆိုင်ရာ၊ ဓမ္မပဒအဋ္ဌကထာကြီး၊ သင်္ဂြိုဟ်ပါတ်ဖာတ်အဋ္ဌကထာကြီးများကို၊ ထောက်ထားပြီးလျှင်၊ မြတ်စွာဘုရား အလိုတော်နှင့် ချင့်မျှော်၍၊ သင့်လျော်ညီညွတ်လေလေအောင်၊ အပ္ပသုတဒုပ္ပညအနွယ်၊ရဟန်းငယ်ကလေးများလည်း၊ အလွယ်တကူနှင့်၊ မှတ်ယူရလေအောင်၊ သာသနာတော်ကို။ ကြည်ညိုရှင်းရှိကြသော ကုလပုတ္တ၊ သဒ္ဓါနုအပေါင်း-သူတော်ကောင်း အမျိုးသားတို့လည်း၊ ကြားရ-နာရ၍ဘတ်ရှုရက၊ ဥဇ္ဈာယစေတနာနှင့်၊ သဒ္ဓါပသန္နပျံ့ပွါး၍၊ရဟန်းဖြစ် များပြားလေအောင်၊ ရည်ဆောင်သောစိတ်ထားနှင့်၊ ရေးသားထည့်သွင်းလိုက်ရ ပေသတည်း၊ ။

ဆိုခဲ့ပြီ ဖြစ်သော၊ ။ပဉ္စတီမုနိနော၊ ...... ...... လ ...... ..... ဗလံမ၊ ။ဟူသော ဓမ္မပဒအဋ္ဌကထာနှင့်၊ငါးခုငါးဆယ်ဇာတ်တော်တို့မှာလာရှိသောပါဠိဂါထာ၏၊မြန်မာပြန်အနက်ကား။ ။မုနိနော၊ ရဟန်းအား၊ဝါ၊ ရဟန်းတို့၊ ကုလေ ကုလ၊အမျိုးအိမ်တိုင်း-အမျိုးအိမ်ဘိုင်းထေါက်-ပေးကာ၊အတန်ငယ်-အတန်ငယ်၊ ဘတ္တံ၊ဆွမ်းသည်၊ပဉ္စတိ၊ကျက်၏၊ တနည်း၊ဘတ္တံ၊ဆွမ်းကို၊ ပစ္စတိ၊ချက်၏၊ယာဝ၊အကြင်ရွေ့လောက် နှောင်ဘလျှောက်၊ မမငါ့အား၊ဝါ၊ငါ၏၊ ဇင်္ဃဗလံ၊ သလုံးမြင်းခေါင်း ခြေနှစ်ချောင်းဖြင့် ရွေ့ပြောင်း သွားလှမ်း၊ အားအစွမ်းသည်၊အတ္ထိ၊ရှိသေး၏၊ တာဝ၊ ထိုအားစွမ်းပြည့်မြောက် ရှိသလောက်၊ ပိဏ္ဍိကာယ၊ခန္ဓာပဉ္စက၊မျှဘ,စေတို့ ဆွမ်းအလို့ငှာ၊ဧရိသသာမိ အိမ်ဥဉ်မပြတ် လည်ကာချင်၍ လှည့်ပတ်မသွ မြန်းကြွပေအံ့၊

ပထမနိဿယ ပြီး၏၊

---

နာဂ၊နာဂဟူသည် ယခင်မည်ဖြင့် တင်ချိသွင်းလှဂ် ပဋ္ဌင်းသစ်၊ သုဏာသိ၊ နားစေ့စေ့ထောင်၊ဝါ၊ ပုံသုကူလ-စီဝရဋ္ဌ၊ သိထိုက်သိရာ အဖြာဖြာကို ရံရှာကြားအောင် သင်နားထောင်၊ ဝရဝဏ္ဏာနိ ၊နှုးညှံ့မှုသိမ် ဝင်းပြောင် ထိန်

အောင် ရောင်ရှိန်ကွန့်မြူး မွန်မြတ်သောပုဆိုးတို့ကို၊ ပဟာယ၊ မတွယ်မတာ
ပွယ်ရေဟု ပယ်ခွာမယူ-စွန့်ပစ်တော်မူ၍၊ သဗ္ဗဗုဒ္ဓေဟိ၊ငါးမာရ်နအောင်မြင်
ခဲသိမ်းသောဘုရားရှင်တို့သည်။ ဓာရိတံ၊ဆောင်တော်မူအပ်ထသော၊ ဝါ၊အ
မြဲမပြတ် ဝတ်ရုံတော် မူအပ်ထသော။သန္တဋ္ဌ-ကဝစံဝိယ၊မိန့်ညိုသွားကာ-ချပ်
တ ဆာကဲ့သို့၊ဝါ၊မိန့်ညိုသွားကာ-ချပ်တန်ဆာနှင့်တူသည်ဖြစ်၍၊မါရသေနင်္ဂနို
ဃာတာယ၊မာရ်စစ်သည်တပ်အရပ်ရပ်ကို သတ်ဖြတ် ဖျက်ဆီးအံ့ သော၄ာ၊
ဓရန္တဲ့သ၊ မြိုက်လမ်းပွင့်စေ ခွင့်မသွေအောင် ကျင့်ပေထသော။ ဝရယောဂိ
နော၊ သဘောမနှသီ မွေ့ဘမှိသည့် ယောဂိပုဂ္ဂိုလ်မြတ်အား၊ အနုစ္ဆဝိကံ သင့်
လျော်စွာထသော။သမဏသာရုပ္ပပရိက္ခာရံ၊ ရဟန်းတော် အရှင်မြတ်တို့အား။
လျောက်ပတ်သော အသုံးအဆောင်လည်းဖြစ်ထသော၊ သဗ္ဗဗုဒ္ဓေဟိ၊လောက
ထွတ်တင် အားလုံးသောဘုရားရှင်တို့သည်၊ဝဏ္ဏိတံ အငြဲမပြတ် ချီးမွမ်းအပ်
ထသော၊ ပါသာဒိကံ၊တင့်တင့်တယ်တယ် ကြည်ညိုဘွယ်ကို ဆောင်သွယ်
တတ်ထသော၊ အပ္ပိစ္ဆတာဒိနံ၊တို့အား၊အနုလောမံ၊ထသော၊ သမဏဇိုးတ္တိ
အနု-မြူပြုနံ၊ ထသော။ ပစ္စယမေနတာဒိဗ္ဗာနုဂတိ၊ နောင်လာ နောက်သား
တပည့်များ၏ ထင်ရှားလမ်းကြောင်း စခမ်းကောင်း၌ တိမ်းစောင်းပိုက် မြင်
ဘူးသည်ကိုအတုလိုက်ခြင်းသို့။အာပါဒနံ၊ရောက်စေတတ်ထသော၊ သောသာ
နိကပါပဏိကာဒိတေဝီသတိဝိဓံ၊ သင်္ကြိုင်း၌စွန့်ပစ်သောပုဆိုး၊ အိမ်ဈေး၌စွန့်
ပစ်သောပုဆိုးအစရှိသောနှစ်ဆဲ့သုံးမျိုးလည်းဖြစ်ထသော၊ ပံ့သုကူလစီဝရံ၊
ပံ့သုကူသင်္ကန်းကို၊ ဝါ၊ဖုံမှုန့်မြေမြူ ညစ်ကြေးထူသော ပံ့သုကူသင်္ကန်းကို၊
ဝါ၊သိမ်းဆည်းမည့်သူ-မရှိဟူသောပံ့သုကူသင်္ကန်းကို၊နိဿာယ၊၍၊ ကုလ
ပုတ္တာနံ၊တို့၏၊ယာပဗ္ဗဇ္ဇာ၊သည်၊အတ္ထိ၊၏၊တတ္ထ၊ထိုပံ့သုကူသင်္ကန်းဖြင့်ရဟန်း
ဖြစ်ရာ၌၊ဝါ၊အဝတ်သင်္ကန်း-ပါးရှားနွမ်းသောဟန်း၏အဖြစ်၌၊ တေတယော၊
ယာဝဇီဝံ၊ယာဝဇီဝံ၊ဥဿာဟော၊ ဒုက္ခမဖွဲ့နှောင် လူတို့ဘောင်ကို ခွာရှောင်စွန့်ပစ်-သင်
ပဋ္ဌင်းသစ်သည်၊ယာဝဇီဝံ၊ဆုံး၊ဝါ၊သိက္ခါ...... လ ...... လုံး၊ဥဿာဟော၊ကို၊ကရ
ဏီယော၊ကာတဗ္ဗော၊ ၏၊ ဝါ၊ပြုထိုက်............ လ............ လေ၊ ၊အတိရေက
လာဘော၊ရှေးဘုန်းရှေးကံ ပြုစိမံ၍ အင်မတန်လာဘ်များပါမူကား၊ဝါ၊အဝတ်
အခြံ ကုသိုလ်ဟုန်သည် စွဲထုံသမှု စိမံပြုသဖြင့်၊ပံ့သုကူလ၊စီဝရထက် ပိုလျှံ
တက်၍ ပြည့်နှက်ပေါများသော လာဘ်သပ္ပကာရှိပြန်ပါမူကား၊ ခေါမံ၊ခေါမ
ဟူသည် အောက်မဲခြည်ဖြင့် တဲ့ရှည်ဖွဲ့တန်း ရက်အပ်သော သင်္ကန်းကိုရင်း၊
ဝါ၊ခေါမဟူသည်-နှမ်းကြပ်ချည်ဖြင့် စပ်ရှည်ဖွဲ့ဘန်း ရက်အပ်သော သင်္ကန်း
ကိုရင်း၊ဝါ၊ ခေါမဟူသည်-နာနုတ် ချည်ဖြင့် စင်ရှည်ဖွဲ့တန်း ရက်အပ်သော

သက်နိုးကိုရင်း၊ကပ္ပါသိကံ၊ဝါဂွမ်းမှဖြစ်၊ နူးညံ့ချောမွတ်သား ဖင်ရွတ်,ဝိတ်,ဖျင်မာလကျင်စသော သက်နိုးမျိုးကိုရင်း၊ ကောသေယျ၊အဒိမ်ပိုးရစ် ပိုးမှဖြစ်၍ ကျစ်လစ်နူးညံ့ ရောင်လင်း ကြည်သော ပိုးချည် သက်နိုးကိုရင်း၊ ကမ္ဗလံ၊ သားရဲမွေးမျှင် လူဆံပင်ကို ရောင်ကြည်ရက်အပ် ရောင်ရှင်လျှပ်၍ သက္ကလပ်ဟု ပညတ်ပြုလျက် ခေါ်မှတ်ငှဆန်း ကမ္ဗလာသက်နိုးကိုရင်း၊သာဏ ပိုက်ဆံခေါ်တွင် လျှော်ခြည်မျှင်ဖြင့် ပေါ်လွင်စွာရက်အပ်သောသက်နိုးကိုရင်း၊ဘင်္ဂ၊ ဘန်ဟုခေါ်တွင် လျှော်ချည်မျှင်ဖြင့် စီရင်ရက်အပ်သော သက်နိုးကိုရင်း၊ဝါ၊ ခေါမ,စသည်၊ချည်ငါးမည်ဖြင့် ပေါင်းရှည်ဘက်စပ် ရောနှော၍ရက်အပ်သော သက်နိုးကိုရင်း၊ပရိဘုဉ္စဘဖွံ့၊ဘယ်သက်နိုးဟု ခွဲခြမ်းမရွေး ဝတ်ရုံသုံးဆောင်အပ်ပါသေး၏၊ ၊{ရဟန်းလောင်းက၊အာမဘန္တေ၊ဟု-လျှောက်ဆိုလေ၊}

ဗိဘ္ဇာဠ္ဌအဓိပ္ပါယ်မှာ-ဂင်္ဂါသဲတူ ပွင့်တော်မူသည့်၊ သယမ္ဘူဗွတ်ထား၊ ဒ္ဓဆူဆူသောမြတ်စွာဘုရားတို့သည်၊ လျှားရှည်နံပျိုံ အထူးခံ့ညားနူးညံ့မွေ့ထိမ် ဝင်းပြောင်ထိန်အောင် ရောင်ရှိန်ကွန့်မြူး ပွန်မြတ်သောပုဆိုးတို့၌၊ အမျိုးမျိုးအပြစ်မြင်၍ မချစ်ခင်မစွဲသမ်းဘဲ ရဟန်း တို့မှာ မဖွယ်ရာဟု-မတွယ် မတာပယ်ခွာ စွန့်ပစ်တော်မူ၍၊ ပံ့သုကူသက်နိုးကို တင်လွှမ်းဝတ်ရုံ သုံးဆောင်တော်မူကြကုန်သည်၊

ပံ့သုကူသက်နိုးဟု၊မှတ်တန်းပြုကြတာ၊ဘယ်လိုဟာခေါ်ပါသလဲဆိုတော့ ထိုသိုမျိုးရွာဒေသ-အရပ်ရပ်ဌာနမှာ၊မိန်းမ,ယောကျ်ား-လူအများတို့-ဝတ်စားဆင်ယင်လေ့ရှိကြတဲ့၊ အစစ အဝတ်အထည်မျိုး ပုဆိုးဖြစ်ဖြစ်-ပဝါဖြစ်ဖြစ်၊ အင်္ကျီ လုံချို၊ထမီတဘက်ဖြစ်ဖြစ်၊သစ်သစ်လတ်လတ်မို့ ကောင်းကောင်း ညစ်ညစ်ဆပ်ထပ်မို့ဘဲ ဟောင်းဟောင်း-ကောင်းလွန်းလို့ဖြူဖွေးဖွေး ဟောင်းနွမ်းလို့ဘဲ သူ့ဆွေးဆွေး-ဘာဘာညာညာမရွေးနှင့်၊ဇလေ့လူ-အရှင်လွတ်လို့ပို့-စွန့်ပစ်ဘဲ့ အဝတ်အထည်မှန်ခဲ့မူ ပံ့သုကူတဲ့၊ ၊အဲဒါကြောင့်။ ၊အသာမိက်ဟဲ ပံသုကူလန္တိ ဝုစ္စတိ၊ ၊လို့-ကျမ်းဂန်များမှာရှိတယ်၊ ၊ဟိုသင့်၊မှန်၏၊ အသာမိကံ၊ဥစ္စာရှင်သခင်းဆည်း စွန့်ပစ်ထားသောပုဆိုးကို၊ပံသုကူလန္တိ၊ ပံ့သုကူဟူ၍၊ဝုစ္စတိ၊ဆိုအပ်၏-တဲ့၊ ၊မှတ်သိဘွယ်မှိုင်မြမ်းပြဲလျှင်၊ ဈေးနီးလမ်းမသုသာန်စသော အရပ်ဌာနတို့မှာ။ လူတကာ စွန့်ပစ်ထားတဲ့-အဝတ်အစားအထည်အသိပ်ရ ကြည့်ရှုတွေ့မြင်လျှင်၊ဥစ္စာရှင်အရေးယူနည်းကြောင့် ပံ့သုကူဖြစ်ပြီးဘဲ၊ ၊အဲ-အများတကာသွားလာကူသန်း၊ လူပုံမြွမ်းတဲ့ ဆုံလမ်းဈေးအနီးမှာ၊ချွေးချေးတွေ-အမှိုက်သရိုက်းတွေနှင့် ညစ်ပေအောင် ရစ်ထွေးသော၊အဝတ်ဆွေး-အဝတ်ပုတ်ကို ကောက်ယူကာ ဖွပ်ချုပ်၍၊ သက်နိုးလုပ်

ဝတ်ကြရမယ်တဲ့၊ချစ်လှစွာသော သားတော်ရဟန်းများမို့၊ မြတ်ဘုရား-ဘ, ဗိတာက၊အထည်ရတနာ အကောင်းအမြတ်တို့ကို၊ ပေးအပ်တော်မူတာပေါ့ ၊ ၊ဘဲ့နှယ်လဲ-မကောင်းပေဘူးလား၊ ချွေးချေးနံ့ကလေး ပျံ့လှိုင်လျှင် မွှေးမွှေး ကြိုင်ကြိုင်တော့ မဟုတ်လဲ့ပေဘူးပေါ့သလ။ ရနံ့ကဖြင်းတော့-ခပ်သင်းသင်း ကလေးရှိမှာပေါ့-ဟုတ်ကဲ့လား၊ ၊အဲဒီ-ပံ့သုကူဟာ၊လူတကာ-အရေးမထား တဲ့ အလေးအမွှား အမှိုက်ပုံ-ဒိုက်သရိုက်အမှုန့်-ပြုပုတ်ထဲက၊ အရုတ်အပြ အဝတ်ဆွေးကြီး-ချွေးချေးတွေ-ဖုန်တွေ-ညစ်ပေအောင်လိမ်းကြံလူးနေပေမဲ့၊အဲဒီ-အဝတ်ကို-တသိန်းမတန်ဘူးလို့များ မမှတ်နှင့်နေဘ်၊ တကဲ့ဇော်ဆိုတဲ့-အဝတ် ကောင်း၊အထည်ကောင်းတဲ့။ကိုယ်တွင်းမှာကိန်းအောင်းတဲ့။အသိန်းအသောင်း ကိလေသာ၊ အဇ္ဈတ္တ ဘေးဘယာတို့ကို ဝေးကွာအောင် ထောင်းသတ်က-ကောင်းမြတ်လှသော အရဟတ္တဇ၊ အနဃ အထည်ဖြစ်လို့မို့၊ မည်သို့မှကန့် သတ်၍ အဘိုးမဖြတ်နိုင်ဘူးလို့ဆိုဘို့ရန်ပ၊ ၊အဲ-သုသာန်တစ၊ သင်းဂြိုင်းဝ မှာလဲ၊ ဥဒ္ဓုမာတက၊ ဖေါင်းပွပုပ်ဟောင် သူသေကောင်ကို တုပ်နှောင် ပတ် ရစ် စွန့်ပစ်၍သား။သို့ကလိုအဝတ်အထည်များလဲ-တပည့်သား အရှင်ရဟန်း တို့-ဆက်နဲ့ဘို့ကောက်ယူ၊ပံ့သုကူဘဲ၊အဲ-သုသာန်မြေတခွင်မှာ တန္ဆေ မှင် စာကို အလွန်တချကြောက်ရွံ့လို့-ပံ့သုကူမကောက်ဘံ့ဘဲများလဲဖြစ်မနေပါ နှင့်ဦး။လူတွေသေတိုင်းလဲ-တန္ဆေဂိုဏ်းမရောက်ထဲ့ပါဘူး၊မိန္ဒာယွင်းဖေါက် တယောက်တလေ အယူလွဲသေလျှင်သာ၊တန္ဆေမှင်စာ၊ပြိတ္တာသူရဲ၊ဖြစ်ချင်လဲ ဖြစ်မှာပေါ့သလ၊မေတ္တာသားမိုးကောက်-ငါတို့ကိုမချောက်နှင့်လို့ပြောရဒါပေါ့-ဟုတ်ကဲ့လား၊ ၊သေပြီးသားအလောင်းကောင်က၊ခေါင်းထောင်မလာနှင့်ဟဲ့ နေဘ်လို့ဆိုပြီး-သူ့ကိုယ်မှာစည်းထားတဲ့ အထည်အဝတ်ကို ဖြည်ချွတ်ဖြတ်ယူ ပံ့သုကူရဒါပေါ့၊ ဥစ္စာရှင်ရှိ-မရှိကိုလဲ-သေချာစွာသိဘို့ရန်၊သင်္ခိကံ-အသင်္ခိ ကံ လို့၊သူသေထံ ခွင့်ပန်သည့်သဘော ပြောဆိုမေးအဲဒါလိုမေးတော့-အလို သေး တပည့်တော်. အဝတ်ပါ မချွတ်ပါနှင့်ဘုရားလို့များ လျောက်ထားသူ-ပြိတ္တာ တန္ဆေ၊အကောင်သေ-ဘုတ်သူရဲက၊ယုတ်ခနဲ အမြန်ထ,တဲ့ပြီး။ အသံ က-အဲ့တဲ့တဲ့ကြီးနှင့် မဲ့ရွဲ့ပြီး-လျှောက်ဆို မှဖြင့်၊ အကြောက်ကို ဘာပြော ကောင်းမလဲ၊တခါထဲ-လန့်ဖျင်ပြီး၊ ကြက်သီးမွေးညှင်းတွေ-ထဖျင်းဖျင်းထ, လာမှာပေါ့-ဟုတ်ကဲ့လား၊ ၊အဲဒါလို-လန့်ကြောက်ရော စကားများ၊ သူ တပါးက ပြောတိုင်းလဲ၊အလိုင်းတကြီး-အနည်းနည်း ကြောက်ဘွယ်တွေကို အကျယ်ကျယ်တွေးမနေပါနှင့်ဦး၊ ဆယ်ရေးတရေး-ကိုးရေးတရားခြောက်လို မှ ခြောက်မှာပါ၊ကြောက်ဆိုဒေါ်ဗိတ်ဘဲ-ရဲဆိုဒါလဲ ဒိဋ္ဌရား၊လူများက.ဘုန်းကံ

သာပြီးရို့၊ ဘုတ်ပြိတ္တာ-တန္တြေ-သူရဲ၊ ကံနဲ့ထဲ့သတ္တဝါတို့မှာ သာလို့ပင်
ကြောက်ရှားပပေ။ ။အဲဒါကြောင့်-သူတို့က မခြောက်ခင်၊ အလျင်တင်ကူး
၍ ကိုယ်ကဦးအောင် လှမ့်ခြောက်ပြီး၊ ပံ့သုကူးကောက်ယူ ပေတော့-ကြား
လား၊ ။အဲ-တနင်္လာက လှန်းခြောက်လို့-လန့်ကြောက်တိုင်းမြန်ပြေးမှဖြင့် ပံ့
သုကူသာတ်နှင့်ဝေးတော့မယ်၊ ဧ-ဒါကြောင့်ရို့လို့ ကြောက်သျှင် လဘ်လွဲ-
ရဲလျှင်လာဘ်ရတယ်လို့ မှတ်ကြတဲ့စကားပုံကို-များအကုန် သုံးနေကြတယ်
မဟုတ်သား၊ ။အဲ-ယခုဆိုခဲ့ပြီးသော-သောသာနိကာပါပကြိကမှာ၍ ပံ့သု
ကူလစိဝရအခည်{၂၃}ထည်တဲ့၊ အလိလိသရုပ် ဖွင့်ထုတ်ပုံအချက် မှာတော့
ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းမှာ စိဘန်း၍ပါသဖြင့် သင်ယူသောအခါမှ-စေ့ရုံစွာ
သိပေတော့။ ။{ပဟန်းလောင်းက-မှန်ပါဘုရားဟု လျှောက်ထား၊}

ဘယ်-အကြောင်းကြောင့်၊ ၎င်းပံ့သုကူသင်္ကန်းကို နှိုင်းပြ၍၊ ဂရုဓမ္မ
တရားဖြင့် အားထားကြရပါသနည်းဟူမူ၊ ။ပံ့သုကူလ စီဝရဆိုသည်မှာ-
မိန်ညိုလွှားကာ၊ ချင်တန်ဆာကဲ့သို့ ကိလေသာဟူသော-မာရ်စစ်သည်တပ်၊
သူပုန်ရင်ကို-သတ်ဖြတ်ဖျက်ဆီးရန် စွဲညည်သန်၍၊ ကျင့်ကြံကြိုးကုတ်၊ ရန်မျိုး
ပြုတ်အောင် အားထုတ်တော်မူကြသော၊ ဓမ္မစာရီ ယောဂီအပေါင်း ရဟန်း
ကောင်း-ရဟန်းမြတ်တို့နှင့် လျောက်ပတ် သင့်လျော်သည်။ ။ရဟန်းတော်
အရှင်မြတ်တို့ အမြဲမပြတ် ဝတ်ရုံအပ်၍ လျောက်ပတ် ထင့်တယ် စွာသော၊
သင်္ကန်းပရိက္ခရာမျိုးဖြစ်သည်။ ။သယဲမ္ဘူ ထွတ်ဘင်-သဗ္ဗညုဘုရားရှင်တို့
သည် အစဉ်နှိုင်းငြိမ်း ရှေးနည်းလမ်းဟု ချီးမွမ်းတော်မူကြသည်၊ ။အရိယာ
တို့၏တံခွန် ထူမြတ်မွန်၍ အလွန်တင့်တယ် ကြည်ညိုဘွယ်ကို ဆောင်သွယ်
တတ်သောသဘောရှိသည်၊ ။အပိစ္ဆတာ၊ သန္တုဋ္ဌိတာ-အစဉ်ထား၍ ဟော
ကြားတော်မူအပ်သည့်၊ ဆယ်ရပ်သော ပဟန်းကျေးဇူးတို့နှင့် အထူးသဖြင့်
သင့်တင့်လျော်ကန် ဖြောင့်မှန်ညီညွတ်သည်။ ။ပံ့သုကူသင်္ကန်း-နိဗ္ဗုရဝဆင်
မြန်း၍ တင်လွှမ်းမျှော်နိုင်သော ရဟန်းတော်အရှင်မြတ်တို့မှာ၊ ဂဟဋ္ဌဖြစ်သူ-
လူတို့၏ ကျေးဇူးဥပကာရဟူသော-မြီကြွေးမှ ကင်းဝေးလွတ်ကွာ ငြိုးသျှင်၊
ဒါယကာတို့အပေါ်မှာ-ငဲ့ညွှာမျှော်ထောက်၊ စောင့်ရှောက်ခြင်းမှလည်း လွတ်
ကင်းငင်ကြယ်သည်၊ ။အိမ်ရာထောင်သူ လူတို့နှင့်စပ်ယှဉ်သော၊ သံယော
ဇဉ်တဏှာကြိုးနှင့် အမျိုးမျိုးသောပိုးရိမ်ကြောင့်ကြ၊ ကုလမစ္ဆေရ စသည်တို့
မှလည်းလွတ်ကင်းရသည်၊ ။အသုဘ၌၊ သုဘဟူ၍စွဲယူမှတ်ထင် အမြင်
ဘောက်ပြန် မမှန်လွဲမှား လွန်ဆိုဝါးသော-ဝိပ္ပလ္လာသ တရား တို့ကိုလည်း
ပယ်ရှားနှိမ်နင်းရသည်၊ ။အဝတ်တန်ဆာကို သာယာသမှု အစွဲပြု၍ ဖြစ်

သော၊ မည်းညစ်လှစွာ ဆိုးယုတ်မာသည့် တဏှာမာန တရားများကိုရင်း၊ ပရိက္ခရာအသုံးအဆောင်တို့ကို ပြောင်ပြောင်လက်လက်–နှစ်သက်လောစရိုက် ကြိုက်တတ်သော စာပလျှတရားတို့ကိုရင်း ပယ်ရှား လွတ်ငြိမ်းစေနိုင်သည် ။ ။နောင်လာ–နောက်သား၊ ပုဟန်းငယ်တပည့်များကို သနားခြင်းနှင့်ယှဉ် လျက်၊အစဉ်အဆက် မပျက်ကောင်းရာ–ညွှန်ပြကာဖြင့်၊ ဒိဋ္ဌာနုဂတိလမ်းကို ဖြောင့်တန်းမသွေ အတုလိုက်စေသည်။ ။ဇာတရိတနေနဗိဝရေန သန္တုဋ္ဌာ ဟောတိ၊ ။ဟူသော–ဒုတိယအရိယာဝံသမြွက်တည်ရခြင်း၊ ။ဘုရားမြတ် စွာ–ဗောသဖ္ဖာ၏ မဟာပဓာန၊ ဒုက္ကရ ရိယားခါ၊အကျင့်တော်ကို ပူဇော်ရ ခြင်း၊ ။ပံ့သုကူလစရံဇန္တုံ၊ကိသံဓမနိသန္တကာံ၊ဇကုံဝနသ္မိ ဈာယန္တံ၊တမဟံ ဗြူမိဗြဟ္မဏာံ။ ။ဟူသော–သာမုက္ကံသိက ပါဠိဇနေကားတော်ကို ပူဇော်ခြင်း အစရှိသော များစွာသောအကျိုးအာနိသံသရှိသည်၊ ။ဤသို့ပြအပ်၊ အကျိုး အာနိသင်အချပ်ချပ်တို့ကို၊မသပ်အောင်စွဲယူလျက် ပံ့သုကူသင်္ကန်းကို ခြုံ၍ ဂရုဓမ္မ၊အားထားတော်မူကြရတယ်တဲ့–မှတ်ထား၊ကြားလားမောင်နာဂ ။ ။{ရဟန်းသစ်က–မှန်ပါဘုရားဟု လျှောက်ထား၊}

{မှာထားချက်၊ ။အကြွင်းမှာ–ရှေးနည်းကိုမှီ၍ ဆိုလေ၊}

ဆဲ–ရှေးဘုန်းရှေးကံ စီရင်ဖန်၍၊အင်မတန်လာတ်လာဘ–အလွန်ဘဲပေါ်များ လှမူ၊ခေါမချည်ဖြင့်ယက်သောသင်္ကန်း၊ပိုးချည်ဖြင့်ယက်သော–သင်္ကန်းစသည် တို့ကိုလည်း ဆင်မြန်းသုံးဆောင်ရပါသေးရဲ့တဲ့–မှတ်ထား၊ ။{ရဟန်းသစ် က–မှန်လှပါဘုရားဟု လျှောက်ထားလေ၊}

ဒုတိယ နိဿယပြီး၏၊

---

နာဂ၊ပဥ္စင်းအဖြစ်သာသနာခေတ်သို့ ရောက်သစ်ခါစ မောင်နာဂ၊သုဏာသိ နားစိုစိုထောင်၊ ပါရုက္ခမူကျောင်း မှီတ်နှိမ်းအောင်းတို့ သိကောင်း–သိရာ အဖြာ ဖြာကို ရုံးစွာကြားအောင် သင်နားထောင်။သဗ္ဗရုက္ခ၊ သိမန္တရိက ရုက္ခ၊ စေ တိယရုက္ခစသည့်သုက်ဆင် ခနစ်ချင်းသောသစ်ပင်တို့ကို၊ဝိဝဇ္ဇေတွာ၊ရှောင်ဝင် ဘဲရှောင်ကြဉ်၍ ပီပာာရပေနှန္တာ၊ကျောင်း၏အနီးအနား–အစွန်အဖျား၊ငိုတံ၊ တည်ထသောသင့်ဗုဒ္ဓဘိ၊ခပ်သိမ်းများဖျင်–ဘုရားရှင်တို့သည်၊ဇဏ္ဍိတံ၊ နှ ဘေားမသန်း လွန်ချမ်းသည်ဟု ခြိုးမွမ်းအပ်ထသော၊ အနိစ္စသညာသမုဋ္ဌာပနံ၊ ရွက်ငုံသီးပွင့် နုရော်ရင့်တို့ ပြုတ်လွင့်ကြွေကျ၊တွေ့မြင်ရသဖြင့်၊ အနိစ္စသညာ ကို၊မကြာမကြာဖြစ်စေတတ်ထသော၊ သေနာသနမဏ္ဍ ရ ကမ္မရုတ္တာဘာဂံ၊

ကျောင်း၌ခန့်ထိုခြင်း၊ အမှုကြီးငယ်၌ မွေးလျော်ခြင်း၊ လွတ်ကင်းဝေးကွာထ
သော၊ဒေဝတာဟိ သစ်ပင်စောင့်ကြပ် ရုက္ခစိုးနတ်တို့နှင့်၊သဟာဝါသိတံ၊အတူ
တကွ နေထိုင်အပ်ထသော၊အပ္ပိစ္ဆတာဒိနံ၊တို့အား၊အနုလောမံ၊ထသော၊ပဝိ
ဝိဘုံ၊မြို့ရိပ်-ရွာရိပ်အသံတိတ်၍ကင်းဆိတ်ထသော၊အဠမာသေယေဝ၊ဆောင်း
နွေမာသ ပေါင်းရှစ်လ,တို့ပတ်လုံးသာလျှင်၊ဝါသိတံ၊မှီတင်းမပြတ်နေထိုင်အပ်
ထသော၊ဗုဒ္ဓဒါသန္တံ၊မြတ်စွာဘုရားပေးသနား၍ တရေးကျင့်ရာအခွင့်သာသည့်
အမွေဥက္ကာလည်းဖြစ်ထသော၊ ရုက္ခမူလသေနာသနံ၊လွယ်လင့်တကူ ရုက္ခမူဟု
ကြည်ဖြူဘွယ်ကောင်း သစ်ပင်ရင်းတည်းဟူသောကျောင်းကို၊ နိဿာယ၊၍၊
ကုသပုတ္တာနံ၊တို့၏၊ ယာပဗ္ဗဇ္ဇာ၊သည်၊ အဖွိ၊၏၊ တဏ္ဍ၊ထိုကြည်ဖြူဘွယ်
ကောင်း သစ်ပင်ကျောင်းဖြင့် ခိုအောင်းမယွင်း ကျင့်ခေးခြင်း၍ ပဋ္ဌင် ဖြစ်ရာ။
ခေတ်အခါ၌၊တေဟာယာ၊သည်ယာဝဇီဝံ၊လုံး၊ဥဿာဟော၊ကို၊ကရေဏီယော
ကာတဗ္ဗော၊၏၊ အတိရေကလာဘော၊ ရှေးကုသိုလ်မွန်၊သမ္ဘာ ချွန်၍ ပိုလွန်သော
လာဘ်သပ္ပာယ ရှိပါမူကား၊ဝါ၊ အာဝါသအလှူ ရှေကံ ကုသဖြင့် ရုက္ခမူ
ကျောင်း ကိန်းအောင်းရန်ထက် ပိုလျှံ လျက်၍ တိုးတက် ပျံ့ဘွား အလွန်ပင်
လာဘ်များပါမူကား၊ဝိဟာရော၊နှစ်ဘက်မိုးသောကျောင်းကိုရင်း၊ဝါ၊ဇာရိယာ
ပထ ညီမျှလအောင် အထူးဆောင်တို့ အတောင်ငံယှက်-ဂဠုန်ဌက်သို့ နှစ်
ဘက်အမိုး မြင့်ဝေ ဖြိုးသည့် ခေါင်ရိုးတပ်မှိုး ကျောင်းဆောင်ကြီးကို ရင်း၊
အဍ္ဍယောဂေါ တဘက်မိုးသောကျောင်းကိုရင်း၊ဝါ၊ ထက်ဝက်လောက်တွင်
အမိုးသွင်၍ ရှုမြင် တင့်တယ် ပုံဆန်း ကြယ်သည့် ငပယ် ကွန်းခံ ချယ်မွန်းမံ
လျက် ယွန်းပျံ သယ်ငါ စသောကျောင်းကိုရင်း။ ပါသာဒေါ၊ ပြာသာဒ်ရှည်ကို
ရင်း၊ဝါ၊တိုက်ခန်းအဆပ်ထပ် ဘုံဆင့်တင်လျက် မြင့်မြတ်ထူးလည် ရွန်းရွန်း
ကြည့်သော ပြာသာဒ်ရှည်ကိုရင်း၊ဟမ္မိယံ၊ ပြာသာဒ်ဦးပြည်းကိုရင်း၊ဝါ၊ဝန်းပိုက်
ပတ်ခြုံ ထီးဖြူရုံနှင့် နေပုံဘုန်ည်း နမူမှီးအပ်သော၊ ပြာသာဒ် ဦးပြည်းကိုရင်း။
ဂူဟာ၊လှိုဏ်ကိုရင်း၊ဝါ၊ ဘောင်ကျောက်မြေဂူ တူးဖေါက်ယူသည် လှိုင်ဂူ သ
ရိုက်-ဥမင်စသောဒိုက်ကိုရင်း ရူဘင်အသမာဒါနေန၊ ရူဘင်မဆောက်တည်
သောချဟန်းသည်၊ ပရိဘုဥ္ဇိဘဗ္ဗံ၊ဘယ်ကျောင်းမဆွေး နေထိုင်သုံးဆောင်အပ်
ပါသေး၏၊ ရူဘင်သမာဒါနေနပန၊ရုက္ခမူရူဘင် ယူဆောင်မြဲမှီ၊ ကျင့်ဆောက်
တည်သော ယောဂီချဟန်းသည်ကား၊ နပရိဘုဥ္ဇိဘဗ္ဗံ၊မနေထိုင်မသုံးဆောင်
အပ်၊ ၊{ချဟန်းသစ်က-အာမဘာနေ့၊ ဘာနေ့၊အရှင်မြတ်၊ အာမ၊ကြောင်-
ကောင်းပါပြီ ဘုရားဟုသျှောက်ထားလေ၊}

အဒိပ္ပါယ်မှာ၊ ဂင်္ဂါဝါဒ္ဓ-ပမာပြုအပ်သော အတုလထွတ်ထား သဗ္ဗည

မြတ်စွာဘုရား တို့သည်၊ တောဖျားမြိုင်စွယ်၊ ဂနိုင်ကျယ်တွင် ရှုဘွယ်သော တောင်း၊ သစ်ပင်ကျောင်း၌၊ ကိန်းအောင်းမျှတ-ရုက္ခမူဝိဟာရဟု ခေါ်ဝေါ်ပွား ရှာကြိုးစားတို့ ပြောကြားတော်မူကြသည်။ သိခဏ္ဍဒီကာ၊ ဒုက္ခ-နိကာယရုက္ခ-စသည်ထုတ်ဆင် ချစ်ရပ်သော သစ်ပင်တို့ကို၊ ဘဲကြည်၍ ရှောင်ရှားလျက်၊ ကျောင်း၏အစွန်အဖျား၌ ထင်ရှားစွာတည်ရှိ၍၊ အဘိရမ၊မွေ့လျော်ဘွယ်ရာ ဌာနရို့ သပ္ပါယ ဖြစ်သည် ခပ်သိမ်း များဖျင် ဘုရားရှင် တို့သည်၊ သစ်ပင် ကျောင်း၌ ကိန်းအောင်း ပျော်ကာ တရားရှာက-များစွာ ဘေးရန်၊ ဘေးလံမ သန်း လွန်ဇော်ချမ်းသည်ဟု ခြီးမွမ်းတော်မူကြသည်၊ သစ်ပင်နွယ်ချုံ-အခက်အ ရုံတို့မှာ၊ ရွက်ဟောင်းသီးပွင့် နု အရင့်တို့ ပြုတ်လွင့်ကြွကျ တွေ့မြင်ရသော်၊အနိစ္စ သညာကို မကြာမကြာအခါခါဖြစ်စေနိုင်သည်၊ကျောင်းကန်ဌာန အာဝါသ၌ မစ္ဆရိယဖြစ်ခြင်း၊ အနှုကြီးငယ်၌-မွေ့လျော်ခြင်း၊ပင်သနိုးရှင်း၍ လွတ်ကင်း ဝေးကွာသည်၊ သစ်ပင်အောင့်ကြပ် ရုက္ခမိုးနတ်တို့နှင့်၊ အတူဘက်စပ် နေထိုင် အပ်သည်၊ အပိဿတာ ..... ......ပ..... ......သည် မြို့ရိုင်ရွာရိပ် နယ်နိမိတ်မှကင်း ဆိတ်ဝေးကွာသည်၊ ဆောင်းသ၊ နွေသ၊ ရာသီမသော၊တို့ပတ်လုံး-သတင်းသုံး ပျော် မွေ့လျော်တည်နေနိုင်သည်၊

ဥပမာနှင့်တကွ သိသာထင်ရှားအောင် ထုတ်ဆောင်၍ ပြသော်။ အသိန်း အသန်းမျှလောက်သော ရန်သူတွေ အမြောက်အမြားကို-တယောက်အားနှင့် ပျက်ပြားစေလိုသောသူသည်၊ ထိုရန်သူတို့အလယ်၌ နေ၍၊ ၎င်းရန်သူတွေကို-သေကြပျက်စီးအောင် လုပ်ဆောင်ခြင်းငှာ မကြံ သာသဖြင့်၊ချားစွာပေါ်ယယ် ရန်သူဒုန်တို့၏အသယ်မှ၊ရှောင်ဖယ်ခွာထွက် လွတ်သောက်ရာရပ်ကွက်၌သော လက်နက်ကြံသော-ရိက္ခာစားနပ် တပ်ချ-ဗိုလ်ချုအလုံးအရင်းကို၊ရုံးဖွဲ့စည်း ခြင်းပြု၍၊အခွင့်ရနိုင်သည်၊အခွင့်ကော-အသင့်ရ၍၊အစစအဖုံဖုံ-အင်အားဗလ ပြည့်ပုံသော်-ထိုသူပုန်ရန်သူများကို၊ ပျက်ပြားလွင့်ကွာအောင် ကြံဆောင်နိုင် ရာသည်။ထိုဥပမာအတူ-ရန်သူအထပ်ထပ်-သိန်းသန်း မကသော-ကိလေသာ စစ်ဘပ်ကို ညှာ်သတ်ပျက်ဆီးနိ၊ အဘည်ကြံ၍ ရှည်သန့်တော် မူကြကုန် သော၊ အလုံးရုံသော-ဘုရားပစ္စေကဗုဒ္ဓါ၊သေကျှာ၊သေက္ခ။ရဟန်း ဟူ သမျှတို့သည်၊ချားဖြားလှစွာ၊ကိလေသာ အားရုံ၊ ကာမဂုဏ်ဘို့၏ ပေါင်းဆုံရ ဝေးရာ မြို့ရွာနိဂုံးမှ၊ထွက်ခွာပြီးလျှင်၊ သစ်ပင်ကြီးငယ်-ချုံနွယ် ဝိဘ်ပေါင်း။ တောမြိုင်စောင်းကို-ခိုအောင်းဘွယ်ဟု ခံဘင်မြို့-ဘည်ပြု၍၊ ဂရုခမ္မ-ဝိရိယ အားသန်လျက်၊သတိပဋ္ဌာန်-သမ္မပ္ပဓာန် အစရှိသော၊လက်နက်ကြံသော-ရိက္ခာ စားနပ်၊တပ်ခြေ-ဗိုလ်ခြေ၊သုံးလောက်းလအောင်၊ပြုဆောင်ပရုန်းတို့ရာ အခွင့်

သာ၍၊ ကိလေသာဟူ၊မျှား ပြားသောရန်သူတို့ကို မသူမပွက်။ အကြွင်းမရှိ-ပြိုပျက်ဘို့၊ ပြိုဖျက်ခြင်းငှာ ကြံနိုင်ရာသည်၊ ။သို့ဖြစ်၍-သစ်ပင်တောချုံ၊ မြိုင်ရဂုံတို့သည်၊အလုံးစုံသောပဉ္စကဗန္ဓါ-အရိယာသူမြတ်တို့၏၊အောင်တပ်ချရာ၊ခိုင်ခန့်စွာသော၊ မင်္ဂလာမဟာခံမြို့တော်ကြီးတွေ၊ ဖြစ်၍နေကုန်၏၊ မြို့ရွာနိဂုံး၊အုန်းအုန်းညံညံ့ လူသံဆူပွက်၊ချပ်ကွက်ဒေသ၊ နယ်ဌာနတို့သည်ကား။ သိန်းသန်းမကၢ၊များပြားလှစွာ၊ ကိလေသာဟူ၊ မုန်သူအရပ်ရပ်တို့၏။ အောင်ထပ်တည်ရာ၊ကြီးကျယ်စွာသော၊ မဟာခံမြို့ကြီးတွေ၊ ဖြစ်၍နေကုန်၏။ ။ ထိုကြောင့်၊ ဗုဒ္ဓဒါသဇ္ဇ-ဘုရားအမွေတော်ဖြစ်သော၊ သစ်ပင်တောတောင်၊ ရုံမြိုင်ချောင်ဟူ၊ရန်အောင်ဘွယ်ရာ၊ မင်္ဂလာမဟာခံမြို့တော်ကြီးများကို၊ သားတော်ရင်နှစ်၊ပဥ္စင်းသစ်အား၊သနားသဖြင့်၊ချီးမြှင့်အပ်နှင်းတော်မူလိုသည်ဖြစ်၍၊ ရုက္ခမူလသေနာသနံနိဿာယပဗ္ဗဇ္ဇာ၊ ဟူသောဒေသနာရွှေခွန်းကို၊ ဖွဲ့ညွှန်းမိန့်ဟောတော်မူသတည်း၊ ။ဘုရားသားစစ်၊ရဟန်းဖြစ်လျှင်၊သစ်ပင်ရုံပေါင်း၊ ရဂုံကျောင်း၌၊ခိုအောင်းမယွင်း၊ ကျင့်ရေးခင်း၍၊ မှိတင်းမွေ့လျော်-တရားနှင့်ပျော်ရမယ်တဲ့ မှတ်ထား- ကြားသားမောင်နာဂ၊ ။{ရဟန်းသစ်က၊ မှန်ပါဘုရားဟု၊လျှောက်ထားလေ၊}

ကြွင်းကျန်သောစကားများမှာ၊ရှေးနည်းကိုမှီ၍ဆို၊ ။အဲ-ရုက္ခမူကျောင်းမှတက်၍၊ ရှေးအထက် ဘဝက- အာဝါသဒါန- သာလာယ တန်ဆောင်း၊ ဂူကျောင်းဗိမာန်၊ဆောက်လုပ်လှူဒါန်းခဲ့ဘူးသော ကုသိုလ်ထူးဘုန်းကံကြောင့် အင်မတန်လာဘ်သပ္ပကာ၊ ပေါများပါက၊ဝိဟာရအနက်၊ လက်ရုံယှက်သွယ်၊နှစ်ဘက်အမိုး၊ ခေါင်ရိုးရိုးဘတ်သောကျောင်း။ အဍ္ဍယောဂ၊အခန်း တကြွယ်၊ မွန်းမံချယ်၍၊ စပယ်ကွန်းခံ၊ ယွန်းပျံလယ်ပေါ်- စသောကျောင်း၊ သို့စသည်ကျောင်းတို့မှာ ခိုအောင်မျှတ၊နေထိုင်သုံးဆောင်ရပါသေးရဲ့ တဲ့၊ မှတ်ထား၊ ။ {ရဟန်းသစ်က၊မှန်ပါဘုရားဟု-လျှောက်ထား}

တတိယနိဿယပြီး၏။

နာဂ၊ပထမမည်ရင်း၊ စ,တည်ခင်းအပ်သောပဥ္စင်းသစ်မောင်နာဂ၊ သုတာဘိ၊ နားစိုစိုထောင်၊ဝါ၊ပုဘိမုတ္တ၊ ဘောသဇ္ဇ၌၊ ပြောပြထိုက်စွာ၊ အရာရာကို၊ ရုံစွာ ကြားအောင်၊ သင်နားထောင်၊ သလ္လေခဂဝေသိနော၊ သလ္လေခဟူ၊ ဟောပြကျူးဖွဲ့၊ဂုဏ်အထူးကို၊ကြည်နူးလေရာ၊ဖွဲ့ရာလိုဘတ်၊ ပုဂ္ဂိုလ်မြတ်အား၊ အနုလောမံ၊ လျော်ထသော၊ ယောဂိဝရဿ၊ ဘာသနာငြမ်း၊ ကမ္မ

ဓူဒွာန်းကို၊ စီးဖြန်းရှုကြည့်၊ ဝမ္ဗွာမှိသော၊ ယောဂီရဟန်းမြတ်အား၊ အနုကုလံ၊ လျောက်ပတ်ထသော၊ အပွိဿတာဒိနံ၊ တို့အား၊ အနုလောမံ၊ ထသော၊ ဗုဒ္ဓါနုညာတံ၊ ဘုရားသုံးလှူ၊ သဗ္ဗညုသည်၊ ခွင့်ပြုတော်မူအပ်ထသော၊ ပုတိမုတ္တဘေသဇ္ဇံ၊ ပုပ်နံ့နွားသေး၊ ဂေါမုတ်ဆေးကဲ့၊ ဝါ၊ ပုပ်သည်ဖြစ်၍၊ မနှစ်သက်တတ်၊ စွန့်လွှတ်အပ်သောဆေးကို၊ ဝါ၊ ဇီးဖြူရှစ်ရှား၊ တခြမ်းစားနှင့်၊ ဖန်းခါးကြပ်၊ အစပြုလျက်၊ ပေါင်းရသွယ်သွယ်၊ နွားကျင်ငယ်ဖြင့်၊ စိန်နယ်ဖြန့်လုပ်၊ ယန်နံ့ပုပ်သော၊ ဂေါမုတ်ဆေးကို၊ နိဿာယ၊၍၊ ကုလပုတ္တာနံ၊ တို့၏၊ ယာပဗ္ဗဇ္ဇာ၊ သည်၊ အတ္ထိ၊၏၊ တတ္ထ၊ ထိုဂေါမုတ်ဆေးကို၊ အလေးဂရု၊ အရေးပြုလျက်၊ တွေးရှုမျှော်မှန်း၊ ကျင့်စခန်းဖြင့်၊ ရဟန်းလုပ်ခါနေထိုင်ရာ၌၊ တေတယာ၊ သည်။ ယာဝဇီဝံ၊ လုံး၊ ဥဿာဟော၊ ကို၊ ကရဏီယော၊ ကာတဗ္ဗော၊ ၏၊ အတိရေကလာဘော၊ ရှေးကပြုဟန်ကုသိုလ်ကံသည်၊ စိမံသောအား၊ လွန်ပေါ်များအောင်၊ ကြီးမားသောလတ်၊ လှူဆက်ကပ်၍၊ ရတတ်သောသူ၊ ဖြစ်ပေမူကား၊ ဝါ၊ ပုဗ္ဗာဘဝ၊ ရှေးကာလက၊ ဒါနဆေးဟူ၊ စွန့်ပေးလှူ၍၊ ထောက်ကူပျံ့ပွါး၊ အလွန်ကြီးလာဘ်များပါမူကား၊ သပ္ပိ၊ ထောပတ်ကိုရင်း၊ ဝါ၊ ချိုဆိမ့်နှစ်ဖြာ၊ ရသော၁တ္တုံ၊ ပေါ်စွာပြည့်လတ်၊ လွန်ထူးမြတ်သည့်၊ ထောပတ်ဟူသော ဆေးကိုရင်း၊ နဝနီတံ၊ ဆီဥကိုရင်း ဝါ။ ရှေးကဆီဥ၊ ယခုထောပေး၊ ရောထွေးသည့်၊ မသကာဟူသော ဆေးကိုရင်း၊ တေလံ၊ ဆီကိုရင်း၊ ဝါ၊ ဆီဟူသမျှ၊ မည်တူကြသည့်၊ တေလခေါ် ရေး၊ နှမ်းဆီသားဆီ၊ စသောဆေးကိုရင်း။ မဓု၊ ပျားကိုရင်း၊ ဝါ၊ ပျားကြီးပျားငယ်များသွယ်သွယ်တို့ ပွါးဘွယ်ဆုံမှု၊ အကုန်ရလျက်၊ ခုံပြုခိုမှီ စွဲ၍တည်သည့် ပျားရည်ဟူသောဆေးကိုရင်း၊ ဖါဏိတံ၊ တင်လဲကိုရင်း၊ ဝါ။ ထန်းရေ၊ ပေရေ၊ ခနိုးရနှင့်၊ ကြံရေစ,လျက်၊ ငမိုထက်ဝယ်၊ ကြိုချက်သည့်ခါ၊ ဖါဏိတာဟု၊ မည်သော ချိုပေါ့သင်းပျံ့မွှေးသည့်၊ တင်လဲဟူသော ဆေးကိုရင်း၊ ဂိလာနေနှ၊ ၉၄ ဖြာ၊ ဝေဒနာလျှော်၊ တွေရာညှင်းပမ်း၍၊ မမာမကျမ်းသောရဟန်းသည်၊ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး၊ သန္နိဓိ ကတွာ၊ ပေါင်းရုံးဆည်းဖူ၊ သိမ်းပြု၍။ ပရိဘုဥ္ဇိတဗ္ဗံ၊ ဝေဒနာ ပျောက်ရေး၊ မျှော်ထောက် တွေးလျက်၊ ဘုဥ်းပေးသုံးဆောင်အပ်ပါသေး၏၊ အ,ဂိလာနေနပန၊ ကြည်သာခန့်ကြမ်း၊ မာကြောသော ရဟန်းသည်ကား၊ နပရိဘုဥ္ဇိဘဗ္ဗံ၊ မဘုဥ်းပေးမသုံးဆောင်အပ်၊ ။

{ရဟန်းသစ်က၊ အာမဘန္တေ၊ ဘန္တေ၊ အရှင်ဘုရား၊ အာမ ပြောဲကောင်းပါပြီဘုရား၊ ဟု-လျှောက်ထားလေ၊}

ဓဲ-ဘုရားမြတ်စွာ၊ ဘ,ဝိတာက၊ သည်းချာပုတ္တ၊ ဩရသသား၊ ရဟန်းများကို၊ သနားတော်မူလှ၍၊ အလွန်တရာမှလဲ-ချစ်လွန်းသို့၊ အဖြစ်အစွန်းမငြိ၊ အရ

သာရှိဟူသော-ပုတိမုတ္တဘေသဇ္ဇကို။ဟစ်ဟမိန့်ကြား၍၊ သင်တို့အား၊ငါဘုရား ပေးလိုက်မယ်၊ နွားသေးကိုသောက်ကြလို့၊ ချီးမြှောက်တော်မူတယ်။ ဘဲ့လော် များ-နေရာကျသလဲ၊ အားခဲသောက်ရထိမ့်မနော်၊ ဝေဒနာပျောက်အောင်မှတ် ထား၊ကြားလား။ ၊

{ရဟန်းသစ်က-မှန်ပါဘုရားဟု၊လျှောက်ထား၊}

တယ်ရှဲ ဘတ်သလား၊ ရှုံတတ်လျှင်၊အနံ့မခံဘဲ၊ခပ်မြန်မြန်သောက်ရဒါပေါ့ လေ၊ဝေဒနာမရောက်လျှင်လဲ-မသောက်မမျိုရပါဘူး အင်မတန်ကြီး အကြောင် ဝိုမနေပါနှင့်ဦးကြားလား၊ ၊အဲ့ဒါ-ရှေးဦးစွာယူပြခင်းသောမူလရင်းဆေးတော် ကြီးတဲ့။ ၊

နာဂ-မာင်တွင်၊ မှည့်ခေါ်ဆင်သည့်၊ ငါ့ရှင်ညီချစ်၊ ပဥ္စင်းသစ်၊ စင်စစ်ရှု ကြည့်၊ယခုသိဘို့၊ပုတိမုတ္တ၊ဘေသဇ္ဇဋ္ဌ၊လှစ်ပြထိုက်စွာအချာရာကို၊ရုံစွာကြား အောင်၊သင်နားထောင်၊ ။တုန်းခေါ်ပရမေ၊အစိမ့်ကြေယျ၊မုနိန္ဒနှင့်၊ပစ္စေကဗုဒ္ဓါ၊ အစဖြာလျာ်၊အရိယာအပေါင်း-သူတော်ကောင်းတို့သည်၊ အကြောင်းအား လျော်စွာ၊ ကိုးဆဲ့ခြောက်ဖြာ၊ ဝေဒနာတို့၊ သွေကွာကင်းပ၊ ဆေးကိစ္စကို၊ မချပိုင်ပိုင်ပြီးစေနိုင်လျက်၊တောမြိုင်မြို့ရွာ၊ကြေအညာတို့မှာ၊ ပဒေသာမခြား။ အလွန်ပင် ပေါများ၍၊အသကားသွတ်ယူ၊ ရတို့ရန် လွယ်ကူသော၊ဇီ ဖြူသွစ် ရှား၊ ဖန်းခါးကြပ၊ သီးရင့်နုတို့ကို၊ပေါင်းပြုသွယ်သွယ်၊ နွားကြင်ငယ်နှင့် စိမ် နယ်၍လုပ်၊ ရန့်ပုပ်သော၊ ဂေါမုတ်ဆေးကို၊ အလေးဂရု၊ အရေးပြုတော်မူကြ တယ်တဲ့။ ၊ဘယ်အကြောင်းကြောင့်- ၎င်းဂေါမုတ်၊ဆေးအပုပ်ကို၊ အား ထုတ်သမှု၊အရေးပြု၍၊သုံးဆောင်လေ့ရှိကြပါသနည်းဟုမူ၊ မည်သူမဆို၊ ရတ နာသုံးပါးကိုကြည်ညိုက၊ကုသိုလ်ဓမ္မ၊ပြုလိုကြသဖြင့်၊ တွေ့သမျှလူ၊ မြင်သည့် သူကို။ဇီ ဖြူဘကိုင်း ရဟန်းက-ကပ္ပိုခိုင်းလျှင်၊ ကြည်လိုဉ်းသဒ္ဓါ၊ စေတနာနှင့်၊ ဝေဖြာမြိုင်မြိုင်၊လှူဒါန်းနိုင်၍၊ခုတ်ချိုင်ဖြတ်းတာကာ်၊ဒါနမြောက်အောင်၊ လက် ရောက်မနှေး၊ လှူလွယ်သည့် အရေးကြောင့်၊ ငွေကြေးပိုက်ဆံ၊ ဇီးဖြူသီးမျိုး၊ အရသာပြည့်ဖြိုး၍၊သူအဖိုး-ဘဲ့လောက် တန်သည်ဟု၊ အကဲရောက်ရန်မရှိ၊ အများပင်သိကြ၍၊ ၊ပုတိမုတ္တ၊ဓေကုန္တမိ၊ ပုပ်လှစွ ဘွယ်၊နွားကြင်ငယ်မှာ လည်း၊ခင်တွယ်မည့်သူ၊မရှိမူ၍၊ ပုံ့သုကူစင်စစ်၊ အမှန်ဖြစ်သဖြင့်၊ စွန့်ပစ်ပြီး ဝတ္ထုမို့၊ ဖြစ်မှုလွတ်ကင်း၊သန့်ရှင်းပြီးအကြောင်းကြောင့် ၎င်းပုတိမုတ္တ၊ ဘေ သဇ္ဇဆေးသည်၊ဇေလူလူ၊မပူခပင်၊ သူတော်စင်တို့၊ လိုချင်သမျှ၊ ရလွယ်ဟု၍၊ သ-လွှာကျေးဇူးကို၊ အထူးရှာတတ်၊ ပုဂ္ဂိုလ်မြတ်အား၊လျော်ပတ်လျော်ကန် သည်၊ ၊အပ္ပိန္တိတာ၊......လ......သည်၊ ၊ပုတိမုတ္တ၊ဘေသဇ္ဇအကျော်၊ ဤ

ဆေးတော်သည်၊ဖြစ်ပေါ်ပွါးစီးနေသည့်၊၊သလိပ်,သည်းခြေ,၊ လေ,ဟုခေါ်ကြသော၊ ကြံဒေါသနာများကို၊ ပယ်ရှားဖျောက်တတ်၊ ပုဂ္ဂိုလ်တိုင်းကျော်ပတ်သော ကြောင့်၊သားတော်မြတ်ရဟန်းသမဏတို့အား၊သနားသမျှ၊ ဘ,ဘုရားသဗ္ဗညု က၊ခွင့်ပြုတော်မူခဲ့သည်၊ ၊{ကြွင်းကျန်သောစကားများမှာ-ရှေးနည်းကိုမှီ၍ ဆိုလေ}၊ ၊ရှေးဘုန်းရှေးကံ၊ ထက်သန်ကြီးမား၍၊ အလွန်တရာ- လတ်သပ္ပ ကာ ပေါများပါက၊ သတ္တာဟကာလိကဟု၊ ဝိသေသခွဲမှတ်၊ မိန့်ဟောတော်မူ အပ်သော ထောပတ်ဆီဦ၊ နှစ်ချဆီပျား၊ တင်လဲအားဖြင့်၊ငါးပါးသော ဤဆေး တို့ကို၊ကြည်မြေမပျက်၊ နေ့စဉ်ဆက်၍၊ ခုနစ်ရက်တတံ၊အဟောင်းကိုစွန့်ပစ်၊ အသစ်ကို အကပ်ခံပြီးသကာလ၊ ဂိလာန အကြောင်းရှိသော်၊ သုံးဆောင်ဘို့ သင့်လျော်သဖြင့်၊ဘုဉ်းပေးခွင့်ရပါသေးရဲ့တဲ့၊ ၊{ရဟန်းသစ်က၊မှန်ပါဘုရား ဟု၊လျှောက်လေ၊}

အဲဒီဆေးငါးပါးတော့၊ အကြိုက်များတတ်ကြပါရဲ့၊ မူလရင်းထားတင်ပေး တဲ့၊နွားကြင်ဆေး-ခတ်ပုပ်ပုပ်ကဖြင့်၊ပစပ်နှုတ်ဖျားဂါကလေးတို့က၊ ဒိမလာနှင့် ဟောလို့ဆိုသလို၊ဝမ်းထဲကိုအသွင်းမခံချင်လို့၊ အတင်းကန်ပြီး ငြင်းဆန်နေ တတ်ထယ်၊ဟုတ်ကဲ့လား၊ ၊ထောပတ်ဆီဦ၊အစပြုတဲ့-သေဋ္ဌုရသာ၊ချိုတဲ့ ဆေးငါးဖြာကိုတော့၊ဃာနခေါ်တဲ့နှာခေါင်းကလေးက၊ ရှေ့တော်ပြေးလမ်းပြ လျှင်၊ရခနှင့်ဇိဝှာ၊ညီအညာဒန္တာသွားတို့က၊ ‘စံမသာကြွား,ဆိုတဲ့၊ရှေးဝစနာ အသုံးဖြင့်၊လောအုန်းလာအုန်းလို့၊ ခေါ်သလိုနေဒါမျိုးကလား၊ ခံဘွင်းဝင်— မဆိုးဝါးတော့၊ကြိုးစားနိုင်ပါလိမ့်မယ်-ဟုတ်ကဲ့လား၊မှက်ထားနော်၊{ဟောန်း သစ်က၊မှန်ပါဘုရားဟု၊လျှောက်ထားလေ၊}

စတုတ္ထနိဿယပြီး၏၊

ရဟန်းသစ်အား၊အကရဏီယလေးပါးကိုဟောကြားပြဆိုပုံအခဏ်း၊

ဤသို့ပြုလုပ်၊ ကြိုးကုတ်ဆောင်ရွက်၊ သာသနာတော်ဘက်မှာ၊ အသက် ဇီဝါ၊တည်သည့်ခါတွင်၊မှီရာလေးခဏ်း၊ ကျင့်မြဲငြမ်းဟု၊ရဟန်းပြုသမျှ၊ သား တော်စစ်-မြတ်သမဏတို့၏၊ ကတ္တုဗ္ဗအမှု၊ဉဿာဟတရားရကို၊စေ့ငုအောင် မှတ်သားဘို့၊ ဟောကြားပြဆိုပြီးခဲ့ရာ၊ ယခုခါတွင်၊ မပြုသာ-မပြုကောင်း၊ အကရဏီယအမှုပေါင်းဟု၊ရဆောင်းလေးအင်၊ပြစ်ဝေးစင်အောင်၊ သွန်သင် ဘို့-ချိန်ခါဝိသောကြောင့်၊ စတ္တာရိစအကရဏီယာနိအာဝိက္ခိတဗ္ဗာနိ၊ ပါဠိ ရွှေဗျာ၊ဒေသနာ-သေအချာမှတ်တမ်းရှိသဖြင့်၊ ရဟန်း၏အဖြစ်၊ ရောက်သစ်

ခါစ၊ မကြာသေး၊ အညတရ-ရဟန်းကလေးကို၊ စည်းဝေးရာပါ၊ များသံဃာတို့၊ စွန့်ခါပစ်ထား၊ ကြွကုန်ငြားက၊ တပါးအထီးထီး၊ ဖော်မဲ့ဘဲ၊ ခရီးဂန္တာ၊ ကြွမြန်း၍အလာတွင်၊ လမ်းမှာတူရုံ၊ မယားဟောင်းနှင့်တွေ့ကြုံ၍၊ မေရုသ္မွာဘိ၊ ဖြစ်မသိသောကြောင့်၊ ပြုမိကျင့်မှား၊ ရွှေနားတော်ကြားလို့မို့၊ ဘုရားမြတ်စွာ၊ ထွတ်သကျာက၊ ၊အနုဇာနာမိဘိက္ခဝေဥပသမ္ပါဒေတွာဒုတိယံဒါတုံစတ္တာရိစအကရဏီယာနိအာခိက္ခိတုံ၊ ဟု။ ၊ပြည့်ရုံအောင်ဟောကြားသဖြင့်၊ ဘုရားရှင့်သားချစ်၊ ရဟန်းစစ်တို့၊ စွန့်ပစ်ပယ်ရှား၊ အကရဏီယ လေးပါးတို့ကို။ အစဉ်အတိုင်း၊ မထွေးမမှားရအောင်၊ သင့်အားဆုမ္မပြောကြားပေအံ့၊ ၊

နာဂ၊ နာဂမည်ခေါ်၊ အရှည်လျော်သည့်၊ ညိုးတော်ရင်းစပ်၊ ပဋ္ဋင်းသစ်၊ သုဏာသိ၊ သင်နားထောင်၊ ဥပသမ္ပန္နေန၊ လူကဆင့်တစ်၊ ထူးကျင့်အစ်၍၊ မြင့်မြတ်သောပဋ္ဋင်းအဖြစ်သို့ရောက်လေပြီးသော၊ ဘိက္ခုနာ၊ ရဟန်းသည်၊ အန္တမသော၊ ဟေမွိဓပရိဠ္ဆိဒသမုတ် အောက်တန်းထုတ်-သဘော၊ ယုတ်သောအပိုင်းအခြားအားဖြင့်။ တိရစ္ဆာနတာယပိ၊ မြွေငါးကစ၊ တိရစ္ဆာန်မဉ္စသော်ထည်း၊ မေထုနောဓမ္မော၊ တဦးတဦး၊ ကိလေမြူး၍၊ အထူးကြည်ရွှင်၊ မိစ္ဆာညဉ့်ဖြင့်၊ ခင်မင်နှစ်သက်၊ လည်ချင်းယှက်၍၊ ပေါင်းဘက်တူရုံ၊ ကာမဂုဏ်ဟူသော၊ မေထုံအကျင့်ကို၊ နပဋိသေဝိတဗ္ဗော၊ မမှီဝဲအပ်မမှီဝဲထိုက်၊ မမှီဝဲကောင်းယောဘိက္ခု၊ အကြင်ရဟန်းသည်။ မေထုနံဓမ္မံ၊ မိန်းမ၊ ယောကျ်ား၊ နှစ်ဦးသားတို့၊ ထူးခြားပျော်ပုံ၊ ဃာရေဟုန်ဟူသောမေထုံအကျင့်ကို၊ ပဋိသေဝတိ၊ မှီဝဲမိအံ့၊ သောဘိက္ခု၊ ထိုမေထုန်မှီဝဲသောရဟန်းသည်၊ အသမဏော၊ ရဟန်းမဟုတ်သည်၊ ဝါ၊ ကိလေသာဟူ၊ များရန်သူတို့၊ လှိုက်ဆူပွက်ကြွမ်း၊ အလွန်ပြွမ်းသောကြောင့်။ ရဟန်းမြတ် မဟုတ်၊ ရဟန်းယုတ်သည်၊ ဝါ၊ ရဟန်းတု၊ ရဟန်းယောင်၊ ရဟန်းမျှောင်သည်၊ အသကျပုတ္တိယော၊ သာကီဝင် မင်းသား၊ ဘုရင့်သားတော် မဟုတ်သည်၊ ဝါ။ သာကီဝင် မင်းသား၊ ဂေါတမမြတ်ဘုရား၏။ ကိုယ်ပွါးရင်နှစ်၊ တရားချစ်သော၊ သားစစ် မဟုတ်၊ သားအယုတ်သည်၊ ဝါ၊ သားတော်တု၊ သားတော်ယောင်၊ သားတော်မျှောင်သည်၊ ဟောတိ၊ ဖြစ်၏၊ သေယျထာပိနာမ၊ စံပြုစရာ၊ ဥပမာ မည်သည်ကား၊ သီသစ္ဆိန္နော၊ ကိုယ်မှဦးခေါင်း၊ ပြတ်ကြွေပြောင်းသော၊ ပုရိသော၊ ယောကျ်ားသည်၊ တေန၊ ပြတ်ပြီးတောင်းလောင်း၊ ထိုဦးခေါင်းနှင့်၊ သရီရဗန္ဓနေန၊ ကိုယ်နှင့်တပ်ရန်၊ ဖွဲ့စပ်ဖြန်သဖြင့်၊ ဇီဝိတုံ၊ လှုပ်ရှားရှုရှ၊ တကြွကြွနှင့်၊ ရှေးကအသွင်၊ အသက်ရှင်ခြင်းငှါ၊ အဘဗ္ဗောယထာ၊ မထိုက်သကဲ့သို့၊ ဝါ၊ ကိုယ်နှင့်ခေါင်းပြတ်၊ ၎င်း၂ရပ်ကို၊ ပေါင်းစပ်၍မဖြစ်သလို၊ ဧဝမေဝ ဧဝံ ဏာထာ၊

ထိုဥပမာအတူသာလျှင်၊ ဘိက္ခု၊ဘုရားသားချစ်၊ ရဟန်းစစ်သည်၊ မေထုန်ဝမ်း၊ ခေတ်ရင်းအမူ၊ တပ်ခြင်းတူကြသော သူနှစ်ဦးတို့၏၊ ရှင်မြူးမွေ့လျော်ရာ၊ တဏှာအရ ၊ကာမဂုဏ်ဟုသောမေထုန်အကျင့်ကို၊ ပဋိသေဝိတွာ၊ မှီဝဲမိသော ကြောင့်၊ဝါ၊မှီဝဲမိသည်ရှိသော်၊အ,သမဏော၊ရဟန်းကောင်းမဟုတ်သည်၊ဝါ၊ ရဟန်းရုပ်-ရဟန်းပွ၊ရဟန်းမွှေသည်၊ဝါ၊ရဟန်းလင်္ဂ၊မဟုတ်ပြီမို့၊ဒုသီလခေါ် ရိုး၊ ရဟန်းသူခိုးသည်၊ ဝါ။ရဟန်းစစ်မဟုတ်၊ တေလလုပ်၍၊ ပွဲရှုပ်ယုတ်မာ ရပ်ချာညစ်ဆိုး၊ အဘိုးမထိုက်၊ သာသနာတော်၏အမှိုက်သည်၊အသကျပုတ္တိ ယော၊သါကီဝင်မင်းသား၊ဘုရားသားတော်မဟုတ်သည်၊ဝါ၊သားအရုပ်၊သား အပွ-သားအမွှေသည်၊ဝါ၊ သားတော်လင်္ဂ၊မဟုတ်ပြီမို့၊ ဒုသီလခေါ်ရိုး၊ သား သူခိုးသည်၊ဝါ၊ သားတော်စစ်မဟုတ်၊တေလလုပ်၍၊ပွဲရှုပ်ယုတ်မာ၊ ရပ်ချာ ညစ်ဆိုး၊အဘိုးမထိုက်၊ သာသနာတော်၏အမှိုက်သည်၊ ဟောတိ။၏၊ တံ၊ထို သူတော်မြတ်တို့၊မစပ်မနွယ်၊ ဖြတ်ပယ်ပစ်လွှင့်၊ မေထုန်အကျင့်ကို၊ ထေတ ယေ၊ငါ့ရှင်ညီချစ်သင်ပဉ္စင်းသစ်သည်၊ယာဝဇီဝံ၊အသက်ထက်ဆုံး၊ဝါ၊ဘိက္ခာ ဘိသ၊ သာဇီဝတို့ ညီမျှမပျက် သာသနာတော်ဘက်၌၊ အသက်ရှည်သရွေ့ ကာလပတ်လုံး၊ အကရဏီယံ၊ မပြုမကျင့်အပ်၊ ပါ၊မပြုမကျင့်ထိုက်၊ ဝါ၊မပြု မကျင့်ကောင်း၊ဝါ၊မပြုမကျင့်လင့်၊ ဝါ၊ ပြုကျင့်ကောင်းသော အမှုမဟုတ်၊ဝါ၊ အနည်းငယ်မျှ၊ ပြုကျင့်ခွင့်မရသည့်၊ပဗ္ဗဇိတ၊ဒုလ္လဘအခါ၊စင်ကြယ်စွာသော သာသနာသမယ၊ခေတ်ကာလကြီးပေတည်း။ ။

{ရဟန်းသစ်က၊အာမဘန္တေ၊ ဘန္တေ အရှင်ဘုရား။ အာမ၊ဖြေကောင်း ပါပြီ၊မပြုမကျင့်ပါဘုရားဟု-လျှောက်ထားလေ၊}

ရဟန်းဖြစ်လျှင်၊ ဖြတ်ပစ်ရတယ်ဆိုတဲ့စကား၊ ငယ်စဉ်က-ကြားခဲ့ဘူးရဲ့ လား။ ။အဲသာခု-ဟောပြတော်မူတဲ့အ,ကရဏီယအပြစ်ကြီးဟာ၊ရှေးဦးစွာ ဖြတ်ပစ်ရမည့်၊ ပထမ-ဖြစ်မှုကြီးဘဲ၊ ဒုတိယ-တတိယ- စတုတ္ထဖြစ်မှုကြီးတို့ မှာလည်း၊ ၎င်းနည်းမကပ်မရစ်ရအောင်၊ဖြတ်ပစ်ရမှာခြည်းဘဲ၊ ။ဖြတ်ပစ်ရ မယ်ဆိုတို့မို့၊ တလွဲဘခြားမှတ်ပြီး၊ ဟိုဟာဒီဟာ၊ မထော်ဒါသွားဖြတ်မှဖြင့်၊ အာပတ်သင့်တတ်သေးတယ်၊ တပ်ခြင်းအာရုံ၊ကာမဂုံဟူသော မေထုန်ရာဂ ကိုသာ၊ကွာကျအောင်ဖြတ်ပစ်ဘို့၊ တစ်တစ်ခွခွမှတ်သား၊ ကြားလား မောင် နာဂ၊ ။

{ရဟန်းသစ်က၊မှန်ပါဘုရားဟု လျှောက်ထား၊}

အဲ-ရှင်စောဘုရားက၊မြေပဒတွင်၊ဟောပြတော်မူဟန်မှာလဲ၊ ။ဝန်ဆိန္ဒသ- မာရုက္ခ ၊ ဝနတောဇာယ တေဘယံ၊သေတွာ-ဝနဥ္စဝနတ္တဉ္စ၊ နိဗ္ဗာနာဟောထ

ဘိက္ခုဝေါ၊ တဲ့၊ ။တောထဲက-ဘေးဖြစ်တတ်သောကြောင့်၊ ၎င်းတောအရှုပ်ကို၊ ဖြတ်ခုတ်ရှင်းလင်း၊ သုတ်သင်ခြင်းပြုရမယ်လို့၊ ပရိယာယ်စကားဖြင့်၊ ဟောကြားတော်မူဒလဲ တဏှာတည်းဟူသော တောကိုခုတ်ရမယ်လို့၊ မှချနည်းမှတ်၊ တောထဲမှာရှိတဲ့ ပဉ္စာတိသစ်ပင်ကို သုတ်သင်ရမယ် လို့၊ အဟုတ်မှတ်ပြီး ခုတ်ဖြတ်ရှင်းလင်းပေတယ်လို့-လိုရင်းအကျိုးပြီးမှာမဟုတ်ဘူး၊ ထတဏှာတည်းဟူသော အရှုပ်အထွေးကိလေသာအညစ်အကြေးကိုသာလွတ်ဝေးပြတ်ပြတ်ဘို့၊ ပညာတည်းဟူသော သံလျက်ဓါးနှင့်၊ ပျက်ပြားအောင်ခုတ်ဖြတ်မှ အရှုပ်ဓာတ်ရှင်းလင်းမယ်တဲ့၊ ဆဲယချဖြတ်ပစ်ရမယ် ပြောတဲ့စကားလဲ၊ သည့်အတိုင်းဘဲမှတ်၊ {ရဟန်းသစ်က မှန်ပါဘုရားဟု၊ လျှောက်ထား၊}

ပထမ-အ,ကရဏီယပြီး၏၊

ဥပသမ္ပန္နနှမြင့်မြတ်သောပဉ္စင်းအဖြစ်သို့-ရောက်လေပြီးသော၊ ဝါ၊ ရဟန်းလောင်းလျာ၊ ဥတ်,ဂမ္ဘဝါ,နှင့်၊ သိမာ,ပရိသတ်,၊ ပေါင်းငါးရပ်ဟု၊ ခြားမှတ်အင်္ဂါ၊ ပြည့်ရုံည၍၊ ဂုဏ်ရည်ထွန်းတောက်၊ ရဟန်း၊ ဥင်းအဖြစ်သို့ ရောက်လေပြီး၊ သော၊ ဘိက္ခုနာ၊ သည် အန္တိမသော၊ ဖြင့်၊ တိဏ သလာကာ၊ မကြီးမကျယ်၊ အနည်းငယ်ဟု၊ နှီးနှယ်သေးငွေး၊ အဘိုးမထိုက်သော၊ မြက်မှိုက်ဝါးခြမ်းကလေးကို၊ ဥပါဒါယ၊ အစပြု၍၊ အ,ဒိန္နံ၊ ဒ,ရှင်သိမ်းဆည်း၊ သူပစ္စည်းကုံ၊ ထေယျသင်္ခါတံ-ထေယျသင်္ခါတေန-တေယျစိတ္တကောဋ္ဌာသေန၊ ခိုးယူလိုမှု၊ စိတ်အစုဖြင့်၊ န,အာဒါတဗ္ဗံ၊ မခိုးမယူအပ်၊ ယောဘိက္ခု၊ သည်၊ ပါဒံဝါ၊ င းပဲ ပွဲအပ်၊ ငွေတမတ်ဟု၊ ပညတ်စဉ်လာ၊ အကပ္ပိယဘဏ္ဍာကုံ၎င်း၊ ပါဒ ရဟံဝါ၊ တမတ်ငွေနှင့်၊ အရေချင့်လျက်၊ ထိုက်သင့်ဥစ္စာ၊ ကပ္ပိယာကပ္ပိယဘဏ္ဍာကို၎င်း၊ အတိရေကပါဒံဝါ၊ ငွေတမတ်ထက်၊ ပိုလွန်တက်အောင်၊ ထိုက်သက်ဥစ္စာ၊ ကပ္ပိယာ ကပ္ပိယဘဏ္ဍာကို၎င်း၊ အဒိန္နံ၊ ကို၊ ထေယျသင်္ခါတံ၊ ဖြင့်၊ အာဒိယတိ၊ ခိုးယူမိအံ့၊ သောဘိက္ခု၊ သည်၊ အသမဏော၊ ရဟန်းမဟုတ်သည်၊ ဝါ၊ သမဏစ၊ သူတော်ကောင်း၊ အဖြစ်မှ၊ တားမြစ်အပ်သောရဟန်းသည်၊ ဝါ၊ နောင်သံသရာ-ပါယ်လေးရွာ၌၊ ခန္ဓာအားဖြင့်ကြီးပွါးခွင့်ရှိသော ရဟန်းသည်၊ ဝါ၊ ရဟန်းစစ်နှင့်၊ စနစ်နေပုံ၊ ဝတ်ရုံတူမျှ၊ ဇာတ်သာရသောကြောင့်၊ တဏှာဝမည်သောရဟန်းသည်၊ ဝါ၊ သီလစင်ပြူ၊ ရဟန်းကောင်းတို့အမှုနှင့်၊ မတူထူးပြား၊ ကိုယ်နှုတ်ခြားသဖြင့်၊ တပါးသောရဟန်းသည်၊ ဝါ၊ သိက္ခာကာမ-ပေသလအရှင်၊ သူတော်စင်တို့နှင့်၊ အသွင်ရုပ်၊ ဆင်တူမျှသောကြောင့်၊ သဒိသမည်

သောရဟန်းသည်၊ ဝါ၊ မတော်မထွဲ၊ ကျင့်လမ်း ခွဲ့သဖြင့်- ကဲ့ရဲ့အပ်သော ရဟန်းသည်။ ဝါ၊သီလစက်ရိပ်၊ ကောင်းဂုဏ်ဟိတ်မှ၊ ကုန်ဆိတ်သောရဟန်း သည်၊ ဝါ၊သူ့တော်သူမြတ်၊ သုဒ္ဓိဇာတ်မှ၊ ကင်းပြတ်သော ရဟန်းသည်၊ဝါ။ အနည်းငယ်မျှ၊ အသွင်သာ ရသောကြောင့်၊ အပွကမည်သော ရဟန်းသည်၊ အသကျပုတ္တိယော သာကီဝင်မင်းသား၊မြတ်ဘုရား၏ သားတော်စစ် မဟုတ်သည်၊ ဝါ။ ဘုရားသားစစ်၊ သူတော်ကောင်းအဖြစ်မှ၊ တားမြစ်အပ်သောသူ သည်၊ {အသမဏောပုဒ်ကဲ့သို့၊ ဂုဏ်၊တတ္ထာဝ၊ စသည်ဖြင့်၊ အစီအစဉ်သွယ် ဆက်၍၊၁၀-နက်ပေးလေ}ဟောတိ၊၏၊သယျထာပိနာမ၊ကား၊ဗန္ဓနာ၊အရွက် ဖွဲ့ရာ၊ ရိုးတံညှာမှ၊ ပဝုဋ္ဌာ၊ လွတ်ပြုတ်ကွာသွေ၊ ဖြတ်ကျကြွေသော၊ ပဏ္ဍု ပလာသော၊ဖြော့တော့ရောင်ဆင်း၊ပင်ရေကင်း၍၊ယိုယွင်းမှည့်ပျော်၊သစ်ရွက် ဟျော်သည်၊ဟရိတတ္တာယ၊ ရေဇရချမ်း၊ ကြွံကြွံမျှန်းလည်း၊ စိမ်းလန်း ရှင်စွာ၊ရိုမြို့၍လာခြင်းငှါ၊ အဘဗ္ဗောယထာ၊ မထိုက်သကဲ့သို့၊ ဝါ၊ မထိုက် သလိုပင်၊ဧဝမေဝ-ဧဝံဘထာ၊သာသျှင်၊ တိုက္ခု၊သည်၊ပါဒံဝါ၊ကိုဖြင့်၊ပါဒါ ရဟံဝါ၊ကိုဖြင့်၊အတိရေကပါဒံဝါ၊ကိုဖြင့်၊ အဒိန္နံ၊ကို၊ ထေယျသင်္ခါတံ၊ဖြင့်၊ အာဒိယိတွာ၊ ၍၊ ကြောင့်၊ သော၊ အသမဏော၊ သည်၊ အသကျပုတ္တိယော၊ သည်၊ဟောတိ၊၏၊ တံ၊ထိုသူ့ဥစ္စာကို၊ တဏှာလောဘ၊ ရိုက်မောဟကြောင့်၊ စောရလုပ်ပြု၊ခိုးယူမှုကို၊တေတဃာ၊သည်၊ယာဝဇီဝံ၊ဆုံး၊ ဝါ၊လုံး၊ အကရဏီ ယံ၊ အပ်၊ ဝါ၊ထိုက်၊ ဝါ၊ ကောင်း၊ ဝါ၊ လင့်၊ ဝါ၊ဟုဘ်၊ ဝါ၊ခေတ်ကာလကြီး ပေတည်း၊ ။

{ရဟန်းသစ်က၊ အာမဘာန္တေ၊ ဘန္တေ၊အရှင်ဘုရား၊ အာမ၊ပြည်ကောင်း ပါပြီ၊ မပြုမကျင့်ပါဘုရားဟု၊ ဩျောက်ထားလေ}

အဲ-ယုတ်မြတ်မဟူ၊တပါးသူတို့၊ သိမ်းယူသိမ်းသော ပစ္စည်းမျိုး၌၊အဘိုး ထိုက်ထိုက်၊ မထိုက်ထိုက်၊ မြက်မှိုက်ကလေး၊ ဝါးခြမ်းစိတ်ကလေးများပင် ဖြစ်စေကာမူ-မခိုးမယူကောင်းဘူးတဲ့၊ ။အဲ-မြက်ပင်ကလေး၊ဝါးခြမ်းစိတ် ကလေးက-အစပြုလျက်၊ ခိုးမှုညစ်ကြေး။အဒိန္နဒါန်လွတ်ဝေးအောင်၊ အဖြစ် ဘေးကြည့်ရှောင်ဘို့၊ ဘုန်းခေါင်မြတ်စွာ၊ ထွက်သကျာက၊ ။တဒါ ရာဇဂ ဟော ပဋ္ဌမာသကောပါဒေါ၊ ။ဟုဟောတော် မူသောစကားမြတ်ဖြင့်၊ငါးမဲ ဖွဲ့အဝင်ငွေတမတ်နှင့်၊ တမတ်တန်ဝတ္ထု၊ အစပြုလျက်၊ အထက်ကို ခိုးယူမိ လျှင်၊သူ့တော်စင်မဟုတ်၍၊ သကျပုတ္တဘုရားသားစစ်၊ ရဟန်းတော်အဖြစ်မှ၊ ကင်းလွတ်-ကွာလျော ရတော့ဒ်ဘဲတဲ့၊ ။ဤကဲ့သို့စကားဖြင့် ဟောကြား တော်မူရခြင်းဟာလဲ၊ ရှေးမင်းများစီရင်ဟန်၊ ရာဇသတ်ထုံးစံနှင့် လျော်ကန်

အောင် နိုင်းစာ၍၊ တိုင်းထွာပညတ်တော်မူရဒါဘဲ၊ ၊အဲရှေးအခါ ကာလကၢ၊ဗိမ္ဗိသာရမင်းကြီး၊ကောသလမင်းကြီးအစရှိသော ဓမ္မိကဝံသ၊ ဓမ္မရာဇာ မည်တော်သာသည့်၊ သဒ္ဓာဘုန်းရှင်၊ ဘုရင်ထီးဆောင်း- မင်းအပေါင်းတို့သည်၊ တိုင်းပြည့်ရွာပေါ် နိုင်ငံတော်တလွှား၌၊ ခိုးမှုများပေါ်ပေါက်က၊ မျှော်ထောက်ပိုင်းဖြတ်၍၊ တမတ်တန် အထက်မှာ ရက်ရက်စွာ သတ်ဖြတ်ခြင်း၊ ထောင်တန်းချခြင်း၊ တကျွန်းတနိုင်ငံသို့ ပို့ထားခြင်းတို့ဖြင့်၊ တင်းတင်းကြပ်ကြပ်၊ နှိပ်ကွပ်ဆုမ္မးသ ရှိကြတယ်၊ ၊ယခုကာလ စိုးရင်ကြသော၊ ပုဒ်မတွေတွေ၊ အင်္ဂလိပ် မင်းတို့ ဥပဒေမှာသည်း၊ ငွေဒဏ်၊ ကြိမ်ဒဏ်၊ထောင်ဒဏ်စသည် အလီလီနှင်းအပ်၍၊ ပညတ်လေ့ရှိဒါဘဲ၊ ၊ကမ္ဘာပေါ်မှာ၊ ဘာသာ အမျိုးမျိုးရှိကြရာ၊ပါဏာတိ ပါတနှင့်၊ ကာမေသု မိစ္ဆာစာရ၊မုသာဝါဒ၊ သုရာမေရယ တို့မှာ၊ အချို့ဘာသာ၌ ဖြစ်၍၊ အချို့ဘာသာ၌ မဖြစ်၊ အပြစ်ရှိ မရှိကိုအဆိုခည်း၊ ဤအဒိန္နာဒါန်အရာမှာတော့ ဘာသာတိုင်းကပင်၊ တားမြစ်၍၊ အပြစ်ရှိသည်ကို၊ တညီတညွှတ်သည်းဆိုကြသဖြင့်၊ ထိုအဒိန္နာဒါန်အပြစ်မှ၊ စင်စစ်ဝေးစွာ၊ လွတ်ကင်းကွာအောင်၊ ကြည့်ရှောင်ပယ်ရှားရမယ်လို့၊ အင်္ဂလိပ်ကျမ်းစာများမှာလဲ အထင်အရှားပါရှိတယ်၊ အဲဒါကြောင့်၊ သိက္ခာကာမ၊ ပေသလလတို့၊ အညီမွေ့ဖြည့်ကျင့်ကြသော၊ သဗ္ဗညုခေါ်ဆို၊သူတော်ကောင်း-များ ပုဂ္ဂိုလ်တို့သည်၊ ထိုအဒိန္နာဒါန်ကို၊ အဆိပ်ထဲသော မြွေးပွေးမြွေဟောက်တို့ကဲ့သို့၊လန့်ကြောက်ကြရမယ်တဲ့ ၊ ။

{ရဟန်းသစ်က၊အာမဘာန္တေ၊ကောင်းပါပြီဘုရားဟု၊လျှောက်ထားလေ၊}

ဒုတိယအခ,ကရဏီယပြီး၏၊

ဥပသမ္ပန္နေန၊ မြင့်မြတ်သောပဥ္စင်းအဖြစ်သို့ ရောက်လေပြီးသော၊ တနည်း၊ ဥပသမ္ပန္နေန၊ဥပရိဘာဝမာပန္နေန၊ အမြင့်အမြတ်၊ထက်အရပ်သို့၊တက်ကပ် ခိုမှီး၊ဆိုက်ရောက်ပြီးသော၊ဘိက္ခုနာ၊သည်၊သဒ္ဓါဖြ၊သတ်လိုသမှုလုလ္လပြု၍၊အန္တမသော၊ဖြင့်၊ကုန္တကိပ္ပိလ္လိကံ ခြင်ပုရွက်ဆိတ်၊ ဝါ၊ ပလုပဝက်၊ခြပရွက်ကို၊ ဥပါဒါယ၊၍၊ ပါဏော၊ ထွက်သက်ဝင်သက်၊ ရှုရှိုက်ချက်ဖြင့်၊ မပျက်မှတ်ရာ၊ အသက်ရှိသောသတ္တဝါကို၊ဇီဝိတာ၊ နာမ်ရုပ်နှစ်ခု ပေါင်းပြု၍၊ပေါင်းရတည်နေ၊အသက်ဟူဘိ၊ အမည်မှည့်ကြသော ဇီဝိတိန္ဒြေမှ၊ န,ဝေါရောပေတဗ္ဗော၊ ဖျက်ဖြိုခွင်းသတ်၊ မချအပ်၊ယောဘိက္ခု၊ သည်၊ သဒ္ဓါဖြ၍၊ အန္တမသော၊ဖြင့်၊ ဂဗ္ဘပါတနံ၊ ပဋိသန္ဓေ၊ ပျက်စီး လေအောင်၊ သွေဆောင် လုပ်ပြု၊ ကိုယ်ဝန်ချ

ခြင်းအမှုကို၊ဥပါဒါယ၊၍၊ မနုဿဝိဂ္ဂဟံ၊ လူသတ္တဝါ၏ ကိုယ်ခန္ဓာအတ္တဘော ကို၊ဇီဝိတာ၊မှ၊ ဝေါရောပေတိ၊အံ့၊ သော၊ဘိက္ခု၊ သည်၊ အ,သမဏော၊သည်၊ အ,သကျပုတ္တိယော၊သည်၊ဟောတိ၊၏၊ သေယျထာပိနာမ၊ကား၊ ဧွခေ၊ဘိန္နာ၊ နှစ်ဖြာထက်ခြမ်း၊ကွဲ၊ပျက်မြန်း၍၊ဖြန်းဖြန်းကြီး၊ ကွဲ၊လပြီးသော၊ ပုထုသိလာ၊ ထူထပ်ခံ့ငြား၊ အံ့ကမားဖြင့်၊ ပျံ့ပွါးတည်မှီး၊ကျောက်ခဲကြီးသည်၊ အပ္ပဋိသန္ဓိ ကာ၊ မအက် မပပ်၊ နှစ်ဘက်ကပ်အောင်၊ ဆက်စပ်၍- မဖြစ်နိုင်ခြင်းသည်၊ ဟောတိယထာ၊ ကဲ့သို့၊ဝါ၊သို၊ဧဝမေဝ-ဧဝံတထာ၊ သ,လျှင်။ ဘိက္ခု၊သည်၊ သဉ္စိ၊၍၊မနုဿဝိဂ္ဂဟံ၊ကို၊ဇီဝိတာ၊မှ၊ ဝေါရောပေတွာ၊၍၊ ကြောင့်၊သော်၊ အ, သမဏော၊ သည်။ အ,သကျပုတ္တိယော၊ သည်၊ ဟောတိ၊၏၊ တံ၊ထိုအသနား ရှင်း၊ တရားကင်းလျက်၊မှား,ယွင်းစွာပြု၊ သတ်ဖြတ်မှုကို၊ တေတယာ၊ သည်၊ ယာဝဇီဝံ၊ ဆုံး၊ ပါ၊ လုံး၊ အ,ကရဏီယံ၊ အပ်၊ ထိုက်၊ ကောင်း၊ လင့်၊ ဟုတ်၊ အခါပေတည်း၊ ။

{ရဟန်းသစ်က၊ အာမဘန္တေ၊ဟု၊လျှောက်ထား၊}

ဒေါသ,မောဟ,၊မာန်မာန,များ၊မဖြစ်ပွါးဘို့၊ပယ်ရှားကွင်းရှောင်၊ရှင်းလင်း အောင်လို့၊သာသနာတော်ဘောင်မှာ၊ထမ်းဆောင်ကျင့်ရုံး၊ တရားဓမ္မကိုစောင့် သုံးလျှင်၊ ခြ,ပုန်းပရွက်ကလေးက၊ အငပြုပြီးသကာလ၊သတ်ဖြတ်ခြင်းအမှုကို မပြုရဘူးတဲ့၊ထိုထက်ကြီးမားသောသတ္တဝါများမှာတော့၊ပြောကြားဘွယ်မရှိ၊ မသတ်ကောင်းဘူးလို့ သိချင်ပြီးသား‌ပေါ့။ ။ဝိနည်းတရားမှာ၊ သတ္တဝါတို့၏ ဇီဝိတိန္ဒြေကို၊ဖြတ်ခွဲသောအရာဝယ်၊ ခန္ဓာကိုယ်အတ္တဘောများ၊ အစားစား အသီးသီး၊ ကြီးကြီး၊ ငယ်ငယ်၊ တိရစ္ဆာန်မျိုးနွယ်မှာ၊ အပါယ်ဇာတ်ဖြစ်၍၊ အာပတ်အပြစ်အတူတူဘဲ၊ လူဇာတ်ရှိသောသတ္တဝါတို့၏၊ ကိုယ်ခန္ဓာ အတ္တ ဘောကို၊သတ်ဖြတ်သောရဟန်းမှာတော့၊မြင့်မြတ်ရာဌာန၊ သားတော်စစ်ဘဝ မှ၊လျှောကျဆုံးရှုံးသွားသဖြင့်၊လုံးလုံးသားနစ်နာရတော့ဒါဘဲတဲ့၊ မှတ်ထား၊ ။

{ရဟန်းသစ်က၊မှန်ပါဘုရားဟု၊လျှောက်ထား}

တတိယအကရဏီယပြီး၏၊

ဥပသမ္ပန္နေန၊သကျပုတ္တ၊သာကီယဟု၊ သမဏဇာတ်၊ ဘဝမြတ်သို့-ရအပ် နိုင်စွမ်း၊ ရောက်လေပြီးသော၊ ဘိက္ခုနာ၊သည်၊ အန္တမသော၊ဖြင့်၊ သုညာဂါရေ၊ ဆိတ်ငြိမ်သောကျောင်း၌၊ဝါ၊ အပူမဆံ၊မသူညံဘဲ၊ လူသံတိတ်ဆိတ်၊ ဂနိုင် ရိပ်ဟု၊မြိုင်မိတ်ချုံကောင်း၊တောရကျောင်း၌၊ အဘိရမာမိ၊ငါမွေ့လျော်- လွှန်

စွာပျော်၏၊ ဇာတိဇာဒ်ဝစနံ၊ မကြီးကျယ်သေး၊ ဤသို့သော စကားကလေးကို၊ ဥပါဒါယ၊ အစပြု၍၊ ဥတ္တရိ-မနုဿဓမ္မာ၊ ပကတိဟူ၊ များဗိုလ်လူတို့၊ ရယူနိုင်ကြ၊ မခဲယဉ်းသောဒါနသီ-လ-စသည်များပြား၊ ကာမာဝစရကုသိုလ်တရားထက်ကဲတက် ဥဂ္ဂတ်၊ မဟဂ္ဂုတ်- လောကုတ္တရာ တရားမြတ်ကို၊ ထနည်း၊ ဥတ္တရိမနုဿ-ဓမ္မာ၊ အဘိညဉ်ရ၊ သမ္မာကြွသည့်၊ ဈာနလာဘီ၊ မနောကြည်သား၊ ယောဂီအရှင်၊ သခင်အရိယာ၊ သူမြတ်စွာတို့၏-ဥစ္စာဖြစ်ငြား၊ ရခဲလှသော အနှစ်တရားကို၊ နှ,ဥလ္လပိတဗ္ဗော၊ မရဘဲ၊ မသိဘဲ-မမြင်ဘဲနှင့်ငါရ၏၊ ငါသိ၏၊ ငါမြင်၏ဟု လှည့်စားဝါကြွား၍ မပြောကြားအပ်။ ယောဘိက္ခု၊ သည်၊ ပါပိစ္ဆော၊ လာဘ်ပေါ်ဖို့ရန်၊ ရည်ရွယ်သံလျက်၊ ရှာကြံရှုကြည့်၊ ယုတ်မာသော အလိုရှိသည်ဖြစ်၍၊ ဇာနူဇ္ဇာပကတော၊ လိုဆိုးရမ္မက်၊ ဝိတိုးထက်အောင်၊ နှိပ်စက်အပ်သည်ဖြစ်၍၊ အသန္တံ၊ မိမိကိုယ်တွင်၊ ထင်မြင်ဘွယ်ရာ၊ အပ္ပနာဟူဘိ၊ အရိပ်အရောင်မျှမရှိသော၊ အ,ဘူတံ၊ ဝိပဿနာဉာဏ်၊ ပွါးထက်သန့်ဘို့၊ တရန်တဆစ်၊ ဘယ်ခါခေတ်မျှ၊ မဖြစ်ဘူးသော၊ ဥတ္တရိမနုဿဓမ္မံ၊ ကို၊ ဥလ္လပတိ၊ ငါ့မှာရှိလည်း၊ ငါသိသည်ဟု၊ ပဏိပလာ၊ ထိုဤဖြာ၍၊ ကြွားဝါလှည့်စား၊ ဆိုမိငြားအံ့၊ ဈာနံဝါ၊ လောကိကုတ္တရာ၊ မျိုးနှစ်ဖြာဟု၊ ထင်စွာဖြစ်ပွါး၊ ဈာန်တရားကိုရင်း၊ ဝိမောက္ခံဝါ၊ ကာမရာဂ၊ စသည်ဆယ်အင်၊ သံယောဇဉ်မှ၊ ကင်းစင်လွတ်လပ်၊ ဝိမောက္ခတရားမြတ်ကိုရင်း၊ သမာဓိံဝါ၊ ငြိမ်သက်သာယာ၊ အပ္ပနာ၌၊ ကောင်းစွာတည်ဘိ၊ ထင်ရှားရှိသော၊ သမာဓိတရားတို့ကိုရင်း၊ သမာပတ္တိံဝါ၊ ချမ်းသာထူးမြတ်ဆိုက်ရောက် အပ်ငြား၊ သမာပတ် တရားကိုရင်း၊ မဂ္ဂံဝါ၊ ဝဋ်မှဆန်တက်၊ ကူးမြောက်ထွက်သွား၊ အရိယမဂ်တရားကိုရင်း၊ ဖလံဝါ၊ ခဏတ္တယ၊ သဘာဝဖြင့်၊ မဂ္ဂသမင်္ဂီ၊ အစဉ်ချိလျက်၊ အ,ညီတက်တိုး၊ မဂ်အကျိုးဟု၊ တန်ခိုးကြီးမား၊ ဖိုလ်တရားကိုရင်း၊ ဥလ္လပတိအံ့၊ သောဘိက္ခု၊ သည်၊ အ,သမဏော၊ သည်၊ အ,သကျပုတ္တိယော၊ သည်၊ ဟောတိ၊ ၏၊ ထေယျထာပိနာမ၊ ကား၊ မတ္တကစ္ဆိန္နော၊ ဗိုးဖျားရွက်ဆုံး၊ ပဘ်လက်ဒုံမှ၊ ပျက်ကုန်ဖြတ်လှီး၊ ခေါင်းက- ကျိုးသော၊ တာလော၊ ထန်းပင်သည်။ ဝါ၊ မြက်မျိုးသစ်ပင်၊ ခုနစ်အင်ထွင်၊ ပါဝင်ထုတ်ဆို၊ ထန်းငုတ်တိုသည်၊ ပုနဝိရူဠ္ဟိယာ၊ ထပန်နောက်ဆက်၊ ညွန့်ဖူးထွက်၍၊ ခက်လက်ဝေဆာ၊ ခေါင်းဖြစ်၍ လာခြင်းငှါ၊ အဘဗ္ဗောယထာ၊ မထိုက်သကဲ့သို့၊ ဝါ၊ မထိုက်သလိုပင်၊ ဧဝမေဝ-ဧဝံတထာ၊ လျှင်၊ ဘိက္ခု၊ သည်၊ ပါပိစ္ဆော၊ ၍၊ ဇာနူဇ္ဇာပကတော၊ ၍၊ အသန္တံ၊ သော၊ အဘူတံ၊ သော၊ ဥတ္တရိမနုဿဓမ္မံ၊ ကို၊ ဥလ္လပိဘွာ၊ ၍၊ ကြောင့်။ သော်၊ အ,သမဏော၊ သည်၊ အ,သကျပုတ္တိယော၊ သည်၊ ဟောတိ၊ ၏၊ တံ၊ ထိုဈာန်မဂ်ဖိုလ်တရားကို၊ ငါရ၏ဟု ပြောကြားခြင်းကို၊ ထေ

တယာ၊သည်၊ ယာစေဖိဝံ၊ဆုံး၊ ဝါ၊လုံး၊ အ,ကရဏီယံ၊ အပ်၊ထိုက်၊ ကောင်း၊ လင့်၊ဟုတ်၊အခါပေတည်း။

ရဟန်းသစ်က၊အာမဘန္တေ၊ ဘန္တေအရှင်ဘုရား၊ အာမ၊ပြောဲချာန် မင်ဖိုလ်တရားကို၊ ဒါရဏ၊ဂေါသိဏ၊စသည်ဖြင့်၊ မပြောကြားပါဘုရားဟု၊ လျှောက်ထားလေ၊ ၊

အရိယာဇာတ်၊ ပရမတ်နွယ်ဝင်၊သူတော်စင်ဟု၊ ခေါ်တွင်သမုတ်၊ရဟန်းပဥ္စင်းပြုလုပ်က၊ ဉတ္တရိမနုဿဓမ္မကို၊ ဂါရဏလို၊ ဘယ်အခါကာလမှ၊ မပြောကြားရဘူးတဲ့၊ ၊လူထူးလူမြတ်၊လူဥက္ကဋ္ဌတို့မှ ရအပ်သိအပ်တဲ့၊ဈာန်သမာပတ်စသော၊လောကီလောကုတ္တရာတရားရကို၊ ဉတ္တရိမနုဿဓမ္မလို-ဆိုတယ်၊ ၊ ထိုဉတ္တရိမနုဿဓမ္မကို၊အဟုတ်သိအဟုတ်ရတဲ့၊ ဝိသေသပုဂ္ဂိုလ်များသော်မှ၊ မပေါ်မပြောကောင်းဘူးတဲ့၊ တချားထူးတရားမွန်နှင့် အလွန်ဝေးကွာ၊မရသေးတဲ့ များဝိုလ်ပါတို့မှာတော့၊ ဆိုဖွယ်ရာမရှိ၊ မရမသိတဲ့နှင့်ဂါရဏ၊ ဂါသိဏလို၊ ဖုည့်စား၊ဝံ့ဝါ၍ ပြောကြားလျှင်၊ ဘုရားရှင်သာသနာမှ၊ ရွေလျှောကျပြန်း ရဟန်းဘဝမှဆုံးရှုံးပြီး၊လုံးလုံးကြီး နှစ်နာရတော့ဒါဘဲတဲ့၊ ၊ကြီးကျယ် စွာသော စကားမဟုတ်သေး၊ဉတ္တရိမနုဿဓမ္မ၏ ရှေ့ပြေး၊ဆူဆုညံညံ၊ လူသံများကင်းဝေး၍၊ချမ်းဇာတ်ငြိမ်ရာ၊ သုညာဂါရ၊ရပ်ဌာနမှ၊ ယာပထမှေ့လျော်၊ တရားနှင့်ပျော်ကြသော သူတော်သူမြတ်တို့စရိုက်၊ ဂါတို့ဖြင့်၊ နှစ်ချိုက်တယ်ထို၊ ရစ်ပိုက်ဖုည့်သွယ်၊၍သို့သောပရိယာယ်ဖြင့်၊ငြိတွယ်သောစကား ကလေးသော်မှ၊ဖွက်ပေါ်၍မပြောမပြောကောင်းဘူးတဲ့၊ အသူးပင်သတိထားပြီး၊ ငင်းဉတ္တရိမနုဿဓမ္မကို၊ဂါရဏလို မပြောမကြားမိအောင်၊ကြည့်ရှောင်ရမယ်တဲ့ မှတ်ထားကြားလား-မောင်နာ ။ ၊

{ရဟန်းသစ်က၊မှန်ပါဘုရားဟု၊လျှောက်ထားရန်၊}

စတုတ္ထအ,ကရဏီယပြီး၏၊

နာဂေါဝါဒအခန်းကြီး၍တွင်ပြီးပြီ၊

---

# နာဂေါဝါဒနိဂုံးယကလျာ။

ဆိုခဲ့ပြီးသော၊ နာဂေါဝါဒကျမ်း၌၊ မှန်ပြသဖွယ်၊ ကြီးကျယ်ပြီးလျှင်၊အဓိပ္ပါယ်သဘာဝတို့ကို၊ အသွယ်သွယ်ပဏာခုအောင်၊ ဉာဏကထုံးမှတ်ထုက်၊ ဆုံးဖြတ်ချက်ပြဆိုခဲ့ဘ်း။

တာဝဒေဝဿာယာမေတဗ္ဗာ၊ ဟူသော ပါဠိတော်ပါ၌။ အမြဲဖြစ်သော နိယတ်ဝါကျ၏အတွက်။ယာဝဒေဝ၊အစရှိသော-အနိယတ်ဝါကျဖြည့်စွက်၍။ ပေါ်လွင်စွာ အသိမခက်အောင်၊ ထည့်မြွက်ဆို ပြောခဲ့ပေသည်၊ ၊ဤအရာ တွင်၊ ဓမ္မုပမာနည်းအားဖြင့်ဖြေပြသော်။ ၊တေနသမယေနဗုဒ္ဓေါဘဂဝါဝေ ရဉ္ဇာယံဝိဟရတိ၊ ၊အစရှိသော- ပါရာဇိကကဏ် ပါဠိတော်လာဝေရဉ္ဇကဏ္ဍ ၏အဖွင့် အဋ္ဌကထာ၌၊ ၊ယေနသမယေန အာယသ္မာ သာရိပုတ္တော၊ အစ ချီသောပါ၌ဖြင့်၊ အနိယတ် ဝါကျကို၊ မြွက်ပြ ဖွင့်ဆိုသကဲ့သို့။ ထိုအတူ မှတ် ယူလေ၊ ၊

ဥတုပမာဏံ အာစိက္ခိတဗ္ဗံ၊တွင်။ ဥတုဌ်၊ တုအက္ခရာမှာ၊ တ,ဝမ်းပူသံပါ အောင်ရွတ်၊ ဥဒုဟူ၍၊ ဒ, နွေးသံနှင့် မရွတ်မိအောင်၊ သတိဆောင်လေ၊ ။ {စာရေးအမှန်၊စာဘတ်အသံ}ဟူသောပေါရာဏကမှတ်တမ်းမှာ၊ မြန်မာပြမ်း တွင်သာ အသုံးပြုရသည်၊ မဂဓပါဠိမျိုး၌ သုံးရိုးမရှိ ပကတိအတိုင်းသာမှတ်၊ ဖြင်ဆင်၍မဘတ်ရ။ ၊ဧင်းနည်းသဘော၊တောင်,ဟောပဗ္ဗတသဒ္ဒါမှာလည်း၊ ပဗ္ဗဒ၊တောင်၊ဟူ၍၊ နှာယောင်ပကြားနှင့်၊ ရွတ်ဘတ်ပုံ-မှားသည်ကိုကြားဘူး၊ ရသည်မှာ၊များလှ၏၊ သတိပြုရန်။ ၊

ဒိဝသ,ဘာဂေါ၊ အာစိက္ခိတဗ္ဗော၌၊ ။ဒိဝသောတုအဟံဒိန်၊ ။ဟု၊အဘိ ဓာန်မှာ၊ဒိဝသ,အဟ,ဒိန,ဟူ၍။နေ့၏ပရိယာယ် (၃)ပုဒ်ကိုထုတ်ဆို၍ပြ၏။ ၊ ရက်ဟောပါဠိမှာလည်း၊ကောဟာပဋိသ္သန္တာယော၊ဒွိဟာပဋိသ္သန္တာယော၊စသည် ဖြင့်၊အဟသဒ္ဒါနှင့်ပင်လာသည်များ၊ထိုထိုနေရာမှာ၊လွန်စွာထင်ရှား၏။ သို့ဖြစ် ၍၊မဂဓနည်းမှာ၊ နေ့နှင့်ရက်၊ အထူးမထွက်သကဲ့သို့ရှိသဖြင့်၊ ထိုက်သည့်အား လျော်စွာသုံးသည်၊ မြန်မာတို့ထုံးမှာလည်း၊ ဧင်းနည်းမလွဲ၊ ပေါင်းတွဲ၍ သုံး လေ့ရှိကြ၏၊ဒိသေသအားဖြင့်တနင်္ဂနွေ,တနင်္လာ,စသော (၇)ကို၊နေ့ဟူ၍ဆို သည်၊ လဆန်းတရက်၊ လဆုတ်တရက်စသည်ဖြင့်၊လ,ပြည့်-လကွယ်သို့ကျ အောင်-ရေတွက်မှုကို၊ရက်ဟူ၍ဆိုသည်၊ ၊

ဤအရာ၌၊ရေးခွင့်ဆိုက်၍၊ သိထိုက်သည့်အချက်ကို၊ ထည့်စွက်ဘို့ရာဖွေ က၊ယခုကာလမှာ၊ တနင်္ဂနွေနေ့သို့ကျလျှင်၊ အင်္ဂလန်တိုင်းသူ၊ ဘိလပ်သား တို့က၊ ရက်အားဟုဘုတ်ရွတ်၊ ဥပုသ်နေ့ သမုတ်၍၊ အလုပ်လုပ်လေ့ မရှိကြ သဖြင့်၊မသိသမှုလူအပေါင်းက၊ဧင်းတနင်္ဂနွေနေ့ကို၊ ထိုထိုလူမျိုးများ အားလုံး နှင့် သက်ဆိုင်သည်ဟု အမှတ်ပြုတတ်ကြ၏။ ထိုအမှတ်အသားသည်၊ လား လားမျှ မမှန်ချေ၊ တနင်္ဂနွေ-တနင်္လာစသော- ၇ နေ့တို့မှာ၊ ကိုယ့်ဆိုင်ရာ

ကိုယ်မှတ်သား၊ ကိုယ့်ဘာသာတရားဖြင့်၊ ရက်အား ဥပုသ်နေ့ဟု၊ ခေါ်ပြုအသီးသီး၊ အနည်းနည်းကို၊ တခါတည်းရုံစွာသိရအောင်၊ ဘတ်စာဆောင်တခုတွင်၊ အင်္ဂလိပ်လို ရေးပြသည်ကို၊ မြန်မာလိုထည့်လိုက်အံ့။ ။တနင်္ဂနွေနေ့သည်၊ တကမ္ဘာလုံး၌ရက်အားဥပုသ်နေ့မဟုတ်ချေ၊ ၎င်းမှာ၊ ခရစ်ယာန်ဘာသာဝင်လူမျိုးတို့အတွက်သာဖြစ်လေသည်၊ ဂရိတ်လူမျိုးတို့၏ ဥပုသ်ရက်အားမှာ၊ တနင်္လာနေ့၊ ပါရှင်းလူမျိုးတို့မှာ၊ အင်္ဂါနေ့၊ အက်ဆီရီယံလူမျိုးတို့မှာ၊ ဗုဒ္ဓဟူးနေ့၊ ဈာဂျစ်ပြည်သားတို့မှာ-ကြာသပတေးနေ့၊ မဟာမေဒင်ဘာသာဝင် လူမျိုးတို့မှာ- သောကြာနေ့၊ ရဟူဒီလူမျိုးတို့မှာ၊ စနေနေ့ ဖြစ်ကြလေသည်၊ ။ဟု၊ ပေါင်းရမှတ်သားတို့၊ခြားနားအောင်ပြဆိုလျက်ရှိ၏။ ။၎င်းကို၊ တိုတိုတုတ်တုတ်၊ အကျဉ်းချုပ်မှတ်သားတို့၊ လင်္ကာစကားဖြင့်၊ ရေးသား၍ထည့်လိုက်အံ့၊ ။(နေ့ခုနစ်ပါး၊ လွတ်လပ်ထားတို့၊ မှတ်သားခေါ်ရိုး၊ လင်္ကာထိုးလျက်၊ လူမျိုးခုနစ်ထွေ၊ စာရင်းရေသော်၊ တနင်္ဂနွေအင်္ဂလိပ်၊ ဂရိတ်တနင်္လာ၊အင်္ဂါပါရှင်၊ ဗုဒ္ဓဟူးချွင်အက်ဆီရီ၊ ယန့်ဟုသိလော၊ ဈာဂျစ်ကြာသပတေး၊ မဝေးသောကြာ၊ မဟာဒင်မေ၊ စနေရဟူဒီ၊ ခုနစ်လီဟု၊ စဉ်စီသရုတ်၊ ဆိုင်ရာထုတ်သည်၊ ။အလုပ်မထွက်-ဥပုသ်ရက်)။ ။

၎င်းကိုပင်၊ပေါ်လွင်ထင်ရှားအောင်၊ဇယားဖြင့်ပြဦးအံ့၊

| | |
|---|---|
| တနင်္ဂနွေ | အင်္ဂလိပ် |
| တနင်္လာ | ဂရိတ် |
| အင်္ဂါ | ပါရှင်း |
| ဗုဒ္ဓဟူး | အက်ဆီရီယန် |
| ကြာသပတေး | ဈာဂျစ် |
| သောကြာ | မဟာမေဒင် |
| စနေ | ရဟူဒီ |

ပြဆိုခဲ့ပြီးသော၊ ဆာယာမတဗ္ဗာ၊အစရှိသောပါဠိတော်အသွား၌၊ သဒ္ဒါရေးအားဖြင့်၊ မှတ်သား သင့်သည်မှာ၊ ။ကိတကာတိဓေယျလိင်္ဂါ၊ ။ဟု၊ ကစ္စာယနသာရကျမ်းဆရာ၊မိန့်မှာတော်မူသောနိသျည်းဖြင့်၊ ကိတ်ပစ္စည်းတို့သဘောသည်၊ ဟောအပ်သောဝါစ္စသို့၊ လိုက်သောလိင်ရှိမြဲဟု၊ ဆိုပြုသောစကားကြောင့်၊ ကွဲပြားခြားနားအောင် လိင် ၃ ရပ်၊ ထုံးအမှတ်ထားတို့ရာ၊ ဆာယာနှင့်သံဂိတိဟူသောဈာတ္ထိလိင်အတွက်၊မေတဗ္ဗာ၊နှင့်အာစိက္ခိတဗ္ဗာ၊ ။

ဥတုပမာဏံ၊ ဟူသောနပုလ္လိင်အတွက် အာစိက္ခိတဗ္ဗံ၊ ၊ဒိဝသဘာဂေါ-
ဟူသောပုလ္လိင်အတွက်၊ အာစိက္ခိတဗ္ဗော၊ဟု၊သဘောကိုရှု၍သိလေ၊ ၊

နိဿယ{၄}ပါး၊

စတ္တာရောနိဿယာ အာစိက္ခိတဗ္ဗာ။ ၊ဒေသနာမေ္ဗ၊ဟောပေါ် ပြအပ်သော
နိဿယ ၄ ပါးဆိုသည်ကား၊ အကျဉ်းသရုပ် ဥဒ္ဒေသ, အားဖြင့်၊ ဆွမ်း,-
သင်္ကန်း,ကျောင်း,ဆေး,ဟူ၍၊ ပစ္စည်း၄ပါး၊ ဥဘတ်နှင့်ယှဉ်၍၊ ဆင်ချင်သုံး
ဆောင်ကြရာသော ပစ္စဝေက္ခနာ ၄ ပါးပင်တည်း၊ ။ပိဏ္ဍိယာလောပဘောဇနံ
နိဿာယ၊၌၊ ။ပိဏ္ဍိယာ၊အပေါင်း၊ ။အာလောပ၊ အလုပ်အလွေ့ ဟူသော
အမည်-ကဗဠိကာရာဟာရ၊ ၊ဘောဇနံ၊ သုံးဆောင် အပ်သော ဆွမ်း
ခဲဘွယ်အစရှိသောဘောဇဉ်၊ ။ပိဏ္ဍိယာလောပဘောဇနံ၊ အပေါင်းဖြစ်၍၊
အလုပ်အလွေ့ပြုအပ်၊ စား,သောက်,ခဲ,လျက်, အပ်သည့် အမှတ်မရှိသော
ဘောဇဉ်၊ ။ပိဏ္ဍပါတန္တိ ယံ၊ ကိဉ္စိ အာဟာရံ၊ ယော ဟိ ကောစိ အာဟာရော
ဘိက္ခုနော ပိဏ္ဍောလျေနပတ္တေ ပတိ တတ္တာ ပိဏ္ဍပါတောတိ ဝုစ္စတိ၊ ပိဏ္ဍာနံ ဝါ
ပါတော ပိဏ္ဍပါတော၊ တတ္ထ တတ္ထ လဒ္ဓါနံ ဘိက္ခာနံ သန္နိပါတော သမူဟောတိ
ဝုတ္တံ ဟောတိ၊ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သီလနိဒ္ဒေသ၊ ၊သလုံး မြင်းခေါင်း
ခြေနှစ်ချောင်းဖြင့်၊ကြွပြောင်းမပြတ်၊ အိမ်စဉ်ပတ်၍ ခံအပ်-ရအပ်သော၊ အလုံး
ပုံသောအာဟာရကို၊ ပိဏ္ဍပါတ်ဆွမ်းဟုဆိုသည်၊ ။ပိဏ္ဍပါတပုဒ်ကို၊ ဝိဂြိုဟ်
ဝစနတ် လုပ်လိုသော်၊ ၊ပိဒိယတိသံ စင္ဒိယတီတိ ပိဏ္ဍော၊ ၊ပိဒိယ
တိသံ စယ ဒိယတိ၊ ပေါင်းအပ်၏၊ ဣတိ၊ ထိုကြောင့်၊ ပိဏ္ဍော၊ ပိဏ္ဍမည်၏၊ ၊
ပိဒိ ဓာတ်-ဏာဂစ္စည်း။ ၊ပိဒိ၊ သံဃာတေ ဟု-ဓာတ်နက်ပေါ်၊ ၊ဓာတ်အကျေ၊
အစဉ်ပါလတ်၊ရင်းသည်ဓာတ်မှာ၊ဗိန္ဒုလာ။ ၊ဟု၊နိယာမ်သရောတို့-ဆိုသည်
နှင့်ချိန်သ၍၊ပိဏ္ဍပြီးစေ၊ ၊ပတတီတိ ပါတော၊ ၊ပိဏ္ဍော ဝေ ပါတော ပိဏ္ဍ
ပါတော၊ ၊ကတ္တုသာဓနနှင့်၊ အဝဓာရဏ ကမ္မ ဓာရည်း၊ ၊ပတနံ သန္နိ
ပတနံ ပါတော၊ ၊ပိဏ္ဍာနံ ပါတော ပိဏ္ဍ ပါတော၊ ၊ဘာဝ သာဓနနှင့်၊
တပ္ပုရိသ်၊ ။

ဘောဇဉ်-ဆွမ်း-ကွမ်း၊ သုံးဆောင်ရာ နည်းလမ်း၌၊ ဟောင်းနွမ်းရိုယွင်း၊
အိုမင်းသော အိမ်ကို၊လဲပြိုခွေ,ရှား၊တိမ်းပါးခြင်းမရှိစေရန်၊ ကျားကန်ထောက်
ပံ့သကဲ့သို့ရင်း။လှည်းအိုလှည်းမင်းကို ကောင်းစွာလည်စေခြင်းငှာ၊ လှည်းစာ
ထိုးသကဲ့သို့ရင်း၊ အကြောင်းအားလျော်စွာ၊ ကိုယ်ခန္ဓာ အတ္တဘောကြီး၊ မ
ပျက်မစီး၊ အခိုင်အခန့် တည်တန့်နိုင်သမျှ၊ တည်တန့်စိမ့်သောငှာ၊ အစာအာ
ဟာရတို့ကို၊ မှတ,လေအောင်၊သုံးဆောင်မှဲအပ်၏၊ ။

ဝိတ္ထာပါတံပတိသေဝါမိ၊အစရှိသော-ပစ္စဝေက္ခနာပါဠိဘိုထောက်၍၊ ပါဠိ လျောက်အဓိပ္ပါယ်ကို။ သိလွယ်အောင်စီဘန်းသော်၊ ၊ဤဆွမ်းကို၊ ရွာသူ သားငယ်၊ကစားရွယ်တို့ကဲ့သို့၊ မြူးရယ်ပျော်ပါး၊ကစားခြင်း၊ လက်ဝှေ့သတ် လက်ပန်း၊ အသရမ်းသမားလူကြမ်းများကဲ့သို့၊ခွန်အားပြည့်တင်း၍၊ဗလမာန် ရစ်ခြင်း၊ နန်းတွင်းသူ မယ်ကညာတို့နှင့်၊ ပြည့်တန်းသာမိန်းမများလို၊ ကိုယ် အင်္ဂါကြီးငယ်၊ တင့်တယ်ပြည့်ဖြိုးအောင်၊ အမျိုးမျိုးပြုပြင်ခြင်း၊ ငွမ်းသမား က,ချေသည်တို့ကဲ့သို့၊ ရုပ်ရည်အဆင်း၊ ပြေပြစ်ပြေ့ပြောင်းခြင်း အကျိုးငှာ၊ မမှီဝဲရာ၊မဟာဘုတ်လေးထိ ကိုယ်၊နိစ္စပါဘ်အမြဲမှီးသော၊ ဤခန္ဓာ-ရုပ်ကလာပ်၏၊ အစဥ်မပြတ်၊ဆက်စပ်ခြင်းဟူသော ပဗန္ဓဋ္ဌိ၏၊အစွမ်းဖြင့်တည်ခြင်း၊ ဥပါဒိဏ္ဏ က၊ရူပကာယအပေါင်း၏၊ တည့်ကြောင်းဇီဝိတိန္ဒြေကို၊ မြင့်ရှည်အောင် မှုတ စေခြင်း၊မွတ်သိပ်ဆာလောင်ခြင်းဟူသောဖိစယ်ဆွ့အားရန်ကို၊ ဝေးလံအောင်၊ ပယ်ဖျောက်ခြင်း၊နိယျာနိက၊မြတ်ဗုဒ္ဓသာသနာ၊ရှိန်အဝါထွန်းတောက်အောင် ဒြီးမြောက်ခြင်းအကျိုးငှာသာမှီဝဲရာ၏၊ ရှေးကံအကြောင်းကြောင့်၊ အဟောင်း ဖြစ်သောဝေဒနာကို၊ပယ်ခွါလွှတ်မြောက်အောင့်၊လွှင့်ဖျောက်ခြင်း၊အာဟာရ ဟတ္ထကအစရှိသော ပုဏ္ဏား-၅ဦးတို့ကဲ့သို့၊အစားကြူးခြင်းအပြစ်ကြောင့်၊ဝေ ဒနာ အသစ်မဖြစ်စေရခြင်း၊ လျောင်း,ထိုင်,ရပ်,သွား,၊ ၄ ပါးသော ဣရိယာ ပုထ်၊မယုတ်မလွန်ရအောင်၊မျှတစေနိုင်ခြင်း၊ တရားလမ်းဖြောင့်မှန်သော-ဝမ္မ ကမ်အမြတ်နည်းဖြင့်၊ရှာမှီးခြင်း-ခံယူခြင်း-သုံးဆောင်ခြင်းတို့ကြောင့်၊ အပြစ် ကင်းရှင်းခြင်း၊၄လုပ်၅လုပ်၊ ယုတ်လျော့၍သုံးဆောင်သဖြင့်၊ ချမ်းသာအောင် နေထိုင်နိုင်သောအခွင့်-သင့်တင့်စွာရရှိခြင်း၊ ထိုအကျိုးတို့ကိုသာ-နှလုံးသွင်း၍ သုံးဆောင်ခြင်းပြုရာသည်၊ ၊

ဆိုခဲ့ပြီးသောစကား၌၊အစားကြူးသောပုဏ္ဏားငါးဦးဆိုသည်ကား၊ ၊

(၁) ထမင်းကို လွန်စွာစားသဖြင့်-စားရာအရပ်မှ၊ မတ်ရပ်ထ,ဘို့မကြွ နိုင်ခြင်းကြောင့်၊ အဘင်းသက်ကို ဆွဲယူ၍၊တွဲဘူမှ-ထ,နိုင်သော၊ အာဟာရ ဟတ္ထက,ပုဏ္ဏား၊

(၂) ဗိုက်စူနံကား၊အလွန်စားသဖြင့်၊ ခါးကပုဆိုးကိုမျှ-သည်ပိုး၍ဝတ် မဖြစ်သဖြင့်၊အလွှတ်အင့်အောင်-အမူခြားသောကြောင့်၊ သူတပါးတို့က၊ဝတ် ဆည်း၍ပေးရသော၊ အလံသာဋက,ပုဏ္ဏား၊

(၃) စားရာအရပ်မှ,မထမကြွနိုင်၍-တမြိုင်မြိုင်ငြီးပြီးလျှင်၊ လူးလည်း၍ နေရသော၊တတ္ထဝဋ္ဋက,ပုဏ္ဏား၊

(၄) ဝမ်းမှလည်ချောင်း၊ ရင်းမှခံတွင်း၊ ပြည့်တင်းအောင် အစာဆိုက်

သဖြင့်၊လျှိုးနှိုက်၍မှီလောက်အောင်မချင့်မထောက်၊အလွန်စားသော ကာက မာသက,ပုဏ္ဏား၊

(၅) စား၍အပြီး၊ တခါတည်း အောင်ကာထိုသန်လျက်၊ အော့အန်ကာနေ ရသော ဝန္တဝမိတ,ပုဏ္ဏား၊

၎င်းပုဏ္ဏား-၅ယောက်ကို၊သံဒ်ပေါက်ဖြင့်ရေးသား၍၊ ထင်ရှားအောင် ပြဦးအံ့၊ ။

(က) ပုဏ္ဏားငါးဦး၊အစားကြူး ခြားထူးထုတ်ဖော်ပြ၊ ။

(ခ) သက်ကိုင်ဆွဲယူ၊တွဲ၍ထူမှ၊ ထနိုင်ရအောင်၊အဝမွစား၊မည်မှတ် သား၊ပုဏ္ဏားအာဟာရဟတ္ထကာ၊

(ဂ) မိုက်ရူးကား၊အလွန်စား၍၊ ခါးကထည်ဝတ်-ပြုတ်ပြီကျွတ်လျှင် ပြင်ဆင်ဝတ်ဆည်း၊မဖြစ်နည်းကြောင့်၊အပြီးမြင်သူ၊ တခြားလူက၊ကူမ,ဝတ် နှံ၊ပေးရဖြန့်၊အလံသဋကပြဟ္မဏ။

(ဃ) စားရာချဝ်မှ၊မသကြွနိုင်၊တမှိုင်မှိုင်ငြီး၊ မြည်းတောက်တီး၍၊ လူး သည်းနပြား၊လူးထွေပြား၊ပုဏ္ဏားတတ္ထဝဋ္ဋက၊

(င) ခံတွင်းဝ၌၊ အစာသိုက်အောင်၊ ကျိုးနှိုက်မှီပြား၊ အလွန်စား၊ ပုဏ္ဏား ကာကမာသက၊

(စ) စား၍အပြီး၊ သူသည်းအော့အန်၊ နေရဟန်-ပြဟ္မဏ်ဝန္တဝမိတ၊

၎င်းအရာတွင်၊ပိဏ္ဍပါတ် ရှုဘင်အတွက်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှုတင်နိဒ္ဒေ သန္ဓလာသော၊ဂါထာပါဌ်တို့ကို ကြ က်မှတ်လို-ငယ်သူတို့လွယ်တကူ ရနိုင်ရန် ရည်သန်သုတ်ရေး၍၊အနက်ပေးလိုက်အံ့၊ ။

ဝိဏ္ဍိယာလာပသန္တုဋ္ဌော၊အပရာယတ္တဇီဝိကော၊

ပဟီနာဟာရလောလုပ္ပါ၊ဟောတိစာတုဒ္ဒိသော ယတိ၊ ။

ဝိနောဒယတိ ကာသဇ္ဇံ၊ အာဇီဝ ဿဝိသုဇ္ဈတိ၊

တသ္မာဟိနာတိမညေယျ၊ ဘိက္ခာစာရံ သုမေဓသော၊ ။

ဝေရူပသဿတိ၊ ။

ပိဏ္ဍပါတိက ဿဘိက္ခုနော အတ္တဘရဿအနညပေါသိနော၊

ဒေဝါပိ ပိဟယန္တိ တာဒိနော၊နောစေလာဘသိလောကနိဿိတော၊ ။

(အနက်ကား) ပိဏ္ဍိယာလောပသန္တုဋ္ဌော၊ ပိဏ္ဍပါတ်မှ၊ ဝတ်ပြုစွဲမြဲ၊ရရ သမျှသောဆွမ်းဖြင့်ရောင့်ရဲတင်းသော၊အပရာယတ္တဇီဝိကော၊ သူတပါးနှင့်၊ ကူး လူးဆက်စပ်၊မကပ်အလျှင်း၊သီးသန့်သောအသက် မွေးခြင်းလည်း ရှိထသော၊ ပဟီနာဟာရလောလုပ္ပါ၊ အာဟာရ၌၊နှစ်ချိုက်လွန်စွာ၊တပ်တက်သော၊ လော

လုပ္ပတဏှာကို၊ ပယ်ခွါလေ့ရှိထသော၊ ယတိ၊ တရားရှုမျှော်၊ ရဟန်းတော်သည်၊ စာတုဒ္ဒိသော၊ အခုပ်ဒိသာ၊ လေးမျက်နှာတွင်၊ ပိတ်ပင်ကင်းရှင်း၊ အလိုရှိတိုင်း သွားရခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ။

သုမေဓသော၊ ကောင်းသောပညာ၊ ယှဉ်မကွာသော မေဓါဝီတ်မှီ၊ ဖြစ်သော ယောဂီသည်၊ ယသ္မာ၊ အကြင့်ကြောင့်။ ကောသဇ္ဇံ၊ ထကြွမှုကင်း၊ ပျင်းရိခြင်းကို၊ ဝိနော ဒယတိ၊ ဖြတ်တောက်ရတ်ချိုင်၊ ပယ်ဖျောက်နိုင်၏၊ အဿ၊ ထိုဆွမ်းခံလှည့် ပတ်၊ ယောဂီခြတ်၏၊ အာဇီဝေါ၊ ကိုယ်ခန္ဓာကိုး၊ ရှည်ကြာအောင်ပြု၊ သက်မွေး မှုသည်၊ ဝိသုဇ္ဈတိ၊ ညစ်ကြေးပျောက်ကွယ်၊ လွတ်စင်ကြယ်၏၊ တသ္မာတိ တသ္မာဧဝ၊ ထိုကြောင့်သာလျှင်၊ ဘိက္ခာစာရံ၊ ပိဏ္ဍပါတ်ငြမ်း၊ သလုံးစွမ်းဖြင့်၊ ကြိုးပမ်းမယွင်း၊ ဆွမ်းခံခြင်းကို၊ နာတိမညေယျ၊ ပေါ့ပေါ့ဆဆ၊ လုလ္လကင်းကွာ၊ မထိမဲ့မြင်မပြုရာ၊ ။

ဧဝရူပဿ၊ ဤသို့သဘောရှိသော၊ ။ ပိဏ္ဍပါတိကဿ၊ ဆွမ်းပိဏ္ဍပါတ်၊ မပြတ်အောင်၊ ခံရပ်လေ့ရှိထသော၊ အတ္တဘရဿ၊ မိမိကိုယ်ကို၊ ကြည်ညိုဘွယ် အရေး၊ မိမိပင်အသက်မွေးလေ့ရှိထသော၊ အနညပေါသိနော၊ တပါးသောသူ၊ အရေးယူ၍၊ မွေးမြူလေ့မရှိထသော၊ တာဒိနော၊ ကောင်းမကောင်းဟူ၊ သောင်း ပြောင်းစုဆုံ ရသာရုံဘွင်၊ ခံမင်ကွာဘိ၊ တဏှာမငြိသဖြင့်၊ သည်းခံခြင်း တာဒိ သဘောသည်းရှိထသော၊ ဘိက္ခုနော၊ ရဟန်းအား၊ လာဘာ သိလောကနိဿိ တော၊ လာဘ်သပ္ပကာ၊ ပေါ်တို့ရာ၌၊ အာသာခွယ်ရည်၊ အကျော်အစောကိုမှီ သည်၊ နောစဟာတိ၊ အကယ်တစေ၊ မ ဖြစ်ပေအံ့၊ ဒေဝါပိ၊ ဘုမ္မရုက္ခာဇာန္တ သိကြား၊ အာကာသလျှက်၊ များပြားပေစွာ-အားလုံးသော နတ်ဒေဝါ တို့သည် လည်း၊ ပိဟသန္တိ၊ မေတ္တာလွှမ်းမိုး ဆွမ်းခံသည်ဘုန်းခိုးကြောင့်၊ မြတ်နိုးချစ်ခင် ကြလေကုန်သတည်း၊ ။

ဤပထမနိဿယ၌၊ အတိရေကလာဘ်ဆိုသည်ကား၊ ။(၁) ကျောင်း တိုက်သံဃာ၊ များစွာအကုန်၊ အာရုံပြဋ္ဌာန်း၊ ကပ် လှူဒါန်းအပ်သော-သံဃ ဘတ္တံ၊ ။(၂) တပါးနှစ်ပါးစသောအားဖြင့်၊ မှတ်သားရည်မှန်း၊ စိတ်အာရုံပြဋ္ဌာန်း ၍၊ လှူဒါန်းဆက်ကပ်အပ်သော ဥဒ္ဒေသဘတ္တံ၊ ။(၃) ပင့်ဘိတ်ဆက်ကပ် လှူ ဒါန်းအပ်သော နိမန္တနဘတ္တံ၊ ။(၄) ထေရ်ကြီး ထေရ်ငယ်၊ ရွေးချယ်မရှိ၊ ပကတိသော စိတ်မနောဖြင့်။ သဘောအမှန်၊ စာရေးတန်ဟူ၊ အပ်နှံလှူဒါန်းအပ် သော၊ သလာကဘတ္တံ၊ ။(၅) လဆုတ်-လဆန်း-စွဲယူမှန်း၍၊ လှူဒါန်းအပ် သော၊ ပက္ခိကဘတ္တံ၊ ။(၆) ဥပုသ်နေ့ဟူ၊ ရက်မြတ်ယူ၍၊ ကပ်လှူ လေ့ရှိ သော၊ ဥပေါသထိကဘတ္တံ၊ ။ (၇) ဥပုသ်အထွက်၊ လွန်တရက်၌၊ ကပ်

ဆက်လှူဒါန်းအပ်သော၊ ပါဒိုပဒိကာဘတ္တ။ ။(၈) သွားလိုရာခရီးသို့၊ ဆိုက်ရောက်ပြီး၊ ဧည့်သည်ရဟန်းအား၊ လှူဒါန်းခြင်း ပြုအပ်သော၊ အာဂန္တုကဘတ္တ၊ ။(၉) အလိုရှိရာဌာနသို့ မရောက်မီ ခရီးအကြား၊ သွားဆဲသွားလတန့် ရဟန်းအား လှူဒါန်းအပ်သော ဂမိကာဘတ္တ၊ ။(၁၀) နာဖျား မကျန်းရှင်ရဟန်းအားလှူဒါန်းအပ်သော၊ ဂိလာနဘတ္တ၊ ။(၁၁) သူနာပြု ရှင်ရဟန်းအား၊ပြုရဘွယ် ရှင်လန်းအောင်၊လှူဒါန်းအပ်သော၊ဂိလာနုပဋ္ဌာကဘတ္တ၊ ။(၁၂) ကျောင်းကိုစွဲသန်း၍လှူဒါန်းအပ်သော၊ ဝိဟာရဘတ္တ၊ ။(၁၃) နိစ္စဗဒ်ဝတ်မချွတ်မလွဲ၊ အမြဲလှူဒါန်း အပ်သော၊ ဓုရဘတ္တ၊ ။(၁၄) အလှည့်အကြိမ်ကျ၊မချိုရအောင်၊ . ပို့သလှူဒါန်းအပ်သော ဝါရကဘတ္တ။ ။ဟူ၍ဆဲ့လေးပါးတည်း၊ ။ငင်းရဒ္ဒသဘတ်ဆဲ့လေးရပ်မှာ၊ဝိနည်း အဋ္ဌကထာကြီး ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာတို့၌၊စိတ်ထန်း၍လာ၏၊ ။ဤသြဝါဒခဏ်းပါဠိတော်၌ကား၊သံဃဘတ်မှစ၍၊ ပါဒိုပဒိကာဘတ်သို့ကျအောင်၊ ရှေ့ခုနစ်ဌာနသာ-လာ၏၊ ။

{ရဟန်းဂုဏ်ကျေးဇူး-၁၀ပါးဆိုသည်ကား၊}

(၁) အပ္ပိစ္ဆတာ၊ အလိုနည်းပါးသောအဖြစ်၊ ။(၂) သန္တုဋ္ဌိတာ၊ရောင့်ရဲလွယ်သောအဖြစ်၊ ။(၃) သုဘရတာ၊ ရဟန်း တရားဖြင့်၊ မိမိကိုယ်ကို၊ မိမိမွေးမြူလွယ်သောအဖြစ်။ ။(၄) သုပေါသတာ၊ မိမိကိုယ်ကို၊ ကြည်ညိုသူ ဒါယကာတို့က ဒါတဗ္ဗပေးလှူ၍၊မွေးမြူလွယ်သောအဖြစ်၊ ။(၅) သလ္လေခတာ၊ခေါင်းပါးသောအဖြစ်၊ ။(၆) ရူဝ တာ၊ကိလေသာကိုခါထွက်သောအဖြစ်၊ ။(၇)ပါသာဒိကတာ၊ကြည်ညိုဘွယ်ကို၊ဆောင်သွယ်သောအဖြစ်၊ ။(၈) အပစယတာ၊ ကိလေသာကို ဖျက်ဆီးသော အဖြစ်၊ ။(၉) ဝိဝေကတာ၊ဆိတ်ငြိမ်သောအဖြစ်၊ ။(၁၀)ဝီရိယာရမ္ဘတာ၊ ရဟန်းတရားကို၊အားထုတ်သောအဖြစ်။ ။ဟူ၍ဆယ်ပါးတည်း၊ ။

ပထမနိဿယစကား၌၊မှာထားဆုံးဖြတ်ချက်ပြီး၏၊

---

{ဒုတိယနိဿယစကား၌၊မှာထားဆုံးဖြတ်ချက်၊}

ငသုကုလစိဝရံနိဿာယ၌၊ ပံသုကူလပုဒ်ကို၊ ဝိဂြိုဟ်ဝစနတ်ဖျုပ္ပတ်ပါထုတ်လှည့်၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၊ သိသာအောင်ပြဟန်မှာ၊ ။ရထိကာသုသာနသင်္ကာရ ကုဋာဒိနံယတ္ထကတ္ထစိပံသူနံ ဥပရိဌိ ထတ္တာ အဗ္ဘုဂ္ဂတဋ္ဌေန

တေသုတေသုကုလမိဝါတိပံသုကူလံ၊ အထဝါပံသုဝိယ ကုစ္ဆိတဘာဝံဥလတိတိပံသုကူလံ၊ ကုစ္ဆိတဘာဝံဂစ္ဆတိတိဝုတ္တံဟောတိ၊ ။

(အနက်ကား။) ရထိကသုသာနသင်္ကာရကူဋာဒိနံ၊ ခရီးလမ်း၊ သုသာန်အမှိုက်ပုံစသည်တို့တွင်၊ ယတ္ထကတ္ထစိ၊ အမှတ်မရှိသော၊ ပံသူနံ၊မြေမှုန့်တို့၏၊ ဥပရိ၊အထက်၌၊ ဋ္ဌိတတ္တာ၊တည်သည်၏အဖြစ်ကြောင့်၊အဗ္ဘုဂ္ဂတဋ္ဌေန၊ရုံ့ရုံ့မပျက်၊ပုံ့ပုံ့တက်သောအနက်သဘောအားဖြင့်၊ တေသုတေသု၊ ထိုထိုခေသုသာန်စသောအရပ်ဌာနတို့၌၊ကုလမိဝ၊လွှားသကဲ့သို့၊ ပဝတ္တတိ၊ဖြစ်တတ်၏၊ ဣတိ ထို့ကြောင့်၊ပံသုကုလံ၊ပံသုကူလမည်၏၊အထဝါ၊တနည်းကား၊ပံသုဝိယ၊လမ်းဝ၊ဌာနေ၊သုသာန်စသည်၌တည်သောမြေကဲ့သို့။ကုစ္ဆိတဘာဝံ၊ စက်ဆုပ်ရွံရှာ-ထွ့ဖွယ်ရာအဖြစ်သို့၊ ဥလတိ၊ ရောက်တတ်၏၊ ဣတိ၊ ထို့ကြောင့်၊မှံ့သုကုလံ၊ မည်၏၊ကုစ္ဆိတဘာဝံ သို့၊ ဂစ္ဆတိ၊ရောက်တတ်၏၊ဣတိ၊ဤသို့၊ ဝုတ္တံ၊ ဆိုလိုသည်၊ဟောတိ၊၏၊ ။

{ပံ့သုကူသင်္ကန်း၊ အမျိုးအမည်ခွဲခြမ်း၍မှတ်တမ်းသရုပ်။ ဇေ့ဌဂုဏ်အောင် ထုတ်လိုက်အံ့} (၁) သောသာနိက၊ သုသာန်သင်းချိုင်း၌၊ စွန့်ပစ်တိုင်းရအပ်သည့်၊အရပ်ရပ်သောအဝတ်အထည်မျိုး၊ ။(၂) ပါပဏိက၊လူပေါင်းဖုဆုံ၊ဈေးရုံ့ဝယ်၊မတွယ်မတာ၊ပယ်ခွါလွှတ်လပ်၊ စွန့်ပစ်အပ်သည့်၊ အရပ်ရပ်သော အဝတ်အထည်မျိုး။ ။(၃)ရထိယစောဠ၊ ကုသိုလ်လိုလား၊ သူတော်ကောင်းအမျိုးသားတို့သည်၊အများမြင်သော်၊ ယူကောက်နိုင်ဘို့ရာ၊ သွားလာသောဌာန၊လမ်းပြင်ပေါ်ခရီးမတို့၌၊ ဒါနအမှတ်၊စွန့်ပစ်အပ်သောအရပ်ရပ်အထည်မျိုး၊ ။(၄)သင်္ကာရစောဠ၊တံမြက်ချေးပုဆုံ၊အမှိုက်ပုံ၌၊ရောက်ဆိုက်တည်နေသော အထွေထွေအဝတ်မျိုး၊ ။(၅) သောတ္ထိယ၊ ကိုယ်ဝန်ဆောင်မိန်းမ၊ သားဘွားသောကာလ၌၊ ဂဗ္ဘမလ၊ဟူသောကိုယ်ဝန်အညစ်အကြေးကိုရစ်ထွေး၍ စွန့်ပစ်အပ်သော ညစ်ဖတ်သည့်အဝတ်အထည်မျိုး၊ ။(၆) နှာနစောဠ၊ ဦးခေါင်းပါရေချိုးလျှော်၊ ကာဠကဏ္ဏိက ပုဆိုးဟု- ဆိုရိုးပြုခွန်းချွတ်လျှော်၊စွန့်ပစ်၍ထားအပ်သောအဝတ်အစားမျိုး။ ။(၇) တိတ္ထစောဠ၊သောင်ထိပ်ကမ်းစပ်၊ရေချိုးဆိပ်အရပ်၌၊ စွန့်ပစ်၍ထားအပ်သော၊ ပိလောတိက အဝတ်အထည်မျိုး၊ ။(၈) ဂတပစ္စာဂတ၊ သုသာန်မှပြန်လာရာ၊ မြန်မကြာရေချိုးလျှော်၊ရေလဲဝတ်ပုဆိုးဟု ဆိုရိုးပြု၍ စွန့်ပစ်လှူ့ရှိသော အဝတ်အထည်မျိုး၊ ။(၉) အဂ္ဂိဒဍ္ဎ၊မီးလောင်ရာတွေ့လျှင်၊ မသုံးချင်၍၊အမင်္ဂလာ၊ သညာပညတ်၊ကြွက်သရေမရှိဟူသောအမှတ်ဖြင့်၊စွန့်ပစ်အပ်သောအထည်မျိုး။ ။ (၁၀) ဂေါခါယိတ၊ နွားဝါးခုရှိသျှင်၊ မသုံးချင်၍......လ... အထည်မျိုး၊ ။

(၁၁)ဥပစိခါယိတ၊ ခြပရွက်တို့၊ ကိုက်ဖျက်ရာတွေ့လျှင်၊ မသုံးချင်၍၊ ...... လ ...... အထည်မျိုး၊ ၊(၁၂)ဥန္ဒူရခါယိတ၊ ကြွက်ကိုက်ခဲ့လျှင်၊ မသုံးချင်၍ ...... လ ...... အထည်မျိုး၊ ၊(၁၃) အန္တဆိန္န၊ အနားပြတ်သျှင်၊ မသုံးချင်၍ ...... လ ...... အထည်မျိုး၊ ၊(၁၄) ဒသာဆိန္န၊ အမြိတ်အဆာပြတ်လျှင်၊ မသုံးချင်၍ ...... လ ...... အထည်မျိုး၊ ၊(၁၅) ဓဇာဟဋ၊ ဖျော်သဘော်အထက်မှာ၊ မှတ်သားချက်ယူသည့်အလိုက်၊ ထူစိုက်သော တံခွန်းအောင်လံ၊ စစ်မြေပြင်တပိုက်၊ ထူစိုက်သော တံခွန်အောင်လံဘို့ကို၊ နောင်တဖန်ပြန်ယူဘို့၊ လူတို့မှာထုံးစံမရှိ၊ စွန့်ပစ်ခွါသွားဘို့၍၊ များသိသူပဲဟူသရွေ့တို့၊ ကောက်ယူလေ့ရှိသော အဝတ်အထည်မျိုး၊ ၊(၁၆) ထူပစိဝရ၊ ဟောင်ပို့ကိုရစ်ပတ်လျက်၊ ပူဇော်၍ထားအပ်သော အရပ်ရပ်အထည်အလိပ်မျိုး၊ ၊(၁၇) သင်္ဃာစီဝရ၊ ကောင်းကျိုးလိုသား၊ ရဟန်းများ၊ ဒါနအမှတ်၊ စွန့်ပစ်၍ထားအပ်သော အဝတ်သင်္ကန်းအထည်အလိပ်မျိုး၊ ၊(၁၈) အဘိသေကိက၊ ဘုရင်မင်းမြတ်၊ သမုန်တော်တို့၊ ဆပ်သိက်ခံရာ အရပ်၌၊ စွန့်ပစ်၍ ထားအပ်သော အဝတ်အထည်မျိုး၊ ၊(၁၉) ဣဒ္ဓိမယ၊ ဧဟိဘိက္ခု ရဟန်းတို့အား၊ တန်ခိုးဖြင့်ပြီးသော သင်္ကန်းဟူသောအဝတ်အထည်မျိုး၊ ၊(၂၀)ပန္ထိက၊ ခရီးသည်များ၊ လမ်းမျှောင်ကြားတွင်၊ သွားစဉ်မေ့ရစ်၊ သတိလစ်သဖြင့်၊ စွန့်ပစ်၍ထားသကဲ့သို့သော အဝတ်အစားမျိုး၊ ၊(၂၁) ဝါတာဟဋ၊ လေပွေလကြမ်း၊ ဇွဲရန်းတိုက်ခတ်၊ ပစ်လွှတ်အပ်၍၊ အရပ်ရပ်ဌာနသို့၊ သဘာဝအတိုင်းကျရောက်မှု၊ ကောက်ယူ၍သုံးအပ်သည့်၊ အရပ်ရပ်အဝတ်အထည်မျိုး၊ ၊(၂၂) ဒေဝဒတ္တိယ၊ နတ်တို့ကချပ်ခင်၍၊ ဝတ်ဆင်ရန်အမှတ်ဖြင့်၊ ပေးလှူ၍ရအပ်သည့်၊ အရပ်ရပ်အဝတ်အထည်မျိုး၊ ၊(၂၃) သာမုဒ္ဒိက၊ သမုဒ္ဒရာလှိုင်းတံပိုးဖြင့်၊ ကမ်းရိုးသို့ ပစ်တင်၍၊ အရှင်မရှိ ပံသုကူလတ်သက်၊ ကောက်ယူ၍ရအပ်သည့်၊ အရပ်ရပ်သောအဝတ်အထည်မျိုး၊ ၊ဟူ၍၊ နှစ်ဆဲ့သုံးထည်သရုပ်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ အစရှိသောကျမ်းတို့မှာ၊ ခွဲခြမ်း၍လာ၏၊ ၊

အဘိဓာန်ကလာဘန္ဒ၊ အဝတ်အထည်ရေတွက်ပြလျှင်၊ ၊(၁) ခေါမ, မည်သောလျှော်ချည်ဖြင့်၊ ရက်အပ်သောအဝတ်အထည်မျိုး၊ ၊(၂)ကောသေယျ ပုဒ်၊ ပြထုတ်ပိုးချည်မျိုးအမည်မှာ၊ တရုပ်ပြည်မှာ-ဦးတည်ရောက်လာ၊ တိုင်းမြန်မာတွင်၊ ကြည်ညာသင်ပေါ်၊ ပုသိမ်တို့ဖျော်ကြသော ပွဲတော်, ရွှေခဲ, ရှေးနေမြတွင်၊ ဆင့်ကဲတိုးပွါး နောင်ကောင်းစားတို့၊ ပေါင်းအများချက်၊ {ဆောင်၊ ဒါး} စက်နှင့်၊ လက်အမျိုးမျိုး၊ အမရပူရပိုးဟု၊ ခေါ်ရိုးအမည်၊ ရွှေထောင်ပြည်နှင့်၊ တနင်းသာရီနယ်၊ မြိတ် ထားဝယ် တလျှောက်၊ ဘန်ကောက်မြို့

စသည်တို့မှ ဖြစ်သော အဝတ်အထည်မျိုး၊ ။(၃) ကပ္ပါသိကအနက်၊ ဝါ
ချည်ဖြင့် ရက်အပ်သော၊ သဲတောဟန်ဇာ၊ နံလျားပြည့်စွာ၊ မိတ္ထီသာနှင့်၊ မုံရွာ
သာစည်၊ နာမည်ထုတ်ယူ၊ ပခုက္ကူ၊ မြင်းခြံ၊ အရင်းခံလျက်၊ လက်ရက် စက်
ရက်၊ ညှံ့သက်နုထွက်၊ ညက်ချောမွတ်သည့်၊ ဇင်ရွတ်ပိဖျင်မာလကျင်စသော
အထည်၊ ထို၎င်တလွှား။ နိုင်ငံခြားမှ၊ အများဘဏ္ဍာ၊ သင်္ဘောနှင့် ပါခဲ့သော၊
ရာဇာခွေပိတ်၊ ဂျမ်းတံဆိပ်နှင့်၊ ပေပိတ်ငသည်၊ အလီလီသော အထည်အလိပ်
မျိုး၊ ။(၄) ကမ္ဗလဟု၊ နာမပေါ်တဲ့၊ မှည့်ခေါ်မြဲသော၊ သားရဲမွေးမြှင်၊ လူ
ဆံပင်တို့ကို၊ ရှောင်ကြဉ်ရက်အပ်၊ ရောင်ရှဉ့်လျှော်၍၊ သက္ကလပ်ဟု ပညတ်
တင်ဟန်။ အင်္ဂလန်နှင့်၊ အမေရိကံပြင်သစ်၊ ဇာ္မဏီ ၎င်းတလီ၊ ဇာမဏီစသော၊
ဥရောပတိုက်၊ နယ်တပိုက်မှ၊ သွယ်ဆိုက်ရောက်လာ၊ ထွန်းတောက်ဖြာသော
ကမ္ဗလာအထည်မျိုး၊ ။(၅) သာဏမည်တွင်၊ ပိုက်ဆံခေါ်- လျှော်ချည်မြှင်
ဖြင့်၊ စီစဉ်၍ရက်အပ်သော အထည်မျိုး၊ ။(၆) ဘင်္ဂမည်တွင်၊ ဘန်ချည်
မြှင်ဖြင့်စီစဉ်၍ ရက်အပ်သော၊ တနည်း၊ ဘင်္ဂ-ဘဇ-ဗျုပ္ပတ္တိသဘောအရဖြင့်၊
ခေါမစသည်၊ ချည်ငါးမည်ကို၊ ရောရှည်ဆုံမှ၊ အကုန်ရ၍၊ ရက်ပြုလုပ်ကိုင်
သော။ နိုင်ငံခြားဖြစ် အဝတ်အထည်မျိုး၊ ။ဟူ၍၊ ခြောက်မျိုးတည်း၊ ။

ထိုအတိရေကလတ်၊ အနုလောမအထည် အမည်မျိုးဇာတ်၊ ၆ထည်သော
သက်နိုးအမှတ်တွင် ရေးတင်၍ပြခဲ့သော၊ ခေါမသက်နိုးအတွက်၊ ဟုတ်မှန်ရာ
ဥာဏ်သက်ဘို့၊ စီစစ်ချက်သုံးမှတ်၍၊ အဆုံးအဖြတ်ကိုပြလိုက်အံ့၊ ။၎င်ခေါမ
သက်နိုးကို၊ ထိုထိုသို့သော ဌာနဌ်အချို့ အချို့သော အာစရိယတို့သည်၊ ခေါမ,
တိုင်း၌ဖြစ်သော သက်နိုးဟု-အနက် သမ္ဗန်မှု ပြုကြ၍၊ ခေါမ, တိုင်းဆိုသော
စကား၊ ၎င်နေရာမှာပါ၊ မကြားစဘူး၊ ဆန်းထူးဘ၍၊ တိုင်းကြီးသော ဌာသနှင့်၊
တိုင်းအချို့မျိုးကောဝိသတို့မှာ၊ ခေါမတိုင်းပါ-မပါကို၊ သေချာစွာသိဘို့ရန်-
သုတ္တန်ပိဋကတ်ဆိုင်ရာ၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ အဋ္ဌနိပါတ်၊ ဝိသာခုပေါသထ
သုတ်၊ စာမျက်နှာပါတ်(၃၆)၊ ရှုဋ္ဌနိဒ္ဒေသပါဠိတော်စာအုပ်နံပါတ်(၁၂၀) တို့မှာ၊
လာရှိသော၊ အင်္ဂ,-မဂဓ,-ကာသိ,-ကောသလ,-ဝဇ္ဇိ,-မလ္လ,-စေတိယ,-ဝံသ,
ကုရု,- ပဉ္စာလ- မစ္ဆ,-သူရသေန,- အဿက,- အဝန္တိ,-ဂန္ဓာရ,- ကမ္ဘောဇ,-
ဟူ၍၊ တိုင်းကြီး(၁၆)ဌာန၊ ။မဂဓအဘိဓါန်၊ ဘုဒ္ဓဝင်၊ ဂါထာနံပါတ်(၁၃၅)
(၁၃၆) တို့၌လာသော။ ကုရု,-သက္က,-ကောသလ,-မဂဓ,-သိဝိ,-ကလိင်္ဂ,-
အဝန္တိ,-ပဉ္စာလ,- ဝဇ္ဇိ,-ဂန္ဓာရ,-စေတိယ,- ဝင်္ဂ,-ဝိဒေဟ,- ကမ္ဘောဇ,-
မဒ္ဒ, ဘဂ္ဂ,-အင်္ဂ,-သီဟဠ,-ကသ္မီရ,-ကာသိ,-ပဏ္ဍု,-ဟူ၍ (၂၁)ဌာန၊ ။
ယခုစီစည်၍ပြဆိုခဲ့ပြီးသောတဆဲ့ခြောက်ဌာန၊ နှစ်ဆဲ့တဌာနတို့၌၊ ခေါမတိုင်း

ဟူ၍မပါ။ ။အဘိဓာန်ဋီကာ၊ မျက်နှာနံပါတ် (၉၅) ၌လည်း၊ ။ကုရုအာဒယော ကေဗိသတိဇနပဒဿရာ-ဇနပဒဝိသေသာ၊ ။ဟူ၍၊ (၂၁) သချာကိုသာပြသည်၊ ခေါမတိုင်းစသည်ရှိသေး၏၊ ဟုပိုလွန်၍ မပြချေ။ ။ခေါမန္တိ ခေါမရဋ္ဌေဇာတံဝါယိတံ၊ စသည်ဖြင့်၊ ခေါမပုဒ်ဝယ်၊ ရဋ္ဌသဒ္ဒါဆွယ်လျက်၊ ဘယ်အဋ္ဌကထာ၊ဘယ်ဋီကာတို့မှာမှလည်း၊ အသိအသိမဖွင့်ကြ။ ။သို့ဖြစ်သောအရကြောင့်၊ကောသလနှင့်၊ခေါမ-ရောမ၊သဒ္ဒသုတ်၊နားထဲမှာ ခတ်တူတူပြီးသောကြောင့်၊ ငါး်ဗိ-ငါးပက် ဆိုသောစကား၊ တွမ်းတော-ပန်းတော်ဆိုသော စကား၊ စော်ဘွား-စော်ခံဆိုသောစကားများနှင့်၊ အလားသင့် အတူနှိုင်းပြီးလျှင်။ ကောသလတိုင်းဌ်လျှင်၊ ခေါမတိုင်းရှိတန်ရာ၏ဟု-နှလုံးထား၍၊ ဝါးတားတားစကားကို အများပင်အတည်ပြုလျက်၊ ယခုထက်ထိ ပြောဆိုသုံးစွဲလျက်ရှိကြသည်ဟု၊ဆိုရသင့်လှပေသတည်း။ ။

{ခေါမပုဒ်အဖွင့်၊သဘောနှင့်မှတ်ဘွယ်ရာ၊ ဋီကာကျမ်းအရပ်ရပ်တို့က၊ ဆိုပြကြပုံမှာ၊အောက်ပါအတိုင်းကြည့်ရှု၍၊စေ့ငုအောင်သိလေ၊}

ခေါမန္တိ ခေါမ သုတ္တေဟိဝါယိတံ- ခေါမပဋ္ဋစိဝရံ၊ ။တေရသက ဏ်ဋီကာ၊ဝိမတိဋီကာ၊ဝိနယာလင်္ကာရဋီကာ၊ ၎င်းဋီကာကျမ်း (၃) စောင်တို့မှာ၊ တူညီစွာဖွင့်ပြ၍၊ ခေါမ, မည်သော ချည်ဖြင့်ရက်သော သင်္ကန်းဟု၊ တပြမ်းတည်းဆိုကြသည်၊ ။ခုဒ္ဒသိက္ခာ ဋီကာသစ်၌ကား၊ ။ခေါမန္တိ ဂန္ဓဇာတိ ဥပစာရေတာပန ခေါမေန ခေါမ သုတ္တေန ဝါယိတန္တိ တဒ္ဓိတေန ဥပစာရေနဝါ ခေါမံ ခေါမပဋ္ဋစိဝရံ၊ ။ဟုလာ၏။ ။အဓိပ္ပါယ်မှာ၊ခေါမဟူသည်၊သစ်ပင်ငယ်မျိုးတည်း၊ဝါယိတဘဒ္ဒိတ်အားဖြင့်၎င်း၊သစ်ပင်၏အမည်ကို၊သင်္ကန်းမှာတင်စား၍ခေါ်သော ဥပစာနည်းအားဖြင့်၎င်း၊ ခေါမ,ဟုခေါ်သည်၊ ခေါမ,မည်သော သစ်ပင်ငယ်မှ ထွက်သောချည်ဖြင့် တန်းရှည်၍ ရက်အပ်သော ပုဆိုးကို၊ချုပ်လုပ်သော သင်္ကန်းမျိုးဟု-ဆိုလိုသည်။ ။ဝိနယ ဝိနိစ္ဆယ ဋီကာ၌လည်း။ ။ခေါမန္တိ ဧဝံနာမကံစိဝရံ၊ ခေါမန္တိ ဂန္ဓဝိသေသနာမံ၊ တဿဝါ တေဟိကတစိဝရံ ကာရဏော ပစာရေဝါ ဟာရ ဝသေန ခေါမန္တိဝုတ္တံ၊ ။ခေါမဟူသည်၊ သစ်ပင်ငယ်ကလေးတခု၏၊ ထူးသောအမည်တည်း၊ ထိုသစ်ပင်ငယ်မှဖြစ်သော လျှော်ချည်ဖြင့် ရက်အပ်သော သင်္ကန်းကို၊ ကာရဏူပစာဝေါဟာရအားဖြင့်၊ခေါမ,ဟုဆိုကြောင်း။ ။

၎င်းဋီကာ ၂ စောင်တွင်ပါသောဂန္ဓသဒ္ဒါ ၂ ချက်၏၊မြန်မာပြန်အနက်။ ပေါ်ထွက်ရန်မှာ၊အဘိဓာန်၌၊ ။ဂစ္ဆောတု ခုဒ္ဒပါဒပေ၊ ။ဟုပြ၏၊ ။ခုဒ္ဒပါဒပေါတု ငယ်သောသစ်ပင်သည်ကား၊ဂစ္ဆော၊ဂစ္ဆမည်၏၊ ။ဟုဆိုသော

ကြောင့်၊ ငယ်သောဓာတ်-မျိုးဇာတ်ရှိသော သစ်ပင်ကလေးဟူသမျှကို၊ ဂစ္ဆ၊ ဆိုသည်မှတ်လေ၊ ။မြောဂ္ဂလာနိကျမ်းတို့မှာ၊ ခေါမသဒ္ဒါကို ဝိဂြိုဟ်ပြုလုပ်ရာ၊ အောက်မဲပင်-နှံကြပ်ပင်တို့ကို အရကြွာ ပြုလုပ်၍ဆိုရှိ၏၊ ။ပဋ္ဌမသင်္ဂါယနာတင်-ဟုရင်မင်းတရားကြီး လက်ထက်တော်တွင်၊ စီရင်ရေးသားသော ဝိနည်းပါဠိတော်နိသျသစ်တဆောင်၌ကား၊ ။ခေါမံ နာနှပ်ချည်ဟု၊ထင်ရှားစွာပေါ်ပြလျက်၊ အနက်သမွန်၏၊ ။သို့ဖြစ်သောကြောင့်၊ ပြဆိုခဲ့ပြီး ကျမ်းဂန်အသီးသီးတို့ကိုနည်းမှီးထောက်ထား၊ နိသျဆရာကြီးများကိုလည်းပမာ ဏပြုပြီးလျှင် ခေါမအမည်ဘွင်သော သစ်ပင်ငယ်အမျိုးဇာတ် နှံကြပ်၊ အောက်မဲ၊ နာနှပ်၊ ဤ၃ရပ်နှင့်သာ သက်ဆိုင်သည်ဟု၊ဗိုင်ပိုင်ကြီးမှတ်သားသင့်ပေကြောင်း၊ ။

ခေါမစီဝရ ဝိနိစ္ဆယောနိဋ္ဌိတော။

ဤစီဝရ ပစ္စဝေက္ခနာနှင့်တကွ- ပြလတန့်ဖြစ်သော သေနာသန၊ ဂိလာန ပစ္စဝေက္ခနာတို့၏ပါဠိလျှောက် အဓိပ္ပါယ်များမှာ၊သိလွယ်ပြီဖြစ်၍-အထူးရေးသားမထည့်တော့ပေ၊ ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ရှုတင်္ဂနိဒ္ဒေသ၌လာသော ပံသုကူလစီဝရအတွက်။ မှတ်ကြက်ဘို့ အလွန်ကောင်းသဖြင့်၊ ၎င်းမှထုတ်ရွေး၍၊ သင့်လျော်စွာအနက် ရေးလိုက်အံ့။ ။

မာရသေန ဝိဃာတာယ၊ ပံသုကူလဓရောယတိ၊
သန္နဒ္ဓ,ကဝစောယုဒ္ဓေ၊ ခတ္တိယောဝိယသောဘတိ။ ။
ပဟာယ ကာသိကာဒီနိ၊ ဝရဝတ္ထာနိ ဓာရိတံ၊
ယံလောကဂရုနာကောဟိ၊ပံသုကူလံန ဓာရယေ၊ ။
တသ္မာဟိအတ္တနောဘိက္ခု၊ ပဋိညံ့သမနုဿရံ၊
ယောဂါဝစရာနုကုလမှိ၊ပံသုကူလေရတောသိယာ၊ ။

မှာနက်ကား၊ ။မာရသေနဝိဃာတာယ၊မာရ်စစ်သည်တပ်၊ သူပုံရှပ်ကို၊ သတ်ဖြတ်ဖျက်ဆီးခြင်းငှါ။ ပံသုကူလဓရော၊ ပံ့သကူသင်္ကန်း။ ဆောင်တင် လွှမ်းသော၊ယတိ၊ဘုရားသားချစ်ရဟန်းစစ်သည်၊ ယုဒ္ဓေ၊ ခင်းကြင်းစီရင်၊ စစ် မြေပြင်၌၊သန္နဒ္ဓ-ကဝစော၊မိန်ညိုလွှားကာ၊ ဖွဲ့အပ်သော ပုပ်ဘနိဆောင်ရှိသော၊ ခတ္တိယောဝိယ၊ ရေမြေ့ သေဌ်နင်း၊ဘုရင်မင်းကဲ့သို့၊ သောဘတိ၊ ရှုဖွယ်ကြက် သရေ၊တင့်တယ်ပေ၏၊ ။လောကဂရုနာ၊လူနတ်ပြဟ္မာ သတ္တဝါတို့၏၊ ဆရာ ထွတ်ထား၊မြတ်ဘုရားသည်၊ကာသိကာဒီနိ၊ ကာသိစသည်၊ နာမည်ဘွန်းသစ်၊ တိုင်းကြီးပြည်ကြီးတို့မှ ဖြင်ကုန်သော၊ ဝရဝတ္ထာနိ၊ ရောင်လျှံသင်းထိန်၊ ဝင်း ဝင်းရှိန်အောင် ဂုဏ်သိင်ပြည့်ဖြိုး၊ပွန်မြတ်သောပုဆိုးတို့ကို၊ပဟာယ၊ ရဟန်း

တို့မှာ၊ မဖွယ်ရာဟု ပယ်၍ ခွန့်ပစ်တော်မူ၍၊ ယံ။ အကြင် အဘိုးမထိုက်၊ အလိုက်သင့်စွာ၊ ရရောက်လာသူ၊ ပံ့သုကူသင်္ကန်းကို၊ ဆေးဆိုးတံ၊ တင်လွှမ်းကြည်ဖြူ၊ ဆောင်တော်မူ၏၊ တံ၊ ထိုရရောင်မြန်း၊ ပံ့သုကူသင်္ကန်းကို၊ ကော၊ အဘယ်သူသည်၊ နခါရာ၊ မသုံးဆောင်ဘဲ၊ ခွါ၍ရှင်ရဲ၍၊ နေရဲတို့ရာ၊ ရှိပါအံ့နည်း၊ ၊တသ္မာတိ-တသ္မာ ဧဝ ထိုကြောင့်သာလျှင်၊ အကျွန်ုပ်တို့၏၊ ပဋိညာဉ်၊ရဟန်းဖြစ်စ၊ သိမ်၌အာဒိကမ္မနှင့်၊ ပဋိညာဉ်ကျ၊ သမနုသာသ-သမနုသာသ ရကြာ၊ ဆရာစဉ်ဆက်အောက်မေ့သော၊ ဘိက္ခု၊ ရဟန်းသည်၊ ယောဂါဝစရပုဂ္ဂိုလ်မှ ယောဂီအကျင့်၊ ဝသိရင့်တို့သင့်လျော်စွာသော၊ ပံသုကူလ၊ ပံသုကူသင်္ကန်း၌ ရတော့၊ နှစ်သက်ရွှင်ပျော် ဖွံ့ဖွံ့မြဲမြဲ လျော်သည်၊ သိယာ၊ ဖြစ်ရာသတည်းဟုတည်း။ ။

{ဒုတိယင်္ဂနိဿယကထာ၌ မှာထားဆုံးဖြတ်ချက် ပြီး၏၊}

{တတိယနိဿယ အပွင့်၊ မှာထားဆုံးဖြတ်ချက်၊}

ရုက္ခမူလသေနာသနံနိဿာယ၌၊ သစ်ပင်နှင့်အနီး၊ သစ်ပင်၏ အရင်း၌၊ မှီတင်းနေထိုင်ခြင်းကို၊ ရုက္ခမူလဟု ဆိုသည်။ ၊ရုက္ခမူလေနိဝါသော ရုက္ခမူလံ၊ ၊ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ၊သေနာသနံ၊ ဟူသောပုဒ်၌လည်း၊ သေန-အာသနဟုပုဒ်ဖြတ်၍၊ သေနဟူသောပုဒ်ကို၊ ၊သေတိ-သယတိ ဧတ္ထ ဝိဟာရ အဍ္ဎယောဂ ဒိမ္ဟိတိသေနံ၊ ၊ဟုဝိဂြိုဟ်ပြု၊ ၊ဧတ္ထ ဝိဟာရအဍ္ဎယောဂါဒိမှ၊ ဤ၂ ဘက်မိုးကျောင်း၊ တဘက်မိုးကျောင်းစသည်၌၊ ဘိက္ခု၊ ရဟန်းသည်၊ (ထည့်) သေတိသယတိ၊ ကြိမ်းအိပ်တတ်၏၊ ဣတိ၊ ထိုကြောင့်၊ သေနံ၊ သေနမည်၏၊ ၊အာသနံဟူသောပုဒ်ကို၊ ၊အာဂန္တွာ သေတိ နိသီဒတိ ဧတ္ထ မဉ္စပီဌာဒိမှိ ဣတိ အာသနံ၊ ။ဟု၊ ဝိဂြိုဟ်ပြု၊ ၊ဧတ္ထ မဉ္စပီဌာဒိမှိ၊ ဤညောင်စောင်း အင်းပျဉ်စသည်၌၊ ဘိက္ခု၊ သည်၊ (ထည့်) သေတိ နိသီဒတိ၊ နေတတ်၏၊ ဣတိ၊ ထိုကြောင့်၊ အာသနံ၊ အာသနမည်၏၊ ၊ၚင်း ၂ပုဒ်ကို၊ သေနဉ္စ အာသနဉ္စ သေနာသနံဟု နွှံသမာသ် ပြုက-သေနာသနံ ဖြစ်၏၊ ၊ထိုကြောင့်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ-ဋီကာ၌၊ ၊သေနာသနန္တိ သေနဉ္စ အာသနဉ္စ၊ ယတ္ထ ယတ္ထ ဟိ သယတိ ဝိဟာရာဒိ အဍ္ဎယောဂါဒိမှိ ၊တံ သေနံ၊ ယတ္ထ ယတ္ထ အာသတိ နိသီဒတိ၊ တံ အာသနံ၊ တံ ဧကတော ကတွာ သေနာသနန္တိ ဝုစ္စတိ၊ ၊ဟုဖွင့်ပြီ။ ၊

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ—ရှတင်နိဒ္ဒေသ၌လာသော၊ဂါထာပါဠိများကား။ ။

ဝုဋ္ဌိတော ဗုဒ္ဓသေဋ္ဌော၊ နိသဇ္ဇ ယာတိ စ ဘာသိတော
နိဝါသော ပဝိဝိတ္တသ္မိ၊ ရုက္ခမူလ သမောကုတော။ ။
အဇပါလ မန္ထေ ရဟာရေ၊ ဒေဝတာပရိပါလိတော၊
ပဋိဝိဿတ္တဝသင်္ကော ဟိ၊ ရုက္ခမူလမှိ သုဗ္ဗတော။ ။
အဘိရတ္တာနိ နီလာနိ၊ ပဏ္ဍူနိ ပတိတာနိ စ၊
ပဿန္တော တရုပဏ္ဏာနိ၊ နိစ္စသညံ ပနူဒတိ၊
တသ္မာ ဟိ ဗုဒ္ဓဒါယဇ္ဇံ၊ ဘာဝနာဘိရတာလယံ၊
ဝိဝိတ္တံ နာတိမညေယျ၊ ရုက္ခမူလံ ဝိစက္ခဏော။ ။

အနက်ကား၊ ။ဗုဒ္ဓသေဋ္ဌော၊ ဘုရားမြတ်စွာ၊ စောသဏ္ဍာသည်။ ဝုဋ္ဌိတော၊ ခွန့် ကြူဖြိုက်သတ်၊ မြီးမွမ်းတော်မူအပ်ထသော၊ နိသဇ္ဇယာတိ၏၊ သာသနာတွင်၊မှိရပ်မွေ၊နိသဇ္ဇဟူ၍လည်း၊ ဘာသိတော၊ ကြူးရင့်ဖြိုက်ဖေါ်၊ ဟောပြတော်မူအပ်ထသော၊ရုက္ခမူလသမော၊ရတ္တိုလွယ်ကူ၊ ရုက္ခမူနှင့်တူသော၊ ပဝိဝိတ္တသ ဆိတ်ငြိမ်သန့်ရှင်း၊ အပြစ်ကင်းလို၊ယောဂီပုဂ္ဂိုလ်၏၊နိဝါသော၊ ခိုလှုံမှီအောင်း၊နေရာကျောင်းသည်၊ ကုဋတာအတွက်၊အဘယ် ဌာနေ ရှိပါရေအံ့နည်း၊ ဟိသစ္စံ မှန်၏၊ အဇပါလမန္ထေရဟာရေ၊ ကျောင်း၌ဝန်တိုခြင်း မန္ထေရိပ၊ အညက် အကြေးလည်းကင်းထသော၊ ဒေဝတာပရိပါလိတေ ဘုမ္မရက္ခ၊ နတ်ဒေဝါ တို့၊မကွာဆည်းကပ်၊ စောင့်ရှောက်အပ်ထသော၊ ပဋိဝိဿ မြို့ရွာ တုန်သံ၊ မ ဆက်ဆံ၍၊ ဆူညံခြင်းတိတ်၊ အလျင်းဆိတ်ထသော၊ ရုက္ခမူလမှိ၊ ရလွယ်၍ ကောင်း၊ ရုက္ခမူကျောင်း၌၊ ဝသင်္ကော၊ ချမ်းသာ ရွှင်ပြုံး သတင်းသုံး နေထိုင် သော၊သုဗ္ဗတော၊ကောင်းသောအကျင့်၊မြတ်မြင့်စေလို၊ယောဂီပုဂ္ဂိုလ်သည်။ ၊ အဘိရတ္တာနိ၊ ညွန့်ဖူးထွက်၍၊ စက်စက်နီကုန်သော၊နီလာနိ၊ ရွက် ငေ့ထိုထို၊ စိန်းလဲ့ ညိုကုန်သော၊ ပဏ္ဍူနိ၊ ခါင်းဝါရေင်ပေါ်၊ မှည့်၍ လျှော်ကုန်သော၊ ပတိတာနိ၊ ပြုတ်ကွာ ကြွေကျ မြေသို့ခ, ကုန်သော၊ တရုပဏ္ဏာနိ၊ အငြိ ဖြစ်ပျက်၊ ပင်သစ်ရွက်တို့ကို၊ ပဿန္တော၊ ခဏခဏ ရှုမြင်ရသည် ရှိသော်၊ ယသ္မာ၊ အကြောင့်ကြောင့်၊နိစ္စသညာ၊သဿတဒိဋ္ဌိ စွဲဘိမိစ္ဆာ၊ မြဲ၏ဟူသော နိစ္စ သညာကို၊ ပနူဒတိ၊ ဖျောက်ပယ် စွန့်ပစ်နိုင်၏၊ ၊တသ္မာဟိ တသ္မာ ဧဝ၊ ထို့ ကြောင့်သာလျှင်၊ ဗုဒ္ဓဒါယဇ္ဇံ မြတ်စွာဘုရား၊ချစ်သနား၍ ဟောကြားပေးအင်၊ မွေတော်မြတ်ကို၊ ဘာဝနာဘိရတာလယံ၊ ဘာဝနာ၌၊ နှစ်ချိုက် မွေ့လျော် ကြည်ရွှင်းပျော်သော သူတော် သူမြတ်တို့၏။ မှီကာင်တည်နေရာလည်း ဖြစ်ထ သော၊ဝိဝိတ္တံ၊ မြို့ရွာအရိုန်၊ကင်းဆိတ်ငြိမ်သော၊ရုက္ခမူလံ၊သင်ပင်နီးရင်း၊တရား

ခင်းတို့၊ မြိဘင်းဘွယ်ကောင်း၊ မွေ့ထော်ကျောင်းကို၊ ဝိစက္ခဏော၊ အကျိုးအကြောင်း၊ဆိုးကောင်းမြင်သိ၊ ပညာရှိသည်၊ နာတိမညှဲယို၊ အလေးမမူ၊ရေးမယူဘဲ၊ ဘုရားမွဲ၍၊မှားလွဲမိစ္ဆာ၊မထိမဲ့မြင်မပြုရာသတည်း၊ ၊

{ရက္ခ-ဂန္ဓ- စသော သဒ္ဒါတို့ကို၊ ဆိုင်ရာဆိုင်ရာ၊ ဟောကြားဟန် အကြောင်းကောင်းမှန်စွာခွဲခြား၍၊ထင်ရှားအောင်ပြဆိုချက်၊

ရက္ခသဒ္ဒါသည်၊ ကညင်ပင်၊နဘဲပင်၊အစရှိသော သစ်ပင်ကြီးမျိုးကိုဟောသည်၊ ၊ဂန္ဓသဒ္ဒါသည်၊မဲပင်၊ဝက်ခြေးပနဲပင်၊ အစရှိသောသစ်ပင်ငယ်မျိုးကိုဟောသည်၊ ၊ဂုမ္ဗသဒ္ဒါသည်၊ဝါးပင်၊ကျူပင်၊ အစရှိသောပင်စည်မဟုတ်သည့်သစ်ပင်များကို ဟောသည်၊ ၊ဝလ္လိသဒ္ဒါသည်၊ ဗူးပင်၊ ဖရုံပင်၊အစရှိသော နွယ်ပင်မျိုးကိုဟောသည်၊ ။ဝနပ္ပတိသဒ္ဒါသည်၊ ညောင်ဗုဒ္ဓဟေ၊ ရေသဖန်းစသည်ဖြင့်၊မပွင့်ဘဲနှင့်သီးသော သစ်ပင်မျိုးကိုဟောသည်။ ၊ဩသဓိသဒ္ဒါသည်၊ငှက်ပျောပင်၊စပါးပင်စသည်ဖြင့်၊ အသီးမှည့်လျှင် သေတတ်သော သစ်ပင်မျိုးကို ဟောသည်၊ ၊တိဏသဒ္ဒါသည်၊နေဇာ- မြည်းအစရှိသော မြက်ပင်မျိုးကို ဟောသည်ဟု-မှတ်လေ၊ ၊

{၎င်းအပင်မျိုးတို့ကို၊တိုတိုကျဉ်းကျဉ်းနှင့်၊ရှင်းလင်းစွာသိရအောင်၊လင်္ကာဖြင့်ပြလိုက်အံ့}။ ၊ပင်ကြီးရက္ခ၊ ဂန္ဓပင်ငယ်၊အနွယ်ဂလ္လိ၊မရှိပင်စည်၊ဝါးပင်စသည်၊ ဂုမ္ဗခည်ရှင့်၊ အပွင့်ကြဉ်ရှောင်၊ အသီးဆောင်သား၊ ညောင် ဗုဒ္ဓဟေ၊ရေသဖန်းအစ၊သညာပြလျက်၊ဝနပ္ပတိ၊ ဩသဓိတွင်၊ မှည့်လျှင်သီးကြွေ၊ အပင်သေငြား၊ပစပါး၊ငှက်ပျော၊စသောအရေ၊မြက်မှာတိဏ၊ခွဲ၍ပြသည်၊ ၊ ဘေဒသုံး‌‌.တွင်မျိုးတည်း၊ ။

{ထိုသစ်ပင် အမျိုးမျိုးတို့တွင်၊ ရက္ခမူလဿေနာသနံ၊ ပုဒ်အရ၊ ရက္ခသဒ္ဒါဟောသောသစ်ပင်ကြီးမျိုးများကို၊မှတ်သာ မိသမျှ၊သုတိနှိုတ,တို့သိရအောင်။ လင်္ကာဖြင့်ပြဦးအံ့}။

ရက္ခမူကျောင်း၊မှီကိန်းအောင်းတို့ ရိပ်ကောင်းသစ်ပင်၊မျိုးမည်ငြာသော်။ ကညင်-နဘဲ။ နံ့ခွ-ထောက်ရှာ၊ရင်းမာ-အင်ကြင်း။ဂုံညင်၊-လယ်ငါ။ မြင်းကဲ၊ပြားပင်သသ်ရာ နှင့်။ ဖန်ခါး-ကြွပ်။ ခွေ-ကာသစ်။ ဇ နွှစ်-ဇန့်ဖွေး။ သင်ဖေး-သစ်နံ့။ သစ်ပကံ-သစ်ချို၊ သစ်ညို-သစ်ရာ၊ တမာ-ရှစ်ရှား၊ သစ်ကျား-သစ်အယ်၊ဒမယ်ကေ၊ ပင်ထယ်ကသစ်၊ တောင်ကသစ်နှင့်၊ ပျော်-ထောက်ကြန့်၊ သက်ညန့်-သက်ခင့်၊ တိန့်-ရှိန့်-မအူ၊ သင်ပြူ-သစ်နက်၊ ဖက်သက်-သစ်ကြပိုး၊ ပျဉ်းကတိုး-အင်-ကျွန်း၊ ဇင်ဖြုန်း-ကုက္ကို၊ သက်တို-သပြေ၊ လရ ဗန္ဓာ၊စန္ဒဝါ-မျောက်ချာ၊ ပေါက်-နွှာ-တယ်-ထိန်။နွယ်လိန်-ညောင်လမ်း၊ ဇောင်ချမ်း-

သက်ရင်း၊ ကြက်တင်း-အုတ်နှဲ၊ကုတ်ယဲ-ဒိုးဒုး၊ဖွေး-သီး-ဖြူးနှင့်၊ ထင်းရှူး-လက်ချပ်။လက်သုတ်-လက်ပံ၊ဖလံ-ချင်ပျစ်၊ ကြေရာဇ်-ခအောင်း။ ထနောင်း-မကျည်း၊ ခပေါင်း- ဆီး,ဟု၊ ကျီး-သမင်စာ၊ ကြောင်လျှာ- ကြောင်ကြက်၊ ခတက်-သမုန်း၊စက်ကတုန်း-ဖျောက်ဆိတ်၊မြားဆိတ်-ကနစို၊ကင်ပွန်း-ကဝ်မ။မလွှ-ချိပ်စပ်၊ဒဟပ်-အုံတုန်၊ လွှန်-မုန်-ဖက်သန်း၊ သဖန်း-ဇီ ဖြူ၊ ကျီဖြူ-မယ်ကယ်၊ မယ်ဇယ်-တင်းပေါင်။ဝိတောက်-သက်ဝင်၊ပက်ခွင်-ထမဆုပ်၊ သစ်ပုပ်-သစ်ဌေး။ ခေါင်းပွ-ဆန်ဆေး၊ ဇောင်းကလေး-အိုးပုတ်၊ ချင်ယုတ်-ဆိတ်နံ၊ ရုသံ-သခွတ်၊ သပွတ်-ဒိုးနွယ်၊ ဗိန်းနွယ်-ပိန္နဲ၊ ကြွေလဲ-သင်ပန်း၊ ကဇမ်း-တပဆေး၊ ကရဝေး-မှတ်ကျောက်၊ တောရှောက်-ဖက်ဝန်း၊ လင်းလွန်း-ရမနေ၊ညောင်ဗုဒ္ဓဟော-ညောင်ကြပ်၊ညောင်ချဉ်ထပ်လျက်၊ သက္ကူ-ပြည့်စင်၊ချောင်-ဒေါက်ရပ်၊ ထောင့်စပ်-ထောင့်တန်း၊ သဘန်း-ပုန်းမဲစာ၊ ငန့်တကာနှင့်။ကမွှသာ-ဒညင်း။ ဒူးရင်း-မင်းကွတ်။ သဒွက်-မှန်ကူ၊ သရက်ဖြူကာ၊ ရှားဖြူ-ဆေးပလဲ၊ ညောင်ပိန္နဲနှင့်၊ရင်းရဲ-ဘင်္ဂ၊ ဒေမ-ငုရွှေ၊သပြေ-ပုံကဒဲ၊ လိဉ်ရင်ပတ်ကာ။သနပ်-သရက်၊သမဲ့-စိန့်ပန်း လိန့်-သန်း-ဘောက်ကွေ့၊အိပ်မွှေ့-သစ်ပုလွေ၊သင်းခွေ-သနပ်ခါး၊ရှား-မျက်နှာပန်း။ မရမ်း-ခံပေါ်၊သံသတ်-ရင်းဘိုက်၊ မိုက်-ငှက်ကြွေစာ၊ ရေဇော်-တောင်သလဲ။ တောင်ပိန္နဲ-ရုန်း၊ ပင်လယ်အုန်း-ဗိုင်း၊ဒဟာသက္ကိုင်း-ဒဟာသကို၊ဇာတိပ္ပလိ-စက်ကြီး။သစ်မန်းကျည်း-အုတ်ရှစ်။ ကျုပ်စစ်-ကမ္ဘားရှေ၊ လျှော်တ-လျှော်နီ၊ ဓဲဇလီ-တရော်၊ အကျော်-ဥပါသကာ၊မဟာလှကား၊ စောင်လျား-ပန်းခ၊ သခွန်နှင့်၊သင်္ကပုညက်၊ ပုတီးနက်-ခြယား၊ စကားဝိန်းဝါ။ နံ့သာဖြူနှံ၊ သဘိ-ဂန့်ဂါ။ခွယ်တော်-ကတ်၊အဆုံးသတ်သည်၊ ။တောရင်သစ်ပင်အမြွက်တည်း၊ ။

အထူးမှာထားရန်၊ဝင်းသစ်ပင်ဆက်ကွင်ပါဝင်သော၊ဒိုးနွယ်-ဗိန်းနွယ်-နွယ်လိန်ခေါ်-သစ်ပင်တို့မှာ။ နွယ်ပင်များမဟုတ်ကြ၊ ရုက္ခသဒ္ဒါဟောသော သစ်ပင်ကြီးမျိုးထဲကပင်ဟု၊အမှတ်ပြုသေး၊ ။ဂုံညင်းပင်မှာ-မှို့တို့ကာ အရိပ်ထွာသော-နွယ်ပင်ကြီးပင်ဖြစ်ပေသည်၊ ။သဖန်းနှင့်၊ ညောင်ဗုဒ္ဓဟော ပင်တို့သည့်၊ဝနပ္ပတိမျိုးဖြစ်သည်ဟု—သိ၊ ။

{ရုက္ခမူမရကောင်းသော သစ်ပင်ပေါင်း(၇)မျိုးဟူသည်ကား}

(၁) သိမ္ဗလိရုက္ခ၊ရေမြေပိုင်ငင်းနှစ်ပါးတို့၏ နယ်ခြားသတ်မှတ်၊မြေအစပ်၌၊ပေါက်လသည့်သစ်ပင်၊ ။(၂)စေတိယရုက္ခ၊ရုက္ခမိုးနတ်၊ မြားစောင့်ကြပ်သည်ဟု၊ပညတ်ခေါ်ဝေါ်၊လူအများကောင်းရင်၍ ပူဇော်ကိုးကွယ်၊ ရှိခိုးလေ့ရှိသောတောစိုးသစ်ပင်၊ ။(၃) နိယျာသရုက္ခ၊ သစ်စေးပင်၊ ခေ့ချဘာပင်။

စသည်၊ အမည်နွတ်းရွှး၊ သုံးစားဘွယ်လူတို့မွေးကြသည့်၊ အစေးရှိသော သစ်ပင်၊ ၊(၄)ဖလိကရုက္ခ၊ အသီးများကိုသုံးစားမှိဝဲးလ ရှိကြသည့်၊ ပိန္နဲ၊ သရက်၊ ဖ ာ်သာ်တခြာ်၊ စသော သစ်ပင်၊ ၊(၅) ဝဋ္ဋုလိရုက္ခ၊ လင်းနို့ သောင်း ပြောင်း။ ဆုံဂုဒ္ဒပါင်း၍ နိုအောင်းလေ ရှိသော သစ်ပင်၊ ၊(၆) သုသီရုက္ခ၊ မြွေ့ကင်းသန်းအောင်း၊ နေစကောင်းသည့်၊ အခေါင်းရှိသော သစ်ပင်၊ ၊(၇) ဝိဟာရနုဋ္ဌမ္ဗိတရုက္ခ၊ သွားဘွယ်၊ လာဘွယ်၊ ကျောင်းအလယ်၌၊ သွယ်သွယ်များစွာ၊ လူပိုလ်ပါတို့၊ ရဆုံရာဖြစ်သောသစ်ပင်၊ ဟူ၍ ခုနှစ်မျိုးတည်း၊ ၊

ဤတတိယနိဿယ၊ အတိရေကလာဘ အရာတွင် ပြအပ်သော၊ ဝိဟာရ–အဍ္ဍယောဂ၊ စသောလဒ္ဓါတို့၏၊ မြန်မာဘာသာအရ၊ နှစ်ဘက်မိုးကျောင်း၊ တဘက်မိုးကျောင်း၊ စသည်တို့ကို၊ ထိုထိုကျမ်းဂန်တို့က၊ ခိုပြုပုံသာဓကများကို၊ သုတကာမိ–ဂဝေသီတို့အတွက်၊ ထည့်ရွက်၍ပြလိုက်ဦးအံ့၊ ၊

ဝိဟာရေ နိဝေသနသဒ္ဒိသော၊ ၊ပါရာဇိကကဏ်အဋ္ဌကထာ ဒုတိယဂ ထိန သိက္ခာပုဒ်၊ စာအုပ်နံပါတ် (၅၄၀)၊ ၊ဝိဟာရောနာမ အဍ္ဍယောဂါဒိ မုတ္တ ကောအဝသေသာဝါသော။ ၊ရူပ္ပဝါအဋ္ဌကထာ၊ သေနာသနက္ခန္ဓက (၄၁၆) ဝိဟာရောတိပါကာရ ပရိက္ခိတ္တော သကလော အာဝါသော၊ ။တော သဂဏ်ဋီ ကာ(၃၃၀)၊ ၊ဝိဟာရောတိ–ဝိဿကုဋိကာဒိသဟိတောပါကာရ ပရိက္ခိတ္တော သကလာသံဃာရာမော၊ ၊ဝိမတိဋီကာ(၇၇)တို့၌ ပြဆိုသည်၊ ။

အဍ္ဍယောဂေါတိသုပဏ္ဏဝင်္ကဂေဟံ၊ ၊ရူပ္ပဝါအဋ္ဌကထာ၊ သေနာသနက္ခန္ဓက (၄၁၆)၊ ၊အဍ္ဍယောဂေါတိဒီဃပါသာဒေါ၊ ဂရုဠသဏ္ဌာနပါသာဒေါတိပိဒေန္တိ အပရေပနအဍ္ဍယောဂေါကောပဿန္တ ဒနသနာသနံ တသ္မပန ဧကေ ဘိတ္တိ ဥက္က တဆောပေတ္တိ၊ အကရပဿ နိဝါ၊ တေနေတံကောပဿန္တ ဒနကံပေတတိ၊ ၊ တေရသဂဏ်(၃၃၀)၊ ၊အဍ္ဍယောဂေါတိ ကောဿလေ ဒီဃပါသာဒေါ ပဏ္ဍိ ဝိဋ္ဌ ရုဠ္ဌသဏ္ဌာနော–ဒီဃပါသာဒေါတိ ပိဒေန္တိ၊ ၊ဝိမတိ(၇၇)တို့၌ ပြဆို သည်၊ ၊

ပါသာဒေါတိဒီဃပါသာဒေါ၊ ၊ပါရာဇိကကဏ်အဋ္ဌက ထာ၊ ဒုတိယ ဂ ထိ နသိက္ခာပုဒ်(၅၄၀)၊ ရူပ္ပဝါအဋ္ဌကထာ၊ သေနာသနက္ခန္ဓ (၄ ၆)။ ဂ ဝ်ါ ကာ သင် (၁၆၅)။ ။အဍ္ဍယောဂ ဒိ ဘေဒေါ–အဍ္ဍ၊ ဒေဍ္ဍ–ပဏ္ဍိယ၊ ငဋ္ဌဝေ သဒ္ဓါဝါပါ သာဒေါ၊ ၊ငင်းကဍ်ဋီကာ သစ်(၁၆၅)၊ ၊ပ သာဒေါတိ ဧတု ရဿပါသာဒေါ၊ ။ကေရသဂဏ်(၃၃၀)၊ ၊ပါသာဒေါ၊ တုရသော ဥဒ္ဓ အနေက ဘူမကပါသာဒေါ ၊ဝိမတိ(၇၇)၊ ၊တို့၌ပြဆိုသည်၊ ၊

ဤပါသာဒအရတွင်၊ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား၊ မိန့်ကြားတော်

မှုသော စကား၊ နှားဆတ်ဆတ်ကြား၍၊ မှတ်သားမိခဲ့ဘူးပုံမှာ၊ ယခု ကာလ ဘုရားဦးကျောင်းဦးတို့၌၊ဘုံအဆင့်ဆင့်ကူး၍၊အထူးတလည်၊ အညွန့်ရှည်ပြီး လျှင်၊ထိ တင်၍ထားတတ်ကြသော အဆောက်အဦများကို၊ ပြာသာဒ်ဟုဆိုကြ သည်၊ကျမ်းဂန်နှင့်မညီသည်ဖြစ်၍၊ စင်စစ်မဟုတ်ကြောင်း။ ၎င်းကို၊ ကုဋာဂါ ရသာလဟုခေါ်သည်။ ဝေသာလီပြည်တွင်၊ ဝါဆိုတော်မူသောအခါ၊ ကိန်းဝံ တော်မူရာ၊ ရလင်္ပွန်းချွန်အထွတ်တပ်သော ဇရပ်ကျောင်းဟူသည်၊ ၎င်းအ ဆောက်အဦကိုပင်ဆိုသည်ဟုမှတ်၊ ပါသာဒဆိုသည်ကား၊ ယခုကာလ၊ ရန် ကုန်၊ မန္တလေးစသည်တို့၌၊ ဘုံအဆင့်ဆင့်၊တိုက်ခန်းဖွင့်၍၊ မြောက်မြင့်ပြူလုပ် သောအုတ်တိုက်အပေါင်းကိုဆိုသည်ဟု။သချာစွာမိန့်မှာဟောပြတော်မူ၏။

ဟမ္မိယံ နာမ မုဏ္ဍစ္ဆဒနပါသာဒေါ ။ပါရာဇိကဏ် အဋ္ဌကထာ၊ ဒုတိယက ထိနသိက္ခာပုဒ်၊ ၅၄၀)။ ။တေရသကဏ်၊ ။(၃၃၈)။ ဟမ္မိယန္တိ ဥပရိ အာကာသတလေပတိဋ္ဌိတကူဋာဂါရော ပါသာဒေါယေဝ၊ ။ဗုဒ္ဓပါဠိအဋ္ဌ ကထာ၊သေနာသနက္ခန္ဓက(၄၁၇)၊ ။ဟမ္မိယန္တိ မုဏ္ဍစ္ဆဒနံ၊ နိဂဏ္ဌ ယုဂ္ဂနာတိဉ္စာပါသာဒေါ ၊ဝိမတိ(၇၇)၊ ။ဟမ္မိယန္တိ မုဏ္ဍစ္ဆဒနံ၊ နိ ဂဏ္ဌယုဂ္ဂနန္တိ အပရေ၊ ။ဒုတိယကထိနသိက္ခာပုဒ်အဖွင့်ကင်္ခါ၊ ။ တို့၌ပြဆိုသည်၊ ။

ဂုဟာတိပဗ္ဗတဂုဟာ၊ ။တေရသကဏ်(၃၃၈)၊ ။ဝိမတိ(၇၇)တို့၌ပြ ဆိုသည်။ ။

၎င်းအထက်ပါ-သာဓကပါဠိအရင်းရပ်တို့မှာ၊ အဓိပ္ပာယ်နေသာပုံခက်၍၊ အနက်မရေးလိုက်တော့ပြီ၊

တတိယနိဿယစကား၌မှာထားဆုံးဖြတ်ချက်ပြီး၏။ ။

---

စတုတ္ထနိဿယစကားအတွက်၊မှာထားဆုံးဖြတ်ချက်၊

ပုတိမုတ္တဘေသဇ္ဇံနိဿာယ၌၊ ပုတိသဒ္ဒါ-အပုပ်ဟော၊ မုတ္တသဒ္ဒါ ကြင် ငယ်ဟော၊ဘေသဇ္ဇသဒ္ဒါ ဘေးဆေးဟော၊ ။သို့ဖြစ်၍၊ ပုတိမုတ္တဘေသဇ္ဇ ကြင်ငယ်ပုပ်ဆေးဟု၊ဆိုလိုသည်၊ ။မုတ္တသဒ္ဒါ-အမျိုးမျိုးသော သတ္တဝါ တို့၏ကြင်ငယ်ရေကို၊ထိုထိုနေရာ-ဟောနိုင်ပါသော်လည်း၊ ပုတိသဒ္ဒါနှင့်ယှဉ်တွဲ ကာ၊နွားကြင်ငယ်သည်ကိုသာ ဟောမြဲဟု၊မလွဲအောင်မှတ်ဘွယ်၊ ၎င်းစသည် တို့၏ကြင်မှာ၊ဆက်ကာ၊သဒ္ဒါက ဟောဟန်ကို၊အဘိဓာန်၌၊ ။ပုတိမုတ္တံ ဥဒေါ မုတ္တသာဒိနံ ဆကနံ ဓလေ၊ ။ဟု သသော ချဲ့ခြင်းဖွင့်ပြ၏၊ ။ပုတိ ဥဒေ မုတ္တာ-ပုတိမုတ္တာ၊ပုပ်သည်သားလျှင်ဖြစ်သောကြင်ငယ်ဟု၊ ကမ္မဓာရေယ်သ

မာသ်တွဲ၊ ၊ဘေသဇ္ဇာ ဋ္ဌကား။ ၊ဘိသဂ္ဂသဏ္ဍာဒကမ္မံဘေသဇ္ဇံ၊ ၊ဟုတင်ပြီတ်ပိဂြိုဟ်ပွဲပြီး၍၊ ဆေးဆရာ၏ဥစ္စာအမှု-ဆေးအရဟုဆိုလိုသည်၊ ၊

ငင်းပုတိမုတ္တ၊ ဘေသဇ္ဇာခေါ်ရေး၊ နွားကြင်ငယ်ဆေးသည် ဘေးဟူသမျှ၊ အရှုအရှုရန်စွယ်၊အနက္ခရာယ်တို့ကို၊ ပျောက်ပယ်ဖျက်ဆီးထတ်ပါ၍၊ မြတ်စွာထွက်ထေား၊စေဘုရားကဟောကြားပညတ်၊သားတော်မြတ်တို့အား၊ ပေးအပ်ဆောင်နှင်း၊အပြစ်ကင်းသည့်၊ မူလရင်းဆေးတော်ကြီးဖြစ်သည့်အတွက်၊ နှစ်သက်စွာသုံးဆောင်ထိုက်သည်ဟု၊မန်လည်ဆရာတော်ဘုရားက၊တေးထပ်နှင့်မှာထားတော်မူကြောင်း။ ၊ငင်းတေးထင်မှာ၊အောက်ပါအတိုင်း၊

{ ပုတိမုတ္တဘေသဇ္ဇာတေးထပ်။ }

ရေသီဘာ-နွားနက်ခါတ်၊ ဆားစွက်ခတ်သောက်
ပါ၊ဖျားငှက်ပြတ်-ပျောက်ကွာသည်၊ နောက်ခလာပျက်
ပြုံး မန်လည်မြို့နဂရာပေါ်မှာ၊ ဆရာတော်စွဲသည့်လက်
သုံး၊ဆ,နဝ ဘားယုတ်ခ၊ ဝေးဆုတ်စွဲဖျက်မှုန်း၊ ဆေး
ဗုဒ္ဓါအဝေက်ဆုံးဟာရို၊ တသက်လုံးသင့်ညည်၊ ရန့်မှာ
ငွေ့ငွေ့လှိုင်းသော်လဲ၊ နေ့နေ့တိုင်း သုံးအပ်တော့သည်။
ရွှေ့ရွှေ့မဆုင်း နှလုံးကြည်အောင်၊ ပြုံးရိရိချက်နှ သား
ရယ်နှင့်၊ခွက်ဖလား၊ မြောက်ထဲကာ၊ သောက်ကွဲ့မြန်
စွာ၊မကြာက်နဲ့ အဘန်ကြာင်လျှ၊မနံပါပြီဘူကွဲ့လေး၊ ၊

ဤတေးသပ်သည်၊ကဗျာ့ရေးသား၊လွန်စွာပင် ပြည့်ဝခြင်းရှိသည်ကြောင့်၊ မန်လည် ဆရာတော် ရေးသားသည်ဟု၊ အပြောများ ကြသည်၊ ဆရာတော်ဘုရားကိုယ်တော်တိုင်ရေးသည်၊ မရေးဘူးဆိုဒါတော့။ ထိုဆရာတော်ဘုရားကြီး၏ဘပည့်ချင်းချာများမှ၊ကောင်းသိနိုင်ရာပေမည်။ ၊

ပြဆိုခဲ့ပြီးသောပဉ္စည်း ၅ပါး၊ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး,များကိုသုံးစားမှီဝဲခြင်းဟူသော ပရိဘောဂတရားသည် ထေယျ,ဣဏ,ဒါယဇ္ဇ,သာမိ,အားဖြင့်၄ပါး ပြားရှိ၏၊ ထို၄ပါးတို့တွင်၊ ဘုရားရှင်၏ သားတော်စစ်မဟုတ်၊ သားဘောင်ယောင်၊သားတော်တုဟူသော ဒုသီလပုဂ္ဂိုလ်တို့၏၊ ထိုထိုပစ္စည်း ၄ပါးကို၊ သုံးစားမှီဝဲခြင်းသည်၊သီလကင်းလျက်ခိုးဝှက်၍သုံးဆောင်သောကြောင့်၊ ထေယျ ပရိဘောဂမည်၏၊ ၊သီလရှိသော ပုထုဇဉ် ရဟန်းဖြစ်ပါသော်လည်း ပစ္စဝေက္ခဏာဆင်ခြင်ခြင်းမပြုဘဲ၊ အမှုမဲ့ အမှတ်မဲ့ သုံးဆောင်ခြင်းသည်၊သူကြွေးသူမြီကိုယူ၍ စားသည်နှင့်တူသောကြောင့်၊ ဣဏပရိဘောဂမည်၏၊ ၊သေက္ခပုဂ္ဂိုလ်ခုနစ်ပါးတို့၏၊ပစ္စည်း ၄ပါးကို သုံးစားမှီဝဲခြင်းသည်၊ အဘ၏ဥစ္စာ

ကို၊ သားတို့မှာ အမွေခံ ရသကဲ့သို့ အဘတည်းဟူသော မြတ်စွာဘုရား၏ ၊ ပစ္စည်း ၄ ပါးတည်းဟူသော အမွေဥစ္စာကို၊ သားရတနာတည်းဟူသော သေက္ခခုနစ်ပါး တို့က၊ အမွေခံ ရအဖြစ်ဖြင့် သုံးစားခြင်းကြောင့်၊ ဒါယဇ္ဇပရိဘောဂမည်၏ ၊ ရဟန္တာပုဂ္ဂိုလ်မြတ်တို့၏၊ ပစ္စည်း၄ရပ်ကို၊ သုံးဆောင်ခြင်းသည်၊ တဏှာ၏ ကျွန်အဖြစ်မှ၊ ကင်းလွတ်ကျွတ်ဘိ အစိုးရခြင်းရှိသောကြောင့်၊ သာမိပရိဘောဂ မည်၏။ ၊

ပစ္စည်း၄ပါးကို၊ သာမဏေများ၊ သုံးဆောင်ရာ၌လည်း၊ ၎င်းနည်းခွဲခြား၍ ပရိဘောဂ ၄ပါးကိုမှတ်သားလေ။ ၊

၎င်းစတုတ္ထနိဿယ၊ အတိရေကလာဘအရာတွင် ပြအပ်သော နဝနီတ ပုဒ်အရ၊ ရှေးကာလကဆိဥ၊ ယခုကာလ-ထောပတ်,မလိုင်,မသကာ,ဆီရေခဲ တို့၊ အဖြာဖြာအမျိုးမျိုးယူကြ၏၊ ယထာဓမ္မစီစစ်၍၊ နှစ်သက်ရာမှတ်လေ၊ ။ အသုံးသိသာရန်၊ တိကျပါဠိတော်ပါဠိတော်၊ ဘေသဇ္ဇနဂ္ဂိ၌၊ ပဏီတဘောဇဉ်ကို ပြဆိုရာသပ္ပိ,နဝနီတ,တေလ,မဓု,ဖာဏိတ, မစ္ဆ,မံသ, ခီရ,ဒဓိ,ဟူ၍၊ ၉ပါး တို့တွင်၊ နဝနီတပုဒ်ပါသည်၊ တိကျနိပါတ်တော်လာ၊ ပါစိတ်ဒသနီ (၈)ပါးတွင်၊ ၎င်းနဝနီတပုဒ်ပါသည်ကိုလည်းသတိပြု၍မှတ်လေ၊ ။

စတုတ္ထနိဿယအတွက်-မှာထားဆုံးဖြတ်ချက်ပြီး၏။

နိဿယ၄ပါးအတွက်-မှာထားဆုံးဖြတ်ချက်များအားလုံးကုန်ပြီးပြီ။

---

{ အကရဏီယ၄ပါးအတွက်-မှာထားဆုံးဖြတ်ချက်၊ }

စတ္တာရိ အ,ကရဏီယာနိ အာစိက္ခိတဗ္ဗာနိ တွင်၊ အ,ကရဏီယာနိ၌၊ အ,ကား၊ ပဋိသေဓ၊ ကရ ကရဓာတ်၊ အနီယကားပစ္စည်း၊ ၎င်းပစ္စည်း၌၊ န,ယ် အက္ခရာကို၊ ရ,ကာရနှင့်ခေတ်နောင်ကျ၍၊ ဏကြီးအက္ခရာ ပြုရမည်ဟူသော သဒ္ဒါမှာ်ဘင်းကိုမှီငြမ်း၍၊ အ,ကရဏီယာနိ၊ ပြီးသည်ဟု၊ အမှတ်ပြုလေ၊ ၎င်းဟော်ခဲ့သည်း၊ ဤဒိဋ်ဖြစ်၍၊ အကရဏီယာနိ၊ ဟု ရသနှင့်ရွတ်မိအောင်၊ သတိဆောင်၊ ၊

ဤ၌ အကရဏီယ-လေးပါးဆိုသည်ကား၊ ဘုရားသားချစ် ရဟန်းတော် အဖြစ်မှ၊ စင်စင်လျှောသွား-ဆုံးရှုံးကြောင်း၍၊ လုံးလုံးသားနစ်နာ ရသောပါရာဇိက လေးပါး၊ ပြစ်မှုကြီးများပင်တည်း၊

ထိုလေးပါးတို့တွင်၊ ပဌမပါရာဇိက၏ အင်္ဂါသက္ခယားကား (၁)မေထုန် မှီဝဲလိုသောစိတ်၊ ၊(၂) သူတပါးမဂ်၌ မိမိမဂ်ကိုသွင်းခြင်း၊ ၊ဟူ၍နှစ်ပါး တည်း၊ ၊

ဤပထမအကာရဏီယတွင်ပါသော၊ပဋိသေဝိတွာပုန်၌၊တွာပစ္စည်းသည်။ ။ ဗွာပရ-သမာနနှင့်၊လက္ခဏာဟာတု၊ ငါးခုအဖွဲ့၊ သက်အပ်စွ၊ တုနတွာနတွာ ။ ။ဟူသောနိယံသက်၊တွင် ပါဝင်သော၊ပုဗ္ဗကာလ,ဟိတ်,လက္ခဏာ,၊ ၎င်း ၃-ပါးရထိုက်သောကြောင့်။ ၍၊ ကြောင့်၊ သော်၊ ဟုအနက်-၃-ခု ပေးလိုက်သည်၊နောက်-အကာရဏီယတို့မှာပါသော၊အာဒိယိတွာ၊ဝေါရောပေတွာ-ဥလ္လပိတွာ၊၎င်း ၃-ပုဒ်တို့၌တွာပစ္စည်း-၃-ချက်တို့မှာလည်း၊ ဤနည်းအတိုင်းပင်။

ယခုပထမအကာရဏီယတွင်ပါသော၊အသမနောနှင့် အသကျပုတ္တိယော၊ ဟူသော (၂)ပုဒ် အတွက်၊ အနက် သမ္ဗန်ပုံမှာ သင့်လျော်စွာ ကြံတွေး၍ အဓိပ္ပါယ်နက်ပေးလိုက်သည်၊

အဆုံး၌၊အကာရဏီယံ ပုဒ်ကို၊အနက်(၁)ချက်ထုတ်လိုက်သည်မှာ၊ အနီယပစ္စည်းသည်၊ကိစ္စပစ္စည်းမျိုးဖြစ်သည့်အတွက်၊ကံအနက်-အရဟအနက်-သက္ကအနက်-ပေသအနက်-အတိသဂ္ဂအနက်-ပတ္တကာလအနက်တို့ကို၊ ယှဉ်နိုင်း၍ အစဉ်အတိုင်းပေးလိုက်ခြင်းမှန်ပေသည်။နောက်နောက် အကာရဏီယတို့မှာလည်း၊၎င်းနည်း၊ ။

ပထမအကာရဏီယစကား၌၊မှာထားဆုံးဖြတ်ချက်ပြီး၏။

---

ဒုတိယအကာရဏီယအတွက်မှာထားဆုံးဖြတ်ချက်၊

အဒိန္နဒါနံပါရာဇိကဟု ဆိုအပ်သော၊ဤဒုတိယအကာရဏီယ၌၊ သိထိုက်သော အင်္ဂါလက္ခဏာကား၊ ။(၁)လူ၏ဥစ္စာ၊ (၂)လူ၏ဥစ္စာဟု အမှတ်ရှိခြင်း၊(၃)ခိုးလိုသောစိတ်ရှိခြင်း၊(၄)ခိုးအပ်သောဝတ္ထု၏တမတ်၊ တမတ်ထိုက်ခြင်း။တမတ်ထက်အလွန်-တမတ်ထက်အလွန်ထိုက်ခြင်း၊ (၅)ခိုးခြင်း ဟူ၍ ၅ပါးတည်း၊ ။

တမတ်သောဥစ္စာ၌၊ပါဒအရ ဆုံးဖြတ်၍ပြအံ့၊

ပါဒ်ိဳးတော်၌၊ပဉ္စမာသကောပါဒေါဟု၊ ဟောတော်မူသောကြောင့်၊ ၅ပဲသည် တမတ်မည်၏ဟု သိအပ်၏၊ ။၎င်းပုဒ်အဖွင့်၊ ပါရာဇိကကဏ်အဋ္ဌကထာ၌၊ ။ ပဉ္စမာသကောပါဒေါတိ တဒါရာဇဂဟေဝီသတိ မာသကောကဟာပဏော ဟောတိ၊ ။စသည့်ဖြင့်ဖွင့်၏၊အဓိပ္ပါယ်မှာ မဲနှစ်ဆယ်လျှင်-ဒီ-ဖြစ်၍၊ ၎င်းတကျပ်၏ လေးဘို့ဘတို့ကို၊ တမတ်ဆိုသည်ဟု သိရမည်၊ ထိုတကျပ်ကိုလည်း။ရှေး၌ဖြစ်သောနီလကဟာပဏ၏ အစွမ်းအားဖြင့်၊သိသင့်သည်၊ ဒုဗ္ဗိဒါမကာ-ကဟာပဏ၏အစွမ်းဖြင့်မသိအပ်ဟုဆို၏၊ ။

ငှင်းအဋ္ဌကထာ၏အဖွင့်၊သာရတ္ထဒီပနီ၊ဝိမတိဝိနောဒနီတို့မှာလည်း နီလကဟာပဏဟူသော အဋ္ဌကထာဖြစ်ကားကိုသာ၊ များစွာဖွင့်ကြ၏၊ ပါဒအရ၊ တမတ်သောပစ္စည်းကို၊ ဖွင့်ဆိုစိစစ်နည်း အပြီးသားမပြုကြပေ။ ၊ဝိနယဝိနိစ္ဆယဋီကာ၌ကား၊ ၊ပဥ္စမာသာသုဝဏ္ဏဿ–တထာ–ရဇတဿ-ဒသမာသာ တမ္ဗဿာတိ၊ ဇတေဝိသတိမာသေမိဿာသိဘွာ ဗန္ဓနဋ္ဌာဿ လေးဟံကြွဝိတွာ၊ ၊ဟူ၍ ရွှေ-၅ပဲ၊ငွေ-၅ပဲ၊ကြေးနီ-၁၀ပဲ တို့ကို ရောနှောပြီး၍၊ငွေစင်စပ်သောဌာ ခဲအနည်းငယ်မျှထည့်၍ မိဿက-ကဟာပဏပြုလုပ်ကြောင်းကို ဆိုသည်၊ ၊ငှင်းစကားကို အခြခံပြုပြီး၊ဝိနည်းနိသျှတစောင်၌သည်း၊ ၊တပါဒ မည်သည်ကား၊ ရွှေ-၁ပဲ၊ငွေ-၁ပဲ၊ကြေးနီ-၁ပဲ၊ကြေးဖြူ-၁ပဲ၊ ငှင်းလေးပဲကို စပ်ဟပ်နှိုးနှောစပ်သောဌာ ခဲ-၁ပဲ၊ဒါ-၅-ပါးတို့ကို ရောနှော၍ ၅ပဲသည် တပါဒ တမတ်တည်းဟု မိဿကပါဒ၊မိဿက-ကဟာပဏဖြစ်ကြောင်းကို ဆိုသည်၊ ၊သိက္ခာပဒဝလဥ္ဇနကျမ်း၌ကား၊ ၊တဏ္ဍုပါဒေါ ဟုံနာမ ပဥ္စဂုဉ္ဇမတ္တံသုဝဏ္ဏံ၊ ၊ဟု–ရွှေ ၅ရွေးသည်ပါဒါရဟာဖြစ်၍၊ပါရာဇိကာ ပဥ္စမစနိုင ကြောင်းကိုပြဆိုသည်၊ ၊ယခုကာလ အမှတ်အားဖြင့် တကျပ်သားလျှင် ၁၆-ပဲ သာရှိ၍ တမတ်လျှင် ၄ပဲသာရှိသည်ဟု သတိပြု။

ဤအရာဌာန၌၊အာဒရိယဝါဒကို ပြဆိုအံ့၊ ၊မန္တလေးမြို့ ဒက္ခိဏာရာမတိုက်၊ငါတို့၏ကျေးဇူးရှင်၊ဘုရားကြီးဆရာတော်-ဦးအာစရ၊နာယကဒေ သျှင်မြတ်ကြီးကား၊ ၊ဤအဒိန္နဒါန်ပါရာဇိကန်၌လာသော၊ပါဒအရ၊ တမတ်သော ပစ္စည်းဆိုသည်မှာ အဋ္ဌကထာကြီး-ဋီကာကြီးတို့က၊ဝိသေသဖွင့်ကြ၊ ဝိနယဝိနိစ္ဆယဋီကာကျမ်းကသာ၊ဆန်းဆန်းပြားပြားနှင့် တခန့်တနား ခွဲခြားစိစစ်၍၊ တစ်ဘစ်ခွခွ ယူဆပြီးလျှင်၊ ပါဒအရကို နီလကဟာပဏ၏ ပါဒ ဖြစ်သော ကြောင့်၊ငွေ ၅ကျပ်ထိုက်တန်ဟန်နှင့် ရည်သန်၍ဆိုသည်၊ ၊ဝိနယ ဂေရုဓမ္မ ဒီပနီဒီပိုက်တို့သည်၊ ထိုဋီကာစကားကို အများကြီးငင်းဆင်ခြင်ကြလေ၊ အဘဲ့ကြောင့်နည်းဟူမူ–ခုနှသီးကလေး တလုံးမျှနှင့် ပါရာဇိကကျရောက်နိုင်ခြင်း၊ဘာမဟုတ်တဲ့-နှမ်းကလေးတဆုပ်၊ ဆန်-ကလေးတဆုပ် ရေ သနုပ်ခေါ်သော ရေလဲအဝတ်ဟောင်းကလေး၊ဆွေးလုနီးတထည်သောက်နှင့် ပါရာဇိကကျရောက်နိုင်သော အရာဌာနများ အထင်အရှားရှိသေရကား၊ဘုရား ဟောပါဒအရကို ယခုကာလမှာ မြန်မာနိုင်ငံကြီး တဝှမ်းလုံး အသုံး အစွဲပြုလျက်ရှိကြသော၊ဇာတ္တရိယအမှတ်အသား ဒိ-သုံးငွေဒင်္ဂါး၏ ၄တို့တတို့ရှိ ငွေ တမတ်ကိုသာ၊ပါဒ္ဒေတော်မြတ်အလာ မှတ်ရပေါဒဟု စွဲမြဲကာရှုပြီးလျှင် ရ ကတနောင်ကြည့်ကြရမည်၊ သူတပါးအတွက် ဆုံးဖြတ်ချက်ချပေးတို့၊ အခွင့်

အားရကြိုသာက သက်သာရအောင်မျှော်ကြည့်၊ နည်းလမ်းကြောင်း အရှိဖြင့်၊ ၄င်းဝိနိသဥ္ဇိနိဿယ ဋီကာစကားကို အများနှင့်ညီစေမှု၊ သုံးပြုကို သင့်လျော်သည်ဟု ခွန်းစေ့စပ်လှစ်ပေါ်၍ အဓိပ္ပါယ်တင်ရှိသည့်များ၊ နားဆတ်ဆတ် ကြားရဘူးပေ၍ ထူးအထွေမြတ်စကားမှို့မှတ်သားသင့်လှပေသတည်း၊

ဤအဓိဋ္ဌာန်စကား၌၊ အထူးသတိထားဘို့အချက်ကို ဆက်လက်၍ပြဦးအံ့၊ ၊ယခုကာလ၊အပွသုဘ ယုဝအရွယ်အချို့သောရဟန်းငယ်တို့သည်၊ လပ်သယ်ဝယ်ဝယ် နတ်နတ်ပါးပါးမို့ မီးရထားနှင့်ခရီးသွားကြသောအခါ၊ မိမိနှင့်အတူ ဆောင်ယူ၍ပါလာခဲ့သမျှ၊ သကန္တက ပစ္စည်းများကို မီးရထား ဉည်းကမ်း ဥပဒေနည်းလမ်းဖြင့်၊တတိယတန်း သားစ်ကလပ်၊တလက်မှတ်အတွက်မှာ ဝိသာချိန် ၁၅ အထိ၊တံခါမရှိဘဲ ယူနိုင်ခွင့်ရှိသည်၊ ဒုတိယတန်းစ်ကင်းကလပ်နှင့်၊ပထမတန်းဖါးစ်ကလင်တို့မှာလည်း၊ အသီးအသီးကန့်သတ်၍ တလက်မှတ်အတွက် ထိုက်သက်အကျ၊ ပိဿာချိန်မည်မျှဟု အတည်ပြုန္နံးထား၍ ထိုန္နံးများအထက်ကျော်တက်၍မလွန်ရဟု၊ ညွှန်ပြသော စကားအရှိကို များအသိဖြိပ်ပါလျက်၊ခိုးဝှက်လိုသော ထေယျစိတ်သဘောနှင့်ပိုလွန်သော ပစ္စည်းအားကို များသောမိဿာဉာဏ်ဖြင့် ထိုက်သင့်သောန္နံးထားကို၊ လုံးလုံးသားမပေးဘဲ ရှောင်လွှဲယူသွားသော်၊တမတ်တန်ထက်-လွန်ကျော်က၊ရဟန်းတော်အဖြစ်-သားတော်စဉ်ဘဝမှ-လျောကျဘွယ် နစ်နာမှုကို ဂရုမစိုက်၊ အလေးပြုတော်မူကြရန်တသွယ်။

ကျောင်းသားငယ်တပည့်များမှာလည်း၊ ၁၂-သားပြည့်ပြီးမူ၊ လက်မှတ်ကြီးယူရမည်ဟု အတည်ပြု ဥပဒေအလာကို သေသေချာချာ သိလျက်သားနှင့်၊ဆဲသုံးနှစ်သား-ဆဲ့လေးငါးခြောက်နှစ်သား မိမိ၏ကျောင်းသားကြီးများ အတွက်၊ လက်ဝက်ခပေးအင်ပြီး ကလေး လက်မှတ် တောင်းယူ၍၊ ၁၂နှစ်မပြည့်သေး ဟန်ရှုပ်ထွေ ဉာဏ်ဖြင့်၊ကြံဖန်ပြောဆိုလှည့်စားလိုသော ထိုပုဂ္ဂိုလ်ရဟန်းများမှာလည်း၊သားတော်စဉ်ဘဝ-သမဏဘော ရှေ့ကျလျောဘို့ ခယဝယော- သောင်းပြောင်းနည်းတို့ကိုကောင်းကောင်းကြီးကြီးတွေး၍၊အလေးဂရုအရေးပြုလျက် ကြည့်ရှုရှောင်ကြဉ်တော် မူကြပါကုန်၊ ၊နေရာတကာမှာ၊ အပါးအလယ်များ လျှင် အပါယ်အလားများတတ်ကြောင်းကိုလည်း၊ကောင်းကောင်းကြီးသတိပြုတော်မူကြပါကုန်လော၊ ၊

၄င်းစကားတို့ကို၊အများအပြားဒေါမနု၊မနားမနား ပြောကြ၍၊ သောတမှာ မချမ်းသာအောင်၊ သာသနာတော်ကြီး-အားနည်းဘွယ်အမှုမို့၊ ဒုစရိတပါပ ဖိဿ၊ကင်းရှင်းကွာလျက် သိက္ခာကာမ၊ပေသလလဋ္ဌိ-သူတော်ကောင်းဗိကြ

သော၊ ထိုထို ဤဤ ရဟန်းမြတ်တို့ လန့်ဖျင်ဘို့ ကောင်းလှ၍၊ အကြောင်းပြ စကားပေါင်အဝဝကြွားရေးအောင် ရေးသားထည့်သွင်းလိုက်ရပါသတည်း။ ။

{ခိုးခြင်း-၂၅-ပါးကို ခွဲခြားပြဆိုပုံ၊}

သူ့ဥစ္စာကိုခိုးယူခြင်းဟူသော အဒိန္နဒါန်သည်၊ သာမည-အဘေဒ လက္ခဏာအားဖြင့်တပါးထည်းသာ၊ ဝိသေသ-ပဘေဒလက္ခဏာအားဖြင့် သော်ကား ၊ ။နာနာဘဏ္ဍပဉ္စက- ဧကဘဏ္ဍပဉ္စက- သာဟတ္ထိကပဉ္စက- ပုဗ္ဗပယောဂ ပဉ္စက-ထေယျာဝဟာရပဉ္စက-ဟူ၍ ငါးပါးစီ-ငါးလီဖြစ်သောကြောင့် (၂၅) ပါးအပြားရှိ၏၊

{ထိုနှစ်ဆဲငါးပါးကို-သေချာစွာမှတ်သားဘို့၊ဖေယားဖြင့်ပြလိုက်အံ့၊}

{ နာနာဘဏ္ဍပဉ္စက(၅)ပါး }

အာဒိယန၊ ။သက်ရှိ-သက်မဲ့ဥစ္စာကို၊တရားဆင်၍ခိုးခြင်း၊

ဟရဏ၊ ။သက်ရှိ-သက်မဲ့ဥစ္စာကို ဆောင်ရွက်ထမ်းပိုးစဉ်ခိုးခြင်း၊

အဝဟရဏ၊ ။သူတပါးနှံ့ထားသော၊သက်ရှိ-သက်မဲ့ဥစ္စာကို ခိုးခြင်း၊

ဣရိယာပထဝိကောပန၊ ။သက်ရှိ-သက်မဲ့ ဥစ္စာကို၊ ဆောင်ရွက်သူနှင့်တကွ၊ဣရိယာပုက်ကိုဖျက်၍ခိုးခြင်း။

ဌာနာစာဝန၊ ။သက်ရှိ-သက်မဲ့ ဥစ္စာကို၊ထားရာမှရွှေ့စေ၍ခိုးခြင်း၊

နာနာဘဏ္ဍပဉ္စကံ-သဝိညာဏကာ ဝိညာဏက

ဝသေန ဒဋ္ဌဗ္ဗံ၊ ။ကင်္ခါအဋ္ဌကထာ၊ ။

{ ဧကဘဏ္ဍပဉ္စက (၅) ပါး၊ }

အာဒိယန၊ ။သက်မဲ့မပါ၊သက်ရှိဥစ္စာကိုတရားဆင်၍ခိုးခြင်း။

ဟရဏ၊ ။သက်မဲ့မပါ-သက်ရှိဥစ္စာကိုဆောင်ရွက်ထမ်းပိုးစဉ်ခိုးခြင်း၊

အဝဟရဏ၊ ။သက်မဲ့မပါ-သူတပါးနှံ့ထားသော သက်ရှိဥစ္စာကို ခိုးခြင်း၊

ဣရိယာပထဝိကောပန၊ ။သက်မဲ့မပါ-သက်ရှိဥစ္စာကို၊ ဆောင်ရွက်သူနှင့်တကွ၊ဣရိယာပုထ်ကို ဖျက်၍ခိုးခြင်း၊

ဌာနာစာဝန၊ ။သက်မဲ့မပါ-သက်ရှိဥစ္စာကို၊ထားရာမှရွှေ့စေ၍ခိုးခြင်း၊

{သာဟတ္ထိကပဉ္စက (၅)ပါး၊}

သာဟတ္ထိက၊ ။မိမိကိုယ်တိုင်-ခိုးခြင်း၊

အာဏတ္တိက၊ ။သူတပါးကိုစေခိုင်း၍ခိုးခြင်း၊

နိဿဂ္ဂိယ၊ ။ကင်းကူးတို့အကောက်သားရာအရပ်မှ၊ပြင်ပသို့ ပစ်လွှတ်၍ခိုးခြင်း၊

အဏ္ဏသာဓက၊ ။သူ့ဥစ္စာကို-ခိုးလေ စေခိုင်းသော်-အနှစ်တရာ တိုင်မှ မချွတ်ခိုးလတ့ံသည်ဖြစ်အံ့၊ မခိုးမှီစေခိုင်းဆဲခဏကပင် အဒိန္နဒါန် ထိုက်ခြင်း တနည်း၊ဆီပျား-တင်လဲ-ထောပတ်-အရပ်ရပ်ထည့်သွင်းလှောင်ထားသည့်အိုး တို့၌၊ပုဆိုး-ဘိနပ်စသည်ကိုချခြင်း၊ရေလောင်းခြင်း၊မီးတိုက်ခြင်း၊ ဘောက်ခွဲ ခြင်းစသော သူတထူး ဥစ္စာ ပျက်စီးရာ ပျက်စီးကြောင်းကို ပြုအံ့၊ လက်မှ လွှတ်လိုက်သည်နှင့် တပြိုင်နက်၊ အဒိန္နဒါန်ထိုက်ခြင်း အကျိုးကိုပြီးစေတတ် သောနိုးခြင်း၊

ရှရနိဿပ၊ ။ဥစ္စာရှင်က-မရပြီ၊ ခိုးယူသူကလည်းမပေးပြီဟု တူညီစွာ ဝန်ချမှ ကမ္မပထမြောက်နိုးသောခိုးခြင်း၊

{ ပုဗ္ဗပယောဂ ပဉ္စက (၅)ပါး၊ }

ပုဗ္ဗပယောဂ၊ ။ရှေးလုလ္လဖြင့်-ကမ္မပထမြောက်သောခိုးခြင်း၊

သဟပယောဂ၊ ။ခိုးခြင်း ကြိယာနှင့်တကွ၊ ကမ္မပထ မြောက်သောခိုး ခြင်း၊

သံဝိဓာဝဟာရ၊ ။နှစ်ယောက်-သုံးယောက် စသည်တို့ဖြင့် တိုင်ပင်ညှိ ညွတ်၍ခိုးခြင်း၊

သင်္ကေတကမ္မ၊ ။နံနက်မွန်းတည့် ညချမ်းစသော အချိန်အခါကို ချိန်းချက် ၍ခိုးခြင်း၊

နိမိတ္တကမ္မ၊ ။မျက်ခုံး မျက်မှောင်ချီခြင်း၊ မျက်စိမှိတ်ခြင်း၊ လည်ညိတ် ခြင်း စသောအမှတ်ပြု၍ခိုးခြင်း။

{ထေယျာဝဟာရပဉ္စက (၅)ပါး၊}

ထေယျာဝဟာရ၊ ။ငွေ,လည်,ရှိန်,တို့၌၊မှန်သောအလေးဖြင့် ချိန်ပေး ခြင်း၊ပေါင်ခွင်း-လျှော့၍ ငင်း မကောင်းသဖြင့် ကြိုစည်၍ နှင်ရွှေ့ပြုလုပ်ပြီးလျှင် ရှည်သောပေါက်ဘက်၌၊ ပေးရန်-ကုန်ကိုထည့်ချိန်ခြင်း၊ လျှောကောက်နားကပ် ဖြစ်အောင်၊လုပ်ဆောင်ချိန်တွယ်ခြင်း၊လက်ငင်ခြင်း၊ခြေမ-ခြင်း၊ တနည်းကုန် ကိုဘိုးပွါးစေခြင်း၌၊ပေါ်ဖျင်း-ပေါးသွမ်း ဖွဲကြမ်း-ဖွဲနု-ခဲပု-သလဲ-ဆန်ကွဲ မုန့် ညက် သည်တို့ကို၊ ရောနှောထည့်စွက်၍ ခိုးခြင်းဟူသော၊ အလေးငွေးလဲ- ချိန်ငွေးလဲ-တင်းငွေးလဲ-ကောင်းငွေးလဲ-အသပြာငွေးလဲ-လက်သစ်တောင် ထာစည်းလဲခြင်း သည်တို့ငွေး လဲသည်ပတ်၍ခိုးခြင်း။

ပသယှာဝဟာရ၊ ။မိုက်ဇ ကိစ္စိုးကဲ၊ မောင်မဲချင်ခည် ငါ့ဘောက်သည် ဟု မကြည့်သောက် လုယက်တင်း ဖွင့်ဖြင်းသိမ်းသည်၍ခိုးခြင်း၊

ပရိကပ္ပါဝဟာရ၊ ။ဥစ္စာအရင်နှစ်ပါးကို ကြံ၍ခိုးခြင်း၊

ပဋိရူပကူဋဝဟာရ၊ ။မြက်သစ်ရွက်-အမှိုက် စသည်တို့ဖြင့် ဖုံးလွှမ်း၍ခိုးခြင်း၊

ကုသာဝဟာရ။ ။ကမ္ပည်းအက္ခရာကို ပြောင်းရွှေ့၍ခိုးခြင်း၊

{ ခိုးခြင်း (၂၅) ပါးပြီး၏၊ }

---

ဤဒုတိယ အာကရဏီယအရာ၌၊ သိသိုက်သောအချက်၊ ဆက်လက်၍ ထုတ်ဆိုဘို့၊ အင်္ဂုတ္တိုရ်ပါဠိတော် မြတ်မှာ၊ ဟောကြားတော် မူအပ်သော အဒိန္နဒါန် ၄ ရပ်ဆိုသည်ကား၊ ။

(၁) မိမိကိုယ်တိုင်ခိုးယူခြင်း၊ ။(၂) သူတပါးကိုခိုးစေလို၍ ပြောဆို တိုက်တွန်းခြင်း၊ ။(၃)သူတပါး-ခိုးယူသွားသည့်ကို၊စဝ်ကြားကဝမ်းမြောက် ခြင်း၊ ။(၄)အဒိန္နဒါန်နှင့်ရှိသောပစ္စည်းကို၊ခြီးမွမ်းစကားပြောကြားခြင်း၊ ။ ဟူ၍လေးပါးတည်း၊ ။

ဤအာကရဏီယ၌၊အ,သမ္မောဟပုဒ်ကို၊အနက်(၁၀)ချက်ပေးခဲ့သည်မှာ၊ ။

ပဋိသေဓဂုဏ ဝိတက္ကာ ဝေ၊ အညေဿသဒိသေပိစ၊

ဝိရုဒ္ဓါရပေဟာသုည၊ အ'ကာရောဝိရဟာပ္ပကေ၊ ။

ဟူ၍၊ရှာသကျမ်း၌ ခွဲခြမ်းသုံးပေါ၊ မိန့်ဆိုတော်မူသည့်အတိုင်း၊ ချင့်ချိန်း ထောက်တွေး၍၊ (၁၀) နက်လုံးပေးလိုက်သည်၊ ။ညောင်ကန် ဆရာတော် ဘုရားကြီး ဦးဇဝ်၏ရဒ္ဓသိက္ခာနိသျှတွင်၊ အပဗ္ဗာပုဒ်ကို၊ ပဋိသေဓ-ဂုဏ- တက္ကာဝ-စသည်ဖြင့်၊ ရထိုက် သမျှ-အနက် ယောဇနာနည်းကို၊နယဂ္ဂါဟ-မှီး လိုက်ရပေကြောင်း၊ ။

ဥပမာစကား ဟောကြားတော်မူရာ၊ ဗန္ဓနာ-ပ ဝဇ္ဇော၊၌၊ ။မုတ္တသဒ္ဒါ သည်၊လွှတ်ခြင်းအနက်ပေါ်လွှင်ထင်ရှား၍၊ အချို့ဘာပြင်သမား၊ ဉာဏ်ပိုးဝါး တို့က၊ဗန္ဓနာပမုတ္တောဟု၊ မ,အက္ခရာနှင့် ပြင်ကြသည်မှာ၊ ။ဗန္ဓနာပဝဇ္ဇော တိ အာဒိသုဗန္ဓနာပမုတ္တာဘာဝေ၊ ။ဂသည်ဖြင့်၊ ဖွင့်ပြသော ကျမ်းဂန်ကို၊ မမြင်ခြင်းမျှသာတည်း၊ ။

ဒုတိယအာကရဏီယစကား၌၊မှာထားဆုံးဖြတ်ချက်ပြီး၏၊

---

{တတိယအာကရဏီယစကားအတွက်-မှာထားဆုံးဖြတ်ချက်၊}

တတိယအာကရဏီယဟူသော မနုဿဝိဂ္ဂဟပါရာဇိကာ၏ အင်္ဂါလက္ခဏာ ကား၊ ။(၁) အသက်ရှိသောလူသတ္တဝါ၊ ။(၂) သတ္တဝါဟု အမှတ်ရှိခြင်း၊ ။

(၃)သတ်လိုသောစေတနာ။ ။(၄)သတ်ခြင်းလုလ္လ၊ ။(၅)ထိုလုလ္လဖြင့်သေခြင်း။ ။ဟူ၍ငါးပါးတည်း၊ ။

ဤတတိယပါရာဇိကာ၌၊ သတ်ခြင်းလုလ္လကား။ ။(၁) သာဟတ္ထိက၊ မိမိလက်ဖြင့်သတ်ခြင်း၊ ။(၂) နိဿဂ္ဂိယ၊ ပစ်ခတ်၍သတ်ခြင်း၊ ။(၃)အာဏတ္တိက၊ စေခိုင်း၍သတ်ခြင်း။ ။(၄) ထာဝရ၊ တွင်းတူးခြင်းအစရှိသော ထာဝရပယောဂဖြင့်သတ်ခြင်း၊ ။(၅) ဣဒ္ဓိမယ၊ တန်ခိုးဖြင့်သတ်ခြင်း၊ ။(၆) ဝိဇ္ဇာမယ၊ အတတ်ပညာဖြင့်သတ်ခြင်း၊ ။ဟူ၍—ခြောက်ပါးတည်း။ ။

၎င်းပါရာဇိကာ၌၊ စေခိုင်းခြင်း အပိုင်းအခြား ခြောက်ပါးဆိုသည်ကား၊ ။(၁)ကာလ နံနက်-ညချမ်းစသော-အချိန်အခါ၊ ။(၂)ဝတ္ထု၊ သတ်အပ်သောသတ္တဝါ၊ ။(၃)အာဝုဓ၊ ဓါးလှံ စသောလက်နက်၊ ။(၄) ဣရိယာပထ၊ သွားခြင်း ရပ်ခြင်းစသော ဣရိယာပုထ်။ ။(၅) ကြိယာဝိသေသ၊ ထိုးခုတ်ခြင်းစသောအမှုအရာအထူး၊ ။(၆)ဩကာသရွာ-တော စသောအရပ်၊ ။ဟူ၍ခြောက်ပါးတည်း၊ ။

ဤပါရာဇိကာ၌{ပါဏော}ဟူသောပုဒ်ကို၊ ထွက်သက်ဝင်သက်ရှူရှိုက်ချက်ဖြင့်၊ မပျက်မှန်စွာ အသက်ရှင်သောသတ္တဝါသည်။ ။ဟု-အနက်ပြုခဲ့ရာ၌၊ စေတနာလိုသူတို့က၊ ထွက်သက်ဝင်သက်မရှိသောသူ-ရှစ်မျိုးတွင်၊ ပါဝင်လျက်ရှိသောအမိဝမ်း၌ပဋိသန္ဓေနေသူရေမွှန်းပစ်သူပသည်များကိုသတ်ဖြတ်က၊ အဖြစ်မှလွတ်ရမှာလားဟု-ဆိုဖြားအံ့၊ မလွတ်ရပေ။ ဇီဝိတိန္ဒြေ-ရှိနေသော သတ္တဝါဟု သိစေမှုသဘောကိုသာ ရည်ရွယ်၍ဆိုပါသည်ဟူပေ၊ ။

ဇီဝိတ-ဝေါဟာရပေတို့၌လည်း၊ ဇီဝိတိန္ဒြေ၊ ကိုယ်အင်္ဂါဘောက်ချ၍ ဟု-ဆိုပြုသောစကားသည်၊ အင်္ဂါဘောကိုချလိုက်က၊ ဇီဝိတိန္ဒြေ၊ ကြွင်းကျန်၍နေရစ်သကဲ့သို့ပင်၊ ထင်စရာသဘော၊ လောက ဝေါဟာရအားဖြင့်၊ တင်စား၍ ဟောကြားတော်မူသော စကားတော်မျှသာဖြစ်ကြောင်း၊ စင်စစ်မှာမူ၊ ၎င်း ဇီဝိတိန္ဒြေသည်လည်း၊ ပျောက်ပျက်ခြင်းသို့ရောက်သွားတော့၏၊ ပါစိတ်အဋ္ဌကထာ၊ သပ္ပါဒကဝဂ်၊ ပထမသိက္ခာပုဒ်အဖွင့်၊{၁၁၇}၌၊ ပြဆိုတော်မူသည်၊

၎င်းဇီဝိတ-နှင့်ဇီဝိတ-နှစ်ခုသောတို့တွင်၊ ၎င်းဇီဝိတကိုသာ ခွင်းချနိုင်သော်လည်း၊ နာနတ္တရိက၊ အဝိနာဘာဝနည်းအားဖြင့်။ နံ့ဇီဝိတလည်း၊ တခါတည်းပါသွားရတော့မည်မှာ၊ မလွတ်မကင်းသာ—ဟူပေ။ ။

ဤအရာဌာန၌၊ ပါဏာတိပါတမှုနှင့် စပ်လျဉ်း၍၊ အင်းစိန်မြို့ အစိုးရအထောက်အပံ့ခံကျောင်း-တကျောင်းမှ၊ မောင်ဝင်းခေါ် ကျောင်းသားတယောက်၏၊ မျှော်လွှာရှိပုံစံမှာ အောက်ပါအတိုင်း၊ ။ဘားကို-မြွေခဲသျှက်၊ လွှတ်

ဘဲရှိနေသည်ကိုတွေမြင်ရာ၊ မြွေသတ္တဝါကိုမ နာမကြင်စေဘဲ၊ ဘားကလေးကိုသာ၊အသက်ဘေးမှ လွတ်အောင် ထုတ်ဆောင်ဆွဲယူကယ်ဆယ်သူအား၊ ကုသိုလ်၊ရ-မရ၊ မြွေ၏အစာကို၊ ဟန့်တားရှဲ၊ မြွေမစားရသည်အတွက်၊ ဖြစ်ချက်လွတ်၊မလွတ်၊ ဤသို့သောအကျိုးအပြစ်များကို။ ခြားနားစွာ၊ ဆိုလိုအပ်ပါသည်ဘုရားဟု၊စာတိုက်မှရေးသား၍၊ စလင်းဆရာတော်အား၊ လျှောက်ထားလိုက်ရာ။ရင်းလျှောက်လွှာပါစကားကို၊ငါတို့အားဖြေကြား၍၊ ရေးသားပေးပို့လိုက်ဘို့ရန်၊စလင်းဆရာတော်ကတောင်းပန်၍၊ အကြောင်းခံယူတ္တိ၊ နှိုင်းညှိထောက်ဆလျက်၊ဖြေပြလိုက်ပုံမှာအောက်ပါအတိုင်း၊

ဘားကလေးကို၊ အသက်ဘေးမှ၊ လွတ်ဘို့ရန် အရေး။ ချမ်းသာခွင့်ပေးသောအမှုသည်၊ယရဘဝမှ၊ စ,လျက်အသက်ရှည်ခြင်း၊ဘယရောဂါကင်းရှင်းခြင်း၊ သေဒါဏ်သမှ ရှောင်သည့် အခါဝယ်၊ ကယ်ဆယ်သူနှင့် တွေ့ရ၍၊ အသက်ဘေးမှ၊ချမ်းသာရခြင်းစသော၊ကောင်းကျိုးတရား၊ဖြစ်ပွါးမည် စင်စစ်မို့၊ဇီဝိတဒါန၊အဘယဒါနကုသိုလ်ဖြစ်၏၊ ကုသိုလ်ရ၏ဟု၊ ကောနှဲ့မှတ်လေ၊ ။ မြွေ၏အစာကို၊ဟန့်တားရာ၌အပြစ်ထိုက်၊မထိုက်မှာ၊မဲရိုက်လှစွာ။ ဒါသမာန်မာန,တွေးတွေဖြားသော၊မြွေသတ္တဝါအား၊သံသရာရှည်လျားအောင်၊ပါဏာတိပါတ,မှုများကို၊မနေမနားပြုနေကြ၊ နိဗ္ဗာန၊ အပါယဂါမနယဖြစ်မှုကြီး၊ တားဆီးပိတ်ပင်၊ ကယ်တင်ရာကျသောကြောင့်၊ အနဝဇ္ဇသုခ ရိဘပယောဂဖြစ်၍၊ အပြစ်ကင်းလွတ်သည့်အပြင်၊ မေ့ဒေသနာကုသိုလ်ပင်ဖြစ်ပွါး၏၊ ဥဒါဟာရဏ်အားဖြင့်၊သူဘပါးအသက်ကိုမသတ်ရ၊ သူဘပါ ဥစ္စာကိုမခိုးရစသည်ဖြင့်၊ဆုံးမတော်မူလေ့ရှိသော၊အလောင်းတော်နေမိမင်းကြီး၏၊ဖြည့်ကျင့်တော်မူသော၊ပါရမီကုသိုလ်နှင့်တူစွာ၊ မဟာကုသိုလ် ဇောစိတ္တုပ္ပါဒ်၊ ရအပ်၊ ရထိုက်၏ဟုမှတ်လေ၊ ။ဤအရာတွင်အချို့ဆရာများက။ ဘားသတ္တဝါမှာ၊မြွေစားနေကြအစာရို့၊ကမ္မဘာနံသာ၊ ဓမ္မဘာအတိုင်းသာဖြစ်ပါ၍၊ဥပေက္ခာရှု၊ရေးမယူဘဲ၊ လျစ်လျူရှုရမည့်သဘောကြောင့်၊ကယ်ဆယ်သောသူမှာ၊ အပြစ်မလွတ်ရဟု၊ ကြံဆကြ၏၊ထိုစကားကိုစင်းစားဆင်ခြင်မူ၊သိုထိုလူတို့၏ အသွေးအသားကို၊ ချင်မှက်များကိုက်ခဲ၍၊ ရတ်ယူလေ့ရှိသည်မှာလည်း၊ ကမ္မာတန်သာ ဓမ္မဘာပင်ဖြစ်သောကြောင့်၊ ချင်မှက်၏အစာကို ဟန့်တားလျက်၊ ချင်ထောင်များနှင့်အိပ်ကြသောသူတို့မှာလည်း၊ အားလုံးကြီး အပြစ်မလွတ်ဘဲ ရှိတန်ရာ၏၊အကယ်၍အပြစ်မလွတ်ဘဲရှိပြန်လျှင်လည်း၊ချင်မှက်ကဲ့ဟန့်တားဘို့ ချင်ထောင်များကို ဘုရားသဗ္ဗညုခွင့်ပြုတော်မမူရာ၊ သေချာစွာစိစစ်လျက်၊ အနဝဇ္ဇအမှုကို၊ဥာဏ်တော်ဖြင့်ကြည့်ရှု၍၊ ခွင့်ပြုတော်မူသော၊ သယန္တျာဘွတ်ထား၊ မြတ်

ဘုရားသည်၊တပည့်သားသံဃာတို့ ချမ်းသာဘို့အရေး၊ချင်မှက်တို့ရန်ဘေးမှ၊ ကင်းဝေးအောင် နှင်းချိန်လျက်၊ ၊မကာသကုဒ္ဒိ အနုဇာနာမိ၊ ၊ဟု၊ ချင်ထောင်ကို ခွင့်ပြုတော်မူသည်များမှာလည်း၊ ဝိနည်းတော်ဒေသနာတွင်။ သေအချာသာရှိ၏၊ ၊သို့ဖြစ်သည် အကြောင်းကြောင့်၊၎င်းပြဆိုခဲ့ပြီ၊ အသီးသီးသောစကားတို့ကို၊ထောက်ထားနှိုင်းဆ၍ ကုသိုလ်၏ဟုမှတ်လေ၊ ၊သို့ဖြစ်၍စင်စစ်ရချ၊ကုသသဓမ္မနှံသချမှာ၊ ကုသလာ အနုဘဏ္ဍ၊ သုခဝိပါကာထက္ခဏာ။ ဟု၊အဋ္ဌကထာဆရာမြတ် ဖွင့်ပြအပ်သည့်အတိုင်း၊ကိုင်းရှိုင်းယုံကြည်လျက်၊ အဘည်ကျမများအောင်၊ မှတ်သားသင့်လှပေသတည်းဟု၊ ငါတို့ ဖြေဆိုခြင်းပြုခဲ့ရဘူးကြောင်း၊ ။

ဤကဲ့သို့ကယ်ဆယ်ခြင်းသည်-အနုဂ္ဂဟ အမှုမျိုးဖြစ်သောကြောင့်၊ ရဟန်းတော်များပင် အပြစ်ကင်းလွတ်၍အာပတ်မသင့်ကြောင်း၊ကောင်းမွန်စွာသာဓကဖြင့်၊အာဂမယုတ္တိသိတို့ရာမှတ်လိုက၊ ၊သဗ္ဗအာဒိဂဟိတာပါဏကာနံမောစနတ္ထာယပန္နတိ၊ ၊ဝိမတိဝိနောဒနီဋီကာ၊ ၊သဗ္ဗအာဒိဂဟိတာပါဏကာနံ၊ ခြေအစရှိသည်တို့ကိုကဘင်း ဆွဲယူသာဘားသယ်စသော သတ္တဝါကို၊ မောစနတ္ထာယ၊လွတ်စေဘို့အကျိုးငှါ။ဝဋ္ဋတိ၊အပ်၏။ဝါ လွတ်သင့်၏၊ ။

ဤတတိယအကရဏီယအရာ၌၊ ပါဏာတိပါတမှုမှာလည်း၊ ယာခင်ကပြဆိုပြီး၊အဒိန္နဒါနနည်းခွဲခြား၍၊၄ပါးခင်ဟောကြားတော်မူသည်၊ ၄ပါးဆိုသည်ကား၊ ကိုယ်တိုင်သတ်ခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်း၊ ဝမ်းမြောက်ခြင်း၊ မြိုးမွမ်းခြင်းတည်း၊ ၊၎င်းပြင်ပါဏာတိပါတမှုကို၊ ကိုယ်တိုင်ပြုလုပ်သူ၊ တိုက်တွန်းသူ၊ မတားမြစ်သူ၊ ထိုလူ သုံးယောက်တို့သည်၊ အဝီစိ အတိုင်း၊ ငရဲ, တိရစ္ဆာန်,ပြိတ္တာ,တို့မှာဖြစ်ရကြောင်း၊ ကောင်းမွန်စွာသိရဘို့၊ ဒေသနာဓမ္မ၌၊ ဟောပြတော်မူသည်၏အဖြစ်ကို။မဃဒေဝလင်္ကာသစ်၌၊ ။ပါဏာတိပါတ်၊ သက်သတ်အမှု၊ကိုယ်တိုင်ပြုနှင့်၊ ပြုဟုသူက၊ တိုက်တွန်းကြ၍၊ ပြုရသောသူ၊ လိုတူသောအား၊မြစ်နိုင်ငြားလျက်၊ မတားမြစ်သူ၊သုံးယောက်လူတွင်၊ သတ်သူနိရိယ၊ငရဲကျ၏၊သူကခေါ်ရာ၊ ပါသူမှာမူ၊ တိရစ္ဆာန်ဖြစ်ထမှား၊ လိုတူအားဖြင့်၊ မတားမြစ်သူ။ထိုလူမှာတုံ၊ ပြိတ္တာဘုံဟု၊အာဂုံဖွင့်လှစ်၊ယူအဖြစ်ကို၊စင်စစ်မှန်စွာ၊ကျမ်းရိုးသော၏၊ ၊ဟုရေးပြမှာထားတော်မူ၏၊ ၊

တတိယအကရဏီယစကား၌၊မှာထားဆုံးဖြတ်ချက်ပြီး၏၊

## စတုတ္ထအကရဏီယစကားအတွက်၊မှာထားဆုံးဖြတ်ချက်၊

စတုတ္ထအကရဏီယ၊ဟူသောဥတ္တရိမနုဿဓမ္မ၏အင်္ဂါလက္ခဏာကား၊ ၊ (၁) မိမိ၌၊ ဥတ္တရိမနုဿဓမ္မတရား-ထင်ရှားမရှိခြင်း၊ ၊(၂) ယုတ်မာသောအလိုဖြင့်၊ထိုဥတ္တရိမနုဿဓမ္မစကားကိုပြောကြားခြင်း၊ ၊(၃) သူတပါးကိုမရည်မညွှန်းခြင်း၊ ၊(၄) အကြင်သူအား ပြောကြား၏၊ ထိုသူ၏လူဇာတ်ရှိခြင်း၊ ၊(၅) ထိုစကားကို ပြောကြားဆဲခဏသိခြင်း၊ ၊ဟူ၍-ငါးပါးတည်း၊ ။

ဥတ္တရိမနုဿဓမ္မဟူသောသမာသ်ပုဒ် အတွက်-အနက်၂နည်းရေး၍ ပေးခဲ့သည်မှာ။ ဥတ္တရိ-မနုဿဓမ္မဟု-ပဒစ္ဆေဒပြုသည့်အခိုက်၊ လူသာမညတို့၊ ရအပ်သိအပ်သော၊ကာမာဝစရကုသလကမ္မပထတရားများထက်၊ ကဲတက်လွန်မြတ်သည့်၊ဈာန်သမာပတ်စသော၊ မဟဂ္ဂုတ်လောကုတ္တရာ တရားထူးဟုဆိုလိုသည်။ ၊ဥတ္တရိမနုဿ-ဓမ္မဟု၊ဆိုပြုသောအခိုက်မှာမူ၊လူထူးလူမြတ်လူဥတ္တမ်ဟူသော၊တံပဟတုကဈာနလာဘီ အရိယာပုဂ္ဂိုလ်တို့၏ဈာန်မဂ်ဖိုလ်စသောတရားများကိုဆိုလိုသည်ဟု၊အမှတ်ပြုလေ၊ ။

ပါပိစ္ဆေဘဇ္ဇနွှာပကတော၌၊ ၊အဝိစေတ္ထ အတြိစ္ဆတာ-ပါပိစ္ဆတာ-မဟိစ္ဆတာ-အပ္ပိစ္ဆတာတိအယံဘေဒေါဝေဒိတဗ္ဗော၊ ၊ဟု၊မူလဋီကာသရုပ်,ဝိနိသုတ် အဋ္ဌကထာ၊ လာသောအတိုင်း၊ အတြိစ္ဆတာ၊ ပါပိစ္ဆတာ၊ မဟိစ္ဆတာ၊ အပ္ပိစ္ဆတာ၊ ဟူသော တရား၄ပါးကို ခွဲခြား၍သိအပ်၏၊ ထိုတွင်၊ ၊တတ္ထသက,လာဘေ အတိတ္တသပရ,လာဘေပတ္ထနာ အတြိစ္ဆတာနာမဟု၊ ၊ဋီကာ အဋ္ဌကထာ၌ပြသောကြောင့်၊သက,ဘာဘဟုဆိုအပ်သည့်မိမိရသောလတ်၌၊မရောင့်ရဲမူ၍၊ သူတပါးတို့၏လတ်ကို၊ ရလို၍တောင့်တ,ခြင်းသည်အတြိစ္ဆ,တာမည်၏၊ ၊

အသန္တဂုဏ သမ္ဘာဝနတော ပနငဋ္ဌိဂ္ဂဟဏော၊ အမတ္တညုတာပါပိစ္ဆတာနာမ၊ ၊ဟုဋီကာ အဋ္ဌကထာ၌ပြသောကြောင့်၊မိမိ၌ထင်ရှားမရှိသောဂုဏ်တို့ကို၊ထင်ရှားရှိသကဲ့သို့ဝါကြွား၍၊ သူတပါးအားပြောကြားခြင်း၊ ခံခြင်း၌၊ အတိုင်းအရှည်ကိုမသိခြင်းသည်၊ပါပိစ္ဆတာမည်၏၊ ၊

သန္တဂုဏ သမ္ဘာဝနာ ပနငဋ္ဌိဂ္ဂဟဏေ-အ, မတ္တညုတာ မဟိစ္ဆတာနာမ။ ၊ဟုဋီကာ အဋ္ဌကထာ၌လာသောကြောင့်၊မိမိ၌ထင်ရှားရှိသောသီလစသောဂုဏ်ကျေးဇူးစကားတို့ကို၊ သူတပါးအားပြောကြားခြင်း၊ ခံခြင်း၌အတိုင်းအရှည်ကိုမသိခြင်းသည် မဟိစ္ဆတာမည်၏၊ ၊ထိုမဟိစ္ဆတာတရားနှင့်တကွ (၃) ဌာနသိရာအကြောင်းကို၊ဋီကာအဋ္ဌကထာ၌ပင်၊ ၊အဂ္ဂိခန္ဓောသမုဒ္ဒေါစ၊

မဟိန္ဒော၀ါဝိပုဂ္ဂလော၊ သကဒ္ဒေန ပစ္စယံဒေတု၊ တတောပေတေ အတပ္ပ ယာ၊ ၊ဟုမိန့်မှာပြဆိုတော်မူ၏၊ ၊အနက်ကား။ ၊အဂ္ဂိခန္ဓော၀၊ အလျှံ ထိန်ငြီး၊မီးပုံကြီးသည်ဧင်း၊သမုဒ္ဒေါ၀၊ အပြောကျယ်စွာ၊ သမုဒ္ဒရာသည်ဧင်း၊ မဟိန္ဒော၊လောဘတဏှာ၊ကြီးမါးစွာသော၊ပုဂ္ဂလော၀ါဝိ၊မသူတော်ဟု၊ခေါ် ပြသမှတ်၊ပုဂ္ဂိုလ်ယုတ်သည်ဧင်း၊ သကဒ္ဒေန၊ ဖည်းဖြင့်၊ ပစ္စယံ၊ မီးစာနှင့်ရေ၊ များစွာသောပစ္စည်းတွေကို ဒေတု၊ပေးသည်ဖြစ်စေ၊ တတောပိ၊ထိုသို့ပေးခြင်း ကြောင့်လည်း၊ ဧတေ၊ ထိုမီးပုံ-သမုဒ္ဒရာ-မဟိန္ဒော လိုဆိုးပေါင်း ၃မျိုးတို့ သည်၊အတပ္ပယာ၊အလွန့်အလွန်၊ ထူးချွန်ပိုကဲ၊ပြည့်နိုင်ခဲသဖြင့်၊ မရောင့်ရဲကြ လေကုန်။

သန္တုဂုဏနိ ဂုဟာနဘာ၀မနပဒိုဂ္ဂဟာနေ၀မဏ္ဍည၊တာ အပ္ပိဿတာနာမ၊ ၊ ဟု၊ဧင်းအဋ္ဌကထာထွက်၊မိန့်မှါချက်ရှိသောကြောင့်မိမိ၌သင်ရှားရှိသောသီလ ဂုဏ်ပသည်ကို၊ လျှို့ဖှက်လိုခြင်း၊ခံခြင်း၌ အတိုင်းအရှည်ကို သိခြင်းသည်၊ အပ္ပိဿတာမည်၏။ ၊

သေယျာဘာပိနာမတာလောမဏ္ဍကဿိန္နော၊တွင်၊တာလ,ပုဒ်ကို {မြက်မျိုး သစ်ပင်၊ ချုန်အင်ဘွင်၊ ပါ၀င်ထုတ်ဆို၊ ထန်းဖုပ်တိုသည်}ဟု၊ အနက်ပေးခဲ့ သည်မှာ၊ဧင်း၏ပဓာနသဒ္ဒဖြစ်သော၊ မဏ္ဍကဿိန္နောပုဒ်ကိုထောက်ချင့်၍၊ ထန်း ဖုတ်တိုဖြစ်သင့်သောကြောင့်၊အခွင့်အားလျော်စွာရေး၍ပေးခဲ့ခြင်းဖြစ်ပေသည်၊

မြက်မျိုးသစ်ပင်၊ချုန်အင်ဆိုသည်မှာလည်း၊ ၊ဟိန္တာလ-တာလခဇ္ဇူရီ၊ နာဠိကေရာတထေ၀စ၊တာဠိစကေတကီနာရီ၊ ပုဂေါစ-တိဏပါဒပါ ၊ဟု အဘိဓာန်ဆရာမိန့်မှာတော်မူသောကြောင့်၊ ၊(၁)ဟိန္တာလ၊ထန်း၊(၂)တာ လ၊ထန်း။ (၃)ခဇ္ဇူရီ၊ သင်ပေါင်း၊ (၄)နာဠိကေရ၊ အုန်း၊(၅) တာဠိ၊ပေ၊ (၆) ကေတကီ၊ ဆပ်သွား၊(၇)ပုဂ၊ကွမ်းသီး၊ ၊ဟူ၍၇မျိုး။ ၊

အင်္ဂလိပ်အဘိဓါန်ကျမ်းမှာလည်း၊ ၊ Palm ဧင်းအက္ခရာ လေးလုံး ဖြင့် ပြအပ်သောဒြဗ်ဟော သဒ္ဒါ-အုန်း၊ ကွမ်းသီး၊ ငှန်ပလွံ၊ ထန်း၊ ဓနိ၊ ပေဟူ၍ ထိုအပင်-၆-ခုကိုပြဆို၏၊လိုရင်းမှာ၊ လက်ကြားကွဲလျက်၊ အထက်သို့ထိုး ထွက်တတ်သော-အရွက်ရှိသောအပင်ဗုဟူ၍လည်း ပေါင်းစည်း၍ပြသေး၏။ သိသိုသူများအတွက်၊ဗဟုသုတစကားရို့မှတ်သားချက်ထည့်လိုက်သည်၊ ၊

ဗေဒဂ္ဂအကာရကိယစကား၌၊မှာထားဆုံးဖြတ်ချက်ပြီး၏၊

နာဂေါဝါဒနိဿယအခန်းကြီးပြီးပြီ၊

# သီမဗောဓကဏ္ဍ။

ကံကြီးကံငယ်၊ခေါင်ရှက်ဘွယ်ဟု၊အသွယ်သွယ်သိမ်အပြားကို၊
မကျဉ်းမကျယ်ရေးသား၍-ထင်ရှားအောင်ပြဆိုခဲ့အံ့၊

ဖယတု၊ ၊ဗုဒ္ဓမြတ်စွာ-သာသနာ၌၊သံဃာတော်များ၊ တပည့်သားတို့၊ အကြောင်းအားလျော်စွာ၊ပေါင်းရကာဆုံစည်း၍၊ကံကြီးကံငယ်၊ ရှက်ခေါင်ဘွယ်ဟု၊ရည်ရွယ်ပိုင်းခြားလျက်။ဘုရားသဗ္ဗညု၊ခွင့်ပြုတော်မူအပ်သောအရပ်ဌာနကို၊ {သိမ်}ဟူ၍ခေါ်ဆိုသည်၊ ၊

ထိုသိမ်သည် ဗဒ္ဓသိမ်၊အဗဒ္ဓသိမ်ဟူ၍၊မှတ်ယူရှင်းလင်းအောင်။ အကျဉ်းချုပ်စကား ဓာတ်ဘေဒ အားဖြင့်၊ (၂) ပါးအပြားရှိ၏၊ ၊ထိုနှစ်ပါးတို့တွင်၊ ရဟန်းသံဃာတို့၊ဥတ်ကမ္မဝါစာ ရွတ်ဘာသ်၍ ဖွဲ့သမုတ်အပ်သော သိမ်သည်၊ ဗဒ္ဓသိမ်မည်၏၊ဥတ်ကမ္မဝါ၊ ဘတ်ဘွယ်ရာမရှိ၊ ပကတိခြားပိုင်းလျက်၊ တည်မြဲတိုင်းသောဌာနသည်၊ အဗဒ္ဓသိမ်မည်၏၊ ထို ၂ မျိုးတို့တွင်လည်း၊ဗဒ္ဓသိမ်သည်၊ခဏ္ဍသိမ်ဟူ မဟာသိမ်၍၊အလွယ်တကူ၊ရွယ်ခြုံမှတ်သားဘို့၊ သဘောတူပေါင်းသောအားဖြင့်၊ ၂ ပါးရှိပြန်၏၊ ၊ထိုတွင်၊ကျောင်းတိုက်၏တစိတ်တဒေသ၊ဌာနကွက်ရပ်ကို ပိုင်းဖြတ်၍ဖြစ်စေ၊ ရွာဟူသောပကတိဂါမ၊ နယ်ဌာနနိမိတ်၏တစိတ်တဒေသ၊ ဌာနကွက်ရပ်ကို၊ ပိုင်းဖြတ်၍ဖြစ်စေ၊ သတ်မှတ်ပြုလုပ်၊ ဖွဲ့သမုတ်အပ်သော သိမ်သည်၊ ခဏ္ဍသိမ်မည်၏။ ၊ကျောင်းတိုက်တခုလုံး၊ဂါမခေတ်ဟူသော ရွာနယ်တဝှန်းလုံးမှစ၍၊ အကြီးဆုံးမူ၊ ၃ ယူဇနာတိုင်အောင်။ကျယ်ဝန်းစွာပြုလုပ်၍၊ဖွဲ့သမုတ်အပ်သောသိမ်သည်၊ မဟာသိမ်မည်၏၊ ၊ထို ၂ ရပ်ဝယ်၊ အငယ်ဆုံးသော ခဏ္ဍသိမ်မှာ၊ ၂၁ ယောက်၊ နေထိုင်လောက်၏၊ ထိုအောက်ငယ်မူ၊ သိမ်ဟူ၍ မခေါ်ရ၊ ဗဒ္ဓသိမ်အဖြစ်သို့ မရောက်၊အကြီးဆုံးသောမဟာသိမ်မှာလည်း၊ ၃ ယူဇနာထက်၊ ပိုလွန်တက်၍ သာ်သက်မကြီးစေရ၊ဆံပင်တခုလောက်စာမျှ၊ပိုလွန်၍ကြီးခဲ့သော်သိမ်ဟူ၍ မခေါ်ရ၊ ဗဒ္ဓသိမ် မဟုတ်တော့ပြီ၊ ။ဤအရာဝယ်၊ {သိမ်ဟူ၍မခေါ်ရ} ဟု၊ ပေါ်ပြခဲ့သော စကား ၂ ချက်၌၊ သာသနာတော်ဘက်ဆိုင်ရာ ဝိနည်းတော်အလာမှာသာ၊သိမ်ဟူ၍-မခေါ်ရကြောင်းကို၊ ကောင်းမွန်စွာသိလေ၊

ဗဒ္ဓသိမ်စကား၌၊အကျဉ်းမှတ်သားရန်ပြီး၏၊

---

အဗဒ္ဓသိမ်သည်လည်း၊ဂါမသိမ်၊သတ္တဗ္ဘန္တရသိမ်၊ ဥဒကုက္ခေပသိမ်ဟူ၍၊ သင်္ချေမှတ်သားဘို့၊ (၃)ပါးအပြားရှိ၏၊ ၊ထိုတွင်၊ ဥတ်ကမ္မဝါစာဖြင့်၊

မသမုတ်၍၊ ဗဒ္ဓသိမ်ပြုလုပ်ဖွဲ့ထားခြင်းမရှိ၊ ပကတိသော ကျေးရွာဟု၊ ခေါ်ပြု မှတ်သားသော နယ်နိမိတ် အပိုင်းအခြားသည်၊ တပါးသော ရွာနယ်နှင့်၊ မရော မယှက်၊သက်သက်တည်ရှိ၍၊ပကတိသောဂါမသိမ်မည်၏။ ။ရှင်းပြင်၊ ပါဠိ တော်တွင်၊နိဂမသိမ်ဟု-အသီးအခြား- ဟောကြားတော်မူသေး၏၊ ရှင်းနိဂမ သိမ်မှာ၊၎င်းဂါမသိမ်နှင့် အကြီးအငယ်မျှသာလောက်သာ ကွဲခြား၏၊ ၎င်းမှတပါး၊ ထူးခြားချက်မရှိ၍၊၎င်း၌မထည့်ဟု၊ အမှတ်ပြုလေ၊ ။ကစ်္စါအဋ္ဌကထာ၌လည်း၊ မပါပေ၊ ။

ယခုပြခဲ့သောဂါမသိမ်၌၊ဂါမခေတ်၊ဂါမနယ်၊ သိသာဘွယ် အပိုင်းအခြား ကို၊ရွာစားရွာအုပ်တို့၊ အခွန်အတုတ်ရရာအားဖြင့်သာ၊မှတ်သားအပ်၏၊ အတိ ခမ္ဗာဝေါဟာရကဲ့သို့၊တံခါးခုံတည်ရှိရာဌာနဖြင့်- မမှတ်အပ်၊ ဝိနယဝေါဟာရ- အိန္ဒခီလ်သိက္ခာပုဒ်၌ ပြသကဲ့သို့၊ အရပ် အရပ်ထိုက်ရာဌာနဖြင့်လည်း မမှတ် အပ်၊ သုတ္တန်ဝေါဟာရ၊အာရညက-အင်္ဂါကဲ့သို့၊ ကုလလေ့တာ-ပြန်ငါးရာ ဌာနဖြင့်လည်း မမှတ်အပ်၊ အငယ်ဆုံးသော ခဏ္ဍသိမ်ကဲ့သို့၊ ၂၁ ယောက်- စည်းဝေးလောက်သောဌာနဖြင့်လည်းမမှတ်အပ်၊အကြီးဆုံးသော မဟာသိမ် ကဲ့သို့၊ ၃-ယူဇနာဌာနဖြင့်လည်း မမှတ်အပ်၊ အကြီးအငယ်ပမာဏ- မည်၍ မည်မျှဟု၊အတည်တကျကန့်ပိုင်းခြား၍၊ မမှတ်သားနိုင်ဟုဆိုလိုသည်၊ထို့ ကြောင့်၊အဋ္ဌကထာ၌ ရာသည်၊ ။ယတ္တကပဒေသေ တသ္မိံဂါမေ ဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါဝါ ဟောတု မဟန္တော ဝါ ဂါမသီမာတွေဝ သင်္ခ္ယံ ဂစ္ဆတိ၊ ။ဟုမိန့်၏၊ ။မဟာဝါအဋ္ဌကထာ-ဥပေါ သထက္ခန္ဓက၊စာအုပ်မျက်နှာနံပါတ် (၂၇၉)၊ ။အနက်ကား၊ ။ယတ္တကေ ပဒေ သေ၊ပိုင်းခြားသတ်မှတ်၊အကြင်ရွာမြေအရပ်၌၊ တသ္မိံ ဂါမေ၊ ထိုထို ရွာ၏၊ဘောဇကာ၊ရွာစားသမုတ်-သူကြီးရွာအုပ်တို့သည်၊ဗလိံ၊အခွန်အတုတ် ကို၊လဘန္တိ၊ရကုန်၏၊သော ပဒေသော၊ ထိုရွာမြေအရပ်သည်၊ အပ္ပေါ ဝါ၊ ကျဉ်းသည်မူလည်း ဟောတု၊ ဖြစ်စေ၊ မဟန္တော ဝါ၊ ကျယ်ဝန်းသည်မူလည်း ဟောတု၊ဖြစ်စေ၊ ဂါမသီမာ တွေဝ၊ ဂါမသိမ်ဟူ၍ သာလျှင်၊ သင်္ခ္ယံ၊ရေတွက် ခြင်းသို့၊ ဂစ္ဆတိ၊ရောက်၏၊ ။

ရွာဟုတ်သော-တောအုပ်ကြီးအတွင်း၌ ရောက်ဆိုက်သည့် အခါဝယ် ကံကြီးကံငယ်ဆောင်ရွက်လိုက၊ထိုထိုအဝဝ၊ရပ်သမူ့ရဟန်းတို့၏တည်ရှိရာ ဌာနမှ၊၇-အဗ္ဘန္တရရှိသောအရပ်၊ထုတ်ချင်းခတ်အကွာအဝေးမှ ။၁၄-အဗ္ဘန္တရ- ရောက်ပြည့်ရာဌာနသည်၊သတ္တဗ္ဘန္တရသိမ်မည်၏၊ ။အဗ္ဘန္တရံနာမ ဟတ္ထာနံ၊ မဇ္ဈိမသပမာဏေတာ၊ ။ဟုပြအပ်သော အတိုခါန်နှင့် ညီရွာ၊ ၂၈တောင်

ပမာဏသည်၊တဘက္ကရမည်သာကြောင့်၊ ဤ၇—ဘက္ကရဋ္ဌာနကို၊ အထောင်
ဖြင့်ဖွဲ့ပြသော (၁၉၆) တောင်ဟုသိလေ၊ ၊ငင်းတောအုပ်ကြီး အတွင်း၊အ
ပြိုင်ခင်း၍၊ ၂သင်း၂ဌာန၊သံဃာကံဆောင်ရွက်လိုကြပြန်သော်၊ထိုသတ္တဗ္ဘန္တရ
သိမ် ၂လုံးတို့၏အလယ်ရပ်တွင်။နယ်မှတ်ပိုင်းခြားဘို့၊ တဘက္ကရအမှန်၊ မှတ်
သား၍၊ဥပစာအဖြစ်ဖြင့်၊ ချန်လှပ် ထားအပ်၏၊ ၊အဂါမကေစေ ဘိက္ခဝေ
အရညေသမန္တာသတ္တဗ္ဘန္တရာအယံတတ္ထသမာနသံဝါသာ ဧကူပေါသထာ၊
မဟာဝါဥပေါသထခန္ဓကပါဠိတော်၊ စာအုပ် မျက်နှာနံပါတ် (၁၂၄)။ ။
သမန္တာသတ္တဗ္ဘန္တရာတိတတ္ထဧကံအဗ္ဘန္တရံအဋ္ဌဝီသတိဟတ္ထပမာဏံဟော
တိ၊ မဇ္ဈေဋ္ဌိတဿသမန္တာသတ္တဗ္ဘန္တရာဝိနိဗ္ဗေဓေနစုဒ္ဒသဟောန္တိ၊ သစေဒွေ
သံဃာဝိသုံဝိသုံဝိနယကမ္မာနိကရောန္တိ၊ ဒွိန္နံသတ္တဗ္ဘန္တရာနံ အန္တရေအညံ
ဧကံအဗ္ဘန္တရံဥပစာရတ္ထာယဌပေတဗ္ဗံ၊ ၊ငင်းအဋ္ဌကထာ-ငင်းနံပါတ်၊ ။
(၂၇၆)၊ ၊

နဒီ,သမုဒ္ဒ,ဇာတဿရ,ဟုဆိုအပ်သော၊အလိုလိုဖြစ်သည့်၊ မြစ်,သမုဒ္ဒရာ,
ထုံးအိုင်ခေါ်-လူးပလုပ်တို့၏အတွင်း၌၊ ကံဆောင်ခိုက်ရဟန်းတို့၏၊ တဝိုက်
တဝန်းအစွန်အဖျားမှ ခွန်အားဗလ၊မကြီးမငယ်၊ အလတ် အလတ် လျောက်
ပတ်သူ၏၊ အားလျင်လျ ပစ်လွှဲ၍၊ ရေသဲ ကျလာက်ရာ ဌာနသည်၊ ဥဒ
ကုက္ခေပ သိမ်မည်၏၊ ၊မြစ်ကြီး တစင်လုံး၊ သမုဒ္ဒရာကြီး တဟုန်းလုံး၊
ဇာတဿရအိုင်ကြီးတခုလုံးသည်၊သိမ်မဟုတ်၊ ၊ထို့ကြောင့် ငင်းမဟာဝါ
ပါဠိတော်၌၊ ၊သဗ္ဗာဘိက္ခဝေနဒီအသိမာသဗ္ဗောသမုဒ္ဒေါ အသိမာသဗ္ဗော
ဇာတဿရောအ,သိမော၊ နဒိယာဝါဘိက္ခဝေ သမုဒ္ဒေဝါဇာတဿရေဝါယံ
မဇ္ဈိမဿပုရိသဿသမန္တာဥဒကုက္ခေပါ အယံတတ္ထသမာနသံဝါသာ ဧကူ
ပေါသထာ၊ ၊ဟု။ဟောတော်မူသည်၊ ၊

ဤ(၃)ဋ္ဌာနတို့၌၊အဘယ့်ကြောင့်၊ ဥဒကုက္ခေပအပိုင်းအခြားဖြင့်၊ မှတ်သား
ရပါသနည်းဟုနှု။မည်သူမည်၊ ထိုမြစ်,သမုဒ္ဒရာအိုင်တွင်း၌၊ သက်ဆင်းသွား
လာခြင်းမကောင်းနိုင်ရကား၊ အခြားသောရဟန်းတို့၊ ကူးသန်း သွားလာခိုက်၊
ကြုံကြိုက်က၊ဝဂ္ဂကမ္မဖြစ်ရတော့မည်အတွက်၊ ဆောင်ရွက်သောကံ၊ အောင်
မြင်ရန်မပြီးစီး၍၊အချည်းနှီးဖြစ်ရာ၏၊သို့ဖြစ်၍၊ ငင်းမြစ်-သမုဒ္ဒရာ ဇာတဿရ၊
၃-ဌာနတို့၌၊ ဥဒကုက္ခေပ အမှတ်အသားဖြင့်၊ ကံဆောင်သော ရဟန်းများ၊
အပိုင်းအခြားသဘောစိတ်မနေသဲမှာ၊စွဲမှတ်ရာ၏၊ဟု၊ဝိမတိဋီကာ၌လာ၏၊ ။
ဝဂ္ဂကမ္မပရိဟာရတ္ထံသီမာသင်္ကာယသတိဥဒကုက္ခေပသတ္တဗ္ဘန္တရသီမာ
ဥပဋ္ဌနံနာသတိတိဒဋ္ဌဗ္ဗံ၊ ၊ဝိ,တီပါဌ်၊ ၊

ထိုမြစ်,သမုဒ္ဒရာ,ဇာတဿရတို့ကို၊ ရေသိမ်ဟု၊ခေါ်ဆိုကြသည်မှာ၊ ဥဒကုက္ခေပသိမ်၏၊အမည်သညာကို၊ ထိုမြစ်,သမုဒ္ဒရာ, ဇာတဿရ အိုင်များ၌၊ တင်စားလျက်ပြောသောကြောင့်၊ သမုဒ္ဒေါမယာဒိဋ္ဌေသနှင့်၊ သဘောသင့်အနေတူစွာထားလျက်၊ ဧကဒေသူပစာစကားဟု၊ မှတ်သားလေ၊ ။ဂင်း၃-ဌာနတို့မှာ၊ပရိသတ်အစွန်အဖျားမှ၊တိုင်းတာပိုင်းခြားရသောကြောင့်၊ ပရိသတ်ပွါးသမျှ-ဥဒကုက္ခေပသိမ်သွားသည်ဟူ၍လည်း၊မှတ်လေ၊ ။

ဤဥဒကုက္ခေပသိမ်မှာ၊အချို့သောထေရ်ဆရာတို့သည်၊ အမေးလျှင်မှာသည့်အတိုင်း ပုံခိုင်းသော ရှေးစကားကဲ့သို့၊ ရေထည့်သေဖလား၊ သဲထည့်သောခွက်တို့မှ၊ပျံ့ပက်ရန်-ရေနှင့်သဲတို့ကို၊ထုတ်ငင်ယူဆွဲ၍၊အဟုတ်ပင် ပစ်ကြသည်များကို၊ ကြားရဘူး၏၊ ကိုယ်တိုင်သည်း တွေ့မြင်ရဘူး၏၊ ဆန်းထူးသောဝါဒတရပ်ဟု၊သီးအခြားမှတ်ပြီးလျှင်။ လျောက်ပတ်ခြင်းရှိ၊ မရှိကိုသာ၊ သတိသမ္ပဇဉ်၊ ဉာဏ်နှင့်ယှဉ်၍၊ ဆင်ခြင်သောမူကြ စေလိုပါကြောင်း။ ။ ဂင်းနေရာ၌၊ဝိသုဒ္ဓါရုံမှဆရာတော်ဘုရားမှာထားမိန့်ဆိုတ်ဟန်မှာ၊ မြစ်,သမုဒ္ဒရာ,ဇာတဿရ,တို့၌၊တကယ်ပင်ရေတကျ သဲတကျပစ်မှ၊ဥဒကုက္ခေပသိမ်ဖြစ်သည်ဟူ၍မမှတ်အပ်၊သတ္တအဗ္ဘန္တရသိမ်၌လည်းတကယ်ပင်သံစသထက်ဝန်းကျင်(၇)အဗ္ဘန္တရတိုင်းတာမှ၊သတ္တအဗ္ဘန္တရသိမ်ဖြစ်သည်ဟုမမှတ်အပ်၊ အရန်မရှိရာ၌၊တကယ်ပင်ခဲဘကျပစ်မှ-ဂါမ၊ဝိတာရ၊ခဲနှစ်ကျပစ်မှ ဂါမူပစာ-ဝိဟာရူပစာဖြစ်သည်ဟူ၍၊ မမှတ်အပ်ဟု။ ဆုံးဖြတ်ချက်ရေးသား၍၊ မှာထားတော်မူခဲ့ပေသတည်း၊ ။

အဗဒ္ဓသိမ်စကား၌၊အကျဉ်းမှတ်သားရန်ပြီး၏။

---

{အဋ္ဌကထာ၌၊ပြအပ်သောဝိသုံဂါမသိမ်အကြောင်း။}

ပြဆိုခဲ့ပြီးသောပကတိဂါမနယ်ကြီးမှ၊ ဌာနတသွယ်အသီး ရနိုင်အောင်၊ ရေမြေပိုင်အစိုးရမင်းတို့ထံ၊တဦးတယောက်က တောင်းခံ၍၊ဂရန်ပတ္တာ၊ရရှိရာဌာနသည်၊ဝိသုံဂါမည်၏၊မြန်မာဟောရမှာ၊ရှေးက၅ကြူး ပကတိဂါမကြီးထဲမှ၊ တဌာနအသီးခွဲ၍ပေးသော၊ ဂါမကလေးဟုဆိုလိုသည်။ ။ယမ္ပိဧကသ္မိံယေဝဂါမက္ခေတ္တေ၊ ဧကံဒေသံ အယံဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတွာရာဇာကဿစိ၊ သောဝိသုံဂါမော ဟောတိယေဝ၊ ။မဟာဝါဉပေါသထခန္ဓက အဋ္ဌကထာပါဠိ၊ ။

မြေအမိန့်ပေးပုံဝိသုံဂါမစကားမျိုး၌၊ မင်းစိုးရာဇာတို့သဘောသည်၊ ပြောနေကြဆိုနေကြ၊ မိမိတို့သက်ဘ-ဝေါဟာရပညတ်ဖြင့်၊ နှင်းအပ် ပေးကမ်းလေ့ရှိကြ၏၊ သို့ဖြစ်ခြင်းကြောင့်၊ အင်္ဂလိပ်မင်းတို့ဘာသာအားဖြင့်၊ ဂရန်၊ မဆရမန့်၊ ဟိန္ဒူအရှိသောဇာမ္ဗူယစကားဖြင့်ပဋ္ဋာ၊ အဌကထာစကား၊ မှာကြားလှစ်ဖော်၊ မိန့်ခွန်းတော်ရှိပုံမှာ-ဝိသုံဂါမ၊ မြန်မာတို့ဝေါဟာရမှာ ရွာသီး၊ အနည်းနည်းခေါ်မှုကြောင့်၊ ယာဂုနှင့်ထမင်း၊ ဘဲနှင့်လေးပြား၊ ကျေးသားနှင့်ကြက်တူရွေး၊ ကလေးနှင့်သူငယ်၊ ၂ စလယ်နှင့်တခွက်၊ အနက်နှင့်အမဲ၊ အမွဲနှင့်ကချလာ၊ အပွာနှင့်ဟိုဒင်း၊ ဆိုသွင်းပြပမာပုံကဲ့သို့၊ ဝိသုံဂါမနှင့်ဂရန်ပဋ္ဋာဟု၊ တူညီစွာစကားဖြင့်၊ မှတ်သားသင့်လှပေကြောင်း၊

{ ၄င်းစကားကို၊ သံပေါက်ရေးသား၍၊ အကျဉ်းမှာထားဦးအံ့၊ }

(၁) ဝိသုံဂါမ မာဂဓ၊ ပါဠိမိန့်ခွန်းတော်၊
(၂) မြန်မာပြန်မှီး၊ ရွာအသီး၊ အပြီးမှတ်တို့လျော်၊
(၃) ထိုင်းအင်္ဂလန်၊ သူ့ထုံးစံ၊ ဂရန်ဟူ၍ခေါ်၊
(၄) ဇာမ္ဗူသမှာ၊ ထိုသညာ၊ ပဋ္ဋာဆိုပြန်သော်၊
(၅) ထမင်း ယာဂု၊ ပမာပြု၊ ပုံရှုရောမျှော်၊

ထိုဝိသုံဂါမ နေရာသည်၊ အမိန့်စာရသည်နှင့်တပြိုင်နက် တချက်ထည်း၊ သိမ်အဖြစ်ပြီးစီး၍၊ ကံကြီး-ကံငယ်အပေါင်း-ရွက်ဆောင်ကောင်းသောကြောင့်၊ စွင်းဝိသုံဂါမဟူသည်၊ အဗဒ္ဓသိမ်မည်၏၊ ၊ ထိုဝိသုံဂါမအဗဒ္ဓသိမ်ပေါ်မှာ၊ ဥတ်ဘမ္ဘဝါသာရွက်ဘတ်၍ ဗဒ္ဓသိမ်သမုတ်ပြန်လျှင်၊ ယခင်က-အဗဒ္ဓသိမ် နာမည်ပျောက်၍၊ ဗဒ္ဓသိမ်အဖြစ်သို့ရောက်ပြန်၏၊ ၊ သိမ်ဟောင်းပေါ်၌၊ သိမ်သစ်ထပ်၍မသမုတ်အပ်၊ ဟူသောစကားတော်ကား၊ ဗဒ္ဓသိမ်ပေါ်မှာသာ၊ ဗဒ္ဓသိမ်တဆင့်ထပ်၍ မသမုတ်အပ်ဟု မှတ်ရမည်၊ အဗဒ္ဓသိမ်ပေါ်မှာ-ဗဒ္ဓသိမ်ဖြစ်အောင် သမုတ်သည်ကိုပြဆိုသည်မဟုတ်၊ ၊

အမိန့်စာရှိသော ဝိသုံဂါမ-မြေဌာန၌၊ သံဃာကံကြီး-ကံငယ် အသွယ်သွယ်ဆောင်ရွက်ကောင်းလျှင်၊ ၎င်းဝိသုံဂါမ အဗဒ္ဓသိမ်ဝယ်၊ အဘယ် အကြောင်းကြောင့် သံဃာတော်အပေါင်းတို့ အညောင်းအညာ ရတို့ရန် ဒုက္ခခံပြီးလျှင်၊ ကြိမ်ဖန်ထပ်ထပ် ဥတ်ကမ္ဘဝါစာရွတ်ဘတ်၍၊ ဗဒ္ဓသိမ်ဖြစ်တို့ရန် စိမံအားထုတ် ဖွဲ့သမုတ်ကြရပြန်ပါသနည်းဟူမူ၊ အဗဒ္ဓသိမ်မှာ၊ မြတ်စွာဘုရားစက်အာဏာ ဥတ်ကမ္ဘဝါစာတို့ မပါသေးခြင်းကြောင့်၊ အမိန့်ပေးသော မင်း

လက်ဆက်၊တဆက်တသန္တာန်သာ-တည်နိုင်ရာသည်၊နောင်လာမည့် ဘုရင်လက်ထက်မှာ၊ ( Act, ) အက်ဥပဒေ ခေါ်သော နည်းသစ်မျိုးဖြင့်၊ ဝိုးဝိုးအုပ်ချုပ်မည်။ဤအခါကာသ၌ ရှေးရှေးက-ရဇာတို့ ပေးပေးသမျှ အာဏာသည်၊အရေးင်အ‌ေ၀ါ-ဩဇာတိမ်မြုပ်၊ အရှိန်ယုတ်သဖြင့် သိမ်မဟုတ်တော့ပြီ၊ ဗုဒ္ဓအာဏာ-ဥတ်ကမ္ဗ၀ါဖြင့် သံဃာတော် အရှင်မြတ်တို့၊ ရွှာဘာတ်၍သမုတ်ရသော၊ ဗဒ္ဓသိမ်ကား။ ရှည်လျားကြာ သော်သည်း၊ ယွင်းမပျက်-စည်ကားစွာ လင်းလက်၍ မင်းတဆက်-နှစ်ဆက်မျှမက၊ ပထဝီသခ-မင်းပေါင်း၊ထောင်သောင်းများစွာ-ပြောင်းလဲ၍လားသော်လည်း၊ မြတ်စွာဗုဒ္ဓ-ခွန်းဖြိုက်ဘာသော အတုသအာဏာပက်ကြီးသည်၊ မပျက်စီးနိုင်၊ ကြီးခိုင်လှစွာသော မြတ်စွာဘုရားအာဏာ၊ဥတ်ကမ္ဗဝါစာ-ဓမ္မက်ကြီးကို၊ဖျက်ဆီးဖြိုခွင်းယိုယွှင်းပျက်ပြားအောင်ပြုနိုင်သူ နတ်,လူ,ဗြဟ္မာ,၊ ဘုံသုံးရွာဝယ် ဘယ်သတ္တဝါ တဦးတယောက်မှ၊ထွန်းပေါက်ပေါ်ထွက်လာနိုင်ရာမရှိ၊ ချုံနှံ့စွာကျော်ဘိ၍၊သာသနာတော် ငါးထောင်ပြည့်အောင်၊ ထွန်းပြောင်၍ တည်လိမ့်မည်။သို့ဖြစ်သည့်ကြောင့်-အရှည်သဖြင့်၊ဌာနမြဲက်တည်လင့်အောင် ရည်ချင့်ချိန်မျှော်၍၊အဗဒ္ဓသိမ်ပေါ်မှာ ဥတ်ကမ္ဗဝါစ-ရွတ်ဘတ်လျက်၊ဗဒ္ဓသိမ်ထင်မံ၍ သမုတ်ရပြန်သည်ဟူပေ၊ ။

ဤအရာမှာနဲ၌၊ဝိသုံဂါမဖြစ်-မဖြစ်ဆုံးစစ်ရွေးချယ်၍ မကျယ်မကျဉ်းတည့်သွင်းလျက်၊ကိသင်းအောင် သုတ်လိုက်အံ့၊

ယခုကာလ-ဤဝိသုံဂါ၊အရာ၌နေ၍၊ပုဇ္ဇာဝရိုသ-အချို့တို့သည်၊ အင်္ဂလိပ်မင်းတို့ပေးနေကြ၊ဆိုခဲ့ပြီး-ဝိသုံဂါမ၌ ဗိုဟ်မကောင်း-သံသယမရှင်းဘဲ ရှိတော်မူတတ်ကြ၏၊ ။ဗိုဟ်သံသယရှိတော်မူကြဟန်မှာ၊ ။( )အမိန့်လွှာပုံစံ၌-ဂရန်,ဟူသောအင်္ဂလိပ်ဝေါဟာရသာပါ၍၊ မြန်မာပုဂ္ဂိုလ်-ရှေးအနေ့ဦးက ပေးနေကြအမိန့်ပုံစံကဲ့သို့ ဝိသုံဂါမဟူသော ဝေါဟာရ-မပါသည်သာ မပါခြင်း တရပ်၊ ။( ၂) သိမ်သမုတ်တို့ရာ အမိန့်ခံပါသည်ဟု၊ သာသနာတော်နှင့် ပတ်သက်ပါလျှင် သိမ်တွင်သာကော၊ ဂရန်မြေ မှာနဝက်-ဘုရားတည် ကျောင်းဆောက်-လိုသလောက်ပြုနိုင်သည်ဟု မဆည်ကျ သာမာ‌ေဏာ စကားမရှိ၊ အများနှင့် သက်ဆိုင်ခြင်းတချက်၊ ။( )ဂရန်ဂရန်မြေပေါ်တွင်၊ သာသနာတော်နှင့် ပတ်သက်သောဘုံသိမ်မှ-မပြုရလုပ်ဘဲ တခြားမှာ သုံးစွဲပြန်လျှင်လည်း၊ပေးပြီးသားမြေရန်ကို ပြန်သည်ယုတ်သိမ်းမည်ဟူသော စကားတရပ်၊ ။ဤ(၃)ရပ်ကို ကြေနပ်တော်မူကြ၍ ရှေးကရှိသော-ပကတိဂါမဝယ်၊ နယ်စေင့်ထား၍ သမုတ်လေ့ရှိတော်မူကြ၏၊

## ယင်းဝါဒသုံးရပ်ကို၊ကြေနပ်တော်မူအောင်၊သဘာဝယုတ္တိထုတ်ဖော်ည့် ခင်းကြင်း၍ ရှင်းလင်းပြဆိုအံ့။

ထို ၃-ရပ်အနက်၊(၁)အချက်ကို နှစ်သက်စွာသဘောကျအောင် ပြောပြ ရှင်းလင်းသော်၊အင်္ဂလိပ်မင်းတို့ထုံးစံမှာ-မြန်မာမင်းများလိုမဟုတ်၍၊ ဝိသုဂ မပုဒ်ကို မသုံးစွဲ၊ ၎င်းနှင့်သဘောမကွဲ-မလွဲအမှန် ဂရန်ဟူသော ငါမိတ်ဒ်စကား ဖြင့်ရေးသား၍ ပေးလေ့ရှိကြသည်။ သို့ဖြစ်၍ ရှေးကပြဆိုခဲ့ပြီးသော အတိုင်း၊ ချင့်ချိန်စကြည့်သျှင်၊ ပါဠိမဂဓမှာ-ဝိသုံဂါမ၊ မြန်မာလိုဆိုက-ရွာသီး၊ အင်္ဂ လိပ်နည်းမှာဂရန်၊ ဇာတ္တိယလိုပြန်လျှင်၊ ပတ္တာ၊ဝေါဟာအမည်၊ ၎င်းနည်းဖြာစီ သော်၊ ဇာမဏီ-ပြင်သစ်-ဇာဂျစ်-အမေရိကံ-သို့စသည်ဖိုးစံက၊ ဂရန့်ဟူသော အင်္ဂလန်နမူကိုပင် မယူလိုပစ်ပယ်၍ သူတို့၏ပရိယာယ်ဖြင့်။ အသွယ်သွယ် ပြောင်းပို့ရန်မှာ၊ အမှန်ပင်ဖြစ်ချေသည်၊ နာမည်ထောင်သောင်း-ဘယ်လိုပင် ရွေ့၍ပြောင်းသော်သည်း၊၎င်းဝိသုံဂါမဟူသော-အဋ္ဌကသာပြပကား ၎င်းနှင့် အာဘော်ချင်းမကွဲလျှင်၊ တထပ်ထဲယူကြဘို့-တူအမျှမလွဲဟု ဖွဲ့မြဲတော်မူကြ ပါပေသောဝ်၊ ၎င်းအချဋ္ဌာနဋ္ဌ၊တိပိဋကဓရ-သင်္ကြာ ကာမ ပါ ၃ ဦတရော်။ ကြေညာကျော်ပါသော-ဝိသုဋ္ဌါရုံ ဆရာတော်ဘုရားကြီးနှင့် ယယံတံ မ ရ တော် ဘုရားကြီးတို့သည်၊ ကျမ်းဂန်ဝပ္ပကို-မကွာဖွဲ့လျက်၊ ရွာသီးဆိုသော မြန်မာဝေါဟာရနှင့်၊ ဂရန့်ပတ္တာဟူသောအင်္ဂလိပ်စကား၊ ဇာတ္တိယစကားများ သည်၊ ဘုရားဟောတော်မူအပ်သော-ဝိသုံဂါမသဒ္ဒါနှင့်၊ ဝေါဟာရသညာသာ ထူးခြား၍၊ သဘောသွားမူ-အတူတူဖြစ်ကြောင်းကို၊ မိန့်ဆိုဆုံးဖြတ်တော်မူ ကြပြီးဖြစ်သတည်း။

၎င်းသို့သောသဘောအသာတွင်၊စောဒနာဝင်ဘို့ရာန်မိတ်၊အရိပ်အမြောင်ရှိ ပြန်သည်မှာ၊အင်္ဂလိပ်စာတတ်သူ တဦးတယောက်က၊ အင်္ဂလိပ်အဘိဓာန်ကို စံထောက်၍ ကန့်ကျောက်ပြောလိုဟန်မှာ၊ ထိုဂရန်ဟူသော အင်္ဂလိပ်စကား အရသည်၊လားလားမျှ-ရွာနှင့်မသက်ဆိုင်၍၊ ရွာသီးဖြစ်နိုင်ဘို့မရှိ(Vill age ) ဗွီလ်ဂျ်ဟူသော အင်္ဂလိပ်စကားကိုသာ၊ ရွာဟူ၍ မြန်မာပြန်ဆိုနိုင်ပါသည်၊ ဟု-မိရှ်နာ၍ ခေါ် အဘိဓာန်အလာကို၊ စံပမာထောက်ထားလျက် အကယ်၍ ဆိုငြားအံ့၊ထိုမြန်မာပြန်စကားသည်၊မမှားဧကန်-စင်စစ်မှန်သော်လည်း၊ ဂရန် ဟူသော အင်္ဂလိပ်ဝေါဟာရသည်၊ ရွာဟူသော-ဗွီလ်ဂျ်ဖြစ်နိုင်သည်ဟု အ တည်တကျဖြဖြဘို့ရာ၊ ဥပမာပုံမှီးသော်-ရန်ကုန်မြို့ကြီးတွင်၊ ဆင်လမ်းဟု ခေါ်ပြုံကြသော-ဗားကရာတော၏ ကျောင်းတိုက်၏ အရှေ့ဘက်က-လမ်းကို၊

အင်္ဂလိပ်လို အမှတ်အသားနှင့် (Tiger Alee) တိုက်ဂါးအလီ ဟု၊နာမည် ရေးသား၍ အင်္ဂလိပ်အက္ခရာများနှင့်ဆိုင်းဘုတ်ရေးကပ်ထား၏၊၎င်းစကားကို မြန်မာလိုပြန်ဆိုသော်-ကျားညိုအစ်ကို ဟူ၍သာ ခေါ်ဆိုနိုင်၏၊ အခြားလမ်း များလို (ROAD) ရုဒ် ဟူသော အင်္ဂလိပ်အက္ခရာ မပါခြင်းကြောင့်၊လမ်း ဟူ၍ ခေါ်နိုင်ဘွယ် မရှိသလို ဖြစ်ပြားသော်လည်း။ သိလွယ်ပြီးစကား ရှိပြီး သားမို့-ထင်ရှားဘို့-စကားသိသိလိုပုံဆန်းသော်လည်း၊ ကျားညိုအစ်ကိုထရုံ လမ်းဟု ခေါ်ပြုထိုက်သောပုံပမာကဲ့သို့၊အရာအားလျော်ကန်အောင်၊ ဂရန်ဟူ သောမည်သညာနာမ အင်္ဂလိပ်ဝေါဟာရသည်၊ ဤနေရာ၌ာနှ၌၊ ရွာအသိးဖြစ် ထိုက်ပါသကည်း၊ ၊၎င်းနည်းမချို့-ပဲခူးမြို့တောင်ဘက်အနီးတွင်၊ ရေတံခါး ကြီး—ယာဝရကာသော၊တာ်ဝ,ရွာဟု ရှိ၏၊၎င်းတာဝ၌ အစိုးရစာပို့တိုက်ကို (TAWALOCK) ဟူ၍၊ရေးထားသည့်အရာ၊ မြန်မာလိုပြန်ဆိုက တာဝ ရေတံခါးဟူ၍သာဖြစ်နိုင်၏၊ အခြားစာတိုက်များလို ( POST ) ဟူသော အင်္ဂလိပ် အက္ခရာမပါခြင်းကြောင့်-စာတိုက်ဟူ၍ ဖြစ်နိုင်ဘွယ်မရှိသလို ဖြစ် ပြားသော်လည်း၊ သိပြီးသားစကား ထင်ရှားပြီးအမည်မို့ ( POST ) ဟု— နာမတခုတွ စကား-ဖြာမပိုက်သော်လည်း၊တာဝရေတံခါးစာတိုက်ဟု စွဲမိုက် မှတ်သားလျှက်ရှိကြလေသတည်း၊ ။သို့ဖြစ်၍-ဗွိုလ်ကို-မပါသော်လည်း၊၎င်း နည်းမကွာစေ၍-ရွာဖြစ်နိုင်ကြောင်း ကောင်းကောင်းကြီးသိသာဘွယ်။

(၁) အချက်စကား၌-ဘုရားတည်လိုတည်၊ကျောင်းဆောက်လိုဆောက်၊ ဆိမ်သမုတ်လိုသမုတ်၊ ကုသိုလ်ရေးအလုပ်ကို အားထုတ်ဘို့ရာ၊ သာသနာနှင့် သက်ဆိုင်မှု၊ အပိုင်ယူ၍-လှူဒါန်းစေဟု ခွင့်ပြုပြီးစကားမို့- လျှဉ်းပါးဘို့မရှိ၊ ဝိသုံဂါမ-အပိုင်ရပြီးသားဟု၊ထင်ရှားလှသောအလုပ်မို့၊ {ချက်လိုချက်-ပြုတ် ပြုတ်လိုပြုတ်-ဖုတ်လိုဖုတ်-ကင်လို ကင်-စားချင်သမျှ စားတော်ခေါ်၊ ဆရာ တော်တို့-အချို့ကိုယူလိုသူ၊လှူပါးပ၏-ပေးပါ၏၊ဝမ်းရေးတော်ပြည့်ရုံမျှ ဤဟောမြို့ နိုင်ငံတွင်-စက်အိပ်နားနေ-ကြွနိုင်သွား၍- တရားကိုသာ အား ထုတ်ပါဟု}စေလားရာရေးသားသော၊ ရွှေယုန်မင်း ဇာတ်ရေးကဲ့သို့-မထွေး မမှား အောင်ကြီးစလျှင်၊သချာစွာဟန်ရ၍ ဉာဏ်စွဘွယ်မရှိပါကြောင်း၊

(၂) အချက်ဝယ်၊ အကယ်၍သာသနာတော်နှင့် ပတ်သက်သောအလုပ်၊ သိမ်သမုတ်ခြင်းသည်မပြုက၊ယခုပေးပြီးသားအမိန့်ဂရန်ကို၊ ပြန်လည်ယုတ် သိမ်းရေ၊ဟူသောစကားအထူး၌လည်း၊ရုံးပိုက်ဘို့ဉာဏ်၊ဆင်ချင်မှုန်မှာ၊ အင်္ဂ လန်တိုင်းဘုရား၊ဘိလပ်သားတို့သည်၊စကားအရာ၌၊သူတကာတို့စေဒနာမဝင် နိုင်ဘို့၊ ခံနိုင်လုံခြုံအောင်၊အပြည့်အစုံရေးသား၍၊ပေးကမ်းလေ့ရှိကြ၏၊ ဝိသုံ

ဂါမ-တောင်းခံသူတို့က၊ အကယ်၍အပိုင်ရလာသည့်အခါ၊သာသနာတော်နှင့်
ပတ်သက်သောအမှုကို မပြုလုပ်၊ သိမ်မသမုတ်၊ ဘုရားမတည်၊ ကျောင်းမ
ဆောက်ဘဲ၊ပဲကြီးပဲလွန်း၊ဖူးခရမ်းနှင့်၊ ပြောင်း နှမ်းစပါးစသည်များကို၊ မိုက်
မျိုးသို၍၊မိမိအကျိုးကိုသာပြုပါက၊ သာသနာ့အကျိုး၊ ကုသိုလ်မျိုး အရေးမ
ဟုတ်နည်းကြောင့်၊ပေးထုတ်ပြီးမြေဂရန်ကို၊ပြန်လည်ယုတ်သိမ်းစေဟု၊ လူပွေ
လူရှုပ်၊လူယုတ်လူနောက်၊အကယ်၍ပေါ်ပေါက်သော်၊ အမှုအလျောက်၊အပြစ်
ရောက်၍၊ ဘေးတွေ့ကြရမည်ဖြစ်သောကြောင့်၊ ရာဇတော၀ါ၊ ဘယာလွတ်
ကင်း၊ပြင်မှုရှင်းစေရန်သာ၊သန္နိရှင်းတို့ချည်သန်လျက်၊ဖိမံသောအား၊ကန့်ကွက်
ချက်ထားပေသည်၊ သက်သက်သား အပိုင်မပေးရက်လို့၊ ကန့်ကွက် နည်း
စကားနှင့်၊ဂိုးများသည်မဟုတ်ပေ၊ ။ဥပမာထုတ်ဖွေသော်၊ရွှေငွေဥစ္စာ၊ကုဋေ
ပေါင်းများစွာ၊ ချမ်းသာကြွယ်ဝ၊ ပေါများလှသော မဟာဓနသူဌေးကြီးများ
သည်၊သဒ္ဓါသမျှပေးပြီးသား၊၁-ဝဲ ၂ပြားပိုက်ဆံကို၊ တဖန်ပြန်၍ မတောင်းလို
သကဲ့သို့၊ ထိုဥပမာသဘောဖြင့်နှုံးမြောခွင့်မရှိ။ မြန်မာနိုင်ငံကို-အင်္ဂလိပ်တိုင်း
ဘွားတိလပ်သားတို့-ပိုင်ကားထိန်းချုပ်၊စိုးအုပ်၍လာသည်မှာ၊ဖထက်မြန်မာ
တိုင်းတွင်၊ ၄၇နှစ်၊ အောက်ပိုင်းဖြစ်လျှင် ထိုအလျင်က စိုးပိုင်၍ နေနှင့်ကြ
သောကြောင့်၊ နှစ်ပရိစ္ဆေဒကာလရှည်စွာ အတန်ပင်ကြာခဲ့ပြီ၊ သို့ဖြစ်သည့်အ
ကြောင်းကြောင့် ၎င်းဝိသုံဂါမ ဌာနဇာသိမ်း ပေးခဲ့ပြီး သိမ်အပေါင်းတို့မှာ
လည်း၊ထောင်သောင်းမက ပေါများလှပေမည်၊ မသဒ်မနှစ်သက်သောကြောင့်၊
ဘယ်သိမ်အတွက်မှ အစိုးရက-ကန့်ကွက်၍ ပယ်ဖျက်သိမ်းဟူသည်ဟု၊ ဗိမိ
သားမကြားရသဖြင့်၊ အလွန်ကရာမှ ငင်ကြွယ် လှပေသည်၊ ။လင်္ကာသီလ
ဝန္တ၊ တင်ကျွဥာဏအကျော် လွန်ထင်ပေါ်ပါသော မိုင်းခိုင်းဆရာတော်ဘုရား
ရေးသားဖော်ပြသောဝိသုံဂါမစကား၌လည်း၊ {၁၂၄၈-ခုနှစ်၊မန္တလေးအရေး
ပိုင်၊စံကျောင်းတိုက်သို့လာရောက် မြန်မာမင်းပေးထားသောစံကျောင်းတိုက်၊
ဝိသုံဂါမသိမ်အမိန့်တော်စာကိုပြ၍၊ဤစာအတိုင်း ဘုရင်မ,ထံ အမိန့်စာခံပေး
စေလိုကြောင်းကို၊စံကျောင်းဆရာတော်ဘုရားက အမိန့်တော်ရှိလျှင်၊မန္တလေး
အရေးပိုင်၊ ငွေဘိုက်ဝန်ထောက်တို့ကိုယ်တိုင်၊ ၎င်းစာကို ဘတ်ကြည့်ရှုပြီး
ကာလ၊မြန်မာမင်းတို့ပေးလှူထားသည်ကို ကျွန်ုပ်တို့ဖျက်ဆီးသောဓလေ့ထုံး
စံမရှိ ကျွန်ုပ်တို့ကလည်း မြန်မာမင်း ပေးလှူသည့် အတိုင်းထပ်မံ၍ ပေးပါ၏၊
ကျွန်ုပ်အရေးပိုင်ဖြစ်၍ ကျွန်ုပ်ပေးသည်နှင့်၊ အသျှင်ဘုရင်မ,ပေးခြင်း အထူးမရှိ
ဖြစ်၍ အသျှင်ဘုရင်မ,ထံ- စာခံကွာသ မရှိကြောင်းနှင့်လျှောက်ထားဘူးသည်}
ဟူသောစကားနှင့်လည်းဘသားတည်းညီညွတ်ပါသတည်း၊ ၊

## စိတ်ချခြင်းစိတ်မချခြင်း-၂ပါးထူးခြားပုံ။

ဗုဒ္ဓဘာသာမျိုးမြန်မာတို့မှာ၊ သာသနာတော်ကို အလွန်တရာကြည်ညို၍၊ ကုသိုလ်ပွါးနည်း၊ တရားမှီးလျက်၊ ပစ္စည်း-ဥစ္စာသဗျာခနေ့ကုန်သမျှခံ၍။ သိမ်သမုတ်ဘို့ရန်အလုပ်ကိုကျိုးစားအားထုတ်ပြီးမှဘာမဟုတ်တဲ့အရေး-သားမယားမွေးမြူမှုပြုဘို့ရာစိတ်မစွဲမရဲမဝံ့၊ အသဲတွန့်အောင်၊ ကြောက်ရွံ့စရာအခင်းဟု၊ မြန်မာချင်းချင်းမှာ၊ စိတ်ချကာနှလုံးသွင်းလျက်၊ ယုံကြည်ရင်းနှီးရာ၍၊ ဘာသာတပါး၊ လူမျိုးခြားတို့ကား၊ ထိုကဲ့သို့ဌာနဌ်၊ စိတ်ချလက်ချသဘောမထား။ မြေဘောင်းခံ၍ဂရုန်ရရှိသူများသည်၊ အစဉ်းစားနဲ့သင်၊ အလွဲလွဲပြုလိမ်မည်ဟု၊ အတည်တကျ၊ မည်သူ့ကိုမှ၊ ယုံကြည်စိတ်ချခြင်းမရှိကြပေ၊ သို့ဖြစ်သည်အနေကြောင့်၊ လှစ်ဖွေကြံစီ၊ ဥဘတ်ပလီတို့၊ လောကီရေးရာ၊ အဖြာဖြာ၌၊ အလိုက်သင့်စွာ ကျွမ်းသိမ္မာသဖြင့်၊ သိမ်တကာသိမ်အမ၊ ပြုလိုကြသူတို့က-မည်သည့်ဌာန၊ မည်သည့်မြို့ရွာ၊ မည်သည့်ကျောင်းတိုက်အတွင်းမှာ။ ဧရိယာမည်မျှ၊ ဒေသမည်လောက် ရှိမြေကို၊ သိမ်သမုတ် လိုပါကြောင်းနှင့်၊ တောင်းခံသည့်အခါမှ-ပင်ကျောင်းတိုက်ရှင်ဘုန်းတော်ကြီး၊ ကြေနပ်ပြီးတတန်၊ ခွင့်ပြုရင်းမှန်သော်လည်း၊ သျှင်မြန်စွာ မပေးလိုက်သေး၊ ဆရာတကာရှုပ်ထွေး၍၊ မကြေမဇရှိခဲ့သင်ဟု၊ မျှော်ရှုဆင်ချင်ပြီး၊ ကျောင်းရှင်ဘုန်းတော်ကြီး၊ သို့မဟုတ်၊ တိုက်ရှင်ဆရာတော်ကြီး၊ မှူးကြီး၍နေမှုသော အရေးပိုင်ဥက္ကဋ္ဌတို့၏၊ ဘွဲ့နာမအမည်နှင့်-သဘောတူညီကြောင်း၊ ထပ်လောင်း၍ မရိုမရှိုင်အောင်၊ ကိုယ်တိုင်လက်မှတ်၊ မှိုရေးပရေးသည်၊ ၎င်းလက်မှတ် ပို့အပ်ပေးသွင်းပြီး အခါမှာလည်း၊ အနည်းနည်းမရှုပ်မထွေးရအောင်၊ ၄-၅-ရက်ခန့်၊ ကြော်ငြာစာထုတ်ဖြန့်လျက်၊ ကန့်ကွက်လိုသူ၊ ထွက်ပေါ်ပြုဘို့၊ တလူမှမရှိ၊ ပကတိသန့်ရှင်း၊ အပြစ်ကင်းသောအခါမှ၊ ကျေနပ်သေချာစွာ၊ ဂရန်စာထုတ်ပေးကြောင်း၊ သူသူငါငါအပေါင်းတို့၊ ကောင်းကောင်းကြီးထင်ရှား၍၊ သိပြီးသားဖြစ်ကြပါသတည်း။

ချင့်ချိန်ရန် အကြောင်းတချက်မှာလည်း၊ ပကတိဂါမကြီးနှင့်၊ ဝိသုံဂါမကလေးသည်၊ ခွဲကပြခဲ့ပြီးအတိုင်း၊ အကြီးအငယ်၊ အပေါင်းအစိတ်။ ပကတိဝိကတိ ဤမျှသာအထူးရှိသည်၊ ဤမှလွန်ကြူး၍၊ ဘာတခုမှထူးဟု၊ မိန့်ဘူးသောဆရာတော်ဘုရားကြီးတို့လည်း၊ အသီးအသီးပေါ်များ၍၊ မှတ်သားဘူးခဲ့သလပြီ၊ သို့ဖြစ်ခြင်းကြောင့်၊ ရေမြေပိုင်အစိုးရမင်းတို့က၊ ဂါမဘောဇကပုံလုပ်ဘို့၊ ရွာအုပ်သူကြီးတို့အား။ သနားပေးအပ်သော၊ အရပ်ရပ်ရှိ၊ ပကတိဂါမများမှာ၊ ဆရာ့ဆရာကပိုကေးတို့ငင်ခါးလော့နိုင်ကြ၊ သိသယဖြတ်ငြင်း၍၊ နယ်သိမ်းပြီးသမုတ်တော်မူကြသည်၊ ဝိသုံဂါမ-အမိန့်ခံ၍ အမှန်ရပါသော၊

ဂရန်ပဏ္ဍာ၊နေရာသေးကွေး၊မြေကွက်ရပ်အစိတ်အပိုင်းကလေးကိုတော့၊ သိတ်လှိုင်းပြီးအခွေးခေါင်၍၊မအေးအောင်ကြိုဆလျက်၊သံသတ်များကြခြင်းသည်၊ လိုချင်းသို့ရောက်၊မရောက်ဟု၊ ထောက်ရှုတို့ သင့်ပေသည်။ ။ဂရုကာလဟု ကောသဂရုကာံဌာတဖွံ၊ ဧတံဝိနယလက္ခဏံ။ ။ဟု၊ထုတ်ပြန်သော အမိန့်တော်မှာလည်း၊လွန်စွာခက်ခဲ၊ အပုံကြီးနက်နဲ၍၊ သဲကွဲအောင် ဉာဏ်မပိုင်သဖြင့်၊ မကြံနိုင်သောနေရာများ၌သာ၊ မမှားမလွဲဘို့၊ သုံးစွဲရပါသည်၊ ဤနေရာကား။ သေချာထင်ရှား၊ လူရှင်များတို့၊ မြင်မှားဘို့မဟုတ်၊ ဥဏ္ဏာနဗ္ဗာနုပါကဒူရိ၊ သဘာဝ၊မခက်ခဲသဖြင့်၊နှ ဂ် နှဲ့ဆွင့်မလိုပါ သို့ဖြစ်ပါ၍၊သာသနာတော်မြတ်ကြီး၊ ပွါးစီးစည်ပင်အောင်၊ရွက်ဆောင်လိုမှု၊ဂရုဓမ္မ ပြုလျက်ရှိကြသော၊ ဗုဒ္ဓဘာသာဝင်၊လူရှင်အပေါင်း၊ သူတော်စင် သူတော်ကောင်းတို့သည်၊ ကျိုးကြောင်းထောက်ညှိ၊သေချာစွာသိပြီးလျှင်၊ ဝိသုံဂါမစကား-ဘုရားမြတ် လိုတော်ဟန်၊ အဋ္ဌကထာ၊အာမိန့်သံနှင့်၊ ဂရန်အင်္ဂလိ၊ ဏ္ဍုန္တပဏ္ဍာ မြန်မာရွာသိ၊ မကွာနည်းကြောင့်၊တထင်ထည်း-အမှန်ကျသည်ဟု၊သံသယရှင်း၊ဒွိဟကင်း၍၊ထင်လင်းသိရုံ၊ ထောက်မျှော်ချက်ပြည့်ပုံအောင်၊ ဝိသုံဂါ၊ ဝေါဟာရကို၊ ကျနသေချာ၊ ကြည်နူးသော စိတ်စေတနာနှင့်၊ ဆွေကာလျာအပေါင်း-သူတော်ကောင်း တရတို့၊ကြည့်ရှုတော်မူကြပါစေသောဝ်။ ။

(၁) (၂) (၃)အတွက်-ဖြေရှင်းချက်ပြီး၏။

---

ယခုဆုတ်၍ပြဆိုခဲ့ပြီးသော၊သိမ်တို့မှတပါး၊သမာနသံဝါသသိမ်၊အဝိပ္ပဝါသသိမ်၊ ဥပစာရသိမ် စသည်ဖြင့်ရှိသေး၏၊ ထိုတွင်၊ သမာနသံဝါသ ကမ္မဝါစာဖြင့်ရွတ်ဘတ်၍ သမုတ်အပ်သောသိမ်သည်၊သမာနသံဝါသ သိမ်မည်၏၊ ရင်းသိမ်၌ ဥပုသ်ပြုခြင်း၊ပဝါရဏာပြုခြင်း ပရိဝတ်ယူခြင်း၊မာနတ်တက်ခြင်း၊ အဗ္ဘာန်သွင်းခြင်း၊ရဟန်းခံခြင်းစသောသံဃကမ်အရပ်ရပ်တို့ကို၊ရွက်ဆောင်အပ်၏၊ ။အဝိပ္ပဝါသကမ္မဝါစာဖြင့်ပြီးသောသိမ်သည်၊အဝိပ္ပဝါသသိမ်မည်၏၊ ရင်၊သိမ်သက် သက်၌ ဥပုသ်ပြု ခြင်း၊ရဟန်းခံ ခြင်းစသော၊ သံဃကမ်ရကို၊မပြုအပ်သောသည်း၊တိစီဝရိ ဂ်ဆောင်ရဟန်းတို့၊ သင်္ကန်းနှင့်ညဉ့်ကင်းက၊အပြစ်မရှိခြင်း အကျိုးတရားကိုခံစားရ၏ ။ရဟန်းတော် အရှင်မြတ်တို့ ဝါကပ်နေထိုင်ရာကျောင်းတိုက်၊ တဝန်းတပိုက်အရပ်ဌာနသည်၊ ဥပစာရသိမ်မည်၏၊ ရင်းသိမ်၌၊ ဆိုခဲ့ပြီးသောအမှုကိစ္စတို့ကို မဆောင်ရွက် နိုင်သောလည်း၊

ဝါဆိုဝါကပ်-ပြုအပ်သောအရာ၊ ပရိဝတ်, မာနတ်, ကျင့်အပ်သောအရာ၊ ကထိန်ခင်းအပ်သောအရာ၊ သံဃာလာဘ်ကိုဝေဖန်အပ်သောအရာစသည်တို့နှင့် သက်ဆိုင်၍ ၎င်းအမှုတို့ကိုပြုလုပ်နိုင်၏၊

သိမသရူပအခန်းပြီး၏၊

## သိမသမူဟာနအခန်း၊

### သိမ်နှုတ်ပုံအကြောင်းကို၊ ရှုံးပေါင်းပြဆိုချက်၊

ပကတိဂါမ, ဝိသုံဂါမ, အစရှိသော အလိုရှိရာဌာနနှ၌၊ ဗဒ္ဓသိမ်ဖွဲ့သမုတ်လိုသည်ရှိသော်၊ သံဃာတော် ဒုရှင်မြတ်တို့၊ ဥတ်ကမ္မဝါစာရွတ်ဘတ်ဘို့၊ ထွတ်မြတ်သော ကွက်ရပ်ဌာန ဖြစ်ခြင်းကြောင့်၊ ညုံးပြောင့်ခလုတ်၊ အညွှေးအရှုပ်မကင်းသော၊ ၎င်းမြေဘလင်းအပြင်ကို၊ သုတ်သင်ရှင်းလင်း၊ ခင်းကြင်းပြုပြင်အပ်ရာသား၊ လျောက်ပတ်ဖွယ်ရာ၊ စည်မျက်နှာကဲ့သို့၊ ညီညွတ်စွာရှိအောင်-လုပ်ဆောင်တည်ထွင်၊ ပြုစီရင်၍၊ ပြင်ဆင်ပြီးစီးသည့်အခါကာလ၌၊ နာယကဆရာတော်ဘုရားကြီးတို့၏၊ အမိန့်အရ၊ ကမ္မကာရ၊ ဟိတရပြုလုပ်သူတို့က၊ ထုံးဖြူ,မြေဖြူ,နနွင်း၊ အလိုရှိရာသည့်သွင်းလျက်၊ နှစ်သက်သော အဆင်းဆိုးအပ်သည့်၊ အရှည်ကြိုးဆွဲကိုင်၊ ပန္နက်တိုင်တို့ဖြင့်၊ မခွဲ့မရိုင်၊ မထွေးမစောင်း၊ ထင်ရှားစွာ မှတ်သားအပ်သော အခရေး အကြောင်းဖြင့်၊ ညောင်စောင်းကွက်အလိုက်၊ အချက်ဆိုက်အောင်၊ နှက်ရိုက်ပြီးစီးသောအခါ၊ ၍မြေမျက်နှာ၊ မဟီချာဝယ်၊ ရှည်ကြာမြင့်ညောင်း၊ သိမ်ဟောင်းစင်စစ်၊ ရှိသည်ဖြစ်က၊ အဓော္ဓာဓဋ ရဏ သမ္မန္နဟု၊ ဒေါသကပ်ငြိ၊ မည်သူမှအတပ်မသိနိုင်သော၊ ထပ်မိခြင်း, စပ်မိခြင်းအဖြစ်၊ ကင်းလွတ်စင်ကြယ်ဘို့ရာ၊ နောင်လာနောက်သား၊ ရဟန်းများလည်း၊ ယုံမှားခြင်းသံသယ၊ စက်မှိုကလွတ်ကင်း၊ ရှင်းသင်းဘို့ရာ၊ ရွယ်ကာရည်သန်၊ ပြုစီမံပြီးလျှင်၊ သိမ်ဘိက္ခုသမူ ဟာနတ္တိနုပထမံဝတ် စိဝရေနအဝိပ္ပဝါသော သမူဟန္တုမွှော၊ အဖြေသော မဘာပါဠိတော်ပေါ်ဖါညွှန်ပြသည်နှင့်ညီစွာ ဆယ်ဖြာသောဗျုနဝဂ္ဂ်သျှောအောင် ပုံလင်ညှိလျက်၊ မုန်အလို၊ ယုတ်မယိုအောင်၊ သုတ်ဆုံစနှင်းဌာန်ကရိုဏ်းဖြင့်၊ ခြားပိုင်းသင်းလင်း၊ စင်သန့်ရှင်းဘို့၊ သိမ်တွင်းနေရာ၊ ဖြစ်လာမည်ခေတ်၊ ဌာနသင်မျှမက၊ သိမ်မြေ၏ပြင်ပ၊ သမန္တအရပ်၊ ပတ်ပတ်လည်၊ လှည့်မိအောင် ဒွိတိမဥက၊ ၂- ညောင်စောင်း၊ ၃- ညောင်စောင်းမျှ၊ အပိုပြသျက်၊ ဟေမ္ဗမပရိဿဒ၊

ပမာဏသာလျှင်၊ ကောင်းမွန်သင့်မြတ်၊ ရွတ်ဘတ် နှုတ်ဖျက်ဘို့၊ စတုဝဂ်, ပဥ္စဝဂ်, အစရှိသား၍၊ အားလုံးကြီး စည်းဝေးလျက် ရှိနေတော် မူကြသော၊ သမဂ္ဂ သံဃာအပေါင်း တို့သည်၊ ဆရာကောင်း ဆရာမြတ်တို့ ထံမှ၊ မှန်ကန်ကျနု၊ ကောင်းမွန်စွာ ရအပ်သော လက္ခဏာ ပဒေသနည်း-နယ- စနစ်ချိန်ပြီး လျှင်၊ ပုဒ်စစ်အိမ်, ယင်ပေါင်သန်း, ကောင့်တန်း, ခရုပတ်,၊ ရက်ကန်းခတ်, ရွတ်ဆွဲ, များကြီးစွဲ,၊ ကွက်ရုံ,၊ နည်းမျိုးစုံအောင်၊ အဖုံဖုံရွတ်ဘတ်၊ အထပ်ထပ်နှုတ်ဖျက်ခြင်းဟူသော သိမ်သမုဟနကမ်၊ ပြည့်စုံနိုင်၊ စိမံသောနည်း၊ မှုပြီးစီးဘို့၊ သာသနာတော်ကြီးကုန်ဆုံးအောင်၊ သုံးဆောင်ဘွယ်ရာ၊ ထာဝရဌာနမူလဘူတကြီးဖြစ်၍၊ အားသစ်လုလ္လ၊ ဥဿုဟမှု၊ အားရှုရွှင်၍၊ ဆောင်ပြုလုပ်ကိုင်ကြကုန်ရာသည်၊

ညောင်စောင်း { ၃ } မျိုးပမာဏ၊

| အလျား၊ | အနံ၊ | အမည်၊ |
|---|---|---|
| ၅-တောင် | ၂-တောင်ထွာ | ဥက္ကဋ္ဌ |
| ၄-တောင်ထွာ | ၂-တောင်ဖဝါးလက်သစ် | မဇ္ဈိမ |
| ၄-တောင် | ၂-တောင် | ခုဒ္ဒက |

သိမ်နှုတ်ပုံနည်းနှစ်ပါး-ခြားနားပုံ၊

သိမ်နှုတ်သည့်အခါ၊ သမူဟနကမ္မဝါစာ-နှစ်ရပ်ကို၊ ရွတ်ဘတ်ကြရာ၌၊ ဆရာတော်အချို့တို့က အဝိပ္ပဝါသကမ္မဝါနှင့်-သမာနသံဝါသ ကမ္မဝါတို့ကို၊ တခါတည်းရောသွတ်၊ တဆက်တည်းရွတ်နောက်ဆက်၍ ရွတ်ဘတ်လေ့ရှိကြ၏၊ အချို့သောဆရာတော်တို့ကား၊ အဝိပ္ပဝါသကမ္မဝါကို၊ ဦးစွာတသတ် သီးသန့်ဘတ်ပြီးမှ-သမာနသံဝါသကမ္မဝါစာအတွက်၊ သက်သက်ဘရပ်၊ နောက်မှဘတ်တော် မူကြသည်၊ ထိုဝါဒ-နှစ်ရပ်တွင် တခြားစီ ကန့်သတ်၍၊ မရောသွတ်ဘဲ၊ ဘတ်လေ့ရှိကြသော-ဒုတိယဝါဒသည်၊ သာရုပ္ပဖြစ်ပေ၏၊ အဘဲ့ကြောင့် ဆိုချေသော်- ရှေးလွန်လေ ကာလဟောင်းက- ပုဗ္ဗာ စရိယ အပေါင်းတို့သည်၊ ရင်းမြစ်ဌာနတွင်-ဗဒ္ဓသိမ်ဖွဲ့သမုတ်၍ ပြုလုပ်ခဲ့ကြဘူးသည် ဖြစ်အံ့၊ သမာနသံဝါသကမ္မဝါက ရှေးဦးစွာရွတ်ဘတ်၊ သမုတ်၍ ပြီးမြတ်မှ-အဝိပ္ပဝါသကမ္မဝါစာ-တခါဆင့်ထပ် နောက်မှဘတ်၍သမုတ်အပ်ကြောင်းများ အသင်အရှား၊ ဘုရားဟောပါဠိ၊ သာရှိခြင်းကြောင့်၊ ရင်းသိမ် ၂-ရပ်တွင်၊ အောက်ထပ်က-သမာနသံဝါသ၊ အထက်ထပ်က-အဝိပ္ပဝါသ၊ ဟောဋ္ဌိမဋ္ဌ၊ နွေး ဘာဝသညာတင်လျက်၊ ၂-လွှာ-၂ထပ် အောက်အထက်မှိုစပ်၍၊ တည့်အ

တည်သင့်လေသဘည်း။ ။သို့ဖြစ်သောကြောင့်–အထက်က နေသည်ဟု ဆိုရသင့်သော၊အပေါ်ဆင့်ဌာန၊အဝိပ္ပဝါသသိမ်ကို–အကြွင်းကြွင်း ရွတ်ဘတ်၍၊ ကျွတ်ပြတ်စေသက်သော အခါမှ–အောက်ထပ်က–သမာနသံဝါသ သိမ်ကို၊ အကြွင်းကြွင်း အထင်ထင်၊ ဒုတိယ ကန့်သတ် လျှင်–မရော မယှက်– သူ့သက်သက်ဘတ်ခြင်းသည်၊ဥပမာမှီးသွင်းရှူ–ကြီးမင်းမှဖွဲ့သောကျောက်ဖြာကျောက်ချပ်၊အထက်အောက်–၂သွယ်ထင်၍၊တွယ်ကပ်ပြည်နေရာ၊အထက်က–ကျောက်ဖြာကို–ဦးစွာထုတ်ပေ၍ ကုတ်နှင့် ကော်၍၊ အပေါ်သို့ ရောက်လတ်မှ–အောက်ထပ်ကကျောက်ဖြာကို၊ နောက်တခါထုတ်ပယ်လျှင်၊ လိုအင်ပြီးစီး၊ တနတ္တသဿသာယ၊သုတ်ကစ္စည်းကဲ့သို့ ယထာဿာဘာ နည်းကျသဖြင့်၊နကောဝိဒ–ပဏ္ဍိတါပြွမ်း၊ ဖြောင့်မတ်တာနိုးသည်ဟု ခြီးမွမ်းတော် မူပါသော၊နာနာနုယနိပုဏဥာဏ်ရှင်၊စံပြုတင်လောက်သည့်၊ ဗုဓလောင်မြို့–သကျာတောင်ချက်နှာအနီး–မှန့်တောကျောင်း ဆရာတော်ဘုရားကြီး၏၊ ခြားသီးဖွင့်ပေ့ မိန့်ခွန်းတော်စကားများ–မှတ်သားသိရှိရဘူးပါသတည်း။

သိမ်နှုတ်ရာကာလ၌၊သံသယများ၊ရှိရဟန်းကို–သိသာရန်
ထုတ်ခွေး၍၊အကျဉ်းချုပ်ရေးလိုက်အံ့။

ရှေးရှေးအခါကာလက–ပုဗ္ဗာစရိယခေါ်၊ဆရာတော်–သံဃာတော်များသမုတ်၍ထားခဲ့ကြသော၊ထင်ရှား–မထင်ရှား၊အားလုံးကုန်အရပ်ရပ် ဗဒ္ဓသိမ်ကွေမှာ ဘယ်နေရာ–ဘယ်ကွက်ရပ်၌ လွတ်လတ်နေသည်ဟု မည်သူတဦးတယောက်မှ–ဧကန္တမသိနိုင်ပေ၊ သို့ဖြစ်၍–သိမ်သစ်ပြုလုပ်၊ ပွဲသမုတ်လိုသည်ရှိသော်–မိမိတို့အလိုရှိရာ မြေအရပ်ပတ်သည်ဝန်းကျင်ဌာန၊ ဂါမခေတ်အတွင်း–သိတင်းသုံးလျက်ရှိကြသော ရဟန်းတော်ဟူသမျှတို့အား၊ ကိုယ်တိုင်ကြွရောက်ဘို့ပင့်လျှောက်၍ဖြစ်စေ နေမကောင်း–တိုင်မသော၍၊ ကိုယ်တိုင်မလာရောက်နိုင်မူ၊ ဆန္ဒကိုယူ၍ဖြစ်စေ၊ဂါမခေတ်အပိုင်းအခြားလူသွားလူလာ–များစွာ ရောပြွမ်းနယ်နိမိတ်ဓိုးလမ်း၌၊ အခြားသောရဟန်းတို့–ကူးသန်းဝင်ရောက်ခြင်း ကင်းဆိတ်ဘို့–ပိတ်ဆို့သောအား၊ လူအစောင့်ထားပြီးလျှင်၊ အားလုံးကုန်ပေါင်းဆုံစည်းဝေးမိကြသော–မျက်မှောက်ရှိ ရဟန်းမြတ်တို့သည်၊ ဥတ်ကမ္မဝါစာရွတ်ဘတ်၍၊သံသယကင်းပြတ်အောင်–အထပ်ထပ်နှုတ်သိမ်းကြကုန်ရာ၏။

{နယ်နိမိတ်အပိုင်းအခြား၌–အစောင့်ထားခြင်း၊–မထားခြင်း၊ ၂–ပါးအထူး။}

သိမ်နှုတ်၍ သမုတ်သောအခါများတွင်၊နယ်နိမိတ်ပိုင်းခြားရာအရပ်ဝယ်၊ လူအစောင့် ထားအပ်၏ဟု ပြောဆိုလေ့ ရှိကြသော စကား၌၊ အချို့သော

ဆရာတော်များသည်-နှုတ်သောအခါတွင်သာ၊ အစောင့်ထားတော်မူကြ၏-အချို့ဆရာတော်တို့ကား၊ သမုတ်သောအခါမှာသာ—အစောင့်ထားတော် မူကြ၏။အချို့သောဆရာတော်တို့မှာကား၊ နှုတ်သောအခါ သမုတ်သောအခါ၊ ၂-ပါးလုံးပင်-အစောင့်ထားတော်မူကြ၏၊ ။ထို ၃-နည်းတွင်၊ ပထမနည်း၌ ရှိငြားသော ဗဒ္ဒသိမ်ဟောင်းတို့သည် သမုတ်မည်ပြုသော ဤယခုသိမ်သစ် ဖြစ်လာမည့်နေရာခေတ်အရပ်၌ ထင်မိတ္တိ ကျရှိနေသည်ဖြစ်စေ၊ အထွေးထွ ပုံသဏ္ဌာန်၊ ငတုဂံ-ငတုရန်း။လ,ခြမ်းကြက်လျှာစွန်း-အဝန်းအဝိုင်းစသည်-ထိုထို ဤဤကွက်ရပ်မှာ၊ဆက်စပ်တို့ကျရောက်နေသည်ဖြစ်စေ၊ ပုံသေမရှု-ထိုသိမ် ဟောင်းများ၌-မရှိအမှန်ကို၊ကောနှံမသိနိုင်ကြ၍-သူကြီးပိုင်သမျှ၊ ပကတိဂါမ ခေတ်၊ ပတ်ချစ်သော အပိုင်းအခြားမှ-လူအစောင့် ထားလျက်၊ သမူဟနကံ ဆောင်ရွက်၍နှုတ်ဖျက်တော်မူကြသည်။ ဤသို့နှုတ်သိမ်း၍ ငြိုးငြိမ်းငင်ကြယ် သောအခါဝယ်၊ရွာနယ်တ၀ှန်းလုံးမဟာတ်-သိင်ပြုလုပ်တို့ဌာနမှာ၊ တစိတ်တဒေသ-ဝိသုံဂါမအစိတ်အပိုင်း၊ ရည်မှန်းတိုင်းနေရာ သေချာပြီ ဖြစ်သောကြောင့်၊ နယ်စောင့်ထားဘွယ်မရှိ၊ ညွှန်သည်တို့ကျွ-အာဂန္တု ဟောန်းတို့ ဂါမခေတ် တ၀ှမ်း၌ ကူးသန်းသွားလာခွင့်ကြိုသော်လည်း၊ ထိုဝိသုံဂါမကလေး အတွင်း မသက်ဆင်း-ပေင်ရောက်က၊ အောင်မြောက် နိုင်သည်သာ ဖြစ်ပါ၍၊ နှုတ်သောအခါမှာသာ နယ်စောင့်ထား၍ သမုတ်သောအခါမှာ အစောင့်ထားဘွယ် ရာမရှိ၊ဝိသုဂါမ-မဟုတ်၊ နယ်လုံးချုပ်၍ သမုတ်သော သိမ်၌ကား၊ အနှုတ် သမုတ် ၂ပါးလုံးပင်-အစောင့်အရှောက် ထားရမည်ဟုဆို၏၊ ထိုပထမဝါဒ သည်၊အသေအချာ,ယုတ္တိပြကောင်းလှသဖြင့်၊ သာရူပဖြစ်သင့်၏ဟု-မိန့် ဆိုမှုဆိုလေ၏။

ဒုတိယဝါဒ၌ကား၊ သမုတ်သည့်အခါတပါးသာ-နယ်စောင့်ထား၍ ပြုကြ သောအလေ့မှာ၊ မှီးဘို့ရာသာဓက ထောက်ဆ,ဘွယ်ယုတ္တိ ရှုကြည့်၍မမြင် ပေ။ ။

တတိယဝါဒမှာ-သံသယရှင်း၊ ဒွိဟကင်းအောင် ပြုဆောင်သော အလုပ် ဖြစ်၍၊နှုတ်ခြင်း-သမုတ်ခြင်း၊ယင်း ၂ဌာန၊အစောင့်အရှောက် ထားကြသည် ကို၊ရှုမွေ့ပုံရမည့်အရာ-မို့-သာလိုပင် အကောင်းဆုံးဟု ထုံးပြု၍မှတ်သင့်လှ ကြောင်း၊

ဤအရာဌာန၌-နာနာနယကောဝိဒလင်္ကာပေသလ-ပိဋကတ္တယ ဆေက-ဝေ ဘယျအကျော်-လွှန့်ထင်ပေါ်ပါသော၊မုံရွာမြို့ ဇောင်ချမ်းပင် ဆရာတော်ဘုရား ကြီးနှင့်အတူဘက္ကပေါ်တို့သည်-သိမ်သမုတ်ကံ၊ အတန်တန်ဆောင်ရွက်ခဲ့ဘူး

ရာ၊ နည်းနာနိဿယ-မှတ်ယူကြဘို့ သင်ပြတော်မူလေ့ရှိသည့်အလျောက်၊ နယ်စေဝင့်ထားဘို့ခန်မှာ-သမုတိကံထက်-သမုဟနကံ စီမံဆောင်ရွက်သည့် အခါ။သာ၍ပင်အရေးကြီးသည်၊ အဘဲ့ကြောင့်ဆိုပါလျှင်-ဘယ်နေရာ-ဘယ် ကွက်ရပ်၌၊ဘယ်သိမ်နှင့်စပ်ဆက်ပြီမည်-ဘယ်သိမ်နှင့် ထပ်လျက်ရှိမည်ကို၊ အတည်တကျ-မသိနိုင်၍၊ သုကြိုးပိုင်နယ်ကိုသိမ်မှ-သံသယ ငြိမ်းရသည်၊ နုတ်သောအခါမှာသည်း၊သိမ်နိမိတ်ကျလောက်ရာပြင်၁-၉တောင်၊၁၀တောင် မျှ အပိုအမိုမှန်းဆလျက်၊အပင်အပင်းခံကြ၍၊သံသယငြိမ်းမှ-ရေမွှေအလုပ် အားထုတ်ဆောင်ရွက်နုတ်ဖျက်ပြီ စီးက၊နိမိတ္တဂရိမ္ဘေဒအတွင်းသာ သမုတ် လိုရင်းဖြစ်၍၊ စင်စစ်အမှန် သမုတိကံဆောင်ရွက်သည့်အခါမှာ-စောင့်ဘွယ် ရာလိုဟု၊ မိန့်ဆိုမှာထားတော်မူဘူး၏။ ။သို့သော်လည်း ဝိဘင်းအရာ ဒေ သနာမှာ-သေချာဂရုစိုက်ခြေး၍ အလေးဂရု အရေးပြုတော် မူသည်အားလျော် စွာ၊နုတ်သောအခါ-သမုတ်ရာကာလ ၂-ဌာနလုံးမှာပင်၊ ဂရုဂါဒကင်းစင်ရ အောင်ဌာနရှင်သိမ့်ဘကာ။ကျေးရွာရှိ-သူကြီး၊ဆုံစည်းပြောကြား၊နယ်စောင့် ထား၍-နုတ်လေ့-သမုတ်လေ့ ရှိတော်မူသည်မှာ၊ အထင်အရှား မှတ်သားဖွယ် ဘူးပါသတည်း၊ ။

သိမ်နုတ်ပုံအခြင်းအရာကို၊စေ့ပုံစွာအကျယ်သိလိုကြပါလျှင်၊မဟာဂါအဋ္ဌ ကထာ ဥပေါသထခန္ဓအဖွင့်စာအုပ်မျက်နှာနံပါတ် ( ၂၇၀ )၊ ဝဇိရဗုဒ္ဓိဋီကာ (၁၁၃ )၊ထေရသာကဏ်ဋီကာ ( ၁၁၇ )၊ဝိမတိဋီကာ (၁၁၉) တို့၌၊ အမျိုး မျိုးပြလျက်ရှိသည်ကို ရှုကြည့်ကြစေလိုပါကြောင်း၊ ။

နှသိမ်နုတ်ပုံပြီး၏၊

---

## သိမ်နိမိတ်ကြားပုံ၊

နမောတဿတိ၊ ။ပထမံနိမိတ္တာကိတ္တေတဗ္ဗာ-တိဝစနတော၊ ။ ဘိက္ခဝေ၊ချစ်သားရဟန်းတို့၊သိမသမ္မုတိကမ္မံ၊ သိမ်သမုတ်ခြင်း သိမာသမ္မုတိ ကံကို ဝါ၊သံဃာတရတည်း-ပေါင်းဆုံစည်း၍၊ ကံကြီး-ကံငယ် ဆောင်ရွက် လွယ်အောင်၊ရည်ရွယ်အားထုတ် သိမ်သမုတ်ခန် ဝိနည်ကံကို။ ကာရယာမာ နေန၊ပြုလိုသော၊ဘိက္ခုနာ၊ရဟန်းသည်၊ပထမံ ရှေးဦးစွာ၊နိမိတ္တာ နိမိတ်တို့ကို၊ ကိတ္တေတဗ္ဗာ ကြားအပ်ကုန်၏၊ဝါ၊သိအောင်ကုန်၏၊ဉာတ်၊ဉသို့၊ ဝစနတော၊ မြတ်စွာဘုရား-ခွင့်သနား၍ စကားအနုညာတ၊ ဟောပြတော်မူသောကြောင့်။

ဒါနိစ္စဒါနိ၊ထိမ်မသမှတ်ခြင်-ရှေးတင်မဆွ အစဦးစွာ-ယခုအခါ၌၊ နိမိတ္တာနိ၊ ဗိုင်းခြားသတ်မှတ်-ဝန်းဗိုင်း၍ ထားအပ်သော နိမိတ်အရပ်ရပ်တို့ကို။ ကိတ္တယိဿာမိ၊ရစ်ပိုက်ထကျာ-ဖွည့်လည်ကာဖြင့်၊ ရုံစွာထိစေ-ဖြွက်ကြားပေအံ့ ။ ။ပုရတ္ထိမာယဒိသာယ ကိံ နိမိတ္တံ။ ။ဟု-နိမိတ်ကြားလိုသောဝိနည်းမိုရ် ပုဂ္ဂိုလ်ကမေး၊ ။ဥဒကံ-ဘန္တေ၊ ။ဟု-နိမိတ်စောင့်ပုဂ္ဂိုလ်က-ဖြေ။ ။ ဧတံဥဒကံနိမိတ္တံ၊ ။ဟု-နိမိတ်ကြားဝိနည်းမိုရ်က-ဆို၊ ။ဧဝံဘန္တေ၊ ။ ဟု-နိမိတ်စောင့်က-ဆို။ ။( အနက်ကား။ ) အာဂုသောဝါ၊ရှင်၊ ပုရတ္ထိမာယ ဒိသာယ၊ အရှေ့မျက်နှာအရပ်၌၊ဝါ၊ ကမ္ဘာပညတ်·လာရင်း ဌတ်လျက်နက္ခတ်,နေ,လ,-တက်တွန်းပ,ရာ၊ဇ,ဂွာပထမ-ပါစိနဟု ဗျည်ဳမည်ခံ·ကျွားမင်းစံသည့် နံဘနိုင်းသာ သာညာခေါ် မှတ်-အရှေ့ရှူးရှုးအရပ်က၊ အချဟ-တာ၊ရှိရိ သမျှ-သဗ္ဗ၀ါ ဝေဓောသျှင်၍၊ ဝိဘသပူဇော်ကို အလှူတော် ခံထိုက်ပေသော၊ဘန္တေ၊အရ-ဟာတာ၊ သီသရာစက် ကန္နအကွက်ကို-ချိုးဖျက် နှုတ်ထွင်၊ရန်ဂုဏ်ဂိုင်အောင်-သုတ်သင်ပယ်ဖြတ်တော်မူတတ်သော၊တနည်း-အရဟာတား၊တပုံ အခု မကောင်းမှုကို ပြုတို့ဒေသာ-ဆိတ်ကွယ်ရာဟု၊ ဘယ်မှာ နတ္ထိ ထိုမှိုးသာအရပ်မှိုးတော်မမူသော၊ ဘဂဝဘာ၊ မြတ်စွာဘုရားသည်၊ ဝဏ္ဏေသု ကြားကာနှစ်ထိပ်-နားမှာစိမ့်အောင်၊ဟေားမိန့်တော် မူအပ်ကုန်သော၊ အဋ္ဌသုနိမိတ္တေသု၊ ပဗ္ဗတ,ပါသာဏ,၊ ဝန,ရုက္ခ,၊မဂ္ဂ,ဝမ္မိက,၊ နဒီ,ဥဒက,ဟုဆိုအပ်သော ရှစ်ပါးနိမိတ်တို့တွင်၊ကိံ နိမိတ္တံ၊အဘယ်နိမိတ်နည်း။ ။အမေး၊ ။ ဘန္တေ၊ အရှင်မြတ်၊ဥဒကံ၊ရေပါဘုရား၊ ။အဖြေ၊ ။

ဧတံဥဒကံ၊ဤရေသည်၊နိမိတ်၊ဤသိမ်၏ အပိုင်းအခြား-အမှတ်အသားဖြစ်သောနိမိတ်၊ဝါ၊ပုရတ္ထိမနေတောရ္ဗော၊မိန့်ဟောပါ၌ လာရှိမှတ်သွင်း-ဖြင်လင်းသည့် နက်မင်း-ဝတရဋ္ဌ တည်နေမှု၍၊နိဗ္ဗူးဖြတ် စောင့်ရှောက်အပ်သော-ဤသိမ်၏အရှေ့အရပ်က၊နိမိတ်၊ ။ကြား-ဆို

ဘန္တေ၊အရှင်မြတ်၊ဧဝံ၊ဤသို့ကောင်းပါပြီဘုရား။ ။စောင့်-ဆို၊

ပုရတ္ထိမာယ-အနုဒိသာယ ကိံ နိမိတ္တံ။ ။ကြား-မေး၊ ။ဥဒကံ-ဘန္တေ ။ ။စောင့်-ဖြေ။ ဧတံ ဥဒကံ နိမိတ္တံ၊ ။ကြား-ဆို။ ။ဧဝံ-ဘန္တေ၊ ။ စောင့်-ဆို၊

ပုရတ္ထိမာယ အနုဒိသာယ၊အရှေ့တောင်ထောင့် အရပ်၌၊ ဝါ၊မိဂရာဇာ၊ကေသရာဇ် ခြင်္သေ့ညာထင်သင်း-ခြင်္သေ့ မင်း၏-ပျော်ခင်းစံရာ ရပ်ခန်းဝါဟု-အဂ္ဂိမည်၍ အဂ္ဂိနည်ဘ်-အရှေ့တောင်ထောင့် အရပ်က၊ သဗ္ဗာသမ္ဗုဒ္ဓေန၊

မဘောက်မပြန်-သဗ္ဗညာဏ်ဖြင့်၊ ညောယျခမ်ငါးဖြာကို-ဆရာမရှိ၊ ကိုယ်တော်တိုင်တင်ကြည့်၍ မြင်သိတော်မူပေသော၊ ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ ဝုဏ္ဏသု၊ ကုန်သော-အဋ္ဌသုနိမိတ္တေသု၊ တို့တွင်၊ ကိန္နိမိတ္တံ နည်း၊ (ကြား-မေး။) ဘန္တေ၊ အရှင်မြတ်၊ ဥဒကံ၊ ရေပါဘုရား၊ ။ (စောင့်-ဖြေ)၊ ။

ဧတံဥဒကံ၊ ဤရေသည်။ နိမိတ္တံ၊ ဤသိမ်၏အပိုင်းအခြား အမှတ်အသားဖြစ်သောနိမိတ်။ ဝါ၊ ဓတရဋ္ဌ-ဝိရူဠ္ဟကဒေဝ မည်သီး နတ်မင်းကြီးတို့၊ အပြီးနိစ္စ စောင့်ဆောင်ကြသော ဤသိမ်၏ အရှေ့တောင်ယောင့် အရပ်ကနိမိတ်။ ။ (ကြား-ဆို)။ ။ဘန္တေ၊ အရှင်မြတ်၊ ဧဝံ၊ ဤသို့ကောင်းပါ ပြီဘုရား။ ။ စောင့်-ဆို)။

ဒက္ခိဏာယဒိသာယ ကိန္နိမိတ္တံ။ ။ဥဒကံဘန္တေ၊ ။ဧတံဥဒကံနိမိတ္တံ၊ ။ ဧဝံဘန္တေ၊ ။ဒက္ခိဏာ ယဒိသာယ၊ တောင်မျက်နှာအရပ်၌။ ဝါ၊ လက်ျာခေါင်မှူး၊ တောင်ရူးရူးဟု၊ ပြောင်းထူးကုဋ္ဋရုံ၊ ဆင်မင်းစံသည့် ဗုဒ္ဓဟူးနံမည်ရှိ အပေါ် ဝိပည်တ်၊ တောင်တဲ့တဲ့အရပ်က၊ ဝိရူဠှကနတ်မင်းကြီး စောင့်ရှောက် ဥပါ ဝိရူဠှ ပု, ဒိ, **အာ**, နှင့် **အ**ထဝါရှင်ပါးနှစ်နည်းပြားလျက်၊ ဆဲ့ငါးဇရဏာများခမ္မနှင့်တကွဥသာ၊ အမျိုး၍ပြည့်စုံတော်မူပေသော၊ ဘဂဝတာ၊ သည်။ ဝုဏ္ဏသု၊ ကြားဘွယ်နှစ်သိမ့်နားဝယ်ငြိမ့်အောင်ဟောမိန့်တော်မူအပ်ကုန်သော။ အဋ္ဌသုနိမိတ္တေသု၊ တောင်နိမိတ်, ကျောက်နိမိတ်, တောနိမိတ်, သစ်ပင်နိမိတ်, ခရီးနိမိတ်, တောင်ပို့နိမိတ်, မြစ် နိမိတ်, ရေနိမိတ်, အားဖြင့်၊ နိမိတ် အပြား ပေါင်း ရှစ်ပါး တို့တွင်၊ ကိန္နိမိတ္တံ ဘယ်ဟာခေါ်မှ ဘယ်ဝဏ္ဏသည်နိမိတ်ပြုတို့ရှိသနည်း။ ။ဘန္တေ၊ မြတ်၊ ဥဒကံ၊ ပါဘုရား၊ ။

ဧတံဥဒကံ၊ ဤရေသည်၊ နိမိတ္တံ၊ မိတ်၊ ဝါ၊ ဒက္ခိဏေ ဝိရူဠှကော မိန့်ဟောပါဋ္ဌိလာရှိမှတ်သွင်း၊ ခြပ်လင်းသည့်နတ်မင်းဝိရူဠှက-ဟည်နေမျှ၍၊ နိစ္စ မပြတ်စောင့်ရှောက်အပ်သောဤသိမ်၏တောင်အရပ်က နိမိတ်။ ။ဘန္တေ၊ မြတ်၊ ဧဝံ၊ ပြီ ပါဘုရား၊ ။

ဒက္ခိဏာယ အနုဒိသာယ ကိန္နိမိတ္တံ။ ။ဥဒကံဘန္တေ၊ ။ဧတံဥဒကံ နိမိတ္တံ။ ။ဧဝံဘန္တေ။ ။ဒက္ခိဏာယ အနုဒိသာယ။ အနောက်တောင်ထောင့်အရပ်၌၊ ဝါ၊ ပါဒုဒ္ဒ၊ ဘုဇဂနှင့်ဥရဂမှတ် မျိုးခြွေဇာက်ဟု၊ ရေနတ်နဂါးပျော်စံစားသည့် ထူးခြား အောင်မြေ စနေနံ ည်ရှိ-နရတိ ညတ်၊ အနောက်တောင်ထောင့်အရပ်က၊ သုဘာ တနု၊ ဟုတ်နှံ့ကျိုးရှိ။ စ ာ ဋ္ဌိကုံ တည့်တည့်မတ်မတ် မိန့်ဆိုတော်မူတတ်သော၊ ဘဂဝတာ၊ သည်၊ ဝုဏ္ဏသု၊ ကုန်သော၊

အဋ္ဌသုနိမိးတ္တသု၊တို့တွင်၊ကိန္နိမိတ္တံ၊နည်း။ ။ဘန္တေ၊မြတ်၊ဥဒကာံ၊ပါဘုရား၊ ။
ဧတံဥဒကံ၊သည်။နိမိတ္တံ၊မိတ်။ဝါ၊ဝိရူဠှက ဝိရူပက္ခ ဒေဝမည်သီးနတ်မင်းကြီး
တို့၊အပြိုးနိစ္စ၊စောင့်ဆောင်ကြသော၏သိမ်၏ အနောက်တောင်ထောင့် အရပ်
ကနိမိတ်၊ ။ဘန္တေ၊မြတ်၊ဧဝံ၊ပြီဘုရား။ ။

ပစ္ဆိမာယဒိသာယကိန္နိမိတ္တံ၊ ။ဥဒကံဘန္တေ၊ ။ဧတံဥဒကံနိမိတ္တံ၊ ။
ဧဝံဘန္တေ၊ ။ပစ္ဆိမာယဒိသာယ၊ အနောက်မျက်နှာအရပ်၌၊ဝါ၊အာခုမှသိ
က ဥဿုချေါ် ကြွက်မင်းပျော်သည့်၊တောဇော်ရှိနံပြေး ကြာသပတေးမည်ရှိ၊ပတိ
ဝိပဉ္စတ်၊အနောက်တည့်တည်အရပ်က၊လောကဝိဒူနာ၊သတ္တသင်္ခါရ ဩကာ
သဟု လောကသုံးပုံ အလုံးစုံကို၊ အကုန်အစင်သိမြင်တော်မူပေသော၊ ဘဂဝ
တာ၊သည်၊ ဝုတ္တသု၊ ကြားလျှင်နှစ်သိမ့် နားဝင် စိမ့်အောင် ဟောမိန့်တော်မူ
အပ်ကုန်သော၊ အဋ္ဌသုနိမိတ္တသု၊ တောင်,ကျောက်,ထောခွင်,သစ်ပင်, ခရီး,
တသီးချို၊ တောင်ပို့,မြစ်,ရေ, ၏ရှစ်ထွေဟု လှစ်ဖွေးကြောင်းဟိတ်၊ ပေါင်း
နိမိတ်တို့တွင်၊ကိန္နိမိတ္တံ၊တစုံတရာ-ဘယ်ဟာခေါ်မှုဘယ်ဝတ္ထုသည်နိမိတ်ပြု
ဘိုရှိသနည်း၊ ။ဘန္တေ၊မြတ်၊ဥဒကံ၊ပါဘုရား။ ။ဧတံဥဒကံ၊သည်၊ နိမိတ္တံ၊
မိတ်၊ဝါ၊ပစ္ဆိမေနဝိရူပက္ခ၊ မိန့်ဟောပါဠိလာရှိမှတ်သွင်း ဖြင်လင်းသည့်၊နတ်
မင်းဝိရူပက္ခ၊ တည်နေမျှ၍၊ နိစ္စ မပြတ်၊ စောင့်ရှောက် အပ်သော၊ ၏သိမ်၏
အနောက်အရပ်ကနိမိတ်၊ ။ဘန္တေ၊မြတ်၊ဧဝံ၊ပြီဘုရား။ ။

ပစ္ဆိမာယအနုဒိသာယကိန္နိမိတ္တံ၊ ။ဥဒကံဘန္တေ၊ ။ဧတံဥဒကံနိမိတ္တံ၊
ဧဝံဘန္တေ၊ ။ပစ္ဆိမာယအနုဒိသာယ၊အနောက်မြောက်ထောင့်အရပ်၌၊ ဝါ၊ဒန္တ
သွာဟိနာတိတိ၊မည်ဘိဝစနတ်ဟိနဝါတ်ဖြင့်ပြအင်သိဘွယ်၊ခွဲအစွယ်တို့ယုတ်
ကွယ်ပျောက်ရှင်းမပေါက်ခြင်းကြောင့်၊ဟိုင်းမင်းရာဇာပါရဗ္ဗာဟု၊သညာခေါ်မှု
အစွဲပြုသည့်၊ရာဟုပဉ္စတ် အနောက်မြောက်ထောင့် အရပ်က၊ အနုတ္တရေပုရိ
သဒမ္မသာရထိနာ၊ တိရစ္ဆာန်ဇာတ် မကြွင်လတ်အောင်လူနတ်ဗြဟ္မာ၊ ပုရိသ
သတ္တဝါတို့ကိုလိမ္မာယဉ်ကျေးကြီးပွါးရေးဖြင့်၊နည်းပေးညွှန်ပြ ဆုံးမမှုနှ၌ အတု
မရှိ ကဲလွန်တော်ဘိသော၊ ဘဂဝတာ၊သည်၊ ဝုတ္တသု၊ ကုန်သော၊ အဋ္ဌသု
နိမိတ္တသု၊တို့တွင်၊ကိန္နိမိတ္တံ၊နည်း၊ ။ဘန္တေ၊မြတ်၊ဥဒကံ၊ပါဘုရား၊ ။
ဧတံဥဒကံ၊သည်၊နိမိတ္တံ၊မိတ်၊ဝါ၊ဝိရူပက္ခ ကုဝေရဟုဒေဝမည်သီး နတ်မင်း
ကြီးတို့၊အပြိုးနိစ္စ၊စောင့်ဆောင်ကြသော ၏သိမ်၏အနောက်မြောက်ထောင့် အ
ရပ်ကနိမိတ်။ ။ဘန္တေ၊မြတ် ဧဝံ၊ပြီဘုရား။ ။

ဥတ္တရာယဒိသာယကိန္နိမိတ္တံ၊ ။ဥဒကံဘန္တေ၊ ။ဧတံဥဒကံ နိမိတ္တံ ။
ဧဝံဘန္တေ၊ ။ဥတ္တရာယဒိသာယ၊ မြောက်မျက်နှာ အရပ်၌။ ဝါ၊ကြွက်သရေ

မင်္ဂလာ ထွေထွေဖြာလျက် ကြေညာသတင်း တောဇာလင်းသည့် ပူးမင်းပျော်စံ၊သောကြာနံဟု၊ဝါမုံ မည်ရှိ၊ဥဒိစပညတ်-မြောက်တျဂ္ဂအရပ်က၊ သဗ္ဗာဒေဝမနုဿာနံ ဉာတိ၊လူနတ်ပြဟ္မာသတ္တဝါတို့၏၊ မြတ်ဆရာအစစ်ဖြစ်ကြီးဖြာတော်မူသော ဘဂဝတာ၊သည်၊ဝုတ္တေသု၊ကြားရင်းနှစ်သိမ့်နားတွင်းစိမ့်အောင်းပသာဒိနိတော်မူကုန်အပ်သော၊အဋ္ဌသုနိမိတ္တေသု၊တောင်,ကျောက်,တော,သစ်,ရေ,မြစ်မဂ္ဂ,ဝမ္ဗိ,ကဟုရှစ်ဌာနနိမိတ်တို့တွင်။ကိန္နိမိတ္တံ၊တစုံတရာသည်သညာဖြင့်ဘယ်ဟာခေါ်မှုဘယ်ဝတ္ထုသည်နိမိတ်ပြုတို့ရှိသနည်း။ ။ဘန္တေ၊မြတ်၊ ဥဒကံ၊ပါဘုရား။ ။ဇေတံ ဥဒကံ၊ဤရေသည်။နိမိတ္တံ၊မိတ်၊ဝါ၊ကုဝေရော ဥတ္တရံ ဒိသံ၊မိန့်ဟန် ပါဠိ လာရှိမှတ်သွင်းခြင်လင်းသည့် နတ်မင်းကုဝေရ တည်နေမှု၍၊နိစ္စမပြတ် စောင့်ရှောက်အပ်သော ဤသိမ်၏ မြောက်အရပ်က-နိမိတ်၊ ။ဘန္တေ၊မြတ်၊ဧဝံ ပြီဘုရား၊ ။

ဥတ္တရာယ အနုဒိသာယ ကိန္နိမိတ္တံ၊ ။ဥဒကံ ဘန္တေ၊ ။ဇေတံ ဥဒကံ နိမိတ္တံ။ ။ဧဝံ ဘန္တေ၊ ။ဥတ္တရာယ အနုဒိသာယ၊ အရှေ့မြောက်ထောင့်အရပ်၌၊ဝါ၊ဝေနတေယျ-ဂရုဠဟု၊သကုဏာရာဇာမည်သညာနှင့်တစ္ဆာဟုနိမြင်း ဂဠုန်မင်းလျှင် မှီဘင်းစံပေ ဧသနွေဟု တနင်္ဂနွေပညတ်၊ အရှေ့မြောက်ထောင့်အရပ်က၊ဗုဒ္ဓေန၊ သစ္စာ လေးပါး-မြတ်တရားကို-ပိုင်းခြားကုန်စင်-ပြည့်ပုံသင်အောင်-သိမြင်တော်မူတတ်သော၊ဘဂဝတာ၊သည်၊ဝုတ္တေသု၊ကုန်သော၊ အဋ္ဌသုနိမိတ္တေသု၊တို့တွင်၊ကိန္နိမိတ္တံ၊နည်း၊ ။ဘန္တေ၊မြတ်၊ဥဒကံ၊ ပါဘုရား၊ ။ဇေတံ ဥဒကံ၊သည်။နိမိတ္တံ၊မိတ်၊ဝါ၊ဓတရဋ္ဌ ကုဝေရဟု ဒွေမည်ဘိ နတ်မင်းကြီးတို့၊အမြဲနိစ္စ စောင့်ဆောင်ကြသော ဤသိမ်၏ အရှေ့မြောက်ထောင့် အရပ်က-နိမိတ်၊ ။ဘန္တေ၊ မြတ်၊ဧဝံ၊ပြီဘုရား၊

ပုရတ္ထိမာယ ဒိသာယ ကိန္နိမိတ္တံ။ ။ဥဒကံ ဘန္တေ၊ ။ဇေတံ ဥဒကံ နိမိတ္တံ၊ နိမိတ္တံ ဇေတံ ဥဒကံ၊ ။ဧဝံ ဘန္တေ၊ ။ပုရတ္ထိမာယ ဒိသာယ၊ အရှေ့မျက်နှာအရပ်၌၊ဝါ၊အရှေ့မျက်နှာရပ်ဒိသာက၊ ဘဂ-ဝတာ၊ဣဿရိယ ဓမ္မ,ယသ သိရိ,ကာမ၊ပယတ္တဟူဘုန်းခြောက်ဆူနှင့် ပြည့်ပုံ တော်မူသော၊ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်၊ဝုတ္တေသု-ရှစ်ပါး အင်္ဂါပြည့်ပုံစွာနှင့် သံသာကြားအိန့် နာသူဘိုင်းကြည်နူးစိမ့်အောင်၊ဟောမိန့်တော်မူအပ်ကုန်သော၊အဋ္ဌသုနိမိတ္တေသု၊သဗ္ဗတာ,ပါသာဏ,အရင်းစသျှက်၊ခင်းပြဘွယ်ဟိတ် ရှစ်သွယ်သောနိမိတ်တို့တွင်၊ကိံ၊အဘယ်သည်လျှင်၊နိမိတ္တံ၊နိမိတ်နည်း။ ထနည်း၊နိမိတ္တံ၊ နိမိတ်သည်၊ကိံ၊အဘယ်နည်း၊တနည်းကိန္နိမိတ္တံ၊ အဘယ်နိမိတ်နည်း၊ ။ဘန္တေ၊အရှင်မြတ်၊ဥဒကံ၊ရေပါဘုရား၊ ။ဇေတံ ဥဒကံ၊ဤရေသည်၊ နိမိတ္တံ၊နိမိတ်၊နိမိတ္တံ၊ နိမိတ်

သည်၊ တေဇောဒကံ။ ဤ ရေ။ တေဇောဒကံနိမိတ္တံ၊ ဤနိမိတ်သည်ပင်လျှင်ရေ၊ ဤရေသည်ပင်လျှင်နိမိတ်၊ ။ဘန္တေ။မြတ်စွာဘုရား။ ။

ပြဆိုခဲ့ပြီးအနည်းနည်းဖြင့်၊အသီးသီးနိမိတ်ကြားဟန်ကိုမမှားရန်၊စာရင်းသွင်းလျက်။ ဇယားစံခင်းကျင်း၍ရှင်းလင်းအောင်ပြဦးအံ့၊

{၁} ပုရတ္ထိမာယဒိသာယ၊ ။ကြားကာနှစ်သိမ်-နားမှာစိမ့်အောင်။ ။ ပဗ္ဗတ,ပါသာဏ,ဝန,ရုက္ခ,။ ။အဘယ်နိမိတ်နည်း။ ။

{၂} ပုရတ္ထိမာယအနုဒိသာယ၊ ။၎င်း၊

{၃} ဒက္ခိဏာယ ဒိသာယ၊ ။ကြားဘွယ် နှစ်သိမ်-နားဝယ် စိမ့်အောင်၊ ။တောင်နိမိတ်-ကျောက်နိမိတ်၊ ။ဘယ်ဟာ ခေါ်မှ-ဘယ်ဝတ္ထုသည်၊နိမိတ်ပြုတို့ရှိသနည်း၊ ။

{၄} ဒက္ခိဏာယအနုဒိသာယ၊ ။၎င်း၊

{၅} ပစ္ဆိမာယဒိသာယ၊ ။ကြားလျှင်နှစ်သိမ်-နားဝင်စိမ့်အောင်။ ။ တောင်, ကျောက်, တောခွင်၊ ။တစုံတရာ-ဘယ်ဟာ ခေါ်မှ၊ ဘယ်ဝတ္ထုသည်-နိမိတ်ပြုတို့ရှိသနည်း၊ ။

{၆} ပစ္ဆိမာယအနုဒိသာယ၊ ။၎င်း၊

{၇} ဥတ္တရာယဒိသာယ၊ ။ကြားရင်း နှစ်သိမ်-နားတွင်း စိမ့်အောင်၊ တောင်, ကျောက်, တော, သစ်၊ ။တစုံတရာ၊ မည်သည်ဖြင့်၊ ဘယ်ဟာခေါ်မှ-ဘယ်ဝတ္ထုသည်၊နိမိတ်ပြုတို့ရှိသနည်း၊ ။

{၈} ဥတ္တရာယအနုဒိသာယ၊ ။၎င်း၊

{၉} ပုနပုရတ္ထိမာယဒိသာယ၊ ။ရှစ်ပါးအင်္ဂါ-ပြည့်စုံစွာနှင့်၊ သံသာကျူး အိမ့်-ကြည်နူးစိမ့်အောင်၊ ။ပဗ္ဗတ,ပါသာဏ,၊အချင်းစလျက်၊ ။ ကိံ၊အဘယ်သည်လျှင်နိမိတ္တံ၊နိမိတ်နည်း၊ ။

၎င်းသိမ်နိမိတ်များ ကြားသောအခါမှာ၊ သာသနာတော်ဝယ်၊ ကြည်ညိုဘွယ်မို့၊အနက်ကျယ်အလိုရှိပြန်သော်၊ အသံတော်ဂုဏ်အင်္ဂါတို့နှင့်၊ စုံလင်စွာမြတ်ဘုရား၏၊ ရှစ်ပါးသော သဒ္ဒဟိတ်တို့ဖြင့်၊ အဋ္ဌနိမိတ်ရှစ်ရပ်ကို၊ အစဉ်အတိုင်းစပ်ဘပ်လျက်၊ဟန်ကပ်အောင်မှတ်ရတို့၊ အဏ္ဏဝယာဇနာပုံတမျိုး၊ ။

{ဝဏ္ဏသုံ၊ပုဒ်အနက်၊ပေါင်းစုချက်၊}

(၁) ဝဏ္ဏသုံ၊ရွှေနှုတ်ခံတွင်း၊ရွှေထွက်လင်းမူ၊ သန့်ရှင်းသောချာ၊ဝိသဋ္ဌဝါစာဖြင့်၊ကြားကာနှစ်သိမ့်၊နားမှာစိမ့်အောင်၊ဟောမိန့်တော်မူအင်ကုန်သော၊

(၂) ဝုဒ္ဓဏ္ဏသု၊ကြိုးကြာဌာဂ်ကရဝိက်၊ မိုးဖြဖ္ဗာအဏ္ဏနိဋ္ဌသို့၊ ဖွတ်ပြရိဒ်သွင်နမူ၊သဒ္ဒဟိတ်အဆင်တူလျှက်၊မဥ္ဇူ၁ါင၁၊နှုတ်ခွန်းတော်သာယာ၍၊ကြားကာနှစ်သိမ့်၊နားမှာစိမ့်အောင်၊ဟောမိန့်တော်မူအပ်ကုန်သော၊

(၃) ဝုဒ္ဓဏ္ဏသု၊အသံတော်ဝိညေယျ၊ သဒ္ဒါရုံမြေ၍၊ မထွေးမခွ သိလွယ်၊ ဂုဏ်အင်္ဂါပြည့်ကြွယ်လျှက်၊ကြားဘွယ်နှစ်သိမ့်၊ နားဝယ်စိမ့်အောင်၊ ဟောမိန့်တော်မူအပ်ကုန်သော။

(၄) ဝုဒ္ဓဏ္ဏသု၊အသံတော်ပဏိတ၊ နာခံပျော်ရှိလှ၍၊ သဝနိယဂုဏ်ခွသ်၊ အတိဗလဝထု ကြွယ်လျှက်၊ကြားဘွယ်နှစ်သိမ့်၊နားဝယ်စိမ့်အောင်၊ဟောမိန့်တော်မူအပ်ကုန်သော၊

(၅) ဝုဒ္ဓဏ္ဏသု၊ဖရိုဖရဲ ပြိုကွဲခြင်းမရှိ၊ပကတိဖြင့်၊အဝိသာရီ၊ဂုဏ်ဖြာစီလျှက်၊ ကြည်ကြည်သင်လင်၊ နှုတ်သံတော်ပြင်၍၊ ကြားလျှင်နှစ်သိမ့်၊ နားဝင်စိမ့်အောင်၊ဟောမိန့်တော်မူအပ်ကုန်သော၊

(၆) ဝုဒ္ဓဏ္ဏသု၊သံတော်မိန္ဒုလုံးဝန်းမှုကြောင့်၊လှလှကြည်လျှင်၊ သဒ္ဒရုပ်စီပင်၍၊ကြားလျှင်နှစ်သိမ့်၊နားဝင်စိမ့်အောင်၊ဟောမိန့်တော်မူအပ်ကုန်သော၊

(၇) ဝုဒ္ဓဏ္ဏသု၊နက်နဲဂမ္ဘီ၊ ဌာနဝစီဖြင့်၊ သံမြည်ထင်းထင်း၊ ပျံ့နှံ့ခြင်းကြောင့်၊ကြားရင်းနှစ်သိမ့်နားတွင်းစိမ့်အောင်၊ဟောမိန့်တော်မူအပ်ကုန်သော၊

(၈) ဝုဒ္ဓဏ္ဏသု၊ဝန်းကျင်အရပ်၊ပဲ့တင်ထပ်လျှက်၊ သဒ္ဒသိရီ၊နိန္နာဒိဟု၊ ကိတ္တိပျံ့သင်း၊ကျော်နှံ့လင်း၍၊ ကြားရင်းနှစ်သိမ့်၊ နားတွင်းစိမ့်အောင်၊ ဟောမိန့်တော်မူအပ်ကုန်သော၊

(၉) ဝုဒ္ဓဏ္ဏသု၊ ဝိသဋ္ဌမဥ္ဇူ၊ ဝိညေယျ၊ သဝနိယအဝိသာရီ၊ ဗိန္ဒုဂမ္ဘီရ၊ နိန္နာဒိ၊ပါဠိလာခြင်း၊မြန်မာသွင်းမှု၊ သန့်ရှင်းသာယာ၊ သိသာနာပျော်၊သံတော်မကွဲ၊နက်နဲ၍လုံး၊နောက်အဆုံး၌၊ ဖြိမ့်အုံးပဲ့တင်၊ ပြည့်ရလင်၍၊ ဂုဏ်အင်ရှစ်ဆင့်၊အထူးတင့်လျှက်၊ ကြူးခင့်ပုံစကားချောလှ၍၊ ကြည်နူးဘွယ် အများသဘောကျတို့၊နားသောတနှစ်သိမ့်၊ ဟဒယမနောစိမ့်အောင်၊ ဟောမိန့်တော်မူအပ်ကုန်သော၊

ဤသို့စသည်ဖြင့်၊ အတိုအရှည်နှိုင်းချင့်၍၊ အလိုင်းသင့်အောင်ဆိုလေ၊ ၊ မတိုရှည်ဖိဖိမိမိ၊အသားပါပါနှင့်၊ထိပြေလျှင်၊ ဝိဘိသောမန၊ သဘောကျကြ၍၊ ဇောဟဒယ ရွှင်လန်း၊ သောမနခြိုးမွှမ်းလျှက်၊ အားရန်းနှစ်သက်တော်မူကြပေလိမ့်မည်၊ ၊

ဤအရာ၌၊ရှေးအခါဆရာတော်ဦးဥတ္တမာနန္ဒ၊ ကမ္မဝါစာဝရိယ၊ ဟိတခရပြုလုပ်၍၊သိမ်သမုတ်ခဲ့ဘူးရာဌာနများတွင်၊ သိမ်နိမိတ်ကြားခဲ့ဘူးပုံများ၊ မှတ်

သားမိသမျှ၊ သိရှိကြည်ညိုလိုကြသော အခွေ့သကပုဂ္ဂိုလ်များ၏၊ ဆန္ဒအားလျော်ပြန့်မျှော်ကာကြီးတွေး၍၊ မှတ်မိသမျှရေးလိုက်အံ့။ ။

(၁) ပျဉ်းမနားမြို့နယ်၊ ဇောင်ချမ်းကုန်းရွာ၊ ဆရာတော်ဦးရေဝတကျောင်းတိုက်၊ ဒါယကာ-ဦးဘော၏ ကောင်းမှု၊ ၎င်းသိမ်မှာ၊ ပျဉ်းမနားမြို့ ပခန်းဆရာတော်ဘုရားကြီး၊ ဥက္ကဋ္ဌဦးစီး-မှူးကြီးအုပ်ချုပ်၍၊ ပျဉ်းမနား မြို့သယ်ဆရာတော်ဦးသီလာစာရ၊ ကန်ဦးဆရာတော်ဦးကုသလ၊ ၎င်းဂဏ္ဌကာရ ဦးဥတ္တမာနန္ဒနှင့်တကွ၊ ကမ္မဝါစာစရိယ-ဟိတဓရပုဂ္ဂိုလ်များ၊ နိမိတ်ကြားပြုလုပ်လျက်၊ သမုတ်တော်မူကြသည်၊

(၂) မုံရွာမြို့ အပိုင် ကြိုးကြာကန်ရွာ၊ ဆရာတော်ဦးပဏ္ဍိကျောင်းတိုက်၊ ဒါယကာဦးဘိုးကာ၏ကောင်းမှု၊ ၎င်းသိမ်မှာ၊ မုံရွာမြို့ ဇောင်းချမ်းပင် ကျောင်းတိုက်ဆရာတော်ဘုရားကြီး၊ နာယကဦးစီး-မှူးကြီးအုပ်ချုပ်၍၊ ဦးဥတ္တမာနန္ဒနှင့်တကွ၊ ကမ္မဝါစာစရိယ၊ ဟိတဓရပုဂ္ဂိုလ်များ၊ နိမိတ်ကြား ပြုလုပ်လျက်၊ သမုတ်တော်မူကြသည်၊

(၃) မုံရွာမြို့အနီး၊ မအူကြီးရွာ၊ ရပ်တော်ရာတိုက်၊ ဆရာတော်ဦးကုမာရကျောင်း၊ ဒါယကာဦးစံကျော်၏ကောင်းမှု၊ ၎င်းသိမ်မှာ၊ မုံရွာမြို့-ဇောင်ချမ်းပင်တိုက်-ဆရာတော်ဘုရားကြီးပင်။ စိရင်ပြီးခါ၊ ဂဏာစရိယ၊ ပါကဍဦးစီး-မှူးကြီးအုပ်ချုပ်၍၊ ဦးဥတ္တမာနန္ဒနှင့်တကွ။ ကမ္မဝါစာစရိယဟိတဓရပုဂ္ဂိုလ်များ၊ နိမိတ်ကြားပြုလုပ်လျက်၊ သမုတ်တော်မူကြသည်၊ ။

(၄) အောက်ချင်းတွင်းဒိုင်ခြိတ်၊ ပလ္လင်ကုန်းရွာ၊ ဆရာတော်ဦးသုန္ဒရကျောင်း၊ ဒါယကာဆရာနှင်းကောင်းမှု၊ ၎င်းသိမ်မှာတောပုရွာ တောရကျောင်းဆရာတော်ဘုရားကြီး၊ ဂဏပါမောက္ခဦးစီး- မှူးကြီးအုပ်ချုပ်၍၊ ဦးဥတ္တမာနန္ဒနှင့်တကွ၊ ကမ္မဝါစာစရိယဟိတဓရပုဂ္ဂိုလ်များ၊ နိမိတ်ကြားပြုလုပ်လျက်သမုတ်တော်မူကြသည်၊

(၅) ဗုဒ္ဓသင်မြို့ တောင်မျက်နှာ၊ ကန်သစ် အနောက်ရွာ၊ ဆရာတော်ဦးအာစရကျောင်း၊ ဒါယကာ ဦးအောင်လှကောင်းမှု၊ ၎င်းသိမ်မှာ၊ မှန်တောဆရာတော်ဘုရားကြီး၊ ဂဏာသာမိ၊ သဘာပတိဦးစီး မှူးကြီးအုပ်ချုပ်၍၊ ကန္နီမြို့-ထနောင်းပကားဆရာတော် ဦးရာဇိန္ဒ ၎င်းဦးဥတ္တမာနန္ဒတို့နှင့်တကွ၊ ကမ္မဝါစာစရိယ၊ ဟိတဓရပုဂ္ဂိုလ်များ၊ နိမိတ်ကြားပြုလုပ်လျက်၊ သမုတ်တော်မူကြသည်၊ ။

ယခုရေးသားပြီးသော သိမ်နိမိတ်ကြားနည်းမှာ၊ ၎င်း ၅ ဌာနသိမ်တို့၌၊ နိမိတ်ကြားခဲ့ပုံအနည်းနည်းကို၊ တပေါင်းတည်းရေးရ၍၊ ထုံးပြုတို့လိုသူတို့၊ အလွယ်တကူသိရအောင်၊ တခါတည်းထည့်ပြလိုက်သည်ဖြစ်ပေကြောင်း၊

ဤသိမ်နိမိတ်ကြားရာ၌၊သိထိုက်သော ရှေးစကားအချက်တို့ကို၊ ရေးသားဆက်လက်၍၊ မပျက်မကွက်ထည့်လိုက်အံ့၊ ၊ပါဠိဘာသာဖြင့်၊ အရှေ့အရပ်ကို၊ပုရတ္ထိမ၊အရှေ့တောင်ထောင့်အရပ်ကို၊ အနုပုရတ္ထိမ၊ ဟောပြောတော်မူရာ၌၊အနုဟူသောဥပသာရပုဒ်ကို၊ပစ္ဆာအနက်ဟု ထောက်ချိန်လျက်၊ နောက်အကြိမ်ဖြစ်သောအရှေ့၊ ဝါ၊ဒုတိယအရှေ့ဟု၊ဆိုရသင်၏၊ နောက်နောက်အနုပုဒ်အဝဝတို့မှာလည်း၊ယခုထုတ်ပြသောနည်းပင်၊ ၊၎င်းပြင်၊ အရှေ့တောင်ထောင့်အရပ်ကို၊ ဒက္ခိဏပုဗ္ဗဟု၊ ထုတ်ပြတော်မူသော အရာများလည်းရှိသေး၏၊သဒ္ဒါနည်းအတိုင်း၊ အနက်ပေးလျှင်၊ တောင်အရှေ့ဟု၊ ဖြစ်ရသင့်၏၊ အရှေ့တောင်ဟု၊ဖြစ်နိုင်မှုမရှိ၊သို့ပါသော်လည်း၊မြန်မာပြန်နည်းနိဿယနည်းမှာ၊အရာအားလျော်စွာ၊ဘာသာပြန်မှု၊ လောကဝေါဟာရနှင့်၊ မဆန့်ကျင်၍၊ အနှံ့ပင်အဖြစ်မဘက်သဖြင့်၊နှစ်သက်တော်မူကြပေလိမ့်မည်၊ ၊၎င်းနှင့်တူစွာ၊ ပမာပြု၍သိရသည့်၊မဟာနာဂ,မဟာပုရိသ,ဟူသောပါဠိသဒ္ဒါတို့ကို၊ မြန်မာလိုပြန်ဆိုက၊ကြီး,ဆင်ပြောင်၊ကြီး,ယောကျ်ားဟု၊ရရသင့်၏၊သို့သော်လည်း ဝိပရိတ်နည်းရှေ့နောက်ပြန်၍၊ လောကဝေါဟာရထုံးစံ၊ အသုံးမှန်အောင်၊ ဆင်ပြောင်ကြီး၊ ယောကျ်ားကြီးဟု၊ ခေါ်ပြုနိုင်သည်ဟူ၍သိ၊ ပါဠိဒေသနာ သဘောမှာ၊ ဂုဏ်ပြောဝိသေသနရှေ့နေရ၍၊ ဖြဲပြောဝိသေသျ၊ နောက်နေရမြဲဖြစ်သည်ဟု၊သတိပြုလေ၊ ၊၎င်းအရပ်မျက်နှာကိုပြဆိုရာ၊ အင်္ဂလိပ်သဒ္ဒါကျမ်းတို့မှာလည်း၊ သေချာစွာခွဲခြမ်း၍၊ မှတ်ဘန်းတင်ဟန်မှာ၊ အရှေ့ အရပ်ကို East တောင်အရပ်ကို၊ South အရှေ့တောင်ထောင့် အရပ်ကို၊ တောင်အရှေ့ဟူသောသဘောမျိုးနှင့် South East ဟု၊လာရှိသောကြောင့်၊ ပါဠိတော်နည်းကိုယူ၍၊သုံးသကဲ့ဖြစ်၏၊မြန်မာထုံးကိုမလိုက်ဟု၊ဆိုထိုက်ရသင့်ပေသည်၊ ၊

{ဤအရာဌာနဝယ်၊အရပ်ရှစ်မျက်နှာကို၊ဘာသာ ၄ မျိုးဖြင့်၊ ဇယားထိုး၍ပြလိုက်အံ့၊}

| {ပါဠိ} | {မြန်မာ} | {အင်္ဂလိပ်} | {ဟိန္ဒူ} |
|---|---|---|---|
| ပုရတ္ထိမ ပါဒိ | အရှေ့ | East | ပူရဝ်-ဗ |

| | | | |
|---|---|---|---|
| အနုပုရတ္ထိမ<br>ဒက္ခိဏပုဗ္ဗ<br>အဂ္ဂိ | အရှေ့တောင် | South East | အောဂ်ဂနိုး |
| ဒက္ခိဏ<br>အပ ဓိ | တောင် | South | ဒက်ခင်း |
| အနုဒက္ခိဏ<br>ဒက္ခိဏပစ္ဆိမ<br>နေရတိ | အနောက်တောင် | South West | နေရစ်-တ် |
| ပစ္ဆိမ<br>ပတိစိ | အနောက် | West | ပရှင်း-ပ် |
| အနုပစ္ဆိမ<br>ဥတ္တရပစ္ဆိမ<br>ဗါယုဗ္ဗ | အနောက်မြောက် | North West | ဗိုင်ရက်-ပ် |
| ဥတ္တရ<br>ဥဒိစိ | မြောက် | North | ဥတ္တ်ရန်း |
| အနုဥတ္တရ<br>ဥတ္တရပုဗ္ဗ<br>ဣသန္တ | အရှေ့မြောက် | North East | ဧရှန်း |

{အထက်ပါဇယားတွင်၊ ရှေးဦးစွာရေးသား၍ပြအပ်သော၊ ပုရတ္ထိမပုဒ်အတွက်၊ သုဓ်ဘင်ရှင်းလင်း၍ပြဆိုချက်။}

ပုရတ္ထာဘာဝေါ ပုရတ္ထိမော၊ ၊ဟု-ရူပသိဒ္ဓိဋီကာလာသည်နှင့်အညီ၊ ဘာပပစ္စယ်ဘ်၌၊ဆုမ,ပစ္စည်းသက်၍၊ပုရတ္ထိမပြီးသည်ဟုဆိုသောကြောင့်၊ ထိုဋီကာဆရာ၏အလိုအား ဖြင့်၊ တ,ဝမ်းပူနှင့်-ထ,ဆင်ထူး- ယှဉ်ပူးလျက်ရှိရမည်ဟုဆိုပုသင့်၏ ၊ငါးရာ့ငါးဆယ်၊ပဏ္ဏာသနိပါတ်၊ နိလိနိကာဇာတ်၌၊ ပုရတ္ထာပုဒ်သာသည်မှာလည်း၊ သိသာထင်ရှာ၏ ၊ဦးဗုဓ်ဘွင်ပေါ်၊ညောင်ကန်ဆရာတော်ဘုရား၊ရေးသား စီရင်တော်မူသော သဒ္ဒနီတိနိဿျဘွင်၊ဝေပုသိဓ၀-သုတ်ဖြင့်၊ပုရသဒ္ဒါ နောင်တ္တိမ ပစ္စည်းသက်ရမည်ဟု၊ မှာထားတော်မူ၏၊ ထိုနိဿျဆရာတော်၏အလိုအားဖြင့်၊ ကုတ္တိမ၊ဒတ္တိမ၊ စသောပုဒ်တို့ကဲ့သို့၊ သဒိသ ဒွေ

ဘော်နှင့်၊ ထ,ဝမ်းပူနှစ်လုံးဆင့်၍ ပြီးသင့်သည် ဟူလို၊ ၊ထိုဝါဒ-၂-ရပ်တွင်၊ကြိုက်ရာကိုမှတ်၊ ။

ပါထေယျအဋ္ဌကထာ၊လက္ခဏာသုတ်အဖွင့်၊ နံပါတ် (၉၄) ၌၊ ပုရတ္ထာပုဒ်သည်၊ပုရေပုဒ်၏၊ဝေဝုစ်ပရိယာယ်၊ စကားဟယ်ဖြစ်ကြောင်းကို ပြဆို၏။ ၊ ထိုအဋ္ဌကထာ၊ သိဂ်ါလသုတ်အဖွင့်(၁၁၇)၌လည်း၊ပုရတ္ထိမဟူ၊ အသဒိသနှင့်ဖွင့်သည်၊ ၊ထိုတွင်၊ပုရတ္ထာပုဒ်သည်၊ ၊ဒိသာသဒ္ဒေဟ် သတ္တမီပဉ္စမီ ပထမေဟိဒိသာဒေသကာလေတ္တသုအတ္တာတိ၊ ၊ဟူသောပါဏိနီဗျာကရဏ်းဖြင့်၊ ထုတ်ပြ၍၊ပုဗ္ဗသဒ္ဒါနေါင်အတ္တာပစ္စည်းသင်လျက်၊ပုဗ္ဗသဒ္ဒါကိုပုရပြု၍၊ပုရတ္တာ ပြီးစေဟုဆိုပြု၏၊ ၊{ဝိနယသတ္တပကာသနီ}မည်သော ဤကျမ်းကို၊စီတန်းသော ထေရ်ဆရာလည်း၊ ၎င်းဗျာကရဏ်းကို၊ ထောက်သုံးမှန်းယူ၍၊ ဝမ်းပူနှင့် ဆင်ထူး၊တနှင့်ထအထက်အောက်၊ခရေစောက်နှစ်ထိအပူးကို၊ကြည်နူးစွာ သဘောကျသည်ဟု၊ ပြောပြလိုက်ရပေသတည်း၊ ၊၎င်းအရှေ့အရပ် မျက်နှာဟော ပုရတ္ထိမသဒ္ဒါတွင်၊ပု,ဟူ၍တချောင်းငင်ဥရသနှင့် ရှိမှသင့်သည်ကို၊ ပုရတ္ထိမာယ၊ဟု—နှစ်ချောင်းငင်-ဦးဒိဃနှင့်-ဖြဖွင့်ရေးသားလေ့-ရှတ်ဘာသ်လေ့ ရှိကြသူတို့မှာ၊သဒ္ဒါစကား၌၊နားမလည်ခြင်းကြောင့်သာဟုဆိုလေ။ ။

ပန္တိမာယ အနုဒိသာယ၊ ပုဒ်အရ၊ဗါရပ္ပ ဖြစ်သော အနောက်မြောက်ထောင့် အရပ်မှာ၊ဟိုင်းနတ်စောင့်သည်ဟုဆိုရာ၌၊ဟိုင်းဟု-ခေါ်ခြင်းအကြောင်းမှာ။ ၊ အစွယ်ပေါက်ရောက်ခြင်း၊ အလျဉ်းပင်မရှိသော အကြောင်းကြောင့်၊ ၎င်းအစွယ်မှယုတ်လျော့သောဆင်ကို၊ဟိုင်းဟူ၍ဆိုသည်၊ ၊ဒန္တသုဉ္ဉာ ဟိနာတိတိ ဟိုင်းဟု၊ ဝိဂြိုဟ်ပြုလေ၊ ၊ဤအရာဌာနတွင်၊ ဆင် ၅ မျိုး ရှိကြောင်းကို၊ ကောင်းမွန်စွာမှတ်သားအပ်၏၊

ဆင် ၅ မျိုးဆိုသည်ကား၊

(၁) အစွယ်ရှည်ကြီးနှစ်ချောင်း၊ငေါင်းငေါင်းထွက်ပေါ်နေသောဆင်ကို စွယ်ရံဟု ခေါ်သည်၊ ၊(၂) အစွယ်မပေါက်သော ဆင်ကို၊ဟိုင်း,ဟု-ခေါ်သည်၊ ၊(၃)သစ်ခွထိုးခေါ်သောအစွယ်တိုကလေး ၂ ချောင်း ပေါက်ရောက်သောဆင်ကို၊ဟန်,ဟု-ခေါ်သည်၊ ၊(၄)အစွယ်ရှည်ကြီး၊ တချောင်းတည်းသာ-ပေါ်ထွက်သောဆင်ကို၊တယ်,ဟု-ခေါ်သည်၊ ၊(၅)သစ်ခွတိုးအစွယ်တိုကလေးတချောင်းတည်းသာ၊ထွက်ပြူသောသောကို၊တန်,ဟုခေါ်သည်၊ ။ သို့ဖြစ်၍၊မန်လည်ဆရာတော်ကြီးဘုရား ရေးသားသော မဃဒေဝလင်္ကာသစ်ကျမ်းစကား၌၊ {စွယ်ရံဟိုင်းဟန်၊ တယ်တန် သိန်းသောင်း ဆင်အပေါင်းလည်း}၊ ၊ဟု၊စပ်ဆိုတော်မူ၏၊ ၊လောကတွင်၊လင်မရသောမိန်းမကြီးကို၊

အပျိုဟိုင်းဟုဆိုရာ၌၊ ။လင်ယောကျ်ားမှချို့တဲ့သောကြောင့်၊ပတိပူရိသမှာ၊ ဟိနာတိဘိဟိုင်း-ဟု၊ သည်အတိုင်းဝိဂြိုဟ်ပြုသင့်၏။ ။အဓိကာံပီယံ ဥပ္ပါဒေတိဘိအပျို၊ဟူ၍ ထိုထိုအာစရိယော-တို့ ဆိုပြောပြုလုပ်ကြသော ဝိဂြိုဟ်ကဲ့သို့ ၎င်း၊လာဘာသာဘာ ဓာနာတိတိ၆၊ ၇ုက်တိသဒ္ဒ ကရောတီတိ၇ုက်၊ ဖိစသော ၇ုက်ဓာတိ၆၇ုက်ဟု၊ ဆိုပြုသောပုံ၊ ၇ွယ်ပုံကျော်ထင်အဖြေဆရာ၏၊ ဝိဂြိုဟ်လာ ဝဝနတ်ကဲ့သို့၎င်း၊ရပေါင်း၍သိလေ၊

{ဟိုင်းခေါ်ပုံသုံးမှတ်ဘို့၊အဆုံးဖြတ်ပြီး၏၊}

---

ဥတ္တရာယအနုဒီသာယပုဒ်အရ၊သေန္ဒခေါ်သောအရှေ့မြောက်ထောင့်အရပ်မှာ၊ ဂန္ဓုန်နတ်စေ့ဝင့်သည်ဟု-ဆိုရာ၌၊၎င်းဂန္ဓုန်၄ကိုဟောပါဠိမှာ၊ အဘိဓာန်ဆရာက၊ ။သုဝဏ္ဏကနကဇာတံသုဝဏ္ဏ ဂရုဠတသား၊ ။ဟု-အနေကတ္ထဝဂ်မှာဆိုသောကြောင့်၊ သုဝဏ္ဏဟု၊ နပုလ္လိင်နှင့် ရှိပါလျှင်၊ ရွှေဇာတနာဟော၊ ။သုဝဏ္ဏဟု၊ပုလ္လိင်နှင့်ထွက်က၊ ဂန္ဓုန်၄ကိုဟု၊ဆုံးဖြတ်ချက်ထုတ်ပြ၏၊ဝ,နှင့်,ဗ,မှာ၊ကာရိနှင့်ကာရိယဖြစ်ကြ၍၊ဝိသေသပြဆိုဘွယ်မရှိ၊သုဝဏ္ဏနှင့် သုဗဏ္ဏသို့ရာ-ရနိုင်၏၊ ပထမကွာရာ ပ,စောက်နှင့်၊ သုပဏ္ဏ၊တတိယကွာရာဗ, ထက်ချိုက်နှင့် သုဗဏ္ဏဟု။ ကေန္ဒမဆိုသော်လည်း၊ ထိုအနေကတ္ထဝဂ်စကားဖြင့်ပင်၊ ဗ,ထက်ချိုက်အက္ခရာနှင့် ရှိသင့်သည်အဖြစ်ကို၊ နှစ်သက်လိုကြောင်းစကားမှာ-လွန်စွာထင်ရှား၏၊ ၎င်းအဘိဓာန် အရည္ာဒိဝဂ်တွင်လည်း၊ ဂန္ဓုန်၄ကို၏ ပရိယာယ်ကို၊ ။သုဗဏ္ဏာ, ဝေနတေယျာစ,၊ ဂရုဠာဒိဟာဂဓိပေါ။ ။ဟု၊ ၄ ပုဒ်သာပြဆို၏၊ ။ဤအရာတွင်၊ မုံရွာမြို့၊ ဓောင်းချမ်းပင်ဆရာတော် ဘုရားရေးသားစီမံသော{၂-ဘိဓာန်}ခေါ်စာရင်း၌ကား၊ ။ဂန္ဓုန် ဂရုဠာဒေနတေယျာစ၊သုပဏ္ဏာဝိဟဂါဓိပေါ၊ပက္ခိ ဟော၊သုဗဏ္ဏောစ၊ ဘုဇဂါသော၊ဥလုဝိသာတတာဝဇီရတုဏ္ဍောစ၊သောဏ္ဏပက္ခောစဝိဇ္ဇတိ။ ။ ဟု(၁၀)ပုဒ်ပြ၏။ ။၎င်းဆယ်ပုဒ်တွင်၊သုပဏ္ဏသုဗဏ္ဏ။၂ချက်လာသောကြောင့်၊ ထိုက်သက်ရာ ဗျူဟာနှင့်၊ ၂ ပုဒ်စပ်-ကြံဆလျှင်၊ သုပဏ္ဏ၊ ကောင်းသော အတောင်ရှိသော၄ကိုသတ္တဝါဟု၊ အဓိပ္ပါယ်သာ၏၊ သုဋ္ဌုပဏ္ဏာယဿာတိ သုပဏ္ဏောဟု စတုဘြဲ့ဗဟုဗ္ဗိသမာသ်=ဘွဲ့ဝပ်သ၊ ။ဗထက်ချိုက်အက္ခရာနှင့် သုဗဏ္ဏဖြစ်အောင်ကြံဆလျှင်၊သဏ္ဌာန်,ရူပ၊ဇာတိ,အစရှိသော၊ ။ဝဏ္ဏသဒ္ဒါ အနက်-ပေါင်း (၁၀) ချက်တို့တွင်၊ ထင်မြင်ရာသဘောနှင့်၊ သင့်လျော်အောင် တွေးတောလျှင်၊ ကောင်းသော သဏ္ဌာန်-အဆင်း၊အမျိုးဇာတ်ရှိသော ၄ကိုသတ္တဝါဟု၊ဆိုရသင့်၏၊ ထောက်ချင့်နှိုင်းဆ၍၊သဘာဝယုတ္တိကို-သိလေ၊

{သိမ်နိမိတ်ကြားပုံ၌၊ပြည့်စုံအောင်ရေးသားလျက်၊မှာထားချက်ပြလိုက်အံ့၊}

ပဗ္ဗတ,ပါသာဏ,ဝန,ရုက္ခ,မဂ္ဂ,ဝမ္မိက,နဒီ,ဥဒက, ပေါင်း၈ှစ်ဝဟု-ဟော ပြတော်မူရာ၊ ဒေသနာအလျောက်၊တောင်,ကျောက်,တောခွင်၊သစ်ပင်,ခရီး,၊ တသီးမချို၊တောင်ပို့,၊မြစ်,ရေ,၊ ဤရှစ်ထွေသော နိမိတ်တို့ကိုစိတ်အလိုဆန္ဒ၊ ပြည့်စုံအောင်မရပါသော်၊ ခဏမကြာလျင်တဆော၊လင်တခေလာရလွယ်တို့၊ တွင်းငယ်ကလေးများကပွါ၍၊ ပတ်လည်ဖှည့်ပိုက်၊ ထားထိုက်သည်ဆိုခြင်း ကြောင့်၊ထိုတွင်းငယ်အပေါင်း၌၊ ရေလောင်း၍ နိမိတ်ကြားဘို့-ပြည့်စုံအောင် ထားရေ၏'ခွက်ဖသားစသည်၌ တည်သောရေများကို၊ နိမိတ်ပြု၍မကြားအပ် ဟုမှတ်လေ၊

သိမ်နိမိတ်ကြားသည့်အခါ၊နိမိတ်ကြားမည့်ပုဂ္ဂိုလ်က၊ နိမိတ်ရှိရာဌာနသို့၊ ထွက်ကြွ၍ မသွားဘဲ သံဃာများအလယ်က-နေ၍ကြားသည်ဖြစ်စေ၊ထိုထိုနိ မိတ်ရှိရာအရပ်သို့ချဉ်းကပ်သွားရောက်၍ဖြစ်စေ၊ဒေသနာပါဠိလာရှိတိုင်းမေးခွန်း စကားဖြင့်ထွက်ကြားသည့်အခါ၊ အမေးစကားအားလျော်ပတ်အောင်၊ဖြေကြား လျောက်တတ်မှု၊ ရဟန်းရှင်လူ-မည်သူမဆို နိမိတ်စောင့်ပုဂ္ဂိုလ်က-ဖြေဆိုပြန် ကြား၊ လျောက်ထားအပ်၏၊ ၊ပါဠိဘာသာနှင့် ကြားလျင်- ပါဠိဘာသာနှင့် ဖြေဆိုရန်၊ အနက်မြန်မာနှင့် ကြားပြန်လျှင်လည်း- အမေးနည်းမသွေအောင်၊ အနက်မြန်မာနှင့် လျောက်ဖြေ၊ ၊အရပ်ရှစ်မျက်နှာတွင်- လိုရာက-စတင် ၍ကြား၊ ပထမကြားခဲ့ရာအရပ်၊ စ,၍မှတ်ပြီးလျှင်၊ အစဉ် အတိုင်း လကျာ ရစ်အရှိသိုင်း၍၊ လှည့်ပိုင်းကြားလာရာ၊ ဦးစွာကြားခဲ့သော၊ ပထမအရပ်ကို၊ ထပ်မိအောင်-နှစ်ကြိမ်ကြားမှ၊နိမိတ်များစေ့စပ်၍၊ အကျိုးအပြတ်မရှိကြောင်း ကိုလည်း၊ကောင်းမွန်စွာသိလေ၊ ၊

{ဒိဋ္ဌာနုဂတိ-မှတ်သိဘွယ်စကားများ၊}

ဤကဲ့သို့ကြားရာ၌၊အမေးစကားဖြင့်၊နိမိတ်ဘတ်ကြားသောပုဂ္ဂိုလ်တပါး၊ အဖြေစကားဖြင့်လျောက်ထားသော နိမိတ်စောင့်ကလည်းတပါး၊ ၎င်းနှစ်ပါး နှင့်ပင်၊ကိစ္စပြီးနိုင်ပါသော်လည်း၊ ဝိနည်းကမ်အရာ၌၊လွန်စွာဂရုကတ၊ ပြုရ သောအလုပ်မို့၊ သိမ်သမုတ်ခြင်း ကိစ္စ၊ သိမသမ္မုတိ အခါ၊ မင်္ဂလာကြီး အလျောက်၊၎င်းကမ်-အောင်မြောက်ဘို့၊ ကြွရောက်တော်မူလာ ကြသော၊ သံဃာတော်များမှ၊သုဘဓရလောက်လုံ၊ များမြတ်သော ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူကြပါသော၊ဆရာတော်ဘုရား၊ ၄-ပါး၊၅-ပါးစသည်၊ တလှည့် စီ ထွက်ကြွ၍၊သိမ်နိမိတ်ဌာနများကို၊ ဘတ်ကြားတော်မူကြခြင်း၊ နိမိတ်စောင့် ပုဂ္ဂိုလ်များကိုလည်း၊ အားလုံးကုန်နိမိတ်ရ၊ စေ့၎အောင်မှတ်သား၊ တပါးကိ

အစောင့်ထား၍၊လျှောက်ကြားစေခြင်း၊ ၎င်းနောက်မှ၊သံဃာပါမောက္ခ၊ နာယက ပုဂ္ဂိုလ်ကြီးသည်၊နိမိတ်အသီးသီးရှိရာသို့-မထွက်ကြွဘဲ၊ သံဃာပရိသတ်ထဲမှ နေ၍ကြားသည့်အခါ၊သင့်လျော်စွာသော ပုဂ္ဂိုလ်တပါးက၊ ကေမန္တအရပ်က နေ၍၊ဖြေကြားလျှောက်ထားလျှင်၊နံ ပြားလျှောက်ပတ်၊ ဗုဒ္ဓမြတ်စွာ-သာသနာ တော်မြတ်ကို။ကြည်ညိုဘွယ်ရာ၊ပါသာဒိကဂုဏ်ရောက်ဆိုက်၍၊ ၎င်းနည်းပြု ထိုက်လှပေကြောင်း၊ ၊

ဥာနအားလျော်ကန်အောင်၊နေ့ နံ့ သင့်မှတ်သား၍၊ နိမိတ်စောင့် ထားပုံအကြောင်း။

ယခုကာလ-သိမ်နိမိတ်ကြားကြရာ ဥာနရှစ်ရပ်တွင်၊အရှေ့အရပ်၌ တနင်း လာသား၊အရှေ့တောင်ထောင့် အရပ်က-အင်္ဂါသား၊ စသည်ဖြင့်နိမိတ်များစေ့ စပ်အောင် လျှောက်ပတ်သည့် ရဟန်းငယ် တို့ကို၊ နေ့သင့်-နံသင့် ရွေးချယ် ရည်ရွယ်မှတ်သား-နိမိတ်စောင့်ထားပြီးလျှင်၊ အရှင်ဆရာတော်-၄-၅-၆- ပါး အလှည့်ကျတွက်သွား၍ နိမိတ်များ ကြားလေ့ရှိကြ၏၊ ဝိသေသ အထူး မှတ်ဘို့-အလွန်တရာ ကောင်းမြတ်၍ လျှောက်ပတ်လှ ပေသတည်း၊ ၊သို့ သော်လည်း ၎င်းနည်းကို-သိပ္ပံပြကျွန်းသား ရဟန်းများက၊အားရ နှစ်သိမ့်လှ သည်ဟု-မိန့်ကြမည်မထင်၊အဘဲ့ ကြောင့်ဆိုပါလျှင်၊ သိဟိုဠ်ကျွန်းထုံးစံမှာ- ရဟန်းခံသည့်အခါ၊ရှင်ပြုသည့်အခါတို့၌ ရဟန်းသစ်-သာမဏေသစ်တို့၏ ဘွဲ့ အမည်သညာများကို၊မှည့်ဆို-အပ်နှင်းတို့ တနင်္ဂနွေ-ဘနင်းလာ စသည်ဖြင့်၊ သေချာစွာစစ်ဆေး၍ မွေးနေ့နှင့်၊ဟန်ကိုက်အောင်ဟု ဆောင်ပြု မှည့်ခေါ်လေ့ မရှိကြ၊အာလောက, အဘယ, ဟူ၍ မှည့်ထားသော်လည်း၊တနင်္ဂနွေသားများ မဟုတ်ကြ၊ကုမာရ, စန္ဒိမာ, စသည်ဖြင့် မှည့်ထားပါသော်လည်း၊ တနင်းလာ သား, အင်္ဂါသား, စသည်မဟုတ်ပါ၊မြန်မာနိုင်ငံတခွင်း၌ ရှင်ရဟန်းဘွဲ့မည်တို့ မှာကား မွေးသောအားဖြင့်-မွေးဘွား လာသော နေ့ နံ့ နှင့် မခွ အမှန်-အခင်း ကိုက်အောင် မှည့်ထိုက်သည်ဟု အစွဲပြု၍ မှတ်သားလေ့ ရှိကြသည်၊ ၊သို့ ဖြစ်သည်အလုပ်ကြောင့်-သိမ်သမုတ်ရာဥာနဌပင် အလိုက်သင့်ကျလေအောင် တနင်္ဂနွေ-တနင်းလာ-စသည်ဖြင့်၊မခွ-အရှောကြံ၍စီမံထားလေ့ရှိကြခြင်းများ သည်။မြန်မာတိုင်းသားတို့၏ ပကတိသော၊ရှိသဘော အတိုင်းပင်တည်း၊ ၊ {အထူးသတိပြုရန်} ၊သိမ်နိမိတ်ကြားသည့်အခါ၊ အနေဝရှစ်မျက်နှာအားလျော် ရွေးကောက်ရာဖွာ- တနင်္ဂနွေ-တနင်းလာ- အင်္ဂါ-ဗုဒ္ဓဟူး-စနေ- ကြာသပ တေး၊ရာဟု၊သောကြာ။သေချာစွာပိုင်စစ်ရှုလျှက်။ဥာ်ရှစ်ခုနေ့သား-ပြည့်စုံအောင်၊

မရငြားက-နိမိတ်ကြား၍မဖြစ်ဟု တစ်တစ်ခွခွ မှတ်သားလျှင်၊ နောက်သား-နောင်လာ၊များသိသာတို့-ဒိဋ္ဌာနုဂတိ၊လိုက်မိတတ်၍-ဆရာဖြတ် ပုဂ္ဂိုလ်များက၊ဘယ်နေ့သားမဆို၊ ထားလိုရာ ထားနိုင်ကြောင်း-တပည့်သား အပေါင်းအား-မမှားကြောင်းလမ်းအစဉ်ကို သွန်သင်ဆုမ္ဗ၍ပြောပြတော်မူကြရန် ဖြစ်သံတည်း၊

ဤသိမ်နိမိတ်ကြားရာ၌ပါသေသစကား မှတ်သားဘွယ်ရှိသည်မှာ၊ သိက္ခာကာမ၊စိတ္တြဲညာဏ်-သဒ္ဓါတော်ပြည့်သဖြင့်၊ တိပိဋကဓရ-တံခွန်ထူတို့ ဓုန်ဆုကြေညာ အမည်သာပါသော-ဝဇိရာ,ရာမဆရာတော်ဘုရားကြီးသည်။ သိမ်နိမိတ်ကြားခါနီးတွင်-သွန်သင်ဆုမ္ဗ ထည့်ဆက်၍ပြဟန်မှာ၊တော့ဥဒကံနိမိတ္တံ၊ ဟု-မိန့်ဆိုရန်စကား မထေရ်ကြီး ကြားအပြီးတွင်၊ မေးနည်းနှင့် လျော်ကန်အောင်၊ဝေံဘန္တေ၊ဟု-ဖြေရှုညီညွတ်-အပိုသွတ်လျက်၊ အဖျားဆွတ် နောက်ဆုံးက-ထည့်သုံး၍ဆိုရဦးမည်ဟု၊သုစ်ဝစီ-စကားအထူးကို၊တံတားဦးမြို့အနီး၊ ရွှေစည်းခုံဘုရားကြီး မြောက်စောင်းက-ဆရာတော်-ဦးဥက္ကံသ ကျောင်းတိုက်သိမ်သမုတ်ပွဲတွင်၊ ဆရာတို့ငယ်ငဉ်က-အထင်အရှား မှတ်သားလိုက်မိဘူးပေ၏၊ငင်းသိမ်သမုတ်ပွဲကြီး၌၊ အဝေးအနီးပင့်လျှောက်၍ ကြွရောက်တော်မူလာကြသည့်၊ ပါကဋ မထေရ်မဟာ-ပိဋကတ္တယကောဝိဒ အမည်သာသော ကပ္ပိပါဆရာတော်ဘုရားကြီး။ အင်းဝမြို့ဂိုဏ်းချုပ်-ဆရာတော်ဘုရားကြီး။ ငါးခုံ ဆရာတော်ဘုရားကြီး၊ မန်ကျည်းတော-ဆရာတော်ဘုရားကြီး၊ ရေသဖန်း-ဆရာတော်ဘုရားကြီး အစရှိသော၊ဆရာတော်-သံဃာတော်-လေးကျိပ်ကျော်တို့သည်၊ထိုဝဇိရာရာမဆရာတော်ကြီးဘုရား၏ မှတ်သားဘွယ် ဖြည့်ထပ်သော ဧဝံဘန္တေ၊ထည့်ပါ၍ကို အလိုဆန္ဒ သဘောကျသဖြင့်၊ အားရနှစ်သက်တော်မူကြပါသတည်း၊ ၊ဘန္တေ၊ အရှင်ဘုရား၊ ဧဝံ၊ဤသို့-ကောင်းပါပြီဘုရား၊ဟု၊အနက်ပေးလေ၊ ၊

ဤအရာဌာနဝယ် မှတ်သားဘွယ်တတာန်၊စကားအထူး-ကြားဘူးရပြန်သည်မှာ၊ ၊ဥဒကံ—ဘန္တေ၊၌၊ဘန္တေ၊ အရှင်ဘုရား၊ဥဒကံ-ရေပါဘုရား၊ ဟု၊ရှေးဆရာများ ပေးထားသောအနက်ကို ပြင်ဆင်ချက်ပြုရှာကြသော၊ ယခုကာလသုတဓရ အရှင်များ-အချို့သောဆရာတော်ဘုရားတို့သည်၊စင်းစားသောအနေနှင့်၊ကြံဖွေကြဟန်မှာ၊ဘန္တေ,ဟူသောပုဒ်အနက်-အရှင်ဘုရား,ဟူ၍သာထွက်သထို၊ဥဒကံ, ဆိုသောပုဒ်သဒ္ဒါအနက်မှာလည်း၊ရေ—ဟူ၍သာထွက်သင့်သည်ငင်း၏နောက်က-ပါဘုရား, ဟူသော အနက်၊ မထွက်သင့်သော အကြောင်း

ကြောင့်၊ ၎င်း–ရေ,နှင့်-ပါဘုရား,၊ ဤစကား ၂ချက်တွင်၊ ပါဘုရားဟူသော အပိုနက်ကို-ဖြုံဖျက်လွှင့်ပစ်စေ၍၊ ဘန္တေ၊ အရှင်ဘုရား၊ ဥဒကံ၊ ရေ၊ ဤအနေသာသင့်ကြောင်းများ-ဆရာတော်ကြီးတပါးထံမှ အမှန်ပင်နာခံ ရဘူး၏၊ နာခံမှတ်သားမိဘူးရုံမျှမက-ထိုဝါဒကိုနှစ်သက်သော ဆရာတော်ကြီး–ဦးစိုးဉက္ကမှပြုလုပ်သော သိမ်သမုတ်ပွဲတခုမှာ ငါတို့လိုက်ပါဘူးသဖြင့်၊ အထူးပင်မှတ်မိလိုက်ရပေ၏၊ ၊၎င်းဝါဒကို သဘောဥာဏ်ရှုံး၍ ထူးလှသောအချက်ဟု–ယုတ်တရက်ခြီးမွမ်းကြသော်လည်း၊ နည်းထမ်းကသင့်–မသင့်၊ ထောက်ချင့်ဆင်ခြင်လျှင် မှန်ရာကိုမြင်လိမ့်မည်၊ ၊{ဆင်ခြင်ပိုင်စစ်၍ နည်းနေစ်ကျနဘို့၊ အင်းကိုက်အောင်ပြလိုက်အံ့}၊ ၊ဘန္တေ၊ အရှင်ဘုရား၊ ဥဒကံ၊ ရေ–ဤမျှသာ အနက်နေခဲ့လျှင် ရေပါဘုရားဟူသော မြန်မာစကားကို၊ ပါဠိလို ရေးစီ၍ပြောပါဟု စောဒနာလိုသူ-တဦးတယောက် ပေါ်ပေါက်ဆွေးနွေးလျှင်၊ သေးသေးထင်နှင့်ရှိသော ဥဒကံ-ပုဒ်ကိုပင် ထုတ်ဆိုပြရလိမ့်မည်။ အခြားလုပ်သွယ်၊ သရုပ်ကျယ်အောင်၊ ထုတ်ဘွယ်ရာမရှိ-သေသေချာချာကြည့်ပါ၊ ၊ယခင်ဆရာက တဖန် စောဒနာပြုလိုပြန်၍၊ ဥဒကံ၊ ဘန္တေ,ကို၊ အရှင်ဘုရား-ရေ ဟု၊ ဤအနက်မပြုနိုင်ပါလျှင် သူ့ဆိုင်ရာသင့်တော်အောင် ချင့်မြှော်ကာ ရေးသားဘို့၊ အရှင်ဘုရား-ရေဟူသော မြန်မာစကား၏ ပါဠိဘာသာကို ထုတ်ဆို၍ပြပါဟု၊ ပြန်လှန်ကာ၎င်းအတု၊ မေးမြန်းခြင်းပြုက၊ ဥဒက၊ ဘန္တေ ဟူ၍သာ၊ သေးသေးတင်မပါ ဗလာသက်သက်-ဥဒက,ပုဒ်အနက်မှာ၊ ရေဟူ၍သာထွက်သင့်ပါကြောင်း၊ ၎င်းသေးသေးတင်ခေါ် သော နိဂ္ဂဟိတ်ကလေးအတွက်၊ ဝိဘတ်နက်မှာ၊ ပါဘုရား,ဟူ၍ ပြန်ကြားသောအနက် ထွက်နိုင်ကြောင်း၊ ကောင်းကောင်းကြီးသတိထားဘို့ ဖြေကြားပေလိမ့်မည်၊ ။၎င်းပုဒ်နှင့်နမူချင့်၍ တူသင့်စွာ မှတ်ရသော၊ ပဗ္ဗတ-ပါသာဏ စသည်တို့မှာလည်း၊ ဝိဘတ်မပါလျှင်၊ ပဗ္ဗတ၊ တောင်၊ ပါသာဏ၊ ကျောက်၊ ဝိဘတ်ပ လျှင် ဝိဘက် အနက်နှင့် တကွ၊ ပဗ္ဗတော၊ တောင်-ပါဘုရား၊ ပါသာဏော၊ ကျောက်-ပါဘုရား၊ ဟု၊ ထောက်စရာနံ့စကားများကို စင်းစား ဆင်ခြင်က-ပေါ် လွင်ထင်ရှား၍၊ ၎င်းစကားကို အနှစ်သာရအားဖြင့် မမှတ်သားထိုက်ကြပါကြောင်း ကောင်းမွန်စွာ သိသာရန် ဖြောင့်မှန်သောစကား ရေးသားဖော်ပြရပါသတည်း၊

{ ဥဒကနှင့်ဥဒကံ၊ ခြားနားဟန် ၂ရပ် အထွက်၊
ဆုံးဖြတ်ချက်ပြီး၏၊ }

ရင်း၍နေရာတွင်ပင် ဆရာအစဉ်အဆက်၊ ရေးပဝေက-ပေးနေကျ အနက်ကို မနှစ်သက်လိုအဟာန်၊ ကာလညာဏ်ဖြင့် လာကြဖြန်သည့်-တမျိုးအနေမှာလည်း။ ။ဘနေ္တ၊အရှင်ဘုရား၊ဥဒကာံရေပါဘုရား၊၍သို့သောအနက်သွားနဲ့-ဘုရား ၂ရပ်၊ စကားထပ်သည်ဟု အကပ်ဆရာတဦးက-ဆန်းထူး၍ ပြောဖြန်သဖြင့်၊ရင်းစောဒက-သဘောကျ တို့တတန်ဖြေသော်၊ဘနေ္တ၊ အရှင်မြတ်၊ ဥဒကာံ၊ရေပါဘုရား-ဟု၊ကွာအခြားသိဘွယ် နှစ်ဖြာစကားမပြီးအောင်ပယ်လို့မိ ။ ရိယာသပြင်ပါ လျှင်ယာခင်ဆရာ-ပညာဂါ၏ တင်စရာအဖြင့်ရှင်း၍ ပုနရုတ္တိလွှတ်ကင်းသည်ဟု ထင်အလင်းမှတ်ယိုက်လှပါးကြောင်း၊ ။ရင်းနေရာတွင် ရေပါဘုရား—ဟူသောမြန်မာစကားမှာ၊ပါ-သဒ္ဒါအတွက် ဆက်လက်၍ ပြီးအံ့၊ ။ဥဒကာံ၊ရေ၊ဘုရား—ဟု၊ မရှိမသေစကားဖြင့် လျှောက်ထားခြင်း ပြုခဲ့လျှင်၊ ဂရုဂါရဝ၊ သာဒရမထင်၍ အပုံကြီးမယဉ်ကျေး၊ ရိုင်းရာပင် ကျသေးသည်၊ ။ပါနှင့်-ဘုရား ၍စကားနှစ်လုံးကို-ဗိဗိသားမသုံးလို၍ ရင်းကင်ဖြတ်ပစ်လိုက်ပြန်က၊ ဒုတ်နှင့်ရိုက်သလို-အကြားဟာန်မရ၍၊ နားကဏ္ဏ-မချမ်းသာအောင် နန့်နှင့်ဘွာ-ထိနှင့်ဝေး၊ နင်ဟေး-ငါဟား သဘောအတူ-တောသူ-ဘောင်သားတို့ ပြောနေကြစကားအတိုင်း၊ ညွတ်ကိုင်းရိုးသခြင်းမရှိ၊ တုန်းတိတိ-ဖြစ်နေရာ စကားရို့၊ ရေပါ ဘုရားဟူသော- သုံးနည်း အသိုက်သာ၊ ညန့်ကြိုးကြိုက်-မင်းကြိုက်—အတိုးထိုက်ဝနော၊ အကြားလည်းမခက်ပါ၍-နားသက်သာ စကားကောင်းဟု များအပေါင်း သတိထား၍ စင်းစားတော်မူကြပါစေသောဝ်၊

{ ရေပါဘုရား-ဟူသောစကားအတွက်မှာထားဆုံးဖြတ်ချက်ပြီး၏၊ }

---

{တော်နှင့်ဏ္ဏမံ။ သိရှိရန် အကြောင်း}၊ ။တံတံ နိဂ္ဂဏှာနံ-အာဂတ္ဘာဝိက်ဥူတ္ထံဝနကိ၊ ။ဟူသောပါဠိနှင့် ညီစွာ-ထိုထိုနိမိတ်ရှိရာ အရပ်သို့ချဉ်းကပ်သွားသော၍ ကြားသည့်အခါမှာ၊ ပါဠိတော်၌ တိုက်ရိုက်ဟောထုတ်သော တော်ပုဒ်ကို၊ဏ္ဏမံ-ဟု လုပ်ပြုဖြင်ဆင်၍ တင်မြင်သော ဉာဏ်သွားဖြင့်၊ အချို့ဆရာတတ်များ ဘာသာကြား လေ့ရှိကြ၏၊ အချို့ဆရာ-ပညာဂါတို့ကား၊ ထူးခြားကွာသ်မရှိဟု သိမှုသင်မြင်၍ ဖြင်ဆင်လေ့မရှိကြ၊ တော၊ဟိမှ၊ ဟူသောကစွည်းသုတ်ကို ကုတ်ဆိုမှော်ဝေ ဝိက၊လျော်လျောက်ပတ်သည့်နည်း တညီတည်းဟု နှင်ထိနည်းမှတ်သား၍ ကြိုက်ရာကို ဘတ်ကြားလေ၊ ။{ဏ္ဏမနှင့်တာ၊ နိုးဝေးချ၊ တောလယ်လတ်ချ်}၊ ။ဟူ၍ ဤ,ထို ခွဲခြမ်း သဒ္ဒါကျမ်းတို့၌ မှတ်

တမ်း ပြုကာ ထုံးနမူ လာသောကြောင့် သုံးယူဇနာ ကျယ်ဝန်း စွာသော၊ မဟာသိမ်ကြီးဝယ် အလယ်ကနေ၍၊ နိမိတ်တွေ့ရှိသမျှ စေ့ငှအောင်-ကြားပါလျှင်။ တ,သဒ္ဒါနှင့်ပြင်ဆင်၍-ပေါ်လွင် ထင်ရှားအောင်၊ တမျိုးတဖုံ-ကြားရဦးမည်လားဟု၊ သဒ္ဒါငယ်ကျမ်းစကားကို ငြမ်းထား၍မေးပြန်လျှင်၊ ဇေတံနှင့်ပင်-လျောက်ပတ်ပြီးမို့ နောက်ထင်သဒ္ဒါနည်း-တ,သဒ္ဒါနှင့် အတဝါးထပ်သွန်း၍ ပြင်ဆင်ဘို့မလျော်ကန်သည့်ပြင်၊ဇေတံ-အနက်၊မှတ်သားချက်ကိုဖွင့်ဆိုသော်၊ ဤနှင့်ထို-နှစ်ဖြာ ထွက်နိုင်ပါသော်လည်း သက်ဆိုင်ရာ ရည်ချိန် ကြည့်လျှင်၊ ဤသိမ်၏နိမိတ်ဖြစ်၍စင်စစ်မချ-မထွေးရအောင်၊ဧတ,သဒ္ဒါအနက်ကို၊ဤ,ဟူ၍ဆို၊ထိုသိမ်၏နိမိတ်မဟုတ်ဟု ဗျတိရိက်ပြုလေ၊ ။ဤယခုဆိုခဲ့ပြီးပါဋ္ဌိ၊ ။တံတံ နိမိတ္တဋ္ဌာနံအာဂန္တွာ၊ စသည်ဖြင့် လာရှိသည့်မှာ၊ သဗ္ဗသာဓာရဏသာမည စကား အများ အပြားနှ့် စေရန်မို့ သဒ္ဒနယ ထုံးစံဖြင့်၊ တံတံ ဟူသော ဝိစ္ဆာသဒ္ဒါနှင့်ဆိုပြုမြဲ၊ အနီးအဝေးခွဲရအောင် ဆိုသည်မဟုတ်ရ၊ မချမသွေ-မှတ်ပါလေ၊ ။

ဇေတံနှင့်ဇာမံအတွက်၊မှာထားဆုံးဖြတ်ချက်ပြီး၏၊

---

သိမ်နိမိတ်ရှစ်ဌာနနှ၊မည်နာမ-အဖြာဖြာအသီးသီးတို့ကို၊
မဟာဝါအဋ္ဌကထာကြီးအတွက်-အမြွက်မျှသင်းထုတ်၍၊
အကျဉ်းချုပ်သိသာရန်၊မြန်မာလိုပြန်လိုက်အံ့၊

သိမ်နိမိတ်ရှစ်ပါးကို၊ထင်ရှားအောင်ခွဲစိတ်လျှင်၊ (၁) တောင်နိမိတ်ပဗ္ဗတ ၌၊ကဿပ အလောင်းတော် အောင်းပျော်ရာ စခမ်း၊သွားကြသော ခရီးလမ်းဝယ်၊ ကန္တိနယ် မြို့အတွင်းမှာ ထိန်ဝင်းစွာ-နသာမှန်အရောင်ပြီးသော၊ပြာပုံတောင်ကြီးများလို၊ထိုထိုဤဤ-ပတ်လည်တကြော ကျောက်မနှောဘဲသလဲမြေမှုံ့အထု၊သက်သက်ရသောသုဋ္ဌပံသုတောင်၊မုံရွာနယ်ဇဝှမ်း၌မိုလ်ဝန်းတောင်ရွှေဘဲထောင်၊စသည်တို့ကဲ့သို့ မြေမှုန်တို့ သဲတို့မရောဘဲ ကျောက်ဆိုင်ခဲသက်သက်ဟုတ်တဲ့သော၊သုဋ္ဌပါသာဏတောင်၊မန္တလေးတောင်၊ခုန်ကင်းတောင်၊စသည်အနေကဲ့သို့၊မြေမှုန်နှင့်ကျောက် နှောနှောက်၍ရကြသော ဥဘယမိဿကတောင်၊ဟူ၍၃ပါး၊အားလုံးပင်-နိမိတ်ကြားကောင်းသည်မှန်၏၊တောင်သညွှန်ပမာပြုအင်သောသဲအရကိုကားနိမိတ်ပြု၍မကြားအင်ဟု-ပင်ပယ်၊ ဆင်ပမာဏအောက်ငယ်လျှင်လည်း တောင်နိမိတ်ထဲမဝင်။ဆင်လောက်မက ဧရာမပဗ္ဗ

ထ၊ပမာထ ကြီးမားသော်လည်း တောင်နိမိတ်ကြား ကောင်း၏ဟု ကြည့်ရှု၍ ကောက်၊ ။(၂) ကျောက်နိမိတ်ကိုပြဆိုရာ သဘော၌အယောဂဠ္ဌဟုဆိုအပ် သော သံတွေခဲကို ကျောက်ထဲသို့ထည့်၍နိမိတ်လောက်၏ဟု ယူငင်၊ဆင်ပမာ ထ-ရှိခဲ့မူကျောက်ဟူ၍ မခေါ်ဘဲ တောင်နိမိတ်ထဲသို့ သွင်းရမည်၊ အလည်အ လတ်နည်းအားဖြင့် နွားကြီးနှင့်ကျွဲကြီးလောက် မြင့်မောက်သောကျောက်ခဲကို အပ်သည်ထဲသွင်း၊ အဖျင်းဆုံးအစားမှတ်သားဘို့ နှုန်းဖွဲ့ဆိုလျှင်၊ ၃၂ ပိုလ်တင် လဲခဲမျှပမာထရောက်ခဲ့လျှင်၊ကျောက်နိမိတ်ထဲ ပါဝင်၏၊ ။(၃) တောနိမိတ် အတွက်တွင် မြက်ပင်တော-ဝါးတော-ထန်းတော-ဓနိုးတောစသည်များမှာ၊ ပိပိသားမအပ်ခြင်းကြောင့် နိမိတ်ပြုဘို့ မသွင်းရ၊အတွင်းက အနှစ်ထွန်းတတ် သည့်၊ကျွန်း-အင်ကြင်းစသည်တသင်းနှင့် အတွင်းမှာ၊ အနှစ်များ ရေနှော၍ ပေါက်တတ်သော သစ်ပင်တောများကား၊ နိမိတ်ကြားခြင်းငှါဖြစ်၏၊ ပေ ၙမ ပရိစ္ဆေဒအားဖြင့်၊ ၄-၅ပင် မျှရှိလျှင် တောအရာပါဝင်ပြီ၊ ။(၄) သစ်ပင် နိမိတ်မှတ်သားလျှင်၊ ဝါးပင်-ထန်းပင်-ဓနိုးပင်စသော အပင်ရကို နိမိတ်ပြုဖို့ အလျှင်းမရ၊အတွင်းကအနှစ်ပြည့်ပြီးလျှင်၊စိမ်းရှင်သောအသက်ရှိက ပမာထ အချင့်၊လက်၄သစ်မြင့်အရပ်၊လုံးပတ်အလိုပမာ၊ဆိုကသိပဟိုဠ္ဌကညစ်ရိုး၊သို့က လောက် သစ်ပင်မျိုးမှ နိမိတ်ပြု၍ ကြားရ၏ဟူသတည်း၊ ။(၅) ခရီးနိမိတ် မှတ်တမ်းမှာ၊ခြေလမ်း လှည်းလမ်း၂မျိုးလုံး လူအများသုံးဆောင်က နိမိတ် အရာ-အောင်ရ၏၊ ။(၆)တောင်ပို့ နိမိတ်-လောက်-မလောက်မှာ၊ ယနေ့ ပေါက်သစ်စ နွားဦးချို ပမာထကဲ့သို့ လက်ရှစ်သစ်ခန့်မျှရှိသော် နိမိတ်အရာ လျော်ပြီ၊ ။(၇)မြစ်နဒီနိမိတ်မျိုးမှာ၊မိုးလေးလ ရေမပြတ်က-နိမိတ်အမှတ်ပြု ရ၏၊ ။(၈) ဥဒက-နိမိတ်ရေမှာ လှေ၊အိုး စရည်းကြီးစသည်ဝယ် မှီတွယ် တည်နေသောရေများ၊နိမိတ်မကြားရ၊ဟောဒ္ဓိမန္တ်းထားအယုတ်ဆုံးအားဖြင့် က လေးသူငယ်များ ကစားပျော်မြူးဘို့ ဖော်တူး၍ ထားအပ်သော တွင်းကလေး များပမာ၊ကမ္မဝါစာ-အဆုံးရောက်အောင်၊ရေမခန်းမခြောက်မူ နိမိတ်လောက် ၏ဟု ယူလေ၊ ။

ရင်းသိမ်နိမိတ်(၈)ပါးကို၊ပညာရှိပုဂ္ဂိုလ်များ ကဗျာဖြင့်ရေးသား၍ မှာထား ကြပုံမှာ၊အောက်ပါအတိုင်းကြားဘူးသဖြင့် ရေးကူး၍ထည့်ပြလိုက်ပါသည်၊

{တောင်,ကျောက်,တော၊ သင်းဘောတဲ့ချတ်လောက်တယ်၊ချတ်ရာဝယ် ၂,သွယ်ယူလို့၊အနှစ်ယှဉ်သစ်ပင်,ခရီး,နီးပေါ်တောင်ပို့၊}

{ပြဆိုခဲ့ပြီးသော နိမိတ်(၈)ရစ်တွင်၊ ကျောက်နိမိတ်အတွက် မှာထားဆုံး ဖြတ်ချက်၊}

သိဒ်နိမိတ်(၈)ပါးကိုပြဆိုရာ၊မဟာဝါအဋ္ဌကထာ-ဥပေါသထခန္ဓကအဖွင့်၌၊ ၊ပုဗ္ဗမပရိစ္ဆေဒေန ဒွတ္တိံသပလဂုဠပိဏ္ဍပရိမာဏော ဝဋ္ဋတိ၊ ၊ဟူ၍ပြသောကြောင့်၊ပေ ဗ္ဗမပရိစ္ဆေဒအလို၊အယုတ်ဆုံးဖွဲ့ဆိုသဖြင့်၊၃၂ပိုလ်ပြည့်၊ တင်လဲခဲ၏ သဏ္ဍာန်-ပုံစံရှိးကျောက် နိမိတ်လောက်သည်ဟူ၍မှတ်၊ ၊ဤအရာ၌၊ ရှေးဦးစွာထုတ်ဘိသော ဝဇိရဗုဒ္ဓိဒုတိယထေရသကာ၊ ဤ၂တန်ဋီကာကြီးများက၊အပြီးသားမဖွင့်ကြ၊တတိယရောက်-၃ဆင့်မြောက်ဋီကာ၊ဝိမတိဝိနောဒနီဆရာကား၊ ချိန်၂ပါးသဘော မညီသဖြင့်၊ လောကီချိန်ထက်၂ဆထက်ကြီးသော၊မာဂဓချိန်ဖြင့် {ပိုလ်} အတိုင်းအရှည်ကို ယူသင့်သည်ဟုနှိုင်းချင့်ဘွယ်ရာ၊အာစရိယဝါဒကိုသာပြ၏၊ ၊ပြဟန်ကား၊ ဒွတ္တိံသပလဂုဠပိဏ္ဍမာဏတာသဏ္ဍာနတော ဂဟေတဗ္ဗာ၊န, တုလနဝသေနဘာရတော၊ပလပရိမာဏဥ္စမာဂဓတုလာယ ဂဟေတဗ္ဗံ၊ သာစလောကိယ တုလာယ ဒွိ ဂုဏာတိ ဝဒန္တိ၊ ဝိမတိဋီကာပါဠိ ၊၎င်းဝိမတိဆရာက မိမိဝါဒကိုကား၊ထင်ရှားဝိုးသာသ၊ ဘယ်လောက်ကိုမူ၊ တပိုလ်ယူဟု ဆိုကူ၍ မဖွင့်မပြသောကြောင့်၊ အချင့်အခာ, နှင့်သင့်မျှပြိုတွေးမှတ်၍ ၄ကိုတပိုလ်၊ အချို့ ဆရာတို့က ၅ကိုတပိုလ်၊ကင်္ခါနိသျှစောင်၌ကျပ်ဝက်ကိုတပိုလ်၊ဇာတကဝိသောဓနီကျမ်းနှင့်၊ အဘိဓါန်ဋီကာတို့၌၊ ကျပ်၄ဝိကိုတပိုလ်၊ မဟာဝါအဋ္ဌကထာနိသျှနှင့်၊ ၎င်းမဟာဝါ၊ဆင်တဲရှုံတို့၌၊အကျပ်-၁၀ဝိ-တဝိသားကို တပိုလ်ဟု၊ ထိုထိုဝါဒ၊ ၂၅ဌာန ကွဲပြားလျက်၊ နောက်ဆရာအများတို့၊ ကြိုက်ရာကိုမှတ်သား၍သုံးယူလေ့ရှိကြ၏။

ဝိနည်းဋီကာကြီး၊ဆိုခဲ့ပြီးကျမ်း၃စောင်တို့က၊ကုန်စင်အောင် မဖွင့်ကြခြင်းလည်း ခဲယဉ်းသည့်အရာမဟုတ်ပါသောကြောင့်၊မနုဿလူများလောကီသားတို့အားလုံးကုန်စင်ခေါ်ငင်သုံးကြပေါ်လွင်လှသောပါကဋအမှုဖြစ်ပါ၍ဥပေက္ခာပြု၊လျစ်လျူရှုကြသည်ဟုဆိုရသင့်၏၊ ၊ပစ္ဆိမအာစရိယာ၊ နောက်နောက်သောဆရာတို့ကား ငါတဖုံသူတခြား အယူဝါဒများခြင်းမှာလည်း၊ သာသနာတော်ဘက်ဆိုင်ရာ၊ကျမ်းစာအချပ်ချပ်၊ ခဲကပ်သောအမှုကိုသာ၊ ဂရုခမ္ဗပြု၍၊ မဇ္ဈိမဒေသထွက်၊လောကီဘက်ဆိုင်ရာကျမ်းစာများကိုကား၊ သင်ကြားမှု့ချသေ့မရှိကြသဖြင့်အယူအဆ-တွေဝေ၍ သူက တဖုံ ငါကတခြား ဉာဏ်သက်ရောက်ကြ၍ {ပိုလ်}ဟူသောစကား၌၊ဝါဒတွေများကြသည်၊ ၊

ထင်ရှားလူ့ရွာ-ယခုခါမူ၊ ဘာသာအခြား၊ အင်္ဂလိပ်အမျိုးသားတို့၊ ပိုင်ကားထိန်းချုပ် သိမ်းဆုပ်၍လာသည်မှအစပြုလျက် မဇ္ဈိမဒေသ—တံသမီပဖြစ်ကျမ်းစာအမျိုးမျိုးအပြားပြား ဤမြန်မာနိုင်ငံရောက်လာ၍ နောက်ဆရာအပွသု

တော၊ ဒုပ္ပညော-သူငါတရတို့၊ လွယ်ကူစွာ ကြည့်ရှုရလေသောကြောင့်။ ထွေး
တောနည်းမရှုပ်ဘဲ ဇောကဝုစ်ပိုင်ပိုင်၊ ထိထိမိမိနှင့် သိနိုင်ကြရသည်။ ။သို့ဖြစ်
ပါ၍၊ ထိုဝါဒ{၅}ရပ်တွင်။ ရှေးတင်၍ ပြအပ်သော ပထမဝါဒမြတ်အလို ၄တ
ဝိုလ်သာ-ပြဆိုလတန့် အခန်းခန်း၊ အနောက်နိုင်ငံဖြစ်ကျမ်းတို့မှာ၊ တည်တည်း
လာသောကြောင့်၊ ယထာဘူတ၊ ဟုတ်မှန်ရာကျသည်ဟု၊ မုချအားဖြင့်မှတ်သား
သင့်လှပါပေကြောင်း၊ ။ငှင်းအနောက်နိုင်ငံ-မဇ္ဈိမ, ရပ်ဌာနက-မြန်မာနိုင်ငံသို့
ရောက်လာ၍၊ ထောက်စရာအမှီခိုင်မည့်၊ ဆီဆိုင်သည့်ကျမ်းဂန်၊ လမ်းအမှန်
အာဂမ{၄}တပိုလ်သာကေများကား။ ။ဒွာဒသဂုဏ် ပဝဒန္တိမာသံ၊ မာသဝ
ယေသာဠသဘိစကာသံ၊ ကသော-စတုန္တိ ပလ်ထုလညာ၊ ။လိဂ ၁၀တိ
ဂဏန်းကျမ်း ။ဂုဋ္ဌာပဋ္ဌာဇျမာသဂော၊ တောသောဠသာကျောကသော ၁ထိ။
ပလ်ကသဝတုဏ္ဍယံ၊ သုဝဏ္ဏောဝိဿာဟာမာကွ၊ ကုရုဝ်ဒွေးတု-တံပ
လေ၊ တုသာဝိယံပလသတံ၊ ။သက္ကုခုအဘိဓါန် ။စတုကသာလံ,
ပေါ်တွ၊ ဒွသသာဏာမိတံဇုဓေ။ ။ဘာဝပ္ပကာသကျမ်းနှင့် ကပ္ပမှုမအဘိဓါန်၊ ။
ပလ်ကလိပ် အာမိသံ ကသာစတုဏ္ဍယံ ဋုမတုရောတဏ္ဍ၊ သာဏ္ဍ တောလ
စတုဏ္ဍယံ၊ ။ကပ္ပဒုမနှင့်ရတ္တာဝလီအဘိဓါန်၊ ။မုဋ္ဌိပုမ်ဏ္ဍိ-မု-သ-တိ-
ဗဒ္ဓပါတ်မှီလ,ပရိမာဏော၊ ။သဒ္ဒကြောမဟာနိဓိ၊ ။မုဋ္ဌိပုမ်ဏ္ဍိလ,ပရိ
မာဏာစရိတောလာဗဒ္ဓပါတ်။ ။သဒ္ဒဒ္ဓမုတ္တာဝလီ၊ ။တဂ္ဂူကော်ပလံ,
နာမဒေသကလဋ္ဌန္တိဝဒန္တိ၊ ။သာသနာတော်ဘက်ဆိုင်ရာ၊ ကမ်ဓိုကာသစ်။ ။

သီသုံးပါကေစာအုပ်ထွက်၊ ပဲကလျက်၊ မိုလ်ထိအောင် ရေတွက်ပုံ။

| | | | |
|---|---|---|---|
| ၄=အာနှာ | ၄=ပဲ | ၁=သိကိ | ၁=မတ် |
| ၅=သိကိ | ၅=မတ် | ၁=ကာမ်စာ | မဂဓ=ဒိ |
| ၅=တိုလ | ၄=ကာမ်စာ | ၁=ဆဋ္ဌာက | ၁=မိုလ် |

ကြသရေဏုဇုခေပါဠော၊ တိံသတာပရမာနှဘိ၊
တကြသရေဏုတုပရိယာယ၊ နာမာမ္ဘ သိတိဂန္ဓတာ။ ။
ဓာလန္တမုဂထောသူရ၊ ကရေ္ဇ သိဝိလာကျတာ။
ဆမ္ဘ သိဘိမရိစိသ၊ တာဘိဆဘိစရာဇိကာ။ ။
တယောဘိရာဇိကာဘိဝ၊ သသပါ ပေါ်စွတေဒုခေ၊
ယဝေါဠသသပေပါဠော၊ ဂုဋ္ဌသဘစ္စတုဏ္ဍယ်၊ ။
ဆဏ္ဍိတုရတ္တိကာဘိသ၊ မာသကောဟောမခါနကာ၊
မာသေစတူဘိသာဏောသ၊ ခရဏောသနိဂျေးတ၊ ။

ဋုးကာ်သဝေကထိတော၊တန္တယံကောလမုစ္စတော၊
ချဒြမောဝဝုဋ္ဌဝ၊ခြက်ဓာသနိဂန္ထတော၊ ၊
ကောလဇ္ဇသန္တုကဿောဿ၊သပေါတ္တောပါဏိမာဏိကော၊
အကျောဝိဇ္ဇပါဏိထလံ၊ကိဋ္ဌတ်ပါဏိစ တိန္နကံ၊ ။
ဗိဋ္ဌာလပဒကဍ္ဍဝ၊တထာသောဋ္ဌသိကာမတာ၊
ကရမဇ္ဈောဟံသပဒံ၊သုဝဏ္ဏံ ကဗလဂ္ဂဟံ၊ ၊
ဥဒ္ဒမ္ဘရစ္ဆပရိယာယေ၊ကဿောဝေနိဂဒ္ဒတော၊
သိယာကဿောဘိန္ဒပလံ,၊သုတ္တိရဇ္ဇမိကာထထာ။ ၊
သုတ္တိဘိစပလံ,ဥေယျံ၊မုဋ္ဌိရာမြိစတုတ္ထိကာ၊
ပကုဋ္ဌောသောဋ္ဌသိဝိလွှံ၊ပလ,မေဝါတြိကိတ္တျတော၊ ၊
ပးလဟိ,ပသတိးဥေယျာ၊ပသတဋ္ဌနိဂန္ထတော။
ပသတိဟိအဋ္ဌလိဿ၊ကုဍုဝဿသရာဝကော၊ ၊
အဋ္ဌမာနဋ္ဌသဥေယျော၊ကုဍုဝေဟိစမာနိကာ၊
သးခားဝါဋ္ဌပလံတံဝ၊ဥေယျမတြဝိစက္ခဏော။ ၊
သခါးဝဟိဘားဝပဇ္ဇော၊စတုပဇ္ဇေ-တထာဋ္ဌကော၊
ဘာဇနံကံသပါတြဋ္ဌ၊စတုသဋ္ဌိပသဋ္ဌ,သော၊ ၊
စတုဘိရဋ္ဌးကးဒေါးဏာ၊ကလသောနလွှးဏာမ္ဗဏော။
ဥန္နာနဋ္ဌဃားဋ္ဌာရာသိ၊ဒေါဏာပရိယာယသညိတော၊ ၊
ဒေါးဏာဟိသုပ္ပကုမ္ဘာဝ၊စတုသဋ္ဌိသရာဝကော၊
သုးပ္ပဟိစဘဝေဒေါဏိ၊ဝါးဟားဂေါဏိစသာမတာ၊ ။
ဒေါဏိစတုဋ္ဌယံခါရိ၊ကထိတာသုခမဗုဒ္ဓိဘိ၊
စတုသဟဿပလိကာ,၊ဆ,နဝုတျာဓိကာစသာ၊ ၊
ပလာနံဋ္ဌိသဟဿဋ္ဌ၊ဘာရဧးကာပကိတ္တိတော၊
တုသာပလသတံ,ဥေယျာ၊သဗ္ဗတြေးဝသနိစ္ဆယော၊ ၊

{ဘာဝပ္ပကာသကျမ်းစာအုပ်မှ ထုတ်နုတ်၍ ပြအပ်သော-ကပ္ပဒုမအဘိဓာန်အတွက်၊ ၎ တပိုဒ်ကိုအတွင်းပြုလျက်။ရေတွက်ပြပုံ၊}

မာသဇုက်ာက္ခဝိလွှာနိ၊ကုဍုဝေါပတ္ထံမာဋ္ဌကာ၊
ရာသိဂေါဏိခါရိဂ္ဂုတိ၊ယထောတ္တရစတုဂ္ဂုဏာ၊ ၊

{ဧင်းကပ္ပဒုမ ကျမ်းတွက်၊ ၎ တပိုဒ်ကို အတွင်းပြု၍၊ စတုဂုဏာ-ရေတွက်ပြပုံ၊}

ဖြဆိုခဲ့ပြီး–သာဓကပါဌ်အသီးသီးတို့ကို၊ တခါတည်းအဆက်မပေးရအောင်

အနက်ရေးပြလိုက်အံ့၊

ဒသဒ္ဒဂုဏ္ဍ၊ ဆယ်၏ထက်ဝက်၊ ချိန်စက်မထွေး၊ငါးချင်ရွေးကို၊မာသံ၊ မလွဲ တမူ၊၁-ဝဲဟူ၍၊တုလည္ဘာ၊ ချိန်ခွင်လိမ္မာ၊ ကပ်နွာဟု၊ထင်စွာမြင်သိ၊ ပညာရှိတို့ သည်၊ပဝဒန္တိ၊ပြောဆိုကြကုန်၏၊ သောဠသတိုဝ,မာသဝ္ဒယ၊ ၁၆ဝဲ တို့ဖြင့်၊ ကသံ၊ ကသမှတ်ယူ၊ တကျပ်ဟူ၍၊ ပဝဒန္တိ၊ ကုန်၏၊ စတုဘ္ဘိစကသေ၊ ၄ ကျပ်ခါကြ၊ လေး ကသတို့ဖြင့်၊ပလံ၊ပလဆိုယူ–တပိုလ်ဟူ၍၊ ပဝဒန္တိ၊ ကုန်၏၊ ၊{ဆ်လာဝတီအနက်၊}

ပဉ္စဂုဉ္ဇာ၊ ၅ ချင်ရွေးတို့သည်၊ အာဗျမာသကော၊အာဗျမာသက တခုမည်၏၊ တေသောဠသ၊ထိုအာဗျမာသကာ၊သန္ဓါပြုဖြင့်၊နာမခေါ်တွဲ၊ ၁၆ ဝဲတို့သည်၊ အက္ခော၊အက္ခမည်၏၊ဝါ၊သစ်ဆိမ့်သီးနှင့်၊မှီးချင့်နမူ၊အလေးတူသောကြောင့်၊ တွေးယူမှတ်ရ၊တကျပ်ဖြသဖြင့်၊ကသဟူသည်၊အက္ခမည်၏၊အက္ခော၊အက္ခ၊ ကသော၊အက္ခ၊ အ,ထ်၊ဆူထွိလိင်မဟုတ်၊ဝါ၊ ပုလ္လိင်၊အက္ခော၊သဘောမှတ် ထိုး၊နပုံးအက္ခ၊ကာရန့်စိဖြ ၂ လိင်ရ၏၊{၁-အက္ခ၊ ၁-ကသ၊ ၁-သစ်ဆိမ့်၊ ၁-ကျပ်၊ အတူတူ} ကသစတုဘ္ဘယံ- ကသအရ–ပေါင်း ၄ ခုသည်၊ဝါ၊ သစ်ဆိမ့်ကသ၊ကျပ်အရနှင့်၊အက္ခဟူသည်၊ လေးနာမတူညီသော၊ အသပြာ ၄ ဆ်သည်၊ပလံ၊ပလဆိုသည်၊တပိုလ်မည်၏၊အက္ခော၊အက္ခန္တိ၊ ဝါ၊၏၊ဝိသတိ၊ နှစ်ဆယ်ကား၊ သုဝဏ္ဏော၊သုဝဏ္ဏမည်၏၊ သုဝဏ္ဏော၊တသုဝဏ်၊ ပဟမော၊ တသုဝဏ်၊ ပလေ၊ပိုလ်ဌ၊ဝါ၊၏၊ တဘု၊ ထိုနှစ်ဆယသည်ကား၊ကုရုဝိဒ္ဓော၊ ကုရုဝိဒ္ဓမည်၏၊ပသသတံ၊ပိုလ်(၂၀၀)သည်၊တုလာ၊တုလာမည်၏၊ဝါ၊တချိန် မည်၏၊ထ်ယ်၊ဆူထွိလိင်ဌ၊ထ်ယ၊ဖြစ်ရာ၏၊ ၊{သက္ကဋ္ဌ အဘိဓာန်အနက်၊}

ဗုဒ္ဓခါသင်္ချာအရာ၊ နှိုင်းချိန်စာ၍၊ လိမ္မာမြင်သိ၊ လောကန္ဒပညာရှိတို့သည်၊ စတုကသေ၊ကသခေါ်မှတ်၊အသပြာ ၄ ကျပ်တို့ဖြင့်၊ဒသ၊သ၂ဏဓိတံ၊သာ ဏဆယ်လ် အတိုင်းအရှည်ရှိသော၊ ပလံ၊ ပိုလ်ကို၊ ပေါတ္တံ-ပေဂုတ္တံ၊ ဆိုအပ်၏၊ ၊{ဘာဝပ္ပကာသနှင့်၊ကပ္ပဒုမအဘိဓာန်အနက်၊}

အာမိသံ၊နှိုင်းချိန်စရာ၊အစာအာမိသဖြစ်သော၊ ကသစတုဘ္ဘယံ၊ ကသ ခေါ်မှတ်၊အသပြာ ၄ ကျပ်သည်၊ ပလံ၊ပလဆိုသည်–တပိုလ်မည်၏၊ ကလိစံ၊ နပုံးလိင်တည်း၊ဝါ၊နပုံးလိင်ဌ်ဖြစ်ခြင်းရှိ၏၊ဆူတျမရော၊ ဤသို့အမရဆရော၊ပြကာ ညွှန်လို၊မိန့်မြွက်ဆို၏၊ တဘ္ဘုတ္တံဝေ၊ထိုတပိုလ်သည်ပင်လျှင်၊ သဒ္ဒေ၊ဂဏန်း

သင်္ချာ—ကျမ်းများစွာ၌၊တောလစတုဋ္ဌယံ၊တောလ-တိုလ-ထိုနှစ်ဝဖြင့်၊ဆိုဖြ ရေးရာ၊ ၄ သပြာပင်တည်း၊ ၊{ကပ္ပဒုမန္နှင့်၊မုတ္တာဝလိ၊အဘိဓာန်အနက်၊}

မုဋ္ဌိ မုဋ္ဌိသဒ္ဒါသည်၊ ပုမိတ္ထိ၊ပုလ္လိင် ဣတ္ထိလိင်တည်း၊ မုသ၊မုသ ဓာတ်၊ တိ၊ တိပစ္စည်း၊ ဗဒ္ဓပါဏိမှ၊သိမ်းရုန်းပေါင်းချုပ်၊ဖွဲ့အပ်သောလက်ဆုပ်၌ဧင်း၊ ပလ ပရိမာဏာ၊ တပိုလ်အတိုင်းအရှည်၌ဧင်း၊ ဘဝေ၊ ဖြစ်၏၊ ၊{သဒ္ဒဋ္ဌာမ မဟာဒနီဂီအနက်။}

မုဋ္ဌိ၊မုဋ္ဌိသဒ္ဒါသည်၊ ပုမိတ္ထိ၊ ပုလ္လိင် ဣတ္ထိလိင်တည်း၊ ပလပရိမာဏာ၊တပိုလ် အတိုင်းအရှည်ရှိ၏၊စာရိဟောလာ၊ ၄ တိုလာဟု၊ဆိုဖြမှတ်ဘိ၊ ၄ ကျပ်သား ရှိ၏၊ဗဒ္ဓပါဏိ၊ လက်ငါးချောင်းလုံး၊ သိမ်းရုန်းပေါင်းချုပ်–ဖွဲ့အပ်သော လက် ဆုပ်ပင်တည်း။ ၊{သဒ္ဒတ္ထမုတ္တာဝလိအနက်၊}

တတ္ထ၊ထိုဗွတ္တိ သပလ–ဝေါဟာရ၌၊ကော်ပလံနာမ၊တပိုလ်မည်သည်ကား၊ ဒသကလဥ္စ၊ ပယ်ကလဥ္စရှိ၏၊ဇာတိ၊ဤသို့၊အာစရိယာ၊များစွာသိးသိး၊ ဆရာ ကြီးတို့သည်၊ဝဒန္တိ၊ဆိုကြကုန်၏၊ ၊{ကင်္ခါဋီကာသစ်အနက်၊}

{မှာထားချက်လောင်းလိုက်အံ့၊ဧင်းအရာ၌ာနတွင်၊ သင်္ချာကာသကကျမ်း ၌၊ ၃၂ ရွေးကို၊ကသဋ္ဌဘခုဟု-ဆိုဖြခြင်းရှိပါ၍၊ (၁၀) ကလဋ္ဌမှာ၊သေချာသိ ဘွယ်၊ရွေး (၃၂၀)-ရှိသည်ဟုမှတ်၊တကျပ်၏ရွေးပေါင်း (၈၀) နှင့်စား၊လတ် ကာ ၄ ခု၏ဧင်း ၄ ကိုပင်၊ဟိုယခင်က၊ဆိုဖြခဲ့ပြီး လောကီကျမ်းအသီးသီး တို့က၊တငြမ်းတည်တူစွာ၊တပိုလ်ဟု၊ ကောက်ယူပါသောကြောင့်၊ ဧင်းကင်္ခါ ဋီကာသစ်ဆရာရေးသားသော (၁၀) ကဋ္ဌတပိုလ်-ဟု၊ ဆိုပြုသော စကားနှင့်၊ အနောက်နိုင်ငံဖြစ်ကျမ်းဂန်များသည်–တသားတည်းညီညွတ်၍၊နိဒါမြစ်ဂင်္ဂါ၊ မပေါ်နှင့် ယမုနာတို့၏၊ ၊ဥဒကာချေပြား၊ရမကွာနှော ထားဟို့၊ သတေ့ာသွား တူကြပါသတည်း၊}

တိ သတာ၊သုံးဆယ်တိတိ၊အရေအတွက်ရှိကုန်သော၊ပရမာနုဘိ၊ ပရမာနု မြူတို့ဖြင့်၊ ဩသရေဏု၊ ဩသရေဏုမြူကို၊ဗုဇေ၊ ညာရှိတို့သည်၊ပေါ်တွော- ပရတွော၊ ဆိုအပ်၏၊ တု၊ပရိယာယ်တပါးကား၊ ဩသရေဏု၊ ဩသမြူ ကို၊ ပရိယာယနာမ၊ပရိယာယ်အမည်ဖြင့်၊ ဖွဲ့သိတ် ဖွဲ့သိမြူဟူ၍၊ ဂဏ္ဍတေ၊ဂဒယ ဟော၊ဆိုအပ်၏၊ ၊ဇာလန္တရဂတော၊ လေသာပြူတင်းအကြား၌ ဝင်သွားကုန် သော၊ ယူရကရေ၊ နေရောင်တို့ဖြင့်၊ မွှဲသိ၊ မွှဲသိမြူကို၊ ဝိလောကျတော၊ ဝိ-လာ စတော၊ ကြည့်ရှုသင်မှတ်၊ရှုမြင်အပ်၏၊ဆဋ္ဌ သိဘိ ဖွဲ့သိမြူ ၆ ခုတို့ဖြင့်၊မရိစိ၊ မရိစိတခုသည်၊အသဘာဝေယျ၊ဖြစ်ရာ၏၊တာဘိဆဘိ၊ထိုမရိစိ ၆ ခုတို့ဖြင့် လည်း၊ရာဇိကာ၊ရာဇိကာတခုဖြစ်၏၊ ၁၊မုန်ညင်းနီနက်၊ဤ၂ချက်တွင်။ ကြည်

သက်ရောက်၊တခုခုဖြစ်၍၊ ၊တဒေယတိ၊သုံးခုကုန်သော၊ရေဇိကာဘိစ၊ရေဇိကာတို့
ဖြင့်လည်း၊သဒ္ဒသပေါ်၊နှိုင်းယှဉ်ယူသုံး၊ မုန်ညင်းဖြူတလုံးကို၊ ဗုဓေ၊ တို့သည်၊
ပေါဠဝတော၊ ပဝဋ္ဋတော၊ ဆိုအပ်၍၊အဋ္ဌသဒ္ဒသပေ၊မုန်းညင်းဖြူရှစ်လုံးတို့ဖြင့်၊ယ
ဝေါ၊မုယောစပါးတလုံးကို၊ပေါဏ္ဍော၊၍၊ တစ္စတုရတ္တယံ ထိုမုယော၄လုံးသည်
ဂုဋ္ဌာ၊ တချင်းရွှေးသည်၊အသ၊၍။ ၊ဆဂ္ဂုဏ္ဍိ ဒ္ခုကုန်သော၊ရတ္တိကာဘိ၊ ချင်
ရွေး တို့ဖြင့်၊မာသကော၊တပဲသည်၊အသ၊၍၊ ဟေမဓါနကာ၊ဟေမဓါနက-နှာ
မတ္တင်ဘွယ်၊ပရိယာယ်ရှိကြကုန်၍၊ မာသေစတုဟိ၊၄ပဲတို့ဖြင့်၊သာဏော၊သာ
ဏတခုသည်၊အသ၊၍၊သ၊ ထို၄ ပဲအချိန်ရှိသောသာဏကို၊ဓရဏော၊ ဓရဏ
တခုဟူ၍၊ နိဂဏ္ဍုတော၊ဆိုအပ်၍၊ ၊သဠ၀၊ ၄ ပဲသာဏ၊ မဏ္ဍာပြအပ်သော
ထိုဓရဏကိုပင်လျှင်၊ဒုကော၊မတ်ပြားခေါ်မှု၊ဒုက်တခုဟူ၍၊ ကထိတော၊ ဆို
အပ်၍၊တဒွယံ၊ထိုဒုက် ၂ ခုကို၊ဝါ၊သာဏ,ဒုက်,၊ဓရဏ,ဟု၊သုံးဝမည့်ချည်၊
၄ ပဲမည်မှာ၊ ၂ ထိဖြာ၍၊စီကာယှဉ်တွဲ၊အသပြာရှစ်ပဲကို၊ ကောလံ၊တကော
လဟု-ပြောပြအထူး၊မြန်မာလိုငါးမူးဟူ၍၊ဥစ္စတော၊ဆိုအပ်၍၊ သ၊ထိုကောလ
ကို၊ ချဒြီးမော၊ ချဒြမဟူ၍၎င်း၊ ဝဋ္ဌကမ္ဘော၊ ဝဋ္ဌကဟူ၍၎င်း၊ ဒြက်ဏော၊
ဒြက်ဏဟူ၍၎င်း၊ နိဂဏ္ဍုတော၊၍၊ ၊ကောလဒွယန္တု၊ ကောလ ၂ ခုသည်
ကား၊ဝါ၊ ၁၆ပဲသည်ကား၊ကသော၊ကသခေါ်မှတ်၊အသပြာတကျပ်သည်၊
အသ၊ ဖြစ်၍၊သ၊ထိုတကျပ်အရ၊ တကသကို၊ပါဏိမာနိကော၊ ပါဏိမာနိ
ကဟူ၍၎င်း၊ အက္ခော၊ အက္ခဟူ၍၎င်း၊ ပိစု ပိစုဟူ၍၎င်း၊ ပါဏိတလံ၊ ပါဏိ
တလဟူ၍၎င်း၊ ကိဋ္ဌိတ်၊ကိဋ္ဌိတ်ဟူ၍၎င်း၊ ပါဏိစ ပါဏိဟူ၍၎င်း၊ တိန္ဒုကံ၊
တိန္ဒုကဟူ၍၎င်း၊ပေါဏ္ဍော၊ဆိုအပ်၍၊တထာ၊ထိုမှ၊ ဗိဠာလပဒကမ္ဘော၊ဗိဠာ
လပဒဟူ၍၎င်း၊ သောဠသိကာ၊ သောဠသိကာဟူ၍၎င်း၊ ကရမဇ္ဈော၊ ကရမဇ္ဈ
ဟူ၍၎င်း၊ ဟံသပဒံ၊ ဟံသပဒဟူ၍၎င်း၊ သုဝဏ္ဏံ၊သုဝဏ္ဏဟူ၍၎င်း၊ ကဗလဂ္ဂ
ဟံ၊ကဗလဂ္ဂဟဟူ၍၎င်း၊မတာ၊သိအပ်၍၊ ၊ပရိယာယ ပရိယာယ်တို့ဖြင့်၊
ဥဒုမ္ဗရခွ၊ ဥဒုမ္ဗရ ဟူ၍၎င်း၊ ကသေဝ၊ တကျပ်ကိုသာလျှင်၊ နိဂဏ္ဍုတော၊ ၍၊
ကသေဟိ၊ဒွိဝုစ်နှင့်ပြ၊ ၂ ကသတို့ဖြင့်၊အဍ္ဎာလံ၊ ၂ ကျပ်ဆိုမြွက်၊ပိုလ်ထက်
ဝက်သည်၊သိယာ၊ဖြစ်ရာ၍၊တထာ၊ ထိုအဍ္ဎပလ၍၊ နာမသိဘွယ်၊ပရိယာယ်
များကား၊ သုတ္တိ၊ သုတ္တိလည်းမည်၍၊အဋ္ဌမိကာ- အဋ္ဌမိကာလည်းမည်၍၊ ၊
သုတ္တိဘိ ဒွိဝုစ်ဝိဘာက်၊ သက်ပြလတ်၍ ရအပ်လေရာ ဒွိသင်္ချာကြောင့်၊ ၄ သ
ပြာဟုဘိ၊ ၂ သုတ္တိတို့ဖြင့်၊ပလံ၊ပိုလ်ကို၊ညေယျံ သိအပ်၍၊မုဋ္ဌိရ မြဲ၊မုဋ္ဌိရာမြ
ဟူ၍၎င်း၊ စတုတ္ထိကာ၊ စတုတ္ထိကာဟူ၍၎င်း၊ ပကုဉ္စာ၊ ပကုဉ္စဟူ၍၎င်း။
သောဠသိ၊သောဠသိဟူ၍၎င်း၊ ဝိလွံ၊ ဝိလွ ဟူ၍၎င်း။ ပလမေဝ၊ပိုလ်ကိုသာ

လျှင်၊ အတြာ၊ ဤအရာ၌။ ကိဉ္စိတော–ကထယတော၊ ပြောကြားအပ်၏။ ။ {ရှေးသားက–ဖြစ်ခဲ့သော၊ ရှုမ္ဗ၊ သဒ္ဒါနှင့်တကွ၊ ဤဂါထာဖြင့်ပြအပ်သော၊ ရုမ္ဗရာမြ–စတုဗ္ဗိကာ–ပကုဋ္ဌ–သောဠသီ–ဝိလ္လ–ပလ၊ ရင်းသဒ္ဒါချစ်မျိုးတို့သည်၊ ပိုလ်ဟူသောအနက်ကို–ဟောဆိုကြသည်။ ပိုလ်, ပရိယာယ်ခုနစ်သွယ်ဟူပေ}၊ ။ ပလေဟိ၊ ဒွိဂုဏိဝိဘတ်၊ သတိချင်ဘို့၊ ရှစ်ကျပ်ဆိုပြု၊ ပိုလ် ၂ ခုတို့ဖြင့်၊ ပသတိ၊ တလက်ဖက်ကို၊ ဉေယျာ၊ သိအပ်၏၊ ပသတဉ္စ၊ နပုလ္လိင်အားဖြင့်၊ ပသတ ဟူ၍လည်း၊ နိဂ္ဂဟေတ၊ ဆိုအပ်၏၊ ပသတိဟိ၊ ဒွိဂုဏ်စွက်ချက်၊ ၂ လက်ဖက်တို့ဖြင့်၊ အဉ္ဇလိ၊ တလက်ချဝ်မည်သည်၊ အသ၊ ဖြစ်၏၊ ကုဍဝေါ၊ ကုဍုံလည်း မည်၏၊ အဍ္ဎသရာဝကော၊ သရာဝ၏ထက်ဝက်ဖြစ်၍၊ အဍ္ဎသရာဝကလည်း မည်၏၊ ။သ၊ တလက်ချပ်ဟု ဖြွက်ထုတ်ဆိုပုံ ထိုကုဍုံကို၊ အဉ္ဇမာနဥ္စ၊ အဉ္ဇ မာနဟူ၍လည်း။ ဉေယျော၊ သိအပ်၏၊ ကုဍဝေဟိ၊ ဒွိဂုဏ်ရစ်ရ၊ ၂ ကုဍုံတို့ဖြင့် လည်း၊ မာနိကာ၊ မာနိကဟု၊ မှည့်ပြခေါ်ဘွယ်၊ တလမယ်ဖြစ်၏၊ သရာဝေါ၊ သ ရာဝ တခုဖြစ်၏၊ ဝါ၊ သရာဝဟု–နာမဖြွက်ဘွယ်၊ ဆက်လက်သွယ်၍၊ ခွက်ငယ် ကလေး–ခေါ်ရသေး၏၊ တံဝတံဝေ၊ ထိုမာနိက၊ သရာဝအတူသာလျှင်၊ အဍ္ဎပလံ၊ ရှစ်ပိုလ်အချိန်ကိုဟောသောအဍ္ဎပလသဒ္ဒါကို၊ အတြ၊ ဤ ၂ ကရု ရိယာယ်၌၊ ဝိစက္ခဏာ၊ ပညာရှိတို့သည်၊ ဉေယျံ၊ သိအပ်၏။ ။သရာဝေဟိ၊ ဒွိဂုဏ်ဆိုပြု၊ သရာဝ ၂ ခုတို့ဖြင့်၊ ပတ္ထော၊ ပိုလ်ဘဆဲ့ခြောက်–ဆို့ဖွဲ့ကောက်၍၊ တွက်ရောက် မှား၊ စာတမ်းသားဘို့၊ ကွမ်းစားခေါ်ဘွယ်–တစလယ်သည်၊ ဘဝေ၊ ဖြစ်၏၊ တထာ၊ ထိုမှတပါး၊ စတုပတ္ထ၊ ကွမ်းစားစာ–ခေါ် ပြုရေးဘွယ်၊ ၄ စလယ် တို့ဖြင့်၊ အာဠ္ဌကာ၊ တပြည်မည်၏၊ ဘာဇနဥ္စ၊ ဘာဇနလည်းမည်၏၊ ကံသပ တြဥ္စ၊ ကံသပတြလည်းမည်၏၊ သော၊ ထိုတပြည် ဟူသည်၊ စတုသဋ္ဌိပလဥ္စ၊ ၆၄ ပိုလ်ရှိ၏၊ ။စတူဘိရာဠ္ဌကေ၊ ၄ ပြည်တို့ဖြင့်၊ ဒေါဏော၊ တစိတ်ဖြစ်၏၊ ကလသော၊ ကလသသဒ္ဒါကိုရင်း၊ နလွှဏော၊ နလုဏသဒ္ဒါကိုရင်း၊ အမ္ဗဏော၊ အမ္ဗဏသဒ္ဒါကိုရင်း၊ ဥန္မာနဥ္စ၊ ဥန္မာနသဒ္ဒါကိုရင်း၊ ဃဋော–ဃဋသဒ္ဒါကိုရင်း၊ ရာ သိ၊ ရာသိသဒ္ဒါကိုရင်း၊ ဒေါဏပရိယာယသည်းတာ၊ ဒေါဏခေါ်ဘွယ်။ တစိတ် ၏ပရိယာယ်ဟု–သိရှိဘွယ်မှတ်အပ်၏၊ ။ဒေါဏေဟိ၊ ဒွိဂုဏ်နှင့်ရှုစိတ် ၂ ခုတို့ ဖြင့်၊ သုပ္ပကုမ္ဘာစ၊ သုပ္ပလည်းမည်၊ ကုမ္ဘလည်း မည်ကုန်၏၊ {သုပ္ပအရ–မန်း ဗန်းစကာ၊ ကုမ္ဘအရအိုးဟုသိလေ}စတုသဋ္ဌိသရာဝကော၊ သရာဝဖြင့်၊ နာမ ခေါ်တွေး၊ ကောက်ဖွဲ့ရေးလျှင် ၆၄ ခုရှိ၏၊ သုပ္ပေဟိ၊ ဒွိဂုဏ်အရ–ညှိထုတ်ပြအပ် သော သုပ္ပ ၂ ခုတို့ဖြင့်၊ ဒေါဏိ၊ တတင်းသည်၊ ဘဝေ၊ ဖြစ်၏၊ သာ၊ ထိုတတင်း ကို၊ ဝါဟော၊ ဝါဟဟူ၍ရင်း၊ ဂေါဏီ–ဂေါဏီဟူ၍ရင်း၊ မတာ၊ သိအပ်၏၊ ။

ဒွေါဏီစတုတ္ထယံ-ဒွေါဏီ ၄ ခုအပေါင်းကို၊ ဝါ၊ ၄တင်းကို၊ ခါရီ၊ တတ္တိဟူ၍၊ သုခုမဗုဒ္ဓိဟိ၊ သိမ်မွေ့လှစွာ၊ အရာရာကို၊ လျင်စွာမြင်သိ၊ ပညာရှိတို့သည်၊ ကထိတာ၊ဆိုအပ်ကုန်၏၊ သာ၊ ထိုခါရီသည်။ ဆနုဝတ္တာဓိကာ၊ ၉ ဒ ပိုလ် အလွန်ရှိသော၊ စတုသဟဿ ပလိကာ၊ ပိုလ် ၄၀၀၀ ရှိ၏၊ ၊ပလာနံ၊ ပိုလ်တို့၏၊ဒွိသဟဿဉ္စ။ နှစ်ထောင်ကိုကား၊ ဘာရဧကော၊ဘာရတခုဟူ၍၊ ပကိတ္တိတော၊ပြောကြားအပ်၏၊ ပလသတံ၊ ပိုလ်တရာကို၊ တုလာ၊တုလာဟူ၍၊ ဝါ၊ တချိန်ဟူ၍၊ဥဒယျာ၊ သိအပ်၏၊သေ၀ေးသာ၊ ဤသို့ယခု၊ ထုတ်ပြပြပြီး။ အသီးသီးပေါင်း၊ မဂဓချိန်၊မဂဓာဘင်းတောင်း၊ ၎င်းအရပ်ရပ်၊ ကောင်းမွန်စွာသော အသုံးအဖြတ်ကို၊သဗ္ဗတြော၊တွက်ပုံဆိုင်ရာ၊အလုံးစုံသော၊ကျမ်းဂန်တို့၌သာလျှင်၊ နိဿယော၊ ဆုံးဖြတ်အပ်၏၊ ဝါ၊ နိဿယော-နိ.ဇ္ဇဿယော၊ နိဟရိတွာ ဇူ်သိတော၊ ထုတ်နှုတ်၍မှတ်၊ အလိုရှိအပ်၏၊ ၊{ဘာဝပ္ပကာသကျမ်းမှ-ထုတ်နှုတ်၍ပြအပ်သော၊ကပ္ပဒုမအဘိဓာန်အနက်၊

မာသဥ္စကာ၊ကုပ္ပိလွာ,နီ၊မာသ,ဥက်,အကွ,ဝိလွတို့၎င်း၊ဝါ၊ပဲ, မတ်,ကျပ်, ပိုလ်,တို့၎င်း၊ ကုဍုဝေါ၊ကုဍုံ၎င်း၊ပတ္ထမာဍက၊ကွမ်းစား,ပြည်,၎င်း၊ ရာသိဂေါဏီ၊စိတ်,တင်း,တို့၎င်း၊ခါရီကာ၊တိုဝ်.၎င်း၊ဇာတိ၊ ဤ၊ပဲ,မတ်,ကျပ်,ပိုလ်,ဂ.ဍုံ, ကွမ်းစား,ပြည်,စိတ်,တင်း,တိုဝ်.တို့သည်၊ ယထောတ္တရဧတုဂ္ဂုဏာ၊ အစည်မပျက်၊နောက်နောက်သို့၄ဆတက်ကုန်၏၊ ၊{၎င်းကပ္ပဒုမအနက်၊}

ယခုဖြဆိုခဲ့ပြီးသော—ကပ္ပဒုမကျမ်းလာ-တြိသရေဏုမှ၊ဓပေါင်တွာ၊အစရှိသောဂါထာတို့ကို သေချာစွာတဖန်သိရဘို့၊မဂဓချိန်ရေတွက်ပုံ-ပျက် အစုံရေးသား၍ပေါ် လွင်ထင်ရှားအောင် ဖယားဖြင့်ပြဦးအံ့၊ ။

| | | | |
|---|---|---|---|
| ပရံမာနုမြူ | ၃၀ | တြိသမြူ | ၁ |
| တြိသမြူ | ၆ | မရိစိ | ၁ |
| မရိစိ | ၆ | မုန်ညင်းနီ | ၁ |
| မုန်ညင်းနီ | ၃၀ | မုန်ညင်းဖြူ | ၁ |
| မုန်ညင်းဖြူ | ၈ | မုယော | ၁ |
| ၄ ယော | | ၁—ရွေး | |
| ၆—ရွေး | | ၁—ပဲ | |
| ၄—ပဲ | | ၁—သာဏ | (မတ်) |
| ၂—သာဏ | | ၁—ကောလ | (ငါးမူး) |
| ၂—ကောလ | | ၁—ကဿ | (ကျပ်) |

| | | | |
|---|---|---|---|
| ၂–ကသာ | ၁–သုတ္တိ | | |
| ၂–သုတ္တိ | ၁–ပလ | (ဗိုလ်) | |
| ၂–ပလ | ၁–ပသတ | (တလက်ဖက်) | |
| ၂–ပသတ | ၁–အဍ္ဍလိ | (တကုဈိ) (တလမြက်) | ၄-ဗိုလ်၊ |
| ၂–အဍ္ဍလိ | ၁–မာနိကာ(သရာဝ)(ခွက်ငယ်)(တလမယ်) | | ၈-ဗိုလ်၊ |
| ၂–မာနိကာ | ၁–ပတ္ထ | (ကွမ်းစား)(စလယ်) | ၁၆-ဗိုလ်၊ |
| ၄–ပတ္ထ | ၁–အာဠ္ဍက | (တပြည်) | ၆၄-ဗိုလ်၊ |
| ၄–အာဠ္ဍက | ၁–ဒေါဏ | (တစိတ်) | ၂၅၆-ဗိုလ်၊ |
| ၂–ဒေါဏ | ၁–သုမ္ဘ(တခွဲ)(တစကော)(တဗန်း) | | ၅၁၂-ဗိုလ်၊ |
| ၂–သုမ္ဘ | ၁–ဂေါဏီ | (တင်း) | ၁၀၂၄-ဗိုလ်၊ |
| ၄–ဂေါဏီ | ၁–ခါရိ | (တိုဝ်) | ၄၀၉၆-ဗိုလ်၊ |

ဗိုလ် ၂၀၀၀-လျှင်၊ ၁–ဘာရ(တယောက်ထမ်းဝန်)
ဗိုလ် ၁၀၀-လျှင်၊ ၁–တုလာ(တချိန်)

၎င်းကပ္ပဒုမကျမ်းလာ၊မာသငုက်ာကျွဝိလ္လာနိ၊ဂါထာအရ၊၄-ဆထက် ရေတွက်ပုံကို-ပြည့်စုံအောင်ဖယားဖြင့် ရေးသား၍·ပြဦးအံ့၊

| | | |
|---|---|---|
| ၄–မာသ | ၁–ဍက် | ၁–မတ် |
| ၄–ဍက် | ၁–အက္ခ | ၁–ကျပ် |
| ၄–အက္ခ | ၁–ဝိလ္လ | ၁–ဗိုလ် |
| ၄–ဝိလ္လ | ၁–ကုဍုံ | ၁–လမြက် |
| ၄–ကုဍုံ | ၁–ပတ္ထ | ၁–စလယ် |
| ၄–ပတ္ထ | ၁–အာဠ္ဍက | ၁–ပြည် |
| ၄–အာဠ္ဍက | ၁–ဍာသိ | ၁–စိတ် |
| ၄–ဍာသိ | ၁–ဂေါဏီ | ၁–တင်း |
| ၄–ဂေါဏီ | ၁–ခါရိ | ၁–တိုဝ် |

ဤယခု-ဆိုခဲ့ပြီး-အသီးအသီးကျမ်းဂန်တို့က-လမ်းအမှန်ဖြောင့်ပြကြသော အဘိုင်းသာ၊မထောင့်ခွေအောင်ရှေးမှတ်၍၊ မဂဓ-ငို-တပိုလ်ဟူသော ဝိဒူတို့ စကားကိုသာ-သေချာစွာနှလုံးထား၍ မှတ်သားထိုက်လှပါကြောင်း၊

၎င်းထက် အကျယ်အဝန်း-ပြည့်စုံနိုးဟန်သိလိုက၊ ထိုသိုဂဏ္ဍာ-ကျမ်းစာ အချပ်ချပ်၊ ငုံ့ရှုဘတ်၍-နှံ့စပ်နိုင်းညှို၊ ဟုတ်တိုင်းသိသဖြင့်၊ ထိုဝိဒူကရေ-ဂန္ထဲ၏ ဗဟုသုတ-ဝေဘာဗျအမြော်-အတိုင်းတိုင်း ကျော်ပါသော၊မိုင်းခိုင်း

ဆရာတော်ဘုရား-ရေးသားစီရင်တော် မူအပ်သော- { ပဌမပဏ္ဏာဒိဝိနိဿယ ကျမ်း }ကို၊ကြီးပမ်းသမှုလုလ္လပြု၍ ကြည့်ရှုကာမူကြပ ကုန်၊

သို့နှစ်ပါသောကြောင့်၊မိုင်းခိုင်းဆရာတော်ဘုရား၏ ဝိနိဿယနှင့်။ ဤကျမ်း ဆရာပြုသောစကား၊ပေါင်း ၂-ပါးတို့-တသားတည်းစနစ်ကျနံမှုဖြင့်၊ ၎င်း ဒွတ္တိံသ-ပဎကို ဂ,နု,သေချာ ထွေထွေပြာပြီးလျှင်၊ ဖွဲ့ရာခြုံသွဲ့၊ မှာသုံးဖွဲ့ လျှင် ၃၂ ပိုဒ်ဟူသော သင်္ချာကိုတည်ထား၊ ၄-ဟူသော-၄-ဂဏန်းနှင့် မြှောက် ပွားက၊မဂဓကျမ်းအားဖြင့် (၁၂၈)တရာ့နှစ်ဆဲ့ရှစ်ကျပ်သား၊ အင်္ဂလိပ် ကျပ် သုံးဒင်္ဂါးဖြင့် ( ၁၅၆-၇ပဲ-၁/၃ ) တရာ့ငါးဆဲ့တကျပ်- ခုနစ်ပဲနှင့်၊ သုံးစိတ်- နှစ်စိတ်၊မြန်မာကျပ်အားဖြင့် (၁၀၆-၇မူး-၁၂ ၁/၂ )တပိဿာ့ခြောက်ကျပ် ခုနစ် မူးနှစ်ရွေးနှင့် အလေးချိန် တူမျှမလွဲသည့်၊ တင်လဲခဲ ထန်းလျက်လုံးနှင့် ပုံနှုန်း ထောက်ယူ-အကြီး-အငယ်သဏ္ဌာန်တူသော-စံနမူကျောက်-သိမ်နိမိတ်ကြား သောက်၏ဟု၊အောက်ထစ်ထုတ်သုံး-အငယ်ဆုံးစကား၊ ပေးမြဲမှတ်သားဘို့ ထင်ရှားအောင်ပြလိုက်ပါသတည်း၊

ဆိုခဲ့ပြီးစကားကို-လောကကြောင်းအားဖြင့်၊နှိုင်းချင့်ပြိုင်စံလျှင်၊နိုင်ငံတခွင် နှုန်းမလွဲ-အရပ်ရပ်သုံးစွဲသော-တင်လဲခေါ်ထန်းလျက်လုံး၊ အကြီးဆုံး ပုံစံမှာ- တပိဿာ့ အပေါ်-ဆဲ့လေးငါးကျပ်ကျော်လောက်သာ၊ပန်တော်ချင်းနှင့်ပေါက် စိမ်းအရပ်များက၊လုပ်ကိုင်လေ့ရှိတတ်ကြသည်။၎င်းထက် ကြီးကျယ်ပါလျှင်၊ ဘယ်နယ်ရွာ-ဘယ်ခရိုင်မှ လွယ်လွယ်နှင့်မနိုင်၍၊လုပ်ကိုင်မည်မထင်။ သို့က လိုဖြစ်အင်ကြောင့်-ဆင်ခြင်သိမှု သတိပြု၍-အစေ့အငု၊ကြည့်ရှုတော် မူကြရန် အကြောင်း ထပ်လောင်း၍ ပြရပါသတည်း၊

၎င်း ၄-တပိုဒ်ဟူသော စကားမှာ-မန်လည်ဆရာတော်ဘုရား ရေးသား တော်မူသော-မဟာဒေဝလင်္ကာသစ်၌လည်း။ ။လူဘောင်ခေါ်ရေး၊ လေးရွေး တပဲ၊ထိုပဲနှစ်ဆယ်-မှတ်ဘွယ်တကျပ်၊တရပ်၎င်း၊ရွှေပေါင်းငင်စစ်-သုံးဆဲ့နှစ် မူ-ခေါ်လစ်နာမ-ကလဉ္စမှန်၊ဆယ်ပြန်ကလဉ္စ-လေးကျပ်မျှဖြင့်၊ ဂဓတပိုဒ်- ယင်းပိုဒ်ဘာရ၊ တတုလာဖြင့်-တုလာနှစ်ဆယ်-လူဝယ်ခေါ်ထ၊ တဘာရ တည့်၊ ။မဟာဒေဝလင်္ကာသစ်၊ပုဏ္ဏဝါဒခဏ်း၊ ။အခြားပျို့ ရာကျမ်း များမှာလည်း-ထင်ရှားစွာပါနှင့်၏၊ အလိုရှိက-ရှာဖွေ၍ ကြည့်ရှုတော် မူကြပါ ကုန်၊

{ ဒွတ္တိံသ ပဎိနိဿယော နိဋ္ဌိတော၊ }

## သိမ်သမုတ်ပုံအကြောင်း၊

ဤဆိုအပ်ခဲ့ပြီးသောစကားဖြင့်၊ သိမ်နိမိတ်ရှစ်ပါးကို အလိုရှိတိုင်း-ကြား
ပြီးသော်၊ ၊သီမံဘိက္ခဝေသမ္မန္နိတ္ဗေန ပထမံ သမာန သံဝါသသီမာ သမ္မန္နိ
တဗ္ဗာ၊ပစ္ဆာ ၊တိစီဝရေန အဝိပ္ပဝါသော သမ္မန္နိ တဗ္ဗော၊ ၊ဟု၊ဟောတော်မူ
အပ်သော၊မဟာဝါပါဠိတော်မြတ်-မှာပါ၍နှင့်လျောက်ပတ်သင့်ညီစွာ၊ သိမ်
နှုတ်စဉ် အခါကာသကကဲ့သို့၊ဗုဒ္ဓမထည္ဍ-အဋ္ဌကထာမတည္ဍ-ဋီကာမတည္ဍ
ကျမ်းပြုဆရာ-ကဝိန္ဒာတို့ ချိန်စာလုံးမှတ်လျက်၊ ဆုံးဖြတ်ချက်ပြဆိုသည့် အ
တိုင်း၊ဌာန်-ကရိုဏ်း-ပယတ်တို့ဖြင့်၊ ပိုင်းဖြတ်ပီသ ရုံညီမျှတို့၊ ဗျဉ္ဇနဝတ္တ-မ
ယုတ်ဘိအောင်၊ဉတ္တိဒုတိယသမာနသံဝါသသီမ သမုတ်ကမ္မဝါစာ-စက်အာ
ဏာဖြင့်၊ သေချာစိမ့်ခည်-မျှော်ကြံစီသျက်၊ ဒဋ္ဌီကမ္မ-မြဲမြံရအောင်၊ စိတ်ချ
ဘို့အမှတ်-အကြိမ်များစွာရွတ်ဘတ်၊ အဆုံးသတ်၍ ပြီးပြတ်သောအခါဝယ်
၊ ၊ကမ္မဝါစာ ပရိယောသာနေယေဝနိမိတ္တာနိ ဗဟိကတွာ ဟေဋ္ဌာ ပထဝီ
သဏ္ဍာရကံ ဥဒကံပရိယန္တံကတွာ သီမာ ဂတာ ဟောတိ၊ ၊ဟူသော-မဟာ
ဝါအဋ္ဌကထာ ဥပေါသထခန္ဓက-ဖွင့်ပြသည်နှင့်ညီစွာ၊ ကမ္မဝါစာ၏အဆုံး၌၊
ရစ်ပိုက်တည်ရှိသောနိမိတ်ပကို သိမ်၏အပပြု၍၊ ဟေဋ္ဌုပရိယာယ ဌာနဧ
သာ၊ယူဇနာတွက်ကိန်း၊ ၂-သိန်း ၄-သောင်း အပေါင်းဟူဘိ-အထုရှိသော
ဘူမိတလေ-မဟိမွေဟု ဤမြေအလုံး-အကုန်အုံးအောင်၊သိမ်ကြိုးဖေါက်ထွင်း
အောက်အတွင်း၌ပေါက်လျှင်းထုတ်ခြောက်-အာဏာတော်ခရီးရောက်၍၊ ပြီး
မြောက်အောင်မြင်လေသတည်း၊

ဆိုခဲ့ပြီးပါဌ် ၂ချက်ကို-အနက်မြန်မာပြန်လိုက်အံ့၊ ၊ဘိက္ခဝေ၊ချစ်သား
ရဟန်းတို့၊သီမံ၊သိမ်ကို၊သမ္မန္နိတ္ဗေန၊သမုတ်လိုသော ရဟန်းသည်၊ပထမံ ရှေ၊
ဦးစွာ၊သမာနသံဝါသသီမာ၊ သမာနသံဝါသိမ်ကို၊သမ္မန္နိတဗ္ဗာ၊သမုတ်အပ်၏၊
ပစ္ဆာ၊နောက်မှ၊ တိစီဝရေန တိစီဝရိက်အမည်-သုံးထည်သော သင်္ကန်းနှင့်၊
အဝိပ္ပဝါသော၊မကင်းမကွေ နေ၍ကောင်းဘို့၊ အကြောင်းထောက်ချိန်၊ အဝိပ္ပ
ဝါသသိမ်ကို၊သမ္မန္နိတဗ္ဗော၊သမုတ်အပ်၏၊ ၊မဟာဝါပါဠိတော်အနက်၊

ကမ္မဝါစာပရိယောသာနေယေဝ၊ သမာနသံဝါသကမ္မဝါစာ-ရုံစွာအားလုံး
ရွတ်ဘတ်၍ ပြီးဆုံးသောအခါ၌သာလျှင်၊ နိမိတ္တာနိ၊ပိုင်းခြားသတ်မှတ်-နိမိတ်
အရပ်ရပ်တို့ကို၊ဗဟိကတွာ၊ပြင်ပပြု၍၊ဟေဋ္ဌာ၊အောက်၌၊ ပထဝီသဏ္ဍာရကံ၊
မြေကိုခံသော၊ ဥဒကံ၊ရေကို၊ပရိယန္တံ၊အပိုင်းအခြားအဆုံးကို၊ ကတွာ၊ပြု၍၊
သီမာ၊သိမ်သည်၊ ဂတာ၊သက်ရောက်သည်၊ ဟောတိ၊ဖြစ်၏၊ ၊မဟာဝါ
ဥပေါသထ ခန္ဓအဋ္ဌကထာအနက်၊

ငင်းသမာနသံဝါသသိမ် အောင်မြင် ပြီးစီးသည်နှင့် တပြိုင်နက်၊ ထိုသိမ် ထက်ဝယ်ဆောင်ရွက်ဘွယ်ရာ-ရုံစေ့ငုံးအောင်၊ဥပုသ်ပြုခြင်း၊ပဝါရဏာပြုခြင်း ရဟန်းခံခြင်း အစရှိသော-သံဃာကံ အရပ်ရပ်တို့ကို ပြုအပ် ပြုကောင်း သည့် သာတည်း၊ ၊ငင်းသမာနသံဝါသိမ်အတွက်၊ကမ္မဝါစာရွတ်ဘတ်အားထုတ် ဖွဲ့သမုတ်ပြီးသောနောင်မှ၊ တိစီဝရိက်ဆောင်ရဟန်းတို့၊ သင်္ကန်းနှင့်ညဉ့်ကင်း ကာ၊အပြစ်မရှိစေခြင်းဟူသောဝိသေသအကျိုးကို မျှော်ကိုးနှိုင်းဆ၍၊ အဝိပ္ပဝါ သသိမ်ကို၊၃-ကြိမ်၊ ၄-ကြိမ် စသည်၊မပိုသ မရှိရအောင်၊အဝိပ္ပဝါသ ကမ္မ ဝါစာရွတ်ဘတ်၍ ထပ်မံသမုတ်ရ၏၊

သမာနသံဝါသနှင့်- အဝိပ္ပဝါသ-သဘောချင်းမတူကြ၍ မူလရင်းအမှတ်၊ သမာနသံဝါသသိမ်ရပ်၌၊ ဒုတိယအကြိမ်ဘတ်သော်လည်း၊ ထပ်ခြင်းဟူ သော-အဇ္ဈာဂ္ဂရဏ-ဒေါသတစ်၊ဖြစ်မရှိဟု မှတ်သိတော်မူကြပါစေသော်၊

သိမ်သမုတ်ခြင်းစကား၌၊အကျဉ်းအကျဉ်းအားဖြင့်၊မြတ်စွာဘုရား-မြစ်ပယ် တော်မူအပ်သော {၁၁}ရပ်သော ဝိပတ္တိသိမ်တို့ကို လွန်မြောက်စေ၍၊ သုံး တွေသော အင်္ဂါနှင့်-ညီညွတ်စွာပေါက်ရောက်မှ၊ ဗဒ္ဓသိမ်-အောင်မြောက်၏ ၊ ၊ငင်းအရာဝယ်-အဋ္ဌကထာကြီးငယ်တို့က-ဖွင့်ပြကြသော၊ ၊ကော ဒသဝိပ္ပတ္တိသိမာယောအတ်ကူမိတ္တာ-တိဝိသေမ္ပတ္တိယုတ္တာ၌၊ကောဒသဝိပ္ပတ္တိ သိမာ၊ အရ၊ ၁၁-လုံးသောဝိပ္ပတ္တိသိမ်တို့ဟူသည်ကား၊ ၊

(၁) နှစ်ကျိပ်ဘယောက်-မနေလောက်ခြင်း အကြောင်းကြောင့်- အလွန် ကျဉ်းမြောင်းသောအတိခုဒ္ဒကသိမ်ကလေး၊ ၊(၂) သုံးယူဇနာထက်ပိုခြင်း ကြောင့်-အလွန်အမင်းကို-ကျယ်လှသော အတိမဟန္တသိမ်ကြီး၊ ၊(၃)နိမိတ် အရပ်ရပ်တို့ကိုထင်မိ-ပတ်မိအောင်-မကြားခြင်းစသေါအကြောင်းမျိုးကြောင့်၊ နိမိတ်ကျိုးသည်ဟုဆိုရသောခဏ္ဍနိမိတ္တသိမ်၊ ၊(၄)သစ်ပင်ရိပ်-တောင်ရိပ် စသည်ဖြင့်၊အရိပ်ကိုနိမိတ်ကြား၍၊ ဖွဲ့သမုတ်ထားသော-ဆာယာ နိမိတ္တသိမ် ၊ ၊(၅) နိမိတ်ကြားခြင်းအလျင်းမရှိသော-အနိမိတ္တသိမ်၊ ၊(၆) နိမိတ် တို့ကို-အလိုရှိသမျှ ဗဟိအောင်ကြားပြီးမှ၊ ထိုနိမိတ်တို့၏ ဖြင်ပ၌ တည်နေ၍ သမုတ်အပ်သော ဗဟိသိမ္မေဋ္ဌိတသမ္မုတသိမ်၊ ၊(၇) မြစ်၌ ဥတ်ကမ္မဝါစာ ရွတ်ဘတ်၍၊သမုတ်သော-နဒီယာသမ္မုတသိမ်။ ၊(၈) သမုဒ္ဒရာ၌ ဥတ်ကမ္မ ဝါရွတ်ဘတ်၍ သမုတ်သော-သမုဒ္ဒသမ္မုတသိမ်၊ ၊(၉) ဇာတဿရ အိုင်၌၊ဥတ်ကမ္မဝါရွတ်ဘတ်၍ သမုတ်သော-ဇာတဿရေသမ္မုတသိမ်၊ ၊ ၁၀) မိမိသိမ်ဖြင့်၊ သူတပါးသိမ်ကို ထိစပ်၍ သမုတ်သော-သိမာယသိမ်

သမ္ဘိန္နဋ္ဌာနသမ္ဗတာသိမ်၊ ။(၁၁) မိမိသိမ်ဖြင့်-သူတပါး သိမ်ကို-ဖွဲ့မှီး၍သရုတ်သော-သိမာယသိမ်အဇ္ဈောတ္ထရဋ္ဌာနသမ္ဗတာသိမ်၊ ။
ပေါင်း-ဝိပ္ပတ္တိသိမ်ခေါ်-သိမ်ပျက် (၁၁)လုံးပြီး၏။

{ တိပိဓသမ္ပတ္တိယုတ္တာအရ၊ သုံးပါးအပြားရှိသော-သမ္ပတ္တိအင်္ဂါတို့ကား၊ }

(၁) တောင်နိမိတ်-ကျောက်နိမိတ်စသည်ဖြင့်၊ တမျိုးတည်း ဖြစ်စေ၊ ၂-မျိုး၊ ၃-မျိုးမှစ၍၊ ၈မျိုးကျအောင်- အမျိုးမျိုးသဘော ရောနှောပေါင်းဘက်၍ဖြစ်စေ၊ အနည်းဆုံးအားဖြင့်၊နိမိတ် ၃-ခုက-အစပြုလျက်၊ထိုထက်လွန်ပါက၊အလိုရှိသမျှ-နိမိတ်ထား၍ နိမိတ်ပြည့်စုံခြင်းဟူသော နိမိတ္တသမ္ပတ္တိ၊

(၂) အယုတ်ဆုံးအားဖြင်၊ လေးပါး အရေအတွက် ရှိသော ဂဏပူရက သံဃာတို့ညီညွတ်စွာစည်းဝေးမိခြင်းဟူသောပရိသ သမ္ပတ္တိ၊

(၃) သုဏာတု-မေ-ဘန္တေ-သံဃော၊ စသောဉတ္တိဒုတိယ သိမသမုတိ ကမ္မဝါစာကို၊ပီသစွာ-ရွတ်ဘတ်ခြင်းဟူသော ကမ္မဝါစာသမ္ပတ္တိ၊

ရင်းဆိုခဲ့ပြီး သမ္ပတ္တိအင်္ဂါ ၃-ပါးနှင့်၊ ထင်ရှားစွာ ပြည့်စုံမှ- သိမ်အဖြစ်အောင်မြောက်၍၊ အပြီးသို့တိုင်ရောက်၏၊ ။ထိုအင်္ဂါ ၃-ပါး မပြည့်စုံက၊ သိမ်မဖြစ်ဟု မှတ်လေ၊

{ သိမာသဒ္ဒါ၏-ရုပ်ပြီးပုံကို၊ ပြည့်စုံအောင် မှာထားချက် }

ကမ္မဝါစာယ ဗန္ဓတိ ဧတ္ထာတိသိမာ၊ ဗန္ဓိတဗ္ဗာတိဝါသိမာ၊ ။ဟု၊သဒ္ဒါကြီး-စသည့်ကျမ်း-ဥဏာဒ်၊သမာဒိဟိထမာ၊သုတ်၏ဝုတ္တိ၌ပြဆိုရာတွင်၊ချာသ, ဆရာက၊သိ-ဗန္ဓနေ၊ ဟု-ဓာတ်နက်ကြား၍၊မ,ပစ္စည်းထားရုံသာပြ၍၊ ဒီဃ-ရဿ-မခွဲချယ်၊ ။သဒ္ဒနီတိ ဓာတုမာလာ၌လည်း၊ အထူးပြဆိုချက် မရှိ ။ ။ရူပသိဒ္ဓိ၌ကား၊ ။သိ-ဗန္ဓနေ၊ဒိဃော။ သိယတီတိသိမာ၊ ။ဟု၊သေချာစွာစိပ်ပြ၍၊ ဒီဃနှင့်လိုကြောင်းကို ဆို၏၊ ။ဆရာတော်-ဦးဗုဓ်-ရေးထုတ်သော-သဒ္ဒနီတ်ဓာတုမာလာနိဿန်ကား၊ {ရူပသိဒ္ဓိ၌၊ဤဒိဃပြု၏၊ ဤ၌ရင်းဥဏာဒ်၌ရင်း အထူးမဆိုရကား-ရဿနှင့်လည်းသင့်၏} ဟု၊ သိမာ၊ သိမာ-၂ ချက်နှစ်သက်ပုံအကြောင်းကို၊ ပြဆိုမှာထားတော်မူ၏၊ ။မောင်းထောင်ဆရာတော်-ရေးသားစီမံသော-အဘိဓာန်ဋီကာနိဿယ၌ကား၊ {ဤ၌ရင်း၊ဥဏာဒ်-သဒ္ဒနီတိတို့၌ရင်း အထူးမဆိုသော်လည်း၊သိ-ဗန္ဓနေဒီဃော၊ဟု-ရူပသိဒ္ဓိ၌လာ ရကား၊ဒီဃနှင့်လိုသည်}ဟု-အတည်ထကျ-မိန့်ဟ-မှာထားတော်မူ၏၊

သိမ်-ကထာတွင်၊ ဤမျှသာအခြင်းအရာဖြင့်။ ။သဒ္ဒါမှာလိင်ခက်သည်။
ဝိနည်းမှာသိမ်ခက်သည်၊ ။ဟု–ဆိုပြုသော-ရှေးစကားကြောင့်၊ ပေါ်လွင်
ထင်ရှားအောင်ရေးသား၍ မကျဉ်းမကျယ်မှာထားလိုက်ရပါသတည်း၊
သိမ်အကြောင်းကို ရုံးပေါင်းပြဆိုချက် ပြီး၏။

---

သိမ်အကြောင်းကိုပြဆို၍အပြီးတွင်၊ တခါတည်း အကွက်လယ်အောင်
ဆက်သွယ်၍ရှိန်အရောင်ဖြာစေတို့၊သိမ်အောင်စာ၊ သြဘာမေ်ကွန်းများကို၊
ပေ်ညွှန်းရေးသားရန်ကြုံလာချက်ဆိုင်သဖြင့်၊ မုံရွာအထက်ခရိုင် ဗုဓလင်မြို့၏
ပြတင် ဂရို့တောင်မျက်နှာ ။ကန်သစ်တိုက် အနောက် ရွာဝယ်-ဒါယကာ
ဦးအောင်လှ-ဒါယိကာမ၊ မမယ်စိန်တို့၏ကောင်းမှုသိမ်-သမုက်ပွဲနှာ၊နဘဲသာ
ဦးဥတ္တမာနန္ဒ၊ဟိတဓရပုဂ္ဂိုလ် စပ်ဆိုရေးသားဘတ်ကြား မြိုးဖြင့်တော်မူရန်
အများကတောင်းပန်၍၊ အကြောင်းခံဝစနာမချို့အောင် ဆရာတို့ရေးသား၍
ဘတ်ကြားပြဆိုခဲ့ရသော {သိမ်ဒါနမင်္ဂလာသြဘာစာ}

ဇိနင်္ကုံ စိရံဌာတိ၊ဇိနင်္ကုပိလာသနီ၊
တာဝတာဌာ တွာယံသိမာ၊ဘမာဒိစ္စာယထာဋ္ဌိတာ။ ။

ဇိနစက္က၊သုံးလူ့သေဋ္ဌနင်းတရားမင်း၏ထားနှင်းရွှေဗျာ၊စက်အာဏာသည်၊
ယာဝတာ၊အကြင်မျှလောက်၊စိရံ၊ငါးထောင်သချာ မြင့်ရှည်စွာ၊ဌာတိ၊ မိန္တာ
ညစ်ကြေးကင်းလွှတ်ဝေး၍၊ပြစ်ဘေးမစွန်း၊ရောင်ရှိန်လွှမ်းလျက်၊တောက်ထွန်း
ခန့်ခိုင်၊တည်တန့်နိုင်၏၊တာဝတာ၊ထိုမျှလောက်ဇိနစက္ကုပိလာသနီ၊ ဘုရားမိန့်
မြွက် ဓမ္မစက်သြဝါ၊ သာသနာလျှင်၊ ဖြာကာညွှန့်သွယ်၊ ကွန့်မြူယ်၍၊ တင့်
ဘိတယ်စွ၊ပဝတ္တကြောင့်၊ ဇိနက္ကုပိလာသနီ၊မာဂဓိနာမ-ခေါ်ဝေါ်ဘွယ်အမည်
ရသော၊အယံသိမာ၊ဤသိမ်သည်၊ အယံသိမာ၊ ကန်သစ်ဂါမ-အနောက်ရွာ
ဝယ်၊ ဆရာဥရ-တကာလှနှင့်-ဒါယိကာမမယ်စိန် အမည်တပ-အရှည်ပြုကြ
သော-ဤယခုတ္တာသိမ်သည်၊ ဘမာဒိစ္စာ-ဘံ,မာ,အာဒိစ္စာ,၊ရောင်ခြည်ထွက်
လျှံ-လက်သက်ဟပ်သော-နက္ခတ်ထွေးထွ-လနှင့်နေတို့သည်၊ဌိတာယာတာ၊
မြဲမြံနိုင်နှံရှည်-ကပ်လုံးတသ်သကဲ့သို့ ဌိတ-တိဋ္ဌတု၊ သာသနာငါးထောင်-ကုန်
ဆုံးအောင်လျှင်-ထွန်းဖြောင်ထိန်ဝေ-တည်ပါစေသတည်း။ ။

အောင်မင်္ဂလာ-အောင်ဇေယျာဘိ အောင်သိဒ္ဓိဖြင့်-ကိတ္တိကားဇော်-ကပ်
လုံးကျော်၍ ဘုန်းတော်အနန္တ-ဝံမျှသာအရဟံပဝရ တို့မှန်ရှင်သည်၊ ။
ဒိပက်ချာ-မည်တွင်သာသည့်၊မြဘ်စွာဘုန်းဘောက် ထံတော်အောက်၌၊ ကိုယ်

ကျောက်တံတား၊ခင်းသော အားဖြင့်၊ဘုရားဖြစ်မှု၊တောင်းယူပြု၍၊ စေတီသချိုင်း ရစဥ်ရေပြီး၊ လွန်လေသိန်းကပ်၊ ထိန်းအမှတ်ဖြင့် ကိန်းမြတ်ခါညီ-အလျာပီ အခင်၊ပါရမီတရား-မျိုးဆယ်ပါးကို၊ ကျယ်ပွါး-ဖြည့်ကျင့်၊လမ်းကြောင်း ဖွင့် လျက်၊အခွင့်စုံမြောက်-သင့်လုံလောက်က၊ ဂုဏ်တောက် လင်းထိန်၊ သမ္မာ ရှိန်ကြောင့်၊ သာကီနွယ်ဇာ-နွယ်တော်စစ်၌၊ ထွန်းသစ်ဘုန်းလျှံ၊ ခေတ်လုံးညံ့ အောင်၊သုံးတန်လောက-ထောမနလျက်၊ ဂေါတမထွတ်ထား၊ မြတ်ဘုရားဟု၊ ထင်ရှားသယမ္ဘူ၊ဖြစ်ပွင့်တော်မူသတည်း။ ။

အထင်အရှား၊လူသုံးပါး၌၊ဘုရားသယမ္ဘူ-ဖြစ်တော်မူလျှင်၊ဓမ္မုပဒေ၊ ယု ပဒေစဟု ထွေထွေ ညွှန်ပြ-မြိုက်ဝေဒတို့-ကိစ္စငါးပါး-နေ့ညဥ့်အားဖြင့်၊ ဘုရား ပြုဘွယ်-အသွယ်သွယ်ကို-ရစ်ဆယ်သက်တော်-အခါလျော်အောင်-ဝါတော် ပဥ္စ၊တာလီမှု၍၊ သဗ္ဗသတ္တ-များဝေဘောကို-ရန်ရွေးနောက်တော် အပါခေါ လျက်၊ ပြည်ကျော်နိဗ္ဗာန်-နန်းဝေယန်သို့ ဝင်စံပြီးနောက်၊ ဂုန်နည်းလျှောက် ဘို့-ထွန်းတောက်သာသနာ၊ ရှင်မောက်ဖြာအောင်၊ ငါးထောင်တိုင်းစာ၊မှတ် ပိုင်းခြားလျက်-ထားတော်မူခဲ့ပေသတည်း။ ။

ထားခဲ့ သာသနာ-ပွါးသွဲ့ဖြာ၍၊ ဒေသာမဏ္ဍိ၊ တိုင်းပဏ္ဍိမှ-ရစ်လှည့်လည် ကာ-အစဥ်ဖြာသော်၊ လက်ာဒီပ-သီဟဠနှင့်-မည်ရတဖုံ၊ သုဝဏ္ဏ ဘုံဟု- သထုံ ရေဝ်ဟန်၊ တက်လျှောက်ဆန်လျှင်-ပေါက္က မြင်ပိုင်း-သာတင့်လှိုင်းသား၊ စစ်ကိုင်း,ပန်းယ,ပြည်ရွှေဝနှင့်၊ သိခရတနာ-နဂရာအမရ-ဌာနမန္တလေး၊ပျံ့မွှေး သညီ ဘူဟိဝယ်-ပုရီများဘိ-အထိထိရှိသည့်တွင်၊သိရိဘုန်းရောင်၊ ကင်လုံး ပြောင်မည့်၊ ကုန်းဘောင် နွယ်ရိုး-ဆက်စံပိုးသော-ဘိုးတော်မြတ်ဖျား၊ မင်း တရားလျှင်၊မင်းသားဘဝ-ပိုင်စားရသည့်-နဂရအလုံ၊ ရွှေဗဒုံဟု ခေါ်ပုံပြုရာ၊ ချအခါမှ သမ္မာထိန်လင်း-ပြည်ပိုင် မင်းတို့ ခိုင်သွင်း နိမိတ် ဒိဋ္ဌ တြွတ် ဖြင့်- ဝိသိဋ္ဌနဂရာ၊မြို့ရုံရွာတွင်၊ ဆုံပါဝင်၍ ဗုဒေသင်နယ်ခေတ်၊အပိုင်ဖြစ်သည့်၊ကန် သစ်ဂါမာ၊အနောက်ရွာဝယ်၊သဒ္ဓါသီလ-စာဂီမျှလျက်၊သုံ-ဝ ရတနာ မြဲမကွာ သော ဒါယကာ(ဦးအောင်လှ)နှင့်၊ ယာခေါ်င် သမယ-အတိတဟု၊ ရှည်စွပုဗ္ဗ- သံသာရတွင်၊ နှစ်ထွေကြိုကြ ပေါင်းစုံမှု၍၊ ပုညအထူး၊ပြုခဲ့ဘူးသောကြောင့်၊ ကြည်နူးစေတနာဝေဝေဖြာလျက်၊သဒ္ဓါအရှိန်-လ နှယ်ထိန်ပေသော၊ဒါယိကာမ (မမယ်စိန်)တို့သည်၊ရွှင်ချိန် ထောက်ဆ-ကြောင်းရင်းရှာသော်၊ သာသနာဓမ္မ နွံရှည်စွာ ထွန်းပအောင်-ဘုရားသားစစ်-ရဟန်းတော်ဖြစ်တို့ရာ၊ သိမ်သည် သာလျှင်၊ဦးဂူအခြေ၊မှန်ပေသည့်တကားဟု၊ကြည်ပွါးသဒ္ဓါ တည့်တားရာတို့၊ ပညာချက်စိ၊ မျှော်မြင်မိကြ၍၊ အာစရိယ ပုဂ္ဂိုလ်၊များ၊ကြည်ညိုလျက်-ထိုထို

ဂန္ထာ၊ကျမ်းဂန်လာ၌၊လိမ္မာမြင်သိ၊စွမ်းနိုင်ခြင်းရှိသဖြင့်၊ ပရိယတ္တိဝိသာရဒဒ သုတဂဝေသီ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ အစစ်ဖြစ်တော်မူပါသော-ဆရာဘုန်းတော်ကြီးဦးအာစရ-ဝိဟာရသာမိ-အာစရိအရှင်မြတ်ထံ၊ လျှောက်ထားခွင့်ပန်လျှင်၊

·မထေရ်ရှင်ဆရာမြတ်ကလည်း၊နအာဂတ်ကာလခါသမယ၌၊သာသနာ့အလုပ်ထာဝရဟုတ်သဖြင့်၊ ဥပုသ်ပဝါရဏာ-စရွာသီးသီး-ကံကြီး ကံငယ်-သံဃာတော်အသွယ်သွယ်တို့၊ဆောင်လွယ်ဘို့ အကျိုးများကို၊ကိုးစားမျှော်ရှု-အခွင့်တော်ပြုပြီးလျှင်၊ ဘုရင်ရာဇာ-ဘုန်းအာဏာနှင့်၊ သမ္မာရင်းဟိတ်၊ လင်းလင်းဖိတ်သော-အင်္ဂလိပ်အစိုးရမင်းတို့ထံ၊ ဂရန်မြေပုံ၊ပြီးပြည့်စုံအောင်၊ဝိသုံဂါမ၊ပိုင်စားရဘို့၊တရားခွဲလမ်းမှန်၊ အသနားတော်ခံ၍၊ဂရန်မြေရရှိက-ဘူမိအပြင် ရှုကြည်လင်အောင်၊သုတ်သင် ရှင်းလင်းပြီးသည့်ကာလ၊ ဦးအာစရ-နာမတွင်မည်၊ယင်းမထေရ်သည်၊ တမုဉ်းချည်၊ တမုဉ်းကြီး၊ နန္ဒင်းဆိုးလျက်၊ ညောင်စောင်းကွက် အလိုက်-အချက်ဆိုက်အောင်၊ ပန္နက်ရိုက်ပြီးသော်၊ အဟောင်ရှည်ဝေး အတိတ်ရှေးတွင် ဘိုးဘေးဥဿလာယခင်ခါက၊ အရှင်ဆရာတော်ကြီးများ သရုတ်၍ထားခဲ့ကြသော-ပေါရာဏိက၊ ကာလကြာညောင်း၊ အခေါ္ဌာနိယသိမ်အဟောင်းတို့သည်၊ ရင်း၌ာနေ၊ ဂရန်မြေ ဧတွင်-သက်ရောက်လျှင်း၍၊မကင်းစင်စစ်-ရှိသည်ဖြစ်က၊ အဓွောဏ္ဏ ဂေဟာ၊ သမ္ဗန္ဓဟု ဒေါသအပြစ်၊မရစ်မတွယ်၊ကင်းစင်ကြွယ်စေဘို့ သုံးသွယ်ပိဋကတ်၊ အရှင်ရပ်၌နှံ့စပ်မကြီ-ထပ်ထပ်ဖန်ပြီးလျှင်၊ဂဏ္ဌိဂဏ္ဌိရစွမ်းဉာဏ်ရှသဖြင့်၊သက္ကဋနာဂရိ၊ဘင်္ဂလီနှင့်ဗျဉ္ဇီကလပ်၊မချို့တတ်သည့်ပြင်မျို့ဟန်ရေဇဌာန်မြေ ရှာလနက၊အဘိဓာန်ဗျာကရဏ်းသဒ္ဒါထုံးတို့၌လည်း၊ အားလုံးစုံစွာ၊ ကြေပြွန်ပေါ်၍၊ ဟောမဝါ အတွင်း၊တေဇောလင်းသည့်သားမင်းကေသရီ၊ အာဇာနိကဲ့သို့၊ ခိုင်ကြည်စွာဘိ၊သမာဓိနှင့်ပါရမီအရှင်၊ သီလတော်ဖြူစင်လျက် ဂုဏ်ဝင်ကမ္ဘဋ္ဌာန်း၊ ယုခင်မြန်း၍စီးဖြန်းဉာဏ်ဝေ၊မွှေခန်ဟောပါသော(မှန်တော ဆရာတော်ဘုရားကြီး) ကန္တိနယ် အင်းပေါင်း၊ သတင်းကောင်းသော၊ (ထနောင်ပကား ဆရာတော်ဘုရားကြီး) နှင်းရန့်နယ်၊ သတင်းတော်ပျံ့ကြွယ်သော၊ (ရွှေကျောင်းလယ် ဆရာတော်ဘုရားကြီး) ခြားသိထင်ရှား၊ထိုအသျှင်သုံးပါးကို၊ ရှေ့သွား၍ုး ဆင်၊အဦးတင်ကြ၍၊ ၊မဥ္စပမာဏေမဥ္စမာဏေနိရန္တရံဥ္စတ္တာ၊ ၊ကျမ်းလာအရှိ၊တန်းကာကြည့်ပြီးလျှင်၊ ပရိယတ္တိဆက၊ ဝိသာသသတ္တိမန်၊ ဗုဒ္ဓိဉာဏ်ရှူးရှ၊ပဋိဘာန်ကွန့်မြူးဖွ၍၊ ထူးထွေးတားဇော်၊မာတင်မှုသောက် ၊စွယ်ရုံရောက်သို့၊ဂုဏ်မောက်တော်မူကြပါသော၊မြို့ပေါ်ရွာ၊ (ရွှေကျောင်းဆရာတော်

ဦးကဝိန္ဒ) (ပိုးကုန်းဆရာတော်ဦးညေယျ) နဲ့သော၊ ဥတ္တရာရာမ-ဆရာတော် (ဦးဥတ္တမာနန္ဒ)၏သို့စသော၊အတိရေကဝိသတိ၊မည်ရှိတွင်ခေါ်၊ သံဃာတော် ပေါင်းတသင်းတို့သည်။ ညောင်စောင်း ထခင်းတခင်းအတွက်၊ ပဥ္စဝဂ်၊ဆ, ဝဂ်၊ယထာကြမ-မပျက်ရအောင်၊သမဂ္ဂဆိုင်ဆိုင်၊တူယှဉ်ပြိုင်လျက်။ နေထိုင် ဟတ္ထပါသ်၊ စည်းဝေးလတ်၍၊ ဥတ္တိဒုတိယ-ဘိမ သမုဟာနကမ္မဝါ-စက်အာ ဏာကို၊အက္ခရာပုဒ်ပါဌ်၊ဌာန်မချွတ်အောင် ဘတ်ရွတ်လျက် နှုတ်ခြင်း၊ ပြတ် ကျွတ်တွက် ပြုတ်ရှင်းကာ-သိမ်ခင်းမြေတာ၊ယင်းနေရာကို။ သချာပိုင်းဖြတ်- နှံခန့်သတ်ပြီးလျှင်-မကျော်ဝ် ကနား၊ ရာဇမှတ်များနှင့်၊ ခမ်းနားရေမှု၊ ထွေထွေ ရှုလျက်၊ဇေယျတုကမ္မ-ဆောင်ပြုကာ၍။ ဥဒကာဝါပိ၊ အညီရှစ်တွေ။ နိမိတ်ရေ တို့ကို၊ရစ်ခွေလကျ်ာ။ လှည့်လည်ကာဖြင့်၊ ဒိသာတုံ ခေါက်၊ ထင်မိုးလောက် အောင်၊ပါမောက်ဝိနူ၊ တံခွန်ထူသို့၊နယည္ယူ ပုဂ္ဂိုလ်များ၊ဆိုကြားစေ့ရေ။ အ နည်းနည်း မေးဖြေ၍၊ ပြီးပြေသော ကာလ၌၊ ။ဌာနကရဏသင်္ခဒံ အဟာ ပေငွေ့နေ၊ ။ဧသောအဋ္ဌကထာဝါကား အဓိပ္ပါယ်သွားကို၊ တိုင်းစားမယုတ်၊ ဉာဏ်လက်ဆုပ်ပြီးမှ၊ ။ဌာနကရဏပယ တာနေယိ, ဝဏ္ဏနာမုပ္ပတ္တိ၊ ။ သဒ္ဒါကျမ်းရှိသည်နှင့်ညီစွာ၊ ဝဏ္ဏအက္ခရာ၊ သဒ္ဒါဖြစ်ကြောင်း၊ မြတ်ဦးခေါင်း ဝယ်။လည်းချောင်း အာစောက်စသော ဌာန်ဇာထိလိ၊ ဇိဝှာမဇ္ဈ,ဇိဝှောပဂ္ဂ၊စ သည်ဆိုင်းဆိုင်း၊ကရိုဏ်းလေးတန်၊ သံဝဋ-ဝိဝဋ၊စသည်မယုတ်။ လေးပါး ဟုတ်သား။အားဘုတ်လုံးပန်း၊ ပယဘ် တန်းသျှာ။ ဆယ်ခမ်းသဒ္ဒါ၊ ကျွမ်း လိမ္မာ၍ ကဝိန္ဒာခေါ်၊ ချိန်ဝေမျှော်ကြသော၊ ဆရာတော်ပုဂ္ဂိုလ်များ၊ တပါး တည်း၊စ်ပါးတွဲ သုံးပါ-တွဲဂဝ်ဟာဝ်၊အထပ်ထင်ဖြင့်၊ ရွက်ဘတ်တော်မူကြ၍၊ သမာနသံဝါသသိမ်ကို {၈} ကြိမ်၊ အဝိပ္ပဝါသသိမ်ကို {၄} ကြိမ်၊၏သို့လျှင် {၁၂} ကြိမ်နုတ်သားလျက်၊ (၁၁)ပါးသောဝိပတ္တိလက္ခဏာ၊ ချဉ်ပျက်ရာတို့ မှ၊ကျောက်တက်ကာလွန်မြောက်၊သမ္ပတ္တိလက္ခဏာ၊ အင်(၃)ဖြာ၊ထုံးအလာ မလွဲချောက်ရအောင်၊ကဲမောင်ဂုဏ၊ ခုသမယတွင်၊တုပ,မရှိ၊ သံဃာ့ထေရ် ဖြစ်တော်မူပါသော-မှန်ဘောဆရာတော်ကြီးဘုရား၊အမှူးထား၍အားလုံးသမဂ္ဂ၊ သမေဒါနအရှင်ကောင်း နှိုက်ကျိပ်ကျော် သံဃာတော် အပေါင်း တို့သည်၊ ကောင်းမွန်ကာအားထုတ်၍ သမုတ်ယူရ၊ပွဲပြုတော်မူကြပါသော(ဇိနစက္ကဝိလာ သနီ)ဘွဲ့မည်နှင့်လျှင်၊ ၏သိမ်မြတ်မှာ၊ အပ်ရပ်အဖြာဖြာ၊ အားလုံးသော မိဘ်ဆွေကလျာတို့က၊ ဝိဘ်ဝေတနာ၊တအားခဲပြီးလျှင်၊ အမှာ ဖြွ၍၊ ဝန်းဝိုင်း ကြသဖြင့်၊ မှိုင်းမ့,သောအန္ဓါအဝါးကြောင့် သိမ်တကာ ဦးအောင်လှနှင့်၊သိမ် အမ-မမယ်စိန်,တို့မှာ၊ ပြဒ္ဒယ်သိမ်၊ အောင်တော်ပွဲကို၊ တထောင်ကျော်ကဲ

နှစ်ရှုဘိုးဆဲ့တစ်ဟု၊ ပြထိုးပွဲသက္ကရာဇ်၊ နှောင်ပြောရောပ၊ အောင် သြဘာ မှတ်တင်သ,လိုရို့၊ခါတ်အခ်တ,နိဗ္ဗုတာကို၊စိတ်တျူဌာင့်မျှော်သောအာရှုဖြင့်၊ ဂန္ဓဂါဗောဓိ-ပတ္တမြားပလ္လင်ဝယ်၊ ဘုရားသခင်-မေတ္တာ-ယှဉ်၍ လှစ်ကြွး ကျော်-ကောလာဟာလဖြင့်၊ သောမကြာသပ-ပွင့်၍ ပေါ်အလာဟွင်း၊ အသင့် ရှေတော်မှာ တျူဌာဖူးကြ၍၊ ယူဓမ္မာဦးအစ၊လွတ်သမ်းမြင်အောင်၊ ကျွတ် တမ်းဝင်-မလွဲ ရာ [illegible] စေတို့၊လဲ ပါပေါက်တွေ၊ ငုံ ညှာ ချိုသည့် ကုန်ရာ တပို့ဘွဲ့သဋ္ဌ ဗိုလ်ရွှဲ ကျူမြဲနှင်းရှိနှင့်၊လ,မင်းကြည်ကြည် လျှမ်းတော် ကြွသည့်၊ဆန်း ပက္ခ(၈)ရက်အခါတွင် ဓမ္မရာဇ်ဘွဲ့မဟာ မှတ်သမုတ်ရဘို့၊ မြတ်ဗုဒ္ဓ ဘုရား ဖြစ်သည့်နေ့မှာ၊ကြားလှစ်ဘိမင္ဂလ၊နေ့(၂)နာရီဝယ် မမေ့စရာအတည်၊ (၁၀) မိနစ်အခါတွင်၊ နယ်ကြုံခဏ္ဍ၊ ရှိန်းကျော်ဟိုးအောင်၊ သိမ်တော်ကြီး၊ အောင် မြောက်ပ သဖြင့်၊ နှောင်နောက်အခါ၊ ဘုံပထဝီဝယ်၊ ဝသုန္ဓရီဒေဝါမင်းက၊ ကြေညာသတင်း-ယူမှတ်ခါဖြင့်၊ လူနတ်ပြဟ္မာ အလိုသ်ပေါင်း တရုတ်သည်၊ ဤကောင်းမှုယာဝရဲကို၊သဒ္ဒါပသန်ကြည်နူးလှကြ၍၊ချည်မူး အမတ-ပတ္တနာပြု ဖန်လျှက်၊သာရသံ-အောင်နိမိတ်ဖြင့်၊အောင်ဘိသိက်သွန်းကြပါစေသော်။ ။

သိမ်အောင်မင်္ဂလာ—သြဘာစာပြီး၏။

ဥပသမ္ပဒါပဗ္ဗဇ္ဇမင်္ဂလာ {အောင်သြဘာဂါထာများ။}

(၁) နာနာဝိဓေဟိဘာဝေဟိ၊အာကိဏ္ဏေသံသာရဏ္ဏဝေ၊
ဝဋ္ဋန္တံ-နိမုဇ္ဇန္တံစ၊သန္တာဝိ သုသမ္ဗုဒ္ဓနာ။ ။

(၂) မနုဿတ္တံလာဘံနေတ္တာပိ၊ဘိက္ခုဘာဝေါသုဒုလ္လဘော၊
သာဝကောသမဏောနာမ၊နတ္ထိသာသနဗာဟိရေ။ ။

(၃) ကပ္ပေစသဘာသဟဿ စတုရောစအသင်္ချေယျ၊
ဒေဝေန္တံ ရေဥပဇ္ဈိ သု၊အဗ္ဘဝိသတိသံဗုဒ္ဓါ ။

(၄) စတုဝီသတိကောသု၊လာဘိနန္ဒဝသာမည၊
ဟာနမှာကံ ဗောဓိသတ္တာ၊အာဒိတ္တာဝိယမတ္ထကေ။ ။

(၅) မာတုသေနေ့ မဟာထေရ၊ဓိရေနိဿာယသာသန၊
တဒါ တေသံ ဘာဂိနေယျာ၊ဒေဿကာသမပျေနေ့သော။ ။

(၆) သမုဒ္ဒိဘူဘသံဃာန၊ မတ္တာကာရုညစေတသာ၊
ပတ္တဗိဝရမောဒိဟိ၊မာတုဿာယူပထမ္ဘတော။ ။

(၇) ဂန္ဓဝါးရကာဠ္ဌကုသယော၊ ပထမာသဠ္ဌဗုဏ္ဏကော၊
ပဋ္ဌမဒ္ဒယကာလေဝ၊ သမ္မောဓာသကျပုတ္တိယံ၊ ။
(၈) မဟာထေရပဏ္ဍိကတ္တာ၊ အာစရိယောဟိတိကဒ္ဓတုံ၊
ဝါစိယပရိက္ခန္တွန၊ သံဃဿနာခ္လသိမာယံ၊ ။
(၉) ပုညာသဗ္ဗာဟုလ္လာယတု၊ ကိတ္တိမပုဏ္ဏသိသကံ။
ဝတုဣံဒါယစ္ဆဣာယ၊ သောဠနေတ္တာဘဝံဂတံ၊ ။
(၁၀) တံဝိကာရဏာမာဂမ္မ၊ သံဃဿဒါနကရံဝရံ၊
လောကာဝတ္တမန္တနာနံ၊ အာဂါရိသပရိသာနံ၊ ။
(၁၁) ဇုဏ္ဍသာလဒ္ဓယောဂါမေ၊ ဥတ္တရာရာမမာလယေ၊
သွာဂတာဝမ္ဘသေဝါသ၊ အနုမောဒန္တုသာဓဝေါ-တိ၊ ။

အနက်ကား၊

(၁) နာနာဝိဓေဟိ၊ အထူးထူးအပြားပြား၊ များစွာကုန်သော၊ ဘယေဟိ၊ ဓာတ်အခ၊ ဘေးဘယတို့ဖြင့်၊ အာကိဏ္ဏေ၊ နှိပ်စက်ညှင်းပန်းရောပြွမ်းရှုပ်ထွေးလှစွာသော၊ သံသာရဝဋ္ဋေ၊ ဆင်းရဲမျိုးရုံ၊ လှိုင်းလေဟုန်တို့ဖြင့်၊ အဖုံဖုံတိုးသော၊ သံသရာပင်လယ်ကြီး၌၊ ဝယ္ဟန္တာ၊ ယခုရှိကြသလို၊ သုဂတိဘဝအားဖြင့်၊ မြောပါး၍နေကြကုန်သော။ နိမုဇ္ဇန္တာစ၊ အပါယ်ဘုမ္မိ၊ ဒုဂ္ဂတိသမုတ်၊ ဘဝယုတ်ဖြင့်၊ နစ်မြုပ်၍နေကြသည်သည်းဖြစ်ကုန်သော၊ သဗ္ဗဇနာ၊ ခပ်သိမ်းများစွာ သတ္တဝါအပေါင်းတို့သည်၊ သန္ဓာဝိံသု၊ မရစ်မနား၊ ဓာတ်အများဖြင့်၊ ပြေးသွားကြင်လည်ကြရလေကုန်ပြီ၊

(၂) တဟိ၊ ထိုသံသရာဘဝ၊ ဝဋ်ဒုက္ခ၌၊ မနုဿတ္တံ၊ ကြုံကြိုက်တော်ယစ်၊ ရခဲလှစွာသော-လူ့အဖြစ်ကို၊ ဘာဘဇန္တောပိ၊ ကုသိုလ်ကံမောက်၊ အလျှံတောက်၍၊ ရခြင်းကြင်းရှိပါးသော်လည်း၊ ဒိကျြဘာဝေါ၊ ဘုရားသားစစ်-ရဟန်းအဖြစ်သည်၊ သု-ဒုလ္လဘော၊ အလွန့်တရာရခဲလှစွာ၏၊ သာဝကော၊ ဗုဒ္ဓဘာသိဘ-ဘုရားစကား-မှား လေအောင်၊ နားထောင်ကျင့်တတ်- တပည့်မြတ်သာဝက-မှန်ပေ လှသော၊ သမဏောနာမ၊ ရဟန်းမည်သည်၊ သာသနဗာဟိရေ၊ သာသနာတော်၏ပြင်ပ-အခြားသော ဌာန၌၊ နဋ္ဌိမှ၊ ချမှန်စွာ-မရှိနိုင်သည်သာတည်း၊

(၃) ကဒ္ဓပဝသတသဟဿေ၊ ကမ္ဘာတသိန်း-တွက်ကိန်းမှန်ဘိ၊ အလွန်ရှိကုန်သော၊ စတုရော၊ စဥ္စအသင်္ချေ၊ သုံးလေးအသင်္ချေတည်နေသမျှခေတ်ကာလတို့ပတ်လုံး၊ ဧဝန္တာ ဓမ္မေ၊ ဤအတွင်း၌၊ အဥ္စဝိသတိသမ္ဗုဒ္ဓါ၊ နှစ်ကျိပ်ရှစ်ဆူ အောင်လံ

ထူသို့၊သယမ္ဘူထွတ်ထားမြတ်ဘုရားတို့သည်၊ဥပုဒ်ဖွဲ့သုံးကြက်သရေဆင့်ဆင့်၊ တက်နေတင့်သကဲ့သို့ ဖြစ်ပွင့်တော်မူကြလေကုန်ပြီ၊

(၄) တေသု၊ ထိုနှစ်ကျိပ်ရှစ်ဆူ- သယမ္ဘူတို့တွင်၊ စတုဝီသတိကော၊ ဒိသင်္ချာ အစ- ကဿပ အဆုံး-ပေါင်းရုံးတွက်ယူ နှစ်ကျိပ်လေးဆူ ကုန်သော သယမ္ဘူထွတ်တင် ဘုရားရှင်တို့၏ အထံတော်၌၊ အမှာကံ အကျွန်ုပ်တို့၏။ ဗောဓိသတ္တဝါ၊ဗျာဒိတ်ပန်းကုံးဆွတ်လှမ်းပန်သ- ဆုကြီးရသော ဂေါတမပွင့် လျာ-လောင်းမြတ်စွာသည်၊ နဝဝ၊အနည်းငယ်မျှ-ကိုးဘဝတို့သာလျှင်၊သာ မည့်၊သာသနာဝန်ထမ်းရဟန်းမြတ်အဖြစ်ကိုလည်းဘိခုရှိတော်မူနိုင်ခဲ့လေ၏၊နာ ဗဟုသုံ၊အကြိမ်များစွာ-မနေပါ၊ဟန္တ၊တွေ့ကြုံခဲ့စွာယခုအခါ၌၊သာသနံ၊ဂေါတမ ဘုရား၊ထားတော်မူအပ်၊သာသနာတော်မြတ်သည်၊ရွှေနှ၊ရောင်လျှံ ပြည့်ရှိန် မွန်းတည့်ချိန်၌၊ အာဒိစ္စောဝိယ၊ ရောင်ခြည်ဘထောင်- ပတ်ဝန်းဆောင်သည့် ထွန်းပြောင် ထိန်လင်း ရှင်နေမင်းကဲ့သို့၊ဝိရောစတိ၊ထွန်းလင်းတောက်ပလျက် ရှိ၍၊ဝါ၊တရားရောင်ဖြင့်၊ မိုက်မှောင်ကိလေသ-ကင်းပြတ်ကြွေးအောင်၊ ကုန်စေ ဖျက်ခွင်း-ရောင်ပုံကျင်း၍ ထွန်းလင်းထိန်ရဲ ဂုဏ်ရှိကဲ့သို့၊ တောက်ပဆဲ အခါဖြစ်ပေ၏၊

(၅) တဒါ၊ထိုဂေါတမ-လောကထွတ်ထား မြတ်ဘုရား၏ သုံးပါး သာ သနာ-ထွန်းလင်းသောအခါ၌၊ မာတုလေ၊ မိခင်မောင်ကြီး-ဦးရီ-မျိုးဆွေ ဖြစ် ကြပေကုန်သော၊ဓိရမြိမြိနှိုင်ခံ တည်တံ့စွာတိ-သမာဓိနှင့်၊သတိပညာ-ပြည့် ပုံတော်မူကြပါကုန်သော၊ ဒွေမဟာထေရ၊ နောင်တော်နှင့်ညီ ၂ ပါးသော မဟာထေရ်တို့ကို၊ ဂါ၊မိမြို့၏အတွင်းကျော်-ကျွန်လေးရွာဝယ်၊သညာကွန့် ရွန်း-ဖြိုပေါ်ထွန်း၍၊ ဓေဝုန-သမိုက်-ကျောင်းတော်တို၌၊ ယာပိုတ် မွေ လျော်-ကိန်းစံပျော်သော-နောင်တော်ကြီး ဦးသာဂရကိုယ်တော်၊ဇာနိသာလ- မာဂဖြင့်-နာမတွဲကာ၊ အကဲဖြ လျက်-နတ်ယဲသားကျောင်း၊ ကိန်းအောင်းမွေ လျော်-သုံးစံပျော်သော-ညီတော်မှန်မှ ဦးဥတ္တမာနန္ဒ ကိုယ်တော် ၂ ပါးသော ထေရ်ဘုန်းမော်တို့ကို၊နိဿယ၊အားထားခိုမှီအမှီပြု၍၊ သာသနေ၊ သာသနာ တော်မြတ်၌၊ဘာဂိနေယျော၊တူ-စ်မသွ-မှန်လှပေသော၊သမဏာ၊ရှင်သာ-ဒေ သကော၊ သာမဏေနာမ- ရဟန်းလောင်းရှင်ဒေသကာသည်၊ ဝုတ္တ၊တွ၊ ပရိ ယတ်-ပရိယတ်၊ ၂ မျိုးညီ- ထုံဝသိဖြင့်- ဂုဏ်ရည်အလျောက် ကြီးပွါးခြင်း သို့ရောက်ပေ၏၊

(၆) မေတ္တာကာရုည-စေတသာ၊ ချစ်ခင်မေတ္တာ- ကရုဏာနှင့်-ငဲ့ညှာ သောစိတ်-ဖြူဖွေဖိုရ်ရှိ၍ဖြင့်-ယိုဒ်ဘ်ချုံ့ပွါးခြင်းရှိတော်မူကြပါသော၊မုဒိဘူထ

သုံးစာနှ၊ တဆွဲ့သွားမျက်မှောက်- တက်ရောက်သိမ်ပေါ်- သံဃာတော်သည်၊ အာနုဂ္ဂဟိတာ၊ နောင်အဖွင့်-ပြီးစီးသင့်အောင် ခြီးမြှင့်တော်မူကြပါပေ၏၊ ပစ္စေကပရမာဒိဟိ သပိတ်သက်နုး အစ,တန်းလျှက်၊ ရဟန်းပရိက္ခရာ-ရုံလင်စွာတို့ဖြင့်၊ မာတုဇ္ဇာယာ၊ မွေးမိအသွင်-ဒေါ်ကြီးကြင်သည်၊ ဥပထမ္ဘိတာ၊ လှူဒါန်းဆက်ကပ်- ထောက်ပံ့ အပ်ပေ၏၊ ဝါ။ ဥပထမ္ဘိဘာ ဥပထမ္ဘိတော၊ လှူဒါန်းဆက်ကပ်- ထောက်ပံ့ အပ်သော၊ သမဏေရနှင့်သော၊ ရှင်ဒေသကာ- နာမမည်ထွေ-ရဟန်းလောင်းသာမဏေသည်။

(၇) (ဂ) ဇိနစက္ကေ၊ မြတ်စွာဘုရားဟောဘော်ကြား၍-ထားတော်မူလှစ်-သာသနာတော်ခတ်သည်။ ဂဏ္ဌဝါရေ၊ ၂၄၇၃-ခုနှစ်သို့၊ ကောဇေ၊ လူတို့ပေါ်ဟာ-နှစ်ကောဇာသည်၊ ကာလဥက္ကဝယေ၊ မည်းညစ်ကင်းရာ၊ ၁၂၉၁ သက္ကရာဇ်အခါသို့၊ သမ္ပတ္တေ၊ ရောက်လတ်သည်ရှိသော်၊ ပထမာသဠ္ဌဖုဏ္ဏေကေ၊ ပထမဝါဆိုလ ဆန်းပက္ခဝယ်၊ ပဉ္စမေ၊ ကျားမင်းပျော်မွေ့ ၅ ရက်နေ့၌၊ ဇယကာလေဝ၊ မွန်းယိမ်းခါညီ၊ ၄ ဘဝါးထဘိဘွင်- စက်နာရီ အားဖြင့်။ နေ့နာရီပြန် ၂ ချက်မိနစ်(၄၀)ထည့်စွက်၍-စက္ကန့်(၃၀)ပြည့်ကြွယ်ထွန်းထိန်-အောင်မြင်ရာအချိန့၌သာလျှင်၊ မဟာထေရ၊ တံခွန်းတောဇာပြုံးဝေဖြာလျက်၊ ကြေညာကျော်ဟိး-ဦးရိုးတော်ရေဝန်းဆရာတော်ကြီးကို၊ ဥပဇ္ဈာကထွာ-ကျောက်ထီးသဖွယ်ထောက်မှီး တွယ်တို့-ကြီးကျယ်သွင်တု-ဥပဇ္ဈာယ်တင်ပြု၍၊ အာစရိယေဟိ၊ ဝိနည်းကမ်မအရာ- ကဝိန္နာဟု- လိမ္မာကျွမ်းကြင် စခမ်းတွင်အောင်- သိမြင်နှံ့စပ်သော ကမ္မဝါစာဆရာ အရှင်မြတ်တို့သည်။ ဝါ၊သာစည်ရွာ၊ လမ်းဦးတိုက်ဆရာတော် ဦးနိသဘ၊ နဘဲသာ ဥတ္တရာရာမ ဆရာတော် ဦးဥတ္တမာနန္ဒ၊ ရုံရွာမြို့မ-ဇေတဝနာရုံတိုက်-ဆရာတော်ဦးဇောတိကတို့၊ ပထမကမ္မဝါစာအကြိမ်။ ၊ မဆိုကုန်းဆရာတော်ဦးပဏ္ဍိ၊ ပလ္လင်ကုန်း-ရွာဦးတိုက်-ဆရာတော်ဦးအာဒိစ္စ၊ ဒန်းပင် တဲရွာ-ကန်ကြီး ကျောင်း ဆရာတော် ဦးကေသရတို့၊ ဒုတိယကမ္မဝါ-အကြိမ်၊ ၊ဩုံးကြာ ကန်ရွာ-တောရ ကျောင်း ဆရာတော် ဦးပဏ္ဍိဘ။ ရုံရွာ မြို့မ-နိဗ္ဗာန် သာခေါင် တိုက်-ဆရာတော် ဦးရေဝတ၊ ကိုးသနုးရွာ-တိုက်သစ်ကျောင်း ဆရာတော် ဦးနေမိန္ဒတို့-တတိယ ကမ္မဝါအကြိမ်-ဂုဏ်သိမ်ထင်ပေါ်၊ {၉} ပါးသော ဆရာတော်တို့သည်၊ တိကျွတ္တုံ၊ သုံးကြိမ်၊ ဝါစိယ၊ ဌာန်ကရိုဏ်းဖြင့်၊ ဖြတ်ပိုင်းမချွတ်-ရုညီ ညွှတ်အောင်-ဘတ်ရွတ်ဘော် မူကြ၍၊ ပရိက္ခိတ္တေ၊ ညီညာမှိုင်းမ- ဝိုင်းဝန်းတော် မူကြသော၊သံဃေန၊တကျိပ်ခုနစ်ပါး၊ ကာရကသံဃာတော်များနှင့်၊ သဟတက္က၊ ဏ္ဍသိမာယံ၊ သာသနဝိသောဓနီ- ဘွဲ့မည်ယူချိန်-ဥတ္တရာရာမ ခဏ္ဍသိမ်၌၊

သကျပုတ္တိယံ၊ ဘုရားသားစစ်-ရဟန်းတော် အဖြစ်သို့၊ သမ္ပတ္တော၊ မချို့ထုတ် ခြောက်-အောင်ကိန်းရောက်၍၊ ပြီးမြောက် ပြည့်စုံခဲ့လေပြီ၊

(၉) တုံ၊ထိုမှတပါး၊ ပုညာယ၊ သာသနာနုဂ္ဂဟမြတ်ပုည၏၊ ဗာဟုလ္လာယ၊ အတိုင်းထက်အလွန်၊ထူးချွန်ပျံ့ပွါး၊များပြားစေဘို့အလို့ငှါ၊ ကိတ္တိမပုတ္တဘိသင်္ကာ၊ဦးဥတ္တမာနန္ဒ၊အာစေရ၏၊ကိတ္တိမသား၊ အမည်အားဖြင့်၊ ထူးခြား သုဝယ်ကွန့်၊တပည့်သယ် {မောင်တင်ညွန့်}ကို၊ စတုဏ္ဏ၊ လေးကြိမ်မြောက်၊ ဒါယဇ္ဇဆုဿာယ၊ဓမ္မာ ပြိုက်မှန်၊ ရရိုက်စံဘို့၊ အမွေခံစေ၊ ဖြစ်အံ့သသင့်ငှါ၊ အနုဂ္ဂဟဟွာ၊သက်နံးသပိတ်၊ပရိက္ခယာ ရုံစွာမလင့်၊ မြှောက်ခြီးပင့်၍၊ဝါ၊ ကိုးသန်း ရှာကြီး၊နေပျော်မှီးသော၊ ကုန်သည်ကြီးဦးဖေနှင့်၊ ဇနီးမေ မမယ်ထွေးတို့က၊ မောင်တင်ညွန့်ကလေးကို၊ရှေးဦးပထမ-ရှင်ပြုခဲ့ကြသည့် တကြိမ်-ဂုဏ်သိမ် ချွှမ်းမို့၊သာပေါင်ကြို့သောကျိုက်ထင်မြို့နယ်ခေတ်ပိုင်း၊ ရေယမုံသွယ်စေ့ စိုးသော၊ဗိန်ပိုင်းဂါမ-ရွာဌာနတွင်၊ မြေပိုင်ရှင်မရွှေခ၊ သားပုဏ္ဏ မောင်တင် မောင်တို့က မြတ်ဘုရားသာသနာဘောင်တွင်၊ ထိန်ဝါရောင်—အသွင်ရူရဘို့။ ရှင်ပြုခဲ့ကြသည်တဖုံ၊မြှိုချန်ကုန်-ဗွေကြဌန်း၊ ၁၉ လမ်းနေပျော်သော။ သူဌေး ကတော်-ဒေါ်မိန့်နှင့်၊ဓိတရိပုတ္တေ-ညီမရင်းမအုံးမေတို့က၊စောစိုက်နှသာသနာ၊ ရှိန်အဝါထွန်းတောက်အောင်၊ သုံးကြိမ်မြောက် တတိယ၊ ရှင်ပြုခဲ့ကြသည် တထပ်မို့၊ ဤခါယခု၊ ၄ ကြိမ်တိုင်ရှင်ပြု၍။ သေဌွေးနဲ့ဘဝံ၊ နောင်ကြီးပွါးရေး ဘုရားရှင့်မြေးတော်ကလေးအဖြစ်သို့၊ဂတံ၊၄ ကြိမ်၄ထပ်ရောက်စေအပ်ပြီ၊ ၊

(၁၀) တံကာခုဏံ၊ ထိုရဟန်းခံရှင်ပြု- ဆုံရုတ္တဲပေါင်း၊ ၂ ပါးသော အကြောင်းကို၊ အာဂမ္မ၊ အစွဲပြု၍၊ ဝရံ၊ မြတ်လှစွာသော၊ သံဃဒါနံ၊ အဝတ် သင်္ကန်းအစတန်းလျက်- လှူဒါန်းဘွယ်အရင်ရပ်- သံဃာအားဆက်ကပ်ခြင်း ကိုရင်း၊ အာဂါရိယ ပရိသာနံ၊လူပရိသတ်-အရင်ရပ်တို့အား၊ လောကဝတ္တံ၊ လင်ဘက်-ကွမ်း-ဆေး-အာဟာရ ရုံထွေးအောင်၊ ကြွေးမွေးစေမှု-ဒါနရကို ၎င်း၊ အနုနာမိ၊ မယုတ်လေအောင်၊ ကရံ-ကရောနွှော၊ ကောင်းစွာ စေ့ငှ- ဆောင်ပြုရ၍၊ ၊

(၁၁) ဇာနုံသာလ ၄ယ၊ ရစ်ထက်ဝန်းကြင်- နဘဲပင်တို့ဖြင့်။ ကြည်လင် ဘွယ်ရာ-ဥန်းမြွက်ဘို့အမည်သာသော၊ ဂါမေ၊နဘဲသာခါ- ရွာဂါမော်တွင်၊ ဥတ္တုရာရာမမာလယေ၊ဥတ္တရာရုံ-ကျောင်းရွှေဘုံ၌၊ဓမ္မသေဝါယ၊တရားရေမိုး- ကြည်ရွှင်ဖြိုးအောင်၊သောက်ချိုးသုံးစွဲ-မှိဝဲခြင်ငှါ၊ သုဂတော၊ ဒေသဝေနီး- အသီးသီးမှ၊ ကောင်းစွာလာရောက်ကြကုန်သော၊ သာဓေဝါ၊များစွာဗိုလ်လူ- ဂုန်ဆုသောင်းသောင်း-အားလုံးကုန် သူတော်ကောင်းတို့သည်၊ အနုမောဒနာ၊

အောင်စေ- အောင်စေ- အောင်ဘိသေဖြင့်၊မြွက်ချွေယာရ-အောင်ကြောင်းရှု၍၊ သာရနုမော်ခေါ်ကြပါစေကုန်သည်း၊ ၊ဇာတိ၊ ဤသည်လျှင်၊ထေဝမနာစကား၊ ဩဘာအားဖြင့်-ရေးသားရွတ်ဘတ်။ အဆုံးသတ်တည်း။

ပါဠိဩဘာစာပြီး၏။

{ ဥပသမ္ပဒါ၊ပဗ္ဗဇ္ဇနှင့်၊ဇာမ္ဗုကဂဏ္ဍ-ဒါနမင်္ဂလာ-
အောင်ဩဘာ။ }

ဇေယျတု၊ ။မဟာအတုလ၊ မကုဋ္ဌကုဋ္ဌ-သုဂတဖုန်ကူ-စံမွေတူသော၊ သသယမ္ဘူ။ သင်းကြစ် ဓမ္မရာဇ်ာဘွတ်တင်- ဒိပက်ရာ စောမြတ်စွာသည်၊ ။ လေးဖြာသင်္ချေ၊ လွှန်လေမှတ်ထိန်း ကပ်တသိန်းထက်၊ ဆော်ဟိန်းဓမ္မစက်-ကျော်ချိန်းတက်၍၊ ဘဝဂ်ဘုံခွင်-ပြည့်ရုံလင်အောင်၊ ပုံယင်များစွာ-သတ္တဝါ ဝေဿေယျ- ဟူသမျှဘို့အား၊ ဓမ္မလိုက်မွေး- အမြိုက်ဆေးဖြင့်- တိုက်ကျွေး တော်မူ၍၊ထိုအခါဝယ်-အမရာဝတီ-နေပြည်တော်သား၊ပုဏ္ဏားမဟာသာလ- ဂေါတမပွင့်လျာ-တို့မြက်စွာသည်၊သု,မေဓာမည်တွင်-အဘိညာဉ်ဖြင့်၊ကောင်း ကင်ခရီး-ချာနယဉ်စီးသော-ရသေ့ကြီးဘဆူ ဖြစ်တော်မူသတည်း၊

ထင်ရှား ကြေညာ-ကျော်စောစွာလျက်၊ အင်္ဂါစေ့ပုံ-ကျင့် သိမ်မွေ့သား၊ ရသေ့မှန်စွာ-သုမေဓာသည်၊ခန္ဓာကိုယ်သက်-မငဲ့ကွက်ဘဲ၊ နှစ်သက်ကြည်နူး-ဗျာဒိတ်ဦးကို ရူးခဲ့ပြီ ခါ-သံသရာဝယ်၊ဘယ်ဖြာအညီ-သွယ်ကာစီလျက်၊ပါရ မီမျိုး-ဖြာစီပျိုး၍၊အားကြိုးဖြည့်ကျင့် လမ်းကြောင်းဖွင့်လျက်၊ လင်းပွင့်ဘွယ် ဟိတ်-ရာဇ်ဒိသိဋ္ဌိဖြင့်-နှစ်ကျိပ်လေးပါး၊အမှတ်ထားသည့်-မြတ်ဖျားသယမ္ဘူ၊ အဆူဆူတွင်-ပန်ယူလွဲဗျာ ဒိတ်ဆွဲ၍-နွဲ့ခဲ့ပြီးလတ်-ဘဒ္ဒကပ်ဟု၊ ထွတ်မြတ် တင်ရာ-ဤကမ္ဘာဝယ်၊ပါဠိမိဘိသ-စရိယသုံးသီ-ဂေါ်ငါးဝ၊ သမ္ဘာရဟု- ဗုဒ္ဓဘာက်ဦး၊သောက်ကျပြည်ရုံ-ဗောဓိဘုံထက်၊ သင်းထုံဖူစွာ-ခုံ ဒုမ္မာသို့၊ သက္ကာလေးပါး-ပွင့်ဘာအားဖြင့်၊ဘုရားသဗ္ဗညု-အတုလဓမ္မရာဇ်ာ-မြတ်ရှင်ချစ် ဟု စင်စစ်ဘုတ်ချောက်-အောင်ကိန်းပေါက်၍ ဖြစ် မြောက်ဘော မူသတည်း၊

ထိုခရာအခါ-သမ္ဗာသမ္ဗုဒ္ဓ-ဂေါတမဓမ္မ ဇာ-တို့ရှင်ချစ်ကား၊ ထွန်းသစ် နေဝင်သာ-ဤကမ္ဘာဝယ်၊ တနင်္လွှင်-ဂန်ပေါ်ပင်ခြ၊ လေးအင်ဂ စွာ-သိခါ မဝေး၊ မြတ်မိတေးဟု-ညီးထွမသင့်-သမ္ဘာခင်၍၊ ကျွတ်နှင့်မည့်သူ-ရှေးချယ် ယူလျက်၊ မြူအညစ်ကြေး-ကိလေမွေးကို၊ ဆေးကြောသုမ်ပင်-တနိရှင်းစင် အောင်- ကောဏ္ဍဉ္ဉသုဘဒ်-စ,ဆုံး မှတ်လျက် မြတ်ဓမ္မာပေါင်- ကိုယ်တိုင် ဆောင်၍၊ငါးထောင်သာသနာ-ထားပြီးခါလျှင်၊ ငါ၏အချင်း-ငါသတင်းကို-

ခံတွင်းမဆံ့-ခေတ်လုံးနှံ့အောင်၊ ငြိုးအုံ့ပြာပြ-ဇောဟာဒယဖြင့်-သောတမှတ်ဖိုက်၊ထောင်နားစိုက်၍-မျှားပိုက်အုံလှည့်-လိုက်ကုန်ဘိဟု-သာကိန္နယ်သွား-ကိုယ်တော်စားလျှင်၊ ဘုရားရှစ်သောင်း-လေးထောင်ဆောင်းအောင်၊ နှောင်းတော်မူခဲ့ပေသတည်း၊

ကိုယ်စားတော်စား-ပုံအလားဖြင့်၊ ထားတော်မူသော ထိုသဘော၌၊ ၊ ယောဝေါအာနန္ဒမသာ-ဓမ္မာစပိနယောစဒေသိတေ ပညတ္တာ၊ ၊မိန့်ဟာ မှန်စွာ-ကျမ်းဂန်လာသဖြင့်၊ ဓမ္မက္ခန္ဓာ- ဝေယျာကရဏ- ဇဋ္ဌအပေါင်း- ရှစ်သောင်းလေးထောင်၊ တရားချောင်ဖြင့်- တောက်ပြောင်ဝင်းဝါ- ပွင့်လင်းဖြာသော၊မုံရွာဒိုင်ကြွတ်-နယ်နိမိတ်တွင်း-သတင်းပျံ့စွာ-{နဘဲသာ}ဝယ်၊ သဒ္ဒါသိလ-စာဂိမှ၍-ဓမ္မလက်ကိုင်-ဂုဏ်နုံ့ကြိုင်သော {ဦးစံလှိုင်}ခည်သီး၊ တိုက်သူကြီးသည်-လှူ့ပြီးရည်ကြာ-အတိတာက ဗိဘရာမာတု၊ ဆောက်တည်ပြုခဲ့ကြသော၊ဗဟုပကာရ-အာဂမဖြင့်။ သာသနာ့သဘင်-သန့်ရှင်စင်တို့ ကြည်လင်နှစ္စ-ဂုဏ်ပေါင်းခ,သဖြင့်၊ {သာသနပိုးသာခန် } အမည်ကျော်ဟိုး-သိမ်တော်ကြီးသည်၊မိုးသီးမိုးပေါက်-နခြည်နှောက်သဖြင့်၊ အလျောက်ယိုယွင်း-အိုမင်းဘယ်းပါး၊ပျက်ပြားတော့မည် မှန်ခဲ့ပြီဟု ကြံစိမ်ခြင်း-နှလုံးသွင်းဖြင့်၊ မိ ရင်းတမျှ-နှမတသင်-သို့လိုခင်ကြသော၊သူကြီးကတော် {ဒေါ်ဒေါ်သင်}နှင့်၊ ပျော်ပျော်ရွှင်ရွှင်-တိုင်ပင်ဆုံပြော၊ အလိုနှောကြည်ကာ-နှစ်ကိုယ် သဘောညီစွာဖြင့်၊ ဤရွာဂါမ-ခင်ဌာနဝယ်၊ {ဥဒ္ဒရာ-ရာမ} ငမိုက်၊ ကျောင်းတော်တိုက်၌ ကိန်းဗိုက်ယာပထ-မကွာမှု၍၊ ဝိဟာရသာမိ-အာငရိယ-ဗုဒ္ဓ ဘုန်းမော်-နယ်လုံးကျော်သော၊ဆရာတော်{ ဦးဥတ္တမာနန္ဒ }၊နာယကအရှင်မြတ်အား၊ကြောင်းရာကား-သိထင်ရှားအောင်၊ပန့်ကြားလျှောက်လျှင်-ဖြင်ဆင်ပြုဘိ-မိန့်ခွန်းတော်ရရှိသဖြင့်၊ဓိတ ရိပုဏ္ဏ-သာသွီးအဝဝတို့တွင်၊ပထမ-မဖေခင် ကို။အာရုံရှေးတင်-ထားဆိုမှုသဖြင့်၊သား ကိုလူ-လှပကေးတခင့်နှင့်၊ မဖြင့်-မအိန် တို့ပါ၊လာရေးအရှိန်-ခ နီးအစ,လိုပ၊ ရဟန်းအမ-မဖကြည်ယ် ငဲ့ပြင်၊ ညီမကလေးနှစ်သွယ် မဖေခဲ ဂ ညာနှင့် မဖေတော် ပါ-ပေါင်းခုနစ်ဦးတို့၊ အကောင်းလွှန်ထူးအောင်-၎ မျက်မကိုနှင့်ဆောင်သလို အချိုကျက်ကျောင်း-အကြီး အကျယ်ကြံရအောင်။မြေးအသွယ်သွယ်မှန်သမျှ ပြိုနှံရှကြရို ၊မခိန်ဥ ခ ငတင် ပထမပပ၊ နောင်အပဉ်မွေ့အပင်-သညာတန်းလျှင်၊ သာဇင်စကာဝါပန်း-ကြွအခရထိန်သလို မခင္ဓစိန်။ပုံးမှ လွဲဘူး၊ မခင္ဓခဲ-ခင္ဓမြ ငဲ့ပြင်-လ,နေတမျှ-လှပညီကြသော၊မမြခို မမြမေ တို့နှင့်။အဝဂအဓွေးဂွ-ငေးပေါ်ဆောင်လိုက်သော်၊ မြေးတော်မောင်-မောင်ထွန်းခိန်ကြီးနှင့်၊မောင်ထွန်းရှိန် တသီး၊ မောင်

ထွန်းရင် ငဲ့ပြိုင်၊နောင်အစွန်းတွင်-အဖျားဆုံးဆက်ကြရို့၊အားလုံးထက်မေတ္တာ မိုကြသော-ချစ်စရာ့နကို၊ သူ့မူလနှင့်-ရှုသူအဝဝတို့-ခေါင်မနိုးခြွေ လောက် သော-မေခင်စိန်ဘော ကလေးအရောက်၊ပေါင်းအသွယ်သွယ် ကောက်ရချောင်-ရင်းဆယ်ယောက်၊ မြေနေဂူတို့၂၊ ဘေးဝန်ဘဝမှ-လွတ်လွယ်အောင်ဟု၊ ကျွတ်ဘွယ်နောင်-လိုချပြည့်မှု၊သိုညာတိတရ-သဘောမျှကြ၍၊ သော့အဋ္ဌ နွေးကဂဏန်းဖြင့်၊ မေးပြတန်း-ဖြောင့်ကာညွန့်ရချောင်၊ထောင့်နှစ်ရာလွန်-ရှစ်ဆဲ့ ခြောက်ဟု-သက္ကရာဇ်ဖွဲ့ကောက်၊သုတ်နှစ်ပြအလာတွင်၊ ဒုတ်မြစ်ချကာ ချိန် ကိုက်မစောင်းရအောင်၊ အလုပ်သစ်ရွာ-ကဝိန်တပိုက် အပေါင်းတို့နှင့်၊ထိမ် တိုက်ကျောင်းဆောက်လုပ်ကည်ထားကြပါကြောင်း။

တိုက်ကျောင်းကြီးအတွင်း ခင်းကြင်းပျံ့ပျူး-အရှေ့ဘက်မှာနဦးတွင်၊ သုံး လူ့မှူး-ရှိန်ဘောဇော်၊ခြောက်ရောင်ခြည်-ထိန်ဝေမော်လျက်၊စိန့်တော်ယျော်သဗ္ဗညု အတုသကို သ်တော်စား၊ပေါင်းသုံးဆူ ဘည်ထား၍၊ ကြည်ပွားသဒ္ဓါ-ရှည်လျား ကြာအောင်၊ ပူဆောင်မယုတ်-သပ္ပယော စိဋ္ဌပ်ဖြင့် အားထုတ်ကြ ပါကုန် သတည်း။

ဒုတ်တိုက်ကြီး-တွင်းအပြင်၊ရှုမြင်ဘွယ်လူးအဆန်း-ခြူးပန်းနှင့်ခြူးနွယ်။ ဆေးရောင်ရုံချယ်လယ်၍- အသွယ်သွယ်မြွက်ဖော်ပြလျှောင်၊ အထက်ပေါက ပြသာဒ်ဖျားဟုတ်အခေါင် နှစ်ဘက်လျော်သပ၊ဒြိပ်ကြွားစရက်အဆောင်၊နတ် သားနှုက်ရုပ်နောင်-ဆိုမည်ဟီးရချောင် ပဟိုရ်စည်ကြီးနှင့်-ထီးတော်တွေအရုံ၊တီး သော်မြေတုန်အောင်-တလျော့ကြားဘွယ်ပ။ မြေနားဆွယ်မှ-ခေါင်းလောင်း ပုံဘရှိ၊သောင်းခြောင်းပုံစံအောင်-တောင်ဘက်ကူးလိုက်တော့၊ခေါင်အထက် အဖူးမှာ-ပန်းအုံပန်းကြွနှင့်၊ ဆန်းပုံနန်းတမျှ-မယွင်းတံဘိပ်မူထိုက်သော-အင် လိပ်သဂေဖူမကိုင်-ဘွဲ့ဘာညှင်လိုမိ၊ဝဲယာနှစ်ရစ်-သွင်တူမျှသဖြင့်၊ ငွေရုပတို့ နှစ်ထွေရှိအမှန်လာပြီ-တဒင်ဇင်ဆူကျမလို့ဟာဘ၊ အမေရိကာ နာရီ-မသွေသိ ရန်ခါအညီ ငါဘမ်းချယ်သလျက်၊ဆန်းကျယ်လှဒုတ်-ကျောင်းကြီးမှာ၊စရက် ပေါင်းအသီးသီး စာတွေရန်လျက်၊ သပြားငွေခန့်{၃၁၀၀၀}သုံးထောင်အကုန် စရိပ်ပ။ နှုံးချပြောင်ဂုဏ်ဟိတ်-နတ်ထိုးနန်းကဲ့သို့၊ ဝေတ်မိုပန်းအမြဲသုံးလျက်- ပုလဲကုံးနှင့် စိန့်ငွေမြ ိုးရိပ်ဖြာသလို၊အချိန့်ငါ ပိသာ-ကြေးစည်တော်ကြီးနှင့် အဝေးမြည်ကျော်ကိတ်အောင်၊သာရ ငါ ငရာမို့-တဖြာပြသနော်၊ ဖြူဆွအမှန် သဒ္ဓါပ၊မူသပဏ္ဏာသ, ကျမ်း စာနှင့်၊ လျှမ်းဇာတ်ဓာထိန်ဝေမော်လျက်-စိန်တော် ယျော်မြို့ သာမိုသ်တို့-ဘိရုံ စာတိုက်-ဘနုံ ထိငဲ့ပြိုင်၊လျှံဖြာကြည်သည့်-သာ သနာအဘွင်း၌၊ ဒါယကာအချင်း-အစဉ်ခံရပါအောင်၊ {ရှင်နန္ဒမာလာ}သာမ

ကောအားကျော်ကို၊ဘာဂဝါအမွေတော်-သုခစံရဘို့၊ ဥပသမ္ပဒ-ဥတ်ကမ္မဝါအခါ
ဖြင့်၊ ဇာတ်သာကီ-ရဟန်းတော်ဘောင်သို့၊ လွှမ်းကျော်အောင်-သွင်းမျှောက်
တင်ပြီးလျှင်၊လင်းတောက်လွင်-မှန်းဟန်သာလျက်၊ရဟန်းခံတဖြာ-ပြောင်ထိန်
ဝေပြီ့လျှ၊မောင်စိန်ဘေကြီး-ပဏ္ဍမြားအသွင်နေစ်ပ၊ သားရင်နှစ်-ရတနာရုပ
နှင့်၊နှစ်ဖြာတူအလှ-ပြောင်းရွှန်းထိန်ပေသည့်၊ မောင်ထွန်းစိန် မောင်ထွန် ရင်
တို့ပါ၊နောင်ညွှန်းအစဉ်-ဆောင်စီပြဲရလျှင်၊မောင်နီ တပ-လှရှင်ဝါတို့ကို၊ ဓမ္မ
အနုဂ္ဂဟာနည်းသင့်ရုပြီး၊သမဏာပုတ္တာခြီးမြှင့်ပြုလို့ရို့၊ပြီးသဖြင့်ယခုသက္ကရာဇ်
ဖွဲ့စစ်လျှင်-ရှစ်ဆဲ့ရှစ်-ခါသမယံညီသည့်၊ အာသဠှိ-နက္ခတ်ရုံနှင့်၊ထင်မှတ်ဘုံ-
လမ်းဗွေဝတွင်၊စန်းငွလ-မှ ကာရိုသည့်၊ ပထမဝါဆု-ဆန်း(၁၁)ရက်မှာ၊ စာ
တမ်းဖွဲ့လျက် နောင်အရှည်လွမ်းလောက်အောင်-ချမ်းတလက်လက် ရောင်
ခြည်ရွှန်းစေဘို့ အောင်စည်ယွန်းကာ-သူတော်တသင်းတို့၊ ပူဇော်ခြင်းပြုကြ
ပါသတည်း၊

ပြီး ၏၊

## ဦးဥတ္တမာနန္ဒအရှင်မြတ်-သိကုံးရေးသားအပ်သော ကထိန်ဥတ်-အမေး၊အဖြေ၊

ယခုခေတ်အခါအမြိုမြို့ အရွာရွာတွင်၊အစိုရိုအဖြာဖြာ-ကထိန်ပဂေးတွေတို့၊ ကထိန်အမေးအဖြေ၊ကျူပင်ချုံကဲ့သို့၊ သူလျှင်တဖုံ-ငါတနည်းသာပ-အထဝါ လည်း၍-ပြောင်ရွှန်းဝေအောင်၊နှောင်ထွန်းပဒေစ်ရိကုံးသွယ်ပါ၍အထိထိသုံး ဘွယ်ရာ-မချိုးပါများ လှသော်လည်း တို့သဘောသွားသမျှ-ဉာဏ်ရှာမြွက်ရ လျှင်၊မြန်မာသက်သက် ရေးစပ်လေ့မရှိကြ၊ ရေးအမှတ် မရွေ့ထည့်ပြသဖြင့်၊ စိဌအောင်မြန်မာနည်းမှာ၊ကွာခရီးအလှမ်းဝေးလို့ရို့၊မှန်းတွေးဘို့-တခါရှိပြန်ပါ ၍၊ပါဠိဓမ္မခန္ဓာ၊အဋ္ဌကထာလာသမျှနှင့်ဋီကာအဝဝ-သွယ်သွယ်ဖြာလျှင်၊နယ် ပယ်တကာအရပ်တိုင်း၊ မြန်မာ-တလိုင်း အမျိုးသားတို့မှာ၊ မြတ်ဓမ္မသဝနာ တိုးပွါးသော်လည်း၊မှတ်ကြစရာ-အကျိုးမများသောကြောင့်၊အကိုးအကား- ပါဠိ သာကေတို့ကို လာရှိပါသမျှ-သူ့အတိုင်း မသုတ်မှု၍၊ ရှုနိုင်းမယုတ်- အမိပ္ပါယ်မပျက်စေရဘဲ၊ ပိတ်ကွယ်မဝှက်-ဘွားကာ မြင်မြော်ပြီး၊ သိလွယ် လျက်၊ စကားမကွဲအစဉ်လျော်အောင်၊ နားထဲအဝင်မချော်-နာသူပေါ်စေဘို့၊ မြန်မာမှုသဘော-မိမိတို့ဘာသာဖြင့်၊ သိရှိဘို့ရာ-မထွေးမမှားရအောင်၊ ရေး သား၍-ပြလိုက်ပါဒ်သတည်း၊ ၊

နမော-တဿဘဂဝတော-အရဟတော-သမ္မာသမ္ဗုဒ္ဓဿ။
{အငယ်ပုဂ္ဂိုလ်က-စ၍ဆို၊}

(က) ကထိန်ခင်းဟန် ဝိနည်းကမ်ဍ၊လမ်းမှန်ကျနဲ၊သိသာရတို့၊ သာဝကဂန္ထာ၊ကျမ်းဂန်သာကို၊ မြန်မာလိုဖွဲ့ကာက်၊ အဓိပ္ပါယ် သွေမတောက်အောင်၊ဖြေလျှောက်ခြင်းပြုပါမည်၊ သာကီနွယ်ဝင်၊ နောင်တော်ရှင်ကာ၊ မြော်မြင်သမျှ၊ဖော်ထွင်စ,လျှာ်။ထင်ကြွေငှာ။ မြန်ဘာသာဖြင့်။ ကြံကာတွေးယူ၊ မေးတော်မူလော။ ။

(ခ) ကျမ်းဂန်အာဘော်မကွာလျှော်အောင်၊ နာပျော်ဘွယ်ရာ၊ သွယ်သွယ်ဖြာ၍၊ဘယ်-ညာထုတ်ပိုင်း၊မထုတ်ဆင်းဘဲ။ဟုတ်တိုင်းသဘာဝ၊ သိပါရအောင်၊နာယကဘုန်းမော်၊ဆရာတော်တို့က။ ဖွင့်ဖော်ညွှန်ပြ။မေးဖြေကြပုကောသကပ္ပံ—မိန့်ခွန်းတော်အပ်နှံ၍၊ မြတ်ဓမ္မ ဝိပ္ပါယ်မစောင်းအောင်။ အကြောင်းထင်စွာ-ကျွန်ုပ်က-မေးမြန်းပါမည်၊ဇာနီနွယ်ဝင်-မြတ်ညီခင်က-ကြည်လင်မြေ-စီအစဉ်မထွေးရအောင်-တွေးဆဖွေယူ-ဖြေတော်မူလော၊ ။

(ဂ) အလိုရှိရာ-ဆိုလှည့်ဖြာ၍-ကြည့်ကာ တွေးမှန်း-နာသူတို့ ချမ်းအောင်-မေးမြန်းတော်မူပါလော။ ။

(၁) သာသနာတော် အတွင်းဝယ်-ကထိန် ခင်းတယ်လို့၊ လင်းချင်းဘွယ်-စကားအစဉ်ကို-အများပင် ပြောကြရာ၌၊ သညာရှိန်လျှော်—ကထိန်ဟူတတ်ဆိုတာ-ဘယ်ဟာကို-ခေါ်ပါသလဲ။စွဲမြဲမှတ်ရ တို့၊ မြတ်ဓမ္မကျမ်းဂန်နှင့်-လမ်းအမှန်-သွေမယွင်းရအောင်၊ဖြေရှင်းပြဆိုရန်-ကျွန်ုပ်ကတောင်းပန်ပါသည်။ ။

(၁) ကထိန်ဝါဟာ-မည်သညာမှာ၊ပမာတူနည်း-နမူနာ၊ သူကြီးတဲသာ-တောခန်းဝါတွင်၊ဘာသာအလျောက်၊မြေမှပေါက်၍၊မြင့်မောက်စီကား—လွန်သင်ရှားအောင်-ပျံ့ပွားလေပြီး-သစ်ပင်ကြီးတမျှ-ခိုင်ခံ့သဖြင့်၊ အံ့ရကမား၊ အဓိပ္ပါယ်သွား သည့်ပြင်-ငါးပါးသော အာနိသင်တို့ကို-သည့်ပြင် တိုက်ခြားကျောင်းတပါးသို့-မပြောင်းသွား မထွက်စေရ၊ သိမဠ္ဍက သံဃာ-ဥပစာ အတွင်း—ပြုခြင်းငှာ စွမ်းနိုင်ရကား၊ ဘုရားကစ-များစွာ ပဏ္ဍိတာ-အရိယာ အပေါင်း-သပ္ပုရိသ် သူတော်ကောင်းတို့သည်၊ အကြောင်းကြောင်း ထောက်ကြည့်လျှာ်၊ကောင်း၏-ကောင်း၏ဟု၊ ထုဘ်စေသာ ချီးမွမ်း၍-ပြောပြအပ်ထာကို၊ကထိန်လို့ ဆိုပါသည်ဘုရား။ ။

(၂) ထိုကထိန်ကို-စီးနင်းမြဘ်ဘုရားသည်၊ ဘယ်တိုင်းပြည် ဘယ်ဒေသ၊ဘယ်ဌာန ဘယ်ကျောင်း၌၊ကိန်းအောင်းခိုက်အခါပညတ်တော်မူပါသလဲငါ့ရှင်၊

(၂) သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းဌါ၊ ကိန်းအောင်းခိုက်အခါ ပညတ်တော်မူပါသည်ဘုရား၊ ၊

(၃) ဘယ်တပည့်သား-ရဟန်းများကို၊ ဘုရားသုံးလူ-သဗ္ဗညု သည်၊ ခွင့်ပြုတော်မူခဲ့ပါသလဲငါ့ရှင်၊ ၊

(၃) ဘဒ္ဒဝဂ္ဂီ-နှောင်ညီရင်းခြာ-သတင်း ဖြာသော-ပါဝါပြည်သား-သုံးကျိပ်သောရဟန်းများကို၊ သနားသမှု-အခွင့်တော်ပြုပါသည်ဘုရား၊ ၊

(၄) ဘယ်အကြောင်းကြောင့်၊ ၎င်း ကထိန်ကို-မြတ်မုနိန် စောဘုရား သည်ပဟာကြားခွင့်ပြုတော်မူခဲ့ပါသလဲငါ့ရှင်၊ ၊

(၄) ဘဒ္ဒဝဂ္ဂီ-နှောင်ညီအရင်း-သုံးကျိပ်သော ရဟန်းတသင်းတို့သည်။ သုံးလူမင်းဘုရားရှင်ကို-ဖူးမြော်လိုဆန္ဒ-ဦးတင်ခိုပန်သာ,တို့။ ကြံအမျှဖြာဖြာညီ ကြ၍၊ပါဝါပြည်ကနက်ဖွေမှ ထွက်ခွာ၍ လာကြရာ၊ ချင်းသာကြည်ဇ-တဖြေး ဖြေးနှင့်-မြို့ကလေး သာကေတသို့-မသွားခွင့်ရောက်တွေ့-ဝါဆိုနေ့ အကြောင်း ဆိုက်သဖြင့်၊၎င်းဌါဝါကပ်-သတင်းဝါလ, ကျွတ်လတ်က၊ ထိုအရပ်-သာကေ တမှ၊ဌာနေဂရ-သာဝတ္ထိသို့-မြတ်မုနိအာရုံ့နှင့်၊လာအကုန်ရဟန်း အပေါင်းတို့၊ ခါတပုံစခမ်းပြောင်းသော်၊ လမ်းကြောင်းဘကြော-မိုး ကောင်းလို့ ရွံ့ရေပေါ သဖြင့်၊ပိုက်မောပင်ပန်း-မရွှင်နွမ်း သော်လဲ၊ သင်္ကန်းတိစီဝရိက်-ဆောင်ညီ ဟိတ်နှင့် ပရိက္ခယာ-ကိုယ်စီပါလျက်၊ဂန္တာခရီ-ကျော်လွန်ပြီးသော်၊ ပြည်ကြီး သာဝတ် နဂရာတမွတ်၏ တုလွတ်ဗိမာန်-အသရေလွန့်သည့်-ဇေတဝန်တိုက် သို့၊အပေါင်းတပိုက်ခရီဆိုက်၍လာကြရာ၊ ဘဂဝါထွတ်ဖျား မြတ်ဘုရား၏၊ ထံတော်ပါးအနီး-တုဝ်ဝင်မှီးလိုရိ၊ အသီးအသီးဖူးမျှော်လျှင်။ ဇိနေဉ် ထွတ် ထားမြတ်ဘုရားက၊အများတပည့်-အားပါးရှိ၍၊မချိတင်ကဲ အလွန်ပင်ဆင်းရဲ လို့ ရိုရှိသောသင်္ကန်း၊မိုး ဖွဲ့ရေဆွတ်ဖျန်းလျက်။ပင်ပန်းစွာတရလာကြရသဖြင့်၊ ကရုဏာဗလဝ-သနား တော်မူသ၍၊ တူအမျှဆွသားချင်း၊ ဘဒ္ဒဝဂ္ဂီရဟန်း တသင်းတို့-မှီတင်းဘို နှင်းချိန်လျက်၊ ကထိန်ခင်းမှု၊ သို့ကလိုချင့်ရှု၍-ခွင့်ပြု တော်မူပါသည်ဘုရား၊ ၊

(၅) ဘယ်ခေတ်သမယ-ဘယ်ကာလ-ချိန်အတွင်းမှာ၊ ကထိန်ခင်းရပါ သလဲငါ့ရှင်၊ ၊

(၅) အဿဝဏ္ဏမီ-တူရာသီဟု စန်းမှီရောက်ရေ-ထောက်ဆိုလာသော်၊ အောက်တိုဘာ ခေါ်ဆွတ်-စာရင်း သွတ်အပ်သော-သသင်းကျွတ် လပြည့်၊ ကျော်ပက္ခ(၁)ရက်နေ့မှစ၍-ရုံစေ့သချာ-ထဝ်သည့်ဖြာမူ-ကြတ္တိကာနက္ခတ် ယှန်ရပတ်နှင့်-ဆုံစပ်ခွဲကာ-ယှဉ်တွဲပါ၍၊ ခဝါပန်း-သာတင့် ဆန်းအောင်၊

ပွင့်လင်း ဝေဆာ-ဗို ရှင်ဖြာသော-နိဗ္ဗာ ခေါ်သုံး-မှောင်မဖုံးသည့်၊ ထန် ဆောင်မှန်းပုဏ္ဏမီ-ဒီဒီစက်လှည့်ပြည့်သည်တိုင်အောင်-ထုတ်ဆောင် ရွေးခြ။ မထွေးယူဘို့၊ဇကူနတိသ{၂၉}ရက် အချိန် သမယသည်-ကထိန်လ,ဖြစ်ပါ သည်ဘုရား၊ ။

(၆) ဘယ်အကြောင်း ဂုဏ်အင်္ဂါတို့နှင့် ရုံလင်စွာပြည့်ငှာ၊ ထိုကထိန် ကိုခင်းရပါသလဲ၊ ။

(၆) အင်္ဂါရှစ်ထိ-ပြည့်ရုံညီ၍၊ ဂုဏ်ရည်လျှံကြွ၊ ပဏ္ဍိတဟု-သမ္မော ခေါ်ဆို၊ကျမ်းဂန် ဝိဒူကတ်-အရပ်ရပ်ကို၊ နှံ့စပ်သောပုဂ္ဂိုလ်မှ-ထိုကထိန်ကို ခင်းရပါသည်။ ။

(၇) သရုပ်သဘော-ထုတ်ဝေ၍ဖြာပြီးလျှင်၊ ဂုဏ်အင်္ဂါရှစ်ရပ်ကို၊ရုံလင်စွာ မလစ်လပ်ရအောင်၊ သိမှတ်ဘို့ ခင်းကြွင်းလျက်၊ ရှင်းလင်း ချက်ပြစေလိုပါ သည်၊ ။

(၇) ကထိန်နေရာ-မှန်ဝေဖြာအောင်၊ သေချာထုတ်ပြ၊ ရှေးဦးစွာပုဗ္ဗက ကရဏနှင့်,ဒုတိယပစ္စုဒ္ဓိုရ်,၊ နောက်ကို အဓိဋ္ဌာန်,ခင်းရန်တဖြာ,၊ မာတိကာ, ကြေငြာ,-ဥဒ္ဓါရ, အနာသင်,-ဤရှစ်အင်တို့ကို၊ စိစစ်မြင်အမှန်သိလှသော၊ ပဏ္ဍိတပုဂ္ဂိုလ်မှ-ထိုကထိန်ကိုခင်းရပါသည်၊ ။

(၈) ကထိန်၏မူလမှာ-အဘယ်ကိုယူရပါမည်လဲ၊ ။

(၈) သံဃာတော်ဟူသမျှသည်၊ကထိန်၏မူလမည်ပါသည်၊ ။

(၉) မြတ်စွာဘုရားဟောကြားပညတ်၊ ခွင့်ပြုတော်မူအပ်သော-အရပ် ရပ်သင်္ကန်းတို့ဝယ်၊ အဘယ်သို့သော သင်္ကန်းမှ၊ ကထိန်ခင်းရပါသလဲ။ ။

(၉) တိစီဝရိက်,နိမ်ာ,အိပ်,၊ချက်,ပရိက်,မိုး၊သင်္ကန်းကိုးဟု ဆုံးသရုပ် ဖွင့်ပြုထုတ်မှု၊ ဒုကုဋ်,ကိုယ်ပတ်,သင်းပိုင်,နိသီဒိုင်, အမာလွှမ်း,အိပ်ယာခင်း, မျက်နှာသုတ်ပဝါ,-ရေကြွရာပုဆိုး,မိုးရေခံ,စိုင်ရုံမျိုး-ထည်ကိုးတွင်၊ ပါဝင် သမုတ်ခွဲ၍ထုတ်သော ဒုကုဋ်,ကိုယ်ဝတ်, သင်းပိုင်အားဖြင့်၊ မှတ်သားညီ ဟိတ်၊ သုံးတည်တိကျ၊ တိစီဝရိက်ခေါ်ပြု၊ ဤသင်္ကန်း သုံးခုသာ-ကထိန်၏ ဝတ္ထုမည်ပါသောကြောင့်၊သုံးဖြာသော ထိုသင်္ကန်းတို့တွင်၊ ခွဲခြမ်းစဉ်စီ၊ တ ထည်ထည်ဖြင့်သာ-ခင်းရပါသည်၊ ။

(၁၀) ကထိန်လျှာ-ခင်း ဘို့ရာဟု-ဝေါဟာဆိုရိုး၊ ထည်အဝတ် ပုဆိုး သည်-အမျိုးပေါင်းမည်မျှရှိပါသနည်း၊ ။

(၁၀) ခေါမ,မည်သောလျှော်တမည်၊ဝါချည်တမျိုး၊ပိုးချည်တရစ်၊သက လပ်တတန်၊ ပိုက်ဆံလျှော်တခြား၊ ၎င်းငါးပါး-ပေါင်းငြားနှောယှက်၊ ရော၍

ယက်အပ်သော၊ပုဆိုးဟူ၍ အမျိုးခြောက်ပါး၊ ရေတွက်ကြည့်လျှင်၊ ကထိနဘူမိ-
မှုရှိအမည်၊၏ဖြစ်ပါသည်၊ ။

။(၁၁) ကထိန်ခင်းရာ-ရှင်းအခါဝယ်၊စ,လယ်,ဆုံး,ပြား,၊အခြင်းအရာ-၏
သုံးပါးတို့ကို၊ရှင်းလင်းစွာအတည်နှလုံးထားကြ၊ မှတ်သားသိလိုလှပါ၍၊ ထည့်
ဆုံဖြ-ခင်းထုတ်လျက်-အကျဉ်းချုပ်ဖြိုက်ပေးလိုပါသည်၊ ။

(၁၁) လျှော်ဖွပ်, စီရင်,၊ ဖြတ်,ယှဉ်,ချုပ်,ဆိုး, ဓိဋ္ဌာန်ခြင်း ဟု ဆိုအပ်
သော-၇-ရပ်သော ပုဗ္ဗကရဏသည်၊ကထိန်၏ အစအခင်း၊ ပစ္စုဒ္ဓါရ်ပြုခြင်း
နှင့်အဓိဋ္ဌာန်တင်ခြင်း၊ထင်အလင်း၏၂သွယ်သည်ကထိန်၏အလယ်မည်၊ ဝစီ
ဘေဒ-ခွေါ်ပြုမပျက်၊နှုတ်သံထွက်ဖြင့်၊ ဆိုမြွက်၍ခင်းခြင်းသည်၊ကထိန်၏ ဆုံး
အပြားဟု၊ ဖွေရှာကာ-၏ ၃ ပါးကိုသေချာစွာ အတည်နှလုံးထားလျက်၊ မှတ်
သားသိရှိရပါသည်၊

(၁၂) ကထိန်၏ အာနိသင်ကို၊ ဘယ်အရှင်ပုဂ္ဂိုလ်မှ၊ ခံစားထိုက်ကြပါ
သလဲ၊ ။

(၁၂) ဥပစာရသိမ်၏အတွင်း၌၊ မှီတင်းနိုက်ရှိသော၊ ရဟန်း၊ စီ-ဂဒ
ခွေါ်၍နှုတ်မြွက်၊ အသံထွက်အောင် အနုမောဒနာပြုသောရဟန်း၊ နှုတ်မြွက်
သောအား၊ သူတပါးကို ကြားသိစေသောရဟန်း၊ ၅ရဟန်းသုံးမျိုး မှ ကထိန်
၏အကျိုး- ၅ိနိပြည့်ဖြိုးအောင်၊ ဂုဏ်တံခိုးရောက်ဆိုက်၍- ခံစားထိုက်ကြပါ
သည်၊ ။

·(၁၃) ၅ကထိန်ခင်းခြင်းကို-စာရင်းတင်သွယ်၊ စက်ခြားချယ်က၊အဘယ်
မှုလောက်-သင့်ရာကောက်၍၊ ချင့်ထောက်ရည်မှန်း- သမဏဖြစ် ရဟန်းတို့
သည်-ရအပ်လမ်းရှိကြပါသနည်း၊ ။

(၁၃) အနည်းဆုံးအား-သင့်ရာထား၍- ငါးပါးရေတွက်- ဗိုလ်ကျတက်က၊
ထိုထက်လွန်စွာ-ရာထောင်သိန်းသန်း-များစွာသော ရဟန်းတို့သည်၊ သင်္ကန်း
ကထိန်၊ အရှိန်ဂုဏ်အင် အာနိသင်တို့ကို၊ ရုံလင်စွာပြေး၍၊ ခံစားသုံးဆောင်
ကြရပါသည်၊ ။

(၁၄) ဘယ်လိုစည်းကမ်း-ဘယ်နည်းလမ်းနှင့်၊မှတ်တမ်းညီမှ-ရုံပြည့်ဝ
မှ၊ထိုကထိန်ကိုခင်းကြရပါသလဲ၊ ။

(၁၄) ဝါဆိုလပြည့်ကျော်(၁)ရက်နေ့မှာပုရိမဝါဆို-ကပ်လျက်၊ ဝါကြီး
ဝါမြတ်-သတ်သတ်ကင်းလွတ်၍၊သီတင်းကျွတ်လပြည့်၊ ပဝါရဏာနေ့
မှာ-ပဝါရဏာပြုနိုင်သောရဟန်းမှ-ကထိန်ခင်းရပါသည်၊ ။

(၁၅) အဘယ်သူသူ့ဒါန်းသောသင်္ကန်းမှ-ကထိန်ခင်းရပါသလဲ၊ ။

(၁၅) ဖြဟ္မာလုံနတ်-သတင်းသုံးသော ငါးရစ်နှင့် အမှတ်မထင် အကြင်သသူ-ကြည်ဖြူသဋ္ဌါ စေတနာ ရွှင်လန်း-ကပ်လှူဒါန်းက၊ မြူခြမ်းတစ-သန်းမငြိသဖြင့်၊ သုဒ္ဓိဒါန-ထိုသို့သောစိဝရဖြင့် ခင်းအပ်လှပါသည်၊ ၊

(၁၆) ဘယ်ပုံဘယ်သို-ဘယ်သို့ဆို၍၊ ကြည်ညို ရွှင်လန်း-ကပ်လှူသော သက်န်းဖြင့်-ခင်းငြမ်းရှိပါသနည်း။ ၊

(၁၆) ဇွာမံကထိန စိဝရံသံဃာသသဒေမ၊ ၊မဂဓအမှန်-မြန်မာပြန်မူ။ ။ ဇွာမံကထိနစိဝရံ၊ ဤကထိန် လျာသက်န်းကို၊ သံဃာသ၊ သံဃာတော်အား၊ဒေမ၊လှူဒါန်းပါကုန်၏၊ ၊တိတိတိုတို-ဤသို့ဆို၍ ကြည်ညို ရွှင်လန်းကပ် လှူသောသက်န်းဖြင့်-ခင်းငြမ်းရှိပါသည်။ ။

(၁၇) သေချာသိလို-ဘယ်ပုဂ္ဂိုလ်သည်၊ထိုကထိန်မြတ်-သက်န်းဥတ်ကို ခင်အပ်ပါသနည်း၊ ၊

(၁၇) အကြင်ရဟန်းအား၊ဥတ်ကမ္မဝါဘာသ်ကြား၍၊ သံဃာတော်များ က-ပေး၏၊ဆိုရဟန်းသာခင်းရပါသည်၊ ၊

(၁၈) သံဃာကရွေးချယ်၍၊အဘယ်လိုရဟန်းအား၊ ထိုသက်န်း ကထိန် ဥတ်ကိုပေးအပ်ရပါမည်လဲ။ ၊

(၁၈) ကံကုသိုလ်နဲ့-သက်န်းမွဲ၍၊ဆင်းရဲသော ရဟန်းအား-သံဃာတော် အရှင်များက-သနားသဖြင့်ပေးအပ်သင့်ပါသည်၊ ၊

(၁၉) ဤယခုကျောင်းတိုက်ဝယ်၊ အဘယ်ရဟန်းသည်၊ ဝတ်သက်န်း အလွန်မွဲ၍-ဆင်းရဲလှရှာပါသနည်း၊ ။

(၁၉) ပတိရူပ၊စသည်လေးချက်-သမ္ပတ်စက်နှင့်၊ မပျက်ပြည့်ရုံ၊ဤဂါမ {သက္ကရာဇ်} သည်၊သဒ္ဓါဟုန်ဖြာကြွ-ရှာအကုန်တကာ-တကာမတို့က၊ ပသာဒ ကြည်လင်စွာဖြင့်- ထေရ်သံဃာ ရှင်ရဟန်း တို့အား ဆင်းမြန်း စေအလုံးစုံ၊ သက်န်းထွေသုံးကုန်အောင်၊ ဝတ်ရုံဖို့ လှူဒါန်းကြသဖြင့်၊ ဤကျောင်းတိုက် အရှင်ရဟန်းတို့မှာ၊ သက်န်းဆိုးရှား-ပါး၍ နွမ်းနယ်သူမရှိ၊ အားလုံးကုန်ပင်-ရုံလင်ပြည့်ရှိကြပါသည်။ ။

(၂၀) ဒါနသိလ၊ တိုးပွါးမယုတ်အောင်၊ ကြိုးအားထုတ်-ကံသမ္ဘာရ်ကြသော{သက္ကရာဇ်} တကာ-တကာမတို့သည်-သဒ္ဓါဗသဝ-သန်ရွှာလုံသဖြင့်၊ {မဏ္ဍလာသရုံ} ဤကျောင်းတိုက်ဝယ် ယာပိုက်မွေ့လျော် ကိန်းစံပျော်ကြသော သံဃာတော် အရှင်ရဟန်းတို့- ဝတ်သက်န်းပြည့်စုံလျှင်၊ ဘယ်အရှင် ရဟန်း မြတ်အား၊ဤကထိန်သက်န်းဥတ်ကို-ပေးအပ်ရပါမည်လဲ၊

(၂၀) {သင်္ကာရကုန်} ၏ချပ်ရွာနှင့်- အကြည် ဓါတ်သဒ္ဒါ တူမယှဉ်းကြသော အဝေးအနီးလူခပင်းတို့က-မကြာမကြာလှူခြင်းကြောင်း၊ {မဏ္ဍလာရုံ} ၏ကျောင်းတွင်းဝယ်၊ မှီအောင်းရင်း-ထေရ်သခင်တို့မှာ၊ စီဝရံ မပါးရှားသဖြင့်အများအပြား-အမှုပုံခဲ့လျှင်၊ဝယ,ဂုဏ်မြောက်ပြီးသောသတင်းကြီးအရှင်မြတ်အားပေးအပ်နိုင်ပါမည်။ ။

(၂၁) {မဏ္ဍလာရုံ}နေပုံသိုက်မြိုက်-၏ကျောင်းတိုက်အာရာမ-သိမ်ဌာကတွင်ခေါ်-ဥပစာရသိမ်ပေါ်တွင်၊ဘယ်အရှင်ပုဂ္ဂလသည်-ဝုဍ္ဎ-အပစာယနမြင့်မြတ်သောသဘာဝကြောင့်။ နာယကမြောက်ပြီး၊ ပါသာဏမြတ်ကျောက်ထီးကဲ့သို့-သတင်းကြီးဖြစ်တော်မူပါသလဲ။ ။

(၂၁) လင်္ကာပသလ-တည်နေမှု၍၊ဗဟုသုတ-ဗုဒ္ဓလောက်လုံ၊များမြတ်သောကျေးဇူးဂုဏ်တို့နှင့်ပြည့်ရုံစွာ ထင်ရှား ပါကဋဉာဏဝိဇ ပါးရှိ၊တပည့်သားအသီးသီး အရပ်ရပ်တို့၏။ မှီးကင်ခ,စားရာ-အပစာယန-မာမကကြောင့်။ ဂါရဝဓမ္မတို့၏တည်ရာ- ထက်ကောင်းကင်ဗွေနဘဏ္ဍာဝယ်-ငွေစန္ဒာ ရှုနန္ဒါနန်းကို၊ ဝေရံဘယာတိမ်မြူမစွန်းသဖြင့်၊ ဖြူဝန်းသည့် လ,ပမာ-မြတ်ဘုရား သာသနာ၌လည်း၊ဖြာလိုက်ရန့်၊ သီလဂုဏ်နံ့အဖြေန့်လျက်-မွေးပျံ့သောဂုဏ်သတင်းတို့ဖြင့်-ထုံသင်း၍ ပြည့်ကျော်ကြားပါသော တပည့်တော်များ၏ ကျေးဇူးရှင်ဆရာ-မဟာထေရ်မွန်-ပါရမီချွန်ပေသော သီလဝန်အရှင်မြတ်ကြီးသည်၊ ခိုင်ခန့်စွာမြတ်ကျောက်ထီးကဲ့သို့-သတင်းကြီးဖြစ်တော်မူပါသည်။ ။

(၂၂) ထိုမထေရ်အရှင်မြတ်ကြီးသည်၊ယခင်ကဆိုအပ်ငြီး။ အသီးအသီးဂုဏ်အင်္ဂါ-ရှုဖြာသော-အစဉ်တရားတို့နှင့် ထင်အရှားကုန်လုံး၍၊ပြည့်ရုံခြင်းရှိတော်မူပါ၏လော။

(၂၂) ရှစ်သောင်းလေးထောင်၊နက်ဆောင်သ မုဒ္ဒရာ-အင်္ဂုတ္တိုဂါနှင့်၊ စံပမာယူ-ပုံနှုန်းတူသဖြင့်။ သုံးသုပိဋ္ဋ ကဘ်-သုံးနမူ သိအပ်သော-ပရိယတ်ပေကရေတာင်းနိကာယ် ခမ္ဘနေ့တို့ကို၊ ဖန်ဖန်မွေနှောက်-ကြင်ကြင်မ ပေါက်ထျက်၊ စိန်ကျောက်မမှိန်၊ ထိန်တောက် ရှိန်သည့်-ဝရဇိန်လင်းပန်း၊ ငင်ရင်းဥာဏ်ဖြင့်။ ချွန်းချွန်မရှိ-ပုံစွာ ပြည့်အောင်-ပါဋ္ဌအဋ္ဌကထာ-ဋီကာအနု-မဂုဏ္ဍိ-နေတ္တိ,လက်သန်း၊ ဆန်းပထျ၂-အသက် နှင့်-သဒ္ဒါ မာဂဓ သန့်-အဘိဓာန် နိဃဏ္ဍု သော၊ နာဂရိ ဘင်္ဂလီပါ-ဗျည်းကလပ်-ငင်ငင်ညှင်၍ မျိုးဟန် ရာဇဝင်နှ-ကာတြိန့်က၊သိဒ္ဓန်ဗျာကရုဏ်း-ကျမ်းအားလုံးကို၊ ထုံးမှ အလား၊ ငက်ကုန်ဝါးသို၊အသွားထက်မြက်-ထွားထွားညက် မှ ပြက်ပြက် ကွင်းကွင်း-သိဥာဏ်လင်း၍၊ကြံကြွင်းမရှိ၊ မွှေနှောက် မိသောကြောင့်၊ တုဘိယောသ၊ အုံသြကြ

လျှက်၊ သဒ္ဒကိစ္စ၊ ကျော်စောခြင်း၊ သင်္ဂြိုဟ်ရှိတတ်သော {မဟာပဋ္ဌာန်} ဝိသေသ အရှင်မြတ်ဖြစ်ပေ၍၊ ရှစ်ထွေသော ဂုဏ်အင်္ဂါတို့နှင့် ရုံလင်စွာ—ပြည့်စုံတော်မူပါ သည်တုရား။ ။

(၂၃) ထိုဆရာတော်—ထေရ်အရှင်ရဟန်းသည်၊ ကထိန်လျှာ၍သင်္ကန်း ကို-လှူဒါန်း၍ရသောနေ့ဥပင်၊ ခုနစ်အင်ကရဏာကိစ္စမှုတို့ကို၊ မလွန်ခင်ခဏခိုပြု ပြု၍။ ယခုနေ့အတွင်း—အမှုရွေ့ မယွင်းအောင်-ခင်းခြင်း ၄ါးစွမ်း နိုင်ပါမည် လော၊ ။

(၂၃) ချုပ်ပြီးဆိုးပြီး—ဖြစ်၍၊ ချော်ဖွပ်-ဖြတ်-စပ်-အရပ်ရင် အတန်တန် ပြုလုပ်ရန်မလိုပါ—အကယ်၍တည်း—ချုပ်ဆိုးပြီ ယခုမဟုတ်လို့၊ ပြုလုပ်ဘို့ ရှိပါပြွားလည်း၊ တရအကျွန်ုပ်တို့၏၊ ကဝိဆရာဘုရားမှာ-ထင်ရှား ပါကဒူ၊ ကြယ်ဘောင်လ,ကဲ့သို့၊ ဂဏဝါစက—ဗလဝဥာဏနှင့်။ သုတခရ အရှင်မြတ် ဖြစ်ပေ၍သိသောတပည့်—အထွေထွေရှိသဖြင့်၊ ဝန်းထည့် ပရိသတ်—များပန်း ခတ်သို့၊ ထူထပ်ပါများသောကြောင့်ရင်း၊ အကယ်တန္တ—တပည့်အဖုံဖုံ- မပြည့်ပုံသော်လည်း၊ ကြည်ယုံလေးမြတ်-မေတ္တာခတ်ဖြင့်၊ မြတ်သမဂ္ဂ-စပ် ဆက်ဆံ၍၊ နိယံနိစ္စ—ကောင်းကျိုးမျှကြသော-ရိုးခွ,ရှာသစ်,၊ ကန်မြင့်,-သဲဖြူ,၊ သပဲကူဘို၊ တဲ့ယုမဝေး၊ ခြပ်မွေးသော၊ ဆတ်ကလေး,-ကျားဟုန်း,-အားလုံး တပိုက်၊ ကြံပိုက်,—ပန်းသီ,၊ စခမ်းချိလျှက်၊ တန်းစီတွက်စစ်၊ တက်သစ်, သံဖြူ,၊ ထို့ထူကျောက်ကြီး,၊ နောက်အငြိုးတွင်၊ ဝေးနီးကျော်စော၊ မကွာပြော က၊ တမာတကော,-ခလောက်ခလှု,၊ ကောက်ယူမထွေး၊ ထောက်ကူရေးဖြင့်၊ မငေးအလယ်ရွာ,၊ နယ်တကာဥ္၊ သွယ်ဖြာဝိုက်အောင်၊ ဆူလို က်သတင်း၊ ပျံ့နှံ့ သင့်သော၊ စလင်း,-ဗိုလ်တထောင်,၊ သို့တိုင်အောင်လျှင်၊ ပြုခေါင်မှိုင်းမ၊ အား လုံးသောဂိုဏ်းဂဏတို့က၊ ပိုင်ကြမည်ဖြစ်သောကြောင့်ရင်း၊ အကြောင်းအား လျော်စွာ-စွမ်းနိုင်လှပါသည်ဘုရား။ ။

(၂၄) ချုပ်ငြီးဆိုပြီး-မဟုတ်မှုကြောင့်၊ လုပ်ပြုဆောင်ရွက်ရန် အတန် တန်လိုပါသော်-ထိုဆရာတော်-မထေရ်ကျောင်း-သံဃာတော်ဂိုဏ်းဂဏတို့ က-အားလုံးကုန်ဝိုင်းကြ၍၊ မှိုင်းမထောက်ပံ့ရလိမ့်မည်ဟုဆိုငြ၊ ထိုဂိုဏ်းဂဏ နေသမျှတွင်-ထေရမဇ္ဈိမ-နဝကဆုံးဖျား၊ ၌သုံးစားတွင်-ဘယ်အရှင် ဘယ် မထေရ်တို့က၊ ကူညီထောက်ပံ့ကြရပါမည်နည်း၊ ။

(၂၄) ထေရ-နဝ၊ မဇ္ဈိမ-သုံးစား-သံဃာတော် ပေါင်း အများတွင်- ဘယ်အရှင်တပါးမှ-ရိုးတိုးယားတားနှင့် ရှောင်ရှား ကွေကွင်း၍ နေခြင်း၄ါ မသင့်ပါ၊ ဘဒ္ဒမည်သော-၌ကထ္ထာမှ-သင်္ချာမှတ်ထိန်း-ကဝိတဆိန်း အလွန်တွင်၊

ဂုဏ်ဝန်ကြီးထု၊ပေါင်း၍ ရသော-ပဒုမုတ္တရ-သမ္ဗုဒ္ဓမြတ်စွာ-စေသသဗ္ဗာ၏၊
လက်ျာတော်ရန်-ခေါ်ဟန်သာစွ-သုဇာတဟု-နာမတော်ဆန်း-ရဟန္တာ မြတ်
အရှင်ရဟန်းသည်၊ ဥတ်သကန်းကထိန်ကိုခံလျှင်-စိန္တာယျံမုန်မှ-သုံးလောက
ဥသျှောင်၊ငါးမာရ်အောင်လျှင်-ဘုန်းရောင် ထိန်းဝင်း-အရှိန် လင်းသည့်-မင်း
မင်းမကိုဋ်၊ဦးဖြင့်တိုက်၍၊ ညွှတ်ခိုက်ဝပ်တွား-လူသုံးပါးတွင်-ဘုရားစင်စစ်-
ငါလျှင်ဖြစ်တကားဟု-ကိုယ်စားတော်မမူ၊လျစ်လျူမရှု-အနေရေးပြုလျက်၊ပေါင်း
ရ,ထိုခါ-သာသနာတွင်-သင်္ချာဂဏန်း-ဧဥ်ကာတန်းသော်၊ {၁၀၀၀၀၀၀}
ခြောက်သန်းရှစ်သိန်း-တွက်ကိန်းများစွာ၊ သားသံဃာတို့နှင့် တကွ လောက
ဦးကိုင်-မြတ်ဘုန်းလျှိုင်သော်မှလည်း-ကိုယ်တော်တိုင် ပြုတော်မူသည့် အရာ
ပင်ဖြစ်၍၊ စင်စစ်အများ-ကျော်သင်ရှားကာ-ငါကားသတင်းကြီး မဟာထေရ်၊
ငါကားဂဏာမရိယ-ဂဏာပါမောက္ခ နာယကပြုလုပ်-ကြီးမှူးချုပ်သော ဂိုဏ်း
အုပ်ဆရာတော်-ဂိုဏ်းချုပ် ဆရာတော်-ငါကားဂဏာပါက=စ,မှိုချသော—
သုဘာဓေရပုဂ္ဂိုလ်—ငါကား-အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့နာမ တံဆိပ်နှင့်-အင်္ဂလိပ်-
အစိုးရတို့က-တန်ခိုး ကြွအောင်-မြှောက်ဖြင့်၍၊အထောက်ပင့်ခံရသော ဝိသေသ
တဆုဟု- မည်သူတပါးမျှ၊ ရှောင်ရှားကွေ့ကွင်း၍ နေခြင်းငှါ မသင့်ပါသော
ကြောင့်-ခွင့်အခါမျှော်ရှု-ဤသို့သာအရာမှာ-မနေသာအောင်အမှုရှိ။ ဆောင်
ပြုကျည်ကြရပါမည်၊

(၂၅) ဤကထိန်သျှာ သင်္ကန်းဟူသည် မြန်ညည်ညစ်ကြေး-အပြစ်ဘေးတို့
ရှစ်ထွေးမသန်း၊ မွေ့န်းမထိကင်းလွတ်၍၊အတိဥက္ကဋ္ဌ လွန်ထူးမြတ်သဖြင့်၊
ဘိုဟ်ကြွားအပ်သော အရပ်ရပ် တကာ-တကာမ-ပဝ,ရိဟာအထွေထွေ-မျိုး
ခံဆွေရင်းချာ-ဥာတကာမကျွး ပွေးသမိခင်-ကျေးဇူးရှင် တကာမကြီးကဲ့ သော်
လည်း၊ အပြီးသားတော်အပ်- ဝိညတ်ပရိကာသ-ဩဘာနိမိတ်-အရိပ်အ
ရောင်မြူမှောင်မငြိ-ပကာတိဖြင့်-မိမိဘာသာ-ပေါ်ပေါက်လာ၍၊အာကာသမ္မ—
ကောင်းကင်ကာ,လျှောကျ သဖွယ်-ဖြစ်ကင်းကွယ်၍-စင်ကြယ်သောသင်္ကန်း
ဖြင့်သာ-ခင်းအပ်ပါသောကြောင့်၊ မကြာချက်ချင်း-ယခုပင်ခင်းတော်ခည်း ဤ
ကျောင်းတိုက် အတွင်း- ကထိန်လျာသင်္ကန်းသည်- ညှင်နွှမ်းကွယ်- ရင်းအ
ဖြစ်တို့မှ-ကင်းလွတ်စင်ကြယ်ပါ၏လော၊ ။

(၂၅) တဦးဘယောက်သောရဟန်းမျှ၊ ဤကထိန်သင်္ကန်းကို-လှူဒါန်းစေ
ပိတ်အမှတ်ဖြင့်-ဝိညတ်ပရိကထာ- ဩဘာဟိတ်နှောင်-နိမိတ်ဆောင်ပြီးလျှင်၊
အရိပ် အရောင်- မပြကြ၍၊ အာကာသမ္မ- ကောင်းကင်ပက- လျှောကျ
သဖွယ်-ဖြစ်ကင်းကွယ်၍-စင်ကြယ်သန့်ရှင်းသော သင်္ကန်းမှန်ပါသည်၊ ။

(၂၆) ယက်ကန်းသည်အိမ်မှ- ဆောင်ယူ၍ရခဲ့သော ပုဆိုး၊ ကော်လိမ်းကြိ၍-သုံးရန်မကောင်း- မပြောပျောင်းဘဲ၊ သွေ့ရောင်းခက်မာ-အစာမကျေ သေးသောပုဆိုး- ညှက်နွမ်းမပြောင်း- မှိုင်း၍ မှောင်သဖြင့်- အရောင်အဆင်း ပြောင်လင်းခြင်းမရှိသော ပုဆိုးတို့ဖြင့်၊ ကထိန်မခင်းအပ်သောကြောင့်၊ လတ်တလောချင်း- ယခင်းတော့မည်။ ဤတိုက်တွင်း ကထိန်သင်္ကန်းသည်၊မှတ်တမ်းရှိ-ယခင်အပြစ်ဘို့မှ-စင်စစ်သန့်ရှင်း၍ စင်ကြယ်ခြင်းရှိပါ၏လော၊ ။

(၂၆) အကြိမ်ကြိမ်ဖွပ်လျှော်၍၊ညှိုးလျော်သောသင်္ကန်းဖြစ်သဖြင့်၊အပြစ်လွတ်ကွယ်-ကင်းစင်ကြယ်ပါသည်၊ ။

(၂၇) ပဉ္စခဏ်း သတ္တခဏ်းစသည်၊ အလိထိ မဖြတ်- အနားပတ်လေးဘက်- ဝန်းဝိုင်းလျက်မတင်က- ကသိန်လျှာ မဝင်ဖြစ်၍၊ ငင်စစ်သိမ့်-မျက်မှောက်ရှု၍၊ ယခုနေ့ချက်ချင်း-ခင်းလတ္တံ့ ဖြစ်ပါသော-ထိုကထိန်လျှာသင်္ကန်းသည်၊ငါးခဏ်း-ခုနစ်ခဏ်းစသည်၊အလိထိဆုတ်ဖြတ်လျက်-အနားပတ်လေးဘက်တင်သဖြင့်-ကထိန်လျှာဝင်သင်္ကန်းမှန်ပါ၏လော၊ ။

(၂၇) ငါးခဏ်း-ခုနစ်ခဏ်း စသည်အလိလိဆုတ်ဖြတ်-စီအညီချုပ်စပ်၍၊အနားပတ်လေးဘက်တင်သောကြောင့်-ကထိန်လျှာဝင်သင်္ကန်းမှန်ပါပြီ၊ ။

(၂၈) တကြိမ်သာ ဆိုးရတပ်လျက်-အထပ်ထပ်ဆိုးခြင်းကို လျှော့ပေါ့၍-ဖြော့တော့သော အဆင်းရှိရုံမျှနှင့်၊ သာရုပ္ပ မဖြစ်သဖြင့်၊ မသင့်တင့်မသပ္ပါယ်-ဆင်စွယ်ရောင်အဆင်း ဖျ၊ဝါ ဝင်းရုံမျှနှင့်လည်း၊ ကထိန် မခင်းရကား၊သင်ရှားမှုရင်း ယခုခင်းမည့်-ဤကျောင်းတွင်း ကထိန်လျှာသင်္ကန်းသည်၊ ချင့်မှန်းနှိုင်းချိန်၊ရောင်လျှံထိန်အောင်-အကြိမ်ကြိမ်ဆိုးရေဆုပ်၊အသွေးအဆင်း မှည့်ဝင်းအောင်မကွာဟုတ်သဖြင့်-သာရုပ္ပသင်္ကန်းမှန်ပါ၏လော၊ ။

(၂၈) တကြိမ်သာ ဆိုးသည်မဟုတ်-အထပ်ထပ် ဆိုးရေဆုပ်သဖြင့်၊ သာရုပ္ပသင်္ကန်းမှန်ပါပြီ၊ ။

(၂၉) ကိုးထည်သော သင်္ကန်းတို့တွင်-ပါဝင်သက်ဆိုင် ရေတွက်နိုင်သော-သင်းပိုင်,ဧကစီ,-တထိဒုကုန့်,-ပြုထုတ်စဉ်စီ၊ ဤသုံးထည်သာ- ကထိန်အရာ မြောက်ထိုက်ပါသောကြောင့် {မဟာသာရုံဝိဟာရ}အာရာမ တိုက်အတွင်း၊မယွင်းယခု-ခင်းပြုမည့်ဤသင်္ကန်းသည်၊ သုံးထည်သောတိစီဝရိက်တွင်၊ ပါဝင်ရောက်ဆိုက်၍၊ကထိန်လျှာ မြောက်ထိုက်ပါ၏လော၊ ။

(၂၉) တိစီဝရိက်အမည်၊သုံးထည်သော သင်္ကန်းတို့တွင် ပါဝင်သည်ဖြစ်၍၊စင်စစ်မှန်စွာ-ကထိန်လျှာ မြောက်ထိုက်လှပါပြီ၊ ။

(၃၀) လူနတ်ပြဟ္မာ၊အစဖြာလျက်၊ သိက္ခာသာဓိဝ ကျင့်ကြသူချင်း၊

သိဘင်းသုံးဖေ်ငါးရပ်တို့တွင် အမှတ်မထင် အကြောင်းသင့်၍ ကြည်ဖြူ၍စေတနာ ဖြစ်ပေသော၊ ကပ်လှူကြသဖြင့် တာကောလသိ မဟုတ်၊ ရက္ခပ ဂိ-အလျှာပါ ခေါ်၍ခဏ္ဍာသိမ်းသက်းဖြင့် ဟာ ခင်းကပ်ပါသော ကြောင့်- သဏ္ဍာရ ခံရ ဂါမ၊ {၂ ဏ်သ ၄} အဘွင်းဥသျှခြင်း ချာအချိန်မှာ---လွှ ပြောအရ အရှိးဖြာ ပါသော-ကင်းသူ့ ဝိဝရသည်၊ ကျင်း နသာညီရှု၍၊တာဝကာလိက-အသိ က အတွန့်မှု ဟုတ် သဖြင့် ရက္ခ ဂိ မှန်ပါသည်၊ ၊

(၃၀) ဤး ချောင်းသိမ်မှ -ဖျက်ကြောလသောသော-ကထိန်လျှ ဝိဝရသည်-ကြည့်ဘဒ္ဒ ရွ ရွ ပြေးမြှုးနှင့်နဗ္ဗ နဲကုဓော် ရုံး၊ အထူးပင်-ကပ်လှူကြ ပါသော ကြောင့်၊ ဟာဂကာ လိက-ခာစ ခဏ္ဍ ရုံ အဘန့်မှု မဟုတ်--ရက္ခ ဂိ မှန် ပြီ၊ ၊

(၃ ) သ ရ သ ရ--ယခုအသိ သိး ညှဲ၍ ပြီးမလျော က်မဖေါက်မဖြန် ညီ၃ ၊နှုံ ဝည္ဍာ ပစ္စ တိသုန္ဓ ခ ဘသက်နုံးဖြင့်ပ ၍ သံဃာတော်အများ သည်-ဟာ သင့်ဘဝ်တို့၏ ကျ ရ ရှင်ဆရာမြတ် အား၊ ဥက္ကဒုတိယကမ္မဝါစာ ဖြင့်-ဗ္ဗ သိမ်းပေါ်မှာ ပ၍၊ ရံးစေ့ မလွှ၊-ဥပစာသိမ်တိုက်- ဤကျောင်းတိုက် အတွင်းမှ ခေါ်အပ်၏၊ ခင် အပ်သည့် ကထိနရှိသော ကျောင်းတိုက်၌လည်း၊ ကထိန်ခင်းပြီးသည့် နေ့ကစ၍-ဘဂ္ဂုဏပုဏ္ဏမီ မိနံသိးဆောင်း-ကုန်လုနှောင်း သော တပေါ်လပြည့်နေ့သို့ကျူးအောင်- ဤငါးလအတွင်းတွင် အာနိသင် ငါး ပါးကိုခံစားကြရပေလတ့်၊ ၊

(၃၁) ကထိန်၏ အကျုံး ရောက်ပုံမျုံး၍-အထူးများပြား-အာနိသင်ငါးပါး ကိုခံစားကြရတော့မည်-မှန်ပါသည်၊ ၊

(၃၂) ဆိုခဲ့ပြီးစကား၌၊ အာနိသင်ငါးပါးကို၊ ထင်ရှားအောင်ခွဲခြမ်း ထျက်-စိဘန်း၍ ပြပေလိုပါသည်၊ ၊

(၃၂) အာနိသင်ငါးပါးဆိုသည်မှာ၊ (၁) မြို့ပြရွာအရပ်တွင်းဝယ်- တြ ရောက်ဘွယ်ဆွမ်းစားပင့်ဘိတ်၍သွားပါးက ထင်ရှားရှိသော ရဟန်းတို့ထံ- သွားဘို့ခန့် မပန်မကြားဘဲ၊နေရင်းစွဲကျောင်း တိုက် မှ-သွားလိုက်သွားချာ-သွား လွှ သ်ပါသဖြင့်၊ ဘာသ်မှာချီးညွှန် လိုရာအိမ်သို့၊ ချင်ပြင်းသုခ-ဘူည့်လည်ကြ သော်လည်း၊ သုဒ္ဓ စိဘအရ-ဝရိဂ္ဂသိက္ခာပုဒ်ဖြင့်၊ အာပတ် မသင့်နိုင်ခြင်း ကြောင့်၊အဖြစ်ကင်းသော- အကျိုးဘရားကို-ခံစားသုံးဆောင်ရခြင်း ဟူသော- အနာမန္တစာရ-အာနိသင်တပါး၊ ၊

(၂) အဓိဋ္ဌာန်ဘင်ပြင်းတိစီဝရိက်သင်္ကန်းတို့ကို၊ အပြင်ပန်းရပ်အခြား၊ နယ်ဥာနဘပါးသို့ သွားလေရာရာ-မကျွာအတူ-ရှေးကလိုမသယ်ယူဘဲ၊ လွယ်

ကူလိုရာ-ကိုယ်ချည်းသာလျှင်၊ချမ်းသာစွာသွားလာရသဖြင့်-ညဉ့်ကင်းခြင်း ငြိလျက်ရှိသော်လည်း၊ နိသဂ္ဂိပါစိတ်-ဒုတိယကထိနစိဝရသိက္ခာပုဒ်ဖြင့်၊ အာပတ်မသင့်ခြင်းကြောင့် အပြစ်ကင်းသော အကျိုးတရားကို- ခံစားသုံးဆောင်ရခြင်းဟူသော-အသမာဒါနစာရအာနိသင်တပါး။ ၊(၃)မိစ္ဆာဝိညတ်-မဘိတ်အပ်သော၊အကပ္ပိယနိမန္တ အပြအပြောမရှိသော ဂဏဘောဇနကို စားရခြင်း၌၊ပြစ်ကင်းခွင့်ရ၍၊ သုဒ္ဓပါစိတ်သမုတ် ဂဏဘောဇန သိက္ခာပုဒ်ဖြင့် အာပတ်မသင့်ခြင်းကြောင့်၊အပြစ်ကင်းသောအကျိုးတရားကို ခံစားသုံးဆောင် ရခြင်းဟူသော ဂဏဘောဇန အာနိသင်တပါး။ ၊(၄) ပိုလွှန်ဗဟု အတိရေကသင်္ကန်းရကို ဝိကပ္ပနာမပြု-အဓိဋ္ဌာန်မတင်ဘဲ စွန့်ကြဲသုံးဆောင်ရာ-ဆယ်ရက်ထက်ကြာသော်လည်း။ ဒေသနာနိဿဂ္ဂိယ ပထမကထိန စိဝရသိက္ခာပုဒ်ဖြင့်၊ အာပတ် မသင့်ခြင်းကြောင့်၊ အပြစ်ကင်းသော အကျိုးတရားကို၊ ခံစားသုံးဆောင်ရခြင်းဟူသော ယာဝဒတ္ထ စိဝရ-အာနိသင်တပါး၊ ၊(၅) ကထိန်ခင်းရာကျောင်းတိုက်တာဝယ် ဆိုက်လာဖြစ်ထွန်းသံဃိကသင်္ကန်းတို့ကို၊ ထိုကထိန်ခင်းသော ရဟန်းတို့သာ၊ ရအပ်ပါ၍၊ ချမ်းသာစွာ သုံးဆောင်ရခြင်းအကျိုးတရားကို ခံစားရခြင်းဟူသော ယောစတတ္ထစိဝရုပ္ပါဒ အာနိသင်တပါး ၊ ၊ဤသို့အားဖြင့်၊ထင်ရှားတံခွန်ရ ပြည့်ဖြိုးအောင်၊အကျိုးဂုဏ်အင်၊ ငါးအင်္ဂါစဉ်အပ်သော၊အာနိသင် ပေါင်းငါးဝတ္ထုကို၊တပေါင်းလပြည့်သို့အကျ-ငါးမာသအတွင်း၊ကထိန်ခင်းသောနေ့ကစ၍-ခံစားကြရပါမည့်အဖြစ်ကို ဝိပစ်သေချာ-ဝေဝေဝဖြာအောင်၊ထေရနဝေရ-မဇ္ဈိမနှင့်၊ နဝက-မှန်စွာ၊ အားလုံးသောပုဂ္ဂိုလ်သံဃာတို့သည်၊ဆရာ့ဆိုသင်ချာ-ဇင်းပဋ္ဌာန်သံသတ္တကို၊ အပေါင်းစဉ်လာ-အရှိမကြံရအောင်၊ အကြောင်းအင်္ဂါ-သိရန်မွေ့တို့၊ ကဝိမလွှာနအဆောင တန်ဆာစကားဖြင့်၊ထင်စွာမမှား-ထွေထွေကောက်ပြီးလျှင်၊ဖြေဆျက်ခြင်းပုံပါသည့်၊လင်္ကာသ၊ဌာနိယ-ဘာတ်က အရှင်-မြတ်နောင်ခင်-ဘုရား။

ကထိန် အာမေး အဖြေ ပြီး၏။

---

{ ကထိန်ဥတ်ဩဘာစာ၊ }

သာဓု-သာဓု။ ပဋ္ဌာနာပြုဘို့၊မဟာကရုဏာ-အတုသ-မကုဒ္ဒရှန်ကူ။စံတာသူ၊နတ်လူတို့ချဗော-ထက်ရွှာဖက်ကွာ ဘဝဂ္ဂ၊ပြဟ္မာတို့ထိပ်ပန်း ခေမ်းမချို၊ကြဌှန်းကြိုး-ရဟန်းတို့အာစရိ-ဇုတ်ထုတိ သုစရိ မုနိပုဂ်ဝ၊သော္ဘဇေ္ဘ-အမိတ

ဓိနမြတ်စွာ။ ရောင်ခြည်ရှိန်ပွေ၊ ထိန်ထိန်ဝေ–အစိန္တေ့ဗောသဏ္ဍာသည်၊ ဩ
ရသာချစ်သားရဟန်းတော်တပည့်များအား၊ ဟောကြားပညတ်–ဝိနယဒွေဗျာ–
ဒေသနာ–သွေမကွာနှင့်အပ်သည့်၊ မုခပါဠ်ခမွော–ထုတ်အပ်သောပါဠိအရနှင့်၊
အဋ္ဌကထာရှိသမျှ–ဋီကာအချက်တို့ကို၊ စိမ့်ဖွာလျက်ညွှန့်သွယ်–မြန်မာလို ကွန့်
ချယ်၍ အဓိပ္ပါယ်–များကျယ်စွာကို နားဝယ်မှာဆိစိမ့်သို့၊ ကြားဘွယ်ရာကြည်
သိန့်အောင်၊ ဤကထိန်အကြောင်းကို ငြိမ့်ပြောင်းပဋ္ဌင်–တီးခတ်ဆော်–အောင်
စည်ယင်သကဲ့သို့၊ နောင်ညီခင်တူမသွေ–ခွေးသမဏေမြတ်နှစ်ပါး၊ မေး,အဖြေ,
ဘာသ်ကြား၍၊ ထေရ်ဘုရားများသံဃာတို့နှင့်–ပွါးလျှံသဒ္ဓါတူမယှင်းကြသော၊
ဒါယကာ,ဒါယိကာမ,ပေါင်းတသင်းတို့မှာ–ကောင်းခြင်းကိုဖွေရှာလှည့်သဖြင့်၊
သေအချာသိကြပြီ၊ ။ဤယခုရောက်သည့်နှစ်၊ ၁၂၈၄–ထိုးဖွဲ့ရေးသက္ကရာဇ်
ဝယ်–ဇွေချမ်းဘွယ်အများ၊ ဘေးဘျမ်းကွယ် လွတ်ရှားလျက် ကျွတ်တရား
ထိုက်ငေြ့ဖြင့်၊ မြိုက်ခေမာပြည်နိဗ္ဗူကို–ရည်စိတ်တူ–ပန်ပတ္ထနာအုံကြသော၊
သမ္ဘာရခံနိဂမနှင့်၊ သဒ္ဓိသပ္ပာ–သဒ္ဓါ၊ အစိအဌအများပါကြသော အခြားရွာ
တကာ, တကာမ တို့ပါ–နလာဍပြုမြင်မကိုနှ်ဝယ်၊ ဦးတင်ခိုက်ပန်ထွာညောင်း
လိုမိ,သံဃာကောင်းတို့မှန်းရည်မျှော်ပြီးလျှင်၊ ပန်းသိ–ဆရာတော်၊ စလင်း–
ဆရာတော်၊ ငုင်းတိုက်ဒုပ် ဆရာတော်၊ ငင်းတိုက်ကြစ်ဆရာတော်၊ ဗိုလ်တ
ထောင် ဆရာတော်၊ တမာတကော ဆရာတော်၊ မငေး ဆရာတော်၊ ခသောက်
ခလူ ဆရာတော်၊ တက်သစ် ဆရာတော်၊ ကျောက်ကြီး ဆရာတော်၊ သဲဖြူ–
ဆရာတော်၊ သမ္ဘာရခံ–ဆရာတော်၊ ကြိမ်ပိုက် ဆရာတော်၊ ကျွားဟုန်း ဆရာ
တော်၊ ရွာသစ်ကန်မြင့် ဆရာတော်၊ ငင်းကျောင်းကြီး ဆရာတော်၊ ရိုး၌–ဆရာ
တော်၊ ဆတ်ကလေး ဆရာတော် အစရှိသော၊ သမုဒိဘူတ–တူမျှမျှက်မှောက်၊
ကထိန်ကံအောင်မြောက်ဘို့ ကြွရောက်တော် မူကြပါသော၊ ဆရာတော်–
သံဃာတော် ထေရ်ဘုန်းမော်များအပေါင်းသည်တို့သည်၊ တရားကြောင်းလင်း
ပြ–ကောင်းမှုနှံ့စွာကြင်းပသော၊ ကထိနမြတ်အရှိန်–ဥတ်ကထိန်ဤပွဲကိုး မြို့ဖွဲ့ကာ
တညြိမ့်ညြိမ့်–ထက်ဝန်းကျင်းကျော်ဟိန့်အောင်၊ တသိန့်သိန့်ပတ္ထနာပြုညှံ့လျက်၊
သာဓုသံအောင်နိမိတ်ဖြင့်–အောင်ဘိသိက်သွန်းကြပါစေသော်၊

ငင်းအငြိုးတွင်–ပေါင်းအသီးသီး၌ာန၊ ကောင်းမှုရှင်–တကာ–တကာမတို့
ကို၊ ပသာဒကြည်းစန်–ရှာဂါမ–အမည်တွေ မကြီးအောင်၊ ဆိုကလံ ညီအထိ
ဂွမ်းလိုပပိတ်ရွှမ်းရိုအများသဘောကျဘို့၊ နားသောတဘဝင်စိမ့်စေ၍–ယခင်
ကထ်နှံ့,–ကျင်းပဟန်ပွဲကို၊ ခင်းပြရန်မလွဲ မှီးသုံးမှတ်ရအောင်၊ နည်းတဘုံး
ဘာသ်၍ ထောမနာအပ်သော ... ......

# အပြီးအဆုံးသတ်သြဘာစာ၊

ဇယတု၊ ၊မဟာနဒီ-ဖြာဖြာလည်၊ နာမည်ငါးထွေ၊ မြိုင်တွင်းခရီ၊ မြှိုင်ဆင်းစီး၊အိဝ်မင်းကြီးနောဝတ်ဖွေမှ၊ဇွေသွန်သွန် ဉဒကာ၊ရေတခွန်အမွန် ယမုနာနှင့်၊ဂင် ါအစိရဝတီ၊မဟီသရဘူ၊ ဆူဆူသီးသီး၊ ပတ်ချစ် စီးသော၊ မြစ်ကြီးငါးသွယ်၊မြစ်ငယ်ချောင်းမြောင်း တောဟောမာရဂုံးစင်းမှ၊ရုံပေါင်း၍ကျလာ၊လက်ဝန်းကျင်ဖွေ့ထျာဝယ်၊ ဒေသာရဋ္ဌ၊ ပါကဋဟု၊သာစွဋ္ဌာန် ဟေမွှမအောက်နိုင်ငံတွင်၊ မြန်ခွင်တရ၊စံတင်ပြုဟို၊သွင်ရှုလင်းထိန်၊ဂုဏ်ခြင်သတင်းရှိန်ဖြင့်၊အင်းစိန်နဂရ၊ဖိုပိုင်သ၍၊ခိုင်ခွေန်ယူ၊ဖွန်ဆူကျယ်စွာ၊ စီရင်ပနယ်အပေါ်တွင်၊မဟာနိဂမ၊ ဌာနီယတု၊ပြည့်ဝကုန်လုံ၊ ဇရုာကုလား လူမျိုးခြားတို့နှင့်တကွ၊တိုးပွါးအောင်၊ဘဏ်နောဆုံကြသော {သဖ္ဘာ ခံ} ရာဌာန်၌သဒ္ဒါဗလဖြိုးလင်းပေသော၊ သူကြီးမင်း{ဂ်သိန်းမောင်}က-ဖြဟ္မဝိုရ် မတိမ်းအောင်ဆိုပြန်ည်းဖြင့် {ကိုဝကြီး}{ကိုစုသ်ယား}ငဲ့ပြင်ထိုဝယ်အမှားဆောင်စီသွင်းပါက၊နောင်သီချင်းချာ--{ကိုးမောင်လှ}နှင့်{ကမောင်ဝ}မှတ်ပြုဆိုသော်၊ မြတ်ကသိုဏ်ပြီးစီးအောင်ဟု၊ အနည်းနည်း ဆောင်ကာ၊ အထုတန်ခိုးဖြန့်လျက်၊{ဦးဘိုးအံ့}ဂေါ္ကရီးထရိပ၊တက်သသ်နေ့ခဲည်အလျှ ငင်းသလို၊ ဝဖွခန်မယွင်း၊အများသုံးကြသည့် အားလုံးသောရဝ်သူချာသားဘ်နှင့်၊ထင်တူစွာခြားရင်းရပ်ရွာဝယ် ပေါင်းစုဝ်ကာနှ ၎်၍-သဒ္ဒါဇောပိုကြသော ရွာတောည်သဲပြုကျန်ပ-တွဲကူရန် အကြောင်း နှိုင်းစာလျက်၊ ပေ ငင်းကင်းပေါ် စီ၂ပ် သွင်းလိုမို၊ ဤးယ်အတွင်း၊မနီရွာဆုံပေါင်း၍-ကျောသ ရုံ ကျေ ငင်းသိမ်အပြင်ငယ် ချိုသင်ရှက်ပန်းဆီမီးတို့နှင့်တကွ-ဆွမ်းကော်ကြီး ဂ ဝ်လျှခါဖြင့်-မြတ် ပူဇာ အများခဲငြီးလျှင်၊ဘုရားပွဲကြီး တသ္ကပြကျရာပ၊သယ်ဒ နကောင်း လှူသည့်အခါမှာလည်း၊အပေါင်းတူရိ ဘာဇာတ်သဘင်အခမ်းနှ ည်မိုးညှင်းသူဘိစ္စ အရင်ရင် ရှင်လန်းလျက်၊ဥတ်သ ဂ်နှ -ကာ င်နဲ့ပွဲ င်းရှိမ့်သဲအောင်ကျင်း ကြပါ၍၊ သတင်းလှစွာ၊ဤခနဲ-ဤရ ဂ်ဝ ဂ်-ကြည်ဖွေ့ ည်လျက် သေးမနေသ်ဒေဝီ ဖြင့်၊ ဇော မြတ်ပလကိတ,ပန်ရှယ်ခြ ငြိုးလျှင်၊ အန္တရာယ်အဖုံဖုံ နဲကင်းပျောက်လို့မို၊ အလှူ လင်းတောက်သည်၊နေ့ လပုဏ္ဏမ်းကဲ့သို၊ချမ်းမြ ဂုဏ်သိမ်ကြ ၆ ရ ပွါးတဲ့ပြင်-တက်ဝေ သလား-ဘောဂသ ဒါနှင့်ဝေ စွ ဘဏ်ခေသန်ပည် ပြု လို့မို၊ ကထိန်၏အကျိုးကောင်းမှုပညာကြောင့်၊ တေ င်းဆုဘုံ အ တ သော င်းခမာသို့၊ ပေါင်းတရဆုံသမူ-နောင်မ သ မက္ခာပ- ဒေ ဝ်ဇေ ယု ဝေနီး ပြည်ကျော်ပီးအောင်၊ မွှာပည်တော်ကြီး တီးခတ်ခါဖြင့်၊ အပြီးသတ်မှာ-ထော

မနာအရေးပေမို့၊တသီးနတ်ပြဟ္မာ-နရေဇနာတဝေးတို့ကို၊ မငြိး မှတ်စရာ-သောတာဇေတို့၊သြဘာကျေး၍၊အထူးသဖြင့် တင့်အောင် ကြူးချင့်ဖွင့်ဖြိုက်တော်မူကြပါစေသောဝ်။

## နိဂမကဏ္ဍ။

အပြီးအဆုံး၊ခါးပတ်ဖုံးသို့၊နိဂုံးချုပ်ရာ၊စကားဖြာလျက်{၅}ဂါထာ စီရေး၍၊ကြည်ဖွေ့ဘွာ-ပြဆိုခဏ်း၊

ဇွော္ဘဝဘာဂ၊ ။

(၁) ဇာနွှသာလာဒိရုက္ခေဟိ ဌာနာသာန္နောဂသောဘိတာ၊
နဘဲသာဝဖယံဂါမမှိ၊မုံရွာနဂရေသဗွှိတော၊ ။
(၂) သေဋ္ဌဝံသေသဋ္ဌာတေန၊သာသနုဏ္ဏဟိတေသိနာ၊
သာရုနံမောဒမာနာယ၊ဂန္တိမံဗုဒ္ဓနာမိကံ- ။
(၃) အင်းစိန်နှဟယနဂရမှိ၊ဇန္တိရထလနိဂမေ၊
ရစိတာဂဏာစေရေန မဏ္ဍလာရာမဝါသိနာ၊ ။
(၄) ပဥ္စကေဇဝိကသိတ၊မာသေဒသမဟောဇုတျော၊
စတုနန္ဒွေကသာကေ၊ဝေဝိဝါရေ နိဋ္ဌံဂတာ၊ ။
(၅) ဇာမိနာလိခပုညေန တိကျွဟာသာဒိပညဝါ၊
ဝဂ္ဂီသနာမထေရောဝ၊ခေမပတ္တောအနာဂတေ-တိ၊ ။

( အနက်ကား။ ) ဇွော္ဘဝတာဂ ဤမျှအတိုင်းအရှည်၊သိုင်းဝိုင်း၍ စိုခဲ့သည့်၊အဝေးလင်ကောကေသားအဝ်သောအဇော့ဖြင့်သာလျှင်၊ ။

(၁) မုံရွာနာရေသဗ္ဗိတော၊ အောက်ချင်တွင်းဟု-လင်းကြင်းကြော်ညာ မြို့မုံရွာ၏ စိုက်ရာ ဒေသ-နယ်ဌာန၌၊ ဝါ၊မုံရွာနယ်ခေတ်-အောက်ချင်းတွင်း ဒိ၊ ပြတ်ဖြစ်သော ဇာန္နာသာလာဒိရုက္ခဟိ၊ သိကြား မင်း၏၊ စံခင်းဗိမာန်၊ ရိပ်ပြတန်သို့၊ ဟိုဟန် တွဲသွင်၊ မလွဲ ခင်သည့် နဘဲပင် အာ၊ ရှိသော သစ်ပင်တို့ဖြင့်၊ ဝါ၊ ပဥ္စသီဒ၊ အမည် ရသည့်-ဂိဘ နတ်သား၊ မြတ် ဘုရား သို့ ကင်ပြား လာရောက်၊သီဆိုချောက်သည့်၊ လိုက်ပေါက်ဂူဝ၊ အငူတွင် ထွေမျှ တွဲထင်၊ကျဲ သုဥ်သော၊ နဘဲပင်အရှိသည် တို့ဖြင့်၊ ဝါ၊သောမနသ ပဇ္ဇောက ဗုဒ္ဓါ-သောင်းလျှာအာဂက်၊ ခင်ပင်ဂုက်ကည်၊ ၂ဘက်စည်။ တောင်ပန်းရှိ၍၊ အသုဝဏ္ဏသ)မြတ်ဗုဒ္ဓအား တုက်ကူနိ ညိတ်၊ သဒ္ဒ စိတ်ငြင့်၊ ဗျာဒိဂံခံယူ၊ဂန္ဒင် ဌာတွင်၊လိုက်ဂူဗွတာ။ ဝေဿဘူ၊ ရိုင်ဖုခိုလောက်၊လိုလိုပေါက်၍ ရှိမောက် မှိုင်းလွှင်၊ပြိုးရောင်ထင်သည့်နဘဲပင် အရှိသည်တို့ဖြင့်၊ ဌာနာသန္နောဂသော

ဘိုတော၊ရပ်ရွာအနီး၊ ဝန်းပိုက်ဆီး၍၊ မငြိးရှုဘွယ်-လွန်တင့်တယ်သော၊ နဘဲသာဝှဲယ၊ နဘဲသာဟု-သညာပညတ်၊ မှည့်ခေါ်အပ်သော၊ဂါမဖို၊ ရွာလယ်, ရွာရှေ့,ဤဌာနေနှင့်၊ သုံးထွေပေါင်းချုပ်၊ ဒိုင်ပြုလုပ်၍၊ရွာဒရပ်မည်သီး၊ တိုက်သူကြီးလျှင်၊မျှော်မှီးစံရာ၊ရွှေကာရွာဝ၌၊ ။

(၂) သေဠဝံသော၊ သမာဇိဝ၊ ဝေမွန်ဖြင့်-နေမျှရောင်ဝယ်၊ကောင်းမြတ်သောကုန်သည်မျိုးအနွယ်၌၊ သဋ္ဌာတေန၊ ပဋိသန္ဓေ-ကိန်းစံနေ၍၊ ရန်မေမိခင်ဘွားမြော်မြင်သော၊ သာသနတ္တုပတိဒေတာသိန္ဒာ၊ သာသနာ့အကျိုး၊ ဖြာကာပြိုးအောင်၊ပွါးတိုးစေရန်ရွာသ်ရည်သန်၍၊ ရှာကြံလေ့ရှိပေထသော၊ {ဂဏာဒစရေနပုဒ်ဋ္ဌစပ်} ဟန္တ-ယာရအခါ၌၊ ဝါ၊ ရပ်ဇာတိရင်းကနက်မှ၊ ပတ်ခါလှည့်ကွင်းထွက်၍၊အင်းသက်ကြွသာ-ဤယာရအခါ၌၊အင်းစိန်ဝှဲယ၊အဓောရှေ့၊အောက်နိုင်ငံတွင်၊ဂုဏ်လျှံလင်းတိမ်၊ကျော်စောသော သတင်းရှိန်ဖြင့်၊ အင်းစိန်ဟူတိ၊ မည်သည်တွင်ရှိသော၊နဂရမှိ၊ လူနေအိမ်ခြေ၊ တိုက်တာတေနှင့်၊ ဌာနေပြည့်ရုံ၊ မြို့ဇေယျုံ၌၊ ဝါ၊ ဘောင်နှင့်သစ်ပင်၊ ပတ်ဝန်းကျင်ဝယ်၊ ထင်မြင်ရှိလိုမြို့နဂိုရ်၊ဝါ။မဂ္ဂရှ မရှားခဲလ အားဖြင့်။တည်ငြားဘူမိန် မြို့ပုရိန္ဒ၌၊ဝါ၊ အင်းစိန်ဝှဲယနဂရမှိ၊ မင်းလမ်း-မီးလမ်း၊ နှစ်နည်းပြွမ်းလျက်။ ချီးမွမ်းဘွယ်ဂုဏ်၊ မြို့ရန်ကုန်နှင့်၊ ဂန်ဝုံရထား—မပြတ်သွားလျက်၊ ဘတ်စ်ကားထွေထွေ၊ရှုပ်ရှက်ပွေအောင်။ကြက်သရေထိန်ပျို့၊ အင်းစိန်မြို့၌၊ဝါ၊ အင်းစိန်မြို့တွင်။ ဇမ္ဗူရထလင်္ကာမေ၊သမ္မုရေခံ၊ ရောင်းဝယ်ဆုံသောနိဂုံမည်သီး၊ရပ်ရွာကြီး၌၊ မဏ္ဍလာရာမဝါသိန္ဒာ၊မဏ္ဍလာသာရုံ-ဝိဟာတုံဝယ်၊ ခိုသို့ချမ်းမြေ့၊ သတင်းသုံး နေထိုင်လေ့ရှိထသော၊ ဂဏာစေရေန-ဂဏဝါစက-ဧာပို့ချသော ဦးဥက္ကမာနန္ဒ-နာမမည်သာ-ဆရာ့ထံသည်၊ သာရုန်းကျမ်းလာဝိနယ-သဘာဝကို၊ နာကြလိုသူ-ဗိုလ်လူအပေါင်းသူတော်ကောင်းတို့၊ မေဒမာနဝယ- ကြည်လင်ဝမ်းမြော်သွမ်းမှောက်မြတ်နိုးကြည့်ရှုစေတို့-အကျိုးငှါ၊ ဝုဏ္ဏနာမိကာ၊ဂန္ထာရစ္စာ၊ ကျမ်းအစ၌၊ ဖော်ပြနာမိ-ဆိုခဲ့ရင်းအမှာရှိသော၊ ဋီကာန္တ၊ ဝိနယတ္ထုပကာသနီ၊ နာမည်လွှမ်းဖြာ၊ဤကျမ်းကိုကို၊ ရေးဘာ၊ရေးသားတင်မှတ်၊စီရင်အပ်ပြီ၊ ။

(၄) တေနဝဠ္ဌေကသာဒကဿ-ထောင့်နှစ်ရာဝယ်-ဖြောင့်ကာဆွယ်လျက်၊ ကိုးဆယ်နှင့်လေး၊ဂဏန်းရေးဘို၊ချမ်းဇေဉ်ခေတ်၊ မြန်ကာဇသဏ္ဍာရာဇ်၌၊ ပဥ္စကေဇဝိကာသိ တမ်ာသေ၊ ခေပြင် လွှမ်းမိုး၊ ကြာငါးမျိုးတို့၊ ဖြိုးဖြိုးပွင့်ကြ၊ဝါကျက်လ၌၊ ဝါ၊အဿာဉ္ဇုဇ်နက္ခတ်၊ ယှဉ်ရဟတ်နှင့်၊ ဆုံကာပ်ချစ်ကြ အဿယုဇ်လ၌၊ဝါ၊ပညာ့ရှိအပေါင်း-ရှေးသူဟောင်းတို့၊မှတ်ကြောင်းယူဆ၊ သန္တုလ၌၊ဝါ၊မြန်မာမင်းမြတ်-သမုနတ်ဘို့၊ပြုအပ်မြဲပင်၊ပွဲသဘင်ဖြင့်၊ နွဲသှဉ်ခင်းလို

လ,မြင့်မိုရ်၌၊ဝါ၊ မဟာပကရဏံ၊ ရာဇမတ္တန်တွင်။ လာဟန်လှစ်ပြ၊ သီတင်းကျွတ်လ၌၊ဝါ၊အဂ်သန်းဝါဘာ၊ အောင်တိုဘာဟု၊ သညာနှံ့သ၊ အိန္ဒြန်လ၌၊ဝါ၊ မြန်မာနှယ်ဆက်၊ သွယ်မပျက်အောင်၊ဆယ်ရက်အခန့် ရုံးပိတ်ခန့်ဟု၊ အင်္ဂလန်ပညာတ်၊ သ,ထူးမြတ်၌၊ဝါ၊ သဲ့ငါးလုံးသုံးပါဒ်၊ ကြယ်နက္ခတ်နှင့်ဆက်စပ်သဖြင့်၊ မမေ့သင့်အောင်၊ နေ့ညဥ့်နာရီ မျှကာညီသည့်ရာသီနှင့်ချိန်မသသ၌၊ဝါ၊ သရဂဏ်ပွန်းတည့်၊ ထွန်းလှည့်ချောင်ရှင်၊ ကောက်သားဝင်ဟု များဖျင်မှတ်ကြ၊ သတ္တမလ,၌၊ဝါ၊ပုရိသဝါ ကပ်ဆိုလာသော-သီလာတော်ပါင်းတို့၊ အရှင်ကောင်း၊အကြောင်းခံဖြ-တောင်းပန်သော၊ပဝမပဝါရဏာ-လ,၌၊ဝါ၊ ထိန်းသက်နိုး၊ ချိန်တင်မှန်း၍၊လူ့ဒါန်းတို့ရာ၊ ငိုးရွာအစ-ဟောရာတ်ပြခဲ့သော၊ပုဗ္ဗကတ္တကလ,၌၊ဝါ၊ ဘုရားမြတ်စွာ စေသဏ္ဍာလျှင်၊မဟာမဏ္ဍလ၊လှမ်းချီကြွရာ၊ ခရီးစွာယူလ၊တူမသ၌၊ဝါ၊သုံးလူ့မြတ်စွာ၊ ခုနစ်ဝါတွင်၊ အဘိဓမ္မာဟောရေး၊ ဟောကြွာ ငြိမ်းပြတ်၊ တာဝတိံသာ ချပ်မှ၊ သင်္ကဿပူရ၊ လူတို့ပြည်သို့၊ ပြန်သည့်ပင်းကြွ၊ သီတင်းကျွတ်လ၌၊ ဝုဏ္ဏပဲ လ,ချောင်ရှိနံဝန်း ထိန်ထိန်ထွန်းအောင်၊ လွန်ရှုန်းတက်ကြွ၊ဆန်းပကျ၌၊ဝါ၊တွင်၊ဒသမ ဟောဒသအဘဟာ၊လ,မပြည့်မီ ဒွိကြယ်တက်၊သုံဒသဆယ်ရက်၌၊ ချဉ်ဝါရေ၊တေဇာဟုန်ပြင်-ဂဏ္ဍနံမင်းလျှင်၊မှိဘင်းပျော်ဘိ၊ တနင်္ဂနွေ အလှည့်၌၊ဝါ၊ ဤကျမ်းစီခင်၊ထေရ်အရှင်၏၊ ကြည်လင်ချမ်းမြေ့၊ထွားသောနေ့၌၊ နိမ္မိ၊ လုံးဝုံမကြွင်းပြီး ဆုံးခြင်းသို့၊ ဂဏ္ဍတာ၊ မတိမ်းလှတ်ခြောက်၊ အောက်ကိန်းမြောက်၍၊ဆိုက်ရောက်နိုင်ခဲ့ပေသတည်း။ ။

(၅) ဇာတိနာလိခပုညေန၊ ဤစာအုပ်ကို၊ ရေးလုပ်တည်ထွင်၊ စီရင်ဖန်ဆန်း-ကာံအစွမ်းကြောင့်၊ အနာဂတ၊နိဗ္ဗာခေတ်-အမြိုက်ရပ်သို့၊ ဆိုက်ကပ်တို့ရည်၊ဖြစ်ကြင်လည်လည်း၊ ဂုဏ်ညီသံသရာ၊သာလဝံ့နောင်အခါ၌၊ဝဂ်ိသနာမထေရာဝ၊ကဗျာသွဲ့ကုံး၊ ဖွဲ့အသုံး၌၊ချဲ့ချုံ့ လိမ္မာ ဂုဏ်ရှိန်ပြာလျှက်၊ ကဝိန္ဒာ ဘွဲ့ရဉာဏ်ပြည့်ဝ၍၊ ထည့်ပြမှတ်ချက်၊ ဇာတ်ဒဂ်ဖြင့်၊ ခြွံဖြိုက်တင်ချီ၊ ဝဂ်ိသအရှင်မထေရ်ကဲ့သို့၊ တိက္ခဟာသာဒိပညာဝါ၊ ယော်မြကဲ့, မြိုးရွှင်၊ စ,ဦးတင်လျက်၊ထူးမြင်ဉာဏ် အမျိုးမျိုးသော ပညာနှင့်ပြည့်ပုံသည်ဖြစ်၍၊ ခေမပတ္တော၊ သံသရာဝဋ်ကိန်း အဖြစ်ဆိုး၍၊ လွတ်ငြိမ်းကင်းပျောက်၊ ဘေးရန်တွေကုန်၊ မြို့အောင်ဘုံသို့၊ ၎င်လှ ရောက်သည်၊ ဟောတု၊ မချွတ်မသွေ၊ ဖြစ်ပါစေသတည်း၊ ဇာတိ၊ ဤသည်လျှင်၊ ကျမ်းစာအဆုံး၊ ခါးပတ်ဖုံးသို့၊ နိဂုံးပဏ္ဍာနံ၊ ခြုံးစရာတို့ကို၊ လုံးကာပေါင်းစပ်၊ အပြီးသတ်ဟု၊ မှတ်အပ်သင့်လေသတည်း၊ ။

အောက်ပါစကားများတွင်၊ အချို့သာနေရာမှာ-ဆရာမောင်ဖိုးမြင့်-စီကုံးရေးသားသည်၊

ကျမ်းပြီးဆုံး၍။နိဂုံးချုပ်ရာ၊ဂုဏ်းအခုပ်သော၊ (၅)ဂါထာတို့တွင်၊ စကားမှာ စရာမထွေးမမှားအောင်–ရေးသားဖွင့်ပြလိုက်ဦးအံ့၊ ။

ဤနိဂမဂါထာများတွင်၊ရှေးတင်၍ လှစ်ကာပြအပ်သော၊ ဇွော္တာဝတာစ၏ အကြောင်း၊၎င်းဇွော္တာဝတာ၊သဒ္ဒါသည်၊ ။ဇွော္တာဝတာစအမှတ်၊သန္တုတံ ပုညသမ္ဘဒ်၊ စသည်တို့မှာ၊ ဂါထာ အတွင်း၌ ပါ၍၊ ။ဇွော္တာဝတာစ၊ ။ နဂရေဒီပရဂ်မှ၊ ဝါ့မပိုင်ပြင်တိ- နာမကေ၊ ။စသည်တို့၌ကား၊ဂါထာတို့၏ ရှေ့ဖျား၌၊ သီးအခြားသော၏၊ ။ထိုနှင့်မျိုးတို့ဝယ်၊ ထင်မြင်ဘွယ် လှစ်ပြမှု၊ နောက်ဖြစ်သောဇွော္တာဝတာစသဒ္ဒါကဲ့သို့၊ ဂါထာတို့ရှေ့ဖျား၌၊ သီးအခြားပြု သည်ဟု–ဤအရာ၌နမှသိပါ၊ ။ထိုထိုအရာမှာ–လာသောဇွော္တာဝတာပုဒ်– ပြယုဂ်အရှိကို၊ ရူပသိဒ္ဓိနှင့်- မဟာသာရ မဉ္ဇူသာ၊ ကျမ်းဆရာ–နှစ်ဦး တို့က ၂ဖြာအထူခွဲမှတ်၍၊ဝဏ္ဏဘ်ပုဒ်ဘရပ်နှင့်၊ နိပါတ်ပုဒ်ဘနည်း၊အသီးအသီးဆို ကြ၍၊ထိုနှင့်ဝအယူကွဲသဖြင့်ဓတျဘဲရှိကြ၏၊ ။ဒုဝိဓအလိုတွင်၊ဘဏ္ဍဂ်ဝိဂ္ဂဟ် လုပ်နည်းနှင့် ရုပ်အပြီးရေးဟန်မှာ၊ ။ဇောတံရိမာဏံ အဿာတိ ဇွော္တာဝံ၊တေန ဇွော္တာတာ၊ဟု–သချာစွ ဝိဘတျန့်ခံပြ၊တော-ပုဒ်-တာဝန္တုပစ္စည်း၊တာအကြ ရာမှာ နွေးဘာဲ၍၊ ဆောင်ပြီးသောအခါ၊တောတိတာ– ကစ္စာယနာသုတ်ဖြင့်၊ ဇွော္တာဝတာပုဒ်- ပြီးပြယုဂ်မှတ်လေ၊ ။နိပါတ်ပုဒ်အနေမှာ၊ ဝိဂ္ဂဟပြုလုပ် ချက်နှင့်၊ ဝိဘတ်သက်ခြင်းလွတ်ကင်းဘဲ၍ ပကတိဂိုဏ်း တည်မြဲတိုင်းသာ- ပြီးရေ၏၊ ။သို့ဖြစ်ပါ၍၊ ။{ဇွော္တာဝတာပုဒ်ပြီးပြယုဂ်တဒ္ဓုတ်နိပါတာ ရူပသိဒ္ဓိ၊ မဉ္ဇူဂဏ်၊ ဟူဘိနှစ်ကျမ်းလာ}၊ ။ဟု–လက်သံပေါက်၊ ဥဘဏ် အသျှောက်စပ်ဟပ်၍၊ သေချာအောင်မှတ်၊ ၎င်း၏နောက်ရှိစ,သဒ္ဒါမှာ- အဝ မာရဏာတ္ထနိပါတ်၊ ။

ပဌမဂါထာ–ဇမ္ဗုသာလာဒိရုက္ခဟိပုဒ်အထွက်၊ရှေးဦး-ဖွာသုတ်အပ်သော အနက်မှာ၊ ဇမ္ဗုသဒ္ဒါ–သကြားမင်းဟော၊ သာလသဒ္ဒါနေရာ ဗိမာန်ဟော-သ ဘောနှင့်နှဲ့သုဉ်၍ နဘဲပင်၏ ဗုဏ္ဏတ်ကို၊ ထုတ်လှုင်ဖွင့်ဆုသည်၊ ။ဒုတိယ အနက်မှာ၊ပဋ္ဌသိခနတ်သားသည်၊ ဘဒ္ဒသုဗြတ်ဘုရားကို၊ ဝပ်တွားမှိခို-ဖူး မျှော်လို၍၊ကြည်ညိုသည့်အကြောင်းကြောင့်၊ ၎င်းနဘဲပင်ရှိရာ၊ ဇမ္ဗုသာလ– လိုဂုဝသို့၊ညွှတ်ခပန့်လွှာဆိုက်ရောက်လာကြောင်းကို၊ ကောင်းမွန်စွာပြဆို သည်၊ ။တတိယအနက်မှာ၊ သောမနဿပဗ္ဗတာ ဗုဒ္ဓါအလောင်းသူတော် ကောင်းခင်ပုပ်ဌက်သည်၊ အတောင်ငယ်နှစ်ဘက်ကို၊ သွယ်ရှက်တင်မိုး၍ ဘုရားရှင်အား၊ဖုံးရုံအုပ်ဋ္ဌာန-ဝေဒိဿကတောင်တွင်၊နဘဲပင်ရောက်ရာ-လိုဂုဂု ဟာဆုလိုသည်၊ ။၎င်းအရာတွင်–လောင်းလျာအဆက်၊ခင်ပုပ်ဌက်သည်ဆို

ရာ၌၊ငင်းဌက်ကို၊ ဖိဝ္ဂက်,ခင်ပုပ်,ကုတ်သလုပ်, ဟူ—နာမည် ၃ ခု ခေါ်ပြကြသည်အဖြစ်ကို၊ မေဃဒေဝလက်ာသစ်၌၊ ၊ကျီးကားနေ့ဌက်၊ နေ့မှထွက်၍၊ ဖိက္ခက်ခင်ပုပ်၊ကုတ်သလုပ်ကား၊ မိုးချုပ်မှသား၊ထွက်မြဲဌ၏ ၊ဟူ-ပသတ်ကာရန် ၃ ချက်နှင့် ငပ်ဆိုလျက်ပြတော်မူ၏၊ ၊နဘဲသာဌယေဂါမမှိ-ဝယ်၊ ရွာလယ်-ရွာရှည်-နဘဲသာ၊ ၃ ရွာပေါင်းစည်း-တိုက်ဘခုဖွဲ့ပြီးလျှင်၊ သူကြီးတယောက်-စောင့်ရှောက်အုပ်ချုပ်ရသောကြောင့်၊ ငင်းရွာအုပ်ခေါ်-တိုက် သူကြီး-ပျော်မွှားစံနေရာ-နဘဲသာရွာဟုဆိုလိုသည်၊

ဒုတိယဂါထာသဒ္ဒါတေနံ၊ပုဒ်တွင်၊{ချုံမေမခိုင်၊ဘွားမြော်မြင်သော}ဟုဆိုပြရာ၌၊ ဦးဥတ္တမာနန္ဒ၏၊ မွေးသမိခင်-ကျေးဇူးရှင် ဒါယိကာမကြီး၏ အမည်နာမံ ခေါ်ပေါ်ဘာနဲမှာ၊ {ဒေါ်ဒေါ်ခုံ} မယ်တော်ကြီးဟု၊ နှုယ်ကျော်ပြီး ထိုရှိကြောင်းကို၊ ကောင်းမှန်စွာပြဆိုသည်၊ကျေးဇူးရှင်- ဘခင်ခမည်းတော်ကြီး၏ ကျော်သည်းနာမံ-ခေါ်ဝေါ်ဟာနဲပါဘဲလျှင်၊ {ဦးပေါ်ရဲ} ဟူ-စွဲမှတ်သားကြပေကြောင်း။ ။

တတိယဂါထာ၊နာရမ္မိပုဒ်အတွက်၊ ပထမဒုတိယအနက်မှာ၊ ပုဒ်စစ်ဆရာတော်-ခင်ကြီးပျော်၏၊ အာဘော်ရှိ-မှန်ကန်အောင်၊ ၊နံ့သံပုဏ္ဏံဝါရံ ဇွောတိနဂရံ၊ ၊ဟူသော၊ သခ္ခာသ်ပြဋ်ကိုတ်ကို ရည်ရွယ်၍ဆိုသည်၊ ။ ဇွေဌာနေ၍အရပ်၌၊ နံ-သမ္ပုဏ္ဏံ၊ပြည့်စုံသော၊ ဝါရံ၊အိမ်သည်းအတွင်း၊ရှိ၏။ ဇ္ဇောတိ၊ထိုကြောင့်၊တံဌာနံ၊ထိုအရပ်သည်၊ နဂရံ၊နဂရမည်၏၊ ။ဟူ—အနက်ပေး၊ ။ဒုတိယ အနက်မှာ၊မဟာဝိသုဒ္ဓါရာမ-ဆရာတော်၏အာဘော်ကို၊သင့်လျော်အောင်ချင့်တွေး၍၊ ဖွင့်ပေးသောအနက်ဖြစ်ပေကြောင်း၊ ၊ငင်းဆရာတော်စီရင်တော်မူသော-ဝိသုဒ္ဓါရုံသုတ်နက်စာအုပ်၊တင္ဒိတ်ကျမ်း၊မွှာဒိတော ချော၊သုတ်မှာ၊ ၊နဂါ-အဂါဝါယသအတွင်း တသ္မာ ဝါဝိဇ္ဇာတိတိနဂရံ၊ ဟူသော၊တဒ္ဓိတ်ဝိဂြိုဟ်ကို ရည်သန်၍ဆိုသည်။ ၊ယသ္မာ၊ အကြင်အရပ်အား၊ ဝါ၊တနည်းကား၊တသ္မိ၊ထိုအရပ်၌၊ နဂါ၊တောင်တို့သည်၊ ဝါ၊တနည်းကား၊ အဂါ၊သစ်ပင်တို့သည်၊အတွင်း သန္တိ၊ရှိကုန်၏၊ဝါ၊တနည်းကား၊ဝိဇ္ဇတိ-သံဝိဇ္ဇန္တိ၊ ရှိကုန်၏၊ဇ္ဇောတိ၊ထိုကြောင့်၊တံဌာနံ၊ထိုအရပ်သည်၊နဂရံ၊နဂရမည်၏၊ ။ဟူ-အနက်သမ္ဗန်။ ၊ငင်းဝိဂြိုဟ်၌လာသော၊ အဂသဒ္ဒါနှင့်နဂသဒ္ဒါတို့သည်၊ သစ်ပင်နှင့်တောင်ဟူသော အနက်တို့ကို၊ အစဉ်အတိုင်း-ဟောကြပုံကို-ပြည့်စုံစွာ သိတို့ရန်၊ မဂဓအဘိဓာန်အရ-အရည်ဒိဝင်၌ ပြဆိုသော၊ ဟောပရိယာယ် (၃၀)ပုဒ်မှာ၊အဂသဒ္ဒါပါရှိကြောင်း၊အရည်ဒိ ဝင်၌ပြဆိုသော၊ တောင်ဟု

ယာသယ် ( ၉ )ပုဒ်မှာ၊ နဂသဒ္ဒါပါရှိကြောင်း-အနေကဝတ္ထုဝဂ်မှာလည်း။ သေလ ရုက္ခေသွ ဂေါ-နဂေါ၊ဟု—လာရှိကြောင်း-ရပေါင်း၍သိလေ၊

တတိယအနက်မှာ၊လယ်တီဆရာတော်ဘုရား-မိန့်ကြားသော အာဘော် ကုံ။ဝစနာအ လျော် ကြည့်တွေး၍၊ထည့်ရေးသောအနက်ဖြစ်ပကြောင်း၊ ၎င်း ဆရာတော်ဘုရား-ရေးသားထည်တွင်၊ စီရင်တော်မူအပ်သော၊ ပရမတ္ထဒီပနီ မည်သော၊သင်္ဂြိုဟ်မဟာဋီကာကြီး၏အဖွင့်၊အနုဒီပနီကျမ်းတွင်၊ ။နဂရတိ နစဝတိ ဇွတ္တာတိနဂရံ၊ထာဝရိယဉ္စ ဝုတ္တံဟောတိ၊ ။ဟူသောပါဠိကိုမျှော်၍ ကိတ်ဝိဂြိုဟ် ခါ ကြောင်းကို၊ကောင်းမွန်စွာကြည့်ရှုလျက်၊စေ့ငုအောင်သိလေ ၊ ။ဇွတ္တဍ္ဌာနေ၊ ဤအရပ်၌၊နဂရတိ-နစဝတိ၊ မရွေ့ မလျောတတ်၊ ဇူတိ၊ထို့ ကြောင့်၊တံဍ္ဍာန်၊ထိုအရပ်သည်၊နဂရံ၊နဂရမည်၏၊ ထာဝရိယံ၊မပျက်မစီးခင်၊ ပေါ် လွင်ထင်ရှား အမြဲအားဖြင့် ဖြစ်ပွားမသွေ တည်ထွန်း၍နေ၏၊ဇူတိ၊ဤသို့၊ ဝုတ္တံ၊ဆိုလိုသည်၊ဟောတိ၊ဖြစ်၏။ ။ဟု—အနက်ပြု၊ ၊

အင်းစိန်ဌာယေနှင့်နဂရမြို၊ ၎င်း-နှစ်ပုဒ်ကို၊တပေါင်းတည်းပြုလုပ်၍၊ စတုတ္ထ အနက်၊ထုတ်ပြချက်ဆိုသည်မှာ၊ခုတ်ကြလျက်ထို ဤ-မင်းလမ်းဗွေတွင်၊အစင်း သန်းကုဋေမစဲ ဖြုးဟန်ကြောင့်၊ ဘဲပေးသံ-မပြတ်ကြားရသော၊ ဘတ်စ်ကား တွေကအလီလီ၊ ။ခေတ်ရထားကုမ္ပဏီ၊ရန်ကုန်မြို့ R E. T.အာရ်-အီး-တီ က၊ ဖြာလှည့်လည်-အတင်းမောင်းခုတ်၊နဂရာသိ အမည်-မြင်းခေါင်းရုပ်နှင့်-ယှဉ်းစောင်းမလှုပ်-အများမှီစီးနေကြသော၊ ကားနီကြီးတွေက-အဖုံဖုံ၊ ၊ အင်းစိန်, ရန်ကုန်-နယ်အတွင်းမှာ၊ သူကြွယ်,မင်း, အရှင်သူမြွေးတို့၊ ဘဝင် သွေးမို့ အောင် ချမ်းသာခံလျက်၊ စခမ်းဖြာရန်- ပွါးသုခနှင့်၊ အများ ခုသမ ယ-ကြုံကိုက်ခေတ်ပြုလို့ရို့၊ ဗလိုက်ဗစ်ဟု-အထူးနယူး အမည်သာလျက်၊ တ ဟူးဟူးလည်ကာ- အသွားတကယ် ဖြေးလှသော၊ ကားငယ်ကလေးတွေက ရှုပ်ပွေလိန့်၊ ။ရန်ကုန်,အင်းစိန်-နှစ်ရပ်ကြားတွင်၊ ဆန့်,ရန်ချင်းထိန်အောင်-မပြတ်သွားသဖြင့်၊ တလစပ်မနား- စက်ရတ်သော အသံဟ- ၄က် ဥုတ်ဩ သန္တာနခေါ်သနယ်ရို့၊ ပျော်ဖွယ်- အစီးအများ ထွေးနေသော- လော်ကယ် ခေါ် မီးရထားကလေးတွေကလဲ- စီအရီ၊ ။ပုသိန်- ပြည်- ကြံခင်း- ဟင်္သာ တတို့နှင့်၊ ရထားမှန်အစင်းစင်းပ-အင်းစိန်,ရန်ကုန်၊ မယှဉ်းအချိန် ဆန့်,ရန်-ရွှေ့ရဲမဆိုင်း၊ နေ့နေ့တိုင်း-သွားခွင့်အလာမချိုသော၊ ကြားနှင့်စာပို့-မီးရထား ကြီးတွေကလဲ- ခရီးသွားစီးစေ- အများအပြား၊ ချိန်မပျက်- မှန်အောင်ထား သောကြောင့်၊ မြန်ဘောင်တလွှား-ခေတ်နယ်ကျော်ပါ၍၊ ထွစ်သွယ်ဖေါ်ကာ-

ရေးပြုလောက်သဖြင့်၊ ၄-ခုမြောက်-ကြည့်ဖြည့်စွက်လိုက်သော-နဂရမှ၊ အနက်ဖြစ်ပေကြောင်း။

ဇမ္ဗူရထလနိဂမေမှာ၊ ညီဖြေစွာ-ဇ ဂိုဏ်းဆိုက်အောင်၊ နိပါတ်၊ ဒိဋ္ဌနှင့်ထားလိုက်သည်၊ ဇမ္ဗူရသဒ္ဒါ၊ ရှောက်-သမ္ဘာရာဟော၊ ထလ,သဒ္ဒါ၊ ကုန်းမြေမြင့်အရပ်ဟော၊ ။တနည်းမှာ၊ မျက်စိ၌ မျက်ခုံးကဲ့သို့၊ ခုံ၍မောက်၍ နေသောအရပ်ဟော၊ ။တနည်းမှာလည်း၊ စားပွဲခုံ၊ စာတင်ခုံ စသည်တို့ကဲ့သို့၊ ခုံခေါ်သော အရပ်ဟော၊ ။သဘောနှင့်ဉာဏ် ဖြာခြီးပြီးလျှင်၊ သမ္ဘာရခုံ၏ အမည်နာမကို သိပါ။ ။ရန်ကုန်၌၊ ရန်ကုန်သဒ္ဒါကဲ့သို့၊ က,အက္ခရာကို အလိုရှိပါလျှင်၊ ဇမ္ဗူရ ခ,ယဟူ၍ရင်း၊ ဖြင့်ပုဒ်ကို နောက်ထားလိုက၊ ခယဇမ္ဗူရဟူ၍ရင်း၊ အကြောင်းကိုမျှော်တွေး၍ သင့်လျော်အောင်စီရေးလော။ ။

နိဂုံဟူသောစကား၌လည်း၊ အများတို့ထုံး၊ ဝိဂ္ဂဟနိန္နင်လုံးနှင့်၊ နိဂုံးဟူ၍ လောကဝေါဟာရ-ခေါ်ဝေါ်ကြသော်လည်း၊ မျှော်ဆနည်းတွေးကြီးလျှင်၊ ။ အရေး-အမှန်၊ အဘတ် အသံ။ ။ဟု-မှတ်တို့ရန်၊ ကား၊ ထောက်ထားချက်ပြည့်ရုံ၍၊ နိဂုံဟုရေးလိုက်သည်။ ရွှေတိုက်သွင်း၊နန်းဘော်သုံးဟု၊ ခေါ်ထုံးပြု မှည့်ချက် လာသော၊ ကပိလက္ခဏာ၊ သတ်ပုံအရေးတွင်၊ သေးသေးတင် ၃-ချက်နှင့်၊ ဝိသဇ္ဇနိ ၂-လုံးမစွက်ဘဲ၊ တုံးမပျက်မှတ်သားတို့၊ သေချာစွာ စပ်ထားသည်ကို၊ အစိုးရမင်းများ ပြဋ္ဌာန်း၍ထားပြီးသားဖြစ်ပေကြောင်း။

၎င်းနိဂုံကို ပြည့်ပုံအောင်ရေးကာထည့်ပြလျှင်၊ ဈေးသာရှိ၍၊ ဖြာလှည့်ရန် သိုင်း၊ ဝန်းပတ်ဂိုင်းတို့၊တံတိုင်းမီးတား၊ အဆည်းအတားမရှိသော ကြီးမားသည့်ရွာကို၊ နိဂုံဟုခေါ်ဆိုသည်၊ ။ပဒဘာဇနီပါဠိတော်မှာ၊ ရွာ, နိဂုံး, မြို့တို့သည်၊ ရွာလည်းမည်ကုန်၏။ နိဂုံးလည်းမည်ကုန်၏ဟု ဟောပြတော်မူဟန်ကို၊ ပါရာဇိကဏ် အဋ္ဌကထာ၊ ကုလဒူသကသိက္ခာပုဒ်၏ ပဒဘာဇနီ အဖွင့် (၅၁၇) ၌ ပြဆိုန်တော်မူသည်၊

သို့ဖြစ်၍၊ ယခုအခါ ဆရာတော်-သံဃာတော်တို့၊ တပေါင်းတရုတည်း ဂေါစရဂါမ် ပြုခိုမှီးသော ဤသမ္ဘာရခုံ ရွာကြီးသည်။ အသီးသီး ဖြိုင်အညီ၊ ဆိုင်တည်၍ဈေးခင်း၊ ။အိမ်ခြေပေါင်း-ပြထားဘွယ်မှာလည်း၊ ခုဒါးဆယ်ကျော်ခြင်း၊ ။ငန့်မြာကြီး ဇာတိသား၊ မြန်မာအသီး အာဒိထားပြီးလျှင်၊ ရွာရှိဘွယ်သွားဆွေတမ်းတင်ရလျှင်၊ ရှမ်း-ကရင်၊ တရုတ်-ကုလားတို့၊ မွန်းဖျင်အောင်အဟုတ်များသဖြင့်၊အလုပ်စပါး၊အရောင်းအဝယ်နှင့်၊ပေါင်းသွယ်သွယ်တသင်း။ ။လူမျိုးပေါင်း-ဘယ်လောက်အများ ကိန်းကြသင်လည်း၊ တကယ့်ယောကျ်ား,မိန်းမ၊ မနုဿအဖြာဖြာတို့ကို၊ ဗုဒ္ဓဘာသာမွေ့မလစ်၊ အ

မှန်အစစ်အယူမကွဲကြရအောင်၊ တူမလွဲအမျှ၊ ပါရမီ့သမ္ဘာပွါးတို့၊ အာစရိ
ဆရာဘုရားက၊ ဓမ္မာလှည့်ကာကြားသောကြောင့်၊ ဉာတိပမာမခြား-ဆွေမျိုး
အရင်းပုံကဲ့သို့၊ အသမေတ်ခိုးသင်းဂုဏ်-အသစ်ရတနာထွားပြီးလျှင်၊ မြတ္တာ
တရား-အကြည်ဖြဖွဲ့မိုရ်နှင့်၊ မိုရ်သဖြင့် နေထိုင်ကြသူတွေ မယွင်း၊ ။သို့က
လို-ပြည့်ပုံခြင်းကြောင့်၊ နိဂုံစာရင်းတင်ကာ တည့်အင်၍၊ ယခင်ပါဠိချဉ်မှန်
အတည်မခွ မျှညီးလအောင်၊ဇန္တိ့ရထလနိဂမေ့ဟုရေးပြုစိတန်းပေကြောင်း၊

စတုတ္ထဂါထာ-တွင်။ ပဉ္စကေဇဝိကာသိ တမာသေ-ပုဒ်အရ၊ ရှေးဦးစွာ
ထုဘ်ပြသော-စဉ်းအနက်၊ ကြာမျိုးငါးပါးဆိုသည်ကား။ ။ကြာညို-ကြာ
နီ-ကြာဖြူ-ကြာပဒုမ္မာ- ကြာပုဏ္ဍရိက်ဟူ၍ ငါးပါးတည်း၊ ။၎င်းကြာမျိုး
ငါးပါးကို ပြဆိုရေတွက်ရာ၊ နာနာဝါဒ-အထူးအတွေများလှ၏၊ ။ပုဗ္ဗာစရိ
ယ၊ နာမိကဖြင့်၊ ဇာဝိဓ-ဆရာကဝိန့်တို့သည်၊ ကြာသိမ်-ကြာတံဆိပ်-ကြာ
ခေါင်းလောင်း၊၎င်း ၃-ပါးကို ပြဆိုပြီးငါးပါးတွင်၊ တပါးပါးကို နှုတ်ပစ်၍-
ထုတ်အသစ်-နောက် ၃-ပါးမှ-တပါးပါးကို ထည့်စွက်ပြီးလျှင်၊ ဉာဏ်သက်
သလို-မိန့်ဆိုမြွက်ပြတော်မူကြ၏၊ ။အရှက်ထူအမ်း၊ ခတ်ကြမ်းကြမ်းနှင့်၊
ကြာလင်ပန်းခေါ်သော ကြာတချပ်မှာ-ပွင့်တတ်သောကြာမဟုတ်၍၊ထုတ်ဆို-
ထည့်သွင်းခြင်းမရှိကြပေ၊

ပဒုမ္မာကြာနှင့် ပုဏ္ဍရိက်ကြာ-ဤနှစ်ပါးထူးခြားဟန်မှာ သိလက္ခန်အဋ္ဌက
ထာ၊ သာမညဖလသုတ်-စာအုပ်မျက်နှာအမှတ် (၁၇၃) နံပါတ်အရေး၌၊ ဖြူ
ဖွေးလျှင် ပဒုမ္မာ၊ နီတွေးလျှင် ပုဏ္ဍရိက်ဟု-ဂုဏ်ဟိတ်နှင့် ထုံးမှတ်လျက်-ဆုံး
ဖြတ်ချက်ပြဆို၏၊ ။ထို၏အဖွင့်၊ သိလက္ခန် ဋီကာသစ်- စာအုပ် မျက်နှာ
နံပါတ် (၁၇၇) နှင့်၊ သာသနဒီပနီ ဋီကာကျမ်း- နိဒါန်းအဖွင့်တို့ မှတ်ဟန်
ကား၊ ။ရတ္တံ ပဒုမံ-သေတံ-ပုဏ္ဍရိကံ၊ ။ဟု-တဖုံသိရန်၊ အမည်ဖြင်ပြီး
လျှင်၊ နီလျှင်ပဒုမ္မာ၊ ဖြူပါလျှင်ပုဏ္ဍရိက်ဟု-ရေးပြုသည့် အကြောင်းကြောင့်၊
၎င်းအဋ္ဌကထာ သိသက္ခန်နှင့်- ပြောင်းပြန်ကျ၍နေကြ၏၊ ။တေရသကဏ်
ဋီကာ၌လည်း၊ ။ပဒုမ ပုဏ္ဍရိက ပတ္တဝဏ္ဏာနိ ရတ္တ ပဒုမ သေတ ပဒုမ ပတ္တ
ဝဏ္ဏံ။ ။ဟု့ဆိုမှုလာပြန်၏၊ ။အဘိဓာန်ဂါထာငြချက်-ပါတာလဝဂ် လာ
ရှိဟန်မှာလည်း၊ ။ပုဏ္ဍရိကံ သိတံ ရတ္တံ၊ကောကနဒံ-ကောကာသကော၊ ။
ဟု-မြွက်ဟသော- အမူအသွင်မှာ- ဖြူလျှင်ပုဏ္ဍရိက်- နီလျှင်ကောကနဒနှင့်
ကောကာသက- ပိုသသထူးအခြား- ကြာ-၂-မျိုးထင်ရှားကြောင်း၊ ။၎င်း
ကျမ်းတွက်- တဖုံ-အနက်အဖွင့်ဂ် လာပြန်ပုံမှာလည်း၊ ။သေတမ္ဗုဇေ၊
ပုဏ္ဍရိကံ-ဟု သိရှိရန် ကြာအဖြူကို-ပုဏ္ဍရိကဟု ဆိုခြင်းတချပ်၊ ။သ

မာသ်ချုပသိဒ္ဓိဋိကာ မျက်နှာနံပါတ် (၁၀၈) ၌လည်း၊ပုဏ္ဍရိကံ သေတ ပဒုမံ-ဟု၊ သိဒ်စမ္ဘုကြာအဖြူကို ပုဏ္ဍရိကဟု မိန့်ဆို၍၊ ။သို့ဖြစ်၍ အဋ္ဌကထာဆရာသက်သက်က သူ့ချည်းထဲ တဘာက်ဆို။ ။ထိုဋိကာသစ်နှင့်တကွ သာရတ္ထ၊တေရသကဏ်၊ အဘိဓာန်၊ ရူပသိဒ္ဓိဋိကာ၊ ဤဆရာငါးပါးက၊အခြားတဂိုဏ်းရှိ၊ စကားနှစ်ဆိုင်းအပိုးမသေ၍၊ ဘိုးအေနှင့်ဘခင်၊ဘကြီး-ဘထွေး-ဦးလေး-အစ်ကိုတို့၊ အထင်အမြင်၊ အသွင်နှစ်ပြင်ဆိုနည်းကို၊ အသီးအသီးမကြီးပေါင်းပြီးလျှင်၊ ပြန်ပြောင်းနှင့်၊ပြောင်းပြန်၊ အကြောင်းခံကြည့်ရှု၍၊ အစိအင သတိပြုတော်မူကြစေလိုပါကြောင်း၊ ။သို့ကလို ဖြစ်နေသည့် အရေးမှာ၊ ရှေးအဋ္ဌကထာနှင့်-နောက်ဋိကာရ၊ အကောက်မညီမညာမှု ကြားစကား၊ အမှာအထား-ရှင်းပြီးမပေးနိုင်ပါ၍၊ အသင်းငည်းဝေးဆိုင်ရာ၊ ဆုံးဖြတ်ဘွယ်နှုတ်မရဲ၊ထုံးမှတ်မလွယ်အဟုတ်ခဲလို့ရှိ၊ ဘုတ်ခွဲဘို့စကားများ-ပါလျှင်၊ များရာသို့လိုက်၍ဆုံးဖြတ်ထိုက်သည်ဟူသော၊ ပေါရာဏပါဌ်စကားကို၊ ပြောစရာနယ၊ သဒ္ဒါကထားပြီးလျှင်၊ အဋ္ဌကထာက တပါးတည်း၊ ဋိကာတွေကအများကြီးရှိ၊ အားနည်းဘို့ အဋ္ဌကထာတဝမှာ၊ ပရာဇယ ရောက်သင့်သဘောဟု၊ ထောက်ချင့်သောဝိဒူသူတို့က၊ အသိအမှတ်ပြုတော်မူကြလိမ့်မည်ထင်ပေကြောင်း၊

ထိုမှတပါး၊ ပဒုမ္မာကြာတမျိုးတည်းပင်လျှင်၊ အဖြူအနီ-နှစ်စားရှိကြောင်းကောင်းမွန်စွာသိသာရန်မှာ။ ။ညောင်ကန်ဆရာတော်ဘုရားကြီးသည်၊ ငါးရာ့ငါးဆယ်ဇာတ်တော်ကို၊ မြန်မာလိုပြန်ဆိုရာ၊ အသီတိနံပါတ်၊ဒ္ဒိမဟာဟံသဇာတ်၌၊ တေရဋ္ဌဟာသ်ာမင်းကို ဆောင်ယူဘို့မှာ၊ ပဒုမ္မာကြာဖြူတို့ဖြင့်၊ ဖုံးအုပ်သောချိုင့်ကိုပြုလုပ်၍၊ ငါ့ဘို့မှာမူ၊ ပဒုမ္မာကြာနီဖြင့် ဖုံးလွှမ်းသော ချိုင့်ငယ်ကိုပြုလုပ်ပြီးလျှင်၊ ငါတို့အရှင်-ဘုရင်တေရဋ္ဌဟာသ်ာမင်းကို ရှေ့က၊ ငါ့ကို နောက်က၊ နိမ့်သည်ကိုပြုသဖြင့် ဆောင်ယူ၍၊ လျှင်မြန်စွာမင်းအားပြလောဟု၊ သုမုခအမည်ရှိသော ဟာသ်ာစစ်သူကြီးက ခေမာမုဆိုးအား ပြောကြားကြောင်း၊ ၎င်းတွင် ပဒုမ္မာအဖြူအနီ-၂-စား ထင်အရှားပါလာသည်ဟုသိလေ၊

ထို့ပြင်လည်း ၎င်းနံပါတ်၊ မဟာကုဏာလဇာတ်၌၊ ။ဥပ္ပလ ပဒုမ ကုမုဒနိဒ္ဒံ၊ သတ ပတ္တ သောဂန္ဓိက မန္ဒာဝရံ၊ ။ဟူသော (၃၀၀) နံပါတ် ဂါထာကို၊ အနက်မြန်မာ-ပြန်ဆိုရာ၊ ။ဥပ္ပလ ပဒုမ ကုမုဒနိဒ္ဒံ၊ကြာညို၊ပဒုမ္မာကြာနီ၊ကုမုဒ္ဒာကြာ၊ ပဒုမ္မာကြာဖြူသည်၎င်း၊ သတ ပတ္တ သောဂန္ဓိက မန္ဒာဝရံ၊ သတပတ်ကြာ၊ ကြာသိမ်၊ ကြာခေါင်းလောင်း သည်၎င်း၊ သမ္ပတိ၊

ပွင့်၏။ ။ဟု အနက်သမ္ဗန်တော်မူသည်များကိုလည်း၊ ခြားနားအောင် မှတ်သားထိုက်လှပေကြောင်း၊

ငင်းပဒုမ္မာကြာနှင့် ပုဏ္ဍရိက်ကြာ၊ ဤကြာနှစ်ပါး ထူးခြားဟန်မှာလည်း၊ ပွင့်ချပ် (၁၀၀) ပြည့်လျှင် ပဒုမ္မာ၊ ပွင့်ချပ် (၁၀၀) မပြည့်လျှင် ပုဏ္ဍရိက်ဟု၊ ဂဏ်ဟိဘ်နှင့်တကွ၊ အချို့ဆရာတို့မိန့်ဆိုတော်မူကြ၏။ ။ဤအရာ၌၊ ပဒုမ္မာကြာမှာ၊ ပွင့်ချပ်တရာ ရှိ မရှိကို သိသာဘွယ်ထုံးမှတ်ပြီး ဆုံးဖြတ်နည်း ပြလိုက်အံ့၊ ။အချပ်ချပ်သော လောကီ လောကုတ္တရာ— ပညာဗဟုသုတ ပြည့်ပုံလှသော စလေဆရာဦးပုညသည်၊ {သတ္တုပ္ပလ၊ ကြာနံ့ရှိကို ‌ သော အခါ၊ ဝတ်ညှာ–ဝဋ္ဋံကို နှာတံဖြင့်သယ်ပြီးလျှင်} စသည်ဖြင့်၊ ဆဒ္ဒါန်ဆင်မင်းဇာတ် အဋ္ဌုပ္ပတ်မှာ ရေးစပ်ဆိုပြ၏။ ။သတ္တ သင်္ချာခုနစ်ချပ်ဟာ၊ ဥပ္ပလသဒ္ဒါ၊ ကြာဟော၊ ။ငင်းသတ္တုပ္ပလသဒ္ဒါ၌၊ တဝမ်းပုအက္ခရာတလုံး ပျောက်ဆုံးပျက်ကျသွားခဲ့မှု၊ သကဟူ၍ဖြစ်နိုင်၏။ ထိုသတသင်္ချာ၏ မြန်မာပြန် အနက်မှာလည်း၊ တရာဟုဖြစ်ရသင့်ပါ၍၊ (ပွင့်ချပ်တရာပဒုမ္မာဟု) ဆိုပြုကြသည် ထင်၏။ ။ဆင်ခြင်ကြည့်ရှု–သတိပြုဘို့ရာ၊ ယခု ဆရာတို့ ကျောင်းအနီး မြောက်ဘက် ရှိ ရေကန်ကြီးမှာ၊ ကြာပဒုမ္မာများစွာ ရှိ၍ သိသိသာသာထင်ရှားအောင်၊ ကျောင်းသားငယ် တပည့်များကို၊ အပွင့်ကားကား-ခတ်ထွားထွား ကြာ-လေးငါးပွင့်၊ အဆင်သင့်ကပ်ခိုင်း၍ အပွင့်တိုင်းပုံစေ့အောင် ရေတွက်၍ကြည့်ရှုရာ၊ တပွင့်မှာ၊ ပွင့်လွှာတပတ်လျှင်-၄-ချပ်၊ အထပ်ပေါင်း-၇-ထပ်၊ တညီတညွတ်ဟည်း ရှိကြ၍ စေ့ငှအောင် တွက်စစ်လျှင်၊ လေး-ခုနစ်သ်-နှစ်ဆဲ့ရှစ်၊ တစ်တစ်ခွခွ-ဤမျှသာရ၏၊ ။သို့ဖြစ်ပါ၍၊ အထပ်ပေါင်းတရာမှာ၊ အပုံကြီးဝေးကွာလျှက်၊ အချပ်ကလေးတလွှာမှာပင်၊ (သတ) ဖြစ်ဘို့ရာ မမြင်ရသောကြောင့်၊ ယခင်က ပြည့်နှုန်းမူထုံးအလိုကြည့်ဆင်ပြီး၊ (သတ္တ) ဟု၊ တဝမ်းပု ၂–လုံးကိုရှိမှ အတိအကျ အမှန်ဟု စံရှု၍ မှတ်ကြစေလို ပါကြောင်း၊ ။ငင်းနှင့်တူစွာ၊ နမူနာဉာဏ်သက်ဘို့၊ မြတ်စွာဘုရား ဖွားလက်ထက်တော်အခါတွင်၊ ရဟန္တာရှင်သီဝလိ ဖြစ်လာမည့်အလောင်း၊ မိခင်ဝမ်းခေါင်း၌၊ ကိန်းအောင်းခိုက်အခါ၊ ခုနစ်နှစ်ကြာအောင်၊ ငြိုသခွေ–ယူဆောင်ရသော၊ မယ်တော် (သုပ္ပဝါသာ) မင်းသမီးမှာ၊ အလွန်ကြီး ဆင်းရဲဖွယ်သောကြောင့်၊ ထိုလိုဒုက္ခအခက်နှင့် ဆောင်ရွက်ရသောသားဖြစ်လျှင်၊ (၇) ပေါက်လောက်ဖြင့် လိုလျှင်ပါသေးသည်ဟု၊ မြတ်စွာဘုရားအား လျှောက်ထားသော အခါ၌၊ (သတ္တပုတ္တ) ဟု ရှိမည်နမူနာမှာ တဝမ်းပုအက္ခရာ တလုံး ပျောက်ပြား– သတပုတ္တ အဖြစ်သို့ ရောက်သွားပါသဖြင့်၊ သားတရာလိုချင်

ဘွယ် အဓိပ္ပါယ်သက်ဝင်ပြီး၊ တက်တက်စင်ကြီးချွတ်ယွင်း၍၊ မှားခြင်းကို ဖြတ်ခွါ၊ မှန်ခြင်းကိုမှတ်ပါမှ၊ ယထာဝမွှ-တတ်ရာကျသိမြင်၊ သမ္မာယာဉာဏ် ယှဉ်လျက်၊ သမ္မာဗဉ်ရွှေသွား-မဲ့ရှုမရှား အမှတ်မယုတ်ရအောင် သတ္တုပ္ပတ္တ ဟုဆွေးဘာဝ အဆင့်ရှိမှ၊ ရေးသာခကနှင့်ထင်ငြီ၍ ပါကတိညွှန် အပ်၊ အမွန်မှတ် ပြီးလျှင် (ခုနစ်တပ်ကြာ၊ ပဒုမ္မာ) ဟု ဝေါဟာတွင်ရိုး၊ မော်ကွန်းထိုးကြ လေလို ပါကြောင်း၊

၎င်းပဒုမ္မာကြာကိုဟောသော ပါဠိ၌၊ အကယ်၍၊ သတ္တုပ္ပလဟု၊ တဝမ်း ပူအက္ခရာတလုံးတည်းနှင့် ရှိသည်ကို အမှန်ယူလိုက၊ သတ္တပဒိပုဒ်ကဲ့သို့မှတ်၊ ၎င်းသတ္တပဒိသဒ္ဒါသည်၊ ကင်းခြေများသတ္တဝါကိုဟောသည်၊ ထိုကင်းသတ္တ ဝါမှာ၊ ခြေများသော်လည်း၊ ခြေအချောင်းရေ ၁၀၀-ရှိသောကြောင့်၊ သတ္တ ပဒိခေါ်ရသည်မဟုတ်၊ ခြေ ၂ ချောင်း-ခြေ ၄ ချောင်း သတ္တဝါအပေါင်းတို့ ထက်၊ ခြေချောင်းရေများ၍သော အနေကသင်္ချာ နည်းအားဖြင့်၊ ထောက်ချင့် ဆ,ကြည့်၍၊ သတ္တပဒိ၊ ကင်းခြေများဟု ခေါ်ပြုရသလို၊ ထိုပဒုမ္မာကြာမှာ လည်း၊ ပွင့်ချပ်ပွင့်လွှာ-တရာပင်မပြည့်သော်လည်း၊ ၎င်းအနေကသင်္ချာနည်း အားဖြင့်၊ အခြားသောကြာများထက်၊ ပွင့်ချပ်လွှာများလှ၍၊ သတ္တုပ္ပလခေါ်ပြု ရသည်ဆိုသော် သင့်လျော်နိုင်ပါ၏၊ သည်အလိုသော် (ပွင့်ချပ်များစွာပဒုမ္မာ) ဟုခေါ်လေ၊ သတ္တပတ္တပုဒ်မှာလည်း၊ ၎င်းနည်းပင်၊ ၊ကျမ်းဂန်မမွှ၊ အဝဝ၌၊ ကျူ,နဲ,သေချာ၊ တဝဲ့ပွေစွာသော၊ စလေဆရာ-ဦးပုည,သည်လည်း၊ သတ္တ- သဘာ ၂-ဌာနလုံး၊ သိမ်ကြီးရောထွေး-နှစ်တန်ရေးပြီးလျှင် ကြီးတွေးကြည့် တိုက်၊ ပဏ္ဍိတသက္ကဏာဖြင့် (ဗြိခရိုသီ၊ ဖြူ-နီ ၂-ရပ် ပွင့်ချပ်ခုနစ်လွှာ၊ တ ရာတိုင်တိုင်၊ ဖြာဖြာမြိုင်သုက်၊ ကာပြိုင်ည်းလက်၊ ရွှေထိ,ချက်ကဲ့သို့၊ မြရှက် မုံခ၊ ပဒုမ္မာဟု၊ ထုံနံ့သာရော၊ ရုံစွာနှောသော၊ တောလည်းတထပ်) ဟု စပ် ပြုံးဘော်မှုခဲ့ပေသတည်း၊

ပဒုမ္မာကြာစကား၌ မှာထားဆုံးဖြတ်ချက်ပြီး၏၊

---

ယခုပြဆိုခဲ့သော၊ ပဥ္စကဇပိကာသိတမာသေပုဒ်အတွက်၊ ဒုတိယအနက် မှာ၊ ၎င်းသီဘင်းကျွတ်လ,တွင်၊ လပြည့်နေ့အတွက်၊ အသဝဏ္ဏိနက္ခတ် နှင့် စန်းယှဉ်၍ တွက်သည်ဟုဆိုလိုသည်၊

တတိယအနက်၌၊ သန္တုလ,ဆိုသည်မှာ၊ ၎င်းသီတင်းကျွတ်လ၏ ပေါ ရာဏအမည်ပင်ဖြစ်သည်၊

စတုတ္ထအနက်မှာ။ ဈေးအထက်-ဟုတ်သမယ အခါက၊ ဗုဒ္ဓဘာသာ မြန်မာမင်းတို့သည်၊ ၁၂-လအတွင်း၊ ၁၂-ပွဲကျင်းပရာ၊ ၌သီတင်းကျွတ်လမှာ၊ မြင်းမိုရ်ပွဲ ကျင်းပပြုလုပ်မြဲဟု ဆိုလိုသည်၊

ပဉ္စမအနက်မှာ။ ရာဇမတ္တန်ခေါ်တွင်-ဗေဒင်ကျမ်းကြီး၌၊ အသီးအသီး ရေတွက်ပုံ-ရက်မရုံ {၂၉} ရက်၊ ရုံသောလအတွက်၊ ရက် {၃၀} တွက်နှုန်းဘွယ်-စံအသောက်၊ မြန်မာတို့ဗုဒ္ဓအရုံးတ ဘိုင်းလုံးသဘောဘာမှာမျှလိုရိ၊ ဝေါဟာရ-စာရင်းသွင်းကြသော၊ သီတင်းကျွတ်လ,ဟု-စနစ်ကျမှတ်။

ဆဋ္ဌအနက်မှာ၊ သိဒ္ဓန်ကျမ်းများတွင် လာသော စကားကို၊ အင်္ဂလိပ်တိုင်းဖွား- ဘိသပ်သားတို့၊ အားလုံးကုန်သဘောကျ၍ သုံးစွဲလေ့ရှိကြသော၊ အောက်တိုဘာလဟု-အမှတ်ပြု၊

သတ္တမအနက်မှာ။ ယခုအခါ အစိုးရမင်းများက၊ မြန်မာအမျိုးသားတို့ကို ထောက်ထား ငဲ့ကွက်၍၊ (၁၀) ရက်လုံးလုံး ရုံးပိတ်ပေးသောလ,ဟု ဆိုလိုသည်၊

အဋ္ဌမအနက်မှာ၊ ဓိဿရာသီမှ၊ အစ,အဦးမှတ်၍၊ ၂-လုံးတပါးနှင့် ရေတွက်ကြည့်၊ တူရာသီမာသ-သီတင်းကျွတ်လသို့ လျှင်၊ ၁၅-လုံး ၃-ပါးရှိသည်ဟု-သညာပြု၊

နဝမအနက်မှာ၊ အတာပြောင်းတက်၊ နောက်တရက်မှ-စ၍တွက်ချိန်၊ ပြက္ခဒိန်ရက်ပေါင်း-ခုနှစ်ဆယ်ပြည့်ညောင်းလျှင်၊ ကောင်းကင်ယံမှာ၊ သရဝဏ်နက္ခတ်၊ မွန်းတည့်မှတ်သောအခါသမယ၊ သီတင်းကျွတ်လအတွင်းမှာ ရသောကြောင့်-ဆိုသည်။ ။ထိုကြောင့်-မဃဒေဝလင်္ကာသစ်၌၊ ။တာရခုနှစ်ဆယ်-ရက်ပြည့်ကြွယ်က၊ သန္တာမြည်မှတ်၊ ဝါကျွတ်ခေါ်ဆို၊ လမြင့်မိုရ်ဝယ်၊ ဗဟိုရ်မိုးစွန်၊ နေဝင်လွန်၌။ သရဝဏ်မွန်းတည့်၊ ထွန်းစည့်ရောင်ရှင်၊ ကောက်သားဝင်၏။ ။ဟု-စပ်ဆိုလျက်ရှိသည်၊

ဒသမအနက်မှာ၊ ၎င်းသီတင်းကျွတ်လကို မဟာပဝါရဏာလဟူ၍၎င်း၊ ပထမ-ပဝါရဏာလဟူ၍၎င်း၊ ကျမ်းပေါင်းများစွာ၊ ပါဠိအဋ္ဌကထာ-ဋီကာတို့က-ဆိုကြသောအတိုင်းပင်ဟု-ဆင်ခြင်တွေးဆ။

ဧကာဒသမအနက်မှာ၊ ဝါကျွတ်သောရဟန်းတို့အား၊ သီတင်းကျွတ် လပြည့်ကျော် (၁) ရက်နေ့ကစ၍၊ တန်ဆောင်မုန်းလပြည့်သို့ ကျအောင်၊ ၌ သမယအချိန်အတွင်း၌၊ ကထိန်ခင်းထိုက်ကြောင်း၊ ၎င်းသီတင်းကျွတ်လကို၊ ပုဗ္ဗကတ္တိကမာသ၊ တန်ဆောင်မုန်းလကို၊ ပစ္ဆိမကတ္တိကမာသဟု-ကျမ်းဂန်တို့က ဆိုပြသောအတိုင်းသိ၊

နွါဒသမအနက်မှာ၊ မြတ်စွာဘုရား-ဝေဿယျသတ္တဝါများအား၊ တရားမြိုက်ဆေး-တိုက်ကျွေးတော်မူရန်၊ မဟာဗျော့သဖြင့် ယှဉ်းကြွတော်မူသောအခါ၊ သိတင်းကျွတ်သဖြည့်ကျေ့ဉ်တရက်နှ့ကနေ လျှက်၊ ကြွထွက်တော်မူသည်ဟုဆိုလိုသည်၊

တေရသမအနက်မှာ၊ ဘုရားမြတ်စွာ-စေသဏ္ဍာသည်၊ တာဝတိံသာနတ်ပြည်မှာ၊ အဘိဓမ္မာတရားဟောကြားပြီးမြှက်၍၊ သိတင်းကျွတ်သဖြည့်နေ့၌၊ လူ့ဘုံပြည်သို့-ပြန်သည်ဆင်းကြွတော်မူသည်ဟု-အဓိပ္ပါယ်ပြုလေ၊

ပဉ္စမဂါထာတွင်၊ ဝကီသ့ထေရော ၌၊ အရှင်ဝင်္ကီသာမထေရ်သည်၊ စိုရီသွဲ့ကုံးဖွဲ့ထုံးသောအခါ၊ ကမျာ့ဂီတိ၊ အဆိုပြည့်အောင်၊ ဗိတိဖြစ်ဘွယ်များ၊ သုံးနှုံးပုံသိမွှ၍၊ ကဗိန္ဒာတညီး ထူးထူးချွန်းချွန်း၊ ဂုဏ်ရည်မွှန်းလျှက်၊ ကဲ့မွှန်းသောတပည့်သာပကရိ၊ ပင့်ဘာ့ဝဏ္ဏ ဘေဒဂ်ခုကြောင်း ကို၊ အရိယာ့ရှိပေါ်ငြိအဘံတွင်၊ ဘဂဝါဖြဲနော်-စေဘုရားက၊ ဟောကြားတော်မူပါ၍၊ သံသရာနောင်ဘဝတို့၊ ဉာဏ်အဖြူးဖြာ-အရောင်ကြွေးသေဘင်အဓေတာ-ဂြိုဟ်နှင်းနဂရာမှိုး ဝေမ်းကွာအစဉ်မှီရအောင်၊ ရဟန္တာ ဝင်္ကီသ့ပမာအညီ-သဒ္ဒါသိဖြင့်၊ ပါဠိပြည့်ရန်-သိန္ဒြဝနဟု ဆုန္ဒိတ့ဆု-အမှန်လဘသိအောင်၊ ပန်ပင်နာသည့်အကြောင်း၊ ကောင်းမွန်ထင်ရှားစွာ-မြွက်ဆို၍ ပြရပါသတည်း။

## ပြီးပြီ။ နိဗ္ဗာနပစ္စယောဟောတု။ ပြီးပြီ။

{ အရင်းက-စကားကျွန်သဖြင့်၊ ဘာဖန်ဆင့်၍မှာထားချက်။ }

၏ ကျမ်း၏အစ၌ပြခဲ့သော ဂန္ထာရမ္ဘဂါထာ၏ အဓိပ္ပါယ်တွင်၊ ဥတ္တမခါ ... ာနန္ဒာ၊ ဥတ္တမာနန္ဒာ-ဟု မဟာပုရိသော-သင်္ချာန်နည်းကဲ့သို့၊ ကမ္ဘခေ ... ခါသည်- တဲ့ပင်ရမည့်ဟုဆိုမှာ ရင်းဥတ္တမသဒ္ဒါနှင့် အာနန္ဒသဒ္ဒါ-၂ ခုလုံး ... ထုံးတင်၍ပြအပ်သော၊ ဥတ္တမာနန္ဒ ပမ္ဗုကာ သဒ္ဒ ပဒိုပဓ္တံ။ ... ဟူသည် ညီဥာဏ်နာမဝါစကသဒ္ဒါများဖြစ်ကြ၍၊ အဘွာဒန္တက-မဟုတ်၊ သဒ္ဒါဒန္တက ... ဟု- အမှတ် ပြုတော်မူကြပါ၊ ။နိရုတ္တိဒီပနီကျမ်းကြီးမှာ၊ သေချာစွာ ခပ်သော သဒ္ဒါဒန္တကသဒ္ဒါတို့၊ အနုကရဏ ရုဠှီ-ဟု၊ ဆိုပြသောကျမ်း နှုံးထား၍ နေ့သားပြဆိုခြင်းမှန်ပေးကြောင်း၊

## ပြီးပြီ။ အလုံးစုံ-အကုန်ပြီးပြီး